# မွေးမေ့မေတ္တာ

# မာတိကာ


* နိဒါန်း

* မွေးမေ့မေတ္တာတရားတော် ပထမပိုင်း–

| | | |
|---|---|---|
| ၁။ | တရားအမည် | ၁၇ |
| ၂။ | ဘုရားရှိခိုး | ၁၈ |
| ၃။ | မေတ္တာအတွက် ရှင်းလင်းချက် | ၂၁ |
| ၄။ | မေတ္တာနဲ့ အဒေါသ | ၂၅ |
| ၅။ | သဗ္ဗေသမီး | ၂၈ |
| ၆။ | ကုသိုလ်နိုးဆော် | ၂၉ |
| ၇။ | ရဟန်းပြုရန် ခွင့်တောင်းပန် | ၃၂ |
| ၈။ | မိဘတွေက တားမြစ်ကြ | ၃၅ |
| ၉။ | အမြင်ချင်းကွာ | ၃၈ |
| ၁၀။ | ထွက်ပေါက်ရှာပြီ | ၄၂ |
| ၁၁။ | သေကုန်ကြသည် | ၄၅ |
| ၁၂။ | နက္ခတ်ပွဲကြီး ခြိမ့်ခြိမ့်သည်း | ၄၇ |
| ၁၃။ | အပုပ်တွေပြည့် | ၅၁ |
| ၁၄။ | ဖန်ဆင်းထားတာမဟုတ် | ၅၄ |
| ၁၅။ | မမြဲတဲ့ခန္ဓာကိုယ် | ၆၆ |
| ၁၆။ | သင်းချိုင်းမြေကိုပွားစေတယ် | ၇၀ |
| ၁၇။ | သောကတို့ရဲ့အကြောင်း | ၇၇ |
| ၁၈။ | အပြစ်မြင်ယင် သောကမဖြစ် | ၈၀ |
| ၁၉။ | အငိုမကြိုက်နဲ့ | [illegible]၃ |
| ၂၀။ | ၃၂ ဖြာ ကံကြမ္မာ | |

၂၁။ အတွင်းကပုပ်တယ် ၉၂
၂၂။ ရောဂါကုသနည်း ၉၉
၂၃။ သေခြင်းလျှင် အဆုံးရှိ၏ ၁၀၄
၂၄။ နှစ်ဘက်အဝရှိတဲ့ အိတ်ကြီး ၁၁၂
၂၅။ နှလုံးသွေးအရောင် ၁၂၆
၂၆။ ကိုယ်လုံးအနှံ့ နေ ၆ မျိုး ၁၄၁
၂၇။ သိမ်းရုံးပြဦးမည် ၁၄၃
၂၈။ ဦးနှောက်လဲ အနှစ်မရှိ ၁၅၀
၂၉။ အတွင်းအပြင် နှစ်ဌာနကြည့် ၁၅၂
၃၀။ မသုံးလဲဆွေး သုံးလဲဆွေး ၁၅၈
၃၁။ ဝီရိယသာ လိုအပ်တယ် ၁၆၃
၃၂။ အဖျင်းသာ ကူညီနိုင်တယ် ၁၆၃
၃၃။ ခြင်ပညာနှဲ့ ယင်ပညာ ၁၆၅
၃၄။ သားယောကျ်ားလေးမွေးဖွားပြီ ၁၇၈
၃၅။ မွေးမေ့မေတ္တာ ကြီးမားစွာ ၁၇၉
၃၆။ နေရာတကာ သားစိတ်လာ ၁၈၄
၃၇။ သတ်နည်းဖြတ်နည်း ၁၈၆
၃၈။ မိဘမဲ့ကောင်လေး ၁၉၀
၃၉။ အမေတယောက်သာ ၁၉၁
၄၀။ ရှင်ကုမာရကဿပ ၁၉၃
၄၁။ အန္တဝန်မှာ အားထုတ်ရှာ ၁၉၄
၄၂။ သဒ္ဒါနည်းပါး တောပယ်ရှား ၁၉၅
၄၃။ မိသားနှစ်ဖြာ တရားရှာ ၁၉၇
၄၄။ အားထုတ်ရန်လမ်းစဉ် ၁၉၉

၄၅။ လက်တွေ့ရှုကြည့်ပါ ၂၀၉
၄၆။ ထိုင်အားထုတ်နည်း ၂၁၂
၄၇။ စည်းကမ်း ၆ ချက် ၂၂၁
၄၈။ ဘုရားရှင်ပင် ပွင့်စရာမလိုပါ ၂၃၅
၄၉။ ရှုဉာဏ် နှင့် ပေါ်ဉာဏ် ၂၄၀
၅၀။ ဝေဒနာခွာရှု ၂၄၃
၅၁။ ဣရိယာပုထ်ပြင်ပါ ၂၄၅
၅၂။ ကိုယ်စိတ်ဆင်းရဲနှင့်တရားမရ ၂၄၆
၅၃။ ဒုတိယပိုင်းမှာ အစုံပါ ၂၄၉

*မေးမေ့မေတ္တာတရားတော် ဒုတိယပိုင်း

၁။ ရှင်ကုမာရကဿပရဲ့ ရှေးအကြောင်း ၂၅၆
၂။ အနုဝန်တောမှာ ၂၆၀
၃။ ပြစ် ၈-မျိုးနှင့် ဒဏ် ၁၀-ပါး ၂၆၅
၄။ နေရာ အရေးကြီးသည် ၂၆၇
၅။ တခုသောတရား ၂၇၃
၆။ မရဏာသတိပွားများပုံ ၂၇၃
၇။ မေ့သူ-မမေ့သူ ၂၇၈
၈။ ရဟန္တာဖြစ်ပုံ ၂-မျိုး ၂၈၂
၉။ ဘဝနိဂုံး ၂၈၄
၁၀။ တရားကျေးဇူး တရားမိတ်ဆွေ ၂၈၉
၁၁။ ပြဿနာ ၁၅ ပေးရှုသွား ၂၉၀
၁၂။ မှတ်ရန်အချုပ် ၂၉၆
၁၃။ ဘုရားရှင်အား မေးလျှောက်ထား ၂၉၉

| | | |
|---|---|---|
| ၁၄။ | ခန္ဓာတောင်ပို့ | ၃၀၁ |
| ၁၅။ | အရေခွံလဲ စွဲမက်တယ် | ၃၀၈ |
| ၁၆။ | ခေတ် ၄-ပါးခန္ဓာ | ၃၁၂ |
| ၁၇။ | အကြံအစည် အခိုးမည် | ၃၁၆ |
| ၁၈။ | နေ့မူမီးလောင် | ၃၁၈ |
| ၁၉။ | ဆရာဗုဒ္ဓ | ၃၂၀ |
| ၂၀။ | မောင်ညာဏ်ရှိ နဲ့ တပည့်ယောဂီ | ၃၂၁ |
| ၂၁။ | မဂ်ပညာနဲ့ သန်လျက်ဓား | ၃၂၃ |
| ၂၂။ | အားထုတ်ခြင်းကို တူးခြင်းခေါ်ရာ | ၃၂၄ |
| ၂၃။ | ခေတ်ကမ္မဋ္ဌာန်း | ၃၂၆ |
| ၂၄။ | အားထုတ်နည်း | ၃၃၄ |
| ၂၅။ | ခေတ် ၄ ပါး ကွဲအောင်ရှုပါ | ၃၄၀ |
| ၂၆။ | ရုပ်ခိုက် ရှုပွားပုံ | ၃၄၇ |
| ၂၇။ | လျောင်းအိပ်ခိုက်ရှုပွားပုံ | ၃၄၈ |
| ၂၈။ | ထိုင်မှုမှ ထိန်းမှု | ၃၅၀ |
| ၂၉။ | သွားခိုက် ရှုပုံ | ၃၅၁ |
| ၃၀။ | မပြောင်းလျှင်အပြစ် ပြောင်းလျှင်အကျိုး | ၃၅၄ |
| ၃၁။ | တံခါးကျည်းမင်းတုပ် | ၃၅၅ |
| ၃၂။ | အာရုံမှန် | ၃၅၈ |
| ၃၃။ | အနိစ္စကို သန္တတိဖုံးတယ် | ၃၆၀ |
| ၃၄။ | ဒုက္ခကို ဣရိယာပုထ်ဖုံးတယ် | ၃၆၃ |
| ၃၅။ | အနတ္တကို ဃနဖုံးတယ် | ၃၆၇ |
| ၃၆။ | အမျက်ကောဓ ဖားပွ | ၃၆၉ |
| ၃၇။ | ပုဂ္ဂလသပ္ပါယအရေးကြီး | ၃၇၆ |

၃၈။ လမ်းနှစ်မြွာ ၃၇၉
၃၉။ ဝိစိကိစ္ဆာသဘော ၃၈၁
၄၀။ ရေစစ်ပုံပြ နိဒဝရဏ ၃၈၇
၄၁။ မေးချင်စရာ ပြဿနာ ၃၉၅
၄၂။ ပမာလိပ်ပုံ ၃၉၆
၄၃။ ရှုပွားစမှာ မသိပါ ၃၉၉
၄၄။ သန့်လျက် နှင့် စဉ်းနှီးတုံး ၄၀၅
၄၅။ နန္ဒိရာဂ အသားတုံး ၄၀၉
၄၆။ တရားကောင်းယင် နန္ဒိဝင် ၄၁၃
၄၇။ မဂ်ဉာဏ်အဆင့်ဆင့် ၄၁၅
၄၈။ ရဟန္တာနဂါး ၄၁၇
၄၉။ နဂါး–၂ မျိုး ၄၁၈
၅၀။ မယ်တော်ရဟန္တာ မဖြစ်သေး ၄၂၁
၅၁။ သားရဲ့စဉ်းစား ပြောစကား ၄၂၃
၅၂။ ကိုယ့်ကိုယ်ကိုသာ ကိုးစားရာ ၄၃၆
* နိဂုံး

## " မွေးမေ့မေတ္တာ "

* စာအုပ်၏ ရရှိသော အကျိုးအမြတ်များကို တောင်စွန်းမြို့၊ ဓမ္မဒူတ တောရ ကျောင်းရှိ သံဃာတော်များ သပ္ပါယ မျှတရေးအတွက် ဆွမ်းဟင်းအိုးကြီး ရန်ပုံငွေအဖြစ် လှူဒါန်းမည် ဖြစ်ပါကြောင်း။

## ‘‘နိဒါန်း’’

**အကြောင်းရှင်း** မိမိသည်“မွေးမေ့မေတ္တာ” အမည်ရှိ ဤစာအုပ်ကို ရေးသားရာ၌ အကြောင်းမရှိ မဟုတ်ပါ၊ အကြောင်းရှိပါသည်၊ ယင်းအကြောင်းကား အသို့နည်း။

မိမိသည် ကိုယ့်တွက်ကိုယ့်တာ ကျင့်ကြံရာမှ ဆည်းကပ်လာသူများအား ဝတ္တရားအရ ဟောပြသည်၊ ပြသပေးသည်၊ ညွှန်ကြားပေးသည်၊ ယင်းမှ ဟောမှု, ပြသညွှန်ကြားမှုများကျယ်ပြန့်လာသည်။

သို့သော် မိမိမှာ မိမိတောရတွင် ၃၀ ကျော်သော ရှင်ရဟန်းများကို စာပေပို့ချမှုတာဝန်ကလည်း ရှိနေရကား ဟောမှု,ပြသမှုကျယ်ပြန့်သလောက် မပေးဆောင်နိုင် မဟောနိုင် မပြနိုင်ပါ။

ပရိသတ်များကလည်း လိုတိုင်းမရ၍ အားမရ ဖြစ်ကြပါသည်၊ သို့ အားမရဖြစ်ကာ ‘‘ဒီတရားတွေ စာအုပ်ရေးထားတာ မရှိဘူးလား၊ စာအုပ်ရေးယင် သိပ်ကောင်းမယ်၊ စာအုပ်ရေးပါ’’စသည်ဖြင့် ဝိုင်းဝန်း တောင်းဆိုလာကြပြန်ပါသည်။

မိမိသည် ယင်းတောင်းဆိုချက်များကို မလွန်ဆန်နိုင်တော့ပါချေ၊ တောင်းဆိုသူများ အလိုပြည့်ဝရေးအတွက် စာအုပ်ရေးရပါတော့မည်။

ယင်းသို့ရေးသောအခါ တောင်းဆိုသူများ အလိုပြည့်ဝမည့် တရားများလည်း ပါရမည်၊ မိမိရေးလိုသည့် မိမိလက်သွက်မည့် စာလည်းဖြစ်ပါမှ လက်သွက်၍ နှစ်ဦးနှစ်ဝ အလိုပြည့်ဝပါမည်။

မှန်ပါသည်၊ တောင်းဆိုသူတို့က တောင်းဆိုသော်လည်း မိမိလက်မသွက်သောစာကို စာအုပ်အဖြစ်ရေးလျှင် အသက်မဝင် မလှုပ်မရှားဖြစ်မည်၊ မိမိလက်သွက်သောစာကို စာအုပ်အဖြစ်ရေးပါမှ လက်သွက်၍ အသက်ဝင်လှုပ်ရှားမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ပရိသတ်တောင်းဆိုချက်လည်း ပြည့်ဝ, မိမိလက်လည်းသွက်၍ လှုပ်ရှားမည့် မိမိဟောပြီးသား တရားများကို ပြန်စဉ်းစားသည်။

ထိုစဉ် ၁၃၃၆ ခုနှစ် တပေါင်းလဆန်း ၆ ရက်မှ ၁၀ ရက်အထိ ၅ ညတိုင်တိုင် ကျုံ့ပျော်မြို့ မြတ်ချမ်းသာဘုရားကြီးနှင့် ရတနာရံသီ မဟာစေတီတော်မြတ်ကြီး၏ ၅ ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီး၌ ဟောကြားခဲ့သော "မွေးမေ့မေတ္တာ"တရားတော်ကို သွားပြီးသတိရသည်။

ယင်း တရားတော်မှာ အင်္ဂပူမြို့နယ် ဇောင်းတန်းရွာမှ ကျောင်းဆရာမလေး မစန်းစန်းဌေးနှင့် မခင်မာချိုတို့က ကြိုးခွေမှာ စာမူကြမ်းအဖြစ် ကူးယူထားပြီးသား ရှိနေ၏၊ သို့ဖြစ်၍ ယင်းကိုပင်ရေးရန် ဆုံးဖြတ်၍ ရေးသားလိုက်ပါသည်။

**စတင် ရေးသားချိန်** ယင်းသို့ ဆုံးဖြတ်၍ ရေးသားချိန်မှာ ၁၃၄၁ ခုနှစ် ကဆုန်လပြည့်ကျော်မှ စတင်ရေးသားပါသည်၊ ဝါမဆိုမီ အပြီးရေးမည်ဟု ကြိုးစား

ရေးသားသော်လည်း အလုပ်များပြား မအားလပ်မှုကြောင့် စာမျက်နှာ ၃၆၀ အပြီးမှာ ရပ်ထားလိုက်ရပါသည်၊ ဝါသာ ဆိုသော်လည်း စာအုပ်မှာ မပြီးပါ။

ပရိသတ်က မေးမြန်းမစဲ တသဲသဲဖြစ်နေရာမှ မလွှဲသာတော့ သောအခြေအနေဖြစ်လာသဖြင့် ၁၃၄၂ ခုနှစ် ပြာသိုလပြည့် ကျော် ၁၃ ရက်မှစတင်၍ ရေးပြီးသားများကို အစမှပြန်၍ အသစ်တဖန်ရေးသားပြန်ရာ ၁၃၄၃ ခုနှစ် ကဆုန်လဆုတ် ၁၂ ရက်နေ့မှာ အပြီးသတ်ပါသည်၊ နှစ်အနေနှင့် ပြောမူ ၃ နှစ်မျှ ကြာသွားပါသည်။

မိမိရေးသည့် စာအုပ်များတွင် အချိန်အကြာဆုံး စာတအုပ် ဖြစ်ပါသည်၊ တကယ်ရေးသားသည့်လမှာမူ ၄ လဖြစ်ပါသည်။

**ရေးသားပုံ** မိမိသည် မေ့မေ့ မေတ္တာစာအုပ်ကို ရေးသားရာ၌ ဟောတရားမှ ရေးသားခြင်းဖြစ်ပါသည်၊ မူလက ဟောစဉ်မှာ ၅ ညဟောခဲ့ပါသည်၊ ယင်းကို ပြန်လည်ရေးသော အခါ ရှေ့ ၃ ညကို ပေါင်း၍ တစ်ညတာသဖွယ် ပထမပိုင်း အဖြစ်ရေး၍ နောက် ၂ ညကိုပေါင်းကာ တစ်ညတာသဖွယ် ဒုတိယပိုင်းအဖြစ် ရေးသားထားပါသည်၊ ယင်းသို့ ရေးရခြင်း မှာ နိဒါန်း နိဂုံးများစကားထပ်များ မပါစေရန် ဖြစ်ပါသည်။

**မေ့မေ့ မေတ္တာ** မေ့မေ့ မေတ္တာတရားတော်သို့ မရောက်မီ မေ့မေ့မေတ္တာ အကြောင်းကို ကြိုတင်ရှင်း လင်းရေးသားထားပါသည်၊ မေတ္တာနှင့် ပေမ တို့ကို ကွဲပြား အောင် ရှင်းလင်းဖော်ပြထားပါသည်။

**မွေးမေလောင်း** မွေးမေလောင်း သဋ္ဌေးသမီးကလေးရဲ့ သဋ္ဌေးသမီးဘဝ အခက်အခဲ သဋ္ဌေးသမီးဘဝမှ အိမ်ထောင်သည်ဘဝ အခက်အခဲ၊ အိမ်ထောင်သည်ဘဝမှ သူ့ရဲ့ အိမ်ရှင်ယောကျ်ားအား ဟောပြသည့်တရားမှာ အလွန်တရာ စိတ်ဝင်စားဖွယ် သံဝေဂရဖွယ် ဖြစ်ပါသည်။

မွေးမေလောင်း သဋ္ဌေးသမီးကလေးမှာ ယင်းသို့ သံဝေဂ ရဖွယ် စိတ်ဝင်စားဖွယ်များကို အဟောကောင်း၍ ရဟန်းမိန်းမ ပြုခွင့်ရသွား၏။

ယင်းသို့ ရဟန်းမိန်းမပြုခွင့်ရသွားသော်လည်း ဘုရားရှင်၏ တပည့်ဘိက္ခုနီမကျောင်းသို့ မရောက်ပဲ ဒေဝဒတ်တပည့်ဘိက္ခုနီမ ကျောင်းသို့ ရောက်သွားပုံ၊ ယင်းတွင် ကိုယ်ဝန်အတွက် ဒုက္ခ ရောက်ရပုံ၊ ဒေဝဒတ်ရဲ့ ရက်စက်ပုံတို့မှာ အသည်းနာဖွယ် ရင်နင့် ဖွယ်ဖြင့်၏။

**ဘုရား ရှင် သာ ကိုးစားရာ** ယင်းသို့ အသည်းနာဖွယ် ရင်နင့်ဖွယ်ရာ အဖြစ်မှ အလွတ်ရုန်းကာ ဘုရားရှင်သာကိုးစားရာအဖြစ် ထားကာ ဘုရားရှင်ထံအရောက်သွား၍ ဘုရား ရှင်အား အကြောင်းစုံ လျှောက်ကြားသောအခါ အစုံသိမြင် ဘုရားရှင်က ဘိက္ခုနီမကလေး၏ ကိုယ်ဝန်ပြဿနာကို ပရိသတ် အများအလယ်ကြားတွင် ဖြေရှင်းစေ၍ စိတ်အေးချမ်းကို ရရှိ ခဲ့၏။

**မွေးမေ့ မေတ္တာ ပေါက်ဖွား လာ** သို့သော် မွေးမေလောင်းမဖြစ်ခင်ကတည်းက မွေးမေလောင်းမှာ မိမိရင်တွင်း အာရုံသွင်းကာ မွေးမေ့ မေတ္တာများ တဖွားဖွား ပေါ

ပေါက်နေ၏၊ အချိန်ကျသောအခါ ရှေးကဘုန်းကံပါရမီပါရှိ လာသော သတိုးသားကို ဖွား၏။

ထိုအခါမှ မွေးမေ့မေတ္တာများမှာ စမ်းရေယဉ်အသွင် အလျှဉ်မပြတ် စီးဆင်းလာတော့၏ မိမိစိတ်မှာ တရားအာရုံလွှမ်း ထုံမှုထက် မွေးမေ့မေတ္တာ သားပေါ်မှာသာ လွှမ်းခြုံနေတော့၏။

ထိုစဉ် သာသနာတော်ရေးကို အားပေးသော မင်းကြီး ကောသလက ဘိက္ခုနီမ နှင့် ကလေး မသင့်လျော်ဆိုကာ ခေါ် ယူမွေးကျွေးလေ၏၊ မွေးမေ့မေတ္တာကြီးမားစွာသော ဘိက္ခုနီမ သားနှင့် ကွေကွင်းရ၍ တရားမရ ဒုက္ခရနေပုံများမှာ စိတ်ဝင် စားဖွယ်ဖြစ်ပါသည်။

**သားကလေး ကိုရင်ဝတ်ပုံ**

တဘက်ကို ကြည့်လိုက်ပြန်တော့ နန်းတော် တွင်းဝယ် သားကလေး၏ အခြားကလေး များနှင့် ကစားပုံ၊ ရန်ဖြစ်ပုံ၊ တခြားကလေး များက ပြောပုံ၊ သားကလေးရဲ့ စဉ်းစားပုံ၊ မေးမြန်းပုံ၊ ကိုရင်ဝတ် ပုံမှာ အတုယူဖွယ် အမှတ်ပြုဖွယ်ဖြစ်ပါသည်။

**ကိုရင်ဝတ်ပြီး တရားအားထုတ်**

မွေးမေလဲ တရား အားထုတ်၊ သား ကလေးလဲ တရားအားထုတ်နေ၏၊ မွေးမေ မှာ သားအပေါ်ဝယ် မေတ္တာကြီးမားမှု ကြောင့် တရားမရပါ၊ သားကလေးမှာတော့ ရှေးကမိတ် ဟောင်းအကြောင်းပြု၍ အကူအညီရကာ ပြဿနာ ၁၅ ကို

ဘုရားရှင်အား လျှောက်ထား, ဘုရားရှင်က ဖြေကြားသဖြင့် ယင်းတို့ကို ကမ္မဋ္ဌာန်းအဖြစ် ရှုပွားအားထုတ်ရာ ရဟန္တာဖြစ်သွား၏၊ ယင်းအကြောင်းမှာ တခမ်းတနား မှတ်သားဖွယ်ရာ ဖြစ်၏။

**အားထုတ်နည်း** မေ့မေလဲ တရားအားထုတ်, ကိုရင်ကျော် ကလေးလဲ တရားအားထုတ်ကြရာ၌ အားထုတ်ပုံ အားထုတ်နည်းကို မဟာသတိပဋ္ဌာန်သုတ္တန် ဒေသနာတော်နည်းစနစ်ဖြင့် အတိအကျ ဖော်ပြထားပါသည်။

ယင်းအားထုတ်နည်းကို ပထမပိုင်းအဆုံးနားတွင် ရှုမြင်နိုင်ပါသည်၊ ယင်းအတိုင်းစနစ်တကျအားထုတ်ပါလျှင် အကျိုးကျေးဇူးဖြစ်ထွန်းနိုင်သော်လည်း မေ့မေ့မေတ္တာ မကင်းသူမှာ တရားမရနိုင်ပုံမှာလဲ တွေ့နိုင် ရှုနိုင် ဖတ်နိုင်ပါသည်၊ ထိုအခါမှာ တရားမလို မိမိသာလိုပုံကို သဘောပေါက်နိုင်ပါသည်၊ သားကလေးက အသင်ဘုရားရ၍ မေ့မေကနောက်မှ တရားရတာ ဘာ့ကြောင့်ဆိုတာ အဖြေပေးနိုင်ပါသည်။

**သားရဲ့မေတ္တာ မေ့မေမှာ** မေ့မေသည် မေ့မေ့မေတ္တာကြောင့် တရားမရဖြစ်နေရာမှ သားရဲ့မေတ္တာက မေ့မေ့အပေါ် ခြုံလွှမ်းလိုက်သည့်အခါ မေ့မေမှာ မေတ္တာမှန်းမသိ၊ ဒေါသအကြမ်းဟု အသိရောက်ကာ သားအပေါ်တွင် မေ့မေ့မေတ္တာ ပြတ်ကာ တရားအားထုတ်ရာ တနေ့ချင်းပင် ရဟန္တာဖြစ်ပုံမှာ အတုယူဖွယ်,မှတ်သားဖွယ်အဖြစ် တွေ့နိုင်ပါသည်။

**နောက်ကြောင်းပြန်ကာ ဟောကြားရှာ**

ယင်းသို့ သားအမိနှစ်ယောက် တို့ ရဟန္တာများ ဖြစ်သွားသော သတင်းမှာ ကျော်ကြားသွား၏၊ သို့ဖြစ်၍ ယင်းအကြောင်းနှင့်စပ်၍ ရဟန်းတော်များ တရားစကားပြောကြားကြ၏၊ ဘုရားရှင်သိ၍မေးသော် အကြောင်းကိုလျှောက်၏။

ထိုအခါ ဘုရားရှင်က ဒီသားအမိနှစ်ယောက်ကို ငါဘုရားဟာ ဒီဘဝမှာသာ စောင့်ရှောက် ကယ်တင်တာ မဟုတ်ဘူး၊ ရှေးကလဲ စောင့်ရှောက် ကယ်တင်ခဲ့ကြောင်း မိန့်ကြားတော်မူသော် ရဟန်းတော်များက ရှေးအကြောင်းကို ပြန်ပြောင်းဟောတော်မူပါမည့်အကြောင်း လျှောက်ထား၍ ဘုရားရှင်က ပြန်ပြောင်းဟောကြားရာ ဘဝနှစ်ဖြာမှတ်စရာ သံဝေဂယူစရာ အတုယူစရာတွေ များစွာပါ၏။

**လက်သွက်သည်**

ယင်းသို့ဖြင့် မွေးမေ့မေတ္တာတရားတော်တပုဒ်လုံးသည် စိတ်ဝင်စားဖွယ်, အတုယူဖွယ်, မှတ်သားဖွယ်, လိုက်နာဖွယ်, ရှောင်ရှားဖွယ် အပြည့်အနက်ပါရှိသဖြင့် ယင်းတရားတော်ကို စာအုပ်အဖြစ် ပြန်လည်ရေးသားရာ၌ မိမိအဖို့ လက်သွက်လှပါသည်။

အကြောင်းအရာက ကောင်းပြီးသား, အရှိကို အရှိအတိုင်း မိမိက တရားသားမှ စာသားအဖြစ် တင်ပြ လိုက်ခြင်းမျှသာ ဖြစ်ပါသည်။

ယင်းသို့ မူလက ကောင်းပြီးသား ဘုရားရှင် ဟောကြားမြတ်တရားကို မိမိက ဟောကြားပြီး ပြန်လည် ရေးသားတင်ပြ

ရာ၌ စာရှုသူတို့ ဘဝင်မကျသည့် အချက်များပါရှိပါက ဟောပြောရေးသားသူ မိမိ၏အပြစ်သာဟု မှတ်ပါ။

ဘုရားရှင်ဟောကြား မြတ်တရားမှာတော့ အပြစ်အနာအဆာ လုံးဝမရှိပါ၊ ဘုရားရှင်၏တရားတော်မှာ ပြည့်စုံပါ၏၊ ဖြူစင်ပါ၏၊ ယင်းသို့ ပြည့်စုံဖြူစင်သော ဘုရားရှင်၏တရားတော်များ စာရှုသူ၏ နှလုံးသားသို့ သက်ဝင် ကိန်းဝပ်၍ စာရှုသူအကျိုးရရေးကိုသာ မိမိဦးတည်၍ ဟောကြားရေးသားခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ စာရှုသူသည် ဤ မွေးမေ့မေတ္တာအမည်ရှိစာအုပ်ကို ဖတ်ရှုရ၍ အကျိုးကျေးဇူး ရရှိပါသည်ဆိုလျှင် မိမိ အနေနှင့် ဤစာအုပ်ကို ရေးရခြင်းအကျိုး ပြီးမြောက်သည်ဟု ဆိုရမည်ဖြစ်ပါသတည်း။

စာရှုသူ၏သန္တာန်တွင် ဘုရားရှင်၏ တရားတော်များ ကိန်းဝပ်၍ အကျိုးကျေးဇူး ဖြစ်ထွန်းနိုင်ပါစေ သတည်း။

**ဓမ္မဒူတ-အရှင်ပညာဇောတ**
ဓမ္မဒူတတောရ
တောင်စွန်းမြို့—ဘီးလင်းမြို့နယ်
မွန်ပြည်နယ်
၁၃၄၃ ခုနှစ်၊ ကဆုန်လဆုတ် ၁၅ ရက်။

## "မွေးမေ့ မေတ္တာ တရားတော်"

**တရား အမည်**

သာသနာတော်နှစ် ၂၅၁၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၆-ခုနှစ်၊ တပေါင်းလဆန်း (၆၊၇၊၈)ရက် နေ့ ညတွင် ရေဝတီတိုင်း ကျုံပျော်မြို့၊ မြတ်ချမ်းသာဘုရားကြီးနှင့် ရတနာရံသိ မဟာစေတီတော်မြတ်ကြီး၏ (၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ဘုရားပွဲတော်ကြီး၌ ဟောကြားအပ်သော "မွေးမေ့မေတ္တာ တရားတော်" "ပထမ"ပိုင်းလို့ ဘွန်းကြီး ဟောမယ့် တရားတော်ကို အဲဒီလို အမည်ပေးလိုက်ကြပါစို့။

အဲဒီလို "မွေးမေ့မေတ္တာ တရားတော်" လို့ အမည်ပေးတာဟာ မှတ်မိအောင်လို့သာ အလွယ်ပေးလိုက်တဲ့ အမည် ဖြစ်ပါတယ်၊ တကယ်တော့ ဒီတရားတော်မှာ ဟောရမယ့် အကြောင်းအရာတွေက ဗုဒ္ဓသာသနာတော်မှာ နေ လို လ လို ထင်ရှားသွားခဲ့တဲ့ အဆန်းတကြယ် အံ့ဩဖွယ်ရာ ဥပမာ ဥပမေယျတို့ဖြင့် တရား ဒေသနာတော်တွေကို ဟောကြားတော်မူတဲ့ နေရာမှာ အတော်ဆုံး အကျော်ဆုံး ဖြစ်တဲ့ ရှင်ကုမာရကဿပရဲ့ မယ်တော်က သားတော် ရှင်ကုမာရကဿပ အပေါ်မှာ မေတ္တာကြီးမားပုံ အကြောင်းကို ဟောမှာပါ။

အဲဒါကြောင့် တရားတော် အမည်ကို "မွေးမေ့ မေတ္တာ တရားတော်"လို့ အမည်ပေးလိုက်တာပါ၊ မယ်တော်အကြောင်း

ကို ဟောရမယ် ဆိုတော့ သားတော် ရှင်ကုမာရကဿပရဲ့ အကြောင်းလဲ ပါဝင် သွားပါလိမ့်မယ်၊ ဒါမှ သားတော် အပေါ်မှာ မယ်တော်ရဲ့ မေတ္တာ ကြီးမားပုံဟာ ပေါ်လွင် ထင်ရှားသွားပါလိမ့်မယ်။

**မူ တည် ချက်**

ဒီ မွေးမေ့ မေတ္တာ တရားတော်ကို ဟော ကြားတဲ့ နေရာမှာ မူတည်ချက် အနေနဲ့ ဓမ္မပဒ အဋ္ဌကထာ ဒုတိယတွဲမှာ လာတဲ့ ရှင်ကုမာရကဿပရဲ့ မယ်တော်ဝတ္ထု, ဇာတကနိပါတ်ဇာတ် အဋ္ဌကထာ နိဂြောဇာတ်နဲ့ ရှင်ကုမာရကဿပကို ဟောတော်မူတဲ့ ဝမ္မိကသုတ်တို့ကို မူတည် ချက် အနေနှင့် ထားပြီးတော့ ဟောပါမယ်။

ဒီ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်မှာလဲ ဟောရမှာက (၅)ည ဆိုတော့ အဲဒီ မွေးမေ့မေတ္တာတရားတော်ကို ပထမပိုင်း, ဒုတိယ ပိုင်းရယ်လို့ နှစ်ပိုင်း ခွဲပြီးတော့ ငါးညနဲ့ အပြီး ဟောပါမယ်၊ နှစ်ပိုင်းကို ငါးညနဲ့ မျှပြီးတော့ ဟောရမှာပေါ့။

**ဘု ရား ရှိ ခိုး**

ဒီလို ဘုရားပွဲမှာ တရားပွဲနဲ့ ပူဇော်တာဟာ အင်မတန်မှပဲ ရှားပါးပါတယ်၊ နည်းပါး ပါတယ်၊ ရှားရှားပါးပါး တွေ့ရ ကြုံရတော့ ဝမ်းသာပါတယ်၊ ဒီ ဘုရားပွဲမှာ ဘုန်းကြီးဟောတဲ့ အကြိမ် အနေနဲ့ ဆိုတော့ ဒီနှစ် ဟာ ဒုတိယအကြိမ်ပေါ့၊ တရားပွဲနဲ့ ကျင်းပတဲ့ ဘုရားပွဲအကြိမ် ဆိုယင် ဒီနှစ်ဟာ ၅-ကြိမ်မြောက်ပေါ့။

ဘုန်းကြီး ဟောမယ့် တရားတော်ဟာ တရားပိုင်ရှင် ဖြစ် တော်မူတဲ့ ဘုရားရှင်ရဲ့ တရားတော်ပါ၊ ဒီတော့ တရားပိုင်ရှင် ဖြစ်တော်မူတဲ့ ဘုရားရှင်ကို တရားမဟောမီ တရားမနာမီ အာရုံ

ပြု ရှိခိုးကြည်ညိုကြရအောင်၊ တုန်းကြီးတို့ ပရိသတ်က လက်အုပ်ချီမိုး အာရုံပြု ကြည်ညိုနေကြပါ။

တိ ပဥ္စ ဒသ ကာသံျသော၊
ဒွေ စတ္တာရော နဝကံသာ။
ရူပေ ဃောသေ လူခေ ဓမ္မေ၊
ပသန္နာ ဂတဟိ ယေ နမေ။ ။

**တိအံသေ** - စည်းဝေးမိသူ နတ် လူ ဗြဟ္မာ သတ္တဝါ တို့ကို သင်္ချာခွဲမှု သုံးစုသုံးပုံ ပြု၍၊

**ဒွေအံသာ** - နှစ်စု နှစ်ပုံသော နတ် လူ ဗြဟ္မာ သတ္တဝါတို့သည်၊

**ရူပေ** - ရုပ်ရည်အဆင်း လှပခြင်း၌၊

**ပသန္နာ** - သဒ္ဒါရွှန်းစို ကြည်ညိုကြလေကုန်၏၊

**ပဥ္စအံသေ** - စည်းဝေးမိသူ နတ် လူ ဗြဟ္မာ သတ္တဝါတို့ကို သင်္ချာခွဲမှု ငါးစုငါးပုံပြု၍၊

**စတ္တာရောအံသာ** - လေးစု လေးပုံသော နတ် လူ ဗြဟ္မာ သတ္တဝါတို့သည်၊

**ဃောသေ** - ကျော်စောသတင်း အသံကောင်းခြင်း၌၊

**ပသန္နာ** - သဒ္ဒါရွှန်းစို ကြည်ညိုကြလေကုန်၏၊

**ဒသအံသေ** - စည်းဝေးမိသူ နတ် လူ ဗြဟ္မာ သတ္တဝါတို့ကို သင်္ချာခွဲမှု ဆယ်စုဆယ်ပုံပြု၍၊

**နဝအံသာ** - ကိုးစုကိုးပုံသော နတ် လူ ဗြဟ္မာ သတ္တဝါတို့သည်၊

**လူခေ** - ပစ္စည်းလေးဖြာ ကိလေသာ ခေါင်းပါးခြင်း၌၊

**ပသန္နာ** - သဒ္ဒါရွှန်းစို ကြည်ညိုကြလေကုန်၏။

**ကာယိအံသေ** - စည်းဝေးမိသူ နတ် လူ ဗြဟ္မာ သတ္တဝါတို့ကို သင်္ချာခဲ့မှု တသိန်းစု တသိန်းပုံပြုရှ၍၊
**ကေံသာ** - တစုတပုံသော နတ် လူ ဗြဟ္မာ သတ္တဝါတို့သည်၊
**ဓမ္မေ** - သီလ-သမာဓိ-ပညာ ဟူသော တရားတော်၌၊
**ပသန္နာ** - သဒ္ဓါရွှန်းစို ကြည်ညိုကြလေကုန်၏၊
**တေဟိ** - ထို ရူပ ပမာဏပုဂ္ဂိုလ်, ဃောသ ပမာဏပုဂ္ဂိုလ်, လူခပမာဏပုဂ္ဂိုလ်, ဓမ္မပမာဏပုဂ္ဂိုလ် လေးမျိုးတို့သည်၊
**ပသာဒိတဗ္ဗာ** - သဒ္ဓါရွှန်းစို ကြည်ညိုအပ်ကုန်သော၊
**ယေဂုဏာ** - အကြင် ရူပ-ဝါစာ- လူခ္ခ-ဓမ္မ တည်းဟူသော အစိန္တေယျလေးပါး ဂုဏ်တော်များတို့သည်၊
**သန္တိ** - ထင်ရှားပုံသေ ရှိကြပါပေကုန်၏၊
**တေ** - ထို ရူပ-ဝါစာ- လူခ္ခ-ဓမ္မတည်း ဟူသော အစိန္တေယျလေးပါး ဂုဏ်တော်များတို့ကို၊
**အဟံ** - ရုပ်နာမ် နှစ်ဖြာ ဟုတ်မှန်ရာကို သူငါ မှည့်ခေါ်တရားဟောတဲ့ ဘုရားတပည့်တော်သည်၊
**နမေ-နမာမိ** - ဂုဏ်တော်ထုံမွမ်း ပုံတော်မှန်းလျက် ချီးမွမ်းထောမနာ ပဏာ ညွတ်ကျိုး လက်စုံမိုး၍ ရှိခိုး ဦးညွတ်ပါ၏ မြတ်စွာဘုရား၊
**မယံ** - တရားဟော ပုဂ္ဂိုလ်, တရားနာ ပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ုပ်တို့သည်၊
နမေ-နမာမ - မင်္ဂလာစရဏ, လက်ဦးစဉ်, ကြည်စွာကော်ရော်ပူဇော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးညွတ်ကြပါကုန်၏ မြတ်စွာဘုရား။

"သာဓု၊ သာဓု၊ သာဓုပါ ဘုရား၊"

# "မွေးမေ့ မေတ္တာ တရားတော်"

## [ပထမပိုင်း]

**မေတ္တာအတွက် ရှင်းပြချက်**

ကဲ.... ယခုဆိုယင် ဘုရားပွဲ, တရားပွဲမှာ အစီစဉ်အတိုင်း ပူဇော်လေးပါး ဂုဏ်တော်များနဲ့ ပြည့်စုံ ကျော်ကြားတော်မူတဲ့ တရားမင်း ဘုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို လက်အုပ်ချီမိုး ရှိခိုးပြီး အာရုံပြုကြည်ညိုလို့ ပြီးသွားပါပြီ၊ ပြီးသွားတော့ တရားဟောဖို့ပါပဲ၊ တရားမဟောမီ အဲဒီ တရားတော် အမည်မှာပါတဲ့ မေတ္တာအကြောင်းကို ရှင်းပြချင်ပါသေးတယ်၊ အကျယ်တဝင့်တော့ မရှင်းနိုင်ပါဘူး၊ သဘောပေါက်ရုံ အကျဉ်းမျှလောက်ပဲပေါ့။

"မေတ္တာ" ဆိုတာ အမှန်က ပါဠိစကား ပါဠိဘာသာပါ၊ မြန်မာစကား မြန်မာဘာသာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဘုန်းကြီးတို့ မြန်မာ ပရိသတ်တွေကတော့ မေတ္တာ ဆိုတဲ့ ပါဠိစကား ပါဠိဘာသာကို မြန်မာစကား မြန်မာဘာသာကဲ့သို့ပင် ကျင်ကျင်လည်လည် သုံးနှုန်းတတ်နေပါပြီ၊ နားလည် သဘောပေါက်နေပါပြီ။

အဲဒီ မေတ္တာဆိုတဲ့ ပါဠိစကား, ပါဠိဘာသာကို ရှေးဆရာတွေက "ချစ်ခြင်း"လို့ မြန်မာပြန်ဆိုကြပါတယ်၊ ပြီးတော့ "ပေမ"ဆိုတဲ့ ပါဠိစကား, ပါဠိဘာသာကိုလဲ ရှေးဆရာတွေက "ချစ်ခြင်း"လို့ပဲ မြန်မာပြန်ဆိုကြပါတယ်

**ဝိသေသနှင့် သာမည** အဲဒီ မေတ္တာအရ ချစ်ခြင်းနဲ့ ပေမအရ ချစ်ခြင်းနှစ်မျိုးမှာ "မေတ္တာ"ဆိုတဲ့ ပါဠိစကား, ပါဠိဘာသာက ဟောအပ်တဲ့ "ချစ်ခြင်း"က အထူး ဝိသေသဖြစ်ပါတယ်၊ "ပေမ"ဆိုတဲ့ ပါဠိစကား, ပါဠိဘာသာက ဟောအပ်တဲ့ "ချစ်ခြင်း"က သာမည ဖြစ်ပါတယ်၊ အဲဒီလို ချစ်ခြင်း ၂-မျိုးဟာ ဝိသေသ, သာမညအနေအားဖြင့် ၂-ထွေ ကွဲပြားပါတယ်။

**ပေမသုံးမျိုး** အဲဒီ ချစ်ခြင်း ၂-မျိုးမှာ သာမညဖြစ်တဲ့ "ပေမ" အရ "ချစ်ခြင်း"ဟာ သုံးမျိုးရှိပါတယ်၊ အဲဒါကြောင့် အဲဒီ"ပေမ"အရ "ချစ်ခြင်း"သုံးမျိုးကို ဆက်လက်ပြီးတော့ ရှင်းပြပါဦးမယ်၊ ချစ်ခြင်းသုံးမျိုးက ဘာတွေလဲ ဆိုတော့....

၁။ တဏှာပေမ

၂။ ဂေဟသိတပေမ

၃။ မေတ္တာပေမ

တို့ဖြစ်ပါတယ်၊ အဲဒီလို ချစ်ခြင်း "ပေမ" သုံးမျိုးကို ခွဲခြားပြီး ပြဆိုထားပါတယ်၊ အဲဒီ ချစ်ခြင်း "ပေမ"သုံးမျိုးထဲမှာ....

> "မိန်းမနဲ့ ယောကျ်ား အချင်းချင်း တဏှာလောဘရဲ့ အစွမ်းနဲ့ ချစ်ခြင်းကြိုက်ခြင်းကို "တဏှာပေမ" လို့ ခေါ်ပါတယ်။"

အဲဒီ "တဏှာပေမ"ကို ဟို....အလင်္ကာ ကျမ်းမှာ တော့ "သိင်္ဂါရ"လို့ ခေါ်ပြန်ပါတယ်။

"မိဘနဲ့ သားသမီး, ညီနဲ့ အစ်ကို၊ မောင်နဲ့နှမ, စသည့်တို့ အချင်းချင်း ချစ်ခင်တွယ်တာမှုကို "ဂေဟာသိတပေမ"လို့ ခေါ်ပါတယ်၊ အိမ်၌နေခြင်းကို မှီ၍ဖြစ်တဲ့ ချစ်ခြင်းလို့ ဆိုလိုပါတယ်။"

အဲဒီ ဂေဟာသိတပေမကို ဟို....အလင်္ကာကျမ်းများမှာတော့ "ဝစ္ဆလ"လို့ ခေါ်ပြန်ပါတယ်။

အဲဒီ "တဏှာပေမ"နဲ့ "ဂေဟာသိတပေမ" နှစ်မျိုးလုံးပင် ကုသိုလ်တရားများ မဟုတ်ကြပါဘူး၊ ပွားရမယ့်တရားများမဟုတ်ကြပါဘူး။

"တဏှာပေမ"မှာ တရားကိုယ်အားဖြင့် တဏှာရာဂဖြစ်ပါတယ်၊ တဏှာရာဂကို တရားကိုယ်ကောက်ယူရပါတယ်။

"ဂေဟာသိတပေမ"မှာ တရားကိုယ်အားဖြင့် "လောဘ" ဖြစ်ပါတယ်၊ လောဘကို တရားကိုယ် ကောက်ယူရပါတယ်။

ဘုန်းကြီးတို့ ယခု ဟောကြားမယ့် "မွေးမေ့မေတ္တာ တရားတော်"မှာပါတဲ့"မေတ္တာ"ဆိုတာဟာတကယ်စင်စစ်တော့ မေတ္တာမဟုတ်ပါဘူး၊ ပေမသာ ဖြစ်ပါတယ်။

ပေမဖြစ်တော့ အဲဒီ အမှန်တကယ်ဖြစ်တဲ့ ပေမဆိုတဲ့ စကားနဲ့ တွဲဖက်ပြီးတော့ "မွေးမေ့ပေမတရားတော်"လို့နာမည်ပေးလိုက်ယင် အများနားလည်ဖို့ရာ ခက်သွားပါလိမ့်မယ်၊ တရားဆိုတာ ကလဲ အများနားလည်အောင် ဟောရမှာပါ။

အဲဒါကြောင့် အများနားလည်မယ့် အများသုံးနဲ့ပဲသုံးပြီး ချစ်ခြင်းဟောချင်းတူတဲ့ 'ပေမ'နဲ့ 'မေတ္တာ'ကို ဖလှယ်ပြီးတော့

"မွေးမေ့မေတ္တာတရားတော်"လို့ သုံးပြီးတော့ အများသိတဲ့ အမည်ကို ပေးထားတယ်လို့ မှတ်ယူပါ။

ဘာဖြစ်လို့လဲဆိုတော့ မိဘတွေဟာ သားသမီးတွေအပေါ်မှာ ချစ်တဲ့ချစ်ခြင်းဟာ မေတ္တာစစ်မဟုတ်ပဲ အိမ်၌နေခြင်းကိုမှီ၍ ဖြစ်တဲ့ချစ်ခြင်းဆိုတဲ့ ဒီ "ဂေဟသိတပေမ" ဖြစ်လို့ပါပဲ။

အဲဒီလိုဖြစ်လို့ "မွေးမေ့ပေမတရားတော်"လို့ အမည်ပေးပြန်ယင်လဲ ပေမအတွက် အခက်တွေ့ပါလိမ့်မယ်၊ နားလည်မှာမဟုတ်ပါဘူး၊ နားမလည်ယင်လဲ စိတ်မဝင်စားပါဘူး၊ "မွေးမေ့မေတ္တာတရားတော်"ဆိုတော့ နားလည်ပါတယ်၊ နားလည်တော့ စိတ်ဝင်စားမါလိမ့်မယ်၊ စိတ်ဝင်စားတော့မှလဲ နားစိုက်တော့ ပိုပြီးတော့နားလည်မှာပါ။

မေတ္တာချစ် ဆိုတာကတော့ စင်ကြယ်ပါတယ်၊ သန့်ရှင်းပါတယ်၊ အဲဒီ မေတ္တာချစ်ရဲ့သဘောက ဘယ်လိုလဲဆိုတော့....

> သူတပါးတို့ရဲ့ အကျိုးစီးပွားများစွာ ဖြစ်ထွန်းမှုကို လိုလားခြင်းဟာ "မေတ္တာပေမ" မေတ္တာချစ်ဖြစ်ပါတယ်။

အဲဒီ မေတ္တာပေမအချစ်ဟာ သူတပါးတို့နဲ့ မခွဲမခွာ အမြဲယှဉ်တွဲပြီးတော့ နေလိုခြင်း သဘောမျိုး အလျှင်းမရှိပါဘူး။

ဆိုပါတော့ လူအချင်းချင်း တ ယောက် နဲ့ တ ယောက် စကြဝဠာ တခုစီပင် ဝေးကွာပြီးတော့ နေရစေကာမူ အဲဒီလို ဝေးကွာပြီးတော့နေရတဲ့သူမှာ စီးပွားချမ်းသာဖြစ်တယ်လို့ သိရယင် ကျေနပ်ပါတယ်၊ အတူတူမနေရတဲ့အတွက် ခက်ခဲခြင်း, ဝန်လေးခြင်း အလျှင်းမရှိပါဘူး။

တဏှာပေမ, ဂေဟာသိတပေမတို့ကတော့ အတူယှဉ်တွဲပြီး မခွဲမခွာနေလိုတဲ့ သဘောရှိပါတယ်၊ ပြီးတော့ သူတပါးကို ကိုယ့်အကျိုးစီးပွားအတွက် အသုံးချလိုခြင်းသဘောမျိုးဖြစ်ပါတယ်။

အဲဒီလို ချစ်ခြင်း ၂-မျိုးကို ခွဲခြားပြီးတော့ နားလည်ထားပါ၊ အဲဒီ ၂-မျိုးမှာ မေတ္တာပေမဆိုတဲ့ တကယ့်မေတ္တာချစ်ဟာ စင်ကြယ်မွန်မြတ်တဲ့သဘောဖြစ်လို့ "ဗြဟ္မဝိဟာရ"ဆိုတဲ့ အမည်ကို ရပါတယ်။

**မြတ်သောနေခြင်း** အဲဒီ စင်ကြယ်တဲ့ မေတ္တာ တရား ကို သုံးဆယ့် တဘုံ ကျင် လည် ကျက် သော သတ္တဝါများ အပေါ်မှာ ပွားများပြီးတော့ နေပါလျှင် "မြတ်သောနေခြင်း=ဗြဟ္မဝိဟာရ" ဖြစ်တယ်လို့ ဆိုလိုပါတယ်။ ချစ်ခြင်း မေတ္တာ တရားတော်ကို ပွားများရမယ်လို့ ဆိုတဲ့ နေရာမှာ မစင်ကြယ်တဲ့....

၁။ တဏှာပေမ = တဏှာလောဘချစ်

၂။ ဂေဟာသိတပေမ = တဏှာလောဘချစ်

လို့ မဟုတ်စေပဲ စင်ကြယ် မွန်မြတ်လှတဲ့ "မေတ္တာပေမ" မေတ္တာချစ် တရားသာ ဖြစ်စေရမှာကို အထူးပဲ သတိပြုသင့်ပါတယ်။

**မေတ္တာ နဲ့ အဒေါသ** ပြီးတော့ ဒီနေရာမှာ မေတ္တာ နဲ့ အဒေါသရဲ့ အကြောင်းလဲ ရှင်းလင်း ပြချင်ပါသေးတယ်၊ မေတ္တာ ဆိုတာ ပရမတ္ထအားဖြင့် ထင်ရှား ရှိကောင်းတဲ့ သဘောတရား တခုပင် ဖြစ်ပါတယ်။ ဒါပေမယ့် ပရမတ္ထတရားတွေကို တခုစီ တခုစီ ထုတ်ဖော်ပြီးတော့ ရေတွက်

တဲ့ အခါမှာတော့ "မေတ္တာ" ရယ် လို့ သီးခြား ဖော်မပြပဲ "အဒေါသ စေတသိက်" တရား ကိုသာ ဖော်ပြထားတဲ့အတွက် "မေတ္တာတရား" ဆို တာ အဒေါသ စေတသိက်တွင် တစိတ်တဒေသ အပါအဝင် ဖြစ်သွားတယ်လို့ မှတ်ယူရပါမယ်။

အဒေါသ စေတသိက်က အရာ ကျယ်ဖြီးတော့ မေတ္တာ တရားက အဲဒီ အဒေါသစေတသိက် အရမှာ တစိတ်တဒေသ အနေနဲ့ ပါဝင်နေတယ်လို့ ဆိုလိုပါတယ်။

**အာရုံကျယ်-ကျဉ်း** ထင်ရှားအောင် ပြပါဦးမယ်၊ အဘိဓမ္မာ အလိုအားဖြင့် အဒေါသ စေတသိက်ဟာ သောဘဏစိတ် ၅၉ ပါးလုံးနှင့် ယှဉ်ပါတယ်၊ အဲဒီ သောဘဏ စိတ် ၅၉ ပါးတို့ ဖြစ်တိုင်း ဖြစ်တိုင်း အဒေါသစေတသိက် ပါ ဝင်လျက် ရှိပါတယ်။

အဒေါသစေတသိက်တရားမှာ အာရုံအမျိုးမျိုးကို အာရုံပြု နိုင်ပါတယ်၊ မေတ္တာတရားကတော့ သတ္တဝါပညတ်အာရုံတမျိုး တည်းကိုသာ အာရုံပြုနိုင်ပါတယ်။

ဒါနမှု အမျိုးမျိုးပြုရာ၊ သီလမှု အမျိုးမျိုး ဆောက်တည်ရာ တို့မှာ အဒေါသ ပါရတာချည်းပဲ ဖြစ်ပါတယ်၊ အဲဒီ အဒေါသ ဖြစ်တိုင်း မေတ္တာရယ်လို့တော့ မခေါ်ရပါဘူး။

သတ္တဝါပညတ်ကို အာရုံပြုကာ "ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ် များစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် ပြည့်ပါစေ" စသည်ဖြင့် သတ္တဝါတွေရဲ့ စီးပွား ချမ်းသာကို လိုလားတဲ့ အခြင်းအရာနဲ့ အဒေါသစေတသိက် ဖြစ်မှသာ အဲဒီ အဒေါသစေတသိက်ကို မေတ္တာရယ်လို့ ခေါ်ရပါတယ်။

အချုပ် ပြောရယင်တော့ အဒေါသစေတသိက် ဟူသမျှကို "မေတ္တာ"အရ မကောက်ယူပဲ သတ္တဝါတို့ရဲ့ အကျိုးကို လိုလားတဲ့ အခြင်းအရာဖြင့် ဖြစ်တဲ့ "အဒေါသ စေတသိက်" ကိုသာ "မေတ္တာ" အရ ကောက်ယူရတယ်လို့ မှတ်ပါ။

ကဲ.... ဒီလောက်ဆိုယင် မေတ္တာနဲ့ အဒေါသရဲ့ သဘောလဲ ပေါက်လောက်ပါပြီ၊ မေတ္တာနဲ့ ပေမရဲ့ သဘောလဲ ပေါက်လောက်ပါပြီ၊ "မွေးမေ့ ပေမ တရားတော်" လို့ အမည်မပေးပဲ "မွေးမေ့ မေတ္တာ တရားတော်" လို့ အမည်ပေးခြင်းလဲ သဘောပေါက်လောက်ပါပြီ။

သဘောပေါက်လောက်တော့ မွေးမေ့ မေတ္တာ တရားတော် ပထမပိုင်းကို ဟောကြ, နာကြရအောင်၊ ဟောကြ, နာကြရအောင် ဆိုတော့ ဘုရားရှင်ဟာ ဒီတရားတော်ကို ဘယ်ပြည်ရွာနဲ့ ဘယ်လောကမှာ သီတင်းသုံးတော်မူစဉ် ဟောတော်မူတာလဲ၊ ဒါကို ဦးစွာ သိရပါမယ်။

ဒီ တရားတော်ကို ဘုန်းတော် ၆ ပါး သခင် တရားမင်းဘုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သာဝတ္ထိပြည် အနာထပိဏ်သဌေး ဆောက်လုပ်တဲ့ ဇေတဝန် ရွှေကျောင်းမှာ ကိန်းအောင်းတော်မူတဲ့အခိုက်မှာ ဟောကြားတော်မူတယ်လို့ မှတ်ပါ။

အဲဒီလို ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ကိန်းအောင်းတော်မူတဲ့အခိုက် ဘယ်သူ့ကို အကြောင်းပြုပြီး ဟောတော်မူတာလဲ ဆိုတော့ သာသနာတော်မှာ နေ လို လ လို ထင်ရှားတော်မူတဲ့ ရှင်ကုမာရကဿပရဲ့ မယ်တော်ကို အကြောင်းပြုပြီးတော့ ဟောတော်မူတယ်လို့ မှတ်ပါ။

ဘုန်းကြီးတို့ ဘုရားရှင်ရဲ့ တရား ဒေသနာတော် တွေဟာ တခြား တခြားသော ဘုရားရဲ့ တရားတော်တွေနဲ့ ကွာခြားချက်ဟာ အဲဒီ အချက်လဲ ပါပါတယ်။

ဘုန်းကြီးတို့ ဘုရားရှင်ရဲ့ တရားတော်တွေမှာ ဟောရာ ဌာန, တရားနာတဲ့ ပုဂ္ဂိုလ်, အဲဒီတရားနာပုဂ္ဂိုလ်ရဲ့ ဒေသနာနိဂုံး အဆုံးမှာ အယူအဆ အခြေအနေ စသည်ဖြင့် အစုံအလင် အကုန်ပင် တိကျစွာ ဖော်ပြ ပါရှိပါတယ်။

အခြား ဘုရားများရဲ့ တရားတွေမှာ အဲဒီလို ဟောရာ ဌာန, တရားနာပုဂ္ဂိုလ်, ဟောရခြင်းအကြောင်း, တရားနာပြီး အခြေအနေ စသည်တွေ မပါပါဘူး၊ မုက္ခပါဌ်တော် မုက္ခပါဌ်တော်နဲ့ အမိန့်ပေးသံ, အာဏာသံတွေ လွှမ်းမိုးနေပါတယ်၊ ဗုဒ္ဓတရားတော်မှာတော့ အမိန့်ပေးသံ, အာဏာသံ မပါပဲ မဟာကရုဏာသံတွေသာ လွှမ်းမိုးနေပါတယ်။

**သဌေးသမီး** ကဲ....ထားပါတော့၊ရှင်ကုမာရကဿပရဲ့ မွေးမေမယ်တော်ရဲ့ အကြောင်းကို စ,ကြစို့၊ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတဲ့ အခိုက် အဲဒီ ရှင်ကုမာရကဿပရဲ့ မွေးမေ,မယ်တော်လောင်းဟာ ရာဇဂြိုဟ်မှာ နေပါတယ်။

အဲဒီ အချိန်မှာ မွေးမေ, မယ်တော် မဖြစ်သေးပါဘူး၊ သဌေးသမီး အပျိုစင်ဘဝမှာပဲ ရှိနေပါသေးတယ်။ ရာဇဂြိုဟ်ပြည်မှာ ဥစ္စာများပြား ကြွယ်ဝတဲ့ သဌေးသမီးကလေးပေါ့။

သဌေးသမီး ဆိုတော့ မာန်တွေ,မာနတွေ လွှမ်းပြီး တကိုယ်လုံး ဝတ်စား တန်ဆာပလာတွေ ခြယ်မှုန်းထားတဲ့ ကိုယ်ကိုသာ အမွှမ်းတင်နေတဲ့ သဌေးသမီးလို့တော့ မထင်လိုက်ပါနဲ့။

သာမန် သူလို ကိုယ်လို သင်္ဃေးသမီးအမျိုးအစားထဲကမဟုတ်ပါဘူး၊ပြန့်ပြောမျှားပြားတဲ့ ကုသိုလ်မူလတွေ ရှိပါတယ်၊သင်္ခါရ ရှစ်နာမ် သဘောတရားတွေရဲ့ အပြစ် ဒေါသ အာဒီနဝတွေကို မြင်နေတဲ့ သင်္ဃေးသမီးလေးပါ၊ ဒီဘဝမှာ ကေန်ကေ ရဟန္တာ ထေရီမကြီး ဖြစ်မယ့် ပစ္ဆိမဘဝိက အမျိုးသမီးလေးပါတဲ့။

**ရှေးကုသိုလ်** သူ့မှာ ကုသိုလ် ကောင်းမှုတွေက အင်မတန်များပြားပါတယ်၊ ကုသိုလ် များတယ် ဆိုတာ စက်လေးပါးမှာ "ပုဗ္ဗေစ ကတပုညတာစက်" နဲ့ ပြည့်စုံခဲ့တယ်လို့ ခေါ်ဆိုပါတယ်။

ဘယ်လို ပြည့်စုံခဲ့လို့လဲ ဆိုတော့ ဒီသင်္ဃေးသမီးကလေးဟာ ဘုန်းကြီးတို့ ဂေါတမဘုရားရှင်သာသနာတော်မရောက်မီ ရှေးဘုရားရှင်ပေါင်း များစွာ လက်ထက်တော် အခါတွေတုန်းက ပြုအပ်ခဲ့ပြီးတဲ့ အင်မတန် ကြီးကျယ်တဲ့ အဓိကရ ကုသိုလ် ကောင်းမှုကြီးတွေ ရှိခဲ့ပါတယ်။

ပြီးတော့ ထို ထို ဘဝများစွာတွေမှာလဲပဲ ဝဋ်ဆင်းရဲကင်းရာ ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရည်မှန်းပြီးတော့ အမျိုးမျိုးသော ကုသိုလ် ကောင်းမှုတွေ ပြုခဲ့ပါတယ်။

ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကြည်ညို မြတ်နိုးခဲ့တယ်၊ တရားတော်တွေကို နာကြားခဲ့တယ်၊ အားထုတ်ခဲ့တယ်။

**ကုသိုလ် နှိုးဆော်** အဲဒီ ရှေးကုသိုလ်တွေက နှိုးဆော်တိုက်တွန်းတဲ့အတွက်ကြောင့်ပဲ ယခုဘဝ ဂေါတမ ဘုရားရှင် သာသနာတော်မှာ လာပြီးတော့ အမျိုးကောင်းသမီး ဖြစ်ရပါတယ်။

ပစ္စည်းဥစ္စာကလဲ ကြွယ်ဝချမ်းသာတယ်၊ ပြန့်ပြောများပြား တဲ့ ကုသိုလ်မူလတွေလဲ ရှိတယ်၊ နှိပ်နယ်အပ်တဲ့ သခ်ါရသဘော တရားတွေလဲ ရှိတယ်၊ သံဝေဂတရားတွေလဲ အမြဲ ဖြစ်ပွားနေ တယ်။

အိုးအတွင်းမှာ ထွန်းထားတဲ့ ဆီမီးပမာ အဲဒီ သဌေးသမီးက လေးရဲ့ ဟဒယနှလုံးသားမှာ အရဟတ္တဖိုလ်ရဲ့ ဥပနိဿယဟာ တောက်ပလျက် ရှိပါတယ်။

ရှင်းရှင်း ပြောရယင်တော့ ရဟန္တာဖြစ်မယ့်ပါရမီ ဓာတ်ခံ ကလေးဟာ ဝမ်းတွင်းမှာ တောက်ပလျက်ရှိပါတယ်တဲ့။

အဲဒီ ပါရမီကုသိုလ်တွေက အမြဲပဲ နှိုးဆော်တိုက်တွန်းနေတဲ့ အတွက် သဌေးသမီးကလေးဟာ သူ့ကိုယ်သူ အဆိုး အကောင်း အကျိုးအကြောင်း သိတတ်တဲ့ အချိန်ကစပြီးတော့ အိမ်မှာနေ ရတာ မပျော်ဘူးတဲ့။ ကဲ....ဘုန်းကြီးတို့ပရိသတ်ကို မေးပါရစေ ဦး၊ အိမ်မှာ နေရတာ ပျော်လား,ပျင်းလား။

"ပျော်ပါတယ်ဘုရား"

အင်း....အိမ်မှာ နေရတာ ပျော်နေပါသေးတယ် ဆိုယင် တော့ ဟို....သဌေးသမီးကလေးနဲ့ အမူချင်းတော့ ကွာနေပါပြီ၊ နောက်ပိုင်းမှာ အိမ်မှာနေရတာ ပျော်တဲ့သူနဲ့ မပျော်တဲ့သူ ဘယ် လိုကွာမလဲဆိုတာ ဆက်ပြီးတော့ လေ့လာကြည့်ရအောင်။

သဌေးသမီးကလေးက အိမ်မှာ မပျော်တော့ ဘာလုပ်ချင် သလဲဆိုတော့ ရဟန်းမိန်းမပြုလုပ်ချင်တယ်တဲ့။

ကဲ....အိမ်မှာ ပျော်တဲ့သူတွေက ဘာလုပ်ချင်ကြသလဲ၊ အိမ် ထောင်မယ်၊ သားသမီးမွေးမယ်၊ ရောင်းမယ်၊ ဝယ်မယ်၊ထွန်မယ်

ယက်မယ်၊ ပစ္စည်းရှိအောင် ရာထူးတက်အောင် လုပ်မယ်ပေါ့၊ ကဲ....ဒီတော့ အိမ်မှာ ပျော်သူနဲ့ မပျော်သူ အမူချင်း မကွဲဘူးလား။

"ကွဲပါတယ်ဘုရား"

အိမ်မှာပျော်တဲ့သူက ပစ္စည်းတွေရလေ, ရာထူးတွေတက်လေ, သားသမီး အခြွေအရံတွေပေါလေ ပျော်လေ, ကြိုက်နှစ်သက်လေပဲ။

အိမ်မှာ မပျော်တဲ့သူကတော့ ပစ္စည်းတွေရလေ, ရာထူးဂုဏ်ထူးတွေတက်လေ မပျော်လေပဲ၊ သားသမီး အခြွေအရံတွေပေါများလေ မလွတ်လေပဲ၊ ငါတော့ အနှောင်အဖွဲ့တွေတိုးလာပြီ၊ အထွက်ရခက်ပြီလို့ စဉ်းစားပြီး မပျော်လေပဲ။

အမှန်က ယောကျ်ားကလေးပဲဖြစ်ဖြစ်, မိန်းကလေးပဲဖြစ်ဖြစ် ဒီ ၁၆ နှစ် ၁၇ နှစ်အရွယ်ဟာ ဥစ္စာပစ္စည်း ရာထူးဂုဏ်ထူးရှိရှိ မရှိရှိ အင်မတန် ပျော်တတ် ပါးတတ်တဲ့ အရွယ်ပဲ။

ဒီ သဓ္ဓေးသမီးကလေးကတော့ ပစ္စည်းဥစ္စာတွေလဲ သုံးမကုန် စွဲမကုန် များစွာရှိနေပါလျက်ကနဲ့ အရွယ်ကလဲ ပျော်တတ်ပါးတတ်တဲ့ အရွယ်ဖြစ်ပါလျက်ကနဲ့ အိမ်မှာမပျော်ဘူးတဲ့။

ဘာ့ကြောင့် မပျော်လဲ ဆိုတော့ ရှေးကုသိုလ်ကံတွေက နှိုးဆော်တိုက်တွန်းစီမံသောကြောင့် အိမ်ရာတည်ထောင် လူတို့ဘောင်မှာ အိမ်ထောင် သားမွေးအနေနဲ့ ပျော်ပိုက်နိုင်လောက်အောင် သူ့မှာ ရာဂထူထပ်မှုမရှိဘူး,မဖြစ်ဘူးတဲ့။

ပြီးတော့ ကိုယ့်မှာရှိနေတဲ့ ရုပ်နာမ်နှစ်ပါးသခါရတရားတွေကို ယထာဘူတဉာဏ်နဲ့ နေရာတကျ သုံးသပ်ဆင်ခြင်နိုင်တဲ့ ဉာဏ်

ပညာနဲ့ ပြည့်စုံတဲ့အတွက်ကြောင့် အိမ်ရာတည်ထောင် လူတို့ဘောင်မှာ မပျော်မွေ့တာတဲ့။

**ရဟန်းပြုရန် ခွင့်တောင်းပန်**

အိမ်ရာတည်ထောင် လူတို့ဘောင်မှာ မပျော်သည်အားလျော်စွာ တနေ့တော့ မိခင်ဖခင်ကျေးဇူးရှင်တွေကို သာသနာတော်မှာရဟန်းမိန်းမပြုရန် ခွင့်တောင်းပါတယ်၊ ဘယ်လိုခွင့်တောင်းလဲ၊ ခုခေတ်အနေနဲ့ သီလရှင်ဝတ်ချင်သူတွေ ခွင့်တောင်းတတ်အောင် မှတ်ထားပေါ့၊ သဌေးသမီးကလေးက—

"အို....မိခင်ဖခင် ကျေးဇူးရှင်တို့၊ ကျွန်မရဲ့ စိတ်ဟာ အိမ်ရာတည်ထောင် လူတို့ဘောင်မှာ မမွေ့လျော် မပျော်ပိုက်ပါ၊ ကျွန်မသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာဖြစ်သော ဗုဒ္ဓမြတ်စွာ သာသနာတော်၌ ရဟန်းမိန်းမပြုလိုပါတယ်၊ အို....မိခင်ဖခင်ကျေးဇူးရှင်တို့၊ ကျွန်မကိုရဟန်းမိန်းမ ပြုပေးတော်မူကြပါကုန်...."

လို့ အဲဒီလို ခွင့်တောင်းတယ်၊ အဲဒါ သဌေးသမီးကလေးရဲ့ မိဘတွေထံ ခွင့်ပန်ချက်ပဲ၊ မှတ်ထားပေါ့၊ သီလရှင်ဝတ်ချင်တဲ့သူတွေ။

**မိဘတွေက တားမြစ်ကြ**

အဲဒီလို သမီးလိမ္မာပါရမီရှင်ကလေးက မိဘတွေထံသို့ အိမ်ရာတည်ထောင် လူတို့ဘောင်မှာ မပျော်တဲ့အကြောင်း, ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ ရဟန်းမိန်းမပြုလိုတဲ့အကြောင်း တောင်းပန်တော့ မိဘတွေက ဘယ်လိုပြောလဲဆိုတော့....

"ချစ်သမီး၊ သင်ဟာ ဘယ်လို ပြောလိုက်တာလဲ၊ ဒီအမျိုးဟာ မျှားသော စည်းစိမ်ဥစ္စာရှိတဲ့ အမျိုးပါ၊ သင်....ချစ်သမီးဟာလဲ ငါတို့ရဲ့ တဦးတည်းသော သမီး ဖြစ်တယ်၊ သင်....ချစ်သမီးဟာ ရဟန်းမိန်းမ ပြုလုပ်ဖို့ရာ မဖြစ်နိုင်, မရနိုင်ပါ...."

လို့ ပြောဆိုပြီး မိဘတွေက တားမြစ်ကြတယ်၊ မိဘတွေရဲ့ သဘောကတော့ သမီးအတွက် အိမ်မှာ ပစ္စည်းတွေ အမျှား ကြီးရှိတာပဲ၊ ဘာပူစရာရှိလဲ၊ တယောက်တည်းသော သမီး ကလေးအဖို့ သုံးမကုန် စွဲမကုန်ဘူးပေါ့။

ပြီးတော့ တယောက်တည်းသော သမီးကလေးမို့ ချစ်လို့ဝယ် မဝသေးဘူးပေါ့၊ မျက်စိအောက်ကလဲ အပျောက်မခံနိုင်သေး ဘူးပေါ့၊ မခွဲလဲ မခွဲနိုင်သေးဘူးပေါ့။

အဲဒီ မိဘတွေဟာ လောကရေးမျှားတဲ့ မိဘတွေပေါ့၊ ဒီ မိဘတွေဟာ လောကရေးတခုပဲ ငဲ့တယ်၊ လောကရေးတခုပဲ သိတယ်၊ သံသရာအရေး သူတို့ ဘာမှ မသိကြဘူး။

ဒီပစ္စည်းတွေ ဘယ်လောက်ပဲမျှားမျှား၊ ဒီပစ္စည်းတွေဟာ ရန်သူငါးတန်နဲ့ ရောဆက်ဆံနေခြင်းကြောင့် အချိန်မရွေးပဲ ပျက်စီးနိုင်တယ်ဆိုတာကို သူတို့မမြင်ကြ မသိကြပါဘူး။

ပြီးတော့ ပစ္စည်းတွေကရှိဦးတော့၊ ရန်သူငါးတန်ကြောင့် မပျက်စီးပဲ ရှိစေဦးတော့၊ ပစ္စည်းတွေကို သုံးဆောင်မယ့် ဒီသမီး ကလေးကလဲ အဲဒီပစ္စည်းတွေကိုထားပြီးတော့ အချိန်မရွေး ပျက်စီး သေကြေသွားနိုင်တယ်ဆိုတာ သူတို့မမြင်ကြဘူး၊ အဲဒါ လောကရေးဖုံးထားလို့ မမြင်တာပဲ။

မိဘတွေအနေနဲ့ကတော့ လောကရေးများတဲ့သူတွေဆိုတော့ လောကထဲမှာ လင်နဲ့ သားနဲ့ သမီးနဲ့ အခြွေအရံပရိသတ်နဲ့ တင့်တောင့်တင့်တယ်နေစေချင်တယ်ပေါ့၊ သူတို့ကလဲ တင့်တောင့် တင့်တယ် မြင်ချင်တယ်ပေါ့။

မိဘတွေက အဲဒီ လင်သားအခြွေအရံစသည်တို့ကို သာယာဖွယ်တွေ လောကရဲ့ ကျက်သရေမင်္ဂလာတွေ လောကရဲ့ ချမ်းသာတွေလို့ ထင်မြင်လွဲမှားနေကြတာကိုး။

**နောက်ထပ်တဖန် ခွင့်တောင်းပြန်**

သမီးကလေးရဲ့ ဝမ်းတိုက်ထဲမှာ ရဟန္တာထေရီမဖြစ်မယ့်ပါရမီအထောက်အပံ့တွေက ရှိနေပြည့်စုံနေတော့ တကြိမ် တောင်းပန်မရတော့ မလျှော့ပဲ နောက်ထပ်တဖန် တောင်းပန်ပြန်တယ်။

"အို-မိခင်, ဖခင် ကျေးဇူးရှင်တို့၊ ကျွန်မကိုရဟန်းမိန်းမပြုခွင့်ပေးတော်မူကြပါကုန်၊ ကျွန်မ အိမ်ရာတည်ထောင်လူတို့ဘောင်မှာ မပျော်မွေ့ပါ၊ မမွေ့လျော်ပါ၊ အိမ်ရာတည်ထောင် လူတို့ဘောင်ကို မီးပုံကြီးပမာ ထင်မှတ်ပါတယ်။"

"ကျွန်မရဲ့ကိုယ်ခန္ဓာဟာ ဘဝများစွာ လင့်ကျွန် သားသမီးကျွန် ကာမကျွန်အဖြစ်နဲ့ ခံခဲ့ရပါပြီ၊ ဘဝများစွာ လင်ပူ သားသမီးပူ ပစ္စည်းပူတွေ အပူခံခဲ့ရပါပြီ၊ အပူတွေများစွာ တွေ့ခဲ့ရပါပြီ။"

"အို-မိခင် ဖခင် ကျေးဇူးရှင်တို့၊ ဒီဘဝမှာတော့ ကျွန်မ အဲဒီအပူတွေ မခံချင်တော့ပါ၊ မခံနိုင်တော့ပါ၊ အဲဒီအပူတွေမှ ကင်းလွတ်ရာ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ရာ ဗုဒ္ဓ

မြတ်စွာသာသနာတော်မှာ အပူသောက ငြိမ်းအေးစွာနဲ့
ရဟန်းမိန်းမပြုချင်ပါတယ်၊ ခွင့်ပေးတော်မူကြပါ....”

လို့ သမီးကလေးက တောင်းပန်ရှာပြန်တယ်၊ သနားစရာကလေးပဲ၊ သူ့အနေနဲ့ လောကရေးတွေကို အပူမီးဆင်းရဲဒုက္ခလို့ မြင်တယ်၊ မိဘတွေကတော့ အအေးဓာတ်ချမ်းသာလို့ မြင်နေကြတယ်၊ အမြင်ချင်းဟာ အရှေ့နဲ့အနောက် တောင်နဲ့မြောက်ပမာ ကွာဟနေပါတယ်။

အင်း....အဲဒါဟာ သဘာဝပဲ၊ လောကရေးများသူတွေဟာ လောကဆင်းရဲဒုက္ခတွေကို ဒုက္ခလို့ မထင်ကြပါဘူး၊ ချမ်းသာသုခတွေလို့ပဲ ထင်ကြပါတယ်။

လောကရဲ့သဘောကို မြင်ကြသိကြတဲ့ လောကရဲ့အပြစ်တွေကို မြင်ကြသိကြတဲ့ သူတော်စင်တွေကတော့ လောကဒုက္ခတွေကို လောကဒုက္ခအနေနဲ့ပဲ မြင်ကြသိကြပါတယ်။

ဒါ့ကြောင့် လောကသဘောသိကြတဲ့ မြင်ကြတဲ့သူတော်စင်တွေဟာ လောကထဲမှာ နေလို့သာ နေရတယ်၊ လောကနဲ့ သူတို့နဲ့ မစပ်ဆိုင်သလိုပဲ နေကြတယ်၊ လောကကို ကျော်ခိုင်းတယ်၊ လောကထဲမှာ မပျော်မွေ့ပါဘူး၊ လောကနဲ့ မရောယှက်ပါဘူး။

**မိဘတွေက တားမြစ်ကြ**

သမီးလိမ္မာကလေးက ဒုတိယအကြိမ် အခွင့်ပန်ပြန်တော့ မိဘတွေကလဲ ဒုတိယအကြိမ် တားကြပြန်တယ်၊ သူတို့ကလဲသူတို့အလိုပေါ့၊ ကိုယ့်အလိုနဲ့ကိုယ်ကတော့ အဟုတ်ကြီးပဲ၊ မိဘတွေက ဘယ်လို ပြောဆိုပြီး တားပြန်သလဲ....

"ချစ်သမီး....သင်ဟာ ငါတို့ရဲ့တဦးတည်းသောသမီး ကလေး ဖြစ်တယ်၊ ငါတို့အိမ်မှာလဲ ပစ္စည်းဥစ္စာတွေက သုံးစွဲမကုန်နိုင်အောင် များပြားစွာရှိတယ်၊ ဒီပစ္စည်းတွေ ဟာ သင့်အတွက်ပဲ၊ဒီပစ္စည်းတွေကို သင်မှတပါး ဘယ်သူ သုံးစွဲမလဲ။"

"ဒီပစ္စည်းဥစ္စာတွေကို သင်ပဲခံစားပါ၊ချစ်သမီး သင် သေတာတောင်မှ မခွဲချင်ပဲနဲ့ မဖြစ်လို့သာခွဲရမှာ၊အသက် ရှင်စဉ်မှာတော့ တို့....ဘယ်လိုနည်းနဲ့မှ မခွဲနိုင်ဘူး။"

"တို့....မျက်စိအောက်က အပျောက်မခံနိုင်ဘူး၊ ရဟန်း မိန်းမ ပြုခွင့်လဲမပေးနိုင်ဘူး ချစ်သမီး....ရဟန်းမိန်းမပြု တယ်ဆိုတာ လွယ်တာမဟုတ်ဘူး၊ အသက်မွေးမှုက သူတပါးတွေနဲ့ စပ်နေတာ၊ စားချင်တိုင်း စားလို့ရတာ မဟုတ်ဘူး၊ အအေးစားချင်ပေမယ့် အပူစားချင်စား ရမှာ၊အပူစားချင်ပေမယ့် အစပ်စားချင်စားရမှာ၊အချဉ် စားချင်ပေမယ့် အဖန်စားချင်စားရမှာ။"

"ချစ်သမီး....ရဟန်းမိန်းမဘဝမှာအစားနဲ့ပတ်သက်လို့ ကိုယ့်အလိုကျ ဘာတခုမှမဖြစ်နိုင်ပါဘူး၊အိမ်စဉ်လျှောက် ပြီး သပိတ်လက်စွဲ မျက်နှာမွဲနဲ့ ဆွမ်းခံရမှာ၊ အကြမ်းအနု အပူအအေး အချဉ် အချို အစပ် အငန် ရချင်တာရ၊ ရရာ ကိုပဲ စားရမှာ။"

"ချစ်သမီး.... အဝတ်ကလဲ ဒီလိုပဲ၊ သင့် အလိုကျ ဝတ်ရမှာ မဟုတ်ဘူး၊ အကောင်းလဲ ဝတ်ရမှာ မဟုတ် ဘူး၊ အကောင်းကိုပဲ ဖြတ်ခွဲပြီးတော့ ချုပ်ဝတ်ရမှာ၊ သင် နေနိုင်မှာ မဟုတ်ဘူး။"

"ချစ်သမီး.... အနေကလဲ သစ်တပင်ရင်း ဝါးတပင်အောက် စသည်မှာ လျှော်သလိုသာ နေရမှာ၊ ဖဲမွေ့ရာ ကမ္ဗလာ ကော်ဇောတွေနဲ့ နေရမှာ မဟုတ်ဘူး။"

"ချစ်သမီး.... ရဟန်းမိန်းမ ဘဝ ဆိုတာ စား ဝတ်၊ နေရေးဟာ အများနဲ့ စပ်သွယ်နေတဲ့အတွက် ဆင်းရဲလှပါတယ်၊ ချစ်သမီး.... ရဟန်းမပြုပါနဲ့...."

စသည်ဖြင့် အမျိုးမျိုး တောင်းပန်ကြတယ်၊ ကန့်ကွက် တားမြစ်ကြတယ်၊ သမီးကလေးလဲ နောက်ထပ်ပြီး အကြိမ်ကြိမ် ခွင့်တောင်းပါသေးတယ်၊ မိဘတွေကလဲ အကြိမ်ကြိမ် တားမြစ် ကန့်ကွက်တယ်၊ နောက်ဆုံးတော့ သမီးလိမ္မာကလေးက ရဟန်းမိန်းမပြုခွင့်တော့ဖြင့် မရတော့ဘူးလို့ သိတော့ စဉ်းစားတယ်။

"ကဲ....ရှိပါစေတော့၊ မိဘတွေက အိမ်ထောင်ချပေးလဲ အိမ်ထောင်ပြုရုံပဲ ရှိတော့တယ်၊ အိမ်ထောင်ကျပြီး လင့်အိမ် ရောက်တော့မှ လင်ယောကျ်ားကို ဝတ္တရားကျေပွန်စွာနဲ့ ပြုစု လုပ်ကျွေးပြီး လင်ယောကျ်ားကို နှစ်သက်အောင် ပြောပြပြီးမှ ရဟန်း မိန်းမ ပြုတော့မယ်...."

လို့ စဉ်းစားတယ်၊ အဲဒီလို ကြံစည် စဉ်းစားပြီးတော့ စိတ်နှလုံးကို တုံးတုံးချကာ နေလိုက်တော့တယ်၊ သူ့အလို မပြည့်ဝတော့ ချမ်းသာမှုတော့ ဘယ်ရှိပါ့မလဲ။

မိဘတွေကတော့ သမီးကလေးက နောက်ထပ်တဖန် ရဟန်းမိန်းမပြုဖို့ရာ ခွင့်မတောင်းတော့ သူတို့အလိုပါပြီ ဆိုပြီးတော့ သူတို့ကလဲ တဘက်က ဝမ်းသာနေကြတယ်ပေါ့။

အဲဒီမှာ သမီးကလေးနဲ့ မိဘတွေရဲ့ အဖြစ်သနစ်ကို ကြည့်ယင် ဝမ်းနည်း ဆင်းရဲနွှင့် ဝမ်းသာ ချမ်းသာရယ်လို့ နှစ်မျိုးကွဲပြား စံစားနေရတာကို တွေ့ရပါလိမ့်မယ်။

ဒီ လောကထဲမှာ နေရတာ အဲဒီ သဘာဝ နှစ်ခုဟာ အမြဲပဲ ထင်ဟပ်ပြီးတော့ ရှိနေပါတယ်၊ တဘက်က ဝမ်းသာယင် တဘက်က ဝမ်းနည်းရမယ်၊ တဘက်က ချမ်းသာယင် တဘက်က ဆင်းရဲရမယ်၊ အဲဒီလို ဖြစ်နေတာကို ပြည့်စုံ အောင်မြင်တယ်လို့ ခေါ်ရမလား၊ စဉ်းစားသာ ကြည့်ပါတော့။

အမှန်က နှစ်ဦးနှစ်ဝ နှစ်ဘက်စလုံး ဝမ်းသာရ ချမ်းသာရမှ ဘဝမှာ ပြည့်စုံ အောင်မြင်တယ်လို့ ခေါ်ရမှာပါ။

**အမြင်ချင်းကွာ** ဒီနေရာမှာ သမီးကလေးရဲ့ အမြင်နဲ့ မိဘတွေရဲ့ အမြင်ရယ်လို့ အမြင် နှစ်မျိုးဟာ ကွာခြားနေပါတယ်၊ မိဘတွေက ရှိထားတဲ့ ပစ္စည်းတွေနဲ့ သမီးကလေးကို တန်ဆာဆင်ပြီးတော့ ဘဝင်ကျပြီး ဝမ်းသာ ချမ်းသာနေကြပါတယ်။

သမီးကလေးကတော့ သူ့ရဲ့ အတွင်းသန္တာန်မှာ ကိလေသာ အာသဝေါတွေက နည်းပါးနေတော့ အာရုံငါးပါး ကာမဂုဏ်တရားတွေမှာ ပျော်ပိုက်တဲ့ စိတ် မရှိပါဘူး။

ဒီတော့ သူ့အတွက်ရှိထားတဲ့ အဲဒီ ပစ္စည်းဥစ္စာတွေက သူ့ကို ချမ်းသာသုခ မပေးနိုင်ပါဘူး၊ သမီးကလေးမှာ ပစ္စည်းဥစ္စာတွေကြောင့် ချမ်းသာသုခ မရနိုင်ပါ၊ ဆင်းရဲဒုက္ခသာရနေပါတယ်။

မိမိရဲ့ အတွင်းသန္တာန်မှာ ရှိနေတဲ့ မိမိကို အမြဲတမ်း ဆင်းရဲဒုက္ခပေးနေတဲ့ ကိလေသာ အာသဝေါတွေကို ခွာလျော ပယ်ဖြတ်နိုင်မှသာလျှင် ချမ်းသာ သုခ အပြည့်အဝ ရလိမ့်မယ်လို့ သမီးကလေးက သိထား မြင်ထားပါတယ်၊ အသိအမြင်ချင်းက သိပ်ကွာနေပါတယ်။

လောကရေးကိုသာ လိုက်စားနေကြတဲ့ အပျော်အပါး မက်တဲ့ ဘဝကို မေ့နေတဲ့ သူတွေ အတွက်ကတော့ ပစ္စည်းဥစ္စာ ဂုဏ်ပကာသနတွေဟာ ချမ်းသာသုခ ပေးတယ် ဆိုတာ ဟုတ်သလိုလိုပါပဲ။

သေသေချာချာ လောက သဘာဝကိုမြင်တဲ့ အပျော်အပါး မမက်တဲ့ ဘဝကိုလဲ မမေ့တဲ့ သူတို့ရဲ့အတွက်ကတော့ ဒီပစ္စည်းဥစ္စာ ဂုဏ်ပကာသနတွေဟာ စိုးရိမ်ရတဲ့ သောက, ပြင်းစွာငိုကြွေးရတဲ့ ပရိဒေဝ, ကိုယ်ဆင်းရဲတဲ့ ဒုက္ခ, စိတ်ဆင်းရဲတဲ့ ဒေါမနဿ, ပြင်းစွာ ပင်ပန်းတဲ့ ဥပါယာသ ဆိုတဲ့ အပူမီး, အပူဒုက္ခတွေကိုသာ ပေးတယ်လို့ မြင်ပါတယ်။

အေး.... အဲဒီလို လောကသဘာဝကို မြင်တဲ့သူတွေအတွက် အာရုံငါးပါး ကာမဂုဏ်တရားတွေရဲ့ အပူဟာ ဘာနဲ့တူနေသလဲ ဆိုတော့ ဒလုံညှိုးခြောက် အခိုးပျောက်အောင် အတောက် ကုန်စဲ ရှိန်ဟုန်ကဲသည့် ရှားမီးကျီးတွင်းကြီးနဲ့ ဥပမာတူတယ်တဲ့။

ကဲ....ဒီမှာ ကြည့်ပါ၊ သမီးကလေးရဲ့ အမြင်က ပစ္စည်းဥစ္စာတွေက အပူသောကမီးတွေကို ပေးနေတယ်လို့ မြင်ပါတယ်၊ အမေအဖေတွေ ထင်မြင်တာက ချမ်းသာသုခကို ပေးနေတယ်လို့ ထင်မြင်တယ်၊ အထင်အမြင်ချင်းက သိပ်ပြီးတော့ ကွာဟနေပါတယ်။

**မိဘ အလိုကျ အိမ်ထောင်ချ**

အမြင်ချင်း သိပ်ပြီးတော့ ကွာဟသော်လဲ သမီးလိမ္မာကလေးဖြစ်နေတော့ နောက်အခါ အိမ်ထောင်ချပေးလို့ လင်ယောကျ်ားလက်ထဲရောက်မှ ကြည့်ရှင်းမယ်ပေါ့၊ ယခုတော့ သူသာ ဆင်းရဲခံမယ်၊ မိဘတွေ စိတ်မဆင်းရဲစေဘူး ဆိုပြီးတော့ နေလိုက်တယ်၊ နောက်ထပ် ရဟန်းမိန်းမပြုခွင့် မတောင်းတော့ဘူး။

မိဘတွေကလဲ သူတို့ အလို ပြည့်ဝပြီ ဆိုပြီးတော့ ဝမ်းသာအားရနှင့် နောက်ပိုင်းမှာ သူတို့သမီးကလေးကို သူတို့ အင်မတန်ချစ်ကြင်နာပါတယ် ဆိုတဲ့ သဘောနဲ့ သူတို့နဲ့ အမျိုးတူ ဂုဏ်ရည်တူ စီးပွားဥစ္စာတူတဲ့ အမျိုးကောင်းသား တယောက်နဲ့ အိမ်ထောင်ချပေးလိုက်တယ်၊ လောကရေးအနေနဲ့ ကြည့်ယင်တော့ ဝမ်းသာစရာပေါ့။

ကဲ....မေးကြည့်မယ်၊ ကြိုက်သလို ဖြေကြစမ်းပါ၊ ယခုအနေ ယောဒီ ပရိသတ်ထဲက ယောကျ်ားတယောက်, မိန်းမတယောက်ကို ထောင်ချမယ်ဆိုယင် သဘောတူမလား၊ မတူဘူးလား။

"သဘောမတူပါ ဘုရား"

အေး....အဲဒါ ပကတိထောင်ပါ၊ အဲဒီ ပကတိထောင်ကျယင် လွတ်ရက်ရှိပါသေးတယ်။ အိမ်ထောင်တဲ့၊ နာမည်ကို သေသေချာချာ စဉ်းစားကြည့်ပါ၊တချို့ လူကြီးတွေက ပြောကြတယ်၊ ဒီကောင် တယ်ပြီး ခြေမငြိမ်ဘူး၊ အိမ်ထောင် ချပေးလိုက်၊ ဒီကောင်မလေး တယ်ပြီး အခြေမလှဘူး၊ အိမ်ထောင်ချပေးလိုက်တဲ့။

အဲဒီလို ပြောပြီးတော့ အချို့လူကြီးမိဘတွေက ခြေမငြိမ်တဲ့ အခြေမလှတဲ့ သားသမီးတွေ့ တူတွေ တူမတွေကို အိမ်ထောင် ချပေးလိုက်ကြတယ်။

အိမ်ထောင်ချပေးလိုက်တော့ လွတ်ရက်ကို မရှိတော့ဘူး၊ အကျယ်ချုပ်မိနေပြီ၊ ဒီအိမ်ထောင်ထဲမှာ ရှိဒုက္ခ၊ မရှိဒုက္ခနဲ့ တပူပူ၊ တဆူဆူနဲ့ ထွက်လို့မရတော့ပါဘူး၊ ဘယ်တော့မှ ထွက်ရမလဲ သေမှ ထွက်ရမယ်၊ သေမှ အိမ်ထောင်က လွတ်မယ်။

ဒီတော့ ပကတိထောင်ကျတာနဲ့ အိမ်ထောင်ကျတာ ဘယ်ထောင်က ပိုဆိုးလဲဆိုတော့ အိမ်ထောင်က ဆိုးပါတယ်။

ယခုနေ ဘုန်းကြီးတို့ ပရိသတ်ကို အိမ်ထောင်အကျခံမလား၊ လွတ်အောင်လုပ်မလားလို့ မေးယင် လွတ်အောင်လုပ်ပါမယ်လို့ ဖြေကြလိမ့်မယ်၊ မထင်ပါဘူး။

ဟုတ်တယ်၊ ဒီလိုနဲ့ပဲ သူတို့ ဘုန်းကြီးကို အထင်ကြီးအောင် ပြောကြတာပါ၊ ဒီလိုပြောယင်းနဲ့ပဲ အလျှိုအလျှိုနဲ့ အိမ်ထောင်ထဲပဲ ရောက်ကုန်တာ၊ အိမ်ထောင်ပဲ ကျကုန်တာပဲ။

**လင့် ဝတ် ကျေ** ဟို....သဒ္ဓေးသမီးကလေးကတော့ မိဘစကားကို မလွန်ဆန်နိုင်လို့သာ အိမ်ထောင်ချခံရတာ၊ အိမ်ထောင်ထဲ ဝင်ရတာ၊ သူဟာ အိမ်ထောင်သည်ဘဝနှင့် အိမ်ထောင်ထဲမှာ ဘယ်ပျော်ပါ့မလဲ။

မပျော်ပါဘူး၊ ပကတိ ထောင်ကျမခံချင်တဲ့ သူတွေဟာလဲ မတော်တဆ ထောင်ကျတဲ့အခါ မပျော်နိုင်သလိုပေါ့။

အေး....အဲဒီအတိုင်းပဲ၊ အိမ်ထောင်မကျချင်တဲ့ သဒ္ဓေးသမီးကလေးလဲ အိမ်ထောင်သည်ဘဝမှာ မပျော်ရှာပါဘူး။

မပျော်တော့ ဘာနဲ့ တူလဲဆိုတော့ လှောင်ချိုင့်ထဲမှာ အလှောင်ခံနေရတဲ့ ငှက်နဲ့ တူပါသတဲ့၊ လှောင်ချိုင့်မိတဲ့ငှက်ငယ်ဟာ အမြဲတမ်းပဲ ထွက်ပေါက်ကိုသာ ရှာနေသလို သူလဲ ထွက်ပေါက်ပဲ ရှာနေပါတယ်။

လှောင်ချိုင့်တွင်းမှာ မိနေတဲ့ ငှက်ငယ်ဟာ ဘယ်လောက်ပဲ အစားကောင်းတွေ ကျွေးကျွေး၊ သူဟာ လှောင်ချိုင့်ထဲမှာ မပျော်ပါဘူး၊ ယခုချက်ချင်း ထွက်ပေါက်ရယင် ယခုချက်ချင်း ပျံထွက်သွားမှာပဲ။

**ထွက်ပေါက်ရှာပြီ**

အင်း.... အိမ်ထောင်ချခံရတဲ့ အိမ်ထောင်ထဲမှာ မမျှော်လင့်တဲ့ လင်ယောကျ်ားထံရောက်တော့မှ လင်ယောကျ်ားကို နှစ်သက်စေပြီး လင်ယောကျ်ားကို အခွင့်တောင်းကာ ရဟန်းမိန်းမပြုတော့မယ် ဆိုတဲ့ အမျိုးသမီးကလေးဟာ အိမ်ထောင်သည်ဘဝမှာ နေရတာ မပျော်တော့ ထွက်ပေါက် မရှာပဲနဲ့ ဘယ်မေ့နေပါ့မလဲ။

အမျိုးသမီးကလေးက ဘယ်လို ထွက်ပေါက်ရှာလဲ၊ သူ့လင်ယောကျ်ားကို အိမ်ဦးနတ်သဖွယ် ပြုစု လုပ်ကျွေးတယ်။

ကိုယ်ကျင့်သီလ ဘာမှ မချွတ်ယွင်းစေဘူး၊ အကျင့်သီလပြည့်ဝတယ်၊ ကောင်းတဲ့ သဘောလဲ ရှိတယ်၊ လင့်ဝတ္တရားတွေလဲ ကောင်းကောင်းမွန်မွန် ကျေကျေပွန်ပွန် ရှိတယ်၊ ဒီတော့ လင်ယောကျ်ားကလဲ သူ့ကို သိပ်ချစ်ရှာတယ်၊ အခွင့်အရေး ပေးတယ်ပေါ့။

"အရှင်သခင်ကို နိုင်ချင်ယင် ဝပ်စင်း" ဆိုတဲ့ စကား ရှိပါတယ်။ အမှန်က အရှင်သခင် ဆိုတာ ကိုယ့် အထက်က လူပဲ၊

ကိုယ့်ကို အုပ်ချုပ်တဲ့ လူပဲ၊ သူကသာ ကိုယ့်ကို နိုင်ရမှာ၊ ကိုယ်က သူ့ကို နိုင်ဖို့ မရှိပါဘူး။

ဒါပေမယ့်....အဲဒီ ကိုယ့်ကို နိုင်ရတဲ့ ကိုယ့်အပေါ်မှာ အုပ်ချုပ်တဲ့ အရှင်သခင်ကို ဝတ္တရား ကျေပွန်စွာနဲ့ ပြုံးပြုံးဝပ် လုပ်ကျွေး ပြုစုပါ၊ တော်တော်ကြာတော့ အဲဒီ အရှင်သခင်ဟာ ကိုယ့်ကို သဘောကျပြီး ကိုယ့်စကားနားထောင်တဲ့ ကိုယ့်အစေခံ ပမာ ဖြစ်လာပါလိမ့်မယ်။

တကယ်တော့ အရှင်သခင်ဟာ အရှင်သခင်ပါပဲ၊ ဒါပေမယ့် သူ့အလိုလိုက်တော့ ကိုယ့်အကြိုက်ပါပြီး ကိုယ်ဆွဲရာ ပါလာပါတယ်၊ ကိုယ့်အလိုကျ ဖြစ်လာပါတယ်၊ အဲဒီ သဘောကို ပြောပါတယ်။

အမျိုးသမီးကလေးဟာအဲဒီသဘောမျိုးနဲ့ပဲ လင်ယောကျ်ား ရဲ့ အလိုကျပြုစုတာလဲ ပါမှာပေါ့၊ ပကတိ ကိုယ်ကလဲ အကျင့်သီလရှိ၊ ကောင်းတဲ့သဘော ရှိတာလဲ ပါမှာပေါ့၊ အဲဒီနည်းနဲ့ပဲ အိမ်ထောင်သည်ဘဝက ထွက်ပေါက်ရှာပါတယ်။

**ကိုယ်ဝန် ရပြီ**

အိမ်ထောင်သည် ဘဝမှာ လှုလှုပပ အဆန်း တကြယ် မခြယ်လှယ် မဝတ်စားဘူး၊ ရိုးရိုးပဲ ဝတ်တယ်၊ ရိုးရိုးပဲ သွားတယ်၊ ရိုးရိုးပဲ ပြောတယ်၊ ရိုးရိုးပဲ နေတယ်။

ဘာဖြစ်လို့ သူဟာ အဲဒီလို ရိုးရိုးပဲ ဝတ်စား သွားလာ နေထိုင်သလဲဆိုတော့ သူက ရုပ်နာမ်ဓမ္မ သင်္ခါရသဘောတရားတွေရဲ့ မမြဲတဲ့ အနိစ္စအချက် ဆင်းရဲတဲ့ ဒုက္ခအချက် အစိုးမရတဲ့အနတ္တ

အချက်တွေကို အတိတ်ကံပါရမီတွေကြောင့် မြင်သင့်သလောက် မြင်ထားပါတယ်။

အဲဒါလဲ အကြောင်း တကြောင်းပေါ့၊ ပြီးတော့ ယခု ပစ္စုပ္ပန်ဘဝ ဒီမျက်မှောက်လောကမှာလဲ တရားပေစာနာကြား မှတ်သားရတဲ့အတွက် အသိဉာဏ်တိုးတက်ရင့်ကျက်မှုအကြောင်း လဲ တကြောင်းကြောင့်ပေါ့၊ အဲဒီလို ရိုးရိုးပဲဝတ်စားသွားလာ နေထိုင်နိုင်တာပေါ့။

အရှက်အကြောက် လုံရုံလောက်ပဲ သာမန်ပဲ အဝတ်အစား ကို ဝတ်စားပါတယ်၊ ဆန်းဆန်းပြားပြား ဝတ်စားတယ်လို့ သူ့မှာ မရှိပါဘူး၊ နှမြောလို့ မဝတ်မစားတာ မဟုတ်ပါဘူး၊ လှတာ မလှတာ၊ ဆန်းတာ မဆန်းတာဟာ ဝတ်စားခြင်း ကြောင့် မထူးခြားဘူးလို့ တရားသဘောနဲ့ သိထားလို့ပါ။

ဆန်းဆန်းပြားပြား လှလှပပ အဖိုးတန်တွေကို ဝတ်စားရ တော့ တာဝန်တွေ လေးပြီး အထိန်းအသိမ်း အစောင့်အရှောက် ဒုက္ခတွေ ကြီးကျယ်စွာ ရောက်ရပါတယ်။

စကားစပ်မိတော့ ဘုန်းကြီးတို့ ပရိသတ်ကို ပြဿနာတခု မေးပါမယ်၊ ကြိုက်သလိုဖြေစမ်းပါ၊ ဒုက္ခကြီးကြီးကြိုက်သလား၊ ဒုက္ခသေးသေး ကြိုက်သလား။

"ဘယ် ဒုက္ခမှ မကြိုက်ပါ ဘုရား"

အင်း.... အသံထွက် အဖြေကတော့ တယ်ကောင်းပါလား၊ ဒါဖြင့် မေးပါရစေဦး၊ ကြိုက်သလို ဖြေစမ်းပါ၊ ဝတ်ကောင်း စားလှ ကြိုက်လား မကြိုက်လား။

"ဝတ်ကောင်းစားလှ ကြိုက်ပါတယ် ဘုရား"

ဝတ်ကောင်းစားလှ ကြိုက်ယင် ဒုက္ခကြီးကြီးကို ကြိုက်တယ် ပေါ့၊ ဒီသဘော ရောက်နေပါတယ်၊ အင်း.... ဘုန်းကြီးတို့ ပရိသတ်က ဒုက္ခကြီးကြီး ဒုက္ခသေးသေးလို့ ဒုက္ခအနေနဲ့ မေး တော့ မကြိုက်ဘူးတဲ့၊ အကောင်း အဆိုးနဲ့ မေးတော့ ဘယ့်နှယ် လဲ၊ အကောင်းကြိုက်ထဲ ပါနေပါလား၊ အကောင်းကြိုက်ထဲ ပါယင် ဒုက္ခကြီးကြီးကြိုက်တဲ့အထဲ ပါတာပေါ့။

ဒါ့ကြောင့် ဝတ်ကောင်းစားလှ မကြိုက်ပါနဲ့၊ ကြိုက်ယင် ကိုယ့်ဒုက္ခ ကိုယ်ရှာပြီး ကိုယ့်ဒုက္ခ ကိုယ်ခံဖို့ပဲ ရှိပါတော့တယ်။

ဟို.... သဋ္ဌေးသမီးကလေးဟာ လင့်ဝတ္တရား ကျေပွန်စွာနဲ့ ရိုးရိုးကလေး ဝတ်စား သွားလာ နေထိုင်ယင်း ထွက်ပေါက် ရှာယင်းနဲ့ပဲ သူ့မှာ ကိုယ်ဝန် ရရှာပါတယ်၊ သူ့မှာ ကိုယ်ဝန် ရတဲ့အကြောင်းလဲ သူ့ဘာသာသူ မသိရှာပါဘူး။

**သေကုန်ကြသည်** ကိုယ်ဝန်တည်ခါစ သိဖို့ဆိုတာကလဲ မလွယ် ကူပါဘူး၊ ဘာပြုလို့လဲဆိုတော့ အစဆုံး ပဋိသန္ဓေ တည်နေတဲ့ ကလလ ရေကြည် ဆိုတာက အင်မတန် သိမ်မွေ့သေးငယ်ပါတယ်၊ ဘယ်လောက်သေးလဲဆိုတော့ ပကတိ မျက်စိနဲ့ကိုပဲ ကြည့်လို့ မမြင်နိုင်အောင် သေးငယ်ပါတယ်။

အဲဒီလောက် သေးငယ်စွာ သိမ်မွေ့စွာ အမိဝမ်းတွင်းမှာ ပဋိ သန္ဓေတည်နေရတော့ အမိက ရုတ်တရက် ဘယ်သိမလဲ၊ ဒီတော့ အမိဟာ အလွန်ပူ, အလွန်အေး, အလွန်စပ်, အလွန်ချဉ်စတဲ့ အရသာလွန်ကဲတဲ့ အစားအစာတွေ စားမိခြင်းကြောင့် ခုနက ကလလရေကြည်ဘဝနဲ့ပဲ အမိရဲ့ဝမ်းတွင်းမှာ သေခဲ့ရတဲ့ကလေး တွေဟာ မနည်းပါဘူး၊ အများကြီးပါပဲတဲ့။

ဒါကြောင့် အမိဝမ်းတွင်းမှာ ပဋိသန္ဓေတည်နေရတာဟာ အင်မတန် ကြောက်စရာကောင်းပါတယ်၊ အင်မတန်ကံကောင်း, အင်မတန် အသက်ပြင်းလို့သာ အမိဝမ်းတွင်းမှ အပြင်ရောက်ပြီး အသက်ရှင်ရတာလို့ မှတ်ပါနော်။

"မှန်ပါ ဘုရား"

ဒါ့ကြောင့် ဟို....ဓမ္မစကြာတရားတော်မှာ ဘုရားရှင်က "ဇာတိပိဒုက္ခာ=ပဋိသန္ဓေတည်နေရတာလဲ ဆင်း ရဲ ဒု က္ခ ပဲ" လို့ ဟောထားခဲ့တာပါ။

**ဒုက္ခနှစ်ခု** အဲဒီမှာ ဒုက္ခနှစ်ခုကို မြင်အောင်ကြည့်ပါ၊ အထဲက ပဋိသန္ဓေနေရတဲ့ ကလေးငယ်ရဲ့ အမိဝမ်းတွင်းမှာ အစာသစ် အစာဟောင်းကြားထဲမှာ နေရတဲ့ဒုက္ခ၊ အပုပ်နံ့ အညှီနံ့တွေ ကြားထဲ နေရတဲ့ဒုက္ခ၊မှောင်ကြီးမဲမဲထဲ နေရတဲ့ဒုက္ခ၊အိမ်သာထဲက လောက်ကောင်ကလေးလို အပုပ်အစပ်ထဲမှာ နေရတဲ့ဒုက္ခ၊ အမိက အပူ, အစပ်, အခါးတွေစားတဲ့အတွက် မခံနိုင်ထန်ပြင်း ဆင်းရဲခြင်းဒုက္ခ၊ အမိကခုန်ပေါက်ပြေးလွှားလို့ ခံရတဲ့ဒုက္ခ၊ အမိက ကုန်းကွရွေ့ရှားလို့ခံရတဲ့ဒုက္ခ စသည်ဖြင့် ဒုက္ခတွေမများဘူးလား။

"များပါတယ် ဘုရား"

အဲဒါဟာ အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေရတဲ့ကလေးငယ်ရဲ့ ပဋိသန္ဓေဒုက္ခအချို့အဝက်ပါပဲ၊ ပြောရယင် အများကြီးပဲရှိပါသေးတယ်။

ပြီးတော့ ကလေးငယ်ကို လွယ်ရတဲ့ အမေ့ဘက်ကကြည့်စမ်းပါဦး၊ ဘယ်လောက်များ ဒုက္ခကြီးလဲဆိုတာ လွယ်ရတဲ့ ဒကာမကြီးတွေ အသိဆုံးပါပဲ။

အသွားခက်, အလာခက်, အထိုင်ခက်, အထခက်, အစား အသောက်ခက်, အအိပ်အနေခက်, အဝတ်ခက်နဲ့ အခက်အခဲတွေ ဒုက္ခတွေအများကြီး ကျော်လွန်နိုင်ပါမှ ဒီကိုယ်ဝန်ဒုက္ခကြီး ငြိမ်းတယ် မဟုတ်လား။

''ဟုတ်ပါတယ် ဘုရား''

ဒုက္ခတွေနဲ့ ပတ်သက်ပြီးတော့ သံဝေဂဖြစ်မယ်ဆိုယင် ဒကာမကြီးတွေပိုင်းက ပိုပြီးတော့ သံဝေဂဖြစ်ဖို့ကောင်းပါ တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒကာမကြီးတွေက အလွယ်ခံရတဲ့ ကလေးငယ်အနေနဲ့လဲ ပဋိသန္ဓေဒုက္ခကို ခံခဲ့ရပါပြီ၊ လွယ်ရတဲ့သူ အနေနဲ့လဲ ပဋိသန္ဓေဒုက္ခကို ခံခဲ့ရပါပြီ၊ ဒါကြောင့် ဒကာမကြီး တွေက ဒကာကြီးတွေထက်ပိုပြီးတော့ သံဝေဂဖြစ်ဖို့ကောင်းပါ တယ်။

အင်း....ဒါကြောင့်များ တရားပွဲတွေမှာ ဒကာမကြီးတွေ များနေလား မသိပါဘူး။

ဒကာမကြီးတွေဘက်က မပေါ့ကြပါနဲ့၊ မိမိတို့က ဒကာကြီး တွေထက် ဒုက္ခငါးမျိုးတောင်ပိုနေတော့ ဒကာကြီးတွေထက် ငါးဆလောက်ပိုပြီးဒုက္ခကုန်အောင် ကြိုးစားအားထုတ်ရမှာပါ။

**နက္ခတ်ပွဲကြီး ခြိမ့်ခြိမ့်သည်း**

အင်း-အဲဒါတွေ သဘောပေါက်လို့လား မသိ ဘူး၊ သဌေးသမီးကလေး အိမ်ရာတည်တောင် လူတို့ဘောင်မှာ မပျော်တာ၊ ကဲ-ထားပါတော့၊ အဲဒီလိုနေရာက တနေ့တော့ သူတို့ရာဇဂြိုဟ်ပြည်မှာ တနှစ်မှ တခါကျင်းပတဲ့ နက္ခတ်ပွဲကြီးခြိမ့်ခြိမ့်သည်း ကျင်းပပါတယ်။

ဒီနက္ခတ်ပွဲကြီးဟာ သူတို့ရာဇဂြိုဟ်ပြည်အနေနဲ့တော့ ပြည်လုံးကျွတ်ပွဲကြီးပေါ့၊ အိမ်ရှိလူကုန် ပါဝင်ဆင်နွှဲတဲ့ ပွဲကြီးပေါ့၊ အိမ်တွင်းပုန်းတွေပါမကျန် အကုန်နွှဲတဲ့ ပွဲကြီးပေါ့။

ရာဇဂြိုဟ် တပြည်လုံးကိုလဲ နတ်မြို့ နတ်ပြည်ကဲ့သို့ လှပတင့်တယ် အဆန်းတကြယ် တန်ဆာဆင်ထားပါတယ်၊ ကြည့်ရှုလို့မဆုံး၊ အံ့သြရှုမကုန်ပေါ့။

လူတွေရဲ့ သဘောသဘာဝကို မြင်အောင်ကြည့်နော်၊ ပွဲလမ်းသဘင်ကျတော့ အိမ်ရှိလူကုန်ပဲ၊ အိမ်ကိုစိတ်မချရတာ ပါသေးလား။

"မပါပါ ဘုရား"

ဟော....ယခုလို ဘုရားပွဲ၊ တရားပွဲကျတော့ ဘယ်လောက်ပဲကြီးကျယ်ကြီးကျယ် အိမ်ရှိလူကုန် မဟုတ်တော့ဘူး၊ သူ အိမ်စောင့်မယ်၊ ငါ အိမ်စောင့်မယ်နဲ့ အိမ်စောင့်ချင်သူတွေ များပါတယ်။

တရားနာလာသူတွေကလဲ အဖော်ရှာရတာနဲ့၊အဖော်စောင့်ရတာနဲ့၊ အိမ်ထွက်ခက်နေပါတကá်၊ ဘာနဲ့တူလဲဆိုတော့ အစာရှာထွက်မယ့် မြွေကြီးများ တွင်းထွက်ခက်သလိုပဲတဲ့။

ဟုတ်တယ်၊ မြွေကြီးများအစာရှာထွက်တဲ့အခါ ခန္ဓာကိုယ်ကအစာအာဟာရနည်းနေလို့ ခန္ဓာကိုယ်က ကြုံလှီနေတဲ့အတွက်တွင်းထဲက ထွက်မယ်ဆိုယင် ချောင်ချောင်ပဲ ထွက်နိုင်ပါတယ်။

ဒါပေမယ့် မိမိအောင်းနေကျ မိမိတွင်းလေးကို စိတ်မချဖြစ်နေတော့ ပြူတစ်ပြူတစ်နဲ့ အထွက်ရခက်နေပါသတဲ့၊ အစာရှာရာက ပြန်လာတော့ ကိုယ် ခန္ဓာ ပြည့် တင်း မောက် ကား ပြီး

တွင်းဝင်ကြပ်တည်းနေသော်လဲ လျှောကနဲ အသာပဲ လျင်မြန်စွာ ဝင်သွားနိုင်ပါတယ်။

ယခုလဲ အပါယ်ဘေးမှလွတ်အောင်, ကျွတ်အောင် လူ့ချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာရအောင် ဆိုတဲ့သဘောနဲ့ ဘုရားပွဲကြီးမှာ တရားဟောနေတဲ့ တရားပွဲကြီးသို့ တရားနာလာကြတဲ့ ဒကာ, ဒကာမတွေဟာ အိမ်က အထွက်ခက်နေပါတယ်၊ ဟော....တရားပွဲကြီးပြီးလို့ အိမ်ဆိုတဲ့ တွင်းဟောင်းတွင်းပေါက်သို့လဲ ပြန်ရော မြန်လိုက်တာ၊ မမြန်ဘူးလား။

"မြန်ပါတယ် ဘုရား"

"အင်း-မြန်တယ်တဲ့၊ မြွေမျိုးတွေလားမှ မသိတာ၊ဘုန်းကြီးတွေကတော့ ဟောလိုက်ရတာ တပင်တပန်းပါပဲ၊ ပြီးလဲပြီးရော အိမ်ပြန်ချင်ဇောနဲ့ တရားတွေ မေ့ကုန်ရောလား မသိပါဘူး။

"မမေ့ပါ ဘုရား"

အင်း....မမေ့ယင် တော်သေးတာပေါ့၊ ဒီလိုဆိုယင် ဟောရကျိုးနပ်သေးတာပေါ့၊ တွင်းထွက်ခက် တွင်းဝင်လွယ်တဲ့ မြွေမျိုးလဲ တရားဟောရသေးတယ်၊ မေ့လဲကုန်မှဖြင့် ဟောရတာမောတာပဲပေါ့။

**နက္ခတ်ပွဲကိုဆွဲ** ကဲ.... ထားပါတော့၊ အဲဒီလို ရာဇဂြိုဟ်တပြည်လုံးကြီး အုတ်အုတ်ကျက်ကျက် ကျင်းပနေသော်လဲ ဟို.... သဌေးသမီးကလေးကတော့ ဘာမှ မသိသလို မမြင်သလို မကြားသလိုပဲ နေတယ်၊ စိတ်မဝင်စားဘူးတဲ့။

ဘာနဲ့တူသလဲဆိုတော့ ယခုကျုံပျော်မြို့မှာ ရတနာရံသီစေတီတော်နှင့် မြတ်ချမ်းသာ ဘုရားကြီး ပူဇော်ပွဲမှာ တရားပွဲကြီး

၁၅ ည တိုင်တိုင် ကျင်းပ ဟောပြောနေသော်လဲ အသံချဲ့စက်နဲ့ လှည့်လည် ဖိတ်ကြားသော်လဲ တရားဝါသနာ မပါတဲ့ သူတွေ ကတော့ ဘာမှ မသိသလို ဘာမှ မကြားသလို စိတ်မဝင်စား ကြဘူး မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

အင်း.... အဲဒီလိုပါပဲ၊ ဒါပေမယ့် ဒီဘုရားပွဲမှာ စိတ်မဝင်စား တာက သူတော်ကောင်းတရားနဲ့လွဲဖို့ ကိုယ့်အတွက် အကျိုးယုတ် ဖို့ပဲ၊ နက္ခတ်ပွဲလိုပျော်ပွဲရွှင်ပွဲမှာ စိတ်မဝင်စားတာက သူတော် ကောင်းတရားနဲ့ တွေ့ဖို့ပေါ့၊ စိတ်မဝင်စားချင်းတော့ တူတယ်၊ အကျိုးရချင်းတော့ မတူဘူးနော်။

"မှန်ပါ ဘုရား"

ကြည့်လိုက်စမ်းပါ၊ ဟို....သဋ္ဌေးသမီးကလဲ မြို့လုံးကျွတ် နက္ခတ်ပွဲကို စိတ်မဝင်စားဘူး၊ မြို့ရှိလူကုန်ကတော့ စိတ်ဝင်စား တယ်၊ ပျော်တပြုံးပြုံး မော်မဆုံးပေါ့၊ ဝတ်ကောင်းစားလှတွေနဲ့။

မြို့ကိုလဲ တန်ဆာဆင်ထားတာ နတ်မြို့ကဲ့သို့ဆိုတော့ မြို့သူ မြို့သားတွေလဲ အစွမ်းကုန် အိတ်သွန်ဖာမှောက် ဝတ်ကြဆင်ကြ တော့ နတ်သမီး,နတ်သားတွေလိုများ ဖြစ်နေမလားတော့ မသိ ပါဘူး။

အဲဒီလို အများတွေက အမြတ်တနိုးထားပြီးတော့ ပျော်ပါး ဝတ်စားတဲ့ နက္ခတ်ပွဲကြီးအတွင်းမှာ ဟို....သဋ္ဌေးသမီးကလေး ကတော့ သူ့ကိုယ်သူ ဘာမှ မလိမ်းကျံမခြယ်သဘူးတဲ့၊ မပြင် ဆင်ဘူးတဲ့၊ ပကတိ ဝတ်မြဲဆင်မြဲအတိုင်းနဲ့ပဲ နေတယ်တဲ့၊ အဲဒီလို နေနိုင်ဖို့ဆိုတာ မလွယ်ပါဘူး။

အဲဒီလို မလွယ်တာကို လွယ်အောင်နေနိုင်မှ လူတော်လူကောင်းပေါ့၊ အများလှုပ် ကိုယ်လဲလှုပ်၊ အများရှုပ် ကိုယ်လဲရှုပ်၊ အများနဲ့ လိုက်လျောရတယ်ဆိုတာဟာ ကိုယ့်မှာ ခံနိုင်ရည်သတ္တိတရားထူးမရှိသေးလို့ဆိုတာကို ဖော်ပြနေတာနဲ့ အတူတူပါပဲ။

အဲ....သဒ္ဓေးသမီးကလေးက မပြုမပြင် ပင်ကိုယ်ယဉ်နဲ့နေလေတော့' လင်ယောကျ်ားက နေနိုင်ဟန်မတူပါဘူး၊ တူနှစ်ကိုယ်ယှဉ်တွဲပြီး နွဲ့ချင်ဟန်တူတယ်၊ ဒါက လူငယ့်သဘာဝပဲ၊ ဒါ့ကြောင့် သူ့ဇနီးကို ပြောတယ်။

> "ရှင်မ....ရာဇဂြိုဟ်တမြို့လုံးက လူတွေဟာ နက္ခတ်ပွဲကိုမှီကြတယ်၊ နက္ခတ်ပွဲနွှဲကြတယ်၊ ဝတ်လို့စားလို့ ဖီးလိမ်းပြင်ဆင်လို့၊ ရှင်မကတော့ ဘယ့်နှယ်လဲ၊ မဝတ်မစား မဖီးလိမ်း မပြင်ဆင်ပါလား၊နက္ခတ်ပွဲနွှဲရအောင်၊ဝတ်ပါစားပါ၊ ဖီးလိမ်းပြင်ဆင်ပါလား...."

လို့ ပြောတယ်၊နက္ခတ်ပွဲသဘင်ကို ဆင်နွှဲဖို့ဆွဲတယ်ပေါ့၊အဲဒီလိုဆွဲတော့ အခွင့်ကောင်းကို အမြဲပဲချောင်းနေတဲ့ သဒ္ဓေးသမီးကလေးက တရားသိမြင် အလိမ္မာရှင်ကလေးဆိုတော့ ဒီနေရာမှာ ငါ့အတွက် အခွင့်ကောင်းရပြီဆိုပြီးတော့ သူ့ယောကျ်ားကို သူ့ခန္ဓာကိုယ်ရဲ့ အပြစ်တွေပြပြီးတော့ တချက်ခုတ် နှစ်ချက်ပြတ်သဘောနဲ့ တရားဟောတယ်ပေါ့။

**အပုပ်တွေပြည့်** "တရားနာ ခန္ဓာကြည့်၊ တရားရှာ ခန္ဓာကြည့်၊ တရားပျောက် ကိုယ်မှာရှာ" ဆိုတဲ့ အတိုင်းပဲ ဘုန်းကြီးတို့ ပရိသတ်ကလဲ ကိုယ့်ခန္ဓာကိုယ်ကို ကိုယ်ကြည့်ပြီးတော့ တရားနာပါ၊ ဟို....သဒ္ဓေးသမီးကလေးက သူ့ခန္ဓာကိုယ်

သူကြည့်ပြီး သူ့ခန္ဓာရဲ့သဘောသဘာဝတွေကို သူ့ရဲ့ယောကျ်ား အား ဟောပြတော့တယ်။

"အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ဟာလေ သုံးဆယ့်နှစ်မျိုးသော အပုပ်တွေနဲ့ ပြည့်နေပါတယ်၊ ကျွန်မရဲ့ ကိုယ်ခန္ဓာဟာ အပုပ်တွေပြည့်နေတဲ့ ခန္ဓာကိုယ် ယုတ်ကြီးပါ...."တဲ့။

အဲဒီလို ဟောပြတယ်၊ ကဲ.... ဘုန်းကြီးတို့ပရိသတ် တရား နာယင်း မိမိကိုယ်ကို မိမိကြည့်ပြီး တရားနာတော့၊ အပုပ်နံ့တွေ တွေ့တယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

ပူလိုက်တာ တပေါင်းဘုရားပွဲတော် ပူဇော်ပွဲကြီးတရားဟော ရ တရားနာရ အိုက်လိုက်တာ ချွေးတွေက တဒီးဒီးယိုစီးကျနေ တယ်၊ ချွေးနမ်းကြည့်ယင် အညှီနံ့၊ အပုပ်နံ့ပဲ ထွက်ပါတယ်။

ယခုအနေ ဘုန်းကြီးတို့ တရားနာပရိသတ်ရဲ့ရှေ့နားမှာ အပုပ် အစပ် အပုံတပုံလာပုံယင် အဲဒီအပုပ်အစပ်အပုံရှေ့မှာ ဆက်ထိုင် ဦးမလား၊ ထသွားမလားဆိုယင် ထသွားမှာ သေချာပါတယ်။

အေး....တပုံလာပုံတာတောင်မှ ထသွားပါယင် သုံးဆယ့် နှစ်ပုံလာပုံယင်တော့ ဘယ် ဆိုဖွယ်ရာရှိပါမလဲ၊ လှည့်တောင် ကြည့်မှာမဟုတ်ပါဘူး၊ တခါတည်း လစ်မှာပဲ။

အင်း....အပြင်ဘက်က အပုပ်အစပ်တွေတော့ ရှုံလိုက်ကြတာ၊ ကိုယ်တွင်းက အပုပ်အစပ်ကတော့ မရှုံဘူး၊ အပုပ်အစပ်မှန်းလဲ မသိသေးဘူး၊ နှစ်သက်မြတ်နိုးဖွယ်ပဲ ထင်နေကြတယ်။

မရှိသေးပါဘူး၊ ဒါဖြင့် တရားရဖို့နီးပြီလားဆိုတော့ မနီးသေးပါဘူး၊ ဘာဖြစ်လို့ မနီးသေးလဲဆိုတော့ "အသိုးအပုပ်ကို ကတိုးရုပ်ထင်နေ"လို့တဲ့။

ကဲ....ဘုန်းကြီးတို့ပရိသတ် အမှန်ပြောစမ်းပါ၊ ကိုယ့်ကိုယ်ကို အသိုးအပုပ်လို့ ထင်မြင်သလား၊ ကတိုးရုပ်ထင်သလား။

"ကတိုးရုပ်ထင်ပါတယ် ဘုရား"

အင်း....ဟုတ်မယ်၊ ဒါ့ကြောင့် သူတို့ တ ဖီး လိမ်း လိမ်း တပြင်ဆင်ဆင် တမျော်ပါးပါး တမော်ကြွားကြွား ဝတ်စားမဝဖြစ်နေကြတာနဲ့ တူပါတယ်၊ ဟို....သဒ္ဒေးသမီးကလေးက အသိုးအပုပ်လို့ ထင်ပြီးတော့....

"အရှင့်သား....ကျွန်မရဲ့ ဒီခန္ဓာကိုယ်ကြီးက သုံးဆယ့်နှစ်မျိုးသော အပုပ်တွေနဲ့ ပြည့်နေပါတယ်၊ ဒီအပုပ်ခန္ဓာကိုယ်ကြီးကို တန်ဆာဆင်ယင်ခြင်းဖြင့် ဘာအကျိုးရှိမှာလဲ"တဲ့။

အဲဒီလို ပြောပါတယ်၊ ဘုန်းကြီးတို့ပရိသတ် မိမိတို့ကိုယ်ကို ဝတ်ကောင်းစားလှတွေနဲ့ တန်ဆာဆင်ယင်ခဲ့တာ အရွယ်အလိုက် အနည်းနဲ့အများ အရှည်နဲ့အတိုသာကွာတယ်၊ တော်တော်ကြာခဲ့ပြီ ဗဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

**အကျိုးမနပ်** ဒါဖြင့် ဒီခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးကို အမွှေးနံ့သာ စသည်တွေနဲ့ အဝတ်အထည်ကောင်းတွေနဲ့ ရွှေငွေစိန်ကျောက်တွေနဲ့ တန်ဆာဆင်ယင်တော့ ကိုယ့်အလိုလိုက် ကိုယ့်အကြိုက်ပါပြီးတော့ အသိုးအပုပ်ဘဝမှ

အမွေးအကြိုင်ဘဝသို့ ရောက်ပါသလားဆိုတော့ မရောက်ပါဘူး။

ဒါဖြင့် အဲဒီ ဝတ်ကောင်းစားလှ တန်ဆာပလာတွေကြောင့် ဒီခန္ဓာကိုယ်ကြီး တန်ဖိုးတက်လာသလားဆိုတော့လဲ တန်ဖိုးတက်မလာပါဘူး။

ယခု ဘုန်းကြီးတို့ပရိသတ် တန်ဖိုးထားတာက ဝတ်ကောင်းစားလှ စိန်ရွှေငွေ တန်ဆာပလာပစ္စည်းဥစ္စာတွေ တန်ဖိုးထားတာလား၊ လူကိုတန်ဖိုးထားတာလားဆိုတော့ ပစ္စည်းဥစ္စာ စိန်ရွှေငွေရတနာတွေကို တန်ဖိုးထားနေကြတာပါ။

အင်း....တန်ဖိုးမရှိတဲ့ ပစ္စည်းကို အမှမ်းတင်ပြင်ဆင်ပြီးတော့ ရောင်းရသလို တန်ဖိုးမရှိတဲ့ ဒီ ခန္ဓာကိုယ်ယုတ်အကောင်ပုပ်ကြီးကိုလဲ ရာထူး၊ ဂုဏ်ထူး၊ ပစ္စည်းဥစ္စာ ပညာတွေနဲ့ တန်ဆာဆင်ပြီး ရောင်းနေကြရတာပါပဲ။

ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကတော့ အဲဒီလို စိန် ရွှေ ငွေ ဥစ္စာတွေနဲ့ တန်ဆာဆင်သော်လဲ အပုပ်ကောင်ဘဝက အမွှေးအကြိုင်ဘဝသို့ တက်မလာပါဘူး။

ဒီတော့ ဒီခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးကို အပင်ပန်းခံ အချိန်ကုန်ခံပြီးတော့ ပြင်ဆင်ရကျိုးနပ်လားဆိုတော့ မနပ်ပါဘူး။

**ဖန်ဆင်းထားတာမဟုတ်**

အေး....အဲဒါသဘောပေါက်အောင် ကြည့်ရှုပါ၊ ဟို....သဌေးသမီးလေးကတော့ သူ့ရဲ့ ခန္ဓာကိုယ်အကြောင်း သူသိနေတော့ သူ့ရဲ့ ယောကျ်ားကို ရှေ့ဆက်ပြီးတော့ ဘယ်လိုဟောဦးပြောဦးမလဲ ဆိုတာ ဟောကြ နာကြရအောင်ပါ။

"အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ်အကောင်ပုပ်ကြီးဟာ နတ်တွေဖန်ဆင်းလို့ ဖြစ်ပေါ်လာတဲ့ ဖန်ဆင်းခံ ခန္ဓာကိုယ်ကြီး မဟုတ်ပါ"။

"အရှင့်သား....ကျွန်မရဲ့ဟောဒီခန္ဓာကိုယ်ယုတ်အကောင်ပုပ်ကြီးဟာ ဗြဟ္မာတွေဖန်ဆင်းလို့ ဖြစ်ပေါ်လာတဲ့ ဖန်ဆင်းခံ ခန္ဓာကိုယ်ကြီး မဟုတ်ပါ"တဲ့။

ကဲ....ဒီမှာ အချို့ အယူအဆတွေနဲ့ ဆန့်ကျင်ဘက်ပဲ၊ အချို့တွေက ဘယ်လိုယူဆလဲ၊ ဒီခန္ဓာကိုယ်ကို တန်ခိုးရှင်ဖန်ဆင်းရှင်က ဖန်ဆင်းလို့ ဖြစ်ပေါ်လာရတာလို့ ယူဆကြပါတယ်။

မဟုတ်ပါဘူး၊အဲဒီလိုသာဆိုယင် ဖန်ဆင်းရှင်ကသာ ဖန်ဆင်းတယ်ဆိုယင် ဟို....ကောင်းကင်ဘုံကနေပြီး ဒီခန္ဓာကိုယ်တွေ ဒီသတ္တဝါတွေဟာ ဖုတ်ကနဲ့, ဘွားကနဲ ကျလာ, ပေါ်လာပြီး ထင်ရှားဖြစ်တာ တွေ့ရမှာပေါ့။

ယခု အဲဒီလို ကောင်းကင်က ကျလာတာ၊ ဘွားကနဲပေါ်လာတာ တယောက်မှ မတွေ့ရပါဘူး၊ ဘယ်လိုတော့ တွေ့ရလဲ ဆိုတော့ အမိဝမ်းခေါင်းထဲမှ ဝမ်းဆွဲဆရာမတွေ ဆရာဝန်တွေက ဖွားဖွားထုတ်ပေးလိုက်လို့ ဘွားကနဲ ဘွားကနဲ မွေးဖွားပေါ်ပေါက်လာတာပဲ တွေ့ရပါတယ်။

ဒါဖြင့် ဖန်ဆင်းရှင်ဆိုတာ အမေ့,အဖေနဲ့ ဆရာဝန့်,ဆရာမတွေပဲဖြစ်ပါတယ်၊ တကယ့်တန်ခိုးရှိတဲ့ ဖန်ဆင်းရှင်က ဖန်ဆင်းယင် စက်ရုံတခုတည်းကထွက်တဲ့ပစ္စည်းလို ပုံစံတူရမယ်၊ စက်ရုံထဲကပစ္စည်းတွေ ထွက်လာသလို အစုလိုက်အပြုံလိုက် တွေ့ရမယ်၊ ယခု ဒီလိုမဟုတ်ပါ၊ သတ္တဝါ တယောက်နဲ့တယောက်လဲ မတူ

ပါ၊ အစုလိုက်အပြုံလိုက်လဲ ထွက်မလာပါ၊ တယောက်ချင်းလဲ ဘွားကနဲ မပေါ်လာပါ။

ဒီတော့ ဖန်ဆင်းရှင်က သတ္တဝါတွေကို ဖန်ဆင်းတယ်ဆိုတာ မဟုတ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူး၊ ပြီးတော့ တကယ့်ဖန်ဆင်းရှင်က ဖန်ဆင်းလို့ ဖြစ်ပေါ်လာရယင် မွေးလို့,ကြိုင်လို့,လှိုင်လို့ သန့်ပြန့်ရပါမယ်။

ယခုတော့ ဖန်ဆင်းရှင်က ဖန်ဆင်းတာမဟုတ်ပဲ၊ အပုပ်အညှီတွေထူပြောတဲ့ အမိရဲ့ ဝမ်းခေါင်းထဲကပဲထွက်လာတော့ ဘယ်လိုနေလဲ၊ ပုပ်လို့,ညှီလို့,နံလို့ပဲ။

အင်း....ဘုန်းကြီးတို့ ပရိသတ်၊ ယုံတယ်....ယုံတယ် ဆိုတာ အရမ်းယုံ၊အကန်းယုံတာဟာ မကောင်းပါဘူး၊ နေရာတကာမှာ သဘာဝကျ-မကျ၊ ယုတ္တိရှိ-မရှိ စုံစမ်းဆင်ခြင်တဲ့ ဝီမံသာပညာနဲ့ စုံစမ်းဆင်ခြင် ချင့်ချိန်ပြီးမှ ယုံသင့်မှ ယုံကြည်ကြပါ။

အများအယူအဆတခုကို လက်ခံ ယုံကြည်ပြီးယင် အမှန်အကန် အယူအဆ ပြန်ဖြစ်ဖို့ အမှန်အကန်ပြန်ရောက်ဖို့ မလွယ်ကူပါဘူး။

**ရွှေ နဲ့ မပြီး**

ဒါ့ကြောင့် အယူအဆ တခုခုကို စစ်ဆေးပြီးလို့ မှန်ကန်မှ သဘာဝကျမှ ယုတ္တိရှိမှ ယုံကြည်လက်ခံပါ၊ ဆက်ပြီးတော့ သဌေးသမီးကလေးက သူ့ရဲ့ ယောကျာ်းကို ဘယ်လိုဟောပြောလဲ။

"အရှင့်သား.... ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ ရွှေဖြင့်ပြီးတဲ့ ရွှေနဲ့ပြုလုပ်ထားတဲ့ ခန္ဓာကိုယ်ကြီးမဟုတ်ပါ" တဲ့။

ပြောတယ်၊ ကဲ....မ ဟုတ် ဘူး လား၊ ဒီခန္ဓာကိုယ် ကြီး ဟာ ရွှေနဲ့မပြီးပါဘူး၊ ရွှေနဲ့ပြုလုပ်ထားတာ မဟုတ်ပါဘူး၊ ရွှေလိုလဲ တန်ဖိုးမရှိပါဘူး၊ ဒါကြောင့် တန်ဖိုးရှိတဲ့ရွှေကို တန်ဖိုးမရှိတဲ့ ကိုယ်ပေါ်မှာ အမျိုးမျိုးပုံစံလုပ်ပြီး ဆင်ပြင်ရတာပေါ့။

တကယ်လို့သာ ဒီ ခန္ဓာကိုယ်ဟာ ရွှေနဲ့သာပြီးယင် ရွှေလိုသာ တန်ဖိုးရှိယင် ဒီ ခန္ဓာကိုယ်ကို ဒီလို ရွှေတွေနဲ့ တန်ဆာဆင်စရာ မလိုပါဘူး။

ယခုတော့ ကြည့်ပါ၊ သူ့မှာ ရွှေဘယ်နှစ်ကျပ်သားရှိတယ်၊ ဘယ်နှစ်ဆယ်သားရှိတယ်၊ ဘယ်နှစ်ပိဿာရှိတယ် စ သည် ဖြင့် ရွှေနဲ့ပဲ လူကိုယ်ကို တန်ဖိုးတင်နေကြရပါတယ်။

အေး....ဒါကြောင့် ရွှေလို့ ရွှေလိုချင်လို့ ကိုယ့်ကို သူများ တွေက အထင်ကြီး အရိုအသေပြုနေတာများ ငါ ဟုတ်လှပြီလို့ အထင်ကြီး ဘဝင်မြင့် မနေကြပါနဲ့။

**ပတ္တမြား နဲ့ မပြီး**

ဟို....သဌေးသမီးကလေးက ခန္ဓာ ကိုယ် ရဲ့ သဘောတွေ ပေါက်နေတော့ သူ့ကိုယ်သူ အထင်မကြီး, ဘဝင်မမြင့်ပါဘူး၊ ဒါကြောင့် သူ့ခန္ဓာကိုယ်ရဲ့ အပြစ်ပြပြီး သူ့ယောကျ်ားအား တရားဟောပြနေတာပေါ့၊ ဘယ်လို ဆက်ဟောလဲ။

"အရှင့်သား....ကျွန်မရဲ့ ဟော ဒီ ခန္ဓာ ကိုယ် ယုတ်
အကောင်ပုပ်ကြီးဟာ ပတ္တမြား နဲ့ ပြီးတဲ့ ပတ္တမြားဖြင့်
ပြုလုပ်ထားတဲ့ ခန္ဓာကိုယ်ကြီးလဲ မဟုတ်ပါဘူး" တဲ့။

ဟောတယ်၊ ဟုတ်လဲ ဟုတ်ပါတယ်၊ ဒီခန္ဓာကိုယ်ကြီးက ပတ္တမြား နဲ့ မပြီးလို့ ပတ္တမြားလို တန်ဖိုးမရှိလို့ ပတ္တမြားတွေနဲ့ တန်ဆာဆင်နေရတာပဲ။

လူ့ရဲ့ တန်ဖိုးကို ပတ္တမြားနဲ့ပဲ မြှင့်တင်ပေးနေရပါတယ်၊ စိန်နဲ့ မြှင့်တင်ပေးနေရပါတယ်၊ စိန်နားကပ်ကြီးနဲ့၊ စိန်လက်စွပ်ကြီးနဲ့၊ ပတ္တမြားလည်ဆွဲနဲ့၊ ပတ္တမြားလက်စွပ်နဲ့ စသည်ဖြင့် ကျောက်သံပတ္တမြားပဲ တန်ဖိုးထားပြီးတော့ စကားပြောနေကြပါတယ်။

လူ တန်ဖိုးမပါပါဘူး၊ ဘာဖြစ်လို့မပါလဲဆိုတော့ လူမှာ တန်ဖိုးမရှိလို့ အဲဒီ ကျောက်သံပတ္တမြားနဲ့ မြှင့်တင်ရတာပေါ့။

လူသေတော့ လူကို ယူထားလား၊ အဲဒီလူမှာ ဝတ်ဆင်ထားတဲ့ကျောက်သံပတ္တမြားကို ချွတ်ယူထားလားဆိုတော့ ကျောက်သံပတ္တမြားပဲ ချွတ်ယူထားပါတယ်။ လူကိုတော့ လွှင့်ပစ်လိုက်ပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ တန်ဖိုးမရှိလို့၊ သုံးလို့မရလို့ပေါ့။

**စန္ဒကူးနဲ့လဲ မပြီး** အေး....အဲဒါကြောင့် မိမိကိုယ်မှာ ဝတ်ဆင်ထားတာ ရွှေ၊ ငွေ၊ စိန် ကျောက်တွေ ထိန်တောက်ဝေဆာများစွာ ရှိပါတယ်လို့ မာန်မာနတွေ ထောင်လွှားပြီးမနေပါနဲ့၊ အဲဒီ ထောင်လွှားတဲ့ မာန်မာနတွေက မိမိကိုယ်ကို အပါယ်ချမယ်၊ ရှိတဲ့ ရွှေ၊ ငွေ၊ ကျောက်သံတွေလဲ ကျန်ရစ်သူများ ရန်ဖြစ်ဖို့ထားခဲ့ရမယ်။ သဗ္ဗေသမီးကလေးကတော့ ခန္ဓာကိုယ် သဘောပေါက်လို့ သူ့ရဲ့ယောကျ်ားကို ဟောနေလိုက်တာ နားထောင်စမ်းပါဦး။

"အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ် ယုတ်အကောင်ပုပ်ကြီးဟာ အင်မတန်မှ မွှေးကြိုင်လှတဲ့ စန္ဒကူးနံ့သာနဲ့ပြီးတဲ့ ခန္ဓာကိုယ်ကြီး မဟုတ်ပါ၊ စန္ဒကူးနံ့သာနဲ့ပြုလုပ်ထားတဲ့ ခန္ဓာကိုယ်ကြီး မဟုတ်ပါ" တဲ့။

ဟောသတယ်၊ ကဲ....မဟုတ်ဘူးလား၊ မိမိတို့ ဒီခန္ဓာကိုယ်ကြီးဟာ တကယ်လို့သာ စန္ဒကူးနံ့သာတို့လို အမွှေးအကြိုင်တွေနဲ့ပြီးယင် ခန္ဓာကိုယ်မှာ အမွှေးနံ့သာတွေသာ အမြဲတမ်း ရှိနေမယ်ဆိုယင် ငွေကုန်ခံ အပင်ပန်းခံ ပြီးတော့ အပြင်အပက အမွှေးနံ့သာ တွေကို ကိုယ်မှာလိမ်းကျံပြင်ဆင်စရာ မလိုပါဘူး။

ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးကို ဖုံးလွှမ်းယင်း ပြင်ဆင် ယင်းနဲ့ ဘာပြိုင်နေလဲဆိုတော့ အမွှေးနံ့သာ ပြိုင်နေကြတယ်၊ ကျွန်မရဲ့ ရေမွှေးက ပြင်သစ်ကလာတာ၊ ဘယ်လောက်ပေးရ တယ်၊ ဒါတောင်မှ လိုချင်တိုင်းရတာ မဟုတ်ဘူး စသည်ဖြင့် အငှားတန်ဆာပေါ်မှာ ဂုဏ်ယူနေကြ, ဂုဏ်ပြိုင်နေကြတာဟာ အင်မတန်မှပဲ မသိသားဆိုးရွားပါတယ်။

အဲဒီလို မသိသားဆိုးရွားတော့ အငှားတန်ဆာတွေနဲ့ မေ့ လျော့ပြီး သူ့ကိုယ်က မွှေးတယ်၊ ငါ့ကိုယ်က မွှေးတယ်နဲ့ အထင် မှား အမြင်မှားတွေ ဖြစ်ကုန်တော့တာပေါ့။

တကယ်တော့ သူ့ကိုယ် ငါ့ကိုယ်က မွှေးတာမဟုတ်ပဲ အငှား တန်ဆာဖြစ်တဲ့ အမွှေးနံ့သာတွေက မွှေးတာပါ။

အေး....ကိုယ်နဲ့အမွှေးနံ့သာနဲ့ ကွဲပါစေနော်၊ ကိုယ်ကတော့ ပုပ်လို့ ညှီလို့ နံလို့၊ အမွှေးနံ့သာတွေကတော့ မွှေးလို့ကြိုင်လို့၊ အဲဒီအမွှေးနံ့သာဟာ ခန္ဓာကိုယ်အပုပ်ကောင်ကြီးနှင့် မရောနှော မပေါင်းစပ်မိခင်ကလေးအတွင်းသာ ဂုဏ်တက် နေနိုင်တာပါ၊ ခန္ဓာကိုယ်အကောင်ပုပ်နဲ့လဲ ရောစပ်မိရော ဘယ်လိုဖြစ်သွားလဲ ဆိုတော့ ပုပ်နံသွားပါတော့တယ်။

**ကြာတိုက်ထဲမှာလဲ မဖြစ်** အဲဒီ အပြင်အပကာ အမွှေးနံ့သာနဲ့ ခန္ဓာကိုယ်အပုပ်နဲ့ ရောသွားတဲ့အခါ ကျတော့ အနံ့ဘယ်လောက်ဆိုးလဲ၊ မသာပုပ်စော် နံလာတယ်၊ အတော်ဆိုးတယ်၊ ဘုန်းကြီးတို့ ပရိသတ် အဲဒါတွေကို သိအောင် မြင်အောင် မိမိရဲ့ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကို အမြဲမပြတ် သတိချပ်ပြီးတော့ ပြုပြင်ပါ၊ ဟို သဌေးသမီးကလေးက အဲဒါ တွေ သဘောပေါက်နေတော့....

"အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ ကြာဖြူ ကြာနီ ကြာညို ကြာပုဏ္ဍရိက် ကြာပဒုမ္မာစတဲ့ ကြာတိုက်ထဲမှာလဲ ဖြစ်တာမဟုတ် ပါ"တဲ့။

ယောကျ်ားကို ပြောပြပါတယ်၊ ဟို....ပဒုမဒေဝီဆိုတာက တော့ ဘုန်းကြီးတို့ပရိသတ် ကြားဖူးကြပါလိမ့်မယ်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ် ငါးရာရဲ့ မယ်တော်ပေါ့၊ အဲ သူကတော့ အမိဝမ်း ခေါင်းမှာအောင်းရတာ စက်ဆုပ်ရွံရှာလွန်းလို့ ပဒုမ္မာကြာတိုက် ထဲမှာအောင်းပါရစေသား, သန္ဓေတည်နေရပါစေသားလို့ ဆု တောင်းတဲ့အတွက် ဆုတောင်းပြည့်တော့ ပဒုမ္မာကြာတိုက်ထဲ မှာ ဖြစ်ပါတယ်။

ဘုန်းကြီးတို့ပရိသတ်က ပဒုမ္မာကြာတိုက်ထဲမှာ ဖြစ်တာ မဟုတ်ပါဘူး၊ အမိဝမ်းခေါင်းထဲမှာ ဖြစ်တာပါ၊ အမိဝမ်း ခေါင်းနဲ့ ပဒုမ္မာကြာတိုက် ဘယ်ဟာက မွှေးလဲ၊ ဘယ်ဟာက ပုပ်ညှီနံစော်လဲဆိုတာလဲ ဘုန်းကြီးတို့ပရိသတ် အသိပါပဲ။

ပဒုမ္မာကြာတိုက်က မွေးမယ်၊ အမိဝမ်းခေါင်းက ပုပ်ညှိနံ့စော်မယ်၊ ကြာတိုက်ထဲမှာ ဖြစ်တဲ့ခန္ဓာကိုယ်က မွေးမယ်၊ ပုပ်ညှိနံ့စော်တဲ့ အမိဝမ်းတိုက်ထဲမှာဖြစ်တဲ့ ခန္ဓာကိုယ်က နံ့ညှိပုပ်စပ်မယ်ပေါ့။

အင်း....အဲဒီလိုသာ သဘောပေါက်သိမြင်ပါယင် လူတွေဟာ တယောက်နဲ့တယောက် တွေ့ဆုံတဲ့အခါ "ငါ့ဘာမွှတ်လို့လဲ"လို့ မာန်ထောင်လွှားပါဦးမလား။

"မာန်မထောင်လွှားတော့ပါဘုရား"

မာန်မထောင်လွှားပါနဲ့၊ "ငါ့ဘာမွှတ်လို့လဲ"လို့မာန်ထောင်ယင် "ဘာမွှတ်ရမလဲ၊ အပုပ်ကောင်မွှတ်တယ်"လို့သာ ပြောလိုက်ပါ၊ ကဲ....အပုပ်ကောင်ပဲ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

အပုပ်ကောင် အနံ့ကောင် အချင်းချင်း အပေါ်ယံ စိန်ရွှေပတ္တမြား,ရာထူးဂုဏ်ထူးပါဝါများ အငှားတန်ဆာပလာများကို အကြောင်းပြုပြီးတော့ ဂုဏ်ပြိုင် မာနတွေ ထောင်နေလို့အကျိုးမရှိပါဘူး။

မာနထောင် ဂုဏ်ပြိုင်လို့ ကုသိုလ်တွေရ အလှုတိုးလာမှာလား, အကုသိုလ်တွေရ အသှုပျက်မှာလားဆိုတော့ အကုသိုလ်တွေရ အလှုပျက်မှာပါ။

အေး....ဒါ့ကြောင့် ဘုန်းကြီးတို့ပရိသတ် ကြည့်လဲလုပ်ကြပါနော်၊ ဒီအချိန်များမှာမှ မသိသေး,မမြင်သေး,မပြုပြင်သေးဘူးဆိုယင် ဘယ်အချိန်မှာမှ သိလို့မြင်လို့ ပြုပြင်ပါ့မလဲ၊ အချိန်မရှိတော့ပါဘူး။

ဒါကြောင့် မြန်မြန် ပြင်ကြပါ၊ နောက်မှ တဖြည်းဖြည်း ပြင်မယ်လို့ အချိန်ဆွဲပြီးတော့ မနေပါနဲ့၊ ယခုကစပြီးတော့ ချက်ချင်းပဲ ပြင်ကြပါ။ နောက်တောင်ကျနေပါပြီ။

**အမြိုက်သုခဘုတ်နဲ့ မပြည့်ပါ**

ပြင်ပါ၊ နောက်ကျမခံပါနဲ့၊ မပြင်ယင် ကိုယ်ပဲ ဒုက္ခရောက်မယ်၊ ကိုယ့်အပြင် ဘယ်သူမှ ဒုက္ခရောက်မှာ မဟုတ်ပါဘူး၊ ဒါ့ကြောင့် သင်္ချေးသမီးကလေးက မလွန်သေးတဲ့အချိန်မှာ သူ့ယောကျ်ား ကို ပြောတာပေါ့။

"အရှင့်သား....ဟောဒီ ကျွန်မရဲ့ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ အမြိုက်သုခဘုတ်နဲ့လဲ မပြည့်ဝ ပါ"တဲ့။

ဟုတ်လိုက်တာ၊ မှန်လိုက်တာ၊ ခန္ဓာကိုယ်ထဲမှာ မွှေးကြိုင် လှိုင်နေတဲ့ မအို-မနာ-မသေတဲ့ အမြိုက်သုခဘုတ်တွေမပြည့်ဝမှ မပြည့်ဝပဲဟာ၊ အပုပ်တွေသာ ပြည့်ဝနေတဲ့ဟာပဲ။

ဟို....သင်္ချေးသမီးကလေးပြောနေ, ဟောနေတာက သူ့ခန္ဓာ ကိုယ် သူကြည့်ပြီးပြောနေ, ဟောနေတာပါ၊ ဘုန်းကြီးတို့ ပရိသတ်ကပါ "တရားနာခန္ဓာကြည့်၊တရားရှာခန္ဓာကြည့်" ဆိုတဲ့ အတိုင်း ဟုတ်,မဟုတ် မှန်,မမှန် ကိုယ်တိုင်သိရအောင် ကိုယ့်ခန္ဓာ ကိုယ်ကြည့်နာပါနော်။

"မှန်ပါ ဘုရား"

အေး....ကြည့်နာတော့ မိမိတို့ခန္ဓာထဲမှာ အမြိုက်သုခဘုတ် တွေနဲ့မပြည့်ဝပဲ အပုပ်တွေ အညှီတွေ အိုတတ်, နာတတ်, သေ တတ်တဲ့တရားတွေနဲ့ပဲ ပြည့်နေပါတယ်။

ဒီလိုဆိုတော့ ဘုန်းကြီးတို့ပရိသတ် မိမိတို့ကိုယ်တွင်းမှာ အိုတတ်, နာတတ်, သေတတ်တဲ့ အပုပ်အညှီတွေ ကိုယ်တွင်းမှာ လှောင်ထားတာသိနေတော့ သိတဲ့ပုဂ္ဂိုလ်ဟာ မေ့လျော့ပေါ့ဆ နေလို့ မတော်ဘူးနော်။

"မှန်ပါ ဘုရား"

အင်း....အပြောကတော့ မှန်ပါဘုရားပဲ၊ သဘောကတော့ မေ့လျော့ပေါ့ဆလို့ အပြောနဲ့မရပါဘူး၊ တကယ့်သဘောနဲ့မှ ရမှာပါ။

ဒီနေရာမှာ မဃဒေဝမင်းကြီး တောထွက်ခါနီးမှာ သူ့ခန္ဓာ ကိုယ်သဘော သူကြံစည်တဲ့ အတ္တစိန္တာခန်းမှာ ဖော်ပြတဲ့လင်္ကာ တပိုဒ်ကို ဖော်ပြပါမယ်။

ပဉ္စအာရုံ၊ ဉာဏ်လူ့ဘုံ၌၊ ဖော်စုံပျော်မြူး၊ မိန်းမူး နွဲ့ယှက်၊ မက္ခာရက်အောင်၊ ရမ္မက်ညစ်ကြေး၊ ပိတ်ပိတ် မှေး၍၊ ကျေးဇူးမထင်၊ အပြစ်မြင်၏။

အပြင်မကောင်း၊ နံလှောင်းရွံ့ဖွယ်၊ မတင့်တယ် သား၊ အကယ်ပုပ်လှ၊ ရုပ်ကာယဟု၊ ဇလ္လညှီစေး၊ ပြည်သွေးရိရဲ၊ တရွှဲရွှဲနှင့်၊ အမြဲကာလ၊ စီးယိုကျလျက်၊ ဘဝကိုးဒွါ၊ ဝမ်းတွင်းပါသည့်၊ အနာကိုယ်ဆိုး၊ ပုပ်မျိုး ညစ်ကျူ၊ အပုပ်စုကို၊ တုတုပပ၊ တလလဖြင့်၊ နှေ့ညမပြတ်၊ သုဘမှတ်၍၊ လိမ်းသပ်ရောင်တင်၊ အသစ်ထင်၏။

ပြုပြင်ထောင်လွှား၊ အစဉ်မှားလျက်၊ ယောကျ်ား မိန်းမ၊ သူငါ စသား၊ ရာဂတပ်မက်၊ လွန်နှစ်သက်၍၊ မြင်လျက် မသိ၊ သိလျက် မထင်၊ အညစ်တင်၏။

လင်နှင့် မယား၊ မယားနှင့်လင်၊ ဖြစ်ကြကျင်သော်၊
ချစ်ကြင်မဝ၊ သက်တမျှတည်း။
မိန်းမတို့တမ်း၊ သူ့မှာ ကျွမ်းက၊ စိတ်ဝမ်းလင်မှာ၊
လွန်ပူ ဆာ၏။
ပမာထို့လား၊ ယောကျ်ားတို့လည်း၊ သူနှင့် ရည်း
သော်၊ အသည်းကြွေမျှ၊ မိန်းမတို့ထုံး၊ မီးနှယ်အုံး၏၊
နှလုံးဒုက္ခ၊ လွန်ကြီးစွတည့် တဲ့။

ကဲ....မဃဒေဝမင်းကြီး၊ ခန္ဓာကိုယ်အကြောင်း ကြံစည်ထား
တာ ခန္ဓာကိုယ်ကြီးရဲ့ သဘောကို ပေါ်လို့၊ ဟို....သဗ္ဗေးသမီး
ကလေး အဟောအပြောနဲ့ ဒီမဃဒေဝလင်္ကာသဘောနဲ့ တထပ်
တည်းပဲ တူလိုက်တာ။

ဟို.... သဗ္ဗေးသမီးကလေးက ဒီလောက် ဟောရပြောရရုံ
နှင့် အားရရော ကျေနပ်ရောလား ဆိုတော့ အားမရသေး
မကျေနပ်သေးပါဘူး၊ ဆက်ပြီးတော့ ဟောပြောပါသေးတယ်၊
ဘယ်လို ဟောပြောလဲ ဆိုတော့....

"အရှင့်သား၊ စင်စစ်တော့ ကျွန်မရဲ့ ဟောဒီ ခန္ဓာ
ကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ အကောင်ပုပ်ထဲမှာ
မွေးလာရတဲ့ အကောင်ပုပ် ခန္ဓာကိုယ်ကြီးပါ" တဲ့။

အဲဒီလို ဟောပြောတယ်၊ ကဲ....မဟုတ်ဘူးလား၊ သိပ်ဟုတ်
တာပေါ့၊ အမိဝမ်းခေါင်းထဲမှာ အကောင်ပုပ်တွေပဲ ရှိတယ်၊
အမွှေးအကြိုင်တွေမှ မရှိတာ။

သိပ်မှန်တာပေါ့၊ ဘုန်းကြီးတို့ ပရိသတ်လဲ စဉ်းစားကြည့်
ပေါ့၊ နံနက်ပိုင်းညနေပိုင်းမှာ မိမိတို့ အစာစားတဲ့အချိန်အခါမှာ

ဘာတွေနဲ့ စားကြတာလဲ၊ အသားတွေနဲ့ ငါးတွေနဲ့ စားကြပါတယ်။

အဲဒီ အသားတွေ ငါးတွေဟာ ဝမ်းထဲရောက်တော့ ဘယ်လိုဖြစ်နေမယ် စဉ်းစားကြည့်စမ်း၊ ပုပ်နေ ညှီနေ နံနေမှာပေါ့၊ ဘယ်မှာ မွှေးကြိုင်နေမှာလဲ။

အင်း....အဲဒီ အတူပဲ၊ မိခင်ရဲ့ ဝမ်းဗိုက်ထဲမှာလဲ မိမိတို့ နေ့စဉ်နေ့စဉ် စားတဲ့ အစာလိုပဲ မိခင်လဲ နေ့စဉ် နေ့စဉ် စားတော့ဝမ်းခေါင်းထဲမှာ ပုပ်နေ ညှီနေ နံနေတာပါ၊ အပုပ်ကောင်တွေ ကြားထဲက မွေးဖွားလာရတဲ့ ခန္ဓာကိုယ်ကြီးဆိုတော့ ပုပ်တာပေါ့။

ဘုန်းကြီးတို့ ပရိသတ် တရားနာ ခန္ဓာကြည့် နာပါ၊ ဟို....သဌေးသမီးကလေး ဟောပြောနေတာတွေဟာ အဟုတ်အမှန်တွေပါ၊ သူများ ပြော မဟုတ်၊ ကိုယ်တွေ့ ဉာဏ်မြင်တွေပါ။

အဲဒါမျိုးကို ကိုယ်တိုင် ကိုယ့်ဉာဏ်နဲ့ မြင်လို့ တွေ့လို့ ကိုယ်တွေ့ ဉာဏ်မြင်လို့ ခေါ်ပါတယ်၊ အဲဒီ ကိုယ်တွေ့ ဉာဏ်မြင် ရှိတဲ့ သဌေးသမီးကလေးက ဆက်ပြီးတော့ ဟောပြန်တယ်....

> "အရှင့်သား.... ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ်အကောင်ပုပ်ကြီးဟာ အမိအဖတို့ရဲ့ သုက်သွေးကြောင့်ဖြစ်ရပါတယ်"တဲ့။

အမှန်လဲ ဟုတ်ပါတယ်၊ ဒီခန္ဓာကိုယ်ကြီးဟာ သွေးအညစ်အကြေးမှ ဖြစ်လာတဲ့၊ အညစ်အကြေးတောထဲမှာ ဖြစ်လာတဲ့ အညစ်အကြေး ခန္ဓာကိုယ်ကြီးပါ။

**မမြင်တဲ့ ခန္ဓာကိုယ်** တကယ့် ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ်ပညာနဲ့ ကြည့်စမ်းပါ၊ ကြည့်ကြပါ၊ ဉာဏ်ပညာနဲ့ ကြည့်လေ ခန္ဓာကိုယ်ကြီးရဲ့ သဘောကို သိလေပါပဲ၊ ခန္ဓာကိုယ်ကြီးရဲ့ သဘောကို သိလေ၊ ခန္ဓာကိုယ်ကြီးကို ငြီးငွေ့ စက်ဆုပ်လေပဲပေါ့၊ အေး....ငြီးငွေ့နေတဲ့ သဒ္ဓေးသမီးကလေးက ဆက်ပြီးတော့ ဟောပြောတယ်....

"အရှင့်သား၊ ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ မမြဲတဲ့ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးပါ"တဲ့။

ဘုန်းကြီးတို့ ပရိသတ်.... ဒီ ခန္ဓာကိုယ်ကြီးရဲ့ မမြဲပုံကိုတော့ ဘုန်းကြီးတို့ ဘာမှ အထူးအထွေ ဟောနေ ပြောနေစရာတောင် မလိုပါဘူး၊ အားလုံး သိတဲ့ အတိုင်းပဲ၊ ဒီ ခန္ဓာကိုယ်ကြီးဟာ တနေ့ ရွေ၊ တနေ့ ငွေ့ပဲ၊ ယခုစာမျိုး တော်တော်နေတဖုံပဲဟာ။

ပြန်ကြည့်ပါလား၊ လာခဲ့ရတဲ့ အခြေအနေကို၊ ဒီခန္ဓာကိုယ်ကြီးကို ဟိုပဋိသန္ဓေနေစ ကလလ ရေကြည်က စခဲ့တာ ယနေ့ မိမိတို့ရဲ့ အခြေအနေ အသီးသီး ရောက်လာတာသာ ကြည့်ပါ၊ မြဲယင် ဒီ အခြေအနေ ရောက်ပါ့မလား၊ မရောက်ပါဘူး။

တော်တော်ကြာ လက်ရှိ အခြေအနေကနေပြီး သေရွာသွားရဦးမယ်၊ အဲဒီလို တရွေ့ရွေ့ရှားရှား ပြောင်းလဲ ပြေးသွားနေတာဟာ မမြဲလို့ပေါ့၊ ကြည့်ပါဦး၊ ဟို သဒ္ဓေးသမီးကလေးပြောတာကို ဉာဏ်နဲ့ မြင်အောင်၊ သဒ္ဓေးသမီးကလေးက....

"အရှင့်သား.... ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ အမြဲတမ်း လိမ်းကျံရခြင်းသဘော ရှိတဲ့ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးပါ"တဲ့။

ဟို.... အမေ မွေးတဲ့ အချိန်က စပြီးတော့ သတိထားပြီး တော့ ကြည့်စမ်းပါ၊ သိပ်မှန်တာကို တွေ့ရပါလိမ့်မယ်၊ အမေ က ကလေးငယ်ကလေးကို အညီနံ့တွေပျောက်ပျက်အောင် ဆိုပြီး တော့ အမွှေးနံ့သာတွေနဲ့ လိမ်းကျံခဲ့ရတာ တကြိမ်မဟုတ်၊ အကြိမ်ကြိမ်ပါ၊ အမျိုးသမီးတွေဆိုယင် ကြီးပြင်းလာတော့ မှိုပြီးတော့တောင် လိမ်းကျံရပါသေးတယ်။

မွေးစမှ နောက်ပိုင်းကို ကြည့်ပါ၊ နောက်ပိုင်းမှာ ဖျားလို့ နာလို့ လိမ်းကျံရ၊ လှအောင် ပ အောင် လိမ်းကျံရ၊ မွှေးအောင် ကြိုင်အောင် လိမ်းကျံရ၊ အညီနံ့ ပျောက်အောင် လိမ်းကျံရနဲ့ ရှုပ်နေတာပဲ။

အမျိုးသမီးတွေ သနပ်ခါးပေါင်ဒါလူးတဲ့အခါ ငါးတွေကို နန္ဒင်းလူးတာ သတိထားပြီးတော့ လူးပါ၊ ငါးကို ဘာပြုလို့ နန္ဒင်းလူးလဲ၊ အညီနံ့ ပျောက်အောင် လူးတယ်၊ လူ....ဘာပြုလို့ သနပ်ခါးပေါင်ဒါနံ့ သာလူးလဲ၊ အညီနံ့ ပျောက်အောင်ပါပဲ။

**ဆုပ်နယ်ရတဲ့ ခန္ဓာကိုယ်**

မိမိတို့ ခန္ဓာကိုယ်ရဲ့ သဘောကို ထင်အောင် မြင်အောင် သတိထားပြီး အသိတရားနဲ့ နာပါ၊ တရားနာနေစဉ် တခဏမျှ ဉာဏ် ထင်ပြီး သံဝေဂဖြစ်သွားယင် အကျိုးများစွာ ရှိပါတယ်။ ဉာဏ် ထင်တဲ့ သဒ္ဒေးသမီးကလေးက ပြောဟောပြန်တယ်။

"အရှင့်သား ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ အမြဲတမ်း ဆုပ်နယ်ရတဲ့ ခန္ဓာ ကိုယ်ယုတ် အကောင်ပုပ်ကြီးပါ" တဲ့။

သိပ်မှုန်တာပေါ့၊ ဒီခန္ဓာကိုယ်ကြီးဟာ အမေမွေးလာတဲ့ အချိန်ကစပြီးတော့ ခြေကလေး၊ လက်ကလေး၊ ကျောကလေး စတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်း အသီးသီးတွေကို အမေဖြစ်တဲ့ သူက ဖြည်းဖြည်းသက်သာ ဆုပ်နယ်ပေးရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အမိဝမ်းတွင်းမှာ ကွေးပြီး တော့ နေခဲ့ရတာ၊ ဒီတော့ အပြင်ရောက်တော့လဲ ကွေးကွေးလေးပဲ နေရတယ်၊ အဲဒီ ကွေးနေတာတွေကို နူနူနယ်နယ်မှာ ဆုပ်နယ် ပြီးတော့ ဖြေပေးရပါတယ်၊ မဖြေပေးယင် ကြီးလာတဲ့အခါ ကုန်းကွကွ ဖြစ်နေတတ်ပါတယ်၊ ဒါကြောင့် ဒီခန္ဓာကိုယ်ကြီး ကို ဆုပ်နယ်ရတဲ့ ခန္ဓာကိုယ်လို့ ပြောတာပါ။

ပြီးတော့ နောက်ပိုင်းမှာလဲ ညောင်းညာကိုက်ခဲလို့ အောင့် လို့ အင်းလို့ စသည်ဖြင့် များစွာသော အကြောင်းတွေကြောင့် ဆုပ်နယ်ရတဲ့ သဘောရှိပါတယ်။

**ပျက် စီး ခြင်း**
**ဖရိုဖရဲ ကွဲခြင်း**

ဟုတ်တယ်၊ ဒီခန္ဓာကိုယ်ကြီးဟာ နင်း ပေးပါအုံး၊ နှိပ်ပေးပါအုံး စသည်ဖြင့် အ နင်း၊ အ နှိပ်၊ အ ဆုပ်၊ အ နယ် ခံရတဲ့ ခန္ဓာကိုယ်ကြီးပါ၊ သူ့အတွက် ဒုက္ခရောက်လိုက်တာ လွန်ပါရောပဲ၊ အဲဒီလို ဒုက္ခရောက်တော့ အဲဒီ ဒုက္ခတွေနဲ့ပဲ ဒီခန္ဓာကိုယ်ကြီး မြဲနေသလားဆိုတော့ မမြဲပါဘူး၊ အဲဒီလို မမြဲတဲ့ အကြောင်းကိုလဲ သဒ္ဒေးသမီးက ဟောပြောပါတယ်။

"အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ ပျက်စီးခြင်း၊ ဖရိုဖရဲကွဲခြင်း သဘောရှိတဲ့ ခန္ဓာကိုယ်ယုတ်ကြီးပါ" တဲ့။

ဘုန်းကြီးတို့ပရိသတ်....မိမိတို့ ခန္ဓာကိုယ်ကို သေသေချာချာ ဉာဏ်ပညာနဲ့ ကြည့်ပြီးတော့ နာကြားပါနော်၊ ဟုတ်ပါတယ်၊ ဒီခန္ဓာကိုယ်ကြီးဟာ အမြဲတမ်း ပျက်စီးနေပါတယ်၊ ဒီခန္ဓာ ကိုယ်ကြီးဟာ စင်စစ်တော့ သုံးဆယ့်နှစ်ပါးသော ရွံဖွယ်အစုံ တွေနဲ့ စုပေါင်းတည်ဆောက်ထားတဲ့ ခန္ဓာကိုယ်ကြီးပဲ မဟုတ် လား။

"ဟုတ်ပါတယ်ဘုရား"

အဲဒီ ရွံဖွယ်အစုတွေကို တခုစီ တခုစီ ဉာဏ်ပညာနဲ့ ကြည့် စမ်းပါ၊ အဲ....မိမိတို့ ဦးခေါင်းပေါ်မှာရှိတဲ့ မိမိတို့ အမြတ်တနိုး ပြုပြင်စောင့်ရှောက်နေတဲ့ ဆံပင်ကိုကြည့်စမ်းပါ၊ အမြဲတမ်းပဲ ကျွတ်ကျ ပြတ်ကျနဲ့၊ ကျွတ်ပြတ်ကျနေပါတယ်၊ မမြဲပါဘူး။

အဲဒီအတူပါပဲ၊ အမွေးတွေကလဲ ကျွတ်ပြတ် ကျနေတာ ပါပဲ၊ ပြီးတော့ ခြေသည်းလက်သည်းတွေကကော လှီးရဖြတ် ရနဲ့ ပျက်ပျက်နေပါတယ်။

အဲဒီအတူပါပဲ၊ ကျန်တဲ့ သွား၊ အရေစတဲ့ အပုပ်စုတွေလဲ ပျက်ပျက်ကျနေပါတယ်၊ ဖရိုဖရဲဖြစ်နေပါတယ်၊ အသားတွေပဲ၊ အရိုးတွေကျိုး၊ အကြောတွေပြတ် စသည်ဖြင့် ပျက်စီးနေတာ တွေဟာ ဖရိုဖရဲကြဲနေတာတွေပါ။

နှလုံးခုန်၊ ရင်တုန်၊ အဆုတ်အနာဖြစ်၊ အဆုတ်ရေဝင်၊ အဆုတ်ရောင်၊ အဆုတ်ပွ၊ အသည်းရောင်၊ အသားဝါ၊ အူရောင်၊ အူအတက်ပေါက်၊ အူကျ စသည်ဖြင့် ရှုပ်ပွေလိမ်နေတာဟာ ပျက်နေတာ၊ ဖရိုဖရဲကြဲနေတာပေါ့။

နှပ်တို့, တံတွေးတို့, ချွေးတို့ ကျင်ကြီးတို့ ကျင်ငယ်တို့ စသည်တွေကတော့ ဆိုဖွယ်ရာမရှိ၊ အမြဲပဲ ဖရိုဖရဲ ယိုစီးပျက်ပြုန်းနေပါတယ်။

မိမိတို့ခန္ဓာကိုယ်ကြီးကို သတိထား, စိုရိယစိုက်ပြီး ဉာဏ်ပညာနဲ့ မကြည့်မရှုလို့သာ မမြင်ကြတာ၊ မမြင်ရတာပါ၊ ဖရိုဖရဲ ပျက်စီးနေတဲ့ အပျက်သဘောတွေကတော့ အမြဲမပြတ်တရစပ်ပါပဲ။

အဲဒီလို အပျက်တွေ ခန္ဓာကိုယ်ထဲမှာ တရစပ်ပျက်နေပုံ၊ ပျက်နေပါလျက်ကနဲ့ သတ္တဝါတွေက မမြင်ပုံကို မဃဒေဝလင်္ကာမှာ ဒီလို လင်္ကာသီခဲ့ပါတယ်။

"နေ့သွင်မဆိုင်း၊ ခဏ္ဍတိုင်းဖြင့်၊ နှင်ခိုင်းမွေ့ညက်၊ မရေတွက်နိုင်၊ ဖြစ်ပျက်မဆုံး၊ ဖြစ်တုံးပျက်စု၊ ဖောက်ပြန်မှုကို၊ မရှုစအား၊ ပျော်မှုများ၍၊ ထင်ရှားသို့စင်၊ သိမထင်ခဲ့" တဲ့။

သိပ်မှန်တာပေါ့၊ ယခု ဟို....သဌေးသမီးလေးလဲ ဒီခန္ဓာပဲ၊ ဘုန်းကြီးတို့ပရိသတ်လဲပဲ ဒီခန္ဓာပဲ၊ သူ့ကျတော့ ရုပ်နာမ်ဓမ္မသင်္ခါရတွေရဲ့ သဘောသဘာဝကို မြင်လိုက်တာ၊ ပြောတတ်လိုက်တာ၊ ဒီခန္ဓာကိုယ်မှာ ဘာကိုမှ မက်မောစရာ မရှိတော့ပါဘူး။

**သင်းချိုင်းမြေကို ပွားစေတယ်**

အင်း.... အဲဒါနဲ့တောင် ဒီလိုပဲ ယောင်ဝါးဝါးနဲ့ မေ့လျော့ပေါ့ဆနေနိုင်ကြသေးတာ အံ့ပါရဲ့၊ မြင်လို့သာပေါ့၊ မမြင်သာ မမြင်ယင်တော့ ဘယ်လောက်မေ့ ဘယ်လောက် ပျော်နေကြမလဲ

မသိဘူး၊ ဟို.... သင်္ဘေးသမီးကလေးကတော့ မမေ့ဘူး၊ မပျော် ဘူး၊ ဒါကြောင့် သူ့ရဲ့လင်ယောကျ်ားကို ဆက်ဟောပြန်တယ်။

"အရှင့်သား.... ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ သင်း ချိုင်း မြေ ကြီး တို့ ပွား စို့ အလောင်းကောင်တွေအထပ်ထပ်ဖြင့် မြင့်မောက်အောင် ဖို့အပ်ခဲ့ပါပြီ" တဲ့။

ဘုန်းကြီးတို့ပရိသတ် တရားနာ ခန္ဓာကြည့် နာပါနော်၊ တရားတော်ဟာ အင်မတန်မှပဲ သံဝေဂဉာဏ်ရင့်သန်စေနိုင်တဲ့ တရားတော်ဖြစ်ပါတယ်၊ ကြည့်စမ်းပါ၊ ဘုန်းကြီးတို့ပရိသတ် လာခဲ့ရတဲ့သံသရာခရီးကန္တာရကြီးဟာ မရှည်လွန်းဘူးလား။

"ရှည်လွန်းပါတယ် ဘုရား"

အေး....အဲဒီ သံသရာကြီး ရှည်လျားကြောင်း အစမထင် ကြောင်းကို ဘုရားရှင်က ဒီလိုဟောထားပါတယ်။

"ရဟန်းတော်များ အို....ချစ်သားတို့၊ ဒီခန္ဓ-အာယတန ဓာတ်တွေရဲ့ မပြတ်မကွာ ဆက်စပ်၍ ဖြစ်နေတဲ့ သံသရာခရီးကန္တာရကြီးဟာ ငါဘုရားရှင်ရဲ့ ဉာဏ်တော် ဖြင့် အစဉ်လျှောက်ပြီးတော့ နှစ်ပေါင်းရာထောင်ကြည့် ရှုသော်လဲ မသိအပ်တဲ့ အစွန်းအစရှိတယ်"

"အဝိဇ္ဇာမှောင်ပိတ်လှောင်မြှေးယှက် အပ်ကုန်သည် ဖြစ်၍ တဏှာသံယောဇဉ်ဖွဲ့ယှဉ် တုပ်နှောင်အပ်ကုန်လျက် စုန်ဆန်မနား ပြေးသွားကုန်လျက် ကျင်လည်ကြကုန်တဲ့ သတ္တဝါတွေရဲ့ ရှေးအစွန်းဟာ ငါဘုရားရဲ့ သဗ္ဗညုတ ဉာဏ်တော်အားသော်လဲ မထင်ရှားအောင် ရှည်လျားခဲ့ လေ၏"တဲ့။

အဲဒီလို ဘုရားရှင်က ဟောထားပါတယ်၊ အဲဒီ သံသရာရှည် တယ်ဆိုတာ အမှန်က ဘုန်းကြီးတို့ပရိသတ်ရဲ့ ဟောဒီ ကိုယ်ခန္ဓာ တွေ ထပ်တလဲလဲ ပုံစံအမျိုးမျိုးနဲ့ ဖြစ်ပျက်နေတာပါပဲ။

ဒီတော့ ပုံစံအမျိုးမျိုးနဲ့ ဖြစ်ပျက်နေတဲ့ ဒီခန္ဓာကိုယ်တွေဟာ ဒီသင်းချိုင်းမြေကြီးကို တိုးပွားစေတယ်ဆိုတာဟာ သိပ်မှန်ပါ တယ်။

**သင်းချိုင်းမြေ မလွတ်**

ဟုတ်ပါတယ်၊ အလောင်းတလောင်းမြှုပ်လိုက် တယ်ဆိုယင် သင်းချိုင်းမြေဟာ မို့မောက် တိုး ပွားလာပါတယ်၊ မို့မောက်တာမှ ဒီတနေရာ တည်း သင်းချိုင်းတခုတည်းသာ မို့မောက်တာ မဟုတ်ပါဘူး၊ နေရာမလပ် မို့မောက်တာပါ၊ သူများအလောင်းတွေကို အသာ ထားပါဦး၊ ကိုယ့်အလောင်းကောင်တွေ လွတ်တဲ့နေရာတောင်မှ ဒီမြေကမ္ဘာမှာ မရှိပါဘူးတဲ့။

အဲဒီလိုဆိုတော့ မိမိတို့အိမ်ဆောက်ထားတဲ့ အိမ်နေရာတွေ ဟာ မိမိတို့ရဲ့ သင်းချိုင်းမြေမှာပဲ မိမိတို့အိမ်ဆောက်ထားရပါ တယ်ဆိုတဲ့ အဓိပ္ပါယ်သဘောသက်ရောက်နေပါတယ်။

ပြီးတော့ မိမိတို့သင်းချိုင်းမြေပေါ်မှာ စိုက်ထားတဲ့ မိမိတို့ရဲ့ အလောင်းကောင်ဓာတ်မြေသြဇာဖြင့် ကြီးပွားတဲ့ သီးတဲ့ အသီး အနှံ ဆန်စပါးတွေ စားနေရတယ်ဆိုတဲ့ သဘောလဲ သက်ရောက် ပါတယ်။

ပြီးတော့ မိမိတို့အလောင်းချရာ သင်းချိုင်းမြေပေါ်မှာပဲ ပကတိရေတွင်း, အဝိစိတွင်း, ရေကန်တွေလဲ တည်ပြီးတော့ ဒီရေတွေပဲ သောက်နေရပါတယ်ဆိုတဲ့ သဘောလဲ သက်ရောက် ပါတယ်။

ဘုန်းကြီးတို့ပရိသတ်၊ဉာဏ်နဲ့နားထောင်ပြီး ဉာဏ်ပညာမျက်စိနဲ့ ကြည့်ရှုပါ၊ ဒီလောကထဲမှာ နှစ်သက်တွယ်တာစရာတွေလား၊ ငြီးငွေ့စိတ်ပျက် စရာတွေလားဆိုတော့ ငြီးငွေ့စိတ်ပျက် စရာတွေချည်းပါပဲ။

တချို့များ အင်မတန်မှပဲ အသန့်အပြန့်ကြိုက်ကြပါတယ်၊ ဘယ်လောက်ပဲ အသန့်အပြန့်ကြိုက်ကြိုက်၊ တကယ်သန့်ရှင်းအောင်ကတော့ မလုပ်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အခြေခံဖြစ်တဲ့ မြေတွေ၊ မြေဩဇာတွေက မသန့်ရှင်းတော့ မြေပေါ်မှာ ပေါက်ရောက်တဲ့ပစ္စည်းတွေကျမှ သန့်ရှင်းလို့ ဘယ်ရပါ့မလဲ၊ မရနိုင်ပါဘူး။

**သုသာန်လိုက်ပြ**

ဒီနေရာမှာ သင်းချိုင်းမြေတိုးပွားမြင့်မောက်ပုံဝတ္ထုကြောင်းတခုကို အတိုချုပ်ပြီး တော့ ပြောပြပါ့မယ်၊ဘုရားရှင် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူခိုက်ကပေါ့။

ရာဇဂြိုဟ်ပြည်ထဲမှာ သုသာန်မြေ စင်ကြယ်ရေးကို လိုလားတဲ့ ကြွယ်ဝချမ်းသာတဲ့ ပုဏ္ဏားတယောက်ရှိပါတယ်၊ သူ့အမည်က ဥပသာဠကတဲ့။

မိတ္တာဒိဋ္ဌိအယူရှိတဲ့ ပုဏ္ဏားပါပဲ၊ သားကတော့ ပညာဉာဏ်နဲ့ ပြည့်စုံပါတယ်၊ အဲဒီ ဥပသာဠကပုဏ္ဏား အိုမင်းတဲ့အခါ သားကို ခေါ်ပြီး ပြောတယ်။

"ချစ်သား....ငါသေတဲ့အခါ ငါ့အလောင်းကို တပါးသော သူယုတ်တွေမြှုပ်တဲ့သုသာန်မှာ မမြှုပ်နှံမသင်္ဂြိုဟ်ပါနဲ့၊ ဘယ်သူမှ မမြှုပ်နှံရသေးတဲ့ မသင်္ဂြိုဟ်ရသေးတဲ့ သုသာန်မှာ မြှုပ်နှံသင်္ဂြိုဟ်ပါ"တဲ့။

အဲဒီလိုပြောတော့ သားက "ဖခင်....အဲဒီနေရာကို ကျွန်တော် မသိပါကြောင်း, ဖခင်ကိုယ်တိုင်လိုက်ပြီးတော့ ပြပါမည့် အကြောင်း" ပြောပြတော့၊ ဖခင်ပုဏ္ဏားဟာ သားကို ခေါ်ပြီးတော့ ဂိဇ္ဈကုဋ်တောင်ထိပ်သို့တက်ကာ သားအား ပြောကြားပါတယ်။

"ချစ်သား....ဒီနေရာဟာ တပါးသော သူယုတ်တွေ မမြှုပ်နှံရသေး၊ မသင်္ဂြိုဟ်ရသေးတဲ့နေရာပဲ၊ ဒီနေရာမှာ ငါသေယင် ငါ့အလောင်းကိုမြှုပ်နှံ သင်္ဂြိုဟ်ပါ"တဲ့။

အဲဒီလို မှာကြားပြောပြပြီး သား အဖ နှစ် ယောက် ဟာ တောင်ပေါ်မှ ဆင်းလာကြပါတယ်၊ဘုရားရှင်က သူတို့သားအဖ နှစ်ယောက်ရဲ့သောတာပန်ဖြစ်မည့်အကြောင်းကိုသိတော်မူတော့ ကြွသွားပါတယ်။

သားအဖနှစ်ယောက်နဲ့ တွေ့ဆုံတဲ့အခါ သားကို အကြောင်း မေးတော့ သားက အကြောင်းလျှောက်ထားပါတယ်၊ ဒီတော့ ဘုရားရှင်က သင်းချိုင်းမြေနေရာကို လိုက်ပြီးတော့ ပြခိုင်းပါ တယ်၊ သားကလဲ လိုက်ပြီးတော့ပြပါတယ်၊ ဒီတော့ ဘုရားရှင်က ပြောပြတယ်။

"လုလင် ဒီနေရာမှာပဲ မြှုပ်နှံသင်္ဂြိုဟ်ခဲ့တဲ့ သူသေ ကောင်တွေရဲ့ အရေအတွက်ပမာဏဟာ ဂဏန်းမပြနိုင် လောက်အောင် များလှပါတယ်။"

"လုလင် တခြားသူတွေအလောင်းဆိုတာ မပြော ပါနဲ့၊ သင့်ဖခင်သည်သာလျှင် ဒီရာဇဂြိုဟ်ပုဏ္ဏားမျိုးမှာ ချည်းဖြစ်ပြီးတော့ ဒီတောင်ကြားထဲမှာ မြှုပ်နှံသင်္ဂြိုဟ်

ခဲ့ရတဲ့ ဘဝပေါင်း အလောင်းပေါင်း တစ်သောင်းလေး ထောင်ရှိပြီ။"

"မှန်တယ်လုလင်၊ ဒီကမ္ဘာမြေပြင်ပေါ်မှာ မမြုပ်နှံ မသင်္ဂြိုဟ်ရတဲ့ မြေနေရာ၊ သုသာန်သင်းချိုင်းမဟုတ်တဲ့ မြေနေရာ၊ဦးခေါင်းမချဖူးတဲ့ မြေနေရာကိုရဖို့ရာ မတတ် နိုင်ပါဘူး၊ မရနိုင်ပါဘူး"တဲ့။

အဲဒီလိုဟောပါတယ်၊ နောက်သစ္စဒေသနာတော်ကို ဆက် လက်ဟောတဲ့အခါ သားအဖနှစ်ယောက် သောတာပန်ဖြစ်သွား ပါတယ်။

ကဲ....ဒီနေရာမှာကြည့်ပါ၊ တခြားအမည်တွေ မပါပဲ ဥပသာ ဠကဆိုတဲ့အမည်နဲ့ ပုဏ္ဏားမျိုးမှာချည်းဖြစ်ပြီးတော့ မြှုပ်နှံ သင်္ဂြိုဟ်ခဲ့ရတာကို ဘဝပေါင်း အလောင်းပေါင်း တစ်သောင်း လေးထောင်တဲ့၊ တခြားအမည်တွေနဲ့ တခြားအမျိုးတွေမှာ ဖြစ် တာတွေ မပါသေးဘူး၊ ပြီးတော့ တိရစ္ဆာန်ဘဝအမျိုးမျိုးတွေ မပါသေးဘူး။

**စွဲလမ်းရာ ခန္ဓာ**

အဲဒါကြောင့်၊ ဒီခန္ဓာကိုယ်ယုတ် အကောင် ပုပ်ကြီးဟာ သုသာန်မြေကို တိုးပွားဖို့ အကြောင်း အလောင်းကောင် အထပ်ထပ်ဖြင့် မြင့်မောက် အောင်ဖို့အပ်တယ်ဆိုတာ မှန်ပါတယ်၊ ပြီးတော့ အမှန်တွေကို ဆက်ပြီးတော့ သဒ္ဒေးသမီးကလေးက ဟောပြန်တယ်။

"အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ် ယုတ် အကောင်ပုပ်ကြီးဟာ တဏှာနှင့် ချစ်ခင် တွယ်တာ ဥပါဒါန်နှင့် စွဲလမ်းရာ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီး ဖြစ်ပါတယ်"တဲ့။

ဟုတ်တယ်၊ ခန္ဓာရှိတဲ့ သတ္တဝါတွေဟာ မိမိကိုယ်ကို မိမိပြန်ပြီးတော့လဲ ချစ်ခင်တွယ်တာတယ်၊ စွဲလမ်းတယ်၊ သူတပါးတွေကလဲ ချစ်ခင်တွယ်တာ စွဲလမ်းရာဖြစ်တယ်။

အဲဒီလို ချစ်ခင်တွယ်တာ စွဲလမ်းရာဖြစ်သည့် အားလျော်စွာ မိမိခန္ဓာကိုယ်ကို မိမိကလဲ စွဲလမ်းတယ်၊ စွဲလမ်းရမှလဲ သဘောကျတယ်၊ မိမိရဲ့ခန္ဓာကိုယ်ကို သူများတွေကလဲ စွဲလမ်းကြတယ်၊ သူများတွေကစွဲလမ်းတာလဲ သဘောကျကြတယ်။

အေး....အဲဒါကြောင့် တနေ့တနေ့ မိမိရဲ့ ကိုယ်ခန္ဓာကို မိမိ ပြုပြင်ရတဲ့အချိန်တွေ ဘယ်လောက်ကုန်လဲ၊ အမျိုးသမီးများ အဖို့ဆိုယင် ဦးခေါင်းတလုံးတည်းနဲ့ပဲ မနည်း အချိန်ကုန်တယ်။

အဲဒီလို မိမိရဲ့ကိုယ်ကို ဦးခေါင်းမှစ ခြေဖျားရောက်အောင် အမျိုးမျိုးပြုပြင်ပြီး မှန်ထဲကြည့်ကာ သဘောကျနေကြတယ်။ သူတပါးတွေကမြင်တော့ တယ်လှပါလားဟေ့ ဆိုယင်တော့ ပြောမနေနဲ့၊ သိပ်သဘောကျပေါ့။

အင်း.... သိပ် သဘောကျတာပေါ့၊ နဂိုကတည်းက သူများ တွေသဘောကျအောင် အချိန်ကုန်ခံပြီး ပြင်ဆင်ထားရတာ၊ သူများတွေက သဘောကျတယ်ဆိုတော့ ကိုယ်က ဝမ်းသာ ရတာပေါ့။

ကဲ....ဒီလောက်တောင် အချိန်ခံကုန်အပင်ပန်းခံပြီး ဖီးလိမ်း ပြင်ဆင်ထားပါလျက်နဲ့ သူများတွေက လှလဲ မလှပဲနဲ့လို့ ပြော ယင် ခံနိုင်ပါ့မလား။

"မခံနိုင်ပါဘုရား"

မခံနိုင်ဘူးဆိုတော့ စိတ်ဆိုးတယ်ပေါ့၊ နှုတ်ခမ်းစူတယ်ပေါ့၊ မျက်စောင်းထိုးတယ်ပေါ့၊ ဒါ....ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲဆိုတော့ မိမိ စွဲလမ်းတွယ်တာတဲ့ မိ မိ ရဲ့ ခ န္ဓာ ကိုယ် ကို ထိခိုက်လို့ပေါ့။

အဲဒါ ချစ်ခင်စွဲလမ်းရာ ကိုယ်ခန္ဓာကြီး ချွတ်ယွင်းပျက်စီးသေကြေတာတောင် မဟုတ်သေးဘူး၊ လှလဲမလှပဲနဲ့လို့ ပြောခံရတာလေးနဲ့တောင် ဒီလောက်ဖြစ်ရယင် ဒီခန္ဓာကိုယ်ကြီး သေကြေပျက်စီးတော့မယ်ဆိုယင်တော့ ပိုဆိုးမယ်။

အေး....အဲဒါ စွဲလမ်းတွယ်တာမှုကြောင့် စိုးရိမ်တဲ့သောကတွေ ဘေးတွေ ရန်တွေ အန္တရာယ်တွေလာတာပေါ့၊ ဘေးရန်အန္တရာယ်ကြောက်ယင် ဘာလုပ်ရမလဲ၊ စွဲလမ်းတွယ်တာမှုကို ဖျောက်ရမယ်။

ဟို....သဌေးသမီးကလေးရဲ့ ခန္ဓာကိုယ်ကို သူ့မိဘတွေကလဲ စွဲလမ်းတယ်၊ သူ့ယောကျ်ားကလဲ စွဲလမ်းတယ်၊ သူ တို့ က ခန္ဓာကိုယ်ရဲ့ သဘာဝအမှန်မှ မသိတာ မမြင်တာ၊ ဟို.... သဌေးသမီးကလေးကတော့ သိတယ် မြင်တယ် သိသူမြင်သူနဲ့ မသိသူ မမြင်သူဟာ အမူအရာ ကွာဟလှပါတယ်။ ယခု သိသူမြင်သူက ခန္ဓာကိုယ်ရဲ့သဘာဝတွေ ပြောပြနေပါတယ်။

**သောကတို့ရဲ့ အကြောင်း**

သဘာဝကိုသိတဲ့ ပုဂ္ဂိုလ်ဟာ သဘာဝကို ပြောတတ်တာပေါ့၊ ပြောလိုက်တာလဲ စုံလို့ပဲပေါ့၊ ဒီဟာ အစပဲရှိသေးတယ်၊ ရှေ့မှာ ဒီထက်စုံအောင် ပြောဦးမှာ၊ ဆက်ပြီးတော့နားထောင်ပါဦး၊ ဟို....သဌေးသမီးကလေး သူ့ယောကျ်ားကို ဆက်ပြီးတော့ ဟောတယ်။

"အရှင့်သား ကျွန်မရဲ့ ဟောဒီ ခန္ဓာ ကိုယ် ယုတ်
အကောင်ပုပ်ကြီးဟာ စိုးရိမ်မှုသောကတို့ရဲ့ အကြောင်း
ဖြစ်ပါတယ်" တဲ့။

ကဲ....သူပြောတာ မမှန်ဘူးလား၊ ဘုန်းကြီးတို့ ပရိသတ်
နေ့စဉ်နေ့တိုင်း စိုးရိမ်သောက ဖြစ်နေရတာ ဒီခန္ဓာကိုယ်အတွက်
ကြောင့်မဲပေါ့။

ဒါဖြင့် ဒီခန္ဓာကိုယ်ရှိနေသမျှ စိုးရိမ်သောကလဲ ရှိနေမှာပဲ၊
ဒီကိုယ်ခန္ဓာကလဲ မိမိကိုယ်ခန္ဓာ သူတပါး ကိုယ်ခန္ဓာ ရယ်လို့
နှစ်မျိုးရှိနေတော့ မိမိကိုယ်ခန္ဓာအတွက်လဲ စိုး ရိမ် သော က
ရောက်ရမယ်၊ သူတပါးကိုယ်ခန္ဓာအတွက်လဲ စိုးရိမ်သောက
ရောက်ရမယ်။

ဒီတော့ မိမိ သူတပါး နှစ်ဦးသား ကိုယ်ခန္ဓာအတွက် စိုးရိမ်
သောက ရောက်ရတယ်၊ ဟို.... သငွေးသမီးကလေးကတော့
သူ့ခန္ဓာကိုယ်ကို သူလက်ညှိုးထိုးပြီး ပြောဟောနေတာပါ။

ဟို.... မဟာသတိပဋ္ဌာနသုတ္တန် ပါဠိတော်မှာ အတွင်းကိုယ်
ကာယလဲရှု, အပြင်အပကိုယ်ကာယလဲရှု လို့ဆိုတော့ သူတပါး
ကိုယ်ခန္ဓာ, မိမိကိုယ်ခန္ဓာ, မိမိသူတပါး နှစ်ဦးသားကိုယ်ခန္ဓာကို
ရှုရမယ်လို့ ဘုရားရှင်ဟောထားတာ ရှိတယ်မဟုတ်လား။

"ရှိပါတယ်ဘုရား"

အင်း....ရှုရမယ်ဆိုလို့ ရှုတော့ စိုးရိမ်မှုသောကတွေ ဘယ်
သူ့ကြောင့် ဖြစ်တာလဲ၊ မိမိခန္ဓာအတွက်ကြောင့် ဖြစ်တယ်ဆို
တာ တွေ့ရတော့ "နင်တို့အတွက်ကြောင့် ငါ့မှာ သောက
ရောက်ရတယ်" လို့ ပြောဦးမလား။

"မပြောတော့ပါဘူးရား"

အင်း...မပြောနဲ့တော့၊ နင်တို့အတွက်ကြောင့် နင့်အတွက်ကြောင့် သောက ရောက်ရတာ မဟုတ်ပါဘူး၊ ခန္ဓာအတွက်ကြောင့် သောက ရောက်ရတာပါ၊ ခန္ဓာမရှိယင် သောက မရောက်ရပါဘူး၊ ခန္ဓာရှိလို့ သောကရောက်ရတာပါ။

ဒီတော့ သောကရဲ့တရားခံ, လက်သည်လိုက်ရှာလိုက်တော့ သောကဖြစ်ခြင်းရဲ့ အကြောင်းရင်းဟာ ငါလား, နင်လား, နင်တို့လားဆိုတော့ ငါလဲမဟုတ်ပါ၊ နင်လဲမဟုတ်ပါ၊ နင်တို့လဲ မဟုတ်ပါ၊ အကြောင်းရင်းက ခန္ဓာပါပဲ၊ ခန္ဓာဟာ သောက ဖြစ်ခြင်းရဲ့ အကြောင်းရင်းပါ။

**အ ပြစ် မ မြင်လို့**

ဒီခန္ဓာအတွက် ဘာဖြစ်လို့ သောက ဖြစ်ရတာလဲဆိုတော့ ခန္ဓာရဲ့ အပြစ်ကို မမြင်လို့ပါ၊ ခန္ဓာအပေါ်မှာ ချစ်ဖွယ်ထင်ပြီး ချစ်ခင်တွယ်တာနေလို့ပါ၊ စွဲလမ်းနေလို့ သောကရောက်ရပါတယ်။

ဒီကိုယ်ခန္ဓာအပေါ်မှာ အစက ပြောခဲ့တဲ့ ၃၂ မျိုးသော အကောင်ပုပ်တွေ ပြည့်နေပုံ စသည်ကို မြင်မယ်, ထင်မယ်, သိမယ်ဆိုယင် ဘယ်ကလာပြီး ချစ်ခင်တွယ်တာမှုဖြစ်တော့ မလဲ၊ မိမိကိုယ်ခန္ဓာအပေါ်မှာ အပြစ်မြင်ယင်လဲ သူတပါး ကိုယ်ခန္ဓာအပေါ်မှာလဲ အပြစ်မြင်ပါတယ်။

အဲဒီလို မိမိ သူတပါးနှစ်ဦးသားလုံးရဲ့ ကိုယ်ခန္ဓာအပေါ်မှာ အပြစ်မြင်တော့ မိမိ သူတပါးနှစ်ဦးသား ကိုယ်ခန္ဓာအပေါ်မှာ ချစ်ခင်တွယ်တာမှု ကင်းသွားမယ်၊ ချစ်ခင်တွယ်တာမှုကင်းသွားတော့ စိုးရိမ်မှုသောက မရောက်ရတော့ဘူးပေါ့။

**အပြစ်မြင်ယင် သောကမဖြစ်**

ဒါဖြင့်....ဟို သဒ္ဒေး သမီးလေး ပြောတဲ့ အတိုင်း အရှင့်သား ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ စိုးရိမ်မှုသောကတို့ရဲ့ အကြောင်းဆိုတာလဲ မှန်တယ်ပေါ့။

ဘယ်သူတွေအတွက် မှန်လဲဆိုတော့ ခန္ဓာကိုယ်ရဲ့ အပြစ်ကို မမြင်သူတွေအတွက် ဒီခန္ဓာကိုယ်က စိုးရိမ်မှု သောက ပေးလို့ မှန်တယ်ပေါ့။

ဒီခန္ဓာကိုယ်ရဲ့ အပြစ်ဒေါသကို မြင်သူတွေ အတွက်ကတော့ ဒီခန္ဓာကိုယ်ကြီးက စိုးရိမ်မှုသောကကို မပေးနိုင်ပါဘူး။

ဒါကြောင့် ခန္ဓာကိုယ်ရဲ့အပြစ်တွေကို မြင်ယင် သောက မဖြစ်ပါဘူး၊ သောကမဖြစ်တော့ ခန္ဓာကိုယ်ဟာ သောက ဖြစ်ကြောင်း မဟုတ်တော့ဘူးပေါ့။

အေး....ဒါကြောင့် ခန္ဓာဟာ သောကဖြစ်ကြောင်းဆိုတာ ခန္ဓာရဲ့အပြစ်ကို မမြင်သူတွေအတွက်ပါ၊ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်ကို မေးကြည့်ဦးမယ်၊ ကြိုက်သလိုဖြေစမ်းပါ၊ သောက ဖြစ်ချင်လဲ့ား၊ မဖြစ်ချင်ဘူးလား။

"မဖြစ်ချင်ပါဘုရား"

အေး....ဟုတ်ပြီ၊ အဖြေကတော့ ဟန်ကျတယ်၊ သောက မဖြစ်ချင်ယင် ဘာလုပ်မလဲဆိုတော့ အဖြေကတော့ ပေါ်ပြီး သွားပါ၊ ခန္ဓာကိုယ်ရဲ့အပြစ်ကိုမြင်အောင် ကြည့်ပါ။

**ငိုကြွေးမှုတို့ရဲ့တည်နေရာ**

အင်း....ဒီခန္ဓာကိုယ်ကြီးဟာ စိုးရိမ်မှု သောကကိုသာ ပေးသလားဆိုတော့ မဟုတ်သေးပါဘူး၊ နောက်ဘာတွေ ပေးသေးသလဲဆိုတာ....ဟို

သဗ္ဗေးသမီးကလေးက သူ့ယောကျ်ားကို ဆက်ပြီးတော့ဟော ပါတယ်။

"အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ ငိုကြွေးမှု ပရိဒေဝတို့ရဲ့ တည်ရာ ဌာနကြီးလဲ ဖြစ်ပါတယ်"တဲ့။

ကဲ....မဟုတ်ဘူးလား၊ ဒီခန္ဓာကိုယ်အတွက် ငိုခဲ့ရတာဟာ နောက်နောက်ဘဝတွေ ထားလိုက်ပါဦး၊ ဒီဘဝမှာပဲ အမေမွေး တဲ့အချိန်ကစပြီး ငိုခဲ့ရတာတွေဟာ ယနေ့ယခုအချိန်အထိ တွက် ကြည့်စမ်း၊ အကြိမ် ဘယ်လောက်ရှိပြီလဲ၊ ရေတွက်နိုင်ရဲ့လား မေးယင် ဘယ်သူမှ မရေတွက်နိုင်ပါ။

ဘာဖြစ်လို့ မရေတွက်နိုင်တာလဲဆိုတော့ များလွန်းလို့ပါ၊ မှန်ပါတယ်၊ ဒီခန္ဓာကိုယ်အတွက်ငိုခဲ့ရတာ များလွန်းပါတယ်။

ဒီခန္ဓာကိုယ်ကြီးဟာ အစကဘာနဲ့စခဲ့သလဲဆိုတော့ အငိုနဲ့ စခဲ့ပါတယ်၊ အငိုနဲ့မစတဲ့ခန္ဓာလဲ ရှိပါတယ်၊ အတော်တော့ရှား ပါတယ်၊ အစက အငိုနဲ့မစသော်လဲ အလယ်ပိုင်းမှာတော့ ဒီခန္ဓာ အတွက်ငိုခဲ့ရပါတယ်၊ နောက်အဆုံးမှာလဲ ငိုခဲ့ရပါတယ်။

ဒါကြောင့် ဒီခန္ဓာကိုယ်ဟာ ဘဝအစမှာ ငိုခဲ့ရတယ်၊ ဘဝ အလယ်မှာလဲ ငိုခဲ့ရတယ်၊ ဘဝအဆုံးမှာလဲ ငိုခဲ့ရတယ်၊ ဒီတော့ ဒီခန္ဓာကိုယ်ဟာ အငိုကစခဲ့တယ်၊ အငိုဟာအလယ်၊ အငိုနဲ့ဆုံးပါ တယ်။

ကဲ....ဘုန်းကြီးတို့ ပရိသတ်ကိုမေးပါရစေ၊ ကြိုက်သလိုဖြေ စမ်းပါ၊ အမှန်အတိုင်းဖြေစမ်းပါ၊ ငိုရတာကောင်းလို့ ငိုရတာ လား၊ မကောင်းလို့ ငိုရတာလား။

"မကောင်းလို့ ငိုရတာပါဘုရား"

မကောင်းလို့ဆိုတာ ချမ်းသာသုခတွေပျောက်ပြီး ဆင်းရဲဒုက္ခရောက်လို့ ငိုရတာပေါ့၊ ဒါဖြင့် သူတဘက်သားငိုနေတာဟာ ဘယ်လိုနည်းနဲ့ငိုငို မကောင်းလို့ ဆင်းရဲဒုက္ခရောက်လို့ ငိုနေရတာပေါ့နော်။

"မှန်ပါဘုရား"

ဒါဖြင့် အဲဒီလိုမကောင်းလို့ ဆင်းရဲဒုက္ခရောက်လို့ ငိုနေတဲ့လူကို "တယ်အငိုကောင်းတဲ့လူပါလား, အငိုတယ်ကောင်းပါလား၊ အလွမ်းတယ်ကောင်းပါလား"လို့ချီးမွမ်းသင့်ပါသလား။

"မချီးမွမ်းသင့်ပါဘုရား"

အမှန်က ငိုနေတဲ့ လူဟာ ဒုက္ခရောက်လို့ ငိုနေတာဖြစ်တော့ သနား ကရုဏာ ဖြစ်ရမှာပါ၊ မချီးမွမ်းရပါဘူး၊ ခုတော့ သနားကရုဏာ မဖြစ်ပဲနဲ့ ချီးမွမ်းနေကြပါတယ်။

ဘုန်းကြီးတို့ ပရိသတ်.... တကယ်လို့များ ကိုယ့်မှာ ဆင်းရဲဒုက္ခ တခုခု ရောက်လို့ ငိုနေတဲ့အခါ လူတယောက်က အနားလာပြီးတော့ "တယ် အငိုကောင်းပါလား" လို့ ပြောယင် သဘောကျမလား။

"သဘောမကျပါ ဘုရား"

အင်း....အပြောကတော့ ချောလှိုပါပဲ၊ တကယ်တော့ ဘာတွေ လုပ်နေကြသလဲ၊ ငှားငှား ငိုနေကြတယ်၊ ဘယ်လို ငှားငိုနေကြသလဲ၊ ဒီခေတ်မှာ သာရေးမှန်း မသိ၊ နာရေးမှန်း မသိ၊ မင်္ဂလာဆောင်မှန်း မသိ၊ အသုဘမှန်း မသိ၊ နေ့ရော ညရော နံနက်စောစောရော ငိုချင်းချည်းပဲ ချနေကြပါတယ်၊ ငိုချင်း

ချသံပဲ ကြားနေရပါတယ်၊ အဲဒါကြိုက်လို့ ငှားငိုတာလား၊ မကြိုက်ပဲနဲ့ ငှားငိုနေကြတာလား။

"ကြိုက်လို့ပါ ဘုရား"

သတိထားပြီး အသိတရားနဲ့ ကြည့်ရှုပါနော်၊ အငိုကို ကြိုက်နေယင် အငိုက လွတ်နိုင်ပါ့မလား၊ မလွတ်နိုင်ပါဘူး၊ အငိုမကြိုက်မှ အငိုက လွတ်နိုင်မှာပါ။

**အငိုမကြိုက်နဲ့** အငိုကြိုက်နေယင် အငိုက မလွတ်နိုင်တော့ အငိုကို မကြိုက်ပါနဲ့၊ မိမိရဲ့ အငိုလဲ မကြိုက်နဲ့၊ သူတပါးရဲ့ အငိုလဲ မကြိုက်နဲ့၊ မိမိ အငိုကိုတော့ မကောင်းလို့ ဆင်းရဲဒုက္ခရောက်လို့ ငိုရတာမှန်း သိတော့ မကြိုက်ပါဘူး၊ မနေနိုင်လို့သာ ငိုရတာ။

သူတပါး ငိုတာကိုတော့ ဆင်းရဲဒုက္ခရောက်လို့ ငိုတာကို ငိုပုံငိုနည်း အခြင်းအရာ အဖွဲ့အနွဲ့က ကောင်းတော့ ဖုံးထားတော့ မသိတော့ပဲ အငိုကောင်းတယ် ဆိုပြီး သဘောကျတတ်ကြပါတယ်၊ သဘောကျနေကြပါတယ်။

အေး.... အဲဒီလို သဘောမကျသင့်တာတွေကို သဘောကျနေတဲ့ အတွက်ကြောင့် ငွေကုန်ခံပြီး ငှားငိုနေကြတာပေါ့။

ဘုန်းကြီးပျံတို့၊ ခမည်းတော်ပျံတို့၊ မယ်တော်ပျံတို့များ ငိုချင်းသည်ကို ငှားပြီးတော့ ငိုခိုင်းတယ်၊ အငိုကောင်းတယ် ဆိုပြီး ကိုယ်တိုင်လဲ လိုက်ပြီးမျက်ရည်ကျူးကာ ငိုယိုကြပါတယ်။

အဲဒီလို ဘုန်းကြီးပျံ စသည်မှာ ငှားပြီးတော့ ငိုခိုင်း၊ ကိုယ်ကလဲ လိုက်ပြီးတော့ မျက်ရည်ကျတယ်၊ ငိုတယ် ဆိုတာ ကုသိုလ်

ရလား၊ အကုသိုလ် ရလား ဆိုတော့ အကုသိုလ်ပဲ ရပါတယ်၊ ကုသိုလ် မရပါဘူး။

အကုသိုလ်ဆိုတာ ပယ်ရမယ့် တရားပါ၊ ပွားရမယ့် တရား မဟုတ်ပါဘူး၊ အင်း....ယခုတော့ ပယ်ရမယ့် အကုသိုလ်တရားကို မပယ်ပဲနဲ့ ပွားသောအားဖြင့် ငွေကုန်ခံပြီး ငွေနဲ့ ဝယ်ယူနေကြသလို ဖြစ်မနေဘူးလား။

"ဖြစ်နေပါတယ် ဘုရား"

ဘာဖြစ်လို့ အကုသိုလ်ကို ငွေကုန်ခံပြီး ဝယ်ယူနေတာလဲ၊ အကုသိုလ်တွေ နည်းနေသေးလို့ အကုသိုလ်တွေများအောင် ဆိုတာလို ဖြစ်နေပြီ။

**ဒုက္ခတော့ ကြောက်တယ်**

အကုသိုလ်ဆိုတာဟာ ဒုက္ခဖြစ်ကြောင်းတရားပဲ၊ ဒုက္ခတော့ကြောက်တယ်၊ ဘယ်သူ့ကိုပဲ မေးကြည့် မေးကြည့်၊ ဒုက္ခတော့ ကြောက်တယ်ပဲ ပြောကြမှာပဲ၊ အမှန်က ဒုက္ခဆိုတာဟာ အကျိုးတရားပါ၊ သူ့ကို ဘာမှကြောက်စရာ မလိုပါဘူး၊ ကြောက်ရမှာက ဒုက္ခဖြစ်ကြောင်း အကုသိုလ်တရားကို ကြောက်ရမှာပါ။

ဒုက္ခဖြစ်ကြောင်း အကုသိုလ်တရားတွေကို ပြုလုပ်ပြောဆို ကြံစည်နေပြီးမှ ဒုက္ခကိုကြောက်နေလို့တော့ ဒုက္ခက ဘယ်လွတ်ပါ့မလဲ၊ မလွတ်ပါဘူး။

တကယ်ကြောက်ရမှာက ဒုက္ခဖြစ်ကြောင်း အကုသိုလ်ကို ကြောက်ရမယ်၊ ဒုက္ခဖြစ်ကြောင်း အကုသိုလ်ကို ရှောင်ရမယ်။ ပယ်ရမယ်။

ဒုက္ခဖြစ်ကြောင်း အကုသိုလ်တရားကို ရှောင်လိုက် ပယ်လိုက်ယင် ဒုက္ခဖြစ်ဦး ဒုက္ခရောက်ဦးမလားဆိုတော့ ဒုက္ခမဖြစ်တော့ ဒုက္ခမရောက်တော့ပါဘူး။

**ရောဂါတို့ရဲ့ တည်နေရာ**

ကဲ....ဒီလောက်ဆိုယင် ဒီခန္ဓာကိုယ်ကြီးဟာ ငိုကြွေးမှုတို့ရဲ့ တည်ရာအကြောင်း သဘောပေါက်လောက်ပါပြီ၊ ဟို....သဒ္ဓေးသမီးကလေးက ဆက်ပြီးတော့ သူ့ယောကျ်ားကို ဘယ်လိုဟောလဲ။

> "အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ ရောဂါမျိုးစုံတို့ရဲ့ တည်နေရာ အိမ်ဂေဟာကြီးပါ"တဲ့။

ကဲ....ရောဂါတွေ ဘယ်မှာ ဖြစ်လဲ၊ ဘယ်မှာ တည်နေလဲ၊ ဒီခန္ဓာကိုယ်ကြီးပေါ်မှာပဲ ဖြစ်ပါတယ်၊ ဒီခန္ဓာကိုယ်ကြီးပေါ်မှာပဲ တည်နေပါတယ်။

ဒါ့ကြောင့် ဒီခန္ဓာကိုယ်ကြီးဟာ ရောဂါတွေ လက်ခံထားတယ်၊ ခန္ဓာက ရောဂါကိုလက်ခံထားတယ်၊ ခန္ဓာကိုယ်ကို ငါလို့ သူလို့ ယောကျ်ားလို့ မိန်းမလို့ စွဲလမ်းနေသူတွေက အဲဒီရောဂါကို လိုချင်လားဆိုယင် မလိုချင်ပါဘူး။

အဲဒီလို မလိုချင်တော့ ခန္ဓာအလိုက တမျိုး၊ ငါ့အလိုက တဖုံ ဖြစ်နေပါတယ်၊ ခန္ဓာ့အလိုနဲ့ ငါ့အလိုနဲ့ မတူပါဘူး။

ခန္ဓာ့အလိုက ရောဂါကိုလက်ခံမယ်၊ငါ့အလိုကတော့ ရောဂါကို မလိုချင်ဘူး၊ အဲဒီလို အလိုမတူတော့ ဆင်းရဲမလား၊ ချမ်းသာမလားဆိုယင် စဉ်းစားသာ ကြည့်ပါတော့၊ ဆင်းရဲမှာပေါ့။

ခန္ဓာကိုယ်ကို ငါလုပ်တဲ့၊ သူလုပ်တဲ့၊ ယောကျ်ား-မိန်းမ လုပ်တဲ့ ပုဂ္ဂိုလ် သတ္တဝါတွေရဲ့ အလိုက ချမ်းသာချင်တယ်၊ ခန္ဓာကိုယ်ကတော့ ရောဂါမျိုးစုံကို ပေးတယ်ဆိုတော့ ဘယ် ချမ်းသာမလဲ။

ဘုန်းကြီးတို့ပရိသတ်....သေသေချာချာ စဉ်းစားကြည့်ပါ၊ ရောဂါမျိုးစုံတွေဟာ ဘယ်ကလာသလဲဆိုတော့ ခန္ဓာကလာ ပါတယ်၊ ဒါဖြင့် ခန္ဓာရှိယင်ရောဂါရှိမယ်၊ ရောဂါရှိယင်ဆင်း ရဲမယ်၊ ခန္ဓာမရှိယင် ရောဂါမရှိတော့ဘူး၊ ရောဂါ မရှိယင် မဆင်းရဲဘူး။

ဒါဖြင့် ရောဂါကို ကြောက်ရမလား၊ ခန္ဓာကို ကြောက်ရ မလားဆိုယင် ခန္ဓာကို ကြောက်ရမှာပါ၊ ဒါပေမယ့် ဘုန်းကြီး တို့ပရိသတ်က ဒီလိုဟုတ်ရဲ့လား၊ မဟုတ်ပါဘူး။

ကြောက်ရမှာကတမျိုး၊ ကြောက်နေတာကတဖုံ ဆိုတာလို ဖြစ်နေပါတယ်၊ အကြောက်လွဲနေပါတယ်၊ ကြောက်ရမှာက ဒီ ခန္ဓာကြောက်ရမှာ၊ ရောဂါကြောက်ရမှာ မဟုတ်ပါဘူး။

ခန္ဓာရယင်ရောဂါရမယ်၊ ခန္ဓာရမှတော့ ရောဂါမကြောက် ပါနဲ့တော့၊ ခန္ဓာက ရောဂါမျိုးစုံတို့ရဲ့ တည်နေရာ ဆိုတော့ အိမ်ဂေဟာဆိုတော့ ခန္ဓာရယင် ရောဂါရမှာသေချာပါတယ်။

ဟုတ်ပါတယ်၊ ခန္ဓာပေါ်လာပြီဆိုယင် မျက်စိ၊ နား၊ နှာ စသည်တွေ ပေါ်လာပါတယ်၊ မျက်စိ၊ နား၊ နှာ စသည်တွေ ပေါ်လာယင် ရောဂါတွေလဲ ပေါ်လာပြီ၊ ဘာရောဂါတွေ ပေါ်လာလဲဆိုတော့....

"မျက်စိရောဂါ၊ နားရောဂါ၊ နှာခေါင်းရောဂါ၊ လျှာရောဂါ၊ ကိုယ်ရောဂါ၊ ဦးခေါင်းရောဂါ၊ ခံတွင်းရောဂါ၊ သွားရောဂါ၊ ချောင်းဆိုးရောဂါ၊ ကြွိုထိုးရောဂါ၊ ကိုယ်ပူရောဂါ၊ အဖျားရောဂါ၊ ဝမ်းရောဂါ၊ မူးဝေရောဂါ၊ သွေးအန်ရောဂါ၊ လေရောဂါ၊ နူနာ၊ ထွတ်မြင်းအနာ၊ ပွေးညှင်း၊ အသွေး၊ အသားခန်းခြောက်သောအနာ၊ ဝက်ရူး၊ ကြက်ရူးနာ၊ ဝဲစိုဝဲခြောက်၊ ဒူလာမြင်းသရိုက်၊ အရိယို၊ ကိုယ်ရောင်၊ အဆုတ်နာ၊ ကင်ဆာ"

စသည်ဖြင့် ရောဂါတွေစုံလို့ များလိုက်တဲ့ရောဂါတွေ အမည်တောင်မှ မဖော်နိုင်တော့ဘူး၊ တချို့ရောဂါများ အမည်တောင်မှ မသိရသေးဘူး၊ စမ်းသပ်တုန်းပဲ ရှိသေးတယ်၊ သေပြီ၊ အဲဒီလို ရောဂါမျိုးတွေ ရှိပါတယ်။

အဲဒါတွေဟာ ရောဂါတွေများတဲ့ သာဓကပေါ့၊ ရောဂါတွေဆန်းတဲ့ သာဓကပေါ့၊ ဘယ်လောက် ရောဂါများလဲဆိုတော့ နောက်က ဆေးဖော်စပ်လို့ မမှီနိုင်အောင်များတယ်၊ ကဲ....ဒီနေ့ ကြည့်စမ်း၊ ဆေးက နိုင်နေလား၊ ရောဂါတွေက နိုင်နေလား။

"ရောဂါတွေက နိုင်နေပါတယ်ဘုရား"

အဲဒီရောဂါတွေဟာ သစ်ပင်ပေါ်မှာ၊ ကောင်းကင်မှာ၊ ရေထဲမှာ ဖြစ်တာလား၊ ခန္ဓာမှာ ဖြစ်တာလား။

"ခန္ဓာမှာ ဖြစ်ပါတယ်ဘုရား"

ခန္ဓာဟာ ဘာကို မွေးလဲ၊ ရောဂါကို မွေးတယ်၊ ခန္ဓာကိုယ်ဟာ ရောဂါတို့ရဲ့နေရာ အိမ်ဂေဟာပဲ၊ ရောဂါကိုမွေးတဲ့

ခန္ဓာ, ရောဂါတို့ရဲ့ နေရာအိမ်ဂေဟာကို နှစ်သက်တယ်ဆိုယင် ရောဂါကို နှစ်သက်တာနဲ့ အတူတူပဲ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

ဟုတ်တယ်၊ ခန္ဓာနှစ်သက်ယင် ရောဂါနှစ်သက်တာနဲ့ အတူတူပါပဲ၊ ရောဂါမနှစ်သက်ယင် ခန္ဓာလဲမနှစ်သက်ရဘူး။

ဒီခန္ဓာကိုယ်ကိုလဲ တသံသရာလုံးက ငါလို့၊ ကိုယ်လို့၊ ယောကျ်ားလို့၊ မိန်းမလို့ဆိုပြီး အမျိုးမျိုးစွဲလမ်းနှစ်သက် စွဲမက်လာခဲ့တယ်၊ ယခုမှ မနှစ်သက်မစွဲမက်ပါနဲ့ဆိုလို့ ရပါ့မလား။

"မရပါဘုရား"

ဘယ်လိုမှ ရမယ်ဆိုတော့ အဲဒီခန္ဓာကိုယ်ရဲ့ သဘာဝကို သိအောင်,မြင်အောင်ရှုပွားအားထုတ်ဖို့ လိုပါတယ်၊ ခန္ဓာကိုယ်ရဲ့ သဘာဝကိုသိအောင် သိပြီးတော့ ခန္ဓာကိုရှုံမုန်း ငြီးငွေ့အောင် စွန့်နိုင် လွှတ်နိုင်အောင် ကြည့်ရှုအားထုတ်ဖို့လိုပါတယ်။

၃၂-ဖြာ ကံကြမ္မာ ဟို သဒ္ဓေးသမီးကလေးက ခန္ဓာရဲ့သဘောကိုပေါက်လို့ သူ့ခန္ဓာသူကြည့်ပြီး ခန္ဓာရဲ့သဘောဝတွေ ပြောနိုင် ဟောနိုင်တာပေါ့၊ မိမိတို့လဲ ဘာလုပ်မလဲ၊သူ့လိုပဲမြင်အောင် သိအောင် ကြည့်ရှုရမယ်ပေါ့၊ မြင်ယင်သိယင် သူ့လိုပဲ ပြောနိုင် ဟောနိုင်မှာပေါ့၊ သူက သူ့ယောကျ်ားကို ခန္ဓာရဲ့အကြောင်းကို ဆက်ပြီးတော့ ဟောပြန်တယ်....

"အရှင့်သား....ကျွန်မရဲ့ ဟော ဒီ ခန္ဓာ ကိုယ် ယုတ် အကောင်ပုပ်ကြီးဟာ ၃၂ ဖြာကံကြမ္မာတို့ရဲ့ ခန္ဓာကိုယ် ယုတ် အကောင်ပုပ်ကြီးပါ"တဲ့။

ဘုန်းကြီးတို့ ပရိသတ်....ဟို....ငယ်ငယ်ကလေးတည်းက ဒီ ၃၂ ပါးသော ကံကြမ္မာကိုကြားဖူးနေကြပါတယ်၊ ကြားဖူးပေမယ့် ဘာတွေမှန်းတော့ မသိဘူးပေါ့။ ကဲ...ဒီနေ့တော့ ၃၂ ပါးသော ကံကြမ္မာဆိုတာ ဘာတွေလဲဆိုတာ သိရပြီပေါ့၊ မှတ်ထားပါ လက်ချိုးပြီးတော့-

၁။ ဆူးရှိသော ကြိမ်ဖြင့် ရိုက်ခြင်း၊
၂။ ဆူးမရှိသော ကြိမ်ဖြင့် ရိုက်ခြင်း၊
၃။ ဆောက်ပုတ်ဖြင့် ရိုက်ခြင်း၊
၄၊ လက်ကို ဖြတ်ခြင်း၊
၅။ ခြေကို ဖြတ်ခြင်း၊
၆။ နားကို ဖြတ်ခြင်း၊
၇။ နှာခေါင်းကို ဖြတ်ခြင်း၊
၈။ နား-နှာခေါင်းကို ဖြတ်ခြင်း၊
၉။ ဦးခေါင်းခွံကိုခွာ၍ ပူလှန်းသော သံတွေခဲကို ထည့်သဖြင့် ကျိုက်ကျိုက်ဆူသော ပအုံးရည်သဖွယ်ရှိအောင် ပြုခြင်း၊
၁၀။ နားပန်းအပိုင်းအခြားရှိသော အရေးနှင့်တကွ ဆံပင်ကိုနုတ်၍ ကြမ်းတမ်းသော ကျောက်ဖြင့် ပွတ်လျက် ခရုသင်းသဖွယ် ရှိအောင်ပြုခြင်း၊
၁၁။ သံတံကျင်ဖြင့် ခံတွင်းကိုဖွင့်စေ၍ ခံတွင်းထဲ၌ မီးထွန်းခြင်း, မျက်နှာကို ဆောက်ပုတ်နှင့်ရွေ၍ ခံတွင်း၌သွေးပြည့်စေလျက် နေကိုငုံသော ရာဟုသဖွယ်ပြုခြင်း၊
၁၂။ ကိုယ်အလုံးကို ဆီပုဆိုးရစ်၍ မီး ရှို့သဖြင့် ဆီမီးတောင်သဖွယ် ပြုခြင်း၊

၁၃။ လက်၌ ဆီပုဆိုးရစ်၍ မီးညှိသဖြင့် ဆီမီးတောင်သဖွယ် ပြုခြင်း၊

၁၄။ ရေမျိုအောက်မှ စ၍ ဖမျက်တိုင်အောင် အရေခွာ ပြီးမှ ကြိုးဖြင့်ဖွဲ့၍ခင်းလျက် မိမိအရေကို နင်းစေ သဖြင့် ပြိတ်မြက်ရွက်သဖွယ် အရေခွာခြင်း၊

၁၅။ လက်မှစ၍ အရေခွာသဖြင့် ခါး၌ထားခြင်း၊ ခါးမှ စ၍အရေခွာသဖြင့် ဖမျက်၌ထားခြင်း၊

၁၆။ တတောင်နှစ်ဘက်၌ သံခြေကျင်းခတ်၍ သံနှက်ပြီး ထက်ဝန်းကျင် မီးထည့်၍ လေး ဘက် တွား လျက် ရှိစေခြင်း၊

၁၇။ နှစ်ဘက်အသွားရှိသော ငါးမျှားချိတ်ဖြင့် ခတ်၍ အရေ-အသား-အကြောတို့ကို ကွာကျစေ၍ အရိုး ကျဲကျဲသာ တည်စေခြင်း၊

၁၈။ ထက်လှစွာသော ပဲခွပ်ဖြင့် ရွေလျက် တသပြာမျှ လောက်သော သားတစ်ကျစေခြင်း၊

၁၉။ ထိုထို ကိုယ်အစိတ်၌ လှံစသော ငါးမျှားချိတ်ဖြင့် ခတ်၍ ဝက်မှင်ဘီးဖြင့် ဆားငန်ရည်စသည်ကို ပွတ်၍ အရေ, အသား, အကြောတို့ကို ကွာကျစေလျက် အရိုးသာ တည်စေခြင်း၊

၂၀။ နံပါးတဘက်စောင်း အိပ်စေလျက် နားထင်နှင့် မြေ ကို သံတံကျင်နှင့် နှက်ပြီးမှ ခြေကို ကိုင်၍လှည့်ခြင်း၊

၂၁။ အပေါ် အရေ အသားတို့ကို မစုတ် မပဲ့ စေပဲ ကျောက်သားဖြင့် အရိုးတို့ကို ထုပြီးသော် ဆံပင်ဖြင့် ရစ်၍ ခွေလျက်ထားခြင်း၊

၂၂။ လောလောပူသော ဆီဖြစ်လောင်းခြင်း၊
၂၃။ အစာငတ်သော ခွေးတို့ကို ခဲစေခြင်း၊
၂၄။ အသက်ရှင်လျက် တံကျင်၌ လျှိုခြင်း၊
၂၅။ သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ခြင်း၊
၂၆။ ပူစွာသောသံတွေကို လက်ယာလက်၌ စိုက်နှက်ခြင်း၊
၂၇။ ပူစွာသော သံတွေကို လက်ဝဲခြေ၌ စိုက်နှက်ခြင်း၊
၂၈။ ပူစွာသော သံတွေကို လက်ဝဲလက်၌ စိုက်နှက်ခြင်း၊
၂၉။ ပူစွာသော သံတွေကို လက်ယာခြေ၌ စိုက်နှက်ခြင်း၊
၃၀။ ပူစွာသော သံတွေကို ရင်ဝ၌ စိုက်နှက်ခြင်း၊
၃၁။ ဓားမတို့ဖြင့် ရွေခြင်း၊
၃၂။ ပဲခွပ်တို့ဖြင့် ရွေခြင်း။

အားဖြင့် ၃၂ ပါးသော ကံကြမ္မာ ရှိပါတယ်၊ အင်မတန်ကြောက်စရာကောင်းပါတယ်၊ အဲဒီ ၃၂ ပါးသော ကံကြမ္မာတွေ မိမိကိုယ်ပေါ် သူတပါးကိုယ်ပေါ်မှာ ဖြစ်နေတာ၊ ခံနေရတာကို မြင်ရတာ ခံရတာကို မဆိုထားနှင့် ကြားရတာကိုပင် ကြောက်စရာ ကောင်းလှပါပြီ။

မိမိတို့ဟာ သံသရာထဲမှာ များစွာ ကျင်လည် ခဲ့ ရ တော့ ဒီ ၃၂ ပါးသော ကံကြမ္မာတွေ ခံခဲ့ရတာ ဘယ်လောက် များပြီလဲ ဘယ်နှစ်ကြိမ်ရှိပြီလဲ မပြောနိုင်ပါ၊ ခံ ခဲ့ ရ တာ တော့ အမှန်ပါပဲ။

ယခုဘဝမှာ မိတ်ကောင်း ဆွေကောင်း ဆ ရာ ကောင်း သမားကောင်း၊ အ ထောက် အ ပံ့ ကြောင့် ၃၂ ပါး သော ကံကြမ္မာတို့ကို မခံရသော်လဲ နိဗ္ဗာန်မရမီ ရှေ့ဘဝပေါင်းများစွာမှာ မခံရတော့ဘူးလို့ မဆိုနိုင်ပါ။

နောက်နောက်ဘဝများစွာက ကိုယ်ဟာ ဘယ်လို ဆိုးခဲ့တော့ခဲ့သလဲဆိုတာ မသိတော့သလို ရှေ့လဲ ဘယ်လို ဆိုးဦးတော့ဦးမလဲလို့ ဘယ်သူမှမသိနိုင်ပါ၊ ပုထုဇဉ် သဘာဝ ဟာ ကြောက်စရာ ကောင်းလှပါတယ်။

ပုထုဇဉ်ဘဝဆိုတာ နိမ့်တုံမြင့်တုံပါပဲ၊ ဆိုး ချည် တ လှည့် ကောင်းချည်တခါပါပဲ၊ အဆိုးအကောင်းဟာ မမြဲပါဘူး၊ ဆိုးယင်တော့ ဒီ ၃၂ ပါးသော ကံကြမ္မာတွေခံရမှာ သေချာပါတယ်။

ဒီ ကံကြမ္မာတွေ လွတ်ချင်ယင် ဒီကံကြမ္မာတွေကို ကြောက်ယင် ယခုလို အသိဉာဏ်ရှိတဲ့ ဘဝမှာ ယခုလို သာသနာစစ် သာသနာမှန်နဲ့ တွေ့တဲ့အချိန်အခါမှာ လွတ်အောင်ကျွတ်အောင် ကြိုးစားယင် လွတ်နိုင်ကျွတ်နိုင်ပါတယ်။

သူရောကိုယ်ပါ များစွာသော သတ္တဝါတွေဟာ ကိုယ့်အသားကို ဆူးလေးစူးတာတောင်မှ မခံချင်ကြပါဘူး၊ ဒီ ၃၂ ပါးသော ကံကြမ္မာတွေ အနှိပ်အစက်ခံရမယ်ဆိုယင်တော့ ဘယ်ဆိုဖွယ်ရာ ရှိပါ့မလဲ၊ ပိုပြီးတော့ မခံနိုင်ဘူးပေါ့၊ သို့သော်လဲ ခန္ဓာရယင် တကြိမ်မခံရ တကြိမ်တော့ခံရဦးမှာပဲ။

**အတွင်းက ပုပ်တယ်**

အင်း....အဲဒီ ၃၂ ပါးသော ကံကြမ္မာတွေကို မြင်လို့ သိလို့ ဟို သဌေးသမီးကလေးက သူ့ယောကျ်ားကို ဟောနေတာပေါ့၊ ဆက်ပြီးတော့လဲ ဟောပြန်တယ်....

" အရှင့်သား.... ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ အတွင်းက ပုပ်ပါတယ်" တဲ့။

အဲဒီစကားကြားရတော့ ဘုန်းကြီးတို့ဒကာမကြီးတယောက်က သူ့သားကိုမှာတာလေးကို သွားပြီးတော့ သတိရပါတယ်။

ဒကာမကြီးက သူ့ရဲ့ တဦးတည်းသောသားကို ရဟန်းဝတ်စေချင်တယ်၊ ပညာသင်ဆဲ အိမ်ထောင်ကျသွားမှာ စိုးရိမ်တယ်။

ဒါကြောင့် သူ့သားကို "မိန်းကလေးတွေကို ကြည့်တဲ့အခါ အပြင်ဘမ်းမျှ မကြည့်နဲ့၊ အတွင်းကို မြင်အောင်ကြည့်" လို့ မှာသတဲ့။

သူ့သားကလဲ တော်ပါတယ်၊ ယခု ကောလိပ်ရောက်နေပါပြီ၊ သူ့မှာ မိန်းကလေး အပေါင်းအသင်း မရှိဘူး တဲ့၊ ဒါပေမယ့် စိတ်တော့မချရသေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အတွင်းမကြည့်ပဲနဲ့ အပြင်ကြည့်ပြီး အပုပ်မမြင်ပဲ အဟုတ်ထင်ပြီး အတွင်းမကြည့် အပြင်သာကြည့်ပြီး ပြုတ်ကုန်တာတွေဟာ လူသားထဲက လူတွေသာမက ဈာန်အဘိညာဉ်ရ ရသေ့-ရဟန်းတွေတောင် ပါတယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

အတွင်းကိုတကယ်ကြည့်ယင်တော့ ဒီခန္ဓာကိုယ်ဟာ ဘာမှ နှစ်သက်တွယ်တာ မက်မောစရာ မရှိပါဘူး၊ တကယ့် စက်ဆုပ်စရာတွေပါပဲ။

ခန္ဓာကိုယ်တွင်းက ထွက်လာတဲ့ အပုပ်တွေကိုသာ နေ့စဉ်နေ့တိုင်း မသုတ်သင် မဆေးကြောနိုင်ယင် မိမိတို့ကိုယ်ရဲ့ မတင့်တယ်တဲ့ အသုဘသဘောဟာ တကယ်ထင်ရှားပါတယ်။

သာမန်အပေါ်ယံကြော အပြင်ဘက်ကလေးကြည့်နေတော့ ဟုတ်သလိုလိုပဲ၊ သတ္တဝါတွေဟာ အဲဒီလို ခန္ဓာကိုယ်အပြင်ဘက်

ကြည့်ပြီးတော့ မိမိကိုယ်ခန္ဓာ သူတပါး ကိုယ်ခန္ဓာအပေါ်မှာ စွဲမက်ပြီး ဒုက္ခစက်လှည့်လည်နေကြတာပဲ။

တို့...သဌေးသမီးကလေးက အဲဒီအတွင်းသဘောကို မြင်လို့ သိလို့ ဒီဘဝတော့ ဒုက္ခစက်ကို အပျက်ဖျက်မယ်ဆိုတဲ့ သဘောနဲ့ သူသိသမျှ မြင်သမျှ သူ့ရဲ့ယောက်ျားကို ဟောပြောပြသနေတာ ပေါ့။

အားကျစရာ အတုယူစရာ ဘယ်လောက်ကောင်းလဲ၊ အား ကျတယ်ဆိုယင် အဲဒါမျိုး အားကျရမှာ၊ အတုယူတယ်ဆိုလဲ အဲဒါမျိုး အတုယူရမယ်၊ ခုတော့ ဘာတွေ သွားပြီးတော့ အတုယူနေလဲ မသိပါဘူး၊ ဘာတဲ့လဲ သူတို့အတုယူတာက ကုပ်ဝဲတို့၊ ဆံရှည်တို့၊ ခေါင်းလောင်းတို့၊ ဝမ်းဆက်တို့နဲ့ တူ တယ်။

အဲဒါတွေက အပြင်အပတွေပါ၊ တန်ဖိုးမရှိပါဘူး၊ အတွင်း က ပုပ်နေတော့ အပြင်က အလကားပဲ၊ ဘာမှတန်ဖိုးမရှိပါ ဘူး။

**အမြဲ ယိုစီးနေတယ်**

တကယ်တော့ ပညာရေး, စီးပွားရေး, အကျင့်စာရိတ္တရေး, ကုသိုလ်ရေးတွေ ကိုသာ အတုယူရမှာပါ၊ တို့...သဌေးသမီးကလေးမှာ အပြင် မကြည့်ပဲ အတွင်းကြည့်တော့ အသိတွေဝင်ပြီး သူ့ယောကျ်ား ကို ဆက်ဟောပြန်တယ်....

"အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ် ယုတ် အကောင်ပုပ်ကြီးဟာ အမြဲတမ်း မစင်မကြယ် ရွံဖွယ် တွေ ယိုစီးနေတဲ့ ခန္ဓာကိုယ်ယုယ် အကောင်ပုပ်ကြီး ပါ" တဲ့။

ဘုန်းကြီးတို့ ပရိသတ် တရားနာ ခန္ဓာကြည့်ဆိုထဲ့အတိုင်း မိမိ ခန္ဓာမိမိကြည့်ပြီးတော့နာပေါ၊ ဟိုသဌေးသမီးကလေးကလဲ သူ့ ခန္ဓာသူကြည့်ပြီး ဟောပြောနေပါတယ်။

ခန္ဓာကိုယ်တွင်းက အပုပ်တွေ့အတွင်းပုပ်တွေ ပြောပြီးတော့ ဘယ်လိုဆက်ပြောလဲ၊ ဟောလဲ၊ အရှင့်သား အဲဒီအတွင်းပုပ်တွေ ဟာ အတွင်းမှာပဲ ငြိမ်ငြိမ်နေတာမဟုတ်ပဲ အမြဲတမ်းအပြင်ဘက် သို့ ယိုထွက်နေပါတယ်။

အဲဒါတွေဟာ သူတွေဖြစ်သလို မိမိကိုယ်မိမိ ရှုကြည့်ယင်လဲ မိမိရဲ့ ကိုယ်တွေ့ဖြစ်ပါလိမ့်မယ်။

ကိုယ်တွေ့တော့ ဖြစ်တယ်၊ သူ့လို ဉာဏ်မြင် မဖြစ်သေးဘူး၊ သူကတော့ သူ့အနေနဲ့ ကိုယ်တွေ့ဉာဏ်မြင်ဖြစ်လို့ သူ့ကိုယ်သူ ကြည့်ပြီး တကယ့်သံဝေဂဉာဏ်နဲ့ ပြောနေတာပဲ။

တရားနာနေကြတဲ့ ဘုန်းကြီးတို့ပရိသတ်ကလဲ မိမိတို့ကိုယ်မှာ တကယ်ရှိနေတဲ့ ထင်ရှားရှိနေတဲ့ အဲဒီအပုပ်တွေ ယိုစီးနေမှုကို တကယ့်ကိုယ်တွေ့ဉာဏ်မြင်ဖြစ်အောင် သတိထားပြီး အသိတရား နဲ့ရှုပွားယင် ကိုယ်တွေ့ဉာဏ်မြင် ဖြစ်နိုင်တာပေါ့။

ဘုန်းကြီးတို့ပရိသတ်မှာ ဘာပဲလိုတော့လဲဆိုတော့ မိမိတို့ နာကြားပြီးသိထားတဲ့ အသိတရားကို ယူထားပြီး ခန္ဓာကိုယ် တွင်းဉာဏ်သွင်းကာ ရှုပွားအားထုတ်အလုပ်လုပ်ဖို့ပဲ လိုပါတော့ တယ်၊ တခြားဘာမှ မလိုတော့ပါဘူး။

အဲဒီလို အသိတရားနောက်က အလုပ်တရားမပါယင် မိမိတို့ ရဲ့နာကြားသိမှုဟာ အကျိုးမပြီး အချည်းနှီးပဲပေါ့၊ အဲဒါ ကြောင့် အချည်းနှီးမဖြစ်အောင် အလုပ်လဲ လုပ်ကြပါ။

အလုပ်လုပ်တယ်ဆိုတော့လဲ တခြားခက်ခက်ခဲခဲလားဆိုတော့ မဟုတ်ပါဘူး၊ ခန္ဓာကပြနေတဲ့ ခန္ဓာရဲ့အရှိကို ဉာဏ်သတိနဲ့လိုက်ကြည့်ဖို့ပါပဲ၊ ဉာဏ်ဆိုတာ သမ္မာဒိဋ္ဌိပါပဲ၊ သမ္မာဒိဋ္ဌိဆိုတော့ အမှန်မြင်မယ်၊ အမှန်မြင်ယင် ငြိမ်းဌေမယ်။

ကိုယ်က အမှန်မမြင်ပဲနဲ့ သက်သက်ငြိမ်းဝေ့ လို့လဲ မရပါဘူး၊ တကယ့်ဉာဏ်မှန်နဲ့မြင်လို့ ငြိမ်းဌေမှ ခိုင်မြဲပါမယ်၊ ဉာဏ်မြင်မဟုတ်ယင် ဟန်ဆောင်ငြိမ်းဌေမှုဟာ မခိုင်မြဲပါဘူး၊ ကြာရှည်မခံပါဘူး။ တော်တော်ကြာ ရုပ်လုံးပေါ်လာရော၊ အဲဒါမျိုးတွေတွေ့ရတာများပါတယ်၊ စကားပုံတောင်ရှိပါသေးတယ်၊ ဘာတဲ့လဲ၊ "ဘုရားမှတ်လို့ ကိုးကွယ်ပါတယ်၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ" တဲ့။

**ပိုး တို့၏ နေရာ**

အင်း....အဲဒါကြောင့် ကိုယ့်ကိုယ်လဲ သတိထားပြီး အသိတရားနဲ့ ကြည့်ပါ၊ သူတပါးကိုလဲပဲ သတိထားပြီး အသိတရားနဲ့ကြည့်ပါ၊ အဲဒီလိုရှုကြည့်နေတဲ့ ဟို....သဌေးသမီးကလေးက သူ့ယောကျ်ားကို ဟောတဲ့တရား ဆက်နာရအောင်-

> "အရှင့်သား....ကျွန်မရဲ့ ဟောဒီခန္ဓာ ကိုယ်ယုတ်အကောင်ပုပ်ကြီးဟာ ပိုးမျိုးရှစ်ဆယ်တို့ရဲ့ တည်နေရာအိမ်ဂေဟာကြီးပါ"တဲ့။

ဘုန်းကြီးတို့ပရိသတ် မိမိတို့ရဲ့ ဒီခန္ဓာကိုယ်ထဲမှာနေတဲ့ ပိုးတွေဟာ ဘယ်လောက်များလဲဆိုတော့ အမျိုးပေါင်း ရှစ်ဆယ်ရှိတယ်တဲ့၊ အကောင်အရေအတွက်ဆိုတာတော့ ပြောမနေနဲ့တော့ မရေတွက်နိုင်ပါဘူး။

အဲဒီပိုးအမျိုးပေါင်း ရှစ်ဆယ်ဆိုတာ ကောင်းတဲ့ ပိုးတွေချည်းပဲ ဘယ်ဟုတ်မလဲ၊ မကောင်းတဲ့ပိုးတွေလဲအများကြီးပေါ့၊ ဒါပေမယ့် အစားအသောက် အနေအထိုင် မှန်ကန်နေတဲ့အခိုက် ကောင်းတဲ့ပိုးတွေ အားကောင်းပြီးတော့ ကျန်းမာနေတယ်ပေါ့။

အစားအသောက် အနေအထိုင် မမှန်ကန်တဲ့အခိုက်မကောင်းတဲ့ပိုးတွေ အားကောင်းပြီးတော့ မကျန်းမာဘူးပေါ့၊ ခန္ဓာကိုယ်ထဲမှာ ကောင်းတဲ့ပိုးနဲ့ မကောင်းတဲ့ပိုးတွေဟာ စစ်တိုက်နေကြတာ။

ကောင်းတဲ့ပိုးတွေရဲ့ စစ်ကူကဘာလဲဆိုတော့ ကောင်းမွန်သန့်ရှင်း လတ်ဆတ်တဲ့ အစားအစာ၊ လေ၊ ရေတို့ပဲ၊ မကောင်းတဲ့ပိုးတွေရဲ့စစ်ကူကဘာလဲဆိုတော့ မကောင်းမွန် မသန့်ရှင်းမလတ်ဆတ်တဲ့ အစားအစာ၊ လေ၊ ရေတို့ပဲ။

မိမိတို့စားလိုက်တဲ့ အစားအစာတွေဟာ ဝမ်းထဲမှာဘယ်လိုဖြစ်လဲဆိုတော့ ငါးစုဖြစ်သွားတယ်၊ ဘယ်လို ငါးစုဖြစ်သွားလဲ-

၁။ တပုံက ပိုးစားလို့ ကုန်သွားတယ်၊

၂။ တပုံက ပါစကဝမ်းမီးလောင်လို့ ကုန်သွားတယ်၊

၃။ တပုံက ကျင်ကြီးဖြစ်လို့ ကုန်သွားတယ်၊

၄။ တပုံက ကျင်ငယ်ဖြစ်လို့ ကုန်သွားတယ်၊

၅။ တပုံက သွေးသားဖြစ်တယ်၊

အဲဒီလို ငါးစုဖြစ်သွားတယ်၊ ဒီတော့ မိမိတို့ စားနေရတာ ပိုးစာအတွက် စားနေရတာဆိုလဲ မှန်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ စားတဲ့အစာတွေဟာ ပိုးစာအတွက်လဲ တပုံဖြစ်နေလို့ပါ။

ဒီတော့ ပုဂ္ဂိုလ်သတ္တဝါတွေဟာ သင့်တင့်တဲ့ အစာတွေစားနေယင် ကောင်းတဲ့ပိုးတွေပွားပြီး မကောင်းတဲ့ပိုးတွေကို တိုက်ခိုက်လို့အနိုင်ရပြီး ကျန်းမာနေမယ်။

မသင့်တင့်တဲ့အစာတွေစားနေယင် မကောင်းတဲ့ပိုးတွေပွားပြီးကောင်းတဲ့ ပိုးတွေတိုက်ခိုက်လို့ အနိုင်ရပြီး မကျန်းမမာဖြစ်နေမယ်။

ဒီတော့ မိမိတို့ရဲ့ဒီခန္ဓာကိုယ်ကြီးကို မွေးနေရတာဟာ တကယ်တော့ ဘာ မွေးနေရတာလဲဆိုတော့ ပိုးတွေ မွေးနေရတာပါပဲ။

အဲဒါကြောင့် ခဏခဏ မကျန်းမာကြတဲ့သူတွေက ဘယ်လိုပြောတတ်ကြသလဲ၊ အမယ်လေး....ကျုပ်မတို့တော့ မိမိကိုယ်မိမိပိုးမွေးသလို မွေးနေရတယ်တဲ့၊ တကယ်တော့လဲ ဟုတ်တာပါပဲ၊ ပိုးမွေးနေရတော့ ခန္ဓာကိုယ်လဲ ပိုးမွေးသလို မွေးရတာပဲပေါ့။

အဲဒီခန္ဓာကိုယ်ထဲက ပိုးတွေဟာ ဒီခန္ဓာကိုယ်ထဲမှာမွေးတော့ ဒီခန္ဓာကိုယ်ကြီးဟာ ပိုးတွေရဲ့ မွေးမြူရာဌာနသားဖွားရုံကြီးပေါ့၊ ဒီပိုးတွေဟာ ဒီခန္ဓာကိုယ်ထဲမှာပဲ ကျင်ကြီးစွန့်တယ်၊ ကျင်ငယ်စွန့်တယ်၊ ဒီတော့ ဒီခန္ဓာကိုယ်ကြီးဟာ ပိုးတို့ရဲ့ ကျင်ကြီးအိမ်, ကျင်ငယ်အိမ်ကြီးပေါ့။

အဲဒီပိုးတွေဟာ နာဖျားတော့လဲ ဒီခန္ဓာကိုယ်ထဲမှာပဲ နာဖျားတော့ ဒီခန္ဓာကိုယ်ကြီးဟာ ပိုးတွေရဲ့ ဆေးရုံသူနာရုံကြီးပေါ့။

အဲဒီပိုးတွေဟာ သေပြန်တော့လဲ ဘယ်မှာသေလဲ၊ဒီခန္ဓာကိုယ်ထဲမှာပဲ သေတယ်၊ ဒီတော့ ဒီခန္ဓာကိုယ်ကြီးဟာ ပိုးတွေရဲ့သုသာန်သင်းချိုင်းကြီးပေါ့။

အေး....အဲဒါ မသိတဲ့ပုထုဇဉ်တွေက သူရောကိုယ်ပါ သတ္တဝါတွေက အဲဒီ ပိုးမွေးမြူရာဌာန, သားဖွားရုံ ပိုးတွေရဲ့ကျင်ကြီးအိမ်, ကျင်ငယ်အိမ်, ပိုးတွေရဲ့ ဆေးရုံ, ပိုးတွေရဲ့ သုသာန်ကို ငါလုပ်၊ သူလုပ်၊ မိန်းမယောကျ်ား လုပ်နေကြပါတယ်။

တကယ့်အမှန်ကိုသာသိယင် အင်မတန်မှ စက်ဆုပ်ရွံရှာစရာကောင်းပါတယ်၊ အမှန်သိမြင်တဲ့ သူတော်စင်တွေဟာ ဒီခန္ဓာကိုယ်ကြီး နောက်တဖန်ပြန်ရမှာ သိပ်ပြီးတော့ ကြောက်ကြပါတယ်၊ ရပြီးသားဖြစ်တဲ့ လက်ရှိခန္ဓာလဲ အမြန်ပဲ စွန့်ချင်ကြပါတယ်၊ အမှန်မသိမမြင်သူတွေကတော့ ဒီခန္ဓာကိုယ်ကို မက်မောတွယ်တာလိုက်ရတာ မက်မှားတွယ်မှားဖြစ်လိုက်ရတာ အမောပဲ။

**ရောဂါကုသနည်း** ဒီခန္ဓာကိုယ်မှာရှိတဲ့ ပိုးတွေအကြောင်းပြောယင်းနဲ့ ရောဂါကုသနည်းတခုကို သွားပြီးတော့ သတိရပါတယ်၊ ဘာတဲ့လဲ၊ ပိုးသတ်ပြီးတော့ ကုသတဲ့နည်းပါ၊ သိပ္ပံနည်းမှာ ရှိပါတယ်။

သိပ္ပံနည်းက ပိုးကြောင့်ရောဂါဖြစ်တယ်လို့ယူပြီးတော့ ပိုးကိုသတ်ပြီးတော့ ရောဂါကိုကုသတယ်၊အဲဒီလိုကုသလို့ ပျောက်သင့်သလောက်လဲ ပျောက်ပါတယ်၊ ဒါပေမယ့် အဲဒီ ပိုးသတ်တဲ့အဆိပ်ဆေးကြောင့် မူလရောဂါပျောက်သွားသော်လဲ ဒီပြင်ရောဂါတခု ရပြန်ပါတယ်၊ ပထမရောဂါပျောက်ဘယ်၊ နောက်ထပ် ရောဂါတခု ဖြစ်ကျန်ရစ်တယ်။

အဲဒါကြောင့် အဲဒီလို ပိုးသတ်ပြီးကုသတဲ့နည်းကို အားလုံးမှန်ကန်တယ်လို့ ဘယ်ထောက်ခံနိုင်မလဲ၊တချို့က လက်မခံနိုင်ပါ

ဘူး၊ ဒီတော့ နည်းသစ်ရှာတယ်၊ နည်းသစ်ရှာတော့ ဘာတွေလဲ၊ သဘာဝကုသနည်းကို တွေ့ကြပါတယ်။

သဘာဝကုဆိုတာက ပိုးကိုမသတ်ပဲနဲ့ အဲဒီပိုးနဲ့ သင့်တင့်မယ့် အစားအစာမကျွေးဘူး၊ ပိုးအားပေးမယ့် အစားအစာ၊ ရေ၊ လေ စသည်တို့ကို ပြုပြင်ပြီး ပေးပါတယ်၊ စိတ်ဓာတ်လဲ ပြုပြင် ပေးပါတယ်။

အမှန်စင်စစ်က ဒီခန္ဓာကိုယ်ဟာ ဥတု၊ အာဟာရတို့ရဲ့အထောက် အပံ့များစွာနဲ့ အသက်ရှင်နေရတာပါ၊ ဥတုဆိုတာ အပူအအေး ကို ခေါ်တာပါ။

ဒီခန္ဓာကိုယ်ဟာ အပူရသင့်သလောက်မရလဲ မကျန်းမာပါ ဘူး၊ အပူရသင့်တာထက် ပိုရပြန်ယင်လဲ မကျန်းမာပါဘူး၊ အဲဒီ လိုပဲ ဒီခန္ဓာကိုယ်ဟာ အအေးရသင့်သလောက်မရယင်လဲ မကျန်း မာပါဘူး၊ အအေးရသင့်တာထက် ပိုပြီးရပြန်ယင်လဲ မကျန်းမာ ဘူး၊ အပူအအေးမျှတပါမှ ကျန်းမာတယ်။

ဆေးကုတယ်ဆိုတာ အဲဒီအပူအအေးဥတုကို ပြုပြင်ပေးတာ ပဲ၊ အပူအအေး ဥတုမျှတသွားယင် ကျန်းမာပါတယ်၊ အပူ အအေးဥတုမမျှတယင် မကျန်းမာပါဘူး၊ ဒီတော့ သဘာဝ ကုနည်းက အဲဒီဥတုကိုလဲ ပြုပြင်ပေးပါတယ်။

ပြီးတော့ အထူး အရေးကြီးတာတစ်ခု ရှိပါသေးတယ်၊ ဘာလဲဆိုတော့ အာဟာရပါပဲ၊ စားသင့်တဲ့ အစာအာဟာရ စားယင် ကျန်းမာမယ်၊ မစားသင့်တဲ့ အစာအာဟာရစားယင် မကျန်းမာဘူး၊ ဒီတော့ သဘာဝကုနည်းက ပိုးမသတ်ပဲ စားသင့် တဲ့ အစာအာဟာရကို ပြောင်းပြီးစားစေတယ်၊ လေကောင်း

လေသန့်ကို ရှူစေတယ်၊ အဲဒီနည်းဖြင့် ကျန်းမာစေတယ်၊ ပိုးကို မသတ်ပါဘူး။

ကဲ....ထားပါတော့၊ ပြောရတာက ဒီခန္ဓာကိုယ်ကြီးဟာ ပိုးမျိုးစုံတို့၏ တည်နေရာလို့ ဆိုတာနဲ့ပတ်သက်ပြီးတော့ ပြောရတာ၊ သိစေချင်တာက ဒီခန္ဓာကိုယ်ကြီးကို ပိုးတွေက ချယ်လှယ်နေတယ်ဆိုတာကို သိစေလိုရင်းပါပဲ။

**သင်းချိုင်းလျှင်လားရာရှိတယ်**

ဟို....သဒ္ဒေးသမီးကလေးက သူ့ရဲ့ယောကျ်ားကို သိစေချင်တာက အဲဒီပိုးမျိုးစုံတို့ရဲ့ တည်နေရာ အိမ်ဂေဟာကို တန်ဆာဆင်နေခြင်းဖြင့် ဘာအကျိုးရှိမှာလဲလို့ သိစေချင်တာပါပဲ၊ ပြီးတော့ ဘာဆက်သိစေလဲဆိုတော့....

> "အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ သင်းချိုင်းလျှင် လဲလျောင်းရာ ရှိပါတယ်"တဲ့။

ဒီခန္ဓာကိုယ်ကြီးသေယင် သင်းချိုင်းပဲ ပို့ရပါတယ်၊ အဲဒါကြောင့် သင်းချိုင်းလျှင် လဲလျောင်းရာရှိတယ်လို့ ပြောတာပါ၊ မှန်ပါတယ်။

တနေ့....သင်းချိုင်းမှာ အိပ်ရမယ့် လဲလျောင်းရမယ့် ဒီခန္ဓာကိုယ်ကြီးကို တန်ဆာဆင်ခြင်းဖြင့် ဘာအကျိုးရှိမှာလဲတဲ့၊ အဲဒီလိုပြောတာ နေရမယ့်အချိန်တွေ အများကြီးရှိတဲ့သူက ပြောတာပါ။

အေး....နေရမယ့်အချိန်တွေ များစွာရှိပြီး ဆင်ယင်နိုင်သူက ပြောနေတာ၊ အတုယူပါ၊ ယခုခေတ်မှာ သေခါမှ ဘာမှအသုံး

မကျတဲ့ အသုဘကို ငွေတွေအများအပြားအကုန်ခံပြီး အသုဘ တန်ဆာဆင်တာတွေ အတုယူဖို့ကောင်းပါတယ်၊ အမှန်က သေမှတော့ ဘာမှ အကုန်အကျခံမနေပါနဲ့တော့၊ ဒီအတိုင်းသာ ပစ်လိုက် မြှုပ်လိုက် သင်္ဂြိုဟ်လိုက်တာပဲ ကောင်းပါတယ်။

နောက်....စိတ်တွေ အေးဆေးကြည်လင်မှ သေ သူ ကို ရည်မှန်းပြီး လှူဒါန်းအမျှဝေပေါ့၊ အဲဒါမှ သေသူရမှာ၊ တန်ဆာဆင်ယင် အလှပြင်တာတွေက ကျန် တဲ့ လူ တွေ အ လုပ် ပျက် ပင်ပန်းကြတာပဲရှိပါတယ်၊ သေသူလဲ မရဘူး၊ အလုပ်တခု လုပ်ယင် အဲဒီအလုပ်နဲ့တန်တဲ့ အကျိုးရမှ ကောင်းပါတယ်။

''ဘုန်းကြီးသေ-ရွာကြေ''ဆိုတဲ့ စကားတခုရှိပါသေးတယ်၊ တော်တော်မကောင်းတဲ့ စကားပဲ၊ အလုပ်က မဟုတ်တော့ ဒီစကားဖြစ်လာပါတယ်။

ဘုန်းကြီး အသက်ရှိစဉ်ကတော့ ကြည့်ရှုချင်မှ ကြည့်ရှုမယ်၊ လှူချင်မှလှူမယ်၊ အဲ.... ပျံတော်လဲမူရော တန်ဆာတွေဆင်ပြီး ဘုန်းကြီးရဲ့ ကောင်းမှုန်ရာရောက်ရေးထက် ကျေးဇူးမများတဲ့ တန်ဆာတွေမှာ အကုန်ခံကာ အားထုတ်နေကြတယ်၊ အကျိုးမပြီး အချည်းနှီးမီးရှို့ပစ်မယ့် တန်ဆာတွေမှာ အကုန်ခံနေကြတယ်။

ပြီးတော့ ဘုန်းကြီးအလောင်းအကြောင်းပြုပြီး အကုသိုလ်ပွဲ ပျော်ပွဲရွှင်ပွဲတွေကျင်းပ၊ လူတွေ သေကြကြေကြ၊ ကျန်းမာရေးထိခိုက်ကြ၊ အလုပ်ပျက်ကြ၊ စီးပွားရေးထိခိုက်ကြ၊ သေပြန်တော့ အပါယ် ကျမယ့်အလုပ်တွေကို ကြိုးစား လုပ်လိုက်ကြတာ။

အလုပ်လုပ်တယ်ဆိုတာ အကျိုးရှိတဲ့အလုပ်ကို ကြိုးစားလုပ်ရတာ ကောင်းတာပေါ့၊ ဘယ့်နှယ် ဘုန်းကြီး အလောင်းအကြောင်းပြုပြီး အပါယ်ကျမယ့်လုပ်ငန်းတွေ ကြိုးစားလုပ်ရတာတော့ ဘယ်ကောင်းမလဲ။

အရေးကြီးတာက သင်းချိုင်းရောက်ရမယ့် ဒီခန္ဓာကိုယ်ကြီး သင်းချိုင်းမရောက်ခင် အကျိုးရှိမယ့် နတ်ရွာ နိဗ္ဗာန် ရောက်ကြောင်းတရားတွေနဲ့ တန်ဆာဆင်ဖို့က အရေးကြီးပါတယ်။

အေး....အဲဒီလို မသေခင် အသက်ထင်ရှားရှိစဉ်က နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေနဲ့ တန်ဆာဆင်ထားသူအတွက် သေခါမှတန်ဆာဆင်တာ မဆင်တာဟာ သူ့အတွက် ဘာမှ ထူးခြားချက်မရှိပါဘူး။

အေး....အဲဒီလိုပါပဲ၊ မသေခင်က အပါယ်ကျကြောင်းတရားဆိုးတွေနဲ့ တန်ဆာဆင်ထားသူကိုလဲ သေခါမှ လှလှပပ တန်ဆာဆင်ထားလို့ ဘာကျေးဇူးရှိမှာလဲ၊ မဆင်လဲ ကျေးဇူးမထူးပါဘူး၊ ဆင်ယင် ငွေကုန်လူပန်းရုံပဲရှိတာပေါ့။

အကျိုးမများတဲ့ အဲဒီလိုတန်ဆာဆင်မှုတွေအတွက် သေသူလဲမရ၊ ကျန်တဲ့လူတွေလဲမစားရ၊ သေသူကတော့ ကုသိုလ်ကံ အကုသိုလ်ကံကိုထမ်းပြီးတော့ သူ့လမ်းသူသွားပြီး၊ ဒီက ပြုနေတဲ့ တန်ဆာဆင်မှု မဆင်မှုတွေ သိချင်မှသိမယ်။

ဟို....သဌေးသမီးကလေးရဲ့ စကားအရဆိုယင် တော်တော်ရှက်စရာကောင်းပါတယ်၊ သူ့စကားက သင်းချိုင်းသွားရမယ့် ဒီခန္ဓာကိုယ်ကို တန်ဆာဆင်ယင်ခြင်းဖြင့် ဘာအကျိုး ရှိမှာလဲ ဆိုတော့ သင်းချိုင်းသွားခါမှ တန်ဆာဆင်တာက ပိုပြီးတော့ ဘာမှ အကျိုးမရှိဘူးလို့ဆိုရာ ရောက်မသွားဘူးလား။

"ရောက်သွားပါတယ်ဘုရား"

အေး....အလုပ်လုပ်တာ ကြည့်လဲ လုပ်ကြပေါ့၊ "လူမိုက် တသောင်း, ချီးမွမ်းရှောင်းလည်း၊ လူကောင်းတယောက်, ပြစ် တင်ကြောက်လော့" တဲ့။

ပညာရှိတွေ အကဲ့ရဲ့လွတ်ဖို့၊ ပညာရှိတွေ ချီးမွမ်းဖို့၊ ပညာ ရှိတွေသဘောကျဖို့ အရေးကြီးတယ်၊ ပညာမဲ့သူတွေ အကြိုက် ကတော့ အပယ်ကျလမ်းတွေပါပဲ။

**သေခြင်းလျှင် အဆုံးရှိ၏**

အေး....အဲဒါကြောင့် သင်းချိုင်းသွားမယ့် ခန္ဓာကိုယ်ကို သင်းချိုင်းမသွားခင်လဲ အချိန် ကုန်ခံ ပြင်ဆင်မနေနဲ့၊ သင်းချိုင်းသွားခါမှလဲ ပြင်ဆင်မနေနဲ့၊ မသေခင်မှာ နိဗ္ဗာန်ရောက်ကြောင်းတရားတွေနဲ့ တန်ဆာဆင်ပါ၊ သေလျှင် သံဝေဂဖြစ်ကြောင်း ကုသိုလ်တရား တွေနဲ့ တန်ဆာဆင်ပါ။ ဟို....သဌေးသမီးကလေးက အဲဒီ သဘောတွေ ပေါက်နေတော့ သူ့ယောကျ်ားကို ဟောပြန် တယ်။

"အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ် ယုတ် အကောင်ပုပ်ကြီးဟာ သေခြင်းလျှင် အဆုံးရှိပါတယ်" တဲ့။

ဘုန်းကြီးတို့ပရိသတ်....ဒီခန္ဓာကိုယ်ကြီးဟာ သမုတိမရဏ အားဖြင့် တနေ့သေရမှာပါ၊ သေတော့ ကိုယ်ပြုပြင်ထားတာ တွေ ကိုယ့်နောက်သို့ ဘာတွေပါမှာလဲ၊ ဘာမှ မပါပါဘူး။

မပါတော့ ပြုပြင်ရတာတွေ ပြုပြင်ရကျိုး မနပ်ဘူးပေါ့၊ ပြုပြင်ရကျိုးမနပ်တော့ မပြုပြင်ရတာက မပြုပြင်ပဲနေရတာက

သက်သာသေးတာပေါ့၊ သေမယ့်ခန္ဓာကိုယ်ကို ပြုပြင်မယ့်အစား မသေရာရောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေ ကြိုးစားနေရယင် မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

အင်း.... သတ္တဝါတွေရထားတဲ့ အချိန်ပိုင်း သက်တမ်းကလေးဟာ တိုတောင်းလှပါတယ်၊ အဲဒီ တိုတောင်းလှတဲ့ သက်တမ်းအတွင်းမှာ အကျိုးမရှိတဲ့အလုပ်တွေနဲ့ ခန္ဓာကိုယ်ကို တန်ဆာဆင် မဆင်ယင်ပဲ အကျိုးရှိတဲ့အလုပ်တွေနဲ့ တန်ဆာဆင်ဖို့ အရေးကြီးပါတယ်။

တကယ့် သမုတိမရဏအနေနဲ့ မသေခင်လဲ ဒီခန္ဓာကိုယ်က ပရမတ်သဘောအရ တဖြုတ်ဖြုတ်နဲ့ သေနေတာပဲ၊ အဲဒီတော့ ဒီ ခန္ဓာဟာ ခဏသေ, အမြဲသေ နှစ်မျိုးသေတဲ့ခန္ဓာပဲ၊ မသေခင် ဘာလုပ်ရမလဲ၊ မျက်မှောက်အကျိုး တမလွန်အကျိုး နှစ်မျိုးရှိအောင်လုပ်ရမယ်၊ အဲဒီ အကြောင်းကို မဃဒေဝလင်္ကာက ဒီလိုလင်္ကာနဲ့ ပြခဲ့ပါတယ်။

"ပျောက်ချုပ် နေ့ည၊ သင့်ကာယကို၊ မောဟပိတ်ပင်၊ သင်မမြင်လည်း၊ ဋ္ဌီ-ဘင်-ဥပါဒ်၊ ပရမတ်ဖြင့်၊ မပြတ်ခဏ၊ ပျက်ပျက်ကျ၏၊ လောကဓမ္မ၊ ဒိဋ္ဌ တမလွန်၊ နှစ်တန်ကျိုးပြစ်၊ စီစစ်မရှိ၊ မြင်မသိက၊ ပဏ္ဍိ လူ၌၊ မဟုတ်ထိုက်ဘူး၊ သူမိုက်အတွင်း၊ ဗာလသွင်းလျက်၊ စာရင်းဦးရေ၊ ဝင်တွေမုချ၊ ဆက်ဆက်ကျ၏။"

ဟို....သဒ္ဓေးသမီးကလေးက အကျိုးရှိရှိ အသက်ရှင်ချင်လို့ အကျိုးမရှိပဲ အသက်မရှင်ချင်လို့ သူ့ခန္ဓာကိုယ်ရဲ့ သဘာဝကို ပြပြီးတော့ သူ့ယောက်ျားကို တရားဟောနေတာပါ။

**ဟုတ်တိုင်းမှန်စွာ မမြင်ရှာ**

လက်တွေ မျက်တွေ တရားဟောနေတာပေါ့၊ အဲဒီလို ဟောပြောလို့မှ မပြင်ယင်လဲ ဘယ်တော့ပြင်ပါ့မလဲ၊ပြင်ဖို့ခက်ပြီ၊ဝေးပြီ၊ အဲဒါကြောင့် မြင်အောင်ဆိုပြီး သူ့ယောကျ်ားကို ဆက်ပြီးတော့ ဟောပြန်တယ်....

"အရှင့်သား .... ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ လူများအပေါင်းရဲ့ မျက်စိအမြင် အောက်၌ ဖြစ်ပါသော်လဲ....

ဒီခန္ဓာကိုယ်ဟာ အရိုးအကြောတွေနဲ့ ဖွဲ့ယှက်အပ်သည် ဖြစ်၍ အရေအသားတွေနဲ့ လိမ်းကျံထားသည် ဖြစ်၍ အလွန်စက်ဆုပ်ရွံရှာဖွယ် ကောင်းလှ၏။

ဒီခန္ဓာကိုယ်ကြီးဟာ အရေဖြင့် ဖုံးလွှမ်းအပ်သည် ဖြစ်၍ ဟုတ်တိုင်းမှန်စွာ အသုဘအခြင်းအရာကို မမြင် ရရှာ" တဲ့။

ပြောဟောတယ်၊ ကဲ....မဟုတ်ဘူးလား၊ ခန္ဓာကိုယ်မှာ ရှိနေတာက မတင့်မတယ် ရွံစဖွယ် အသုဘတွေ၊ အဲဒီအသုဘ တွေကို မမြင်မထင်အောင် ဖုံးထားအပ်သည်ဖြစ်၍ မမြင်မထင် တာတဲ့။

ကဲ....ဒီခန္ဓာကိုယ်ရဲ့ သဘောကို အချုပ်အားဖြင့် ပြောကြစို့၊ ခန္ဓာကြည့်ပြီး နာပါ၊ မိမိတို့နေထိုင်တဲ့အိမ်မှာ ထုပ်, လျောက်, ဒိုင်း, မြွား အမာခံများကို မရွေ့ရှားအောင် သံ, ကြိမ်နွယ် စသည်တို့ဖြင့် ရိုက်နှက်တုပ်နှောင် ဖွဲ့ချည်အပ်သလို အမာခံဖြစ်တဲ့ အရိုးတွေကို မရွေ့မရှား တည်ရှိအောင် သံ,

ကြိမ်နွယ် စသည်နှင့်တူတဲ့ အကြောတွေနဲ့ ဖွဲ့ယှက်တုပ်နှောင်ပြီးတော့ ထားအပ်ပါတယ်။

အဲဒီအပေါ်မှ နံရံမျက်ကွက်ကို နွားချေး, မြေညက် မြေစိုင်တွေနဲ့ မွမ်းမံလိမ်းကျံအပ်သလို အသားတစ် အသားစိုင်တွေနဲ့ လိမ်းကျံမွမ်းမံထားအပ်ပါတယ်။

အဲဒီ အထက်မှ တဖန် အင်္ဂတေအချောကိုင်သလို အရေထူနဲ့ ရစ်ပတ်ဖွဲ့ယှက်ပြီး ထားအပ်ပါတယ်။

အဲဒီ ယခုပြောခဲ့တဲ့ အရိုး, အကြော, အသားတစ် အရေထူတွေဟာ ပင်ကိုယ်သဘောအားဖြင့် စက်ဆုပ်ရွံရှာဖွယ်တွေပဲ မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

ဒါပေမယ့် အိမ်နံရံကို ကြည့်ရှုလို့တင့်တယ်အောင် အစိမ်း, အဝါစတဲ့ ဆေးအမျိုးမျိုးတွေနဲ့ အသွေးအရောင် အမျိုးမျိုးဖြစ်ရန် ခြယ်လှယ်ဖုံးအုပ်ထားသလို အဲဒီ အရိုး, အကြော, အသားတစ်, အရေထူတွေကို ဆိုးဆေးနဲ့တူတဲ့ အညို, အဖြူအစရှိတဲ့ အဆင်းအမျိုးမျိုးရှိတဲ့ ယင်ကောင်ရဲ့တောင်ပံအလားသိမ်မွေ့လှစွာသော အရေပါးက ဖုံး အပ် ထား တဲ့ အ တွက် ဟုတ်တိုင်းမှန်စွာ အသုဘအခြင်းအရာကို မမြင်ကြရတာပါတဲ့။

**အရိုး** အဲဒါ.... ခန္ဓာအိမ် တည်ဆောက်ပုံကို အကျဉ်းချုပ်ပြောပြတာပါ၊ အကျယ်ပြောရယင် တခုစီပေါ့၊ ဒီမှာပါတဲ့အတိုင်း အရိုးကစပြီးတော့ ပြောကြစို့၊ ဒီခန္ဓာကိုယ်မှာ အရိုးဘယ်လောက် ရှိလဲဆိုတော့....

"အဋ္ဌ၊ အိမ်အိုချင်ကျဲ, ပမာနဲ့သို့, ယှက်တွဲလိမ်ခက်, ချင်းချင်းဆက်လျက်, ကြည့်ခက်ရုပ်ဆိုး, သုံးရာသော အရိုးသည်။ အတ္ထိ၊ ထ-ထိုင်-ရပ်-သွား, လူအလားသို့, ထင်ရှားပုံသေ, ရှိပါလေ၏" တဲ့။

ဒီခန္ဓာကိုယ်ကြီးဟာ အိမ်အိုကြီးမှာ အချင်ကျဲကျဲနဲ့ နေသလိုပဲတဲ့၊ အရိုးချင်းချင်း ယှက်တွဲလိမ်ခက်ပြီးနေတာဟာ ကြည့်ရတာ ခက်ပါသတဲ့၊ အရုပ်ဆိုးပါသတဲ့၊ အဲဒီ အရုပ်ဆိုးတဲ့ အရိုး သုံးရာဟာ ထလိုက် ထိုင်လိုက် ရပ်လိုက် သွားလိုက်နဲ့ လူပမာ လူသဏ္ဌာန် လူအလားပါပဲတဲ့၊ တကယ်တော့ လူမဟုတ်ပါဘူး။

တကယ်သွားနေတာက အရိုးတွေပါ၊ လူတွေက ဘာထင်လဲ၊ လူပဲ ထင်ကြပါတယ်၊ အဲဒီလိုထင်တာဟာ အထင်မှားပေါ့၊ အရိုးတွေက တကယ်ထိုင်တယ်၊ ရပ်တယ်၊ သွားတယ်၊ အိပ်တယ်၊ ဒါကို ငါသွားတယ်၊ သူသွားတယ်၊ မိန်းမ ယောကျ်ား သွားတယ်ဆိုတော့ အထင်မှားတာပေါ့။

အဲဒီ အရိုးက တေ့ဆက်ရယ် ကွင်းဆက်ရယ်လို့ နှစ်မျိုးရှိပါတယ်၊ အဲဒီ နှစ်မျိုးလဲ မှတ်ထားပါ၊ တချို့က ချိတ်ဆက် ထည့်ပြီး သုံးမျိုးပြောပါတယ်၊ မဟုတ်ပါဘူး၊ ချိတ် ဆက် အရိုး မရှိပါဘူး။

ပုထုဇဉ်တို့ အရိုးက ထိပ်ချင်းတေ့ဆက်ထားလို့ တော့ဆက် အရိုးလို့ ခေါ်ပါတယ်၊ ဘုရားရှင်ရဲ့ အရိုးကတော့ ကွင်းဆက် တဲ့၊ အဲဒီလို ၂ မျိုးပဲ ကျမ်းဂန်မှာ တွေ့ပါတယ်။

အဲဒီအရိုးသုံးရာမှာ တခုနဲ့တခု ဆက်တဲ့ အဆက်ကတော့ တရာ့ရှစ်ဆယ်ရှိပါတယ်တဲ့၊ အဲဒီ အရိုး တွေ အဆက် တွေ

ရေတွက်ပြနေယင်တော့ သိပ်ရှည်လျားသွားပါလိမ့်မယ်၊ ပြချင်တာက ဒီခန္ဓာကိုယ်မှာ အမာခံဟာ အရိုးပဲရှိတယ်ဆိုတာသာ ပြချင်တာပါ၊ ဒီတော့ အတွင်းကအမာခံအရိုးကို ဉာဏ်မျက်စိနဲ့ မြင်အောင် ကြည့်ရှုပါ။

**အကြော** အဲဒီလို အတွင်းကို မမြဲဝ်ယင်လဲ အရိုးတွေ ဆက်ထားတဲ့ ယခုဆိုယင် ရောင်းချနေတဲ့ အရိုးဆက်ရုပ်ကိုကြည့်ပါ၊ နှစ်သက်စရာ ဘာရှိလဲဆိုတော့ ဘာမှ နှစ်သက်စရာ မရှိပါဘူး၊ အဲဒီ အရိုးကို ဘာနဲ့တွဲထားသလဲဆိုတော့ အကြောနဲ့တွဲထားပါတယ်၊ အဲဒီအကြော ဘယ်လောက် ရှိလဲဆိုတော့....

> "နှာရှု၊ သစ်ပင်၌နွယ်, လှည့်ဇတ်နွယ်သို့, ကိုယ်ဝယ်ရစ်ခြုံ, အရိုးပုံကို, ရှဲ့ရုံယှမ်းယိုင်, မတိမ်းနိုင်အောင်, တွဲခိုင်တတ်ရာ, သတ္တဝါနှင့်, ဇီဝါမနှော, ကိုးရာသောအကြောသည်။ အတ္တိ၊ ငါကောင်ငါကား, မျက်မာန်ပွားသို့, ထင်ရှားပုံသေ, ရှိပါလေ၏" တဲ့။

ဒီခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးမှာ အတွင်းကအမာခံ အရိုးသုံးရာကို တခုနဲ့တခု ကျဲမသွားအောင် ကွဲကွာမသွားအောင် တွဲထား စပ်ထား တုပ်ထား ချည်ထားတာကတော့ အကြောကိုးရာနဲ့တဲ့၊ မှတ်ထားပါ၊ အရိုးတွေကို အကြောနဲ့ တုပ်နှောင်ချည်ဖွဲ့ ထားပါတယ်။

ဘုန်းကြီးတို့ ယခုထိုင်ပြီးတော့ တရားဟော ထရားနာနေတဲ့ ဓမ္မသဘင်မဏ္ဍပ်ကြီးကိုကြည့်ပါ၊ ဘာတွေနဲ့ တုပ်နှောင်ထားလဲ ဆိုတော့ သံတွေနဲ့ တုပ်နှောင်ထားပါတယ်၊ အဲဒီ သံတွေကို

တချောင်းချင်း ဖြုတ်လိုက်လို့ရှိယင် ဟောဒီ တရားမဏ္ဍပ်ကြီး ဟောလို့နာလို့ ဖြစ်ပါဦးမလား။

"မဖြစ်တော့ပါ ဘုရား"

မဖြစ်တော့ဘူး၊ အကုန်ပြုတ်ကုန်ရော၊ အေး- အဲဒီအတူ ပါပဲ၊ ခန္ဓာကိုယ်မှာရှိတဲ့ အဲဒီအကြောတွေဟာ အတွင်းနေပြီး တော့ ဒီခန္ဓာကိုယ်ကြီးကို ကွေးနိုင်အောင်၊ ဆန့်နိုင်အောင်၊ လှုပ်ရှားနိုင်အောင်၊ ထိုင်နိုင်အောင်၊ ထနိုင်အောင်၊ သွားနိုင် အောင်၊ အိပ်နိုင်အောင်စသည်ဖြင့် အဲထွေထွေ ပြုပြင်ပေးနေ ပါတယ်။

ရုပ်သေးရုပ်ဟာ က-တယ်၊ ခုန်တယ်၊ ထိုင်ထယ်၊ ထတယ် စသည်ဖြင့် အလီလီသော ကိုယ်အမူအရာတွေကို ပြုပြင်နေတာ ဟာဘယ်သူ့စွမ်းအင်လဲဆိုတော့ ကြိုးရဲ့စွမ်းအင်ပေါ့၊ အဲဒီကြိုး မရှိယင် ရုပ်သေးရုပ်လဲ ဘာမှမတတ်နိုင်တော့ပါဘူး၊ ယခု ဒီခန္ဓာလဲ အဲဒီအကြောတွေမရှိယင် ဘာမှမတတ်နိုင်တော့ပါဘူး။

အရေထူ

အကြောတွေက ဒီခန္ဓာကိုယ်ကို အမျိုးမျိုးသော အမူအရာတွေဖြစ်အောင် ပြုပြင်ပေးနေတာပါ၊ ငါ သူတပါး၊ ယောကျ်ား-မိန်းမအမူအရာကောင်းတယ်လို့ သတ္တဝါ တွေက အထင်မှားနေကြတာပါ။ ပြီးတော့ တခါ အဲဒီအရိုးနဲ့ အရေကို ဘာတွေနဲ့ ပိတ်ဆို့ထားလဲဆိုတော့ အရေထူနဲ့ပေါ့၊ အရေထူကို ဘယ်လိုဆိုထားလဲဆိုတော့-

"တစော၊ စောင်းကွက်ကြက်ထား, သားရေပါးသို့,
ဖြူထွားညက်ညက်, ဖွေးဖွေးလက်မျ, အသက်ပုဂ္ဂိုလ်,
မခေါ်ဆိုရ, ဇေဂုစ္ဆဟူ,အရေထူသည်။ အတ္တိ၊လူသဏ္ဍာန်
တု,ပုံဟန်ပြုလျက်,ထင်ရှုပစေ,ရှိပါပေ၏"တဲ့။

အဲဒီလိုဆိုထားပါတယ်၊ အရိုးနဲ့ အကြောတွေကို ကြည့်ရှုမမြင်ရအောင် ဖုံးပိတ်ပေးထားတာဟာ အဲဒီအရေထူပေါ့။

**အ သား** အဲဒီအရေထူကလဲ စက်ဆုပ်စရာပဲ၊ အသက်လဲမဟုတ်၊ ပုဂ္ဂိုလ်လဲ မမည်ပါဘူး၊ ခုနက အရိုးနဲ့အကြောတို့ကိုအမှန်မမြင်ရအောင် ဖုံးပိတ်ပေးထားတဲ့အရာတခု ရှိပါသေးတယ်၊ အဲဒါကဘာလဲဆိုတော့ အသားပေါ့၊ အဲဒီအသားကလဲ လှည့်စားချက် အတော်များပါတယ်။

"မံသံ၊ ကျိန်ရံကို, မြေကျံသရွတ်, လိမ်းကျံပွတ်သို့, တွတ်တွတ်နီမြန်း, ကသစ်ပန်းလို, စိမ်းစမ်းညှိညစ်,ကိုးရာသော အသားတစ်သည်။ အတ္တိ၊ ဖြိုးမောက် ဝေချော, တပ်မက်မောဖို့, ညက်ညောဖြစ်ပေ, ရှိပါပေ၏"တဲ့။

ဒီခန္ဓာကိုယ်မှာ အသားတစ်တွေက ကိုးရာတဲ့၊ အဲဒီအသားတစ်တွေဟာ သူ့နေရာနဲ့သူ နေရာယူပြီး အရိုးအကြောတွေအကြားမှာလိုက်ပြီး သရွတ်ကျံသလို ပိတ်ဖုံးထားလိုက်တာ မက်မောစရာပုံပေါ်လာပါတယ်။

ဘုန်းကြီးတို့ ပရိသတ်....တရားနာ ခန္ဓာကြည့် ဆိုတဲ့အတိုင်း မိမိတို့ခန္ဓာကိုယ်ကို ကြည့်ရှုပြီးနာကြားပါ၊ မိမိကိုယ်မှာ အရိုးအကြော, အဲဒီအရိုးနဲ့အကြောကို အသားတစ်နဲ့ ဖိတ်ဖုံးပြီးတော့ အရေထူနဲ့တခါ ပိတ်ဖုံးထားလိုက်ပါတယ်။

ပြီးတော့ အဲဒီအရေထူပေါ်ကို ဘာနဲ့တခါထပ်ဖုံးပြန်လဲဆိုတော့ အရေပါးနဲ့ဖုံးထားပြန်ပါတယ်၊ ဒီတော့ ဒီခန္ဓာကိုယ်ကြီးရဲ့အတွင်းမှာရှိတဲ့ တခြားပစ္စည်းတွေကို မမြင်ရတော့ပါဘူး။

**နှစ်ဘက်အဝရှိတဲ့ အိတ်ကြီး**

အရိုးပေါ်မှာ အကြောကဆိုင်းပြီး အသား တစ်နဲ့ပိတ်, အရေထူအရေပါးနဲ့ လွှမ်းထားတဲ့ဒီခန္ဓာကိုယ်ကြီးဟာအိတ်ကြီးလိုအခေါင်းပေါက်ကြီး တဲ့၊ ဟို....မဟာသတိပဋ္ဌာန သုတ္တန် ပါဠိတော်မှာတော့ ဥပမာ ဘယ်လိုပြလဲဆိုတော့-

"ရဟန်းတော်များ အို....ချစ်သားတို့၊ ဥပမာမည်သည်ကား အောက်-အထက်နှစ်ဘက်နှစ်ချက် မျက်နှာဝရှိသောအိတ်ကြီးဟာ သလေးစပါး, ကောက်ကြီးစပါးစသော စပါးအမျိုးမျိုး ပဲနောက်စသော ပဲအမျိုးမျိုး နှမ်း, ဆန်တွေနဲ့ ပြည့်နေတယ်"

"ရဟန်းတော်များ....အိုချစ်သားတို့၊ အဲဒီလို စပါး· ပဲ-နှမ်း ဆန်စသည်ဖြင့် ပြည့်နေသော အိတ်ကြီးကို ဖြေပြီးတော့ မျက်စိအမြင်ရှိတဲ့ ယောကျ်ားဟာ-

၁။ ဤသည်တို့ကား သလေးစပါးတို့တည်း၊
၂။ ဤသည်တို့ကား ကောက်ကြီးစပါးတို့တည်း၊
၃။ ဤသည်တို့ကား ပဲနောက်တို့တည်း၊
၄။ ဤသည်တို့ကား နှမ်းတို့တည်း၊
၅။ ဤသည်တို့ကား ဆန်တို့တည်း,

ရယ်လို့ သူ့ အိတ်ကြီးကိုသူ ဆင်ခြင်ကြည့်ရတယ်"တဲ့၊ အဲဒီလို ဘုရားရှင်က ပြပါတယ်။

ဒီ ခန္ဓာကိုယ်ကြီးက အဲဒီ သလေးစပါး, ပဲနောက် စသည် အလီလီနဲ့ ပြည့်နေတဲ့ နှစ်ဘက်ပေါက်ရှိတဲ့ အိတ်ကြီးနဲ့ တူပါတယ်တဲ့။

ခုနက နှစ်ဘက်အပေါက်ရှိတဲ့ အိတ်ကြီးကို မျက်စိအမြင် ရှိတဲ့ယောကျ်ားက ဖြေကြည့်တော့ အထဲကပစ္စည်းတွေ အစေ့ အစုံမြင်ပါတယ်။

မျက်စိအမြင်မရှိတဲ့ မျက်ကန်းကကြည့်လို့တော့ ဘယ်မြင်ပါ့ မလဲ၊ မမြင်ပါဘူး။

အထဲမှာ သလေးစပါး, ပဲ စသည်အလီလီသော ပစ္စည်းတွေ မရှိလို့ မမြင်တာမဟုတ်ပါဘူး၊ ရှိလျက်သားနဲ့ သူက မျက်စိကန်း လို့ မမြင်တာပါ။

အဲဒီ ဥပမာလိုပါပဲ၊ ဒီခန္ဓာကိုယ်ယုတ် အကောင်ပုပ်ဆိုတဲ့ နှစ် ဘက်ပေါက်အိတ်ကြီးကို ပညာမျက်စိရှိတဲ့သူက ဖြေကြည့်ယင် အထဲမှာ ဘာတွေရှိလဲလို့ ဟုတ်တိုင်းမှန်စွာ သေသေချာချာ မြင်မယ်။

**နှစ်ဘက် ပေါက် အိတ်ကြီး**

ပညာမျက်စိ မရှိသူကတော့ ခန္ဓာကိုယ်နှစ် ဘက်ပေါက်အိတ်ကြီးကို ဖြေကြည့်လို့ မြင် ပါ့မလားဆိုတော့ မမြင်ပါဘူး၊ ယခု ဒီမှာ သဌေးသမီးကလေးက ပညာမျက်စိ ရှိတယ်၊ သူက သူ့ရဲ့ ယောကျ်ားကို သူ့ခန္ဓာကိုယ်အိတ်ပေါက်ကြီး, နှစ်ဘက်ပေါက် ကြီးကို ဖြေပြတယ်။

"အရှင့်သား.... ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ စန္ဒကူးနံ့သာ စသည်တွေနဲ့ ပြည့် နေတာ မဟုတ်ပါဘူး။"

"အရှင့်သား....စင်စစ်တော့ ကျွန်မရဲ့ ဟောဒီခန္ဓာ ကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ အူမဖြင့် ပြည့်နေပါ

တယ်၊ အစာသစ်ဖြင့် ပြည့်နေပါတယ်၊ အသည်းစိုင်ဖြင့် ပြည့်နေပါတယ်၊ ကျင်ငယ်ဖြင့် ပြည့်နေပါတယ်၊ နှလုံးသားဖြင့် ပြည့်နေပါတယ်၊ အဆုတ်အစုဖြင့် ပြည့်နေပါတယ်၊ အညှို့နှစ်ခုဖြင့် ပြည့်နေပါတယ်၊ အဖျဉ်းဖြင့်လဲ ပြည့်နေပါတယ်''

''အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ နှပ်အစုဖြင့်လဲ ပြည့်နေပါတယ်၊ တံတွေးဖြင့်လဲ ပြည့်နေပါတယ်၊ ချွေးဖြင့်လဲ ပြည့်နေပါတယ်၊အဆီခဲအစုဖြင့်လဲ ပြည့်နေပါတယ်၊သွေးဖြင့်လဲ ပြည့်နေပါတယ်၊ အစေးပုပ်ဖြင့်လဲ ပြည့်နေပါတယ်၊ သည်းခြေဖြင့်လဲ ပြည့်နေပါတယ်၊ ဆီကြည်ဖြင့်လဲ ပြည့်နေပါတယ်''တဲ့။

ဘုန်းကြီးတို့ပရိသတ် စဉ်းစားကြည့်စမ်း၊ ယခုပြောတာတွေဟာ ဘယ်နှစ်ခု၊နှစ်သက်စရာရှိလဲ၊ တခုမှ နှစ်သက်စရာမရှိပါဘူး၊ အဲဒါတွေကို ဘာဖြစ်လို့ မမြင်လဲဆိုတော့ အရေပါးဆိုတဲ့ ဆိုးရေက တပ်စွန်းထားတယ်၊ ဆိုးထားတယ်၊ အရေထူနဲ့ ရစ်ပတ်မွဲယှက်ထားတယ်၊ အိတ်ထဲထည့်ထားတယ်ပေါ့။

အဲဒီအတွက်ကြောင့် လူများအပေါင်းအား မထင်ရှားသည့် အလွန်တရာပင် မစင်မကြယ်၊ ရနံ့လဲမကောင်း စက်ဆုပ်ဖွယ်၊ ရွံရှာဖွယ်ကောင်းတဲ့ အထူးထူး အပြားပြား များလှတဲ့အတွင်းက ရွံဖွယ်အသုဘအစုကို ပညာမျက်စိ၊ ဉာဏ်မျက်စိနဲ့ ထိုးဖောက်ပြီးတော့ မြင်အောင်, ထင်အောင်, သိအောင် ကြည့်ရှုဖို့လိုပါတယ်။

အူမ ဟို-သဒ္ဒေးသမီးကလေးက မြင်လိုသိလို့ သူ့ယောကျ်ားကို ပြောပြ,ဟောပြနေတာ၊ဘုန်းကြီးတို့ပရိသတ်လဲ ခန္ဓာကိုယ်နှစ်ဘက်ဖောက်အိတ်ကြီးကို ဖြေကြည့်ကြရအောင်၊ အထဲမှာ ဘာဇတွေရှိလဲ။

> "အန္တံ၊ သွေးဆေးကျင်းရပ်, မြွေခေါင်းပြတ်ကို, ဝိသင်္ဘေ, ရစ်ပတ်ခွေသို့, အရှည်သုံးဆယ်, နှစ်တောင်ကယ်၍, ယူဖွယ် ယောကျ်ား, မိန်းမကားယုတ်, လေးတောင်နုတ်သည့်, နှစ်ဆယ့်ရှစ်တောင်, ရေတွက်ဆောင်သည့်, စက်ဆုပ်ဆူဝေ, အူမခွေသည်။ အတ္တိ၊ ခင်မင်မှတ်သား, မထင်မှားအောင်,ထင်ရှားပုံသေ,ရှိပါပေ၏"

ခန္ဓာကိုယ်တွင်းကို အာရုံပြုပြီးတော့ ဉာဏ်နဲ့ရှုကြည့်ယင်းနာပါ၊ ခန္ဓာကိုယ်တွင်းမှာရှိနေတဲ့ အူမခွေကြီးဟာ သွေးဆေးကျင်းထဲမှာရှိနေတဲ့ မြွေခေါင်းပြတ်လိုပဲတဲ့။

မြွေခေါင်းပြတ်ကြီး ရစ်ပတ်ခွေနေသလို အူမခွေကြီးဟာလဲ ရစ်ပတ်ခွေနေပါတယ်တဲ့၊ ဘယ်နှစ်ခွေခွေနေလဲဆိုတော့ (၂၁) ခွေခွေနေတယ်တဲ့၊ လင်္ကာမှာ "ဝိသင်္ဘေ" ဆိုတဲ့ စကားကပါဠိပါ၊ မြန်မာလိုကတော့ (၂၁)ပါတဲ့။

အဲဒီ အူမကြီးဟာ ခွေနေတော့ (၂၁)ခွေပါ၊ ဆန့်လိုက်ယင် ယောကျ်ားရဲ့အူမဟာ ၃၂-တောင်ရှိပါတယ်တဲ့၊ မိန်းမ အူမဟာ (၂၈)တောင် ရှိပါတယ်။

ဒီနေရာမှာ အဆိုကွဲတာလေး ရှိပါသေးတယ်၊ ဘာလဲဆိုတော့ အူမဟာ (၂၁)ခွေကတော့ (၂၁)ခွေပါပဲ၊ ဘာ သွား

ပြီးတော့ အဆိုက်ခွဲလဲဆိုတော့ ယောကျ်ားအူဟာ ၃၂-မိုက်တဲ့ မိန်းမအူဟာ ၂၈-မိုက်တဲ့၊ အဲဒီလို မိုက်နဲ့ အတောင်နဲ့လဲ အဆို ကွဲပါသေးတယ်။

ဘယ်လိုပဲ ၂၈-မိုက်,၂၈-တောင်အဆိုကွဲကွဲ မိမိတို့ခန္ဓာမှာ ရှိနေတဲ့အူမဟာ ရှုံ့စရာကတော့ရှုံ့စရာပါပဲ၊ ယောကျ်ားအူဟာ ရှည်တယ်၊ မိန်းမအူဟာတိုတယ်၊ ဒါကတော့ သေချာပါတယ်။

အဲဒါကြောင့် မိန်းမတွေစိတ်တိုတဲ့အခါ, စိတ်ဆိုးတဲ့အခါ, စိတ်ကောက်တဲ့အခါ ပညာရှိတဲ့ ယောကျ်ားတွေက သူတို့က အူတိုမျိုးတွေတဲ့၊ သူတို့ကို အပြစ်အနာအဆာယူလို့ မဖြစ်ဘူးတဲ့၊ အူတိုမျိုးမို့လို့ စိတ်တိုတဲ့အမျိုးသမီးတွေရဲ့အပြစ်ကို ပညာရှိတဲ့ ယောကျ်ားတွေက ခွင့်လွှတ်ကြပါတယ်။

ပညာမရှိတဲ့ ယောကျ်ားတွေကတော့ ခွင့်မလွှတ်နိုင်ဘူးတဲ့၊ သူတို့က အမျိုးသမီးတွေဟာ အူတိုလို့ စိတ်ပါ တိုတယ်ဆိုတဲ့ သဘောကို မသိလို့ပေါ့၊ ဒီတော့ "နင် တိုတိုင်း ငါမရှည်နိုင် ဘူး"ဆိုပြီးတော့ ရန်ပွဲဖြစ်ပြီး သတ်ကြ,ပုတ်ကြ,ကွဲကြ, ကွာကြ ဖြစ်ကုန်ရော။

အဲဒီလိုဖြစ်တော့ အားလုံး အကျိုးတွေ ယုတ်ကုန်ရောပေါ့၊ အဲဒီလို အကျိုးမယုတ်ရအောင် အူတိုမို့ အမြင်တိုတယ်၊ အမြင် တိုလို့ စိတ်တိုတယ်၊ဒါ သူ့သဘာဝပါပဲ၊ငါက အူရှည်လို့ အမြင် ရှည်တယ်၊ အမြင်ရှည်တော့ စိတ်ရှည်တယ်ဆိုပြီး စိတ်ရှည်ရှည် ထားယင် မိန်းမနဲ့ ယောကျ်ားဟာ ပြဿနာ မဖြစ်တော့ဘူး ပေါ့။

**အူသိမ်** အဲဒီလို ပြဿနာမဖြစ်မှလဲ ချမ်းသာမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းမနဲ့ ယောကျ်ားက ကင်းနိုင်တာမှ မဟုတ်တာပဲ၊ ကဲ....ထားပါတော့၊ အဲဒီအူမကြီးကို အားပေးအားမြှောက် အထောက်အပံ့ပေးနေတဲ့ အူသိမ်ဆိုတာ ရှိသေးတယ်၊ ဘာတဲ့လဲ-

"အန္တဂုဏံ၊ ကြိမ်ကြိုးခြေသုတ်၊ မပြေပြုတ်အောင်၊ ချုပ်သည့်ကြိုးငယ်၊ ပမာနှယ်သို့ပတ်လည်အူခွေ၊ မပျက်လေအောင်၊ ယှက်ပွေချုပ်လိမ်၊ ကြာမြစ်အိမ်သို့၊ သေးသိမ်နုနယ်၊ စက်ဆုပ်ဖွယ်မှု၊ အူသိမ်အစုသည်။ အတွင်၊ အသိမမှား၊သတိထားဖို့၊ထင်ရှားပုံသေ၊ရှိပါပေ၏" တဲ့။

မြင်အောင်ကြည့်ပါ၊ ကြိမ်ကုလားထိုင်တွေ၊ ကြိမ်ခြင်းတွေ ရစ်ပတ်တားတာ၊ ပြီးတော့ ကြိုးတွေအမျိုးမျိုးပေါ့၊ အထပ်ထပ်ရစ်ပတ်ထားတာ၊ နောက်....ခြေသုတ်တဲ့အဝတ်၊ အုန်းဆံစသည့်တွေ အထပ်ထပ်ရပ်ပတ်ထားတော့ ခိုင်တယ်၊ မြဲတယ်။

အဲဒီလိုပဲတဲ့၊ အူမကြီးမပြေမပြုတ်အောင် အထပ်ထပ်အပြင်ဘက်က ရစ်ပတ်ထားတဲ့အူသိမ်ဟာ ဘာနဲ့တူလဲဆိုတော့ ကြာမြစ်အိမ်လိုပဲတဲ့၊ ရှုပ်လို့ ပွေလို့ပေါ့။

ဒီတော့ အူမနဲ့အူသိမ်နဲ့နေပုံဟာ ဉာဏ်နဲ့ကြည့်ယင် ရှုပ်ပွေသည်အလျောက် စက်ဆုပ်ဖွယ်ရာ အလွန်ပဲ ကောင်းပါတယ်။

**အစာသစ်** အဲဒီ အူသိမ်အကြောင်းတော့ ဟို....သဌေးသမီးကလေးရဲ့စကားထဲမှာ မပါပါဘူး၊ စပ်နေလို့ ထည့်ပြောလိုက်တာပါ၊ သဌေးသမီးကလေးက သူ့ရဲ့ခန္ဓာကိုယ်နှစ်ဘက်ပေါက် အိတ်ထဲမှအူမကိုဆွဲထုတ်ပြပြီးတော့ အစာသစ်ကို ဆွဲထုတ်ပြပြန်ပါတယ်။

“ဥဒရိယံ၊ ကြိတ်ညှပ်သွားချေး, တံထွေးရေနှင့်, ဖျော်
လေကိုချွဲ, စာအိမ်ထဲသို့, ရစ်ဆွဲသွင်းယူ, တေဇောပူ
ကြောင့်, လျှံဆူလှည့်ပွတ်, စိစိတက်၍, ရင့်ကျက်ဖောင်းပွ,
ထောင်းထောင်းကြွလျက်, ကာယမစစ်, အစာသစ်သည်။
အတ္ထိ၊ ငါပင်ငါကား, မယူမှားအောင်, ထင်ရှားပုံသေ
ရှိပါပေ၏”တဲ့။

ဘုန်းကြီးတို့ပရိသတ်တွေ အစားအစာအကောင်းအမွန်တွေ အမွှေးအကြိုင်တွေချည်း ရွေးပြီးချက်လိုက်တာ အမြဲပါပဲ၊ နေ့စဉ်ပါပဲ၊ ဘယ်လောက်ပဲ ကောင်းကောင်း, ဘယ်လောက်ပဲမွှေးမွှေး ပါးစပ်ထဲရောက်လို့ ဝါးလိုက်တယ်ဆိုယင်ပဲ သွားချေးတွေ သွားရည်တွေ အရိအရွဲတွေနဲ့ တံတွေးရေတွေနဲ့ အကျိအချွဲတွေနဲ့ ဖျော်ပြီး အစာသစ်အိမ်ထဲ ရောက်သွားတာ ဝါယောလေက တွန်းချလို့ တွန်းပို့လို့ ရောက်သွားတာပေါ့။

အစာသစ်အိမ်ထဲရောက်သွားတော့ အစာသစ်အိမ်မှာ မီးရှိတယ်၊ ဘာမီးလဲဆိုတော့ တေဇောမီးလို့ ခေါ်တယ်ပေါ့၊ ပါစကဝမ်းမီးလို့ ခေါ်တယ်ပေါ့။ အစာကိုချက်တဲ့မီးပေါ့၊ အဲဒီ အစာချက်တဲ့ တေဇောမီးက ချက်လိုက်တော့ စားလိုက်တဲ့ အစာသစ်တွေဟာ ဆူပွက်ပြီးတော့ အမြှုပ်တစီစီ တက်နေတယ်။

အဲဒီ အမြှုပ်တွေကနေပြီးတော့ တဖြည်းဖြည်းရင့်ကျက်လာပါတယ်၊ ပြစ်ချွဲခဲပြီးဖောင်းပွလာပါတယ်၊ ဘာနဲ့တူလဲဆိုတော့ မစင်ကျင်ကြီးတွင်းသဖွယ်ပဲတဲ့။

အစာသစ်အိမ်ရှုပုံသဏ္ဌာန်ကလဲရွံစရာကြီးပါပဲ၊ ပိန္နဲသီးရဲ့အထဲကအမျှင်တွေနဲ့ ရှုပ်ယှက်နေသလိုပဲတဲ့၊ အပေါက်တွေကလဲ ပြည့်လို့ပဲတဲ့။

တခါတခါ အထက်ကို လေချဉ်ပြန်တော့ နံတာဟာ အဲဒီ အစာသစ်အိမ်ကလာတဲ့ လေပေါ့၊ မခံနိုင်ပါဘူး၊ အတော်အနံ့ ဆိုးပါတယ်။

အဲဒီ အစာသစ်အိမ်ထဲမှာ အစာရှိယင် အဲဒီအစာကိုပါစက ဝမ်းမီးက လောင်တယ်၊ ပိုးတွေကလဲ အဲဒီအစာကို စားတယ်၊ အစာသစ်အိမ်ထဲမှာ အစာမရှိတော့ဘူးဆိုယင် ပါစကဝမ်းမီးက ဝမ်းအရေခွံကိုလောင်တယ်၊ ပိုးတွေကလဲ အဲဒီဝမ်းအရေခွံကို ခွာခွာစားပါတယ်၊ အဲဒါကြောင့် အစာမရှိယင် ရင်ပူတာ ပေါ့။

အဲဒီလို ရင်ပူတာကို ထမင်းဆာတယ်လို့ ခေါ်တာပါ၊ အဲဒီ လို ထမင်းဆာတဲ့အခါ ဒီက အစာကလေး တလုတ်နှစ်လုတ် လောက်စားလိုက်ယင် ဟိုမှာအစာပြတ်ပြတ်နေတဲ့ ပိုးတွေဟာ အဲဒီ အစာကို အပြေးအလွှား လုယက် စားကြတယ်၊ ဥပမာ ဘာနဲ့တူလဲဆိုတော့ အိမ်သာထဲသို့ မစင်တတုံးကျသွား ယင် လောက်တွေဟာ အဲဒီမစင်တုံးကို အပြေးအလွှားလုယက် စားသောက်သလိုပါပဲတဲ့။

အဲဒီအစာတွေ ဝမ်းထဲမှာ ငါးစုဖြစ်ပုံကိုတော့ နောက်က ပြောခဲ့ပြီးပါပြီ၊ ဘာတဲ့လဲ ပိုးစာဖြစ်တယ်၊ ဝမ်းမီးလောင်တယ်၊ ကျင်ကြီးဖြစ်တယ်၊ ကျင်ငယ်ဖြစ်တယ်၊ သွေးသားဖြစ်တယ်လို့ ငါးစုဖြစ်ပါတယ်။

စားလိုက်ရတာ ငွေကုန်ကြေးကျခံပြီးတော့ အပင်ပန်းခံပြီး တော့ တကယ်အစစ်အမှန်ခန္ဓာအတွက် ကျန်တာက တပုံပဲကျန် ပါတယ်။

အရသာအပေါ်မှာ တပ်မက်တဲ့ တဏှာဟာ ဘယ်လောက်ဆိုးသလဲ၊ သူ့အတွက် သတ္တဝါတွေ ဒုက္ခရောက်နေရတာပါ၊ အစာစားတဲ့အခါ အဲဒီသဘာဝတွေကို ဉာဏ်နဲ့ ကြည့်ပြီးစားပါ၊ အဲဒီလို စားယင် အရသာအပေါ်မှာ တပ်မက်တဲ့ ရသတဏှာ တဖြည်းဖြည်းပါးလာပါမယ်၊ ရသတဏှာပါးလာယင် အစားအသောက်နဲ့ ပတ်သက်ပြီး ဇီဇာမကြောင်တော့ဘူးပေါ့။

ယခုအနေ အစာသစ်အိမ်ထဲက အခြေအနေအတိုင်း အစားအစာတွေကို ခန္ဓာကိုယ်တွင်း သွင်းမယ် စားမယ်ဆိုယင် အသွင်းခံနိုင်ပ စားနိုင်ပါ့မလားဆိုယင် မသွင်းနိုင် မစားနိုင်ပါ။

**အစာဟောင်း** မျက်မြင်အနေနဲ့ မခံနိုင်ဘူးဆိုပေမယ့် ဆိုးကောင်းနှစ်ဖြာ စား အ စာ တွေ ဟာတော့ အစာသစ်အိမ်တွင်း ဒီအတိုင်းဖြစ်ပြီး ငါးပါးအစာ ခွဲဝေနေတာပါပဲ။ ဒီမှာ သဒ္ဒေးသမီးကလေးက အစာသစ်ပဲ ပြောပါတယ်၊ အစာဟောင်းကို မပြောပါဘူး၊ အစာဟောင်းကိုလဲ ထည့်ပြီးတော့ ပြောကြည့်ရအောင်....

"ကရီသံ၊ ရှစ်သစ်ကျိတွင်း, မြေညက်သွင်းသို့,
သက်ဆင်းအူခွေ, စာသစ်ကြွေ၍, တည်နေဖောင်းသိပ်,
စာဟောင်းအိတ်၌, ဆို့ပိတ်လှောင်ထား, ရွံဖွယ်များ
သည့်, မြင်ကြားမကောင်း, အ စာ ဟောင်း သည်။
အတ္တ၊ ကိုယ်ပင်ကိုယ်ကား, ကိုယ်ရွံပါးအောင်, ထင်
ရှားပုံသေ, ရှုပါလေ၏" တဲ့။

အစာဟောင်းဆိုတာ အစာသစ်ကနေ ကြေညက်သွားတော့ ငါစုခွဲပြီး တစုက ကျင်ကြီးဆိုတဲ့ အစာဟောင်း ဖြစ်သွားပါ

တယ်၊ အဲဒီ အစာဟောင်းတွေ နေပုံဟာ လက်ရှစ်သစ်မျှရှိတဲ့ ကျီအတွင်းသို့ မြေညက်တွေ ထိုးသွင်းပိတ်ဆို့ သလိုပဲတဲ့၊ အစာသစ်အိမ်မှ တဆင့် အစာဟောင်းအိမ်သို့အရောက် ဝါယောလေက ထိုးသိပ်တွန်းပို့လိုက်တယ်။

အဲဒီ အစာဟောင်းတွေဟာ အူခွေထဲမှာ အဆင့်ဆင့်ရွေ့ရှားပြီး နောက်ဆုံး ကျင်ကြီးအဖြစ် ရောက်လာပါတယ်၊ ကျင်ကြီးမဖြစ်မီနဲ့ ကျင်ကြီးဖြစ်ပြီးတဲ့ပုံကို ကြည့်ရှုစမ်းပါ၊ ခန္ဓာတွင်း ညာဏ်သွင်းပြီးတော့ အစာသစ်နဲ့ အစာဟောင်း လှုပ်ရှားပြီး ပြောင်းရွှေ့နေတာ နှစ်သက်စရာမရှိ၊ ရွံစရာအတိသာ ဖြစ်ပါတယ်။

အဲဒီ ရွံစရာတွေကို မမြင်လို့ မသိလို့ ဒီခန္ဓာကိုယ်ကို မက်မောနေတာပေါ့၊ မြင်ယင် သိယင် ဘာမှ မက်မောစရာမရှိပါဘူး။

ယခုအနေ အဲဒီ အစာသစ်တွေ အန်ထုတ်၊ အစာဟောင်းတွေကို ယိုချယင် ကောက်ကိုင်ပြီး ပြန်ထည့်ဦးမလားဆိုယင် ဘယ်သူမှ မထည့်တော့ပါဘူး။

ဘာဖြစ်လို့ မထည့်လဲဆိုယင် ရွံလို့လို့ ဖြေမှာပါ၊ အေး.... အပြင်ရောက်ယင်တော့ ရွံတယ်ပေါ့၊ အတွင်းမှာတော့ မရွံဘူးတဲ့၊ တယ်ဟုတ်ပါလား၊ ရွံစရာတွေကို လှောင်ထားတဲ့ ရွံစရာကိုယ်ပဲ မဟုတ်ဘူးလား။

"ဟုတ်ပါတယ် ဘုရား"

**အသည်း** ကဲ.... ဒီလောက်ဆိုယင် အစာဟောင်းရဲ့ အကြောင်း သိလောက်ပါပြီ၊ ဟို.... သဒ္ဒေး သမီးကလေးက နှစ်ဘက်ပေါက် အိတ်ထဲက ထုတ်ပြတဲ့ သဘာဝ တခုကို ကြည့်ရှုကြပါစို့။

"ယကန်၊ လက်ယာနံစောင်း, တည်း ခို အောင်း
လျက်, နီမောင်းရောင်လက်, ကသစ်ရွက်လို, သဏ္ဌာန်
ဆိုရ, ပုဂ္ဂိုလ်မမည်, နံစော်ညှီသော, အသည်းသည်။
အတ္ထိ၊ ငါပင်ငါကား, ခင်မင်မှားဖို့, ထင်ရှားပုံသေ,
ရှိပါပေ၏" တဲ့။

အခေါ်ကတော့ အသဲပေါ့၊ စာလိုရေးတော့ အသည်း ပေါ့၊ အဲဒီ အသည်းရဲ့အဆင်းဟာ ကုမုဒြာကြာရွက်ရဲ့ ကျော ဘက်လိုပဲတဲ့၊ အနည်းငယ် နီတယ်တဲ့၊ အသွင်သဏ္ဌာန်ကတော့ ကသစ်ရွက်လိုပဲတဲ့။

အဲဒီအသည်းဟာ ဉာဏ်မရှိတဲ့လူ မိုက်မဲတဲ့လူမှာ ကြီးတယ် တဲ့၊ တခုတည်းရှိတယ်တဲ့၊ တချို့ကလေးတွေကို တွေ့ရပါ တယ်၊ တော်ရုံတန်ရုံနဲ့ ရိုက်လို့မငိုပါဘူး၊ ဒီတော့ မိဘတွေက ဘယ်လိုပြောလဲဆိုတော့ ဒီကလေး တော်တော် အသည်းကြီး တယ်တဲ့။

အသည်းကြီးတယ်ဆိုတာ အမှန်စင်စစ်တော့ မိုက်တယ်ဆို တဲ့ စကားရဲ့ ပရိယာယ်တမျိုးပါပဲ။

ပညာရှိတွေရဲ့ အသည်းကတော့ ငယ်တယ်ပေါ့၊ ပြီးတော့ နှစ်ခု သုံးခု ရှိပါသတဲ့၊ ဒီလိုဆိုတော့ မိုက်တယ် လိမ္မာတယ် ဆိုတာ ပဋိသန္ဓေထဲကပါလာတဲ့ သဘောတခုလို့ပဲ ဆိုနိုင်ပါ တယ်၊ ပဋိသန္ဓေမိုက်၊ ပဋိသန္ဓေပညာရှိပေါ့။

ယခု ပစ္စုပ္ပန် သို့မဟုတ် ပဝတ္တိ လိမ္မာမှု မိုက်မဲမှုဟာ ပဋိသန္ဓေ ပါလောက် မမိုက်ပါဘူး၊ မလိမ္မာပါဘူး၊ ပဋိသန္ဓေပါကတော့ မိုက်စရာရှိလဲ အလွန်မိုက်တယ်၊ လိမ္မာစရာရှိလဲ အလွန် လိမ္မာ ပါတယ်။

အဲဒီ အသည်းဟာ သားမြတ်နှစ်ခုတို့ရဲ့အကြား ညာဘက်နံပါးဘက်မှာ နေပါတယ်တဲ့၊ အနံ့က ဘယ်လိုနေလဲဆိုတော့ နံ့စော် ညှီဟောက်နေပါတယ်တဲ့။

**ကျင် ငယ်** အဲဒီ အသည်းကို ငါပဲ သူပဲ ယောကျ်ားမိန်းမ ပဲလို့ အထင်လွဲစရာ မရှိတော့ပါဘူး။ ဟို... သင်္ချေးသမီးကလေးက ခန္ဓာကိုယ် နှစ်ဘက်ပေါက် အိတ်ထဲမှ ထုတ်ပြတာတခုက ဘာတဲ့လဲ။

"မုတ္တံ၊ ညှီနံဆူကျက်, ရွံသည်နှိပ်ဗွက်၌, မှောက်လျက်ပစ်ထား, အိုးငယ်လားသို့, ချက်နားအောက်ထိပ်, စီပေါင်းအိတ်၌, ဆို့ပိတ်အတွင်း, စိမ့်ဝင်ဆင်း၍, တောင့်တင်းတည်နေ, ဆပ်ပြာရေလို, ဝါရွှေရောင်ဆင်း, နံ့စော်ခြင်းဖြင့်, လွန်မင်းစွာဘိ, ရွံဖွယ်ရှိသည့်, ကျိကျိညစ်ကျူ, ကျင်ငယ်စုသည်။ အတ္တ၊ မငြိမခင်, သတိထင်ဖို့, ကိုယ်တွင်တစေ, ရှိပါလေ၏" တဲ့။

ကျင်ငယ်ရဲ့အရောင်အဆင်းကတော့ မျက်စိနဲ့ မြင်သိနေကြတဲ့ အတိုင်းပဲပေါ့၊ အစား, အသောက်, ကျန်းမာမှု မကျန်းမာမှုအရ အမျိုးမျိုးအရောင်ပြောင်းနေပါတယ်။

အနံ့အသက်ကလဲ ဒီလိုပါပဲ၊ အစား အသောက် အလိုက် ပြောင်းပါတယ်၊ တညင်းသီးလို ဆူးပုပ်ရွက်လို အနံ့ ပြင်းတဲ့ အသီးအရွက်တွေစားယင် အင်မတန် နံပါတယ်။

နေထိုင်မကောင်းယင်လဲ အလွန်နံပါတယ်၊ အရောင် လဲ ပြောင်းပါတယ်၊ အဲဒီ ဆီးရဲ့ အရောင်နဲ့ အနံ့ကိုတော့ အထူး ပြောစရာမလိုပါဘူး၊ ဘုန်းကြီးတို့ ပရိသတ် အသိပါပဲ။

ဆီးအိမ်ရဲ့ ပုံသဏ္ဌာန်ကတော့ ရှုံ့ညွန့်ထဲမှာ အဝအောက်ချ မှောက်ထားတဲ့ အဝကျဉ်းတဲ့ အိုးငယ်ကလေးလိုပဲတဲ့၊ ပမာ ပြောရယင် ဗူးခါးသီးလေး ဖင်ထောင်ထားသလိုပဲပေါ့။

အဲဒီ ဆီးအိမ်က ချက်ရဲ့အောက်နားမှာ စီပေါင်းအိတ် ကလေးပေါ့၊ အပေါက်တွေအများကြီးပေါ့၊ အဲဒီအထဲ စား တဲ့ သောက်တဲ့ အစားအသောက်တွေမှ ငါးပုံတပုံက ဆီးအဖြစ် ဖြင့် စိမ့်ဝင်ပါတယ်၊ ရေစစ်ထဲ ရေဝင်သလိုပဲ ဆီးအိမ်ထဲ စိမ့် ဝင်ပါတယ်။

အဲဒီဆီးနဲ့ပတ်သက်ပြီးတော့ ဖြစ်တဲ့ရောဂါကို စကားပုံပြု ကြတယ်၊ ဘယ်လိုတဲ့လဲ၊ "ယောကျ်ားမှာဆီး, မိန်းမမှာမီး" တဲ့၊ ယောကျ်ားတွေမှာ ဆီးရောဂါအဖြစ်များတယ်၊ အလွန် ဆိုးတယ်၊ မိန်းမတွေမှာ မီးယပ်ရောဂါအဖြစ်များတယ်၊ အလွန် ဆိုးပါတယ်။

အစားအစာတွေက ဆီးဖြစ်သင့်သလောက် မဖြစ်ယင်လဲ ဒုက္ခပေးတာပါပဲ၊ ဆီးဖြစ်သင့်တာထက် ပိုဖြစ်ယင်လဲ ဒုက္ခပေး တာပါပဲ၊ ဆီးဖြစ်သင့်ရုံလောက်ဖြစ်မှ အနေတော်ပါတယ်။

ကိုယ်တွင်းမှာ အောင်းထားတဲ့ဆီးတွေ အပြင်ရောက်ခါမှ ရှုံ့လိုက်တာ၊ ကိုယ်ရဲ့ဆီးတောင် ကိုယ်နဲ့အထိမခံနိုင်တော့ဘူး၊ ဆီးများပေကျံသွားယင် ဆေးလိုက်ရ ဖွပ်လိုက်ရတာ၊ အမယ် လေးယခုချက်ချင်းပဲ အဲဒီဆီးပေသွားတဲ့အတွက် အသက်ထွက် ရမလောက်ပါပဲ။

ဟုတ်ပါတယ်၊ အပြင်ရောက်လာတဲ့ ဆီးတော့ ရှံ့ပါတယ်၊ အထဲက အိတ်နဲ့အပြည့်သိုလှောင်ထားတဲ့ ဆီးတော့ မရှံ့ဘူး။

**နှလုံးသား** ဘုန်းကြီးတို့ ပရိသတ် သတ္တဝါတွေဟာ အသိအမြင် ဖောက်ပြန်လိုက်တာ အမျိုးမျိုးပါပဲ၊အယူဝါဒဆိုတာတော့ မပြောနဲ့တော့၊ ဟို သဒ္ဒေးသမီးကလေးက အသိအမြင် အယူမှန်စွာနဲ့ ခန္ဓာကိုယ်ရဲ့ သဘောသဘာဝတွေကို ထုတ်ပြနေတယ်။

"ဟဒယံ၊ ရင်ချိုင့်အလယ်,ကြာဖူးအောက်ဝယ်လှည့်ထား,အတွင်းသားမူ, သပွတ်အူနှယ်, ပြင်ဝယ်ချောမော, နီသောသွေးစုံ, နွားသတ်ရုံသို့, နံဟုန်ညှီဟောက်, ရဲရဲတောက်မျှ, ထိတ်ကြောက်လန့်ပါး, နှလုံးသားသည်။ အတ္တိ၊မဝံ့မစား,စိတ်ရှုပ်ပွားဖို့,ထင်ရှားပုံသေ, ရှိပါပေ၏" တဲ့။

ဘုန်းကြီးတို့ပရိသတ်ရဲ့ ကိုယ်တွင်းမှာရှိတဲ့ နှလုံးသားဟာ ရင်ချိုင့်ရဲ့အလယ်မှာ နေပါတယ်တဲ့ ၊အဆင်းအရောင်က ကြာပဒုမ္မာရွက်ရဲ့ကျောဘက်အရောင်နဲ့ တူပါတယ်တဲ့။

အနေအထားကတော့ ကြာဖူးငယ်ကို အောက်ဘက်သို့ လှည့်ထားသလိုပဲတဲ့၊ ဉာဏ်ရှိတဲ့သူရဲ့ နှလုံးသားက အောက်ဘက်လှည့်ထားတဲ့ ကြာဖူးငုံကလေးအနည်းငယ်ပွင့်နေသလိုပဲတဲ့။

ဉာဏ်မရှိတဲ့လူ ဉာဏ်ထိုင်းတဲ့လူရဲ့နှလုံးသားကတော့ အောက်ဘက်လှည့်ထားတဲ့ ကြာဖူးငုံဟာ စုပြီးတော့ ငုံနေသလိုပဲတဲ့။

အဲဒီနှလုံးသားရဲ့အတွင်းကတော့ သပွတ်အူတို့လိုပဲ ရှုပ်ထွေးနေသတဲ့၊ အပြင်ဘက်ကတော့ ချောချောမောမော ပြေပြေပြစ်ပြစ်ပဲတဲ့။

အဲဒီနှလုံးသားမှာ မနောဓာတ်နဲ့ မနောဝိညာဏဓာတ်လို့ ခေါ်တဲ့ ဝိညာဏဓာတ်နှစ်ပါး အသိဓာတ်နှစ်ပါးဟာ မှီနေပါ

တယ်၊ အသိစေတ်ဆိုတာနဲ့ ဝိညာဏစေတ်ဆိုတာဟာ အတူတူပါပဲ။

အဲဒီ နှလုံးသားရဲ့အတွင်းမှာ ပုန်း ညက် စေ့ ခန့် မျှ လောက်ရှိသော တွင်းငယ်ကလေး ရှိပါတယ်၊ အဲဒီ တွင်းငယ်ကလေးထဲမှာ တလက်ဖက်မျှလောက်ရှိတဲ့ နှလုံးသွေးရှိပါတယ်။

အဲဒီ နှလုံးသွေးမှာ ဟဒယဝတ္ထုရုပ် တည်ပါတယ်၊ အဲဒီ ဟဒယဝတ္ထုရုပ်မှာ ခုနက ပြောခဲ့တဲ့ မနောစေတ်နဲ့ မနောဝိညာဏစေတ်တို့ မှီပါတယ်၊ စိတ်စေတသိက်တွေ မှီပြီး တော့ ဖြစ်ပါတယ်။

သိပ္ပံကတော့ အသိစေတ်ဟာ ဦးနှောက်ကို မှီတယ်လို့ ဆိုပါတယ်၊ သိတာက ဦးနှောက်က သိတယ်လို့ဆိုပါတယ်၊ အမှန်က စိတ်ကြည်တော့ ဦးနှောက်ကြည်တယ်, စိတ်နောက်တော့ ဦးနှောက်နောက်တယ်၊ စိတ်ကိုမမြင်တော့ အသိစေတ်ကို မမြင်တော့ မြင်တဲ့ ဦးနှောက်ကို ကြည့်ပြီး စကားပြောနေကြတာပါပဲ၊ အကျိုးနဲ့ အကြောင်းပေါ့။

**နှလုံးသွေး အရောင်** အဲဒီ နှလုံးသွေးရဲ့ အ ရောင် က တော့ မမြဲပါဘူး၊ အရောင် ခဏခဏပြောင်းပါတယ်၊ မမြဲဘူးဆိုတာ တိကျတဲ့ အရောင်သတ်မှတ်ချက် မရှိဘူးလို့ ပြောတာပါ၊ နှလုံးသွေးအရောင် ဘယ်လိုပြောင်းလဲဆိုတော့ စိတ်စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်နဲ့ အဲဒီနှလုံးသွေးရောတဲ့အတွက်ကြောင့်....

၁။ ရာဂများတဲ့သူ့ရဲ့ နှလုံးသွေးဟာ နီတယ်၊

၂။ ဒေါသများတဲ့ သူ့ရဲ့ နှလုံးသွေးဟာ နက်တယ်။

၃။ မောဟများတဲ့ သူ့ရဲ့နှလုံးသွေးဟာ သားဆေးရည်နှင့် တူတယ်၊

၄။ ဝိတက်များတဲ့သူ့ရဲ့ နှလုံး သွေး ဟာ ကုလား ပဲပြုတ်ရည်နှင့် တူတယ်၊

၅။ သဒ္ဓါများတဲ့သူ့ရဲ့ နှလုံးသွေးဟာ မဟာလှေကားပွင့်သဖွယ် ဖြစ်ပါတယ်၊

၆။ ပညာများတဲ့သူ့ရဲ့ နှလုံးသွေးဟာ ပတ္တမြားသဖွယ် ပြိုးပြိုးပြက် အရောင်ထွက်ပါတယ်" တဲ့။

အဲဒီ နှလုံးသွေးရဲ့ အရောင်ကို မှတ်မိချင်ယင် ဟောဒီ လင်္ကာလေးကို ကျက်ပြီးတော့ မှတ်ထားပါ၊ ကဲ....လိုက်ဆိုပါ။

"နီမြန်း ရာဂ၊ ဒေါသ မည်းငြား၊ သား ဆေး မောဟ၊ တက္က ပဲရည်၊ ဝါသည် သဒ္ဓါ၊ ပညာ ပြိုးပြက်၊ ဇောတမျက်သို့၊ ထိန်လက်ရောင်လျှံလင်းသတည်း" တဲ့။

ပြီးတော့ အဲဒီ နှလုံးသွေးကို အရောင်ခွဲထားတာ တနည်းရှိပါသေးတယ်၊ အဲဒါကတော့ ဝေဒနာနဲ့ ခွဲပါတယ်၊ ဘယ်လိုခွဲလဲဆိုတော့....

၁။ ဝမ်းမြောက်တဲ့ သောမနဿဝေဒနာ ဖြစ်သူ့ရဲ့ နှလုံးသွေးဟာ နီတယ်၊

၂။ စိတ်ဆိုးဒေါသ ဒေါမနဿဝေဒနာ ဖြစ်သူ့ရဲ့ နှလုံးသွေးဟာ နက်တယ်၊

၃။ ဝမ်းလဲမမြောက် စိတ်လဲမဆိုးတဲ့ သူ့ရဲ့ နှလုံးသွေးဟာ နှမ်းဆီရောင်တဲ့။

အဲဒီလို တနည်းအားဖြင့် နှလုံးသွေးကို ဝေဒနာနဲ့ ခွဲပုံကိုလဲ မှတ်မိအောင် လင်္ကာကလေးနဲ့ပဲ မှတ်ထားပါ၊ ကဲ....လင်္ကာ ကလေးကို လိုက်ဆိုပါ-

"သောမနဿ၊ နီမြန်းလှ၏၊ ဒေါသ မည်းစွာ၊ ဥပေက္ခာမူ၊ နှမ်းဆီတူဟု၊ မှတ်ယူတနည်း၊ ကျမ်းလာ တည်း"။

အဲဒီနှလုံးသွေးဟာ သားမြတ်နှစ်ခုတို့ရဲ့အလယ် ရင်မှာနေ တယ်တဲ့၊ အဲဒါက နှလုံးသားရဲ့တည်ရာကို ဖော်ပြတာပဲ။

နှလုံးသားရဲ့ အနံ့ကတော့ နံတယ်၊ ညှီတယ်၊ နွားသတ်ရုံ မှာ သွေးတွေလိမ်းကျံနေသလိုပဲတဲ့။ သူလဲ ရှိစရာပဲ၊ ဘာမှနှစ် သက်စရာမရှိပါဘူး၊ ဘုန်းကြီးတို့ပရိသတ် မိမိတို့ရဲ့ ခန္ဓာကိုယ် နှစ်ဘက်ပေါက်အိတ်ကြီးထဲက ဆွဲထုတ်ကြည့်ပါ၊ သဘာဝအမှန် အရှိတွေကို မြင်ပါ သိပါလိမ့်မယ်။

**အဆုတ်** ပြီးတော့ ခန္ဓာကိုယ် နှစ်ဘက်ပေါက် အိတ်ကြီးထဲက ဘာဆွဲထုတ်လဲ၊ အဆုတ်ဆွဲထုတ်ပါတယ်၊ အဲဒီအဆုတ် ကတော့ နာမည်ကြီးပေါ့၊ အဆုတ်ရောဂါ တီဘီရောဂါတဲ့၊ သိပ် ပြီးတော့ ကြောက်ကြပါတယ်၊ အဲဒီ အဆုတ်ရဲ့ သဘာဝက ဘယ်လိုလဲဆိုတော့-

"ပပ္ပါသံ၊ အသည်းနှလုံး၊ လွှည့်ရစ်ဖုံးသည့်၊ သုံးဆယ့် နှစ်ခု၊ သားစုမည်မှတ်၊ နီလတ်အဆင်း၊ မရှင်းပွေ့ရှုပ်၊ ရိယို သော အဆုတ်သည်။ အတ္တိ၊ ရှိဖွယ်တပါး၊ ဉာဏ်ဝယ် ထားဖို့၊ ထင်ရှားပုံသေ၊ ရှိပါပေ၏"တဲ့။

အဆုတ်ဟာ ဘယ်လိုတည်နေသလဲဆိုတော့ အသည်းနှလုံးကို လှည့်ပတ်ရစ်ဖုံးပြီးတော့ နေပါတယ်တဲ့၊ အဲဒီလိုဆိုတော့ အဆုတ်ဟာ အသည်းရဲ့ နှလုံးရဲ့ အဖုံးသဘောပေါ့၊ အပေါ်ကနေတဲ့ သဘောပေါ့။

အဲဒီအဆုတ်မှာ အသားတုံး အသားတစ်ကလေးတွေ ဘယ်လောက်ရှိလဲဆိုတော့ ၃၂ ခုရှိတယ်တဲ့၊ ၃၂ တစ်ပေါ့၊ အသားတုံးအသားတစ်လေးတွေ၊ အဲဒီအသားတုံး အသားတစ်ကလေးတွေစုနေတဲ့ဟာကို အဆုတ်လို့ ခေါ်ပါတယ်၊ အဲဒီအဆုတ်မှာ ဘာ အဆီသြဇာမှ မရှိဘူးတဲ့။

အဲဒီ အဆုတ်ရဲ့ အဆင်းသဏ္ဍာန်က ဘယ်လိုနေလဲဆိုတော့ နီပါတယ်တဲ့၊ ဥပမာ ဘာနဲ့တူလဲဆိုတော့ သဖန်းသီးမှည့်နဲ့တူပါတယ်တဲ့, သဖန်းသီးမှည့်ကိုတော့ ဘုန်းကြီးတို့ပရိသတ် အားလုံး မြင်ဖူးကြသားပဲ၊ အထူးအတွေ ပြောစရာ မလိုပါဘူး။

အနေအထားက ရှုပ်ပွေတယ်တဲ့၊ မရှင်းဘူးပေါ့၊ ၃၂ ခုသော အသားတစ် အသားတုံးကလေးတွေ စုနေတာဆိုတော့ ဘယ်ရှင်းမလဲ၊ ရှုပ်ပွေလိမ်နေတာပေါ့။

အစာအိမ်ထဲမှာ အစာနည်းနေပြီဆိုယင် တေဇောအပူက လွန်ကဲလာပြီးတော့ အဲဒီ အဆုတ်ကို လောင်တယ်တဲ့၊ အဲဒီလို လောင်တော့ အဆုတ်မှာ န္တားဝါးဖတ်လိုပဲတဲ့၊ အဆီသြဇာမကပ်ဘူးတဲ့။

**အညို့**  ဘုန်းကြီးတို့ပရိသတ် အဲဒီအဆုတ်ကို အာရုံယူကြည့်ပါ၊ နှစ်သက်တွယ်တာ မက်မောစရာ ဘာမျှမရှိ စက်ဆုပ်ရွံရှာဖွယ်မျှသာ ဖြစ်ပါတယ်၊ ကဲ.... နှစ်ဘက်ပေါက်

အိတ်ကြီးထဲက အညို့ကို ဆွဲထုတ်ကြည့်ကြရအောင်၊ သူ့သဘာဝက ဘယ်လိုလဲ....

"ဝက္ကံ၊ နှလုံးပြွတ်ဆိုင်, သရက်ခိုင်လို, ရစ်စိုင်အသည်း, တွဲလည်းဆွဲလျက်, ရဲရဲနီလွင့်, ကသစ်ပွင့်လို, ပုဂ္ဂိုလ်မဟုတ်, ရှိယိုပုပ်လျက်, စက်ဆုပ်ဖွယ်မှု, အညို့နှစ်ခုသည်။ အတ္တ၊ လူဟုတပါး, ယူရှုပွားဖို့, ထင်ရှားပုံသေ, ရှိပါပေ၏" တဲ့။

အညို့ရဲ့ ပုံသဏ္ဌာန်က နှလုံးသားနဲ့လဲ တူပါတယ်တဲ့၊ သရက်သီး အခိုင်နဲ့လဲ တူပါတယ်တဲ့၊ အညို့က နှစ်ခုဆိုတော့ သရက်သီးနှစ်လုံးတွဲ အခိုင်လိုပေါ့။

အဲဒီ အညို့ဟာ အသည်းကို ရစ်ပြီးတော့ တွဲလဲဆွဲနေတယ်တဲ့၊ အရောင်က ကသစ်ပွင့်လို ရဲရဲနီနေတယ်တဲ့၊ ရှိယိုပုပ်နေတယ်တဲ့၊ စက်ဆုပ်ဖွယ်ရာ ကောင်းပါတယ်တဲ့၊ နှစ်သက်တွယ်တာစရာ ဘာမျှမရှိတဲ့ အညို့ပါပဲ။

**အဖျဉ်း** အဲဒီအညို့ကို ခုခေတ်ဆေးအခေါ်က ဘာလို့ခေါ်လဲဆိုတော့ ကျောက်ကပ်လို့ ခေါ်ပါတယ်၊ အဲဒါလဲ မှတ်ထားပါဦး၊ အညို့ခေါ်တဲ့ ကျောက်ကပ်ရဲ့သဘောကို ဒီလောက်ပဲ ထားပါတော့၊ နှစ်ဘက်ပေါက် အိတ်ကြီးထဲက အဖျဉ်းဆိုတဲ့ ရှုဖွယ်တခုကို ဆွဲထုတ်ကြဦးစို့။

"ပိဟကံ၊ လက်ဝဲနံစောင်း, တည်ကပ်မြှောင်းလျက်, ညှိုဟောင်းနံစွာ, နွားနက်လျှာလို, တေဇာခတ်မီး, ရှိန်ဟတ်ကြီးဘိ, ပူမချိ၍, ကျိကျိလှုံ့တက်, သရက်ရွက်နှင့်, တချက်ဘေလုံး, အဖျဉ်းသူဉ်းသည့်, ရှုမုန်း

ဖွယ်မှု, အဖျဉ်းစုသည်။ အတ္တိ၊ ကိုယ်ဟုတပါး, ဆိုရှု
မှားဖို့, ထင်ရှားပုံသေ, ရှိပါပေ၏'' တဲ့။

အဖျဉ်းဟာ လက်ဝဲနံပါးဘေးမှာ တည်နေတယ်တဲ့၊ အနံ့က ညှီပါတယ်တဲ့၊ အသွင်သဏ္ဌာန်က ဘယ်လိုလဲဆိုတော့ နွားနက်လျှာလိုပဲတဲ့၊ နွားနက်လျှာနဲ့ တခြား နွား တွေ ရဲ့ လျှာ ဟာ ဘယ်လိုကွဲလဲတော့ ဘုန်းကြီးတို့ပရိသတ်ပဲ စုံစမ်း ကြည့် ပါ တော့။

အဲဒီ အဖျဉ်းကို တေဇောခေါ်တဲ့ အပူပြင်းပြပြီး လောင်ကျွမ်းယင် တကျိကျိနဲ့ လျှံတက်လာတယ်တဲ့၊ အမှန်က လုံးသွားတယ်ပေါ့၊ နဂိုက နွားနက်လျှာလို၊ သရက်ရွက်လို၊ ပူတော့ ဖျားတော့ လုံးသွားတယ်တဲ့၊ အဲဒါကြောင့် အဖျားတက်တဲ့ လူတွေ ဘေလုံးရှိတယ်ပြောတာ၊ သရက်ရွက်ခေါ်တဲ့ အဖျဉ်းဟာ အပူကြောင့် ပွပြီး ကျိကျိတက်ပြီး လုံးသွားပါတယ်။

နှပ် ဘုန်းကြီးတို့ပရိသတ် မှတ်ထားရမှာက အဲဒီအဖျဉ်းကို သရက်ရွက်လဲ ခေါ်ပါတယ်၊ နွားနက်လျှာ နဲ့ တူလို့ နွားလျှာလို့လဲ ခေါ်ပါတယ်၊ အပူကြီးယင် လုံးသွားလို့ ဘေလုံးလို့လဲ ခေါ်ပါတယ်လို့ မှတ်ထားပါ၊ အဲဒီ အဖျဉ်းကလဲ ရှုံစရာတခုပါပဲ၊ ကဲ....ဆက်လက်ပြီးတော့ ခန္ဓာကိုယ်နှစ်ဘက်ပေါက်အိတ်ကြီးထဲက နှပ်ဆိုတဲ့ ရှုံစရာတခုကို ဆွဲထုတ်ကြည့်ကြရအောင်။

''သိင်္ဃာဏကာ၊ ဦးနှောက်မှဆင်း, နှာညှန့်နှင်းသည့်, ရှုံခင်းဖွယ်မှု,နှပ်အစုသည်။ အတ္တိ၊ အသိအမြင်, သတ်ထင်ဖို့၊ ခိုဝင်ကပ်နေ, ရှိပါပေ၏'' တဲ့။

နှပ်ကတော့ ဘုန်းကြီးတို့ပရိသတ်သိတဲ့အတိုင်းပဲ နှာခေါင်းက ထွက်ပါတယ်၊ ဒါကိုတော့ အထူး ပြောစရာမလိုပါဘူး၊ ဘယ်က ဆင်းလဲ ဘယ်က ထွက်လဲဆိုတော့ နှာခေါင်းကထွက်လို့ နှပ်လို့ ခေါ်ပေမယ့် တကယ်တော့ ဦး နှောက် က လာ တဲ့ ဦးနှောက်ရည်ပါတဲ့။

အဲဒီ နှပ်ဟာ ဦးခေါင်းတွင်းကနေ အာစောက် အထက် ပေါက် အဲဒီကနေ နှာခေါင်းအဖုတွင်း ဆင်းပါတယ်၊ အဲဒီ နှပ်ဟာ ဘယ်အချိန် ထွက်တတ်လဲဆိုယင် ငိုယိုတဲ့အခါ ထွက်တယ်၊ အပူအစပ်တွေ သောက်စားတဲ့အခါလဲ ထွက်တယ်။

ဘာဖြစ်လို့ ငိုတဲ့အခါ နှပ်ထွက်လဲ၊ငိုတယ်ဆိုတာ သောကမီး, ဒေါသမီး,ပရိဒေဝမီးလောင်တာ၊ မီးဆိုတော့ ပူတယ်၊ ပူတော့ ဦးနှောက်တွေ အရည်ပျော်ပြီး ဆင်းလာတယ်၊ စီးလာတယ်။

အဲဒါကို သတိထားပြီးတော့ ကြည့်ပါ၊ ဘာ့ကြောင့် ဦးနှောက်တွေအရည်ပျော်လာပြီး နှာခေါင်း၀ စီးဆင်းလာလဲ ဆိုတော့ စိတ်ဓာတ်ပျက်လို့၊ စိတ်ဓာတ်ပျက်တော့ ရုပ်ဓာတ် လဲပျက်တယ်၊ ဒီတော့ ငိုတဲ့အခါ စိတ်ဓာတ်လဲ ပျက်တယ်၊ ရုပ် ဓာတ်လဲ ပျက်တယ်၊ ငိုတာ ဘာအကျိုးရှိလဲ၊ ဘာအကျိုးမှ မရှိပါဘူး၊ အကျိုးယုတ်ပါတယ်။

ပြီးတော့ ခတ်ချောက်ချားယင်လဲ နှပ် ထွက် ပါ တယ်၊ အပြင်က အအေးများ, အအေးပတ်ပြီး အတွင်းက အပူများ ယင်လဲ နှပ်ထွက်ပါတယ်၊ နှာရည်ယိုရွဲ,တပို့တွဲ'' လို့ စကားပုံ တောင်ရှိသားပဲ။

အဲဒီ နှပ်ထွက်ပုံကို ဥပမာ ဘယ်လိုပြလဲဆိုတော့ ကြာရွက်နဲ့ ကြာဖက်နဲ့ထုပ်ထားတဲ့ နို့ခမ်းတွေ ပေါက်ကျသလိုပဲတဲ့။

ဥပမာ တမျိုးက ထန်းသီးဆန် နုနုကလေးတွေ ထန်းသီး အိမ်ထဲက ထွက်ကျသလိုပဲတဲ့။

အဲဒီနှပ်ကို ကိုယ့်လက်နဲ့ ကိုင်ညှစ်လိုက်တယ်၊ ပြီးတော့ ပြန် ကိုင်သေးလားဆိုတော့ မကိုင်တော့ဘူး၊ ဘာဖြစ်လို့ မကိုင်လဲ ဆိုတော့ ရွံလို့တဲ့၊ ကိုယ်က မကွာကျသေးခင်တော့ မရွံသေး ပါဘူး၊ အဲ.... ကိုယ်ကလဲလွတ်သွား ကွာကျသွားရော ရွံတယ် တဲ့။

ဒီနှပ်ဟာ အမှန်က အရောင်အဆင်းရော အသွင်သဏ္ဌာန် ရော အနံ့အသက်ပါ ရွံစရာပါပဲ၊ ဒါပေမယ့် ကိုယ်က မကွာကျ သေးတဲ့ ကိုယ့်နှပ်တော့ မရွံဘူး၊ သူများနှပ်တော့ရွံတယ်၊ အဲဒီ သူများနှပ်မှာလဲ ကိုယ့်သားသမီးနှပ်တော့ မရွံပါဘူး၊ သူများ သားသမီးနှပ်တော့ ရွံပါတယ်။

သတ္တဝါတွေရဲ့ ရွံပုံရွံနည်းဟာ မမှန်ကန်သေးပါဘူး၊ နည်း လမ်းလဲမကျသေးပါဘူး၊ ရွံစရာအာရုံဟာခုတည်းကို ရွံတာ မရွံ တာရယ်လို့ နှစ်မျိုးကွဲနေပါတယ်။

ဟုတ်ပါတယ်၊ ရွံစရာအာရုံက နှပ်တမျိုးတည်းပါ၊ ကိုယ့်နှပ် ကိုယ့်သားသမီးနှပ်ဆိုယင် မရွံပါဘူး၊ ကိုယ်က မလွတ်မကျွတ် သေးယင်လဲ မရွံပါဘူး၊ ကိုယ်က လွတ်သွားယင်တော့ ရွံတယ်၊ သူများနှပ်လဲ ရွံတယ်။

အမှန်က ကိုယ့်နှပ်လဲ နှပ်ပဲ၊ ကိုယ့်သားသမီးနှပ်လဲ နှပ်ပဲ၊ **သူတပါး**တို့ရဲ့နှပ်လဲ နှပ်ပဲ၊ ကိုယ်ကနေ လွတ်လွတ် မလွတ်လွတ် **ရွံစရာချ**ည်းပါပဲ။

**တံတွေး**

ကဲ.... ရွံရှာနှုပ်ကို ဒီလောက်နဲ့ပဲရပ်ပြီးတော့ ခန္ဓာကိုယ်နှစ်ဘက်ပေါက်အိတ်ကြီးထဲကနေ တံတွေးဆိုတဲ့ရွံရှာ တခုကို ဆွဲထုတ်ကြဦးစို့၊ အဲဒီ တံတွေးသဘာဝ လဲ အများသိမြင်တဲ့အတိုင်းပါပဲ၊ ထုတ်ကြည့်စို့။

"ခေဠော၊ နှလုံးနှောက်ကျု၊ ငြီးတောက်မှုနှင့်၊ ငါးခုဘောဇဉ်၊ ချိုအချဉ်ကို၊ မြင်လျှင်နီးပါး၊ ကိုယ်ငင်စားက၊ ပါးနှစ်ဘက်ဆင်း၊ လက်ယက်တွင်းသို့၊ ကုန်ခြင်းမရှိ၊ မျှားဘိထွေထွေ၊ တံတွေးရေသည်။ အတ္ထိ၊ အသုဘသဘော၊ ထင်စွာပြောလျက်၊ မတပ်မောစေ၊ ရှိပါလေ၏" တဲ့။

ဘုန်းကြီးတို့ပရိသတ်....ဘယ်အခါ တံတွေးထွက်တတ်သလဲဆိုယင် နှလုံးနှောက်ကျုတဲ့အခါ တံတွေး ထွက်တတ်ပါတယ်၊ ငြီးနှောက်နှောက် နေတဲ့အခါလဲ တံတွေး ထွက်တတ်ပါတယ်၊ ဘောဇဉ်ငါးမျိုး တမျိုးမျိုးစားတဲ့အခါလဲ တံတွေးထွက်တတ်ပါတယ်။

အချဉ်၊အငန်၊အစပ်၊အခါးစတဲ့ အရသာတွေ စားတဲ့အခါ သူတပါးစားတာကိုမြင်တဲ့အခါ အဲဒီအစာတွေမှာလဲ တံတွေးထွက်တတ်ပါတယ်၊ ပါးပြင်နှစ်ဘက်က ထွက်တတ်ပါတယ်၊ လျှာရင်းလျှာဖျားကလဲ ထွက်တတ်ပါတယ်။

ဥပမာ လက်ယက် တွင်းကလေး၊ စမ်းတွင်းကလေးဟာ ခပ်လို့မကုန်နိုင်သလိုပဲတဲ့၊ အဲဒီ ပါးနှစ်ဘက် လျှာရင်းလျှာဖျားမှ ထွက်တဲ့တံတွေးဟာလဲ ကုန်တယ်လို့ မရှိဘူးတဲ့။

ချွေး အဲဒီ တံတွေးဟာ ရှံစရာလား, နှစ်သက်စရာလားဆိုယင် ရှံစရာပါပဲ၊ ပါးစပ်ထဲမှာရှိနေယင်တော့ သိမ်းထားလိုက် ငုံထားလိုက် မျိုချထားလိုက်နဲ့ အ ဟုတ် သား ပဲ၊ မ ရှံပါ ဘူး၊ အဲ....ပါးစပ်ထဲကထွေးပြီးယင်တော့ရှံပြီ၊ အမှန်က အတွင်းရော အပြင်ပါ ရှံစရာလို့ တူအောင် ထင်မြင်အောင် ရှုကြည့်ရမှာပါ၊ အဲဒီ တံတွေးပြီးတော့ ခန္ဓာကိုယ်နှစ်ဘက်ပေါက် အိတ်ကြီးထဲက ချွေးကို ဆွဲထုတ်ကြဦးစို့၊ ချွေးကို ဘယ်လိုပြလဲဆိုတော့....

"သေဒေါ၊ တကိုယ်လုံးရောက်, မွေးညင်းပေါက်မှ, စီးလျှောက်ချောင်းချောင်း,ချွေးအပေါင်းသည်။အတ္ထိ၊ ငါပင်ငါကား, မထင်မှားအောင်, ထင်ရှားပုံသေ, ရှိပါပေ၏"တဲ့။

တကိုယ်လုံးမှာ မွေးညင်းပေါက်ကလေးတွေ ရှိပါတယ်၊အဲဒီ မွေးညင်းပေါက်ကလေးတွေမှ ချွေးတွေထွက်ပါတယ်၊ ဘယ် အခါထွက်လဲဆိုတော့ ခေတ်ဖောက်ပြားတဲ့အခါ ထွက်ပါတယ်။

ပြင်းပြင်းထန်ထန် ပူတဲ့အခါလဲ ထွက်ပါတယ်၊ အပူအစပ် စားတဲ့အခါလဲ ထွက်ပါတယ်၊ ခရီးဝေးဝေးသွားတဲ့အခါလဲ ထွက်ပါတယ်၊ တောင်တက်ခရီးသွားတဲ့အခါ စသည်တွေမှာ ချွေးထွက်ပါတယ်၊ အဲဒီချွေးကို ဘယ်သူက သိမ်းထားပြီး အသုံး ပြုလဲ၊ ဘယ်သူမှ သိမ်းမထား အသုံးမပြုပါဘူး။

ဘာဖြစ်လို့ သိမ်းမထား အသုံးမပြုလဲဆိုတော့ ရှံဖွယ် စက်ဆုပ်ဖွယ်ကောင်းလို့ပါ၊ ချွေးတွေထွက်နေပြီဆိုယင် လူတော သူတောထဲ သွားတောင် မသွားချင်ဘူး၊ ချွေးထွက်နေသူ တယောက် ကိုယ့်အနားလာကပ်ယင်လဲ အကပ်မခံချင်ဘူး၊ ကိုယ်

ကလဲ ချွေးထွက်နေသူရဲ့ အနားသို့မကပ်သွားချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရွံလို့ပေါ့။

**အဆီခဲ** ကဲ- ဘုန်းကြီးတို့ပရိသတ်....ခန္ဓာကိုယ် အိတ်ပေါက်ထဲက ထွက်တဲ့ပစ္စည်းတွေ ဘာများနှစ်သက်စရာရှိလဲ၊သိမ်းပိုက်စရာရှိလဲ၊ ဘာတခုမှ နှစ်သက်စရာ သိမ်းပိုက်စရာ မရှိပါဘူး၊ ရွံစရာစက်ဆုပ်စရာတွေချည်းပါပဲ၊ ကဲ....ဆက်ပြီးတော့ အဲဒီအဆီခဲကို ဆွဲထုတ်ကြည့်ရအောင်....

> "မေဒေါ၊ နနွင်းဆိုးရေ, ပုဆိုးနေလို့, ဝါရွှေအဆင်း, သားရေတွင်း၌, ဝင်းဝင်းလျှပ်လျှပ်, အထပ်ထပ်ဖြင့်, ပုပ်စပ်ညှီရွံ, အဆီခဲသည်။ အတ္ထိ၊ ငါမထင်ရ, အမြင်ပြလျက်, ဓမ္မယူစေ, ရှိပါပေ၏"တဲ့။

အဆီခဲဆိုတာ ဒီကိုယ်ထဲမှာ ရှိပါတယ်၊ အရောင်က နနွင်းဆိုးထားတဲ့ ပုဆိုးလိုပဲတဲ့၊ ထက်ခြမ်းခွဲထားတဲ့ နနွင်းခဲနှင့်လဲတူပါတယ်တဲ့၊ ဝါရွှေတဲ့ အဆင်းရှိတယ်ပေါ့၊ အဲဒီအဆီခဲဟာ ဝတဲ့သူမှာဆိုယင် အရေနဲ့ အသားရဲ့အကြားမှာ ရှိပါတယ်တဲ့၊ အထပ်ထပ်နေပါတယ်တဲ့၊ ပိန်တဲ့လူမှာတော့ အသားပြည့်ဖြိုးတဲ့နေရာမှာ ရှိပါတယ်တဲ့၊ အနံ့ကတော့ ညှီဟောင်ပုပ်စပ်ပါတယ်တဲ့၊ ရွံစရာပါပဲ၊ တန်ဖိုးမရှိပါဘူး၊ မက်မောစရာလဲ မရှိပါဘူး။

**သွေး** ယခုဆက်ပြီးတော့ သွေးကို ဆွဲထုတ်ကြည့်ရအောင်၊ အစဉ်တွေက ဟို....၃၂-ကောဋ္ဌာသအစဉ်နဲ့ မဟုတ်ပါဘူး၊ ဒီမှာက ဟို....သဒ္ဒေါသမီးကလေးက သူသိထားသလို သူ့ဉာဏ်မှာ ပေါ်လာသလို သူသဘောပေါက်သလို ပြောနေတာကို

ဘုန်းကြီးတို့က ပရိသတ်ကို ၃၂-ကောဋ္ဌာသနဲ့ ပြန်ဟပ်ပြနေတာပါ၊ ကဲ....သွေးကို ပြောကြစို့။

"လောဟိတံ၊ ကိုယ်လုံးနှံ့မှီ, ချင်းချင်းနီမျှ, နံညှီပျံ့လှောင်း, သွေးအပေါင်းသည်။ အတ္ထိ၊ ရှိဖွယ်မကင်း, ဉာဏ်ဝယ်သွင်းဖို့, ကိုယ်တွင်းတည်နေ, ရှိပါပေ၏"တဲ့။

သွေးကတော့ ဘုန်းကြီးတို့ပရိသတ်အားလုံးပဲ သိတဲ့အတိုင်းပေါ့၊ သွေးအရောင်က နီတယ်၊ အနံ့က ညှီတယ်၊ အဲဒါကိုတော့ဘာမှ ပြောစရာမလိုပါဘူး။

အဲဒီသွေးဟာ နှစ်မျိုးရှိပါတယ်၊ အဲဒီ သွေး၂-မျိုးကိုတော့နည်းနည်းပြောကြပါဦးစို့၊ ဘုန်းကြီးတို့ပရိသတ်ရဲ့ ရင်တွင်းမှာအဆုတ်ရယ်, အညှို့ရယ်, နှလုံးရယ် အဲဒီ၃-ခုတို့ရဲ့ အထက်တစက်စက်ကျပြီးတော့ အသည်းအောက်မှာနေတဲ့ အဲဒီအဆုတ်,အညှို့, နှလုံး, အသည်း ၄-ခုတို့ကို စိုစေတဲ့ စုဝေးနေတဲ့ သွေးကတမျိုး၊ သူ့ကို ပါဠိလို "သန္နိစိတသွေး"လို့ ခေါ်ပါတယ်၊စုဝေးနေတဲ့ သွေးပေါ့။

ပြီးတော့ တကိုယ်လုံးအနှံ့ရောက်ပြီး အကြောကို လျှောက်တဲ့သွေးကတမျိုး၊ သူ့ကို ပါဠိလို "သံသရဏသွေး"လို့ ခေါ်ပါတယ်၊ အဲဒီလို သွေးနှစ်မျိုးရှိပါတယ်။

အဲဒီသွေးနှစ်မျိုးဟာ ယခုပြောခဲ့တဲ့အတိုင်း ရှိသင့်တဲ့နေရာတွေမှာ ရှိပြီးတော့ သွေးလှည့်ပတ်မှုမှန်ကန်နေယင် လူကျန်းမာတယ်၊ ရှိသင့်တဲ့နေရာမှာ မရှိဘူး၊ သွေးလှည့်ပတ်မှုမမှန်ကန်ဘူးဆိုယင် မကျန်းမာဘူး၊ ဒီတော့ ဒီခန္ဓာကိုယ်အတွက် အတော်ပဲခက်ပါတယ်။

မရှိမကောင်း, ရှိမကောင်းဆိုတာ အဲဒါမျိုးပေါ့။ အဲဒီသွေး မရှိပြန်လဲ သွေးပေါင်ကျတယ်တဲ့၊ မူးဝေအော့အန် ကိုက်ခဲဖြစ် ပြန်တယ်၊ အဲဒီသွေးရှိပြန်တော့လဲ သွေးပေါင်တက်တယ်၊ သွေး တိုးတဲ့ ဖြစ်ပြန်ရော၊ ဒီတော့ ဒီသွေးဟာလဲ နှစ်သက်စရာ မဟုတ် ပါဘူး။

ပြီးတော့ သွေးပုပ်တယ်၊ သွေးချုပ်တယ်၊ သွေးဆိုးတယ်၊ သွေးဖောက်ပြန်တယ်ဆိုယင်လဲ ဒုက္ခရောက်ပြန်တယ်၊ သွေး ဆို တာ အာပေါဓာတ်ပါ၊ရုပ်တရားပါ၊ဒီခန္ဓာကိုယ်မှာ ပထဝီဓာတ်-မြေဓာတ်, အာပေါဓာတ်-ရေဓာတ်, တေဇောဓာတ်-မီးဓာတ်, ဝါယောဓာတ်- လေဓာတ်ဆိုတဲ့ မဟာဘုတ်ရုပ်ဓာတ်လေးပါး ဟာ အမာခံပါပဲ။

အဲဒါကြောင့် ဒီခန္ဓာကိုယ်ကြီးကို မဟာဘုတ်ရုပ်ဓာတ်ခန္ဓာ ကိုယ်ရယ်လို့ ခေါ်ပါတယ်၊ အဲဒီမဟာဘုတ်ခန္ဓာကိုယ်အကြောင်း ကို မဃဒေဝလင်္ကာမှာ ဒီလို လင်္ကာသီခဲ့ပါတယ်။

> "ချည်းနှီးမျှသာ၊ လိုမပါသည့်၊ မဟာဘူတ၊ ဤကာယအား၊ နေ့ညမကင်း၊ ရေစာသွင်း၍၊ မပျင်းလုပ်ကျွေး၊ ပြုစုမွေးလည်း၊ ကျေးဇူးမယှဉ်၊ အကဟာညု၊ မြွေလေးခုတို့၊ ကိုက်မှုမစဲ၊ ခဲမှုမငြိမ်း၊ ကိုယ်လုံးရှိမ်းအောင်၊ ရှောင်မတိမ်းသာ၊ ဇရာမြွေဆိပ်၊ တက်ရိပ်ရိပ်ဖြင့်၊ ဦးထိပ်ထက်စီး၊ရောက်လာပြီးပြီ၊ သေနီး-ပျက်နီး၊ သက်တော်ကြီးခဲ့"တဲ့။

သိပ်မှန်တာပဲ၊ ကိုယ်ကတော့ ဒီခန္ဓာကိုယ်ကြီးကို ကိုယ့်အလို ပါအောင် ကိုယ့်အကြိုက်ပါအောင် မပျင်းမရိ နေ့ရောညပါ

ကျွေးလိုက် မွေးလိုက်ရတာ၊ သူက ကိုယ့်ကိုကျေးဇူးမတင်ဘူး၊ အကာတညူဆိုတာ ကျေးဇူးမတင်ဘူးလို့ ပြောတာပဲ။

မြွေကြီးလေးကောင်ကို ကျွေးလိုက်ရတာ နေ့ရော ညပါပေါ့၊ ပြီးတော့ ကျေးဇူးမတင်ပဲ ကျွေးသူကို ပြန်ပြီးကိုက်သလိုပဲတဲ့။

ဒီမှာလဲ မဟာဘုတ် ရုပ်ဓာတ်ကြီး လေးပါးကို မြွေကြီးလေးကောင်လို့ ခေါ်ပါတယ်၊ ဒီတော့ ဒီခန္ဓာကိုယ်ထဲမှာ မြွေကြီးလေးကောင်ကို လှောင်ပြီး ကျွေးမွေးနေရတာနဲ့ တူပါတယ်။

**အစေး** ကျွေးလိုက် မွေးလိုက်ရတာ မအိုအောင်၊ မနာအောင်၊ မသေအောင်ပေါ့၊ ရလားဆိုတော့ မရပါဘူး၊ ကျွေးယင်မွေးယင် အိုနာသေ ပါပဲ၊ ဒီတော့ ဒီခန္ဓာကိုယ်ထဲမှာ ထုတ်ပြပြီးသမျှ ကောင်းတာ ဘာတခုမှ မတွေ့ရသေးပါဘူး၊ ရွံစရာ စက်ဆုပ်စရာ ဒုက္ခပေးတာတွေချည်းပါပဲ၊ ကဲ.... ယခုဆက်ပြီးတော့ အစေးကို ထုတ်ကြည့်ဦးစို့။

"လသိကာ၊ တရာ့ရှစ်ချက်, အရိုးဆက်ကို, မပျက်မကျိုး, လှည်းစာထိုးသို့, ပုပ်သိုးဖြူဝင်း, နွားနို့ဆင်းနှယ်, ရိုးချင်းလာမြေး, မက္ခာဝေးအောင်, စပ်ရေးအမှု, အစေးစုသည်။ အထွေ၊ မမှားစေရ, တရားပြလျက်, သိကြပစေ, ရှိပါပေ၏" တဲ့။

ဒီခန္ဓာကိုယ်ထဲမှာ အစေးဆိုတာ ရှိပါတယ်၊ အစေးဆိုမှဖြင့် ဘုန်းကြီးတို့ပရိသတ်က သိပါတယ်၊ ကပ်တယ်ပေါ့၊ ဆက်တယ်ပေါ့၊ တွဲတယ်ပေါ့၊ ဒီခန္ဓာကိုယ်မှာ အရိုးအဆက်ဟာ ၁၀၈ ဆက်ရှိပါတယ်တဲ့။

အဲဒီ အရိုးအဆက်တွေ မပွန်းအောင် မပဲ့အောင် သွားနိုင် လာနိုင် ထိုင်နိုင် ထနိုင် သွက်လက်အောင် မကျိုးမပျက်အောင် လှည်းစာထိုးသလို ထိုးပေးထည့်ပေးတဲ့ အစေးပေါ့။

အဲဒီ အစေးကလဲ အင်မတန် အရေးကြီးပါတယ်၊ အဲဒီ အစေးခန်းယင် အဆစ်အမြစ် ရောဂါဖြစ်ပါတယ်၊ တချို့ သွားတဲ့အခါမှာ အဲဒီ အဆစ်အမြစ်တွေက အသံမြည်ပါတယ်၊ အဲဒီလို ဖြစ်တာဟာ အစေးခန်းလို့ပါပဲ။

**သည်းခြေ** အဲဒီအစေးရဲ့ အရောင်အဆင်းက ဖြူဝင်းတဲ့ အဆင်းရှိပါတယ်၊ နွားနို့သဖွယ်တဲ့၊ အနံ့ကတော့ ပုပ်သိုးပါတယ်တဲ့၊ ကဲ.... ဒီတော့ အစေးလဲ ဘာမှ မကောင်းပါဘူးတဲ့၊ ကဲ....မကောင်းယင် ခန္ဓာကိုယ်နှစ်ဘက် ပေါက်အိတ်ထဲမှာ ကောင်းတာ ဘာရှိသေးလဲ၊ သည်းခြေကို ဆွဲကြည့်ကြဦးစို့။

"ပိတ္တံ၊ အဆုတ်နှလုံးကြား, အသည်းနားဝယ်, သပွတ်ခါးသီး, သဏ္ဍာန်ကြီးသို့, အိမ်မှီးသည်းခြေ, နည်းတတွေမှာ, စိုလေကိုယ်လုံး, လှည့်ရစ်ဖုံး၍, နှစ်ကြိုး ဖြန့်မိုး, သည်းခြေနှစ်မျိုးသည်။ အဗဒ္ဓိ၊ ပိယာအရှင်း, ဇီဝကင်းလို့, ကိုယ်တွင်းတည်နေ, ရှိပါလေ၏" တဲ့။

အဲဒီသည်းခြေဟာ နှစ်မျိုးရှိပါတယ်၊ အဆုပ်နှင့် နှလုံး အကြား အသည်းနားမှာ ရှိတယ်တဲ့၊ အလွန်ကြီးထွားတဲ့ သပွတ်ခါးသီးသဏ္ဍာန် ရှိပါတယ်တဲ့၊ အအိမ်ထဲမှာ တည်နေပါတယ်တဲ့၊ မယ်ဇယ်ဆီလို အိမ်ဖွဲ့နေတဲ့ ဗဒ္ဓသည်းခြေ "အိမ်ဖွဲ့ သည်းခြေ" တမျိုးရှိပါတယ်။

ပြီးတော့ ရေမှာ ဆီဆမ်းထားသလို ဆီ ဖျန်း ထား သ လို အသားအရေ စိုလေရာရာမှာ တည်ရှိတဲ့ ကိုယ်လုံးအနှံ့တည်တဲ့ ကစော့ပွင့် တောင်ကြာပန်း အဆင်းရှိတဲ့ အိမ်မဖွဲ့တဲ့ အဗဒ္ဓသည်းခြေက တမျိုးရယ်လို့ သည်းခြေနှစ်မျိုးရှိပါတယ်။

အဲဒီ သည်းခြေနှစ်မျိုးမှာ အဗဒ္ဓသည်းခြေပျက်ယင် မျက်စိဝါတယ်၊ မျက်လုံးဝါတယ်၊ ကိုယ်တုန်လှုပ်တယ်၊ ကိုယ်ယားယံတယ်၊ ဆေးကုမယ်ဆိုယင် ကုလို့ရနိုင်ပါတယ်၊ အဲ....ဗဒ္ဓ သည်းခြေပျက်ယင်တော့ ရှူးသွပ်တတ်ပါတယ်၊ ဆေးကုလို့လဲ ခက်ပါတယ်။

**ကိုယ်လုံးအနှံ့နေ ၆-မျိုး**

ဒီနေရာမှာ သည်းခြေနဲ့ စပ်ပြီးတော့ တကိုယ်လုံးမှာ အနှံ့အပြန့် တည်ရှိတဲ့ တရား ၆-မျိုးကို ပြောချင်ပါတယ်၊ မှတ်သားထားဖို့ကောင်းပါတယ်၊ အနှံ့နေ ၆-မျိုးက ဘာတွေလဲဆိုတော့....

၁။ ဘာဝရုပ်
၂။ ကာယပသာဒရုပ်
၃။ ရွေ့ရှားသော သံသရဏသွေး
၄။ ဇီဝိတင်္ဒြေ
၅။ အဗဒ္ဓသည်းခြေ
၆။ သုက်

ရယ်လို့ အဲဒီ ၆-ပါးသော တရားတွေဟာ အသားမှကျွတ်သော ဆံပင်, အမွေး, ခြေသည်း လက်သည်း, သွားနှင့် ခြောက်သွေ့ကြမ်းတမ်းသော အရေမှတပါး တကိုယ်လုံး နှံ့၍ တည်နေပါတယ်။

**ဆီကြည်** ပြည်, ချွေး, အဆီခဲ, ဆီကြည်တို့လဲ တကိုယ်လုံး အနှံ့တည်တယ်လို့ သီးခြား လာပါသေးတယ်၊ ကဲ....အဲဒီ သည်းခြေလဲ ချစ်ခင်နှစ်သက်ဖွယ်လား၊ ရှုံ့ဖွယ်လား ဆိုတော့ ရှုံ့ဖွယ်ပါပဲ၊ ဆီကြည်ကို ဆက်ပြီးတော့ ဆွဲထုတ်ကြည့် ကြဦးစို့....

"ဝသာ၊ ဖမိုးခြေဦး ထိပ်နဖူး၌, ကွန့်မြူးထွေထွေ, ဆီကြည်ရေသည်။ အတ္တိ၊ အထင်အရှား, အမြင်အား ဖြင့်, အများဗိုလ်ခြေ, ရှိပါချေ၏" တဲ့။

အဲဒီ ဆီကြည်ဆိုတာ ခြေဖမိုး, လက်ဖမိုး, ဦးထိပ်, နဖူး, နှာခေါင်းစတဲ့ နေရာတွေမှာ ထွက်ပါတယ်၊ အဆီကြည်လေး ပေါ့၊ အဆီဆိုတာ ချက်ယူမှ ထွက်ပါတယ်၊ ဘာနဲ့ချက်လဲ၊ မီးနဲ့ ချက်ရပါတယ်၊ အခုလဲ တေဇောမီးအပူကြောင့် အဆီ ထွက်ရပါတယ်။

ဘုန်းကြီးတို့ပရိသတ် သိတဲ့အတိုင်းပါပဲ၊ ဆီချက်ယင် မီးနဲ့ ချက်ရတယ်၊ အဆီထွက်သွားတော့ အဲဒီပစ္စည်းဟာ ပြည့်ဖြိုး လာလား, ရှုံ့တွသွားလားဆိုတော့ ရှုံ့တွပိန်ချုံးသွားပါတယ်။

ဒါဖြင့် ဆီကြည်လဲ မရှိမကောင်း, ရှိမကောင်းထဲကပေါ့၊ ကဲ.... ဟို သဌေးသမီးကလေးက သူ့ရဲ့ခန္ဓာကိုယ်တွင်းမှာ "ပုလဲ ပတ္တမြားစသည့် အထူးအထွေအမြတ်တနိုး ယူဆောင်အပ်သည့် အစုဆိုလို့ မှုမျှမရှိပါအရှင့်သား" တဲ့။

ဟုတ်ပါတယ်၊ ငင်စစ်တော့ ဒီကိုယ်ကောင်ဟာ မငင်မကြယ် ရှုံ့ဖွယ်တို့ဖြင့်သာလျှင် ပြည့်၍နေပါတယ်ဆိုတဲ့ အကြောင်းကို သူ့ယောကျ်ားအား သူပြောကြားနေပါတယ်။

ဟုတ်ပါတယ်၊ ပြောပြခဲ့သမျှ ခန္ဓာကိုယ်နှစ်ဘက်ပေါက်အိတ်ကြီးထဲက ထုတ်ပြသမျှ ပုလဲပတ္တမြား စသည်တို့လို အဖိုးတန်တာ ဘာမှ မပါမရှိပါဘူး။

**သိမ်းရုံးပြဦးမည်** အင်း....အဲဒီလို ကိုယ်တွင်းမှာရှိတဲ့ ဖြစ်တဲ့ ရွံရှာဖွယ်ရာတွေ ထုတ်ပြပြီးတော့ အဲဒီကိုယ်တွင်းမှာရှိတဲ့ ဖြစ်တဲ့ ရွံရှာဖွယ်တွေကိုပင် ပြင်ပမှာ ဖြစ်တဲ့ ရှိတဲ့ ရွံရှာဖွယ်တွေဖြင့် ထင်စွာ ပြပြီးတော့ ရှေးကပြပြီး-မပြီးသေးတဲ့ ရွံရှာဖွယ်ရာတွေကိုပါ သိမ်းရုံးပြီး ပြောပြချင်သေးတဲ့အတွက်ကြောင့် ဟို....သင်္ဘေးသမီးကလေးက ပြောပြန်တယ်-

“အရှင့်သား....ထိုမှတပါး ကျွန်မရဲ့ဟောဒီခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးမှ နေ့ရောညဥ့်ပါ အခါခပ်သိမ်း မစင်မကြယ် ရွံဖွယ်ရာတွေဟာ တားမရ ဆီးမရ ယိုစီးကျနေပါတယ်။”

“အရှင့်သား....ဘယ်လိုများ ယိုစီးကျနေပါသလဲဆိုတော့ ကျွန်မရဲ့ မျက်စိနှစ်ဘက်မှ မျက်ဝတ်မျက်ချေး အညစ်အကြေးတွေဟာ တားမရ ဆီးမရ ယိုစီးကျနေပါတယ်။”

“အရှင့်သား....ကျွန်မရဲ့ နားနှစ်ဘက်မှ နဖာချေး နားချေးတွေ အညစ်အကြေးတွေ တားမရ ဆီးမရ ယိုစီးကျနေပါတယ်။”

“အရှင့်သား....နှာရည်နှပ်ချေး အညစ်အကြေးတွေလဲ တရုံတခါ ကျွန်မရဲ့ နှာခေါင်းနှစ်ဘက်မှ တားမရ ဆီးမရ ယိုစီးကျနေပါတယ်။”

"အရှင့်သား....တရံတခါကျတော့လဲ အဲဒီနှာရည်နှပ်ချေးတွေဟာ ခံတွင်းမှ ပါးစပ်မှ တစိစိ တပွက်ပွက် ပျို့အန်၍ ထွက်နေပါတယ်။"

"အရှင့်သား....အအိမ်နဲ့ဖွဲ-မဖွဲ့အားဖြင့် နှစ်ထွေပြားတဲ့သည်းခြေနဲ့ သလိပ်အညစ်အကြေးတွေလဲ တရံတခါ ခံတွင်းမှ တစိစိတပွက်ပွက် ပျို့အန်၍ ထွက်ပါတယ်။"

"အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ်အကောင်ပုပ်ကြီး တကိုယ်လုံးမှ ချွေးဆား, အရေလွှာ, မှုအညစ်အကြေးတွေဟာ နေ့နေ့ညည ခပ်သိမ်းသောကာလတိုင်းမှာ တားမရ ဆီးမရ ယိုစီး၍ ကျနေပါတယ်"တဲ့။

အဲဒီလိုပြောပြန်တယ်၊ အဲဒီ....ယခုပြောခဲ့တဲ့ အနက်အဓိပ္ပာယ်သဘော သဘာဝတွေကို ဟို....သဌေးသမီးကလေးက သူ့ယောကျာ်းကို ဘယ်လိုသဘော သဘာဝတွေကို သိစေလို့လို့ပြောတာလဲဆိုတော့-

"ထမင်းချက်လို့ ရှိယင် ဆန်-ရေ အညစ်အကြေးများဟာ အမြုပ်တွေနဲ့တကွ အပေါ်တက်လာပြီးတော့ ထမင်းအိုးရဲ့မျက်နှာဝကို လိမ်းကျံပြီး အပသို့ လျှောကျသလို အဲဒီအတူပါပဲ၊ စားသောက်အပ်တဲ့ အစားအစာကို ကမ္ဗဇတေဇောဓာတ်မီးဖြင့် ချက်အပ်သည်ရှိသော် အစားအစာရဲ့ အညစ်အကြေးများတက်ပြီးတော့ မျက်စိ စသည်မှ မျက်ဝတ်မျက်ချေးစသော အညစ်အကြေးတို့ ထွက်၍ အပသို့ လျှောကျ ယိုစီး

ကြောင်းကို သိစေလို ပြလိုလို့ပြောတာ”လို့ မှတ်ထားပါ။

ကဲ....သဌေးသမီးကလေး ပြောတဲ့ သဘော သဘာဝတွေ ဟုတ်,မဟုတ် သူပြောတဲ့စကားတွေကို ပြန်ပြီးတော့ ကြည့်ကြရအောင်၊ ဘုန်းကြီးတို့ ပရိသတ်ကလဲ မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင်ကြည့်ပြီးတော့ ဖြေပါ၊ မျက်စိနှစ်ဘက်က နေ့စဉ် ဘာတွေထွက်နေလဲ။

“မျက်ချေးတွေပါဘုရား”

နားနှစ်ဘက်က ဘာတွေ ထွက်နေလဲ။

“နဖာချေးတွေ ထွက်ပါတယ်ဘုရား”

နှာခေါင်းနှစ်ဘက်က ဘာတွေထွက်နေလဲ။

“နှပ်ချေးတွေ ထွက်နေပါတယ်ဘုရား”

တခါတရံ အဲဒီနှပ်ချေးတွေ ဘယ်ကထွက်လဲ။

“ပါးစပ်က ထွက်ပါတယ်ဘုရား”

ပါးစပ်က နှာခေါင်းက မထွက်အားတော့ ဘယ့်နှယ်ပြုလုပ်လဲ။

“ဝမ်းထဲ မျိုချပါတယ်ဘုရား”

အင်း....အဲဒီလို မျိုချတော့ မရွံဘူးလား။

“မရွံပါဘုရား”

ခန္ဓာကိုယ်နှင့် စပ်နေမယ်၊ ခန္ဓာကိုယ်တွင်းမှာ ရှိနေမယ်ဆိုယင် ဘာဖြစ်ဖြစ် မရွံကြပါဘူး၊ ခန္ဓာကိုယ်ကကွာကျပြီ၊ ခန္ဓာကိုယ်နှင့်လွတ်သွားပြီဆိုယင်တော့ ဘယ့်နှယ်လဲ။

“ရွံပါတယ်တုရား”

သည်းခြေတွေ့သလိပ်တွေကော တခါတရံ ပါးစပ်က တစိစိ တပွက်ပွက် မထွက်ဘူးလား။

"ထွက်ပါတယ် ဘုရား"

တကိုယ်လုံးက ချွေးတွေ့၊ ဆားတွေ့၊ ကိုယ်ရေပါးအလွှာလေးတွေ ထွက်ကျ၊ ကွာကျ၊ ယိုကျ၊ ကိုယ်နှင့်လွတ်သွားယင် ရှိတယ်၊ မလွတ်သေးယင် မရှိသေးပါဘူး။

အင်း....အဲဒါတွေဟာ ဘုန်းကြီးတို့ပရိသတ်တွေ နေ့စဉ် ကိုယ်နှင့်စပ်နေလို့ ကိုယ်မှာကပ်နေလို့ ကိုယ်တိုင်မြင်တွေ့နေရတဲ့ သဘာဝတွေပါပဲ။

ဒါပေမယ့် ဉာဏ်နဲ့ သတိနဲ့ မကြည့်မိတော့ မသိပါဘူး၊ ယခုတော့ ဟို.... သဒ္ဓေးသမီးကလေးက ပြောပြမှ ဟုတ်ပါလား မှန်ပါလား ဖြစ်လာတာပါ၊ သူက ဉာဏ်နဲ့ သတိနဲ့ အမြဲကြည့်နေတော့ သိပြီး ကိုယ်တိုင်သိ ကိုယ်ပိုင်သိနဲ့ ပြောနေတာ၊ ငြင်းလို့ မရပါဘူး။

ဘုန်းကြီးတို့ပရိသတ်လဲ သူ့လိုပဲ ကိုယ်တိုင်သိ ကိုယ်ပိုင်သိ ဖြစ်အောင် ခန္ဓာကိုယ်ကိုကြည့်ပြီး တရားနာယင်း နာယင်း သိလာနိုင်ပါတယ်။

**ဦးနှောက်** ဟို....သဒ္ဓေးသမီးကလေးက သူ့ရဲ့ ခန္ဓာကိုယ်တွင်း ဉာဏ်နဲ့သတိသွင်းပြီးတော့ ကြည့်ရှုတာ သူ့ရဲ့အရှင်သခင် လင်ယောကျ်ားအား ဦးနှောက်ကိုထုတ်ပြတာ ဆက်လက်ပြီး ဟောရ နာရအောင်။

"အရှင့်သား....ထိုမှတပါး ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ်အကောင်ပုပ်ကြီးရဲ့ အခေါင်းရှိတဲ့ ဦးခေါင်းဟာ ဦးနှောက်ဖြင့် ပြည့်နေပါတယ်"တဲ့။

အဲဒီ ဦးနှောက်အကြောင်းတော့ နည်းနည်းလောက်အကျယ်ချဲ့ ပြောချင်ပါသေးတယ်၊ ဒီနေရာမှာ ၃၂- ကောဋ္ဌာသမှ ဦးနှောက်အကြောင်း ထည့်ကြပါဦးစို့။

"မတ္ထလုင်၊ ဗူးအုံအထဲ, မြေညက်ခဲသို့, ရှက်တွဲဆက်ဆုံ, ဦးခေါင်းအုံဌ, မှိုငုံအဆင်း, ဖွေးဖွေးလင်းမျှ, မရှင်းနှောက်ကျု, ဦးနှောက်စုသည်။ အတ္ထိ၊ ငါကိုယ်တကာ၊, မထင်မှားဖို့, ထင်ရှားပုံသေ, ရှိပါပေ၏"တဲ့။

အဲဒါက ဦးနှောက်ရဲ့သဘာဝကို ပြောပြတာပါ၊ ဦးခေါင်းခွံထဲမှာ ဦးနှောက်တွေတည်နေပုံဟာ ဗူးသီးထဲသို့ မြေစိုင်ခဲတွေထည့်ထားသလိုပဲတဲ့။

အဲဒါက အနေအထားသာ ပြောတာပါ၊ မြေညက်အရောင်နဲ့ ဦးနှောက်ရဲ့အရောင်ကတော့ မတူပါဘူး၊ ဦးနှောက်ရဲ့အရောင်က မှိုငုံအရောင်ပမာ ဖွေးဖွေးဖြူပါတယ်။

ယခုခေတ်သိပ္ပံက ဘယ်လိုပြောလဲဆိုတော့ ဉာဏ်ကောင်းမကောင်းနဲ့ ပတ်သက်ပြီးတော့ ဦးနှောက်ကောင်းတယ်၊ ဦးနှောက်မကောင်းဘူးလို့ ပြောဆိုပါတယ်။

သိတာလဲ ဦးနှောက်က သိတယ်၊ ဦးနှောက်ကောင်းလို့ သိတယ်လို့ သုံးနှုန်းပြောဆိုကြပါတယ်။

ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓတရားတော်အရကတော့ အဲဒီ ဦးနှောက်ဆိုတာဟာ ပထဝီဓာတ် ၂၀-ထဲမှာ ပါပါတယ်၊ ပထဝီဓာတ်ဆိုတော့ ရုပ်တရားပေါ့၊ နာမ်တရားမဟုတ်ပါဘူး၊ ရုပ်တရားဆိုတာ အာရုံကို မယူတတ်ပါဘူး။

အာရုံကို မယူတတ်ဘူးဆိုတာ အာရုံကို မသိတတ်ဘူးလို့ ပြောတာပါပဲ၊ အာရုံကို ယူတတ်, အာရုံကို သိတတ်တာက စိတ်ကမှ သိတတ် ယူတတ်ပါတယ်။

စိတ်နှင့်ရုပ်ကလဲ ဆက်သွယ်နေတော့ စိတ်အသိကိုပဲဦးနှောက်ရုပ်ရဲ့အသိထင်ပြီး ပြောနေတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ စိတ်ရှုပ်ယင် ဦးနှောက်လဲ ရှုပ်တာပါပဲ၊ ဦးနှောက်ရှုပ်တယ်ဆိုတော့ သိစရာကို မသိတော့ဘူးပေါ့။

အဲဒီမှာ သတိထားပြီး နာကြားပါ၊ စိတ်ရှုပ်လို့မသိတာကို ဦးနှောက်မကောင်းလို့ မသိတာလို့ ပြောပြကြပါတယ်၊ အမှန်က စိတ်ရှုပ်မှုအကြောင်းပြုပြီးဖြစ်တဲ့ ဦးနှောက်ရှုပ်မှုအပေါ် သွားပြီး တရားခံချပါတယ်။

အဲဒီလိုပဲ ဦးနှောက်ရှုပ်တော့လဲ စိတ်ရှုပ်ပြန်တယ်၊ စိတ်ရှုပ်တော့ မသိပြန်ဘူး၊ မသိပြန်တော့ မထင်ရှားတဲ့ စိတ်ပျောက်ပြီး ထင်ရှားတဲ့ဦးနှောက်ကို တရားခံလုပ်ပြန်ရော၊ ဦးနှောက်ရှုပ်လို့ မသိဘူး၊ ဦးနှောက်မကောင်းလို့ မသိဘူးတဲ့။

စိတ်က အာရုံတခုကို စူးစူးစိုက်စိုက်ကြံစည်ယင် စိတ်ကူးယင် အာရုံကြောတွေ ပူလာပါတယ်၊ ဒီတော့ အာရုံကြောနဲ့ ဆက်စပ်နေတဲ့ ဦးနှောက်လဲ ပူလာပါတယ်၊ စူးစိုက်ပါများတော့ စိတ်ပူ စိတ်ရှုပ်ပြီး သိစရာအာရုံကို မသိတော့ပါဘူး၊ ဒါပေမယ့် စိတ်ပူတာ စိတ်ရှုပ်တာက မထင်ရှားဘူး၊ စိတ်ပူတာ စိတ်ရှုပ်တာက စိတ်အကြောင်းသိတဲ့လူမှ ထင်ရှားပါတယ်၊ စိတ်အကြောင်း မသိတဲ့လူက ဦးနှောက်ပူတာ ဦးနှောက်ရှုပ်တာပဲ သိပါတယ်။

ဒီတော့ စိတ်ပူလို့ စိတ်ရှုပ်လို့ မသိတာကို မသိလိုက်ပဲ ဦးနှောက်ပူတာပဲသိတော့ ဦးနှောက်ပူလို့ မသိဘူးလို့ ဦးနှောက်နာမည်ပျက်ရပါတယ်။

ကဲ....ဒီလောက်ဆိုယင် ဦးနှောက်သိ, စိတ်သိ ရှင်းလောက်ပါပြီ၊ အဲဒါကို သိပ်ရှင်းနေယင် ရှုပ်သွားမယ်၊ ဟို....သဒ္ဓေးသမီးကလေးရဲ့ ခုနက ပြောလက်စဖြစ်တဲ့ စကားကိုပဲ ပြန်ဆက်ကြရအောင်။

"အရှင့်သား....ထိုမှတပါး ကျွန်မရဲ့ဟောဒီခန္ဓာကိုယ် ယုတ်အကောင်ပုပ်ကြီးရဲ့ အခေါင်းရှိတဲ့ ဦးခေါင်းဟာ ဦးနှောက်ဖြင့် ပြည့်နေပါတယ်"

"အရှင့်သား....ပညာမရှိတဲ့ ဖျင်းတဲ့ အ-တဲ့လူမိုက်က အဲဒီ မစင်မကြယ် ရွံဖွယ်အတိပြည့်နေတဲ့ကိုယ်ကို မသိမှု အဝိဇ္ဇာတရားပိတ်ထား ဖုံးကွယ်ကာ ထားအပ်တဲ့အတွက်ကြောင့် ငါ့ကိုယ်ကာယ တင့်တယ်စွ၊ ငါ တင့်တယ်စွ၊ ငါရဲ့တင့်တယ်ခြင်းဟာ မြဲတယ်လို့ တဏှာ-မာန-ဒိဋ္ဌိအားဖြင့် အမှားမှားပင် မှတ်ထင် အောက်မေ့ပါတယ်"တဲ့။

ကဲ.... ဒီနေရာမှာ ဘုန်းကြီးတို့ပရိသတ်ကို မေး ပါ ရ စေ၊ အမှန်အတိုင်း ဖြေစမ်းပါ၊ မိမိတို့ ခန္ဓာကိုယ်ကြီးဟာ တင့်တယ်လား၊ မတင့်တယ်ဘူးလား။

"မတင့်တယ်ပါဘုရား"

အင်း....ဘုန်းကြီးတို့ ပရိသတ်ကတော့ ပါးသွားပြီ၊ ပါးသွားပြီ၊ ပါးမှာပေါ့၊ ဟို....သဒ္ဓေးသမီးကလေးက ရှေကနေ

လမ်းပြပေးနေတာကိုး၊ ဒါပေမယ့် ဘုန်းကြီးတို့ရဲ့ ပရိသတ်ရဲ့ အသိဟာ နာကြားသိပါ၊ တကယ့် ထိုးထွင်းသိ မဟုတ်သေး ပါဘူး။

အေး....မမြဲသေးလို့ပေါ့၊ မြဲယင်လဲ ဘယ် ဒီလိုနေပါ့မလဲ၊ မနေပါဘူး၊ မြဲဖို့ဆိုတာက ကိုယ်ကလဲ သူလို လိုလိုချင်ချင်နဲ့ သူ့လိုပဲ ဉာဏ်နဲ့သတိနဲ့ အမြဲပဲ ခန္ဓာကြည့်နေမှ ခန္ဓာက အရှိ တွေကို မြင်နေပါမယ်၊ ဒီတော့ ခန္ဓာက အရှိတွေကို ဉာဏ်နဲ့ သတိနဲ့ကြည့်တော့ အရှိအတိုင်း မြင်ပါတယ်၊ အဲဒီလို မြင်ယင် မြဲမယ်ပေါ့။

**ဦးနှောက်လဲ အနှစ်မရှိ**

ကဲ.... ခုနက ဟို....သ ဌေး သ မီး က လေး က ဦးနှောက်ရဲ့ အကြောင်းကို ပြောသွားတယ်၊ အဲဒီစကားကို ပြန် ပြီး စဉ်း စား ကြည့် ပါ၊ ဆက် ကြည့် ပါ၊ ဒီလောကမှာ လူတိုင်းဟာလဲ အဲဒီဦးနှောက်ကို အမြတ်ဆုံး အင်္ဂါလို့ သမုတ်ထားပါတယ်။

အမြတ်ဆုံး၊ အလွန် ထွတ်မြတ်တဲ့အတွက် အဲဒီ အထွတ် အမြတ်ဆုံး ဦးခေါင်းနဲ့ ရှိခိုးထိုက်တဲ့ ပုဂ္ဂိုလ်တွေကိုတောင်မှ တရံတခါ မာနခံကာ ရှိမခိုးကြပါဘူး။

ကဲ....အဲဒီ အမြတ်ဆုံးလို့ သမုတ်ထားတဲ့ ဦး ခေါင်း ဟာ အနှစ်ရှိရဲ့လားဆိုတော့ ဘာအနှစ်မှ မရှိပါဘူး။ အနှစ်မရှိယင် ထားပါတော့ သန့်ရှင်းစင်ကြယ်မှုကော ရှိပါရဲ့လားဆိုတော့ မရှိပါဘူး။

ခန္ဓာကိုယ်တကိုယ်လုံးမှာ အထွတ်အမြတ်ဆုံးဖြစ်တဲ့ဦးခေါင်း တောင်မှ အနှစ်မရှိ မစင်မကြယ် ဖြစ်ပါယင် အဲဒီဦးခေါင်းနဲ့

တန်ဆာဆင်ထားတဲ့ ဦးခေါင်းအထွတ် တပ်ထားတဲ့ ဒီခန္ဓာကိုယ် တကိုယ်လုံးဟာ အနှစ်မရှိ မငင်ကြယ်တဲ့ ခန္ဓာကိုယ်ကြီးပါ။

**ငါးပါးသော အခြင်းအရာ**

အင်း....ခန္ဓာကိုယ် တကိုယ်လုံးဟာ အနှစ်လဲ မရှိပါဘူး၊ ငင်လဲ မငင်ကြယ်ပါဘူး၊ ဒီမှာ ဟို....သဋ္ဌေးသမီးကလေးက သူသိသလောက် သူသဘောပေါက်သလောက် သူပြောပါတယ်၊ သူက အရိုးက စ, ပြောပါတယ်၊ ၃၂ ကောဋ္ဌာသ အကုန်မပါပါဘူး၊ ဒီ မွေးမေ့မေတ္တာ တရားတော်ဟာလဲ သိပ် ပြီး တော့ ရှည်လျားသွားပါမယ်။

ယခုပဲ တော်တော် ရှည်လျားသွားပါပြီ၊ မွေးမေ့မေတ္တာ တရားတော်လို့ အမည်ပေးထားသော်လဲ မွေးမေ့မေတ္တာဟာ ပုံကို မပေါ်သေးပါဘူး၊ ဒီတော့ ၃၂ ကောဋ္ဌာသ စုံသည်ဖြစ်စေ၊ မစုံသည်ဖြစ်စေ၊ တကိုယ်လုံးခြုံလိုက်တော့ အနှစ်မရှိ၊ မငင်ကြယ်တဲ့ ရွံဖွယ် စက်ဆုပ်ဖွယ် ခန္ဓာကိုယ်ကြီးလို့ သိယင်တော်ပါပြီ။

ကဲ....ဒါဖြင့် အနှစ်မရှိ၊ မငင်ကြယ်တဲ့ ရွံဖွယ် စက်ဆုပ်ဖွယ် အဖြစ်ကို ဆံပင်ကပဲဖြစ်ဖြစ် ယခု သဋ္ဌေးသမီးကလေး ပြောတဲ့ အရိုးကပဲဖြစ်ဖြစ် ငါးပါးသော အခြင်းအရာနဲ့ ကြည့်ရှုရပါမယ်၊ အဲဒီ ငါးပါးသော အခြင်းအရာက ဘာတဲ့လဲ....

၁။ အဆင်းအားဖြင့်၊

အသွင် ပုံဟန်သဏ္ဌာန်အားဖြင့်၊

၃။ မကောင်းသော ရန့်အားဖြင့်၊
၄။ ဖြစ်ရာအကြောင်းအားဖြင့်၊
၅။ တည်ရာအရပ်အားဖြင့်၊

ရယ်လို့ အဲဒီငါးပါးသော အခြင်းအရာအားဖြင့် ခုနက ပြောခဲ့တဲ့ ဆံပင်စသည်ကို သို့မဟုတ် အရိုးစသည်ကို ကြည့်ရှုဆင်ခြင်မယ်ဆိုယင်....

၁။ မစင်မကြယ်တဲ့အဖြစ်၊
၂။ စက်ဆုပ်ဖွယ်အဖြစ်၊
၃။ ရွံရှာဖွယ် အဖြစ်၊
၄။ မကောင်းသော ရန့်ရှိတဲ့ အဖြစ်၊
၅။ မတင့်တယ်တဲ့ အသုဘအဖြစ်၊

အားဖြင့် ငါးပါးသော အခြင်းအရာတွေဟာ ရှုပွားသူအား ထင်ရှားလာပါမယ်၊ အဲဒီလို ထင်ရှားလာတာဟာ အကျိုးကျေးဇူး ရရှိခြင်းပါပဲ။

**အတွင်းအပြင်နှစ်ဌာနကြည့်**

အဲဒီလို ငါးပါးသော အခြင်းအရာနဲ့ ကြည့်ရှုတဲ့နေရာမှာ မိမိရဲ့ အတွင်းအဇ္ဈတ္တမှာရှိတဲ့ ဆံပင်စသည် အရိုးစသည်ကိုလဲ ခုနက အခြင်းအရာငါးပါးနဲ့ ကြည့်ရှုရမယ်၊ သူတပါးရဲ့ သန္တာန်မှာရှိတဲ့ အပြင်အပ ဆံပင်စသည်ကိုလဲ ခုနက အခြင်းအရာ ငါးပါးနဲ့ပဲ ကြည့်ရှုဆင်ခြင်ရပါမယ်။

အဲဒီလို အတွင်းအပ, မိမိ သူတပါးနှစ်ဦးသားရဲ့ သန္တာန်မှာရှိတဲ့ ဆံပင်စသည် အရိုးစသည်ကို ခုနက အခြင်းအရာ ငါးပါးနဲ့ ကြည့်ရှုတော့ အတွင်းမှာမြင်သလို အပြင်မှာလဲ

မြင်မယ်၊ အပြင်မှာမြင်သလို အတွင်းမှာလဲ မြင်မယ်၊ အဲဒီလို မြင်တော့ အတွင်းမနှစ်သက်သလို အပြင်လဲ မနှစ်သက်တော့ ပါဘူး၊ အပြင်မနှစ်သက်သလို အတွင်းလဲ မနှစ်သက်တော့ပါ ဘူး။

အဲဒီလို အတွင်းရော အပြင်ပါ၊ မိမိရော သူတပါးအပေါ် မှာ မနှစ်သက်တော့ ဘာဖြစ်လဲ ဘာအကျိုးရှိလဲဆိုတော့ ဒုက္ခ ချုပ်ခြင်း အကျိုးရှိပါတယ်၊ နှစ်သက်ယင် ဒုက္ခဖြစ်ပါတယ်။

ပါဠိတော်က "နန္ဒီသမုဒယာ ဒုက္ခသမုဒယော" တဲ့၊ နှစ်သက် မှုကြောင့် ဒုက္ခဖြစ်ပါတယ်တဲ့၊ "နန္ဒီနိရောဓာ ဒုက္ခနိရောဓော" တဲ့၊ နှစ်သက်မှုချုပ်တော့ ဒုက္ခချုပ်ပါတယ် တဲ့။ ကဲ....ဘုန်း ကြီးတို့ ပရိသတ် ဒုက္ခဖြစ်တာ ကြိုက်လား၊ ဒုက္ခချုပ်တာ ကြိုက် လား။

"ဒုက္ခချုပ်တာ ကြိုက်ပါတယ်ဘုရား"

ဘုန်းကြီးတို့ပရိသတ် ဒုက္ခချုပ်တာ ကြိုက်ရုံ ကြိုက်လို့တော့ မရသေးဘူးနော်၊ နှစ်သက်မှု ချုပ်အောင်လုပ်မှ ဒုက္ခက ချုပ် မှာ၊ မိမိတို့က နှစ်သက်မှုဖြစ်အောင် လုပ်နေပြီး နှစ်သက်မှု ကြောင့် ဖြစ်တဲ့ ဒုက္ခကိုတော့ ချုပ်ချင်လို့ ရပါ့မလား။

"မရပါဘုရား"

နှစ်သက်မှုချုပ်ယင်လဲ ဒုက္ခကိုမချုပ်ပါနဲ့အုံးလို့ တားထား လို့ ရပါ့မလား။

"မရပါဘုရား"

ဟုတ်ပြီ၊ ဘုန်းကြီးတို့ပရိသတ် အတော်သိသွားပြီ၊ အကြောင်းဖြစ်လို့ အကျိုးဖြစ်၊ အကြောင်းချုပ်တော့ အကျိုး ချုပ်ပေါ့။

အကြောင်းက နှစ်သက်မှုသမုဒယပေါ့၊ အကျိုးက ဆင်းရဲမှုဒုက္ခပေါ့၊ စာလိုပြောတော့ အကြောင်းသမုဒယ, အကျိုးဒုက္ခပေါ့၊ နှစ်သက်မှုသမုဒယကြောင့် ဆင်းရဲမှုဒုက္ခ ဖြစ်တယ်ပေါ့။

အကြောင်း နှစ်သက်မှုချုပ်တော့ အကျိုးဆင်းရဲမှု ဒုက္ခလဲချုပ်တယ်ပေါ့၊ စာလိုပြောတော့ အကြောင်းသမုဒယ ချုပ်တော့ အကျိုးဒုက္ခ ချုပ်တယ်ပေါ့၊ ဘုန်းကြီးတို့ ရှင်တော်ဗုဒ္ဓရဲ့ တရားတော်တွေက ကြောင်းကျိုးဆက် တရားတော်တွေပါ၊ ဒါ့ကြောင့် နေရာတကာမှာ ကြောင်းကျိုးဆက်စပ်အောင် ရှုကြည့်ပါ။

**အဝိဇ္ဇာရဲ့ သတ္တိ** ဒီခန္ဓာကိုယ်တွင်းမှာ ရှိနေတဲ့ တကယ့်ရှိဖွယ် အတိတွေကို သူရောကိုယ်ပါ သတ္တဝါတွေဟာ ပကတိမျက်စိနဲ့ မြင်နေပါလျက်ကနဲ့ မသိဘူး၊ အသုဘ မထင်ပါဘူး၊ အသုဘလို့ မမြင်ပါဘူး။

အဲဒါဘာဖြစ်လို့ အရှိအသုဘကို အသုဘလို့ အမှန်အတိုင်း မသိမမြင်လဲဆိုတော့ အဝိဇ္ဇာဖုံးထားလို့တဲ့၊ အဝိဇ္ဇာရဲ့သတ္တိတဲ့၊ အဲဒီအဝိဇ္ဇာဟာ သတ္တဝါတွေကို လမ်းမှားအောင် လုပ်တတ်ပါတယ်။

သိသင့်သိထိုက်တာတော့ မသိဘူး၊ မသိသင့်မသိထိုက်တာကိုတော့ သိပါတယ်၊ အဲဒါလဲ အဝိဇ္ဇာရဲ့သတ္တိပဲပေါ့၊ လုပ်သင့်လုပ်ထိုက်တာတော့မလုပ်၊ မလုပ်သင့်မလုပ်ထိုက်တာကို လုပ်တာလဲ အဝိဇ္ဇာရဲ့ သတ္တိပါပဲ၊ အဝိဇ္ဇာဆိုတာ အမှန်မသိ အမှားသိပါ။

ဟို....သဋ္ဌေးသမီးကလေးမှာတော့ အဝိဇ္ဇာဥခွံကပါး၊ အသိဉာဏ်ဝိဇ္ဇာက များပြားတဲ့အတွက် သိသင့်တာကို သိပါတယ်၊ မြင်သင့်တာကို မြင်ပါတယ်၊ ဘုန်းကြီးတို့ပရိသတ်လဲ သူ့လို ဝိဇ္ဇာဉာဏ်များအောင် ခန္ဓာအရှိကို ဉာဏ်သတိနဲ့ ကြည့်ရပါမယ်။

**အပြစ်များစွာ ဤခန္ဓာ**

ကဲ.... ဘုန်းကြီးတို့ပရိသတ်လဲ တရားရှာခန္ဓာကြည့်သဘောနဲ့ကြည့်ရှုနာပါ၊ ဟို-သဋ္ဌေးသမီးကလေးကလဲ သူ့ရဲ့အရှင်သခင်လင်ယောကျ်ားကို သူ့ရဲ့အရှိခန္ဓာထဲက အရှိသဘာဝတွေကို သူ့ရဲ့အသိဉာဏ်ဝိဇ္ဇာနဲ့ ဆက်ပြီးတော့ ပြောပြပြန်ပါတယ်။

"အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာ ကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ အဆုံးအပိုင်းအခြားမရှိ ရေတွက်မရ များပြားလှတဲ့ အပြစ်တွေရှိပါတယ်၊အဆိပ်ပင်ကြီးနဲ့ ဥပမာတူလှပါတယ်၊ လုံးစုံများပြား ရောဂါများတို့ရဲ့ တည်နေရာ အိမ်ဂေဟာကြီးဖြစ်ပါတယ်၊ စင်စစ် ဒုက္ခ အစုအပုံကြီးသာဖြစ်ပါတယ်"တဲ့။

ဘုန်းကြီးတို့ပရိသတ် ဟို....သဋ္ဌေးသမီးကလေး ဟောတာ ပြောတာ ဟုတ်လိုက်တာ၊ မှန်လိုက်တာ၊ ဒီခန္ဓာကိုယ်ကြီးရဲ့အပြစ်တွေပြောပြယင် အပြစ်တွေက များပြားလို့ ရေတွက်မရ, ရေတွက်မဆုံးနိုင်လောက်အောင် များပြားလှပါတယ်တဲ့။

ယခုလောကထဲမှာ မိမိတို့ရဲ့ ဖြစ်ပျက်တွေကြုံနေရတဲ့ အပြစ်တွေဟာ ဟောဒီ ခန္ဓာကိုယ်နဲ့ပတ်သက်ပြီးတော့ ဖြစ်တဲ့အပြစ်တွေချည်းပါပဲ၊ ကဲ-အဲဒီခန္ဓာကိုယ်နဲ့ ပတ်သက်ပြီးတော့ဖြစ်တဲ့ အပြစ်တွေ ရေတွက်ကြည့်စမ်းပါ၊ ရေတွက်နိုင်ပါ့မလား။

"မရေတွက်နိုင်ပါဘုရား"

**အဆိပ်ပင်ပမာတူလှစွာ၏**

အေး....ဒီခန္ဓာကိုယ်ကြီးရဲ့ အပြစ်တွေဟာများပြားလှပါတယ်၊ ပြီးတော့ ဒီခန္ဓာကိုယ်ကြီးဟာ ဘာနဲ့တူသလဲဆိုတော့ အဆိပ်ပင်နဲ့တူပါတယ်တဲ့၊ အဆိပ်ပင်နဲ့တူတယ်ဆိုသဖြင့် ဒီခန္ဓာကိုယ်တကိုယ်လုံး ကောင်းတာဘာရှိမလဲ၊ မကောင်းတဲ့ အဆိပ်တွေချည်း အပြည့်အနှက်ရှိမှာပေါ့။

အင်း....အဆိပ်ပင်ဟာ တပင်လုံး အဆိပ်တွေသာအပြည့်အဝ ရှိသလို ဒီခန္ဓာကိုယ်ကြီးဟာလဲ တကိုယ်လုံး အပြစ်တွေချည်းပဲ ရှိပါတယ်တဲ့၊ အဲဒီအဆိပ်ပင်က အဆိပ်တွေကို အသုံးချတတ်ယင် ဆေးဖြစ်ပါတယ်၊ သတ္တဝါတွေချမ်းသာစေတတ်ပါတယ်၊ မသုံးသတ်ယင် ဘေးဖြစ်ပါတယ်၊ သတ္တဝါတွေ သေတတ်ပါတယ်၊ ဒုက္ခရောက်တတ်ပါတယ်။

အဆိပ်ပင်က အသုံးချတတ်ယင် ဆေးဖြစ်ပါတယ်၊ ဘုန်းကြီးတို့ ယခုမြန်မာပြည်မှာ အင်မတန်မှ နာမည်ကျော်ကြားတဲ့ နန်းတွင်းလျှာပွတ်ဆေးကြီးဆိုတာ ရှိပါတယ်။

အဲဒီနန်းတွင်း လျှာပွတ်ဆေးထဲမှာ မြွေဆိပ်ဆိုတာ ပါပါတယ်၊ ပြီးတော့ တခုချင်းမသုံးရဲတဲ့ အဆိပ်တွေလဲ တော်တော်များများပါပါတယ်၊ အများနဲ့ရောပြီး အသုံးချတတ်တော့ ရောဂါပျောက်ကြောင်း ဆေးဝါးကောင်း ဖြစ်သွားပါတယ်။

အဲဒီအဆိပ်တွေ အသုံးမချတတ်တော့ သေတတ်ပါတယ်၊ သုံးတတ်တော့ **အ**ဖိုးတန်လျှာပွတ်ဆေးဖြစ်ပါတယ်။ အင်္ဂလိပ်ဆေးတွေမှာလဲ အဆိပ်၊ အဆိပ်နဲ့ ရေးထားတာရှိပါတယ်။

အဲဒီ အဆိပ်ဆေးကိုပဲ အသုံးချတတ်တော့ မသေပါဘူး၊ ရောဂါဝေဒနာတွေ ပျောက်ကင်းပါတယ်၊ ယခုဒီမှာ ဥပမာ ပေးထားတာက ဒီခန္ဓာကိုယ်ကြီးဟာ စားလျှင်မသေ့ လတ် တလော သေစေတတ်တဲ့ အဆိပ်ပင်နဲ့ ဥပမာတူလှပါတယ်ဆို တော့ ပကတိမြားဆိပ်ပင်ကြီးကို မှုဆိုးတွေက မြားဆိပ်အဖြစ် အသုံးပြုတော့ သတ္တဝါတွေ သေကြပါတယ်၊ ဒုက္ခရောက်ကြပါ တယ်။

ဆေးဆရာတွေက နန်းတွင်းလျှာပွတ်ဆေးကဲ့သို့ ဆေးထဲ ထည့်ပြီးအသုံးပြုတော့ ရောဂါကင်းပျောက်ပြီး ချမ်းသာခြင်း သို့ရောက်ပါတယ် ၊ သေမယ့်သတ္တဝါတွေဟာ အသက်ရှင်ပါ တယ်၊ ချမ်းသာကြောင်း ဖြစ်ပါတယ်။

အဲဒီလိုပါပဲ၊ ဒီခန္ဓာကိုယ်အဆိပ်ပင်ကြီးဟာလဲ အသုံးမချ တတ်တော့ အကုသိုလ်ဒုစရိုက်တွေဖြစ်ပြီးလောကထဲမှာလဲ ဆင်း ရဲဒုက္ခရောက်၊ တမလွန်ဘဝမှာလဲ အပါယ်ငရဲကျပြီး ဆင်းရဲ ဒုက္ခရောက်ပါတယ်။

ဒီခန္ဓာကိုယ် အဆိပ်ပင်ကြီးကို အသုံးချတတ်ယင် ခန္ဓာအရှိ ဉာဏ်သတိနဲ့ကြည့်တော့ ကောင်းတဲ့ကုသိုလ် သုစရိုက်တွေ ဖြစ် ပါတယ်။

အဲဒီလိုကောင်းတဲ့ ကုသိုလ်သုစရိုက်တွေဖြစ်တော့ လောက ထဲမှာလဲ ကိုယ်စိတ်နှစ်ဖြာချမ်းသာသုခပြည့်ဝမယ်၊ တမလွန်ဘဝ မှာလဲ လူ့ချမ်းသာနတ်ချမ်းသာရမယ်၊ နိဗ္ဗာန်ချမ်းသာလဲရမယ် ဆိုတော့ အကျိုးများပါတယ်။

**မသုံးလဲ ဆွေး**
**သုံးလဲ ဆွေး**

ဘုန်းကြီးတို့ ပရိသတ် ဒီ ခန္ဓာကိုယ်ကြီးကို ချစ်လှ ခင်လှ ကြင်နာလှ ပါတယ် ဆိုပြီး အသုံး မချပဲနဲ့ မွေးထားလဲ ဆွေးမှာပဲ၊ အိုနာသေပဲ၊ အသုံးချလဲပဲ အိုနာသေပဲ၊ ဒီတော့ အိုနာသေ ခန္ဓာ၊ ဆွေးမယ့်ခန္ဓာကို အသုံးချပြီး မအို မနာ မသေဆီရောက် အောင်ကြိုးစားယင် မကောင်းဘူးလား။

"ကောင်းပါတယ် ဘုရား"

ဒီအတိုင်း ခန္ဓာကိုယ်ကို ချစ်ခင်နှစ်သက်လို့ဆိုပြီး အသုံးမချပဲ မခိုင်းပဲထားလဲ ဆွေးမှာပဲ၊ အို-နာ-သေပဲဖြစ်တော့ ကိုယ်စိတ် ဆင်းရဲနဲ့ အပါယ်ငရဲရောက်ရတော့ ဒီခန္ဓာကိုယ်ကို အသုံးမချပဲ ထားရကျိုးမနပ်တဲ့အပြင် ဒုက္ခဆင်းရဲတွေ ပိုမလာဘူးလား။

"ပိုလာပါတယ် ဘုရား"

အင်း....အဲဒါကြောင့် ဒီခန္ဓာကိုယ်ကြီးဟာ မသုံးလဲဆွေး၊ သုံးလဲဆွေးပဲ၊ ကောင်းတဲ့အလုပ်တွေ ကုသိုလ်တွေလုပ်ယင်းနဲ့ ကုသိုလ်အလုပ်တွေမှာ အသုံးချယင်းနဲ့ အဆွေးခံပါ၊မကောင်းတဲ့ အလုပ်တွေလုပ်ယင်းနဲ့ အဆွေးမခံပါနဲ့၊ ဘာမှမလုပ်ပဲ အလကား ထားယင်းလဲ အဆွေးမခံပါနဲ့။

ဘယ်လောက်ပဲ ဒီခန္ဓာကိုယ်ကို ချစ်ခင်သနားလှပါတယ် ဆိုပြီး ဒီခန္ဓာကိုယ်ကို အလှကြည့်ဖို့မွေးထားသော်လဲ ဒီခန္ဓာကိုယ် က အလိုမလိုက် အကြိုက်မပါပဲ သေတဲ့အခါ သုသာန်မှာ ထားခဲ့ ရမှာပါ။

**လှေဥပမာ ဤခန္ဓာ**

ဒီခန္ဓာကိုယ်ကြီးဟာ ဥပမာ ဘာနဲ့ တူလဲဆိုတော့ လှေနဲ့ တူပါတယ်၊ ဘုန်းကြီးတို့ပရိသတ် ဒီမြတ်ချမ်းသာ ဘုရားကနေပြီး, ဒီကျုံပျော်ဘက်ကမ်းကနေပြီး ဟိုဘက်ကမ်း ခဲပေါင်ဘက်ကမ်းကို လှေစီးသွားတော့ ဟိုဘက်ကမ်းလဲရောက်ရော လှေကိုထားခဲ့မှာလား၊ ဒီလှေဟာတို့ကို ဟိုဘက်ကမ်းအရောက်ပို့တဲ့အတွက် ကျေးဇူးများလို့ သွားရာခရီး ထမ်းသွားမှာလား။

"ထမ်းမသွားပါ ဘုရား"

လှေပို့လို့ ဟိုဘက်ကမ်းရောက်တယ်၊ ဟိုဘက်ကမ်းမရောက်မီ ရေလယ်မှာ လှေပေါက်နေယင် မဖာရဘူးလား။

"ဖာရပါတယ် ဘုရား"

ဘာအတွက် ဖာရတာလဲ၊ လှေကိုချစ်လို့ ဖာရတာလား ဆိုတော့ မဟုတ်ပါဘူး၊ ရေဝင်ပြီး နစ်သွားယင် ဟိုဘက်ကမ်း မရောက်မှာစိုးလို့ ဟိုဘက်ကမ်းရောက်ရေးအတွက် ဖာရတာပါ။

ဒီအတိုင်းပဲ၊ ခန္ဓာကိုယ် လှေအိုကြီးစီးပြီး သံသရာ ဒီမှာဘက်ကမ်းက နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းကို သွားနေကြတဲ့ ဘုန်းကြီးတို့ပရိသတ် ခန္ဓာကိုယ်ဆိုတဲ့ လှေမရှိလို့ မဖြစ်ပါဘူး။

ခန္ဓာကိုယ်လှေရှိသော်လဲ မစီးပဲ ပစ်ထားယင်လဲ နိဗ္ဗာန်သို့ ရောက်မှာလားဆိုတော့ မရောက်ပါဘူး။

ဒီခန္ဓာကိုယ်လှေကို မစီးဘူးဘိုတာက ခန္ဓာကိုယ်ကို ဉာဏ်သတိနဲ့ မကြည့်ရှုဘူး၊ ခန္ဓာကိုယ်နဲ့ အရင်းတည်ပြီး ဒါန-သီလ-ဘာဝနာ ဝေယျာဝစ္စစတဲ့ ကုသိုလ်တွေ မလုပ်ဘူးဆိုယင် ခန္ဓာကိုယ်လှေကို မစီးတာပဲ။

ခန္ဓာကိုယ် လျှော်စီးသော်လဲ ဟိုမှာဘက်ကမ်း နိဗ္ဗာန်သို့ အရောက်မလျှော်ယင်လဲ မရောက်ဘူး၊ အရောက်လျှော်တယ် ဆိုတာ ဝီရိယနဲ့ ကြိုးစားအားထုတ်တာကို ခေါ်ပါတယ်။

နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်တွေကို ကြိုးကြိုးစားစား အမြဲမပြတ် အားထုတ်လုပ်ကိုင်နေယင် အရောက်လျှော်တယ်လို့ ခေါ်ပါတယ်၊ နိဗ္ဗာန်ဘက်ကမ်း မရောက်သေးပဲ ရပ်ထားယင် အရောက်မလျှော်ဘူး ခေါ်တယ်။

**ရောဂါနေရာ အိမ်ဂေဟာ**

ဒီခန္ဓာကိုယ်ကြီးဟာ ရောဂါမျိုးစုံတို့ရဲ့ တည်နေရာ နေထိုင်ရာ အိမ်ဂေဟာကြီးနဲ့ တူပါတယ်တဲ့၊ ဒီအကြောင်းကိုတော့ နောက်ကလဲ ပြောခဲ့ပြီးပါပြီ၊ ယခုလဲ ထပ်ပြီးတော့ ပြောပါတယ်၊ ပြောပြီးသား ထပ်ပြီးတော့ ပြောတာဟာ ခိုင်မြဲစေချင်လို့လို့ မှတ်ပါ။

ဒီခန္ဓာလှေကြီးကို နိဗ္ဗာန်အရောက် လျှော်သွားတဲ့အခါ မကျန်းမမာနာဖျားယင် ခန္ဓာလှေကြီးပေါက်တယ်လို့ ခေါ်ပါတယ်၊ အဲဒီလို မကျန်းမမာ နာဖျားသောအားဖြင့် ခန္ဓာလှေကြီး ပေါက်ယင် ဆေးကုတာဟာ ခန္ဓာလှေကြီးကို ဖာထေးတယ်လို့ ခေါ်ပါတယ်။

ဘုန်းကြီးတို့ပရိသတ် ပကတိလှေနဲ့ ဒီကျုံပျော်ဘက်ကမ်းက ဟို ခဲပေါင်ဘက်ကမ်းသို့ ကူးတဲ့အခါ လှေပေါက်ယင် ဖာရပါတယ်၊ အဲဒီလို ဖာတဲ့အခါ လှေကိုနှစ်သက်လို့ ဖာတာလား၊ ဟိုဘက်ကမ်းသို့ မရောက်ခင် ရေလယ်မှာ နစ်သေမှာစိုးလို့ ဖာရတာလား။

"ရေလယ်မှာ နစ်သေမှာစိုးလို့ ဖာရတာပါ ဘုရား"

အင်း....အဲဒီအတူပါပဲ၊ ဒီခန္ဓာလှေကြီးဟာ သေချာချာ ဉာဏ်သတိနဲ့ကြည့်ယင် ဘာမှ နှစ်သက်တွယ်တာစရာ မရှိပါဘူး။

အဲဒီ နှစ်သက်တွယ်တာစရာမရှိတဲ့ ခန္ဓာလှေကြီးစီးပြီးတော့ နိဗ္ဗာန်ဘက်ကမ်းအရောက် ကျင့်ကြံသောအားဖြင့် လှော်ခတ်သွားတဲ့အခါ ဖျားနာသောအားဖြင့် ခန္ဓာလှေကြီးပေါက်ယင် ဆေးကုသောအားဖြင့် ဖာရမယ်။

အဲဒီလို ဆေးကုသောအားဖြင့် ဖာတဲ့အခါ ပကတိလှေကို ဖာတဲ့အခါ နှစ်သက်တွယ်တာလို ဖာတာမဟုတ်ပဲ ဟိုဘက်ကမ်းသို့ ရောက်ရေးအတွက်သာ ဖာသလို ခန္ဓာလှေကြီး နာဖျားသော အားဖြင့် ပေါက်ယင်လဲ နိဗ္ဗာန်သို့ရောက်ရေးအတွက် ဒီခန္ဓာ လှေကြီးမရှိယင် မဖြစ်ဘူး၊ သံသရာရေလယ်တွင် နစ်လိမ့်မယ်၊ ရေလယ်တွင် မနစ်စေပဲ နိဗ္ဗာန်ဘက်ကမ်းသို့အရောက်သွားနိုင်ရေး အတွက်လို့ ရည်မှန်းပြီး ဆေးကုသောအားဖြင့် ဖာရမယ်။

အဲဒီလို ခန္ဓာလှေကြီးကို ဆေးကုသောအားဖြင့် ဖာရတဲ့အခါ နှစ်သက်တွယ်တာမှု မပါ,ပါစေနဲ့၊ ဟိုဘက်ကမ်းရောက်ရေး အတွက်လို့သာ သဘောထားပြီး ဖာပါ။

ပကတိလှေပေါက်တဲ့အခါ ဖာလို့ကောင်းသွားယင် ရေလယ် မှာ ရပ်မနေပဲ ဟိုဘက်ကမ်းသို့ အရောက်လှော်သွားသလို ခန္ဓာ လှေကြီးဖျားနာသောအားဖြင့် ပေါက်လို့ ကုသသောအားဖြင့် ဖာလို့ကောင်းသွားယင် သံသရာရေလယ်မှာ ရပ်မနေပဲ ကျင့်ကြံ သောအားဖြင့် နိဗ္ဗာန်ဘက်ကမ်းသို့ အရောက်ဆက်ပြီး ကြိုးစား အားထုတ်သောအားဖြင့် ကူးသွားရပါမယ်။

**ဒုက္ခအစုအပုံကြီး** ဘုန်းကြီးတို့ ပရိသတ် ဒီ ခန္ဓာကိုယ်ကြီးဟာ ဒုက္ခ အစုအပုံကြီးတဲ့၊ ဟုတ်ပါတယ်၊ စင်စစ် ဒီ ခန္ဓာကိုယ်ကြီးဟာ ဒုက္ခ အစုအပုံကြီးမျှသာ ဖြစ်ပါတယ်၊ ဟို...သငှေးသမိးကလေးက သူ့ ခန္ဓာကိုယ် သူကြည့်ပြီး ပြော နေတာပါ။

သူ့ ခန္ဓာနဲ့ ကိုယ့်ခန္ဓာနဲ့ အတူတူပဲဟာ၊ သူ့ ခန္ဓာ ဒုက္ခအစု အပုံကြီးပါဆိုယင် ကိုယ့်ခန္ဓာလဲ ဒုက္ခအစုအပုံကြီးပေါ့၊ ကိုယ့် ခန္ဓာ ဒုက္ခအစုအပုံကြီးဆိုယင် သူ့ ခန္ဓာလဲဒုက္ခအစုအပုံကြီးပေါ့။

ကိုယ့်ခန္ဓာအကြောင်းသိယင် သူ့ ခန္ဓာအကြောင်းလဲ သိပါ တယ်၊ သူ့ ခန္ဓာအကြောင်းသိယင် ကိုယ့်ခန္ဓာအကြောင်းလဲ သိပါတယ်။

သူတပါးခန္ဓာကြည့်ရတာက ဝေးပါတယ်၊ အခါခပ်သိမ်း လဲ မမြင်ရ မတွေ့ရပါဘူး၊ မမြင်နိုင် မကြည့်နိုင်ပါဘူး၊ ကိုယ့် ခန္ဓာကတော့ ကိုယ်နှင့်မကွာ အမြဲပဲ ပါရှိနေပါတယ်၊ အဲဒီ ခန္ဓာကလဲ သူ့ သဘာဝအရှိကို သူက အရှိအတိုင်း အမြဲပြနေ ပါတယ်၊ ကိုယ်က ဉာဏ်သတိရဲ့ မကြည့်ရှုလို့သာ မမြင်တာ၊ ကြည့်ရှုယင် မြင်နိုင်ပါတယ်။

မြင်တော့ ဘယ်လိုမြင်နိုင်လဲ၊ ဒီ ခန္ဓာကိုယ်မှာ နေသာ ထိုင် သာရှိတဲ့ ဒုက္ခရယ်၊ နေသာထိုင်သာမရှိတဲ့ ဒုက္ခရယ်၊ တနည်း ပြောရယင် ဒုက္ခလေးနဲ့ဒုက္ခကြီးရယ်လို့ ဒုက္ခ ၂-မျိုးသာရှိတယ်၊ ဒုက္ခအစုအပုံကြီးမျှသာ ရှိတယ်လို့ သိမြင်လာနိုင်ပါတယ်။

ဒီ ခန္ဓာကိုယ်မှာ ဒုက္ခကင်းတဲ့အချိန်ဆိုတာ မရှိပါဘူး၊ ဒုက္ခ သာလျှင် ဖြစ်နေပါတယ်၊ ဒုက္ခသာလျှင် တည်နေပါတယ်၊ ဒုက္ခသာလျှင် ပျက်သွားပါတယ်။

ဒီ ခန္ဓာမှာ ဒုက္ခဖြစ်တာမှတပါး တခြား ဖြစ်တာမရှိပါ၊ ဒုက္ခပျက်တာမှတပါး တခြားပျက်တာလဲ မရှိပါ၊ အစလဲ ဒုက္ခ အလယ်မှာလဲ ဒုက္ခ၊ အဆုံးမှာလဲ ဒုက္ခပါပဲ။

**ဝီရိယသာ လိုတယ်**

ဘုန်းကြီး ဝေဘူဆရာတော်ဘုရားကြီးရဲ့ အတ္ထုပ္ပတ္တိ စာအုပ်ကို ဖတ်ကြည့်ပါတယ်၊ အဲဒီမှာ စာတပိုဒ်ကို တော်တော် သဘောကျတာနဲ့ မှတ်ထားလိုက်တယ်၊ ဆရာတော်ကြီးက တရားပွဲတပွဲမှာ ပရိသတ်ကို ဘာအမိန့်ရှိလဲ ဆိုတော့....

"တို့ တရားနာ ပရိသတ်တွေဟာ တရား ဗဟုသုတ နာကြားမှု ဗဟုသုတဟာ ဘုရားရှင်လက်ထက်က သူ တော်ကောင်းတွေထက် သာပါတယ်တဲ့၊ အဲဒီ နာကြား မှတ်သားထားတဲ့ တရားတွေထဲက အကြိုက်ဆုံး တရား တပုဒ်ကို ဘုရားရှင် လက်ထက်တော်အခါက သူတော် ကောင်းတွေရဲ့ ဝီရိယကိုမှီအောင်ကြိုးစားယင် ဘုရားရှင် လက်ထက်တော်အခါက သူတော်ကောင်းတွေ ဖြစ်သလို အရိယာ သူတော်ကောင်းတွေ ဖြစ်ရော" တဲ့။

အဲဒီလို အမိန့်ရှိပါတယ်၊ အဲဒီ စကားအရ ပြောရယင် ဘုန်းကြီးတို့ပရိသတ် အရိယာသူတော်ကောင်းတွေ မဖြစ်သေး တာ ဘာလို့လို့လဲဆိုတော့ ဝီရိယလို့လို့ပါ။

**အ ဖျင်း သာ ကူညီနိုင်တယ်**

အင်း....အဲဒီလိုဆိုတော့ ဘုန်းကြီးက မိုးကုတ် ဆရာတော်ဘုရားကြီးရဲ့စကားကို သွားပြီးတော့ သတိရပါတယ်၊ ဆရာတော်ဘုရားကြီး က ပရိသတ်ကို ဘာ အမိန့်ရှိလဲဆိုတော့....

"ဟော့....မင်းတို့ကို ငါက ဖျင်းတာသာ ကူညီနိုင်တယ်၊ ပျင်းတာကိုတော့ မကူညီနိုင်ဘူးတဲ့၊ ဖျင်းတာက ကူညီလို့ရတယ်၊ ပျင်းတာက ကူညီလို့မရဘူး" တဲ့။

အဲဒီလို အမိန့်ရှိပါတယ်၊ ဘုန်းကြီးက သဘောကျတာနဲ့ အသေအချာမှတ်ထားပါတယ်၊ ဟုတ်ပါတယ်၊ ဖျင်းတယ်ဆိုတာ မသိတာကို ခေါ်ပါတယ်၊ ကျင့်ကြံအားထုတ်ပုံအားထုတ်နည်းကို မသိဘူး၊ ကျင့်ကြံအားထုတ်ရမှန်း မသိဘူး၊ တရားနာရမှန်းမသိဘူး၊ အဲဒါမျိုးကို ဖျင်းတာလို့ ခေါ်ပါတယ်။

ပျင်းတယ်ဆိုတာက တရားနာရမှန်းသိတယ်၊ တရားမနာဘူး၊ တရား အားထုတ်ရမှန်းသိတယ်၊ တရား အားမထုတ်ဘူး၊ အဲဒါမျိုးကို ပျင်းတာလို့ ခေါ်ပါတယ်၊ ကဲ....ဒါဖြင့် ဘုန်းကြီးတို့ပရိသတ်ကို မေးပါရစေ၊ "ပျင်းတဲ့အထဲ ပါလား, ဖျင်းတဲ့အထဲပါလား"

"ပျင်းတဲ့အထဲ ပါပါတယ်ဘုရား"

**ကျီးတွေခွေးတွေ တားရမယ်**

သွားပြီ....သွားပြီ....ဘုန်းကြီးတို့ ပရိသတ်ကို ဘုန်းကြီးတို့လဲမတတ်နိုင်တော့ပါဘူး၊ ဘုရားရှင်လဲ မတတ်နိုင်တော့ပါဘူး၊ သိကြားမင်းလဲ မတတ်နိုင်တော့ပါဘူး၊ သံသရာပင်လယ် ရေပြင်ကျယ်ထဲ မျောဖို့ မြုပ်ဖို့ပဲရှိပါတော့တယ်၊ မမျောချင် မမြုပ်ချင်ယင် ဝီရိယထားပြီး ကြိုးစားကြပါ၊ ဟို....သဋ္ဌေးသမီးကလေးဟာ ဝီရိယထားပြီး ကြိုးစားထားတော့ ခန္ဓာရဲ့အကြောင်းကို ပြောလို့မကုန်နိုင်အောင်ပဲ၊ ကဲ....ဆက်ပြောတာ နားထောင်ပါဦး။

"အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာ ကိုယ် ယုတ် အကောင်ပုပ်ကြီးကို အတွင်းသားကိုအပြင်, အပြင်သား ကို အတွင်းရယ်လို့ အတွင်းအပြင်သာ ပြန် လှန် လိုက် ယင် ကျီးတွေက ဝိုင်းထိုး, ခွေးတွေက ဝိုင်းကိုက်လို့ မခံသာတဲ့အတွက် တုတ်ကိုင်ပြီး အဲဒီ ကျီးတွေ ခွေးတွေ ကို တားနေရပါမယ်၊ မောင်းနေရပါမယ်" တဲ့။

အဲဒီလို ပြောပါတယ်၊ အဲ ဒါ က ဘာ ပြော လို တာ လဲ၊ သူ့ ခန္ဓာကိုယ်ကြီးဟာ သေမှဆိုတာမပြောထားနဲ့၊ မသေခင်ပင် ဘာတန်ဖိုးမှ မရှိပါဘူး၊ ကျီးစာ ခွေးစာမျှသာ ဖြစ်ပါတယ် ဆိုတဲ့အကြောင်း ပြောတာပါ။

**ခြင်ပညာ နဲ့ ယင်ပညာ**

ဒီ ခန္ဓာကိုယ်ကြီးဟာ ကျီးစာ ခွေးစာမျှသာမကသေး ဆိုတော့ မဟုတ်သေးပါဘူး၊ ခြင် တွေကလဲ ကိုက်ပါတယ်၊ အင်း....ခြင်ကျတော့ ကိုက်တယ် လို့ပြောပါတယ်၊ အမှန်က ခြင်ကလဲလာပြီးတော့ အရေဖောက် ပြီး အသွေးကိုသောက်စားတာပါပဲ။

ဒီနေရာမှာ သတိရတော့ ပြောရဦးမယ်၊ ခြင်ပညာ နဲ့ ယင် ပညာအကြောင်းပေါ့၊ ခြင်ဟာ နားတာနဲ့ တပြိုင်နက်တည်း အရေကိုဖောက်ပြီး အသွေးကိုသောက်ပါတယ်၊ ဒီတော့ တခါ တည်း ဝသွားပြီး လိုရာအရပ်သို့ ဘေးကင်းရန်ကွာ ပျံသွား နိုင်ပါတယ်၊ ယင်ကတော့ အပေါ်ယံ အညှိကလေးမျှသာ သား သောက်တော့ ဝ တယ်လို့မရှိဘူး၊ တရော်ရော်နဲ့ ဒုက္ခ ရောက် ပါတယ်။

ဘုန်းကြီးတို့ပရိသတ်လဲ တသံသရာလုံး ခန္ဓာကိုယ် အပေါ် ယံအရေမျှသာကြည့်ပြီး အားရကျေနပ်လာခဲ့လိုက်တာ ကြည့်ရှုလို့မဝ, နားလို့ မဝသေးပါဘူး၊ ဘယ်တော့ ဝမှာလဲဆိုတော့ ဘယ်တော့မှ မဝပါဘူး။

အဲဒါ ယင်ပညာလို့ခေါ်ပါတယ်၊ ခြင်ကတော့အရေဖောက် အသားဖောက်, အသွေးသောက်ပြီး ဝ သွားသလို လိုရာအရပ်သို့ ချမ်းသာစွာ ပျံသွားနိုင်သလို ဘုန်းကြီးတို့ ပရိသတ်လဲ မိမိတို့ရဲ့ခန္ဓာကိုယ်တွင်းသို့ ဉာဏ်သတိသွင်းပြီး ကြည့်ရှုရပါမယ်၊ ခန္ဓာတွင်း ဉာဏ်သတိသွင်းပြီး ကြည့်ရှုတော့ ခန္ဓာသဘာဝကို မြင်ပြီး,သိပြီး, ကိစ္စပြီးကာ လိုရာ နိဗ္ဗာန်သို့ အရောက်သွားနိုင်ပါတယ်။

**လူမိုက်တွယ်တာ ဤခန္ဓာ**

အင်း....အဲဒါကြောင့် ခြင်ကို အတုခိုးပါ၊ ယင်ကို အတုမခိုးပါနဲ့၊ အတုခိုးအတုယူ ကောင်းယင် အကျိုးရှိပါတယ်၊ အတုခိုး အတုယူမကောင်းယင် အကျိုးစီးပွား ပျက်ပါတယ်၊ ဟို.... သဋ္ဌေးသမီးကလေးက သူတော်ကောင်းတွေ အတုယူပြီး သူ့ရဲ့ ခန္ဓာကြည့်တော့ သိပြီးပြောလိုက်တာ-

"အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ မကောင်းသော အနံ့ရှိပါတယ်၊ စင်လဲ မစင်ကြယ်ပါဘူး၊ အပုပ်ကောင်ကြီး ဖြစ်ပါတယ်၊ ကျင်ကြီးအိမ် ကျင်ငယ်အိမ်ပမာ တူလှပါတယ်၊ ဉာဏ်အမြင်ရှိသူတို့ ကဲ့ရဲ့ရှုတ်ချအပ်ပါတယ်၊ ဒီခန္ဓာကိုယ် ယုတ်အကောင်ပုပ်ကြီးကို သူမိုက်တို့ အလွန်နှစ်သက်တွယ် တာအပ်ပါတယ်"တဲ့။

ဘုန်းကြီးတို့ပရိသတ် တရားနာခန္ဓာကြည့်ဆိုတဲ့အတိုင်း ကိုယ့်ခန္ဓာကိုယ်ကြည့်နာပါ၊ ဒီခန္ဓာကိုယ်ကြီးဟာ မကောင်းတဲ့ အနံ့ရှိပါတယ်တဲ့၊ မိမိတို့ကိုယ်ကို နေ့စဉ်နေ့စဉ်အမွှေးနံ့သာတွေ လိမ်းကျံခြယ်သနေရတာ ဘာဖြစ်လို့လဲမေးယင် မကောင်းတဲ့အနံ့တွေကို အမွှေးနံ့သာနဲ့ ဖုံးတာလို့ပဲ ဖြေရမှာပဲ။

အင်း....အဲဒီလိုဖုံးတော့ ကိုယ့်ကိုယ်ကို မွှေးတယ်လို့ထင်သွားပါတယ်၊ သူပါးတွေကလဲ သူ့ကိုယ်က မွှေးလိုက်တာ လို့ အထင်မှားသွားပါတယ်၊ တကယ်တော့ သူ့ကိုယ်ကမွှေးတာလား၊ အမွှေးနံ့သာက မွှေးတာလားဆိုတော့ အမွှေးနံ့သာက မွှေးတာပါ။

ဒီခန္ဓာကိုယ်ကြီးကတော့ မကောင်းတဲ့ ရနံ့ရှိပါတယ်၊ အမွှေးနံ့သာက မွှေးပါတယ်လို့ ခွဲပြီးတော့သိပါ၊ အမွှေးနံ့သာဆိုတဲ့ အပေါ်ယံကိုဖောက်ပြီး မကောင်းတဲ့အနံ့ဆိုတဲ့ အတွင်းရောက်အောင်ဖောက်ပြီး ကြည့်ရှုပါ။

အမှန်စင်စစ် ဉာဏ်ပညာမျက်စိနဲ့ ရှုကြည့်ယင် ဒီခန္ဓာကိုယ်ကြီးဟာ ဘောထဲမှာ အလှေ့ကျပေါက်တဲ့ နံ့သာပင်လောက်တောင်မှ တန်ဖိုးမရှိလို့ နံ့သာတွေတန်ဖိုးပေးပြီး တန်ဖိုးမရှိတဲ့ ခန္ဓာကိုယ်ကို တန်ဖိုးရှိတဲ့နံ့သာနဲ့ တန်ဖိုးမြှင့်နေရတာပါ၊ ဒါကြောင့် မိမိတို့ကိုယ်ကို ဖီလိမ်းပြင်ဆင်တဲ့အခါ-

> "ငါ့ရဲ့ ဒီခန္ဓာကိုယ်ကြီးဟာ တန်ဖိုးမရှိလို့ တန်ဖိုးမြှင့်နေရပါလား၊ မကောင်းတဲ့ ရနံ့တွေကို ကောင်းတဲ့ရနံ့တွေနဲ့ ဖုံးနေရပါလား။"

လို့ သတိထားပြီး ဖီးလိမ်းပြင်ဆင်ပါ၊ ရေချိုးတဲ့အခါလဲ ရှုကြည့်ပြီး ရေချိုးပါ၊ ဘာဖြစ်လို့ ရေချိုးရတာလဲဆိုတော့

မကောင်းတဲ့ အညစ်အကြေးတွေ မကောင်းတဲ့ရနံ့တွေကြောင့် ရေချိုးရတာပါ၊ တကယ်ဆိုတော့ အဲဒီ မကောင်းတဲ့ ရနံ့တွေ အညစ်အကြေးတွေကို ရေဆေးရတာကိုပဲ ရေ ချိုး တယ် လို့ ယဉ်ကျေးအောင် ခေါ်တာပါ။

ခန္ဓာကိုယ်မှာရှိနေတဲ့ မကောင်းတဲ့ အနံ့တွေ့ မကောင်းတဲ့ အညစ်အကြေးတွေကို ရေမဆေးယင် မ ဝတ် နိုင် မ စား နိုင် လူတောထဲ မသွားနိုင်ဘူး၊ မသွားရဲဘူး၊ ကိုယ်ရဲ့ ပင်ကိုယ် အရှိကို လူမသိစေချင်ဘူး၊ အဲဒီ ပင်ကိုယ်အရှိကို ရေနဲ့ဆေးပြီးမှ ယဉ်ယဉ်ကျေးကျေးပြောတော့ ရေချိုးပြီးမှ ဝတ်စားသွားလာ နိုင်ပါတယ်။

**မစင်မကြယ် ရွံဖွယ်ခန္ဓာ**

အဲဒီလို ရေဆေးပြီးမှ ဟန်ဆောင်သွားလာနေ ရတာကိုပဲ လူတွေဟာ အထင် မှားကြတယ်၊ အထင်မှားပြီး အထင်ကြီးကာ စွဲလမ်းနှစ်သက် တွယ်တာမှုတွေဖြစ်ပြီး ဒုက္ခရောက်နေကြရတာပါ။ ဟို....သဒ္ဒေး သမီးကလေးက အဲဒီသဘောတွေ အမှန်အတိုင်းသိပါတယ်၊ အဲဒါကြောင့် သူ့ယောက်ျားက ဝတ်စား ဆင်ပြင်ခိုင်းတော့ ဒီတရားတွေ ဟောတာ....

"အရှင့်သား....ကျွန်မရဲ့ ဟောဒီ ခ န္ဓာ ကိုယ် ယုတ် အကောင်ပုပ်ကြီးဟာ အပေါ်ယံက စိုစွတ်တဲ့ အရေ ပါးကလေးနဲ့ ဖုံးလွှမ်းထားအပ်ပါတယ်၊ အပေါက် ကိုးပေါက်လဲ ရှိပါတယ်၊ အလွန်ကြီးကျယ်တဲ့ အနာ ကြီးလဲ ဖြစ်ပါတယ်၊ ထက်ဝန်းကျင်မှ မစင်မကြယ် ရွံစဖွယ် အပုပ်နံ့တွေ ယိုထွက်နေပါတယ်" တဲ့။

ဘုန်းကြီးတို့ပရိသတ်....ကိုယ့်ကိုယ်ကို အာရုံပြုပြီး နာကြားပါ၊ မိမိတို့ကိုယ်မှာ အပေါ်ယံက အရေပါးကလေး လွှမ်းထားလို့ တင့်တယ်နေတာပါ၊ အဲဒီ အရေပါးကလေးကို ခွာလိုက်ယင် မတင့်မတယ် ရွံမုန်းစဖွယ်တွေသာ တွေ့မြင်ရပါမယ်။

အနံ့အသက်ကလဲ နှာခေါင်းမခံနိုင်အောင် အပုပ်နံ့ တလှိုင်လှိုင်သာ နံမယ်၊ အပေါက်ကြီးတွေက ကိုးပေါက်၊ အပေါက်ယ်တွေက အများအပြားပါ၊ အရေတစိုစိုကျနေတဲ့ အနာကြီးသဖွယ်ပဲ တွေ့ရမြင်ရပါမယ်။

**မစင်အိုး တန်ဆာဆင်သလို**

အဲဒီတော့ အဲဒီ မတင့်မတယ်တဲ့ ရွံစဖွယ်ရာ အနာကြီးနဲ့ တူနေတဲ့ ဒီခန္ဓာကိုယ်ကြီးကို တန်ဆာဆင်ခြင်းဖြင့် အဘယ်အကျိုးရှိမလဲဆိုတဲ့ အကြောင်းကို ဟို.... သဌေးသမီးကလေး အဆုံးသတ် ပြောပါတယ်။

"အရှင့်သား.... ကျွန်မရဲ့ ဟောဒီ ခန္ဓာ ကိုယ် ယုတ်အကောင်ပုပ်ကြီးကို တန်ဆာဆင်ခြင်းဖြင့် ဘာလုပ်မှာလဲ၊ ဘာအကျိုးရှိမှာလဲ၊ အရှင့်သား....ဒီခန္ဓာကိုယ်ကြီးကို တန်ဆာဆင်တာဟာ ဘာနဲ့တူလဲဆိုတော့ မစင်ဘင်ပုပ်တွေနဲ့ ပြည့်နေတဲ့ အိုးကြီးကို အပြင်အပက အဆန်းတကြယ် တန်ဆာဆင်တာနဲ့ တူပါတယ်" တဲ့။

သိပ်မှန်တာပဲ၊ ခန္ဓာကိုယ်တွင်း ဉာဏ်သတိသွင်းပြီး ကြည့်ရှုပါ၊ မစင်ဘင်ပုပ်တွေပဲ ရှိတာပဲဟာ၊ ဉာဏ်မြင်မရှိလို့ မသိလို့သာ တကယ်တော့ ၃၂ မျိုးသော အပုပ်အသိုးတွေပဲ ရှိတာပါ။

အင်း....အဲဒီလို ဟို....သဌေးသမီးကလေးက အဆုံးသတ်လဲ ပြောပြီးရော သူ့ယောကျ်ားက ဘာပြောလဲဆိုတော့ "ရှင်မ သင်ဟာ ဒီခန္ဓာကိုယ်ရဲ့ အပြစ်တွေကို ဒီလောက်မြင်ပါလျက်ကနဲ့ ဘာဖြစ်လို့ ရဟန်းမ မဝတ်သလဲ" လို့ မေးပါတယ်၊ ပြောပါ တယ်။

အဲဒီလိုပြောတော့ အခွင့်ကောင်းကို ချောင်းနေတဲ့ ဟို.... သဌေးသမီးကလေးက ရတဲ့အခွင့်အရေး လက်လွှတ်မခံပဲ ပြန် ပြောလိုက်တယ်။ "အရှင့်သား....ကျွန်မ ရဟန်းမိန်းမပြုခွင့်သာ ရမယ်ဆိုယင် နက်ဖြန်တောင် မဆိုင်းပါဘူး၊ ယနေ့ပဲ ရဟန်း မိန်းမပြုပါမယ်" တဲ့။

အဲဒီလိုပြောတော့ သူ့ယောကျ်ားကလဲ "ကောင်းပါပြီ ရှင်မ၊ သင့်ကို ရဟန်းမိန်းမ ပြုပေးပါမယ်" လို့ အာမခံပေး ပြီးတော့ အလှူပေး၊ ပူဇော်သက္ကာတွေပြုပြီး အခြံအရံများစွာနဲ့ ဘိက္ခုနီမကျောင်းသို့ ပို့ပြီး ဘိက္ခုနီမဝတ်ပေးပါတယ်။

**ဝမ်းသာနေသည်** သဌေးသမီးကလေး သူဝတ်ချင်တဲ့ အဝတ် ကို ဝတ်ရတော့ ဝမ်းသာနေပါတယ်၊ ဘိက္ခုနီမဝတ်တော့ ဘယ်မှာသွားဝတ်လဲဆိုတော့ ဒေဝဒတ်ရဲ့ အသင်းအပင်း ဒေဝဒတ်ရဲ့တပည့် ဘိက္ခုနီမကျောင်းမှာ သွား ပြီး ဝတ်မိလျက်သား ဖြစ်နေပါတယ်။

သူကတော့ ဝတ်ချင်တာတခုပဲ ရှိပါတယ်၊ ဒေဝဒတ်တပည့် ဘိက္ခုနီမကျောင်းရယ် ဘာရယ်ဘယ်သိမလဲ၊ သူ့ယောကျ်ားနဲ့ ဆွေမျိုးသားချင်းတွေ ပို့တဲ့ကျောင်းမှာပဲ ဝတ်နေရတာပေါ့။

သူ့အနေနဲ့ကတော့ မိဘအိမ်ကတည်းက ဝတ်ချင်နေတဲ့ အဝတ်ကို ဝတ်ခွင့်ရတာပဲ အားရကျေနပ်ဝမ်းသာနေပါတယ်၊ အကြံအောင်လို့ ဝမ်းမြောက်နေပါတယ်။

**သတိပြုဖွယ်အချက်** ဒီနေရာမှာ မိရိုးဖလာအစွဲကြီးသူတွေ သတိပြုဖွယ် အချက်တချက်ရှိပါတယ်၊ ဘာလဲဆိုတော့ ရှင်ရဟန်းပြုမှုပါပဲ၊ ရှင်ရဟန်း ပြု တယ် ဆို တာ ပဋိသန္ဓေနေတာနဲ့ တူတယ်တဲ့၊ ပဋိသန္ဓေနေတယ်ဆိုတာ ဘဝ တခု အစပြုတာပေါ့၊ အစကောင်းမှ အနှောင်းသေချာတယ်တဲ့။

ဒီတော့ အဆိုအဆုံးမညြဝါဒ မကောင်းတဲ့ ကျောင်းမှာ သွားပြီးတော့ ရှင်ရဟန်းပြုလိုက်ယင် မကောင်းဒုဂ္ဂတိဘုံဘဝမှာ သွားပြီးတော့ ပဋိသန္ဓေတည်နေတာနဲ့ တူပါတယ်တဲ့၊ အဆိုအဆုံးမညြဝါဒကောင်းတဲ့ ကျောင်းမှာသွားပြီးတော့ ရှင်ရဟန်းပြုယင် ကောင်းတဲ့ဘုံဘဝမှာ ပဋိသန္ဓေနေတာနဲ့ တူတယ်တဲ့။

ယခုနေ ဘုန်းကြီးတို့ ပရိသတ်ကို မကောင်းတဲ့ ဘုံဘဝမှာ ပဋိသန္ဓေနေမလား၊ ကောင်းတဲ့ ဘုံဘဝမှာ ပဋိသန္ဓေနေမလား လို့မေးယင် ကောင်းတဲ့ဘုံဘဝမှာ ပဋိသန္ဓေနေမယ်လို့ ဖြေမှာပဲ။

ဒါဖြင့် ရှင်ရဟန်းပြုတော့ ဘယ်မှာရှင်ရဟန်းပြုမလဲဆိုတော့ နီးစပ်ရာကျောင်းပေါ့၊ ကောင်းတာ မကောင်းတာ မရွေးဘူး၊ ကိုးကွယ်နေကျပဲ နီးစပ်ရာကျောင်းပဲ ရွေးပါတယ်။

**အေး** ...ရှင်ရဟန်းပြုတဲ့အခါ ဝိနည်းသိက္ခာလဲ မလေးစား, စာပေပရိယတ်လဲ မသင်ကြားတဲ့ ကျောင်းသို့သွားပြီး ရှင်ရဟန်း ပြုမိပါယင် မကောင်းတဲ့ ဒုဂ္ဂတိဘုံဘဝမှာ ပဋိသန္ဓေနေရသလို မကောင်းတဲ့ ဘုံဘဝမှာ ဖြစ်ရသလို ဒုက္ခရောက်မှာပါ။

ဒါ့ကြောင့် ရှင်ရဟန်းပြုခါနီးယင် ရှင်ပြုခါနီး ရဟန်းခံခါနီးယင် ကျောင်းရွေးပါ၊ မိရိုးဖလာသဘောမလုပ်ပါနဲ့၊ နီးစပ်ရာကျောင်းရယ်လို့ မလုပ်ပါနဲ့၊ နေတဲ့အခိုက် အကျင့်ကောင်းရမယ်၊ စာတတ်ရမယ်၊ အကျင့်လဲမကောင်း စာလဲမတတ်ဆိုယင် ရှင်ရဟန်းပြုရကျိုး မနပ်တော့ဘူး၊ အပါယ်လက်မှတ် ဝယ်ယူတာနဲ့ တူတယ်လို့ မှတ်ပါ။

**ကိုယ်ဝန်ပေါ်လာ** ဘိက္ခုနီမကလေးတော့ သူ့အလိုကျ ကျင့်ကြံအားထုတ်နေတယ်၊ ပဋိသန္ဓေနေရာကတော့ မကောင်းဘူး၊ အားရဝမ်းသာ ကြိုးစားအားထုတ်နေစဉ် ဂဗ္ဘသြွေတွေ ဖောက်ပြန်လာတယ်၊ လက် ခြေ ကျောက်ကုန်းတွေထူထဲလာတယ်၊ ဝမ်းရေလွှာလဲ ကြီးထွားလာတယ်၊ ကိုယ်ဝန်ထင်ရှားပေါ်လာတယ်။

အဲဒါကို ဘေးက ဘိက္ခုနီမတွေကမြင်တော့ မေးတယ်၊ "ရှင်မ....သင့်မှာ ကိုယ်ဝန်ရသကဲ့သို့ ဖြစ်နေပါတယ်၊ အဲဒါဘယ်လိုပါလဲ"။

အဲဒီလိုမေးတော့ ဘိက္ခုနီမကလေးက ပြန်ပြီးတော့ ဖြေတယ် "ရှင်မတို့ အကြောင်းက ဒါပဲလို့ အကြောင်းကို တပည့်တော်မမသိပါ၊ တပည့်တော်မရဲ့ သီလကတော့ စင်ကြယ်ပါတယ်၊ပြည့်စုံပါတယ်၊ မကျိုးမပေါက် မပြောက်မကျားပါ။"

**ဒေဝဒတ်ထံသို့ပို့** အဲဒီလိုပြောတော့ ဘေးက ဘိက္ခုနီမတွေကသူတို့လဲ အကြောင်းမသိ၊ သူတို့မှာလဲ တာဝန်ရှိနေတော့ အဲဒီဘိက္ခုနီမကလေးကို ဒေဝဒတ်ထံသို့ခေါ်သွားပြီး လျှောက်ထားတယ်။

"အရှင်ဘုရား ဟောဒီ ဘိက္ခုနီမကလေးဟာ ဆင်းရဲ မြို့ပြင်ပင်ပန်းစွာနဲ့ လင်ယောကျ်ားကို ဟောပြောနှစ်သက်စေပြီးမှ ရဟန်းမိန်းမ ပြုခွင့်ရပါတယ်။"

"ယခုအခါမှာတော့ ဒီဘိက္ခုနီမကလေးမှာ ကိုယ်ဝန် ပေါ်လာပါတယ်၊ တပည့်တော်တို့ဟာ ဒီကိုယ်ဝန်ကို လူ့ဘဝကရခဲ့တယ်၊ သို့မဟုတ် ဘိက္ခုနီဘဝမှာ ရတယ်လို့ အသေအချာ မသိရပါ၊ ယခုဒီဘိက္ခုနီမကလေးကို ဘယ်လိုလုပ်ပေးရပါ့မလဲ" တဲ့။

အဲဒီလိုလျှောက်သွားတော့ ဒေဝဒတ်က သူကိုယ်ကဘုရားလဲ မဟုတ်၊ သူ့မှာ အသိဉာဏ်ပညာကလဲ မရှိ၊ သည်းခံမှုချစ်ခင်မှု သနားမှုဆိုတဲ့ ခန္တီမေတ္တာကရုဏာတရားတွေ မရှိတဲ့အတွက် ဒီလို စဉ်းစားတယ်။

"ဒေဝဒတ်ရဲ့ အသင်းအပင်း ဒေဝဒတ်ဘက်သား ဘိက္ခုနီမတွေဟာ ကိုယ်ဝန်ဆောင်ကြတယ်၊ ကိုယ်ဝန်ရှိကြတယ်၊ ဒေဝဒတ်ကလဲ အဲဒီလို ဘိက္ခုနီမတွေ ကိုယ်ဝန်ဆောင်တာကို မသိယောင်ဆောင်နေတယ်၊ လျစ်လျူရှုနေတယ်လို့ ငါ့ကို ကဲ့ရဲ့ကြလိမ့်မယ်၊ ငါ ဒီဘိက္ခုနီမကလေးကို လူထွက်စေမှသင့်မယ်" တဲ့။

ဘုန်းကြီးတို့ ပရိသတ်....သတ္တဝါများဟာ အတ္တစွဲအလွန်ကြီးပါတယ်၊ ကိုယ့်အတွက်ကို အင်မတန်မှပဲ ငဲ့ကွက်ပါတယ်၊ ကိုယ်သာကောင်းမယ်ဆိုယင် သူများတွေ ဘာဖြစ်ဖြစ် ဘယ်လိုဖြစ်ဖြစ် လုပ်နိုင်တယ်၊ လုပ်ရဲတယ်၊ လုပ်ရက်တယ်၊ မငြူးစမ်းမဆင်ခြင်ပါဘူး။

ယခု လက်တွေ့ကြည့်ပါလား၊ ဒေဝဒတ်ဟာ သူ့နာမည်ပျက်မှာ ကြောက်တာနဲ့ ဘိက္ခုနီမကလေးကို ဘာမှ စစ်ဆေးခြင်း မေးမြန်းခြင်းမပြုပဲ လူထွက်ခိုင်းတယ်၊ "သွားကြ-သွားကြ၊ ဒီ ဘိက္ခုနီမကလေးကို လူဝတ်လဲပေးလိုက်ကြ"တဲ့။

ဒီတော့မှ ဘိက္ခုနီမကလေးကလဲ သူဟာ ဒေဝဒတ်တပည့်မ ဖြစ်နေမှန်းသိပါတယ်၊ လူထွက်ခိုင်းတော့လဲ လူမထွက်ချင်ဘူး၊ ဘယ်ထွက်ချင်ပါ့မလဲ၊ သူ့မှာ ခဲခဲယဉ်းယဉ်းနဲ့ ဟောပြောပြီး ဘိက္ခုနီမ ဝတ်လာခဲ့ရတဲ့ဟာပဲ။

လူမထွက်ချင်တဲ့ ဘိက္ခုနီမလေး လူထွက်ခိုင်းတဲ့ စကားလဲ ကြားရော နေရာမှ မြန်စွာထကာ ရှိခိုးပြီးတော့ ကျောင်းပြန်လာခဲ့ပါတယ်၊ ကျောင်းပြန်ရောက်တော့ ဘိက္ခုနီမကြီးတွေကို ရှိခိုးပြီး လျှောက်ထားတယ်။

"အရှင်မတို့....ဒေဝဒတ်ဟာ ဘုရား မဟုတ်ပါဘူး၊ တပည့်တော်မလဲ အဲဒီ ဒေဝဒတ်အထံမှာ ရဟန်းမိန်းမ ပြုတာ မဟုတ်ပါဘူး၊ တပည့်တော်မဟာ လောက သုံးပါးမှာ အမြတ်ဆုံးဖြစ်တဲ့ ဘုရားရှင်ရဲ့ အထံတော်မှာ ရဟန်းမိန်းမပြုပါတယ်၊ တပည့်တော်မ ရဟန်းမိန်းမပြုရ တာလဲ ဆင်းရဲစွာ ပြုရပါတယ်၊ တပည့်တော်မရဲ့ ရဟန်း မိန်းမအဝတ်ကို ဆွဲမချွတ်ကြပါနဲ့၊ အရှင်မတို့ တပည့် တော်မကို ဘုရားရှင်၏အထံတော် ဇေတဝန်ကျောင်း အရောက် လိုက်ပို့ပေးကြပါကုန်လော့"တဲ့။

အဲဒီလိုလျှောက်ထားတော့ ကြားရတဲ့ ဘိက္ခုနီမတွေက အဲဒီ ဘိက္ခုနီမကလေးရဲ့ အကျင့်စာရိတ္တကောင်းပုံ၊ ရိုးသားပုံ၊ ဆရာ

သမား ဝတ်တရားကျေပွန်ပုံ၊ သီလပြည့်စုံပုံ၊ ကောင်းသော သဘောရှိပုံတွေကို သိထားကြတော့ သနားကြတာနဲ့ လူမထွက် စေဘူး။

**ဘုရားရှင်ထံသို့ ပို့ကြသည်**

ဘိက္ခုနီမကလေးကို ခေါ်ယူပြီးတော့ ဘိက္ခုနီမကြီးတွေက ရာဇဂြိုဟ်ပြည်မှ ၄၅-ယူဇနာဝေးတဲ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ အရောက်လိုက်ပို့ကြပါတယ်၊ ရောက်တယ်ဆိုယင်ပဲ လိုက်ပို့ကြတဲ့ ဘိက္ခုနီမကြီးတွေက ဘုရားရှင်အား လျှောက်ထားကြပါတယ်။

"မြတ်စွာဘုရား.... ဟောဒီ ဘိက္ခုနီမကလေးဟာ တပည့်တော်ထံမှာ နေပါတယ်ဘုရား၊ ကောင်းကောင်း မွန်မွန် ရိုးရိုးသားသားပါပဲဘုရား၊အကျင့်သီလစာရိတ္တနဲ့ လဲပြည့်စုံပါတယ်ဘုရား၊ဒါပေမယ့် ကိုယ်ဝန်ပေါ်လာပါ တယ်ဘုရား၊ အဲဒါကြောင့် ဆရာဒေဝဒတ်က လူထွက် ခိုင်းလို့ သူကလဲ လူမထွက်ချင်လို့ ဘုရားရှင်ထံသို့ပို့ပေးပါ ဆိုလို့ တပည့်တော်တို့ ပို့ပေးရပါတယ် မြတ်စွာဘုရား" တဲ့။

အဲဒီလိုလျှောက်ထားပြီး ဘိက္ခုနီမကလေးကို ဘုရားရှင်ထံသို့ ပို့ပေးကြတယ်၊ ဘုရားရှင်ကတော့ ဉာဏ်တော်နဲ့ ကြည့်လို့ သိပါ တယ်၊ ဘယ်အချိန်ကရတဲ့ကိုယ်ဝန်၊ ဘယ်တုန်းကဖြစ်တဲ့ကိုယ်ဝန် ဆိုတာ အကုန်အစုံသိပါတယ်၊ဒါပေမယ့် ဘုရားရှင်ကလဲစဉ်းစား တယ်၊ ဘယ်လိုစဉ်းစားလဲဆိုတော့....

"စင်စစ်တော့ ဒီဘိက္ခုနီမကလေးရဲ့ ကိုယ်ဝန်ဟာ လူဝတ်တုန်းက ရခဲ့တဲ့ ကိုယ်ဝန်မှန်တယ်၊ သို့ပင်ဖြစ်သော်

လဲ''ရဟန်းဂေါတမဟာ ဒေဝဒတ်စွန့်လိုက်တဲ့ ဘိက္ခုနီမကို ခေါ်ယူပြီး လှည့်လည်တယ်''လို့ တိတ္ထိတွေရဲ့ ပြောဆိုကဲ့ရဲ့ခွင့်ရသွားမယ်၊ အဲဒါကြောင့် ဒီစကားမဖြစ်ပေါ်လာနိုင်ရန် မင်းနှင့်တကွသော ပရိသတ်အလယ်ကောင်မှာ ဘိက္ခုနီမကလေးရဲ့ ကိုယ်ဝန်ပြဿနာကို ဆုံးဖြတ်သင့်တယ်''တဲ့။

အဲဒီလို စဉ်းစားပါတယ်၊ ''အရေးပေါ်လာယင် ပညာရှိအရေးကြီးတယ်'' ဆိုတာ အဲဒါမျိုးပေါ့၊ ဒေဝဒတ်က ဘာမှစဉ်းစားဉာဏ်မရှိတော့ သူ့အပေါ် အပြစ်ရောက်မှာ ကြောက်တယ်၊ ဘုရားရှင်ကတော့ သ ဗ္ဗ ညု တ ဉာဏ် တော် ရှင် ဖြစ် တော့ အရေးအရာ အကုန်သိပါတယ်။

**ရှင်ဥပါလိအပ်** အဲဒီလိုသိတော့ အဲဒီပြဿနာကို ကြာရှည်ဆွဲမထားပဲ လိုက်ပို့တဲ့ ဘိက္ခုနီမတွေ မပြန်ခင်နောက်တနေ့မှာပဲ ကောသလမင်း, မဟာအနာထပိဏ်သဌေး, စူဠအနာထပိဏ်သဌေး, ဝိသာခါကျောင်းအစ်မကြီးနှင့် တခြားထင်ရှားတဲ့ အမျိုးကြီးတွေပါ ခေါ်စေပြီး ညနေချမ်းအချိန်၊ ပရိသတ်လေးပါး စည်းဝေးမိတဲ့အခါမှာ ရှင်ဥပါလိကို ခေါ်တော်မူပြီး မိန့်တယ်။

''ချစ်သားဥပါလိ....သွားတဲ့ချေ၊ပရိသတ် လေးပါး အလယ်ကောင်မှာ ဒီဒေဝဒတ်ထံက လွှတ်လိုက်တဲ့ ဘိက္ခုနီမကလေးရဲ့ကိုယ်ဝန်ဆောင်အမှုကို ဆုံးဖြတ်လော့''တဲ့။

ရှင်ဥပါလိဆိုတာ ဒေဝဒတ်နှင့် အတူပဲ ရဟန်းပြုခဲ့တဲ့ ထေရ်တပါးပါပဲ၊ ရှင်ဥပါလိက ဟိုစဉ်ကတော့ ဒေဝဒတ်တို့ရဲ့

ခေါင်းကို ရိုက်ပေးရတဲ့ ဆတ္တာသည်ပေါ့၊ အခုတော့ ရှင်ဥပါလိပေါ့။

အဲဒီလို ဘုရားရှင်က ရှင်ဥပါလိကို အဲဒီအမှုကိုအပ်လဲအပ်ရော ရှင်ဥပါလိထေရ်က "ကောင်းပါပြီ မြတ်စွာဘုရား"လို့ အာမခံပြီး ပရိသတ်လေးပါးအလယ်သို့ ကြွသွားပြီး သူ့အတွက် ခင်းထားတဲ့နေရာမှာ ထိုင်နေပါတယ်။

**ဝိသာခါအပ်** ထိုင်ပြီးတော့ ကောသလမင်းကြီးရဲ့ရှေ့မှာ ထိုင်နေတဲ့ ဝိသာခါကျောင်းအစ်မကြီးကို ခေါ်စေပြီး အဲဒီ ဘိက္ခုနီမကလေးရဲ့ ကိုယ်ဝန်အမှုကို အပ်နှင်းပါတယ်။

"ဝိသာခါ....သွားတဲ့ချေ၊ ဒီ ဘိက္ခုနီမကလေးဟာ ဘယ်လက အိမ်ထောင်ကျတယ်၊ ဘယ်လမှာ ဘိက္ခုနီမဝတ်တယ် စသည်ဖြင့် မှန်ကန်စွာသိအောင် မေးစိစစ်ပြီး ဒီကိုယ်ဝန်ဟာ လူ့ဘဝက ပါလာတဲ့ကိုယ်ဝန်လား၊ သို့မဟုတ် ဘိက္ခုနီမဘဝရောက်မှ ရတဲ့ကိုယ်ဝန်လား၊ အမှန်သိအောင် မေးစစ်လော့" တဲ့။

ဘုန်းကြီးတို့ပရိသတ် အမှုတခုဖြစ်တယ်ဆိုယင် အမှန်အကန်ဖြစ်ဖို့ အရေးကြီးပါတယ်၊ သိပ်အရေးကြီးပါတယ်၊ လျော်ကန်ဖို့လဲ အရေးကြီးပါတယ်၊ ဒီကိုယ်ဝန်ပြဿနာကို ရှင်ဥပါလိကိုယ်တိုင် မေးစိစစ်လို့ ဘယ်သင့်ပါမလဲ၊ ဘယ်လျော်ကန်ပါမလဲ။

ရှင်ဥပါလိ မေးစိစစ်လို့ မသင့်မလျော်သလို ကောသလမင်းကြီးတို့ မဟာအနာထပိဏ်သဌေးတို့ မေးစိစစ်လို့လဲ ဘယ်သင့်လျော်ပါမလဲ။

အမျိုးသမီးအမှုဟာ အမျိုးသမီးအချင်းချင်း စစ်ဆေးမေး မြန်းမှ သင့်လျော်မှာပေါ့၊ အဲဒါကြောင့် ရှင်ဥပါလိထေရ်က အဲဒီ ပရိသတ်အများထဲမှ ဝိသာခါကျောင်းအစ်မကြီးကို အပ်နှံ ရတာပါ။

ဝိသာခါကျောင်းအစ်မကြီးက သောတာပန်ဆိုတော့ သူ့မှာ တည်ကြည်မြဲမြံတဲ့ ယုံကြည်လောက်တဲ့ စကားရှိတယ်၊ အေး.... အမှုအပ်တယ်ဆိုတာ အဲဒီလို ဒကာမကြီးမျိုးကို အပ်မှပေါ့၊ မဟုတ်တဲ့ အမျိုးသမီးတွေ သွားအပ်မိယင် ဆွဲချဖြစ်နေမယ်။

အင်း....ခု ဝိသာခါ ကျောင်း အစ် မ ကြီး ကို အပ် တော့ ကျောင်းအစ်မကြီးက "ကောင်းပါပြီ အရှင်ဘုရား" လို့ ဝန်ခံ ပြီး တင်းတိမ် ကန့်လန့်ကာ ကာစေပြီး အတွင်းဝင်ပြီး ဘိက္ခုနီ မကလေးရဲ့ လက်, ခြေ, ချက်, ဝမ်းဗိုက်စသည်တို့ကို ကြည့်ရှု တယ်။

အိမ်ထောင်ကျတဲ့ လ၊ ရဟန်းမိန်းမ ဝတ်တဲ့လ စသည်ကို မေးပါတယ်၊ အားလုံးမေးမြန်းစစ်ဆေးပြီးတော့ လူ့ဘဝက ရခဲ့တဲ့ ကိုယ်ဝန်ဖြစ်ကြောင်း အတိအကျ သိပါတယ်၊ အဲဒီ အကျိုးအကြောင်းအစုံကို ရှင်ဥပါလိထေရ်အား လျှောက်ထား ပါတယ်။

**သားယောကျ်ားလေး မွေးဖွားပြီ**

အဲဒီလို လျှောက်ထားတော့ ရှင်ဥပါလိ ထေရ်က အကျိုးအကြောင်း အလုံးစုံ စစ်ဆေး မေးမြန်း ချက်တွေကို ဝေဖန် နှိုင်းချိန်ပြီး ပရိသတ်လေးပါးအလယ်ကောင်မှာ အဲဒီ ဘိက္ခုနီမ ကလေးဟာ စင်ကြယ်တယ်၊ သီလမပျက်ဘူး၊ ဘိက္ခုနီမဘဝက ထွက်ရန်မလိုလို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

ဘိက္ခုနီမကလေးလဲ သူ့သီလမပျက်ဘူး၊ စင်ကြယ်တယ်၊ အပြစ်မရှိဘူး၊ ဘိက္ခုနီမဘဝနဲ့ပဲ နေနိုင်တယ်ဆိုတော့ ဝမ်းသာတာပေါ့၊ ကိစ္စပြီးတော့ ရဟန်းသံဃာတွေနှင့်အတူ ဘုရားရှင်ကို ရှိခိုးပြီး ဘုရားရှင်ရဲ့ တပည့် ဘိက္ခုနီမတွေကျောင်းသို့ လိုက်သွားပါတယ်။

ဘိက္ခုနီမကလေးဟာ ယခုပဲ ဘုရားနဲ့ တွေ့ရတယ်ဆိုပြီး အားရဝမ်းသာနဲ့ ပရိယတ်သင်၊ ပဋိပတ်ကျင့်နဲ့၊ သင်ကြား အားထုတ်နေယင်းနှင့်ပဲ မကြာမီ ကိုယ်ဝန်သားကလေး မွေးဖွားပါတယ်။

သားကလေးကလဲ သာမန် သားကလေး မဟုတ်ပါဘူး၊ ဟို ပဒုမုတ္တရာဘုရားရှင် လက်ထက်တော်အခါက မဟာသာဝက ဆု ပန်ခဲ့တဲ့ အာနုဘော်ကြီးတဲ့ သားထူးကလေးပါ။

**မွေးမေ့မေတ္တာ ကြီးမားစွာ**

ဘုန်းကြီးတို့ပရိသတ် စဉ်းစားကြည့်ပါ၊ မွေးမေ့မေတ္တာဟာ ဘယ်လောက်ကြီးလဲဆိုတော့ ဒီ ဘိက္ခုနီမကလေး ဟို....သူ့မိဘ အိမ်မှာနေစဉ်က သံဝေဂတွေဖြစ်ပြီး မိဘသံယောဇဉ်ဖြတ်ပြီး ဘိက္ခုနီမဝတ်ချင်လို့ ခွင့်တောင်းခဲ့ပါတယ်။

ခွင့်တောင်းလို့ မရပါဘူး၊ ဒါပေမယ့် မလျှော့ဘူး၊ လင်ယောကျ်ားထံရောက်မှ ခွင့်ပန်မယ်လို့ စိတ်ကိုတင်းထားပါတယ်၊ အိမ်ထောင်ကျတော့လဲ ဖိးလိမ်းပြင်ဆင် မလုပ်ဘူး။

ရိုးရိုးသားသားဝတ်စားပြီး တရားကျင့်နေပါတယ်၊ လင်ယောကျ်ားထံက အခွင့်ရတော့ လင်ယောကျ်ားလဲစွန့်၊ ရှိတဲ့

ပစ္စည်းတွေလဲ စွန့်ပြီး မိဘ, လင်ယောကျ်ား, ပစ္စည်းများအပေါ် သံယောဇဉ်မကပ်မငြိပဲ ဘိက္ခုနီမဝတ်တယ်။

ဘိက္ခုနီမဝတ်တော့ ကိုယ်ဝန်ပေါ်လာ၊ သားဖွားရ၊ အမျိုးသမီးတွေမှာ ဘယ်လောက်ဒုက္ခကြီးလဲဆိုတာ အဲဒါသာ စဉ်းစားကြည့်ပါ၊ ယောကျ်ားနဲ့မဆက်ဆံတဲ့ အမျိုးသမီးတွေသာ ခံရတဲ့ သီးခြားဒုက္ခ အာဝေဏိကဒုက္ခငါးမျိုးခံရပါတယ်။

(၁) အရွယ်ရောက်လျှင် တလတကြိမ် ဥတုပန်းပွင့်ရခြင်း၊
(၂) လင်၏နောက်သို့ လိုက်ပါသွားရခြင်း၊
(၃) လင်၏ ခြေရင်းအလုပ်အကျွေးအဖြစ် ပြုလုပ်ရခြင်း၊
(၄) ကိုယ်ဝန်ဆောင်ရခြင်း၊
(၅) သားဖွားရခြင်း၊

ဆိုတဲ့ ဒုက္ခငါးမျိုးဟာ ယောကျ်ားတွေနဲ့မဆိုင် အမျိုးသမီးတွေနဲ့သာ ဆိုင်တဲ့ ဒုက္ခငါးမျိုးပါ၊ ဘိက္ခုနီမကလေး ကိုယ်ဝန်ဆောင်ရတဲ့ဒုက္ခ တွေ့ပါတယ်၊ ယခုအခါ သားဖွားရတဲ့ ဒုက္ခတွေ့ပါတယ်။

သားဖွားတော့ သားယောကျ်ားကလေး ပါရမီရှင်ကလေး၊ ဘိက္ခုနီမကလေး မိဘနဲ့ လင်ယောကျ်ား ပစ္စည်းဥစ္စာ အများအပေါ်မှာ ပစ်နိုင်သော်လဲ သားကလေးကိုတော့ မပစ်နိုင်ဘူး၊ အင်း.... "အဲဒါ မေ့းမေ့မေတ္တာ" ပေါ့၊ ပေမချစ် ခေါ်မလား၊ မေတ္တာချစ် ခေါ်မလား၊ သံယောဇဉ် ခေါ်မလား၊ မေတ္တာ ခေါ်မလား၊ အစက ရှင်းပြခဲ့ပြီးပါပြီ။

**သံယောဇဉ်တွယ်ပြီ** ယခု ဘိက္ခုနီမကလေးက သူ့သားကလေးကို ချစ်တာ "ပေမချစ်" ပါ၊ မေတ္တာချစ်မဟုတ်ပါဘူး၊ တရားနာမည်မှာ အမျှားနားလည်အောင် ခေါ်လွယ်အောင် "မွေးမေ့မေတ္တာတရားတော်"လို့ အမည်ပေးထားတဲ့ အကြောင်းလဲ ရှင်းပြပြီးပါပြီ။

"ပေမချစ်"ဆိုတာ ကာမဂုဏ်အာရုံနှင့် ယှဉ်နေတဲ့အတွက် ကာမရာဂသံယောဇဉ်ပါပဲ၊ သားအပေါ်မှာ အဲဒီ ကာမရာဂ သံယောဇဉ်နဲ့ သံယောဇဉ်တွယ်ပြီး ချစ်ခင်နေပြီ။

ဘိက္ခုနီမဝတ်စဉ်က ဒီသားကလေးကို ထိန်းသိမ်း ယုယချစ်ခင်နေဖို့ ဝတ်တာ မဟုတ်ပါဘူး၊ တရားဓမ္မတွေ ကျင့်ကြံကြိုးကုတ်အားထုတ်ပြီး သံသရာကထွက်မြောက်ကြောင်း အလုပ်ကို အားထုတ်ဖို့ ဝတ်ခဲ့တာပါ။

ယခု တရားအားထုတ်ဖို့ ဘိက္ခုနီမဝတ်ခဲ့တဲ့ ဘိက္ခုနီမလေးမှာ သားလေးလဲမွေးဖွားရော အဲဒီသားကလေးကို ပြုစုယုယကျွေးမွေး စောင့်ရှောက်နေရတာနဲ့ တရားအားထုတ်နိုင်ခွင့် မရှိတော့ပါဘူး။

သားအပေါ်မှာ ချစ်ခြင်း မွေးမေရဲ့ မေတ္တာဟာ ဘယ်လောက်ကြီးလဲ၊ အဲဒီချစ်ခြင်းကို မဖြတ်နိုင်ယင် ဘယ်လိုမှ တရားအားထုတ်လို့ မဖြစ်နိုင်ပါဘူး၊ စောစောက တရားကို လွတ်လွတ်လပ်လပ် အားထုတ်နိုင်သော်လဲ ယခုသားအပေါ်မှာ ချစ်တဲ့မေတ္တာကြောင့် တရားအားထုတ်ဖို့ သတိမရတော့ဘူး၊အားထုတ်ပြန်တော့လဲ စိတ်မဖြောင့်တော့ဘူး။

သံယောဇဉ်နော်၊ကာမရာဂသံယောဇဉ်ပါ၊ "ရာဂေါမေတ္တာယ ဝဋ္ဋေတိ=ရာဂက မေတ္တာယောင်ဆောင်ပြီးတော့ လှည့်ပတ်တယ်" တဲ့၊ သံယောဇဉ် ဘယ်လောက် ကြောက်စရာကောင်းလဲ။

ဘိက္ခုနီမကလေးမှာ ဆွမ်းခံသွားလဲ သားအတွက် စိတ်မဖြောင့်ဘူး၊ ဘုရားဝတ်တက်လဲ သားအတွက် စိတ်မဖြောင့်ဘူး၊ တရားအားထုတ်လဲ သားအတွက် ရတက်မအေးဘူး၊ လျှောင်း-ထိုင်-ရပ်သွား လေးပါးဣရိယာပုထ်တိုင်းမှာ ဒီသားလေးဆီပဲ စိတ်ရောက်နေပါတယ်။

ဘိက္ခုနီမကလေး သားနဲ့တရား ဘယ်ဟာစွဲနေလဲ ကြည့်ပါ၊ သားကိုစွဲနေပါတယ်၊ တရားကိုမစွဲပါဘူး၊ တရားကိုသာ သားစွဲသလို လျှောင်းထိုင်ရပ်သွားလေးပါးဣရိယာမှာ သတိရနေယင် တရားရပြီ။

ဘုန်းကြီးတို့ပရိသတ်လဲ အဲဒီလိုပဲလား မသိပါဘူး၊ အဲဒါကြောင့် တရားဘက် မလည်နိုင်တာနဲ့တူတယ်။

**မင်းကြီးခေါ်သွားပြီ** အဲဒီလိုနဲ့ တနေ့မှာ ကောသလမင်းကြီး အဲဒီ ဘိက္ခုနီမကျောင်းအနီးကနေ ခရီးဖြတ်သွားစဉ် ကလေးငိုသံကြားတယ်၊ ကြားတော့ "ဒီအသံဘာသံလဲ" လို့မေးတယ်၊မေးတော့ အမတ်တွေကလဲ အကြောင်းသိထားပြီးဖြစ်တဲ့အတွက်-

> "အရှင်မင်းကြီး....ဟိုတလောတုန်းက အရှင်မင်းကြီးတို့စစ်ဆေးမေးမြန်း ဆုံးဖြတ်ချက်ချရတဲ့ ဘိက္ခုနီမကလေး သားဖွားပါတယ်၊ အဲဒီဘိက္ခုနီမသားကလေးရဲ့ ငိုသံပါအရှင်မင်းကြီး"

လို့ လျှောက်ထား သံတော်ဦးတင်လိုက်ပါတယ်၊ အဲဒီလို တင်လိုက်တော့ မင်းကြီးက မင်းချင်းယောကျ်ားတွေကို အမိန့် ပေးတယ်။

“အချင်းတို့ ဘိက္ခုနီမတွေမှာ ကလေးငယ်ကို ကျွေးမွေး စောင့်ရှောက်ရတာ အနှောင့်အယှက် အကြောင့်အကြ ဖြစ်တယ်၊ အဲဒီကလေးကို ငါတို့ ကျွေးမွေးစောင့် ရှောက်ပေးမယ်၊ သွားခေါ်တဲ့ချေ”

လို့အမိန့်ပေးလိုက်ပါတယ်၊ မင်းကြီးရဲ့အမိန့်နဲ့ မင်းချင်း ယောကျ်ားတွေက ဘိက္ခုနီမကလေးထံမှ သားငယ်ကလေးကို သွားခေါ်ပါတယ်၊ မင်းမိန့်ဆိုတော့ ဘိက္ခုနီမကလေးလဲ ဘာမှ မတတ်နိုင်ရှာဘူးပေါ့၊ မပေးချင်ပဲနဲ့ ပေးလိုက်ရပါတယ်။

မွေးမေရဲ့ မေတ္တာဟာ သားသမီးတွေ အပေါ်မှာ အလွန် တရာကြီးမားပါတယ်၊ ကိုယ့်သားသမီး သူများတွေ ပေးပါ ဆိုယင် မပေးနိုင်ကြဘူး၊ တချို့များပေးလိုက်ယင် ချမ်းချမ်း သာသာနေရမယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် မပေးနိုင်ဘူး၊ မရှိအတူ ရှိအတူ၊ စားရအတူ မစားရအတူတဲ့။

ယခု ဘိက္ခုနီမကလေးမှာတော့ မဈေးချင်သော်လဲ မင်းကြီး ရဲ့ အမိန့်ဆိုတော့ ပေးလိုက်ရပါတယ်၊ မင်းကြီးကလဲ မင်းသား တွေ အဆောင်အယောင်နဲ့ နို့ထိန်းတွေနဲ့ ပြုစုစောင့်ရှောက် ကျွေးမွေးပါတယ်။

အဲဒီလို မင်းသားတွေရဲ့ အဆောင်အယောင် အပြုအစု အယု အယတွေနဲ့ ကြီးထွားခဲ့ရတဲ့ ကလေးဖြစ်လို့ သူ့ကို “ကုမာရ ကဿပ”လို့ အမည်မှည့်ခေါ်ကြပါတယ်။

သားငယ်ကလေးကတော့ နန်းတွင်းမှာ ချမ်းချမ်းသာသာ ကြီးပွားနေပါပြီ၊ သားနဲ့မခွဲချင်ပဲနဲ့ ခွဲခွာလိုက်ရတဲ့ မွေးမေ ဘိက္ခုနီမကလေးကို ကြည့်လိုက်ကြပါဦး၊ ဘယ်လိုဖြစ်နေလဲ၊ သားကလေးကို မင်းချင်းတွေ ခေါ်သွားတဲ့အချိန်ကစပြီးတော့ တရက်မှ တရားအားထုတ်လို့ မဖြောင့်တော့ပါဘူး။

**နေရာတကာ သားစိတ်လာ**

ဘိက္ခုနီမကလေးဟာ မိဘ,လင်သားနဲ့ ပစ္စည်းများကို လွတ်လွတ်ကျွတ်ကျွတ် စွန့်နိုင်သော်လဲ ဒီသားကလေးအပေါ်မှာ မစွန့်နိုင်ပါဘူး၊ သား ကလေးနဲ့ အတူနေရစဉ်တုန်းကမှ တရားအားထုတ်လို့ တခါ တခါဖြစ်ပါသေးတယ်၊ ယခု သားကလေးနဲ့မတွေ့ရ ခွဲခွာရကာ မှ သားသံယောဇဉ်က ပိုကြီးလာပါတယ်။

ဘိက္ခုနီမကလေးမှာ အိပ်တော့လဲ သားစိတ်ကြောင့် အိပ်လို့ မပျော်ဘူး၊ ထိုင်တော့လဲ သားစိတ်ကြောင့် ထိုင်လို့မပျော်ဘူး၊ ရပ်တော့လဲ သားစိတ်ကြောင့် ရပ်လို့မပျော်ဘူး၊ သွားတော့လဲ သားစိတ်ကြောင့် သွားလို့မပျော်ဘူး။

လျောင်း, ထိုင်, ရပ်, သွား, လေးပါး ဣရိယာပုထ်လုံးမှာ သားကလေးဆီပဲ စိတ်ကရောက်ပြီး စိတ်မချမ်းမသာဖြစ်နေပါ တယ်၊ တရားအားထုတ်လို့မရ ဖြစ်နေပါတယ်၊ ဆွမ်းခံသွား၊ ဆွမ်းစား၊ ဘုရားဝတ်ပြုအားဖြင့် နေရာအားလုံးမှာ နေရတာ မချမ်းသာဖြစ်နေပါတယ်။

**သံယောဇဉ်ကြောင့်**

ဘုန်းကြီးတို့ပရိသတ်လဲ တခါတခါ တရား အားထုတ်ကြပါတယ်၊ ရလားဆိုတော့ မရ ကြပါဘူး၊ အဲဒါ....ဘာ့ကြောင့်မရတာလဲဆိုတော့ သံယောဇဉ်

ကြောင့်ပေါ့၊ သားသမီး ပစ္စည်း စသည်အပေါ် ချစ်ခင်စွဲလမ်းတာက မခွဲချင်တာက ကာမရာဂသံယောဇဉ်၊ မခွဲချင်ပဲနဲ့ခွဲခဲ့ရလို့ ပူပန်တာက ပဋိဃသံယောဇဉ်၊ အဲဒီ သံယောဇဉ်နှစ်ပါးဟာ သတ္တဝါများကို တရားမရအောင် အနှိပ်စက်ဆုံးပါပဲ။

အများကတော့ သားသမီးအပေါ်ချစ်တာကို ၅၂၈-သွယ်လို့ ပြောကြပါတယ်၊ မေတ္တာမဟုတ်ပါဘူး၊ ဂေဟသိတပေမသာ ဖြစ်ပါတယ်၊ တဏှာချစ်သာ ဖြစ်ပါတယ်၊ အဲဒီအကြောင်းကို တရားအစမှာ ရှင်းခဲ့ပါပြီ။

ယခု ဘိက္ခုနီမကလေးကို ကြည့်စမ်းပါဦး၊ နဂိုတုန်းက လွတ်လွတ်လပ်လပ် တကယ့်ကိုပဲ သာသနာတော်ကြည်ညိုပြီး ဘိက္ခုနီမဝတ်တာပဲ၊ ယခု သားကလေးရတော့ သားချစ်နဲ့၊ သားကလေးလဲ ခေါ်သွားရော သားသံယောဇဉ်စွဲရော။

တကယ်ဆိုယင် တရားအားထုတ်ချင်သူအတွက် ဒီသားကလေးခေါ်သွားပြီ ထိန်းပေးပြီဆိုယင် မကောင်းဘူးလား၊ သူ့မှာ သားအတွက်ရတက်အေးပြီပေါ့၊ မိဘတွေဟာ သားသမီးတွေအပေါ်မှာ ဒီလိုမထားနိုင်ပါဘူး၊ မွေးမေဟာ သားကို မျက်စိအောက်က အပျောက်မခံနိုင်ပါဘူး၊ မွေးမေ့ရဲ့ ချစ်ခြင်းဟာ သားသမီးတွေအပေါ်မှာ ဘယ်လောက်ကြီးတယ်ဆိုတာ အဲဒါသာကြည့်ပါ။

သားကလေးခေါ်သွားတဲ့ အချိန်ကစပြီးတော့ တရားအားထုတ်ရတာ မဖြောင့်တော့ဘူး၊ ရက်-လ-နှစ်တွေလွန်ခဲ့ပြီ၊ တရားအားထုတ်လို့ မရပါဘူး၊ ဘာ့ကြောင့်မရလဲ၊ သံယောဇဉ်ကြောင့် မရတာပါ၊ ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်ကြောင့်ပေါ့။

**သတ်နည်းဖြတ်နည်း** ဒီသံယောဇဉ်ဟာ တော်တော်ဆိုးပါတယ်၊ သတ္တဝါတွေကိုဝဋ်ဆင်းရဲထဲကနေ မထွက်နိုင်အောင် ဂဠုန်နဲ့ သတ္တဝါနဲ့ ဆင်းရဲဒုက္ခနဲ့ သတ္တဝါနဲ့ ချည်နှောင်ထားတဲ့တရားဟာ ဒီသံယောဇဉ်တရားပါပဲ၊ ယခု ဘိက္ခုနီမကလေးနဲ့ သားကလေးနဲ့ ချည်ထားပြီ။

သားကလေးက လာချည်တာ မဟုတ်ပါဘူး၊ ကာမရာဂသံယောဇဉ်က သွားချည်တာပါ၊ ကာမရာဂသံယောဇဉ်ဆိုတာ သားကလေးအပေါ်မှာ ချစ်ခင်နှစ်သက် တွယ်တာမှုကို ခေါ်ပါတယ်၊ သားကလေးကို ဖြတ်ရမလား၊ သံယောဇဉ်ကို ဖြတ်ရမလား။

"သံယောဇဉ်ကို ဖြတ်ရမှာပါ"

အေး....ဟုတ်ပြီ၊ သံယောဇဉ်ဖြတ်ရမှာ၊ သံယောဇဉ်ဖြတ်မှ နိဗ္ဗာန်ရမှာ၊ ကာမရာဂသံယောဇဉ်ဆိုတာ၊ ဘိက္ခုနီမကလေးအဖို့ သားချစ်ပေါ့၊ အဲဒါကိုဖြတ်ရမှာ၊ကဲ....ဆိုကြည့်ပါ၊ လင်္ကာလေးတပုဒ်....

* သစ်ပင်ကိုသတ် - မြစ်ဖြတ်လေရာ၊
နိဗ္ဗာန်ဇိုလတ် - ချစ်သတ်လေရာ၊
အမြစ်မဖြတ် - ပြန်ထပ်စည်မှာ၊
ချစ်မသတ် - ရှည်လတ်သံသရာ။ ။

ဘုန်းကြီးတို့ပရိသတ်....သစ်ပင်ကို သတ်ချင်လို့ရှိယင် အမြစ်ကို ဖြတ်ရမယ်၊ အမြစ်မပြတ်ပဲနဲ့ အပေါ်က အကိုင်းတွေကို ဖြတ်ချင်သလောက်ဖြတ်၊ ခုတ်ချင်သလောက်ခုတ် သစ်ပင်မသေပါဘူး။

သစ်ပင်သေစေချင်ယင် ဘာလုပ်ရမလဲ၊ အမြစ်ကို ဖြတ်ရပါမယ်၊ အမြစ်ဖြတ်မှ သစ်ပင်သေပါမယ်၊ အဲဒီအတူပါပဲ၊ နိဗ္ဗာန်လိုချင်တဲ့ ယောဂီဟာ ချစ်ခင်တွယ်တာမှု တဏှာလောဘ, ကာမရာဂသံယောဇဉ်ကို ဖြတ်ရပါမယ်၊ သတ်ရပါမယ်၊ ဒီတဏှာလောဘဆိုတဲ့ ချစ်ခင်တွယ်တာမှုကို မဖြတ်ပဲ မသတ်ပဲထားလို့ရှိယင် နိဗ္ဗာန်မရပါဘူး။

နိဗ္ဗာန်မရပဲ ဟောဒီခန္ဓာကိုယ်တွေ ပေါက်ပွားပြီး စည်ပင်ပြီးလာလိမ့်မယ်၊ ခန္ဓာပင်တွေ ပေါက်ပွားအောင် အားပေးအားမြှောက်လုပ်တာဟာ ဒီတဏှာလောဘ၊ ကာမရာဂသံယောဇဉ်ပါပဲ။

ဒါကြောင့်....သစ်ပင်ကို သတ်ချင်ယင် အမြစ်ကို ဖြတ်ရပါမယ်၊ နိဗ္ဗာန်ကိုလိုချင်ယင် ချစ်ခင်တွယ်တာမှု တဏှာလောဘ၊ ကာမရာဂသံယောဇဉ်ကို ဖြတ်ရပါမယ်။

**စည်ပင်လာမယ်** သစ်ပင်ကြီးတပင်ကို အမြစ်မဖြတ်ပဲနဲ့ အပေါ်က အကိုင်းအခက်တွေကို ဖြတ်ချင်သလောက်ဖြတ်၊ ခုတ်ချင်သလောက်ခုတ် အကိုင်းအခက်တွေဟာ ဖြတ်လေခုတ်လေ ဝေဝေဆာဆာ စည်ပင်လာလေပါပဲ။

အကိုင်းအခက်တွေဖြတ်တော့ ပွားလာတယ်၊ များလာတယ်၊ စည်ပင်လာတယ်၊ တကိုင်းနဲ့တကိုင်း ရှုပ်ထွေးနေရော၊ ဖြတ်ရမှာက အမြစ်ဖြတ်ရမှာ၊ ဖြတ်နေတာက အကိုင်းဆိုတော့မသေပဲ စည်ပင်လာတာပေါ့။

နိဗ္ဗာန်လိုချင်ယင် ချစ်ခင်မှုကို ပယ်သတ်ရမယ်၊ မပယ်သတ်ယင် ခန္ဓာပင်တွေစည်ပင်ပြန့်ပွားလာမယ်၊ ဒါကြောင့် ရှင်းရှင်း

မှတ်ထားပါ၊ သစ်ပင်ကိုသတ်ချင်ယင် အမြစ်ဖြတ်ရမယ်၊ နိဗ္ဗာန် ကိုလိုချင်ယင် ချစ်ခင်မှု တဏှာလောဘကို သတ်ရမယ်၊ ဖြတ်ရ မယ်။

အမြစ်မဖြတ်ယင် သစ်ပင်ကြီး ပြန်ပြီး ကြီးပွားစည်ပင်လာ မယ်၊ အချစ်မသတ်နိုင်ယင် ခန္ဓာပင်တွေ စည်ပင်ပြန့်ပွားလာပြီး သံသရာရှည်လိမ့်မယ်။

အခု ဘုန်းကြီးတို့ ပရိသတ်က သံသရာ တိုချင်သူတွေပါ၊ တိုချင်ပေမယ့် အချောင်သက်သက်တော့ မတိုပါဘူး၊ ပါးစပ် ပြောနဲ့တော့ သံသရာက မတိုပါဘူး။

ခုနကလင်္ကာကို ပြန်ပြီးသတိပြုပါ၊ နိဗ္ဗာန်လိုချင်ယင် အချစ် သတ်ရမှာ၊ အချစ်သတ်ယင် သံသရာတိုမယ်၊ သစ်ပင်ကိုသတ် ချင်ယင် အမြစ်ဖြတ်ရမယ်၊ အမြစ်မဖြတ်ယင် သစ်ပင်ကြီးပြန်ပြီး တော့ စည်ပင်ကြီးပွားလာမယ်။

**နှလုံးသွင်း မဖြောင့်**

အဲ....ဘိက္ခုနီမကလေးဟာ မိဘ နဲ့ လင်ယောကျ်ား ပစ္စည်းဥစ္စာများ အပေါ်မှာ ချစ်ခင် တွယ်တာတဲ့ ကာမရာဂသံယောဇဉ်ကို ဖြတ်နိုင်ခဲ့သော်လဲ ယခု သားကလေးအပေါ်ကျတော့ ချစ်ခင်တွယ်တာတဲ့ သံယောဇဉ် ကို မဖြတ်နိုင်ပါဘူး။

ဒါကြောင့် ဆွမ်းခံသွား, ဆွမ်းစား, ဘုရားဝတ်ပြု, တရား အားထုတ်၊ ဘယ်နေရာမှာမှ စိတ်မဖြောင့်ပါဘူး၊ ဘာပဲလုပ် လုပ် အချိန်တိုင်းမှာပဲ သားကလေးငိုများနေမလား၊ ရောဂါ ဘယတွေများ ဖြစ်နေမလား စသည်ဖြင့် အမျိုးမျိုးတွေးတော ကြံစည်ပြီး ပူပန်နေရတာနဲ့ တရားအလုပ်ကိုအားထုတ်လို့ မရ

ပါဘူး။ စင်စစ် တဏှာကြောင့် သောကဖြစ်ရတာပါ၊ ဘုရားရှင်က ဟိုဓမ္မပဒပါဠိတော်မှာ ဟောထားတာ ရှိပါတယ်။

> “တဏှာကြောင့် သောကဖြစ်တယ်၊ တဏှာကြောင့် ဘေးဖြစ်တယ်၊ တဏှာမှ ကျွတ်လွတ်ယင် သောက မဖြစ်တော့၊ ဘေးဆိုတာအဘယ်မှာ ဖြစ်ပါအံ့နည်း”။

> “ချစ်ခင်မှုကြောင့် သောကဖြစ်တယ်၊ ချစ်ခင်မှုကြောင့် ဘေးဖြစ်တယ်၊ ချစ်ခင်မှုမှ ကျွတ်လွတ်ယင် သောကမဖြစ်တော့၊ ဘေးဆိုတာ အဘယ်မှာ ဖြစ်ပါအံ့နည်း” တဲ့။

အဲဒီလို ဘုရားရှင်ဟောထားပါတယ်၊ ယခု ဘိက္ခုနီမကလေးမှာ ဘယ်လိုဖြစ်နေလဲဆိုတော့ သားကလေးကို ချစ်ခင်တဲ့တဏှာကြောင့် “ငါ့သားကလေး ဒီအချိန်မှာ ဘယ်လိုများ နေပါ့မလဲ၊ ဘယ်လိုများ စားပါ့မလဲ” စသည်ဖြင့် စိတ်ထဲမှာ တနွေးနွေး တတွေးတွေးနဲ့ သောက ရောက်နေပါတယ်။

ဒီသောက ဘာ့ကြောင့် ရောက်လဲဆိုတော့ သားကလေးကို ချစ်ခင်တဲ့တဏှာကြောင့်၊ တဏှာကြောင့်သောကဖြစ်၊ သောကကြောင့် တရားအလုပ် အားထုတ်လို့ မဖြစ်တော့ဘူး။

ဒီတော့ အရင်းခံက တဏှာ၊ တရားမရအောင် တဏှာက တားထားတယ်၊ မွေး မေ့ မေ တ္တာ လို့ ဆို တာ ပဲ၊ ဒါပေမယ့် ဒီမွေးမေ့မေတ္တာက တဏှာရာဂပါတဲ့မေတ္တာမျိုးဖြစ်နေပါတယ်၊ တဏှာရာဂအစေးပါနေတော့ ကပ်နေပါတယ်၊ သားဆီမှာ ကပ်နေပါတယ်၊ တရားမရပါဘူး။

**မိဘမဲ့ကောင်လေး**

နှစ်ဘက် ကြည့်လိုက်ပါ၊ ဒီဘက်က ဘိက္ခုနီမကလေးမှာ သားကလေးကို ချစ်ခင် တွယ်တာတဲ့ တဏှာ ရာဂကြောင့် သောက ဖြစ်နေပါတယ်၊ ဘေးဖြစ်နေပါတယ်၊ တရားမရဖြစ်နေပါတယ်၊ တဏှာ ရာဂ ဆိုတဲ့ ချစ်ခင်မှုဟာ သောက ဖြစ်ကြောင်းပါပဲ၊ ဘေးဖြစ်ကြောင်းပါပဲ၊ တရားမရကြောင်းပါပဲ။

ဟိုတဘက် သားကလေးကိုကြည့်လိုက်ပါ၊ ခုနစ်နှစ်အရွယ် ရောက်နေပြီ၊ ကလေးတို့ဘာဝ သွားနိုင်လာနိုင် ပြေးလွှားနိုင် ဆော့ကစားနိုင်တဲ့အရွယ်ပေါ့။

နန်းတော်တွင်းမှာ ကလေးအချင်းချင်း ဆော့ကြ ကစားကြ တယောက်နဲ့ တယောက် ရန်ဖြစ်ကြ ရိုက်ကြ ပုတ်ကြ ထိုးကြ ကြိတ်ကြပေါ့၊ အဲဒါ ကလေးတို့ရဲ့ သဘာဝပဲဟာ။

အဲဒီလိုအချင်းချင်း ရန်ဖြစ်ပြီး ရိုက်ပုတ် ထိုးကြိတ်ကြတဲ့အခါ တခြားကလေးတွေက ကုမာရကဿပကလေးကို "မိဘမဲ့ကောင်လေးက တို့ကိုရိုက်တယ်" လို့ တခြား ကလေးတွေက ပြောကြပါတယ်။

ကုမာရကဿပ ကလေးဟာ အဲဒီလိုပြောတာကို မခံနိုင်ဘူး၊ တခြား ကလေးတွေကလဲ သူ့ကို "မိမရှိ ဖမရှိကောင်လေးက တို့ကို ရိုက်တယ်၊ အဖေမရှိ အမေမရှိတဲ့ကောင်လေး" ဆိုတဲ့ အပြောနဲ့ အနိုင်ယူကြတယ်၊ အဲဒီလို အပြောကို သူ သိပ်နာတယ်။

**အမေ တယောက်သာ**

အဲဒီလို ကလေးဖော်များက ပြောဖန်များတော့ ကုမာရကဿပကလေးကလဲ သာမည ကလေးမှမဟုတ်ပဲ၊ သာသနာတော်မှာ နေလိုလလို ထင်ရှားလာမယ့် အမျိုးကောင်းသား ပါရမီရှင်ကလေးပဲ၊ ဒီတော့ မင်းကြီးကိုသွားပြီး သံတော်ဦးတင်တယ်။

"အရှင်မင်းကြီး အကျွန်ုပ်ကို ကစားဖော် ကစားဘက်ကောင်ကလေးတွေက မိဘမဲ့ ကောင်ကလေး၊ မိမရှိ ဖမရှိ ကောင်ကလေးလို့ ပြောဆိုကြပါတယ်၊ ခေါ်ကြပါတယ်။"

"အရှင်မင်းကြီး.... အကျွန်ုပ်ရဲ့အမေဟာ ဘယ်သူပါလဲ၊ အကျွန်ုပ်ရဲ့အမေကို ပြပေးပါ၊ အမိကို ပြပေးပါ" တဲ့။

အဲဒီလို မင်းကြီးကို သံတော်ဦးတင်တယ်၊ ကောသလမင်းကြီးကလဲ အလွယ်နဲ့ပြီးယင်လဲ ပြီးရောဆိုတဲ့ သဘောနဲ့ အထိန်းတော်တွေကို လက်ညှိုးထိုးပြပြီး "အဲဒါတွေဟာ သင်ရဲ့အမေတွေပဲ၊ အမိတွေပဲ"လို့ ပြောလိုက်ပါတယ်၊ ဒီတော့ ကုမာရကဿပကလေးက ဘာပြန်ပြောလဲ....

"အရှင်မင်းကြီး....အကျွန်ုပ်ရဲ့ အမေတွေ အမိတွေဟာ ဒီမျှလောက် အများကြီး မဖြစ်တန်ရာ မဟုတ်တန်ရာပါ၊ အမေဆိုတာ တယောက်သာ ဖြစ်ရမှာပါ၊ ယခု အရှင်မင်းကြီး လက်ညှိုးညွှန်ပြနေတာက အများကြီးပါပဲ။ အရှင်မင်းကြီး....အကျွန်ုပ်ကို အမှန်အတိုင်း ပြောပြပါ"

လို့ ပြောတယ်၊ မင်းကြီးကလဲ ကုမာရကဿပကလေး မျက်နှာမသာမယာ ဖြစ်နေတာကို သိတော့ "အင်း....ဒီကလေး တော့ သုညှဲ့ပတ်လို့ ရမယ့်ကလေးမဟုတ်ဘူး၊ အမှန်ပြောမှ ဖြစ်မယ်လို့ ဆုံးဖြတ်ပြီး....

"ချစ်သား....သင့်ရဲ့အမေဟာ ဘိက္ခုနီမကလေး တပါးပါ၊ ချစ်သား.... ငါက ဘိက္ခုနီမကလေးထံမှ ဘိက္ခုနီကျောင်းမှ ခေါ်ယူ မွေးကျွေးထားတာ"

စသည်ဖြင့် ကုမာရကဿပကလေးရဲ့ ဘဝဇာတ်လမ်းကို အစအဆုံး အကုန်လုံး ခွာလှန်ပြီးတော့ ပြောလိုက်ပါတယ်၊ အဲဒီလိုပြောလိုက်တော့ အဲဒီပြောတဲ့ ခဏမှာပဲ သံဝေဂဖြစ်သွားပါတယ်၊ ဘယ်လိုသံဝေဂဖြစ်သွားလဲ....

"ကြည့်စမ်းပါဦး၊ ငါ့မှာ ဒုက္ခရောက်လိုက်တဲ့ ဖြစ်ခြင်း၊ ယခုဘဝမှာ အမေတကွဲ အဖေတကွဲနဲ့၊ ငါ့မှာ ဖြစ်နေရတယ်၊ ငါ့အမေကလဲ သာမည အမျိုးသမီး တယောက် မဟုတ်ပဲနဲ့ ဘိက္ခုနီမတဲ့။"

"ဘိက္ခုနီမဘဝနဲ့ ငါ့ကို ခဲခဲယဉ်းယဉ်း မွေးဖွားရတယ်တဲ့၊ ဘိက္ခုနီမဘဝနဲ့ ကလေးထိန်းရ ကျွေးရ မွေးရတာ မတော်ဘူးဆိုပြီး မင်းကြီးက ငါ့ကို မွေးထားတာတဲ့။"

"ဒီဘဝမှာ ငါ့မှာ အင်မတန် ကြီးကျယ်တဲ့ဒုက္ခတွေ ရောက်နေပါလား၊ ရှေ့ဆိုယင် မတွေးဝံ့စရာပဲ" တဲ့။

အဲဒီလို သံဝေဂဖြစ်သွားတယ်၊ အဲဒီလို သံဝေဂဖြစ်ပြီး တော့ ကောသလမင်းကြီးကို သံတော်ဦးတင်ပြန်တယ်။

"အရှင်မင်းကြီး.... အဲဒီလိုဆိုယင် ကျွန်တော်မျိုး လူ့ဘဝမှာ ဒုက္ခတွေသိပ်ရောက်နေတာပေါ့၊ အဲဒီဒုက္ခ တွေက ကျွတ်အောင်, လွတ်အောင် ကျွန်တော်မျိုးကို ကိုရင်ဝတ်ပေးပါတော့" တဲ့။

ကောသလမင်းကြီးကလဲ နဂိုက မွေးထားကတည်းက အချိန် တန်ယင် အရွယ်ရောက်ယင် ဘုရားထံအပ်နှံပြီး ကိုရင်ဝတ်ပေး မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မွေးထားတာပဲ။

ယခု ကုမာရကဿပကလေးကိုယ်တိုင်က "ကိုရင်ဝတ်ပေး ပါ" လို့ တောင်ပန်နေတော့ အတော်ပဲပေါ့၊ ဒါ့ကြောင့် မင်းကြီးက "ချစ်သား....ကောင်းပါပြီ၊ ကိုရင်ဝတ်ပေးပါမယ်" လို့ ဝန်ခံလိုက်တယ်။

အဲဒီလို ဝန်ခံပြီး နောင်ခါမှာ ကုမာရကဿပကလေးကို အခြံအရံများစွာ၊ ပူဇော်သက္ကာတွေများစွာနဲ့ပဲ ဘုရားရှင်အထံ တော်မှာ ကိုရင်ဝတ်ပေးလိုက်တယ်။

**ရှင်ကုမာရကဿပ** အဲဒီလိုကိုရင်ဝတ်ပေးလိုက်တော့ ရှင်ကုမာရ ကဿပလို့ ဘွဲ့အမည်ရသွားတာပေါ့၊ရှေးက တော့ မူလအမည်ရင်းတိုင်းပဲ ခေါ်ကြတာပဲ၊ ဘုရားရှင်က တခါ တလေ စားစရာသောက်စရာတွေကို "ကဿပ" ပေးလိုက်စမ်းလို့ ခေါ်ပေးခိုင်းတယ်၊ တခါတလေလဲ "ကဿပ" ခေါ်လိုက်စမ်း လို့ ခေါ်ခိုင်းတယ်၊ သာသနာတော်မှာ အဲဒီအချိန်မှာ....

၁။ ဥရုဝေလကဿပ

၂။ နဒီကဿပ

၃။ ဂယာကဿပ

၄။ မဟာကဿပ

ရယ်လို့ ကဿပတွေ ရှိနေပါတယ်၊ ယခု ဒီကိုရင်ကလေးကလဲ "ကဿပ"ဆိုတော့ "ကဿပ"တွေ ရောနေတယ်၊ သာမည စကားဟာ အများနဲ့ ဆက်ဆံတယ်တဲ့။

ဒါကြောင့် ဘုရားရှင်က "ကဿပကို ပေးလိုက်စမ်း၊ ကဿပ ကို ခေါ်လိုက်စမ်း"လို့ ပြောတဲ့အခါ "မြတ်စွာဘုရား, ဘယ် ကဿပကို ပေးရပါ့မလဲ၊ ဘယ်ကဿပကို ခေါ်ရပါ့မလဲ"လို့ ပြန်ပြန်ပြီး မေးလျှောက်တဲ့အခါ "ကုမာရကဿပပေးလော့၊ ကုမာရကဿပခေါ်လော့"လို့ အမိန့်ရှိရာမှလဲ ရှင်ကုမာရကဿပ အမည်တွင်ပါတယ်။

သာသနာတော်မှာ အခြားကဿပတွေက ကြီးမှ ရဟန်းပြု ကြတာပါ၊ ဒီရှင်ကုမာရကဿပက ကလေးအရွယ်အငယ်ကလေး ခုနစ်နှစ်သားကလေးက ရှင်ပြုတာပါ၊ ဒါကြောင့် "ကုမာရ ကဿပကို ပေးလော့၊ ကုမာရကဿပကို ခေါ်လော့" လို့လဲ တွင်ပါတယ်။

**အနှစ်ဝန်မှာ အားထုတ်ရာ**

ကဲ....ထားပါတော့ အမည်အကြောင်း၊ အမည် ဆိုတာ ပညတ်ပဲ၊ ရှင်ကုမာရကဿပကလေးဟာ သံဝေဂစိတ်ဓာတ်အပြည့်အဝနဲ့ ကိုရင်ဝတ်တာ ဖြစ်တော့ ကိုရင်ဝတ်ပြီးတယ်ဆိုယင်ပဲ ဘုရားရှင်ထံတော်မှာ ကမ္မဋ္ဌာန်းတောင်းပြီး တောထွက်ကာ တရားအားထုတ်ပါတယ်။

အဲဒီ ရှင်ကုမာရကဿပ အစဆုံး သွား အားထုတ်တဲ့ တော က ဘယ်တောရယ်လို့တော့ အမည်သီးခြား မပါ,ပါဘူး၊ အဲဒီ တောထဲမှာ တရားအားထုတ်တော့ တရားအထူးမရရှိသေးပါ ဘူး။

အဲဒီလို တရားအထူးမရရှိသေးတော့ ဘုရားရှင်ထံ တခါပြန်လာပြီး“ကမ္မဋ္ဌာန်းကို အထူးဖွံ့စေပြီး ကမ္မဋ္ဌာန်းယူမယ်”ဆိုပြီး ဘုရားရှင်ထံ ပြန်လာပါတယ်၊ အဲဒီအခါဘုရားရှင်ထံက အပြန်မှာတော့ အန္ဓဝန်တောထဲမှာ တရားအားထုတ်ပါတယ်။

ကြည့်စမ်း၊ ကိုရင်ကလေးကလဲ ထူးထူးချွန်ချွန် ကိုရင်ကလေးပဲ၊ ကိုရင်ဝတ်ပြီးလျှင်မြီးချင်း တောထွက်ပြီး တရားအားထုတ်ပါတယ်၊ တောတတောမှာ တရားမရသေးတော့ နောက်တောတတောပြောင်းပြီး အားထုတ်ပါတယ်။

**သဒ္ဒါနည်းပါး တောပယ်ရှား** ဘုန်းကြီးတို့ရဲ့ ဘုရားရှင်ဟာ တရားအားထုတ်တော့လဲ တောထဲမှာပဲ တရားအားထုတ်လို့ ဘုရား ဖြစ်ခဲ့ပါတယ်၊ ဘုရားဖြစ်ပြီးတော့လဲ ဇေတဝန=ဇေတမင်းသားဥယျာဉ်တော၊ဝေဠုဝန=ဝါးဥယျာဉ်တော၊ မဟာဝန=မဟာဝုန်တော စသည်ဖြင့် တောကျောင်းတောင်ကျောင်းတွေမှာချည်းပဲ သီတင်းသုံးတော်မူပါတယ်၊ နောက်ဆုံး ပရိနိဗ္ဗာန်စံတော့လဲ ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ အင်ကြင်းတောမှာ ပရိနိဗ္ဗာန်စံတော်မူပါတယ်။

ဘုန်းကြီးတို့ပရိသတ် ဘုရားရှင်ရဲ့ လမ်းစဉ်ကို သတိထားပြီး ရှုစားကြည့်ပါ၊ ဘုရားရှင်ရဲ့ တရားလမ်းခရီးဟာ တောမှာစခဲ့တယ်၊တောမှာ အလယ်လားပြီး တရားဖြန့်ခဲ့ပါတယ်၊ တောမှာပဲ အဆုံးထားပြီး တရားဖြန့်သွားပါတယ်။

ခုခေတ်မှာ အချို့က တောကို အပြစ်ပြောနေကြပါတယ်၊ ဘယ်သူတွေ တောအပြစ်ပြောတတ်ကြသလဲ၊ လူစုချင်သူ၊ ပူသူတွေ ရောရောထွေးထွေးနေချင်သူ၊ လူစုချင်သူ ပစ္စည်းစုချင်သူ

အချို့က လူသူရှားပါး ပစ္စည်းရှားပါးသော တောကိုအပြစ်ပြောပါတယ်၊ တောမှာ နေနိုင်တဲ့ သဒ္ဓါတရား နည်းပါးတဲ့အတွက် တောကိုပယ်ရှား အပြစ်စကား ပြောကြားနေတာလို့ မှတ်ပါ။

ဘုရားရှင်က တောအကျိုးကို တကယ်သိတော့ တောကိုချီးမွမ်းပါတယ်၊ တောနေ ရဟန်းကိုလဲ ချီးမွမ်းပါတယ်၊ အင်္ဂုတ္တိုရ်ပါဠိတော် ပစလာယမာနသုတ်, နာလိတသုတ်တို့မှာ-

> "ချစ်သား မောဂ္ဂလာန်....အသံ နည်းသော ကြွေးကြော်သံ နည်းသော လူတို့သွားလာဝင်ထွက်တဲ့လေမှ ကင်းသော လူတို့ လျှို့ဝှက်အမှုပြုခြင်းငှာထိုက်သော တယောက်တည်းတည်း ကိန်းအောင်းထိုက်သော တောကျောင်း,တောင်ကျောင်းတွေနဲ့ ရောပြွမ်းခြင်းကို ငါဘုရားချီးမွမ်းတယ်၊ လူရှင်ရဟန်းတွေနှင့် ရောပြွမ်းခြင်းကို မချီးမွမ်းဘူး"တဲ့။
>
> "ချစ်သား နာလိတ....ရွာကျောင်း, မြို့ကျောင်းမှာ ဈာန်ဝင်စားနေတဲ့ရဟန်းတော်ထက် တောကျောင်းမှာ အိပ်နေတဲ့ရဟန်းကို ငါဘုရားချီးမွမ်းတယ်"တဲ့။

အေး....အဲဒီအကြောင်းကို မသိသူအချို့, ပစ္စည်းလိုလားသူအချို့, လူများအောင် ကြံလိုသူအချို့က တောကို အပြစ်ပြောတာ နားမယောင်ပါနဲ့။

မျက်စိနဲ့နားက ကိလေသာအဝင် အများဆုံးဖြစ်ပါတယ်၊ တောထဲမှာ အဲဒီမျက်စိနဲ့နားမှ ကိလေသာတွေ အတော်အဖြစ်နည်းသွားပါတယ်။

အဲဒါကြောင့် တောထဲမှာ တရားအားထုတ်ရတာ ရွာမှာ မြို့မှာတရားအားထုတ်ရတာနဲ့ အများကြီးကွာပါတယ်၊ ဒါကြောင့် ဘုရားရှင်က တောကို ချီးမွမ်းပါတယ်၊ ဘုရားရှင်ကိုယ်တိုင်လဲ တောထဲမှာ တရားအားထုတ်ခဲ့တယ်၊ တောထဲမှာပဲ သိတင်းသုံးခဲ့တယ်၊ တောထဲမှာ ပရိနိဗ္ဗာန်ဝင်စံသွားတယ်။

**မိသားနှစ်ဖြာ တရားရှာ**

အခုဒီမှာကြည့်ပါ၊ မိခင်ဘိက္ခုနီမက မြို့မှာရွာမှာ တရားအားထုတ်နေပါတယ်၊ သားငယ်ကိုရင်ကလေးက ဟို....အန္ဓဝန် တောထဲမှာ တရားအားထုတ်နေပါတယ်၊ ရပြီလားဆိုတော့ မရသေးပါဘူး၊ မိခင်ရော သားကိုရင်ကလေးပါ တရားမရကြသေးပါဘူး။

သားကိုရင်ကလေးက ခုနစ်နှစ်က ကိုရင်ဝတ်ပြီး တရားအားထုတ်တယ်၊ မိခင်ဘိက္ခုနီမက သားနဲ့ကွဲပြီး တရားအားထုတ်နေတာ ခုနစ်နှစ်ရှိပါပြီ၊ မိခင်ရောသားကိုရင်ပါ တရားမရသေးပါဘူး။

ကိုရင်ကလေး တရားမရသေးတာကတော့ ဘာကြောင့်မရလဲလို့ မသိသေးပါဘူး၊ မိခင်ဘိက္ခုနီမမရတာကတော့ သားအပေါ်မှာ မေတ္တာကြီးမားလို့တဲ့၊ မေ့မေ့မေတ္တာကြီးမားလွန်းတဲ့အတွက်တဲ့၊ အမှန်က 'ရာဂေါ မေတ္တာယ ဝဍ္ဎတိ' ဆိုတဲ့အတိုင်း ပေါ့၊ မေတ္တာစစ်မဟုတ်ပါဘူး၊ တဏှာရာဂအမျှင်တန်းနေလို့ပါ၊ သားချစ်သမီးချစ်ဆိုတာ လောဘ,ကာမရာဂသံယောဇဉ်ပေါ့။

**သံယောဇဉ်မစွန့်က တရားမရ**

တခါကဘုရားရှင်ကို ပုဏ္ဏားတယောက်က မေးလျှောက်တဲ့ ပြဿနာကိုသွားပြီးတော့ သတိရပါတယ်၊ ဘာတဲ့လဲ၊ "အရှင်ဂေါတမ လူဟာ လူ့သံယောဇဉ်ကို မစွန့်ပဲနဲ့တရားအားထုတ်လို့ ရနိုင်ပါသလား"တဲ့။ အဲဒီလို မေးလျှောက်ပါတယ်။

အဲဒီလို မေးလျှောက်တော့ ဘုရားရှင်က ဘယ်လိုပြန်ဖြေလဲဆိုတော့ "ပုဏ္ဏား....လူဟာ လူ့သံယောဇဉ်ကို မစွန့်လို့ရှိယင် တရားအားထုတ်လို့ မရနိုင်ဘူး"တဲ့။

ကဲ....ဒီလိုဆိုတော့ ဘုန်းကြီးတို့ပရိသတ် တရားရဖို့ရာ ဘယ့်နှယ်လုပ်ပါ့မလဲ၊ သံယောဇဉ်စွန့်ရမယ်နော်၊ လူ့သံယောဇဉ်ကို စွန့်မှ တရားရမှာ။

သံယောဇဉ်စွန့်တယ်ဆိုတာလဲပဲ "ဟဲ့ သံယောဇဉ်....နင်သွား၊ ငါ တရားအားထုတ်မလို့၊ နင်ရှိနေယင် ငါ တရားအားထုတ်လို့ မဖြစ်ဘူး"လို့ အဲဒီလိုပြောပြီးတော့ နှင်ထုတ်လို့ဖြစ်တာ မဟုတ်ပါဘူး။

မိမိတို့ကိုယ်မှာရှိနေတဲ့ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတွေအပေါ်မှာ သေသေချာချာ ဉာဏ်ပညာနဲ့ရှုရပါမယ်၊ အဲဒီလို ရှုပွားနေတဲ့အခါ အရှုခံအာရုံနဲ့ရှုတဲ့ဉာဏ်နဲ့တည့်နေပြီး ရုပ်ပေါ်၊ နာမ်ပေါ် ဉာဏ်ရောက်နေပြီဆိုယင် သံယောဇဉ်ကို စွန့်ထားပါတယ်။

အဲဒါကို သတိပြုပါ၊ လူဟာ လူ့သံယောဇဉ်ကို စွန့်နိုင်တဲ့အခါဟာ မိမိရဲ့ရုပ်အာရုံ,နာမ်အာရုံကို အာရုံပြုပြီး ရှုပွားနိုင်တယ်ဆိုလို့ရှိယင် သံယောဇဉ်ကို စွန့်နိုင်ပါတယ်၊ နှစ်သက်မှုသာ

ယာမှုတို့ကို စွဲလမ်းလျက်, ရုပ်အာရုံ,နာမ်အာရုံကို အာရုံပြုမရှု ပွားပဲ ပုဂ္ဂိုလ်ပညတ်,သတ္တဝါပညတ်ကိုသာ အာရုံပြုနေမယ်ဆိုယင် လူ့သံယောဇဉ်တွေ ပွားနေပါတယ်၊ သံယောဇဉ် ဆက်နေပါ တယ်။

အေး....အဲဒီလို သံယောဇဉ်ပွားနေယင် သံယောဇဉ်ဆက် နေယင် တရားမရနိုင်ပါဘူး၊ ရုပ်အာရုံပေါ်,နာမ်အာရုံပေါ်မှာ ဉာဏ်နဲ့ သတိနဲ့ရှုပွားသောအားဖြင့် သံယောဇဉ်စွန့်ပါမှ တရား အထူးရမှာပါ။

**အားထုတ်ရန် လမ်းစဉ်**

ကဲ....ဘုန်းကြီးတို့ ပရိသတ်ကလဲ တရား သမားတွေ၊ တရားရချင်ကြတယ်၊ ရချင် တော့ သံယောဇဉ်စွန့်နိုင်အောင် တရား အားထုတ်ရပါမယ်၊ တရားအားထုတ်တော့ အားထုတ်ပုံ အား ထုတ်နည်းတရားလမ်းစဉ်ကို သိရပါမယ်၊ ကဲ....သိအောင် လမ်း စဉ်လင်္ကာတပုဒ်ကို ချပေးပါမယ်၊ လိုက်ဆိုပါ-

* ပညတ်-ပရမတ် - နှစ်ရပ်ခွဲပါ၊
အတ္တာ-နတ္တာ - ကွဲကြသချာ၊
ရုပ်-နာမ်ကိစ္စ - ကြောင်းမှ ကျိုးလာ၊
ရှင်းလေမှ - ပွားကြဘာဝနာ။

တရားအားထုတ်မယ့် ယောဂီဟာ တရားအားမထုတ်မီ ပထမဦးဆုံး အားထုတ်ပုံ အားထုတ်နည်း သင်ယူရမယ်၊ မိမိ သွားရမယ့် လမ်းစဉ်ကို သိရမယ်၊ အဲဒါဟာ သုတမယဉာဏ် ပိုင်းပါပဲ၊ ပရိညာအားဖြင့် ဉာတပရိညာလို့ ခေါ်ပါတယ်၊ အရေးအကြီးဆုံးပါပဲ၊ အဲဒီသုတမယဉာဏ်နဲ့ သိရမှာတွေက....

၁။ ပညတ်-ပရမတ် နှစ်ရပ်ကွဲသိရမယ်၊
၂။ အတ္တ-အနတ္တလဲ ကွဲသိရမယ်၊
၃။ ရုပ်-နာမ်လဲ ကွဲသိရမယ်၊
၄။ ရုပ်ကိစ္စ-နာမ်ကိစ္စလဲ ကွဲသိရမယ်၊
၅။ အကြောင်း-အကျိုးလဲ ရှင်းသိရမယ်။

အဲဒါတွေ သိရပါမယ်၊ အဲဒီ ငါးမျိုးဟာ သုတမယဉာဏ် အရာပါပဲ၊ ဉာတပရိညာပိုင်းဆိုင်ရာပါပဲ၊ အဲဒီသုတမယဉာဏ်, ဉာတပရိညာပိုင်းမှန်ပါမှ အထက်ဉာဏ်တွေ မှန်ပါတယ်။

ယခု ဘိက္ခုနီမကလေးကို သတိပြုပါ၊ သားကလေးမရသေး ခင်ကတော့ သူ့ရုပ်-သူ့နာမ် သူရှုကြည့်ပြီး တရားအားထုတ် နေတာ တရားမရသေးသော်လဲ အဟုတ်သားပဲ၊ ကဲ....ကြည့် စမ်း၊ သာကလေးလဲ ရလာရော "ငါ့သားလေး" ဆိုပြီး ရုပ်, နာမ် ပရမတ်အပေါ်မှာ "သားလေး"လို့ ပညတ်နဲ့ စွဲသွားပြီ။

အမှန်စင်စစ်က သားလေးလား, ရုပ် နာမ် လားဆိုတော့ ရုပ်နာမ်ပါ၊ သားလေးဆိုတော့ ပညတ်ပေါ် ရောက်သွား တယ်၊ သူကလဲ သူ့ကိုယ်သူ ရုပ်နာမ်လို့ မမြင်တော့ပဲ "ငါ"လို့ မြင်သွားပြီ၊ ငါလို့စွဲသွားပြီ၊ ငါလို့စွဲတော့ မြင်တော့ "ငါ့သား ကလေး" ဆိုတဲ့ အမြင်, အစွဲဟာ ဝင်ရောက်လာပါတယ်။

အဲဒီလို အစွဲဝင်ရောက်လာတော့ သူ့ရဲ့ခန္ဓာအပေါ်မှာလဲ ရုပ်-နာမ်ပရမတ် အမြင်ပျောက်ပြီ၊ ပညတ်ပေါ်သို့ရောက်နေပြီ၊ သားကလေးအပေါ်မှာလဲ ရုပ်-နာမ် ပရမတ်အမြင် မရှိတော့ ဘူး၊ ပညတ်အမြင်ပဲ ရှိတော့တယ်။

**အာရုံ ၃-မျိုး** ဒီနေရာမှာ ဘုန်းကြီးတို့ပရိသတ်ဟာ အာရုံ ၃ မျိုးကို သူ့အာရုံနဲ့သူ ကွဲပြီး သိထားဖို့ရာ အရေးကြီးပါတယ်၊ အာရုံနဲ့ အသိ မကွဲယင် အလွဲလွဲဖြစ်တတ်ပါတယ်၊ ဘယ်လိုကွဲသိရမလဲ....

၁။ ကိလေသာရဲ့ အာရုံဟာ အကုသိုလ်စေတသိက်၊
၂။ ဝိပဿနာရဲ့ အာရုံဟာ ရုပ်နာမ်၊
၃။ မဂ်ဉာဏ်ရဲ့ အာရုံဟာ နိဗ္ဗာန်၊

လို့ အဲဒီလို အာရုံနဲ့အသိနဲ့ ကွဲထားရပါမယ်၊ ကိလေသာဟာ ဘယ်အာရုံပြုဖြစ်တာလဲ၊ အကုသိုလ်စေတသိက်ကို အာရုံပြုဖြစ်တာပါ၊ ဝိပဿနာဉာဏ်ဟာ ရုပ်နာမ်အာရုံပြု ဖြစ်တာပါ၊ မဂ်ဉာဏ်ဟာ နိဗ္ဗာန်အာရုံပြုဖြစ်တာပါ၊ တနည်းပြောရယင်....

၁။ သမထရဲ့ အာရုံက ပညတ်၊
၂။ ဝိပဿနာရဲ့ အာရုံက ရုပ်နာမ်၊
၃။ မဂ်ဉာဏ်ရဲ့ အာရုံက နိဗ္ဗာန်၊

လို့ အဲဒီလို အာရုံနဲ့ အသိ ကွဲသိထားရပါမယ်၊ ယခု ဒီမှာကြည့်ပါ၊ ဘိက္ခုနီမကလေးဟာ သားကလေးလို့ ပညတ်ကို အာရုံပြုလိုက်တယ်၊ သားကလေးဆိုယင် ချစ်ခင်ရမယ် ဆိုတဲ့ ကိလေသာ ဝင်လာပါတယ်၊ ကိလေသာဟာ ပညတ်ကိုစွဲပြီး ဝင်လာပါတယ်။

သားကလေးကို ခင်တဲ့ကျော့၊ သားကလေးကို မင်တဲ့ကျော့လာတော့ သားကလေးကို စိုးရိမ်ပူပန်တဲ့ သောကစသည်ဝင်လာပြီး၊ အဲဒီ တကျော့နဲ့ သောကတို့ဟာ တရားအားထုတ်နေယင်း

ထစ်ကနဲဆို ဝင်လာတတ်ပါတယ်၊ အဲဒီတကျောတို့ သောကတို့ ဝင်လာယင် တချိန်လုံး တရားအားထုတ်လို့ မဖြစ်တော့ပါဘူး။

နောင်တချိန် အားထုတ်ပြန်တော့လဲ ထစ်ကနဲဆို ဝင်လာပြန်တယ်၊ တရားအားထုတ်လို့ မဖြစ်ပြန်ဘူး၊ အဲဒီအချိန်မှာ မိမိရဲ့ ရုပ်နာမ်ပရမတ်ကို မြင်အောင်ပြန်ပြီး သတိထားပြီး အသိတရားနဲ့ ရှုပွားရပါမယ်။

အပြင်က ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး ကိုလည်း "ငါ့ကိုယ်မှာ ရုပ်နာမ်ရှိသလို အပြင်မှာလဲ ရုပ်နာမ်ပဲ ရှိတယ်" လို့ ရုပ်နာမ်ကို အာရုံပြု၊ ရုပ်နာမ်ကို မြင်အောင်ရှုပါ၊ ရုပ်နာမ်ကို အာရုံပြု ရှုကြည့်မယ်ဆိုယင် ပရမတ်အာရုံကို ရောက်မယ်၊ ပရမတ်အာရုံရောက်ယင် ကိလေသာက အာရုံမပြုနိုင်တော့ဘူး၊ ကိလေသာက အာရုံမပြုနိုင်တော့ ခင်တကျော မင်တကျော ကွာပါတယ်။

မှန်ပါတယ်၊ ရုပ်-နာမ်ပရမတ် အာရုံရောက်ယင် ငါ့ကိုယ်ဆိုတဲ့ ပညတ်လဲ ကွာသွားမယ်၊ အပြင်က ငါ့သား ငါ့သမီးဆိုတဲ့ ပညတ်လဲ ကွာသွားမယ်၊ အဲဒီလို ကွာသွားလို့ရှိယင် နှစ်သက်တွယ်တာမှု စိုးရိမ်ပူပန်မှုတွေ မလာတော့ပါဘူး။

အဲဒီလို မိမိ သူတပါး နှစ်ဦးသားအပေါ်မှာ ရုပ်နာမ်ဓမ္မသင်္ခါရကို သေသေချာချာရှုကြည့်လို့ ပညတ်ကွယ်ပပြီး ပရမတ်နာမ်သို့ အာရုံရောက်နေမယ်ဆိုပါယင် မိမိ သူတပါးနှစ်ဦးသားခန္ဓာကိုယ်ရဲ့ ဖောက်ပြန်ပျက်စီးမှုနဲ့ ပတ်သက်ပြီး စိုးရိမ်သောကမလာတော့ပါဘူး။

အဲဒါကြောင့် တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ အရေးအကြီးဆုံးက ပထမစပြီးတော့ အားထုတ်တဲ့ အချိန်အခါမှာ ပညတ်နဲ့ ပရမတ်ကွဲနေဖို့ အရေးကြီးပါတယ်။

**နှစ်ခုစပ်၍ ကျင့်တက်ပါစေ**

အဲ....တချို့ကတော့ ပညတ်ကို ခွာပါတယ်၊ ဘယ်လိုခွာလဲဆိုတော့ ပညတ်ဆိုတာ လုံးဝမရှိတဲ့အနေနဲ့ ခွာကြပါတယ်၊ လုံးဝမရှိတဲ့ အနေနဲ့တော့ ခွာလို့မရပါဘူး၊ပညတ်က ပညတ်အနေနဲ့တော့ ရှိနေပါတယ်၊ အဲဒီ ပညတ်, ပရမတ်နဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ ပရိသတ် သဘောပေါက်ဖို့ရာ လင်္ကာတပုဒ် ချပေးပါမယ်၊ လိုက်ဆိုပါ။

* ပညတ်-ပရမတ် - နှစ်ရပ်ရှိရာ၊
ပညတ်သန်စွမ်း - မှန်လမ်းပျောက်မှာ၊
ပရမတ်သန်က - သွားရခက်မှာ၊
နှစ်ခုစပ် - ကျင့်တတ်လယ်လမ်းသာ။ ။

ဘုန်းကြီးတို့ဘုရားရှင်ဟာ သမုတိသစ္စာပညတ္တိဒေသနာတော်ကိုလဲ ဟောပါတယ်၊ ပရမတ္ထသစ္စာ ပရမတ္ထဒေသနာတော်ကိုလဲ သိဖို့ရာ ပညတ်တင်ပြီးဟောမှ သိနိုင်ပါတယ်။

အဲဒါကို နားမလည်တဲ့သူအချို့က ပရမတ်သန်ပြီး ပညတ်ကို လုံးဝမရှိတဲ့အနေနဲ့ ပယ်လိုက်ပါတယ်၊ ဘယ်လို ပယ်လဲဆိုတော့ "ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ" လို့ ပယ်လိုက်တယ်။

အမှန်က ပရမတ္ထသစ္စာဆိုက်ရောက်သွားယင် ပုဂ္ဂိုလ်သတ္တဝါ, ယောကျ်ား, မိန်းမမရှိလို့ မရှိပြောတာပါ၊ သမုတိသစ္စာနယ်မှာ

တော့ အခေါ်ရှိအနေနဲ့ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ ရှိပါတယ်။

ဟုတ်ပါတယ်၊ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါတွေ ဟာ ပညတ္တိဒေသနာ, သမုတိသစ္စာအနေနဲ့ ရှိပါတယ်၊ ယခု တရားဟောနေတာ ဘယ်သူဟောနေတာလဲဆိုတော့ ဘုန်းကြီး ဟောနေတယ်၊ ပညတ္တိဒေသနာ သမုသတိစ္စာနည်းအားဖြင့် ဆိုယင် ဟုတ်ပါတယ်၊ မှန်ပါတယ်၊ လိမ်ရာ ညာရာမကျပါဘူး။

ယခု တရားတော်နာနေကြတယ်၊ဘယ်သူတွေ နာနေကြတာ လဲဆိုတော့ မိန်းမ,ယောကျ်ား,ပုဂ္ဂိုလ်,သတ္တဝါတွေ နာနေကြ ပါတယ်၊ အဲဒါလဲ ပညတ္တိဒေသနာ, သမုတိသစ္စာနယ်က မှန်ပါ တယ်၊ ဟုတ်ပါဘယ်၊ လိမ်ရာညာရာ မကျပါဘူး။

အဲဒီလို သမုတိသစ္စာ ပညတ္တိဒေသနာအနေနဲ့ မှန်နေတာကို သွားပြီးတော့ မပယ်ရဘူး၊ သမုတိသစ္စာ ပညတ်နယ်မှာ အဲဒီ လိုပဲ သမုတိသစ္စာ ပညတ္တိဒေသနာအနေနဲ့ ဟောပြမှသာ နား လည်တဲ့လူတွေအတွက် ဘုရားရှင်ဟာ သမုတိသစ္စာ ပညတ္တိ ဒေသနာတော်ကို ဟောတော်မူပါတယ်။

သမုတိသစ္စာ ပညတ္တိဒေသနာတော်တွေဟာ အများကြီး ပါပဲ၊ ယခု ဘုန်းကြီးတို့ဟောနေတဲ့ ရှင်ကုမာရကဿပ မယ် တော်တို့ ရှင်ကုမာရကဿပ တို့ဆိုယင် သမုတိသစ္စာ, ပညတ္တိ ဒေသနာတော်တွေပေါ့။

အဲဒီလို သမုတိသစ္စာ, ပညတ္တိဒေသနာတော်နည်းဖြင့် အမေ ရယ်၊ အဖေရယ်၊ သားရယ်၊ သမီးရယ်၊ မိန်းမရယ်၊ ယောကျ်ား ရယ်လို့မှ မဟောလို့ရှိယင် ယခု တရားနာနေတဲ့ ပရိသတ်တွေ ဘယ်နားလည်ပါ့မလဲ။

အမျှား နားလည်အောင် ပညတ္တိဒေသနာ, သမုတိသစ္စာ အနေနဲ့ကတော့ ဒီလိုပဲ ဟောရပါတယ်၊ သမုတိသစ္စာ ပညတ်နယ်မှာ မှန်ပါတယ်။

**ပညတ်သန်လွန်းက အစွန်းရောက်သည်**

ဘုန်းကြီးတို့ ပရိသတ်အနေနဲ့ ဒီနေရာမှာ အထူးပဲ သတိချပ်သင့်ပါတယ်၊ ပညတ်ကို ပညတ်အနေနဲ့ သိသင့်ပါတယ်၊ ပရမတ်ကိုလဲ ပရမတ်အနေနဲ့ သိသင့်ပါတယ်၊ ဒီ ပညတ်, ပရမတ်နှစ်မျိုးမှာ ပညတ်သန်လွန်းနေပြန်ပါက....

"ဒီ ဥစ္စာက ငါ့သား၊ ဒီ ဥစ္စာက ငါ့သမီး, ငါ့သားဆိုလို့ရှိယင် ငါချစ်ရမှာပဲ၊ ငါ့သမီးဆိုလို့ရှိယင် ငါခင်ရမယ်၊ ငါ့မျက်စိအောက်က အပျောက်မခံနိုင်ဘူး၊ မခွဲနိုင် မခွာနိုင်ဘူး"

စသည်ဖြင့် ပညတ်သန်လွန်းနေယင်လဲ အမှန်လမ်းပျောက်တော့မယ်၊ အမှန်လမ်းပေါ်သို့ မရောက်နိုင်တော့ပါဘူး၊ တရားလဲ မရနိုင်ပါဘူး။

ယခု ဘုန်းကြီးတို့ ပရိသတ်မှာ ပညတ်သန်စွမ်းပြီး အမှန်လမ်းပျောက်နေတဲ့အတွက် တရားမရှာနိုင်၊ တရားမရနိုင် ဖြစ်နေတာပဲ။

ကဲ....ဟုတ်မဟုတ် ကြည့်ပါ၊ မိမိတို့ အဖြစ်က ဘယ်လိုလဲ၊ သားသမီးနှင့် ပစ္စည်း စသည်တွေကို မခွဲနိုင်ပါဘူး၊ မခွာနိုင်ဘူး၊ မျက်စိအောက်က အပျောက် မခံနိုင်ဘူးတဲ့၊ ငါမရှိလို့ မဖြစ်ဘူးတဲ့၊ အလုပ်တွေက များလို့တဲ့ဆိုတော့ ပရမတ်နယ်ထဲ မရောက်တော့ဘူး၊ အမှန်လမ်း ပျောက်နေတယ်၊ နိဗ္ဗာန်မြေပုံ ပျောက်နေတယ်ပေါ့။

**ပရမတ်သန်က သွားခက်လို့**

အင်း....ပညတ်နယ်ကျော်ပြီး ပရမတ်သန်လွန်း ပြန် တော့ လဲ အ သွား ခက် ဦး မယ်၊ ဘယ်ကို အသွားခက်တာလဲ၊ နိဗ္ဗာန်ကို အသွားခက်ပါတယ်၊ ဟုတ်ဘယ်လေ၊ ပရမတ်သန်လွန်းတော့လဲ အစွန်းတဖက်ရောက်သွားပြန်ရော။

"ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ဘုန်းကြီးမရှိ၊ ဘုရားမရှိ၊ နတ်ဗြဟ္မာမရှိ၊ သင်္ခါရနဲ့ ထဘီ အဝတ်ချင်းအတူတူပဲ"

စသည်ဖြင့် ပြောဆိုယူဆကာ ပညတ်ကို မရှိအနေနဲ့ ပယ်လိုက်ပြန်ရော၊ အဲဒီလို ပယ်လိုက်ယင်လဲ နိဗ္ဗာန်သို့ အသွားခက်ပြီ။

ပုဂ္ဂိုလ်, သတ္တဝါပညတ်ဟာ ပညတ်အနေနဲ့ အခေါ်ရှိအနေနဲ့ ရှိပါတယ်၊ ဟုတ်ပါတယ်၊ ပရမတ်ရုပ်နာမ်တွေ ပေါင်းစပ်လိုက်ယင် ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမဆိုတဲ့ ပညတ်ဟာ ပေါ်လာပါတယ်။

အဲဒီလို ရုပ်နာမ်တွေ ပေါင်းစုလို့ ပေါ်လာတဲ့ ပညတ်ကို "ယောကျ်ားမရှိ၊ မိန်းမမရှိ၊ အမေမရှိ၊ အဖေမရှိ၊ ဘုရားမရှိ" စသည်ဖြင့် သွားပြီးပယ်လိုက်ပြန်လို့ရှိယင် အပါယ်ကျပါလိမ့်မယ်၊ နိဗ္ဗာန်ရဖို့ဆိုတာ ဝေးလာဝေး၊ လူနတ်တောင်ဖြစ်ဖို့ မလွယ်ပါဘူး။

ယခု ဘုန်းကြီးပြောနေတာဟာ ပညတ်ကိုပယ်ဖို့ရာပြောနေတာမဟုတ်ပါဘူး၊ ပညတ်နဲ့ ပရမတ်နဲ့ ကွဲသိဖို့ရာပြောနေတာပါ။

အဲဒီလို ပညတ်နဲ့ ပရမတ်နဲ့ ကွဲသိဖို့ရာ ပညတ်နဲ့ ပရမတ်နဲ့ ကွဲအောင်ရှုကြည့်ရပါတယ်၊ ပုဂ္ဂိုလ်, သတ္တဝါမရှိလို့, မရှိအနေနဲ့ မပယ်ရပါဘူး။

**အရှိ-မရှိ-အသိ** ဘုန်းကြီးတို့ပရိသတ်ရဲ့ ခန္ဓာကိုယ်မှာ ဉာဏ်သတိနဲ့ ရှုကြည့်လိုက်ပါယင် တရား ၃-မျိုးကို အထင်အရှား တွေ့နိုင်ပါတယ်၊ တရား ၃-မျိုးက ဘာလဲဆိုတော့....

၁။ ရုပ်အရှိက တမျိုး၊

၂။ နာမ်အရှိက တမျိုး၊

၃။ မရှိပညတ်က တမျိုး၊

ရယ်လို့ တရား ၃—မျိုးရှိပါတယ်၊ အဲဒီ တရား ၃-မျိုးမှာ မရှိပညတ်ကို မရှိတဲ့အတိုင်း သိအောင်မြင်အောင် ကြိုးစားပြီး ရှုပွားနိုင်ယင် အရှိရုပ်နာမ် ၂-မျိုးသာ ကျန်ပါလိမ့်မယ်။

မရှိတာက ပညတ်ပါ၊ အဲဒီ ပညတ်ဆိုတာဟာ ရုပ်နာမ်ရဲ့ အရိပ်အရောင်မျှသာ ဖြစ်ပါတယ်၊ အဲဒီ ရုပ်နာမ်ရဲ့ အရိပ်အရောင်ပညတ်ဟာ "ရုပ်နာမ်"လို့ မြင်လိုက်တာနဲ့ တပြိုင်နက် ပျောက်သွားပါတယ်၊ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ်ဟာ မရှိတော့ပါဘူး။

အင်း....အဲဒါကြောင့် အရှိ ၂-မျိုးမှ မရှိ ၁-မျိုးဖြစ်ပေါ်ရခြင်းဟာ အမှတ်လွဲ အယူလွဲမှုကြောင့် ဖြစ်ရတာပါ၊ ရုပ်နာမ်အရှိ ၂-မျိုးနှင့် ပညတ်မရှိတို့မှ ရုပ်နာမ်အရှိ ၂-မျိုးဖြစ်အောင် အမြဲတမ်း ရှုပွားကြိုးစားနိုင်ယင် နိဗ္ဗာန်ရနိုင်ပါတယ်။

မိမိတို့ရဲ့ ရုပ်နာမ်ခန္ဓာမှာ ရှိနေတဲ့အတိုင်း ဖြစ်နေတဲ့အတိုင်း သိတဲ့ဉာဏ်ကို "ယထာဘူတဉာဏ်"လို့ ခေါ်ပါတယ်၊ ဖွယ်ဖွယ်ရာရာကို သိခြင်း, အမျိုးမျိုးသိခြင်းကို "ပညတ်သိ"လို့ ခေါ်ပါတယ်။

ယောဂီတို့ ခန္ဓာကိုယ်မှာ အရှိရယ်, အသိရယ်လို့ သုံးမျိုး၊ ရှိပါတယ်၊ အဲဒီသုံးမျိုးမှာ အရှိတရားက ရှေ့ကျပါတယ်၊ အသိတရားက နောက်ကျပါတယ်။

ယောဂီတို့ဟာ အမြဲရှိနေတဲ့ သာမညလက္ခဏာနဲ့ သာမည လက္ခဏာရှိနေတဲ့ ရုပ်နာမ် တရားတွေကို "သတိ ဝီရိယ ပညာ" တရားတွေနဲ့ ရုပ်နာမ်ခန္ဓာမှာ ရှုကြည့်လို့ရှိယင် အကျိုးတရားကို သိပါလိမ့်မယ်။

အရှိ ရုပ်-နာမ်တရားကိုသိယင် မရှိပညတ်ကွာပါပြီ၊ အရှိရုပ် နာမ်တရားကိုသိမှသာ အသင့်တင့် ဉာဏ်ရင့်ကျက်ပြီး အပါယ် လေးပါးမှ ကင်းလွတ်တဲ့အဆင့်သို့ ရောက်မှာပါ။

ဥပမာပြောရယင် သေနတ်ပစ်တဲ့ ဥပမာနဲ့ပြောနိုင်ပါတယ်။ သေနတ်ပစ်တဲ့အခါ ပစ်မှတ်ရယ်၊ ပြောင်းဝရယ်၊ ကြည့်သော မှန်ရယ် အဲဒီသုံးခုတည့်မှ မှန်နိုင်သလို "သတိ ဝီရိယ ပညာ" သုံးပါးစုံပါမှ ရုပ်နာမ်တို့ရဲ့ သဘာဝလက္ခဏာတို့ကို မြင်နိုင်ပါ တယ်။ ဒီတော့ အဲဒီမှာ သတိထားကြည့်ပါ။

၁။ ရှုကြည့်မှုက ပထမ၊

၂။ မြင်သိမှုက ဒုတိယ၊

ဖြစ်ပါတယ်၊ ဝိပဿနာအရာမှာ မြင်သိမှု ဉာဏ်မြင်သိမှု သဘောသက်ရောက်ပါတယ်။ ဒါကြောင့် အဲဒီသဘာဝတွေကို မှတ်မိအောင် လင်္ကာတပုဒ် လိုက်ဆိုပါ-

* အမည်ပညတ် - နှစ်ရပ်ရုပ်နာမ်၊
ပညတ်ကွယ်ပ - ကျန်ရရုပ်နာမ်၊
ရုပ်နာမ်ကျန်က - သိရအမှန်၊
အသိမှန် - အမြန်ရောက်နိဗ္ဗာန်။

ပညတ်ရယ်, ရုပ်နာမ်နှစ်ရပ်ရယ်ဟာ ဘယ်မှာရှိလဲ ဆိုတော့ ခန္ဓာမှာ ရှိပါတယ်၊ ခန္ဓာကိုသတိ ဝီရိယ ပညာနဲ့ ရှုကြည့်လို့ ရုပ်နာမ်ပရမတ်ကိုမြင်ယင် ပညတ်ကွယ်ပါပြီ၊ ရုပ်နာမ်ကျန်ပါတယ်၊ ရုပ်နာမ်ကို ဉာဏ်မှန်နဲ့ကြည့်တော့ သဘာဝအမှန်ကို မြင်ပါတယ်၊ အမှန်မြင်ယင် နိဗ္ဗာန်ရောက်တာပါပဲ။

**လက်တွေ့ရှုကြည့်ပါ** ဘုန်းကြီးတို့ပရိသတ်ကလဲ ယခုလိုတရားနာနေတာဟာ ဘာလိုချင်လို့လဲဆိုတော့ နိဗ္ဗာန်လိုချင်လို့ပါ၊ နိဗ္ဗာန်လိုချင်ယင် လက်တွေ့ရှုပွားမှ ရမှာပါ၊ ကဲ....ဒါဖြင့် ယခုရှုပွားကြည့်ပါ၊ ဘယ်မှာ ရှုပွားကြည့်မလဲ၊ ကဲ....ခေါင်းကို ကိုင်ကြည့်လိုက်စမ်းပါ၊ ဘာတွေ့မလဲ၊ မာသဘောတွေ့လိမ့်မယ်၊ အဲဒီမာတာဟာ ခေါင်းမဟုတ်ပါ၊ ပထဝီဓာတ်၊ ပထဝီရုပ်ပါ။

အဲဒီ မာဆိုတဲ့ ပထဝီဓာတ်, ပထဝီရုပ်ကိုတွေ့ယင် မြင်သိယင် ခေါင်းဆိုတဲ့ ပညတ်မရှိတော့ပါဘူး၊ ခေါင်းဆိုတဲ့ ပညတ်ကွယ်သွားပါပြီ။

ကဲ....ကိုင်တော့ ဘာကို ကိုင်တာလဲဆိုတော့ ခေါင်းဆိုတဲ့ ပညတ်ကို ကိုင်တာပဲ၊ တကယ်တွေ့တော့ ဘာတွေ့လဲဆိုတော့ မာတဲ့သဘော ပထဝီဓာတ်,ပထဝီရုပ်ဆိုတဲ့ ပရမတ်ကို တွေ့ပါတယ်၊ ဒါပေမယ့် ပညတ်အခေါ် ရှိအနေနဲ့ မရှိဘူးလားဆိုတော့ ရှိပါတယ်။

ဟုတ်ပါတယ်၊ ခေါင်းဆိုတာ ရှိပါတယ်၊ ဒါပေမယ့် မာသဘောမတွေ့ပဲ ခေါင်းတွေ့တယ်ဆိုယင် ပထဝီဓာတ်, ပထဝီရုပ်ဆိုတဲ့ ပရမတ်ပျောက်သွားပါပြီ။ မာသဘောတွေ့လို့ရှိယင်

ခေါင်းပညတ် ပျောက်သွားပါတယ်၊ မရှိလို့ ပျောက်သွားတာလား၊ အသိပြောင်းလို့ ပျောက်သွားတာလားဆိုတော့ အသိပြောင်းလို့ ပျောက်သွားတာပါ။

အဲဒါ....ရှုကြည့်လို့ သိရတာပါ၊ ဒါ့ကြောင့် ရှုကြည့်ရမှာပါ၊ သမုတိသစ္စာ, ပညတ္တိဒေသနာအားဖြင့်တော့ ဦးခေါင်းရှိပါတယ်၊ အဲ့ဒါကို မရှိဘူးဆိုပြီး မျက်စိမှိတ်ပယ်ယင် အပါယ်ကျမယ်။

အဲဒီဦးခေါင်းကို ဦးခေါင်းလို့ ခေါ်လို့ရှိယင် မှန်ပါတယ်၊ မုသားပြောရာ မကျပါဘူး၊ အပါယ်လဲ မကျပါဘူး။

ပညတ်ကို ခွာရမယ်၊ ပညတ်ကို ပယ်ရမယ်ဆိုတာက ရုပ်နာမ်ပရမတ်ကို အသိရောက်လို့ရှိယင် ပညတ်ကိုခွာပြီး၊ ပယ်ပြီး ဖြစ်နေပါပြီ။

ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ဇနီးမယားမရှိ၊ လင်ယောကျ်ားမရှိ၊ အမေ မရှိ၊ အဖေမရှိ၊ ရဟန်းသံဃာမရှိ၊ ဘုရားမရှိလို့ အဲဒီလို မရှိချိုးနဲ့ မပယ်ရပါဘူး၊ အဲဒီလို ပယ်ယင် အပါယ်ကျမယ်။

ပညတ်ဆိုတာ ဉာဏ်ပညာမျက်စိနဲ့ သေသေချာချာ ရှုကြည့်လေ မရှိလေပဲ၊ တကယ်ရှာလေ တကယ်မရှိလေပဲ၊ အခေါ်သာရှိတယ်၊ တကယ်မရှိလို့ ပညတ်ကို မရှိလို့ခေါ်တာ ပြောတာပါ၊ အခေါ်ရှိ အပြောရှိ သမုတ်ရှိတော့ ရှိပါတယ်။

ပညတ်ဆိုတာ အခေါ်ရှိတော့ရှိတယ်၊ တကယ်ရှိတော့ မရှိဘူး၊ အဲဒီလို သိရပါမယ်၊ ဆိုပါတော့ ပညတ်-ပရမတ် နှစ်ရပ်မှာ ခေါင်းကိုယ်ပညတ်ကို သိနေယင် ပရမတ်ရုပ်နာမ် ပျောက်သွားပါပြီ။ ပရမတ်ရုပ်နာမ် မမြင်တော့ပါဘူး။

ပညတ်ခွာတယ်၊ ပညတ်ပယ်တယ်ဆိုတာ "ဟဲ့.... ပညတ်နင်သွား" လို့ ခွာစရာ ပယ်စရာမလိုပါဘူး၊ ခေါင်းကို ကိုင်ကြည့်လို့ မာတယ်ဆိုတဲ့ ပထဝီဓာတ်, ပထဝီရုပ်ကို တွေ့ယင် ပညတ်အခေါ်ရှိ ခေါင်းပျောက်ပါတယ်။

ဒါကြောင့် ပညတ်ကို သီးခြားခွာစရာ မလိုပါဘူး၊ တချို့က ပညတ်ခွာတယ်ဆိုတဲ့ဥစ္စာ တခါတည်း ယောကျ်ား မရှိ မိန်းမမရှိ စသည်ဖြင့် ဘုရားရှင်တောင်မှ မပယ်တာကို မရှိအနေနဲ့ ပယ်ပစ်တယ်၊ အဲဒီလို ပယ်ယင်တော့ အပါယ်ကျမယ်နော်။

"မှန်ပါဘုရား"

ပရမတ်သန်လှန်းယင်လဲ မှန်လမ်းပျောက်ပြီ၊ ဒီ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်မရပါဘူး၊ ဒါ့ကြောင့် နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်ဟာ ပညတ်-ပရမတ် နှစ်ခုစပ်ပြီး ကျင့်တတ်ရပါမယ်။

နှစ်ခုစပ်ဆိုတာက ပရမတ်ရုပ်နာမ်တွေ ပေါင်းစုလိုက်ယင် ခေါင်းဆိုတဲ့ ပညတ်ပေါ်လာပါတယ်၊ ပညတ်ဆိုတာ ပရမတ်ရဲ့ အရိပ်အရောင်ပဲ၊ အဲဒီ ပရမတ်အရိပ်အရောင်ဖြစ်တဲ့ သဏ္ဌာန်ဒြပ် ပညတ်တွေကို တခုစီ တနေရာစီ ခွဲပြီး, ကွက်ပြီး သေသေချာချာ ဉာဏ်မျက်စိနဲ့ ရှုကြည့် စမ်းပါ၊ အဲဒီလို ရှုကြည့်ယင် ခေါင်းဆိုတဲ့ ပညတ်ကို မတွေ့တော့ပါ။

ဒါကြောင့် ဘုန်းကြီးတို့ပရိသတ် အဲဒီ သဘောကိုပေါက်အောင်ရှုရမယ်၊ ယခု လက်တွေ့ သဘော ပေါက် ရ အောင် ဒီ တရားပွဲဘဲမှာပဲ ယခု လက်တွေ့ရှုကြည့်ရအောင်။

ရှုပ္ပွားအားထုတ်နည်းကို ပြောပေးပါမယ်၊ ဘုန်းကြီးတို့ ပရိသတ်က ပြောပေးတဲ့အတိုင်း လိုက်ပြီး ရှုပ္ပွားအားထုတ်ကြည့်ပါ။

**ထိုင် အားထုတ်နည်း** အား ထုတ် တာ က တော့ လျှောင်း ထိုင် ရပ် သွား လေးပါးဣရိယာပုထ်လုံး အားထုတ်လို့ရပါတယ်၊ ယခု ဒီမှာ လက်တွေ့အနေနဲ့ထိုင်ပြီးတော့ အားထုတ်ပုံအားထုတ်နည်း ဦးစွာပြောပြပါမယ်၊ ဒါကြောင့် အမျိုးသားတွေက တင်ပျဉ်ခွေထိုင်ပါ။

အမျိုးသမီးတွေက မိန်းမထိုင်ပဲ ထိုင်ပါ၊ သို့မဟုတ် တင်ပျဉ်ခွေလဲ ထိုင်နိုင်ပါတယ်၊ မထိုင်တတ်ယင်လဲ ထိုင်နေကျအတိုင်း မိန်းမထိုင်ပဲ ထိုင်ပါ။

ဘုန်းကြီးက တင်ပျဉ်ခွေထိုင် ဆိုလို့ရှိယင် တင်ပျဉ်ခွေပဲ ထိုင်ပါအုံး၊ အမျိုးသမီးများကလဲ မိန်းမထိုင်ပဲ ထိုင်ပါအုံး၊ ဘာမှမလုပ်ပါနဲ့အုံး။

တင်ပျဉ်ခွေတဲ့နေရာ မိန်းမထိုင် ထိုင်တဲ့နေရာမှာ ပုဆိုးတွေ လုံချည်တွေနဲ့ တောင့်ခြင်း တင်းခြင်း ငြိစွန်းခြင်း မရှိပါစေနဲ့၊ သေသေချာချာ ပြင်ဆင်ပြီးထိုင်ပါ။

ဘာဖြစ်လို့လဲဆိုယင် တရားအားထုတ်တဲ့နေရာမှာ "ဣရိယာပထသပ္ပါယ=ဣရိယာပုထ်မျှ"ဖို့ရာ အလွန်အရေးကြီးပါတယ်၊ အဋ္ဌကထာတွေကလဲ "ဣရိယာပထ သုခသေဝနတာ=ချမ်းသာတဲ့ ဣရိယာပုထ်ကိုမှီဝဲရမယ်" တဲ့၊ အဲဒီလိုဆိုထားပါတယ်။

ဆိုလိုတာက ထိုင်အားထုတ်ယင် ထိုင်မှုဣရိယာပုထ် ချမ်းသာရပါတယ်၊ မျှတရပါတယ်၊ လျှောင်း အားထုတ်ယင်လဲ

လျှောင်းမှ ဣရိယာပုထ် မျှတချမ်းသာရပါတယ်၊ ရပ် အားထုတ်မယ်၊ စင်္ကြံလျှောက် အားထုတ်မယ်ဆိုယင်လဲ အဲဒီ ရပ်မှု စင်္ကြံလျှောက်မှု ဣရိယာပုထ်တွေ မျှတချမ်းသာရပါတယ်။

ယခုက သင်ပေးနေတာဖြစ်တော့ မေးတာလဲ ဖြေယင်းနဲ့ အားထုတ်ပါ၊ ချမ်းသာတဲ့ဣရိယာပုထ်ကို မှီဝဲရမယ်ဆိုတော့ ထိုင် အားထုတ်တဲ့အခါမှာ ထိုင်မှု ဣရိယပုထ် မချမ်းသာယင် တရားမရနိုင်ပါဘူး၊ ယခု လုံချည်တွေ ပုဆိုးတွေနဲ့ မငြိစွန်း မတင်းမတောင့်အောင် ချမ်းချမ်းသာသာထိုင်လို့ ပြီးပြီလား။

"ပြီးပါပြီဘုရား...."

ကဲ....အားလုံးထိုင်လို့ပြီးယင် လက်နှစ်ဘက်ကို ပက်လက် လှန်ပြီး ဘယ်ဘက်လက်ကို အောက်ကထား ညာဘက်လက်ကို အပေါ်ကတင်ပါ၊ လက်မ ထိပ် ချင်း လက်မ ထိပ် ချင်း ထိထားပါ။

အဲဒီလက်နှစ်ဘက်ကိုလဲ မတောင့်မတင်းရပါဘူး၊ လက်နှစ်ဘက်ကို ခြေသလုံးပေါ်မှာ တင်ထားကာမျှကလေးပဲ ဖြစ်စေရပါမယ်၊ အဲဒီ လက်နှစ်ဘက်ကို တင်းတောင့်ပြီးတော့ ခြေသလုံးကို မဖိရ၊ မမှေးရပါဘူး၊ မမှီလဲ မမှီရပါဘူး။

ပြီးတော့ အထက်ပိုင်း ကိုယ်ကလဲ အဲဒီ လက်နှစ်ဘက်ကို အားကိုးတခုနဲ့ အမှီသဟဲမပြုရပါဘူး၊ လက်နှစ်ဘက်ကို မဖိထားရပါဘူး၊ မမှေးထားရပါဘူး၊ အဲဒီလိုဆိုတော့ လက်နှစ်ဘက်ကလဲ လက်အလေးချိန်လောက်ပဲ ရှိပါတယ်။

ပြီးတော့ ကိုယ်က ၂-ပိုင်းရှိတော့၊ ယခု အောက်ပိုင်းကိုယ်ကို တင်ပျဉ်ခွေထိုင်၊ မိန်းမထိုင် ထိုင်ထားပြီးတော့ အထက်ပိုင်းကိုယ်• ကျန်နေပါတယ်။

ကိုယ်ကို အထက်ပိုင်း အောက်ပိုင်းခွဲထားတာက ဘယ်လိုလဲ၊ ခါးကနေ အထက်ကို အထက်ပိုင်း၊ ခါးကနေ အောက်ကို အောက်ပိုင်းလို့ ခွဲပါတယ်၊ ဒီတော့ ခါးကနေ အထက်ပိုင်း ကိုယ်ကို ဖြောင့်ဖြောင့်ကလေးထားလိုက်ပါ၊ ရှေ့လဲ မကုန်းစေရပါ၊ နောက်လဲ မလန်စေရပါ၊ ဘေးလဲ ဇစောင်းစေရပါ၊ မတ်မတ်ကလေး ထားပါ။

အဲဒီလို အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်ကလေးထားပါ ဆိုတဲ့နေရာမှာ အချို့က ကိုယ်ကို အထက်ကို မြှောက်ပင့်တင် တတ်ပါတယ်၊ ကိုယ်ကိုလဲ ယောင့်တင်း ထားတတ်ပါတယ်၊ အဲဒီလို မထားရပါဘူး၊ ကိုယ်ကို အလိုက်သင့် ဖြောင့်ရုံကလေး ပဲ ထားရပါတယ်၊ မတောင့်မတင်း စေရပါဘူး၊ မလျော့လဲ မလျော့စေရပါဘူး။

ကိုယ်နေကိုယ်ထားဟာ မျှမျှတတ ကလေးပါပဲ၊ ခုနက တရားထိုင်နာနေတဲ့ ကိုယ်နေကိုယ်ထားမျိုးကလေးပဲ ဖြစ်စေရ ပါမယ်၊ ကိုယ်ဖြောင့်တာလေးတခုပဲ ကွဲပါတယ်။

**ကိုယ်ဖြောင့်ရခြင်း အကြောင့်ရင်း** ဘာဖြစ်လို့ ကိုယ်ကို ဖြောင့်ဖြောင့်ကလေး ထိုင်ခိုင်းတာလဲဆိုတော့ ကိုယ်မှာ အရိုးတွေ ရှိပါတယ်၊ အဲဒီ အရိုးတွေကောက်တော့ အရိုးပေါ်မှာရှိတဲ့ အကြော၊ အသား၊ အရေတွေလဲ ကောက်ပါ တယ်၊ အဲဒီလို အရိုး၊ အကြော၊ အသား၊ အရေတွေကောက် တော့ သွေးသွား သွေးလာ မမှန်တော့ပါဘူး၊ အဲဒီ သွေး သွားလာမှု မမှန်တဲ့အတွက် မကြာမီ ပြင်းထန်တဲ့ ဒုက္ခဝေဒနာ တွေ လာပါတယ်။

ယခု ပြောခဲ့သလို စနစ်တကျ ထိုင်တော့ ဒုက္ခဝေဒနာတွေ မလာနိုင်ပါဘူး၊ ဒီတော့ထိုင်ကတည်းကဒုက္ခဝေဒနာတော်တော်နဲ့မလာနိုင်အောင် ထိုင်ရပါတယ်၊ ဒုက္ခ ဝေဒနာ မလာမှ စိတ်တည်ကြည်မှာ၊ ဒုက္ခ ဝေဒနာလာတော့ စိတ် မတည်ကြည်ပါဘူး။

စိတ် မတည်ကြည်တော့ အရှုခံအာရုံကို မရှုနိုင်တော့ပါဘူး၊ မရှုနိုင်တော့ တရားအထူး မရနိုင်ပါဘူး၊ တရားအထူး မရတော့ တရားအားထုတ်ရကျိုး မနပ်တော့ဘူးပေါ့။

ကိုယ်ကလေးကို ဖြောင့်ဖြောင့်ကလေး ထားတော့ အရိုးတွေ မကောက်တော့ပါ၊ အရိုးတွေမကောက်တော့ အကြော၊ အသား၊ အရေတွေလဲ မကောက်တော့ပါ၊ အရိုး၊ အကြော၊ အသား၊ အရေတွေ မကောက်တော့ သွေးသွား လေသွား မှန်ပါတယ်။

သွေးသွားလေသွားမှန်တော့ ဒုက္ခ ဝေဒနာတွေ မဖြစ်တော့ဘူး၊ ဒုက္ခဝေဒနာမဖြစ်တော့ စိတ် တည်ကြည်တယ်၊ စိတ်တည်ကြည်တော့ အရှုခံအာရုံတိုးသဘောက မလျှောကျ တော့ဘူး၊ အရှုခံအာရုံက မလျှောကျတော့ ရှုပွားနေတဲ့ ကမ္မဋ္ဌာန်းတရားတိုးပွားပါတယ်၊ ကမ္မဋ္ဌာန်းတရားတိုးပွားတော့ တရားအထူးရနိုင်ပါကယ်။

အဲဒါကြောင့် ကိုယ်ကို မတောင့်မတင်းစေပဲ မျှ မျှ တ တ ကလေးထားပါ၊ ဖြောင့်ဖြောင့်ကလေးထိုင်ပါ၊ ပြီးတဲ့အခါ ဦးခေါင်းကိုလဲ မတ်မတ်ကလေး ထားပါ၊ မိမိ မျက်စိဟာ ရှေ့တည့်တည့်မှာရှိနေတဲ့ အရာဝတ္ထုတခုကို ကြည့်ရှုနေတဲ့ ပုံမျိုး

ကလေးနေယင် ဦးခေါင်းတည့်ပါတယ်၊ ဦးခေါင်းဟာ ရှေ့လဲမငိုက်၊ နောက်လဲမလန်၊ ဘေးလဲမစောင်းပဲ တည့်တည့်မတ်မတ်ကလေးပေါ့။

အဲဒီလို ဦးခေါင်းအနေအထား အချိုးကျ ပြီးပြီဆိုတော့ မျက်စိကို အိပ်ခါနီးအချိန်အခါမှာ မှိတ်သလိုလေး မှိတ်ထားပါ၊ တအားကြီးလဲ မမှိတ်ထားရပါ၊ မှိတ်တုတ်မှိတ်တုတ်လဲ မဖြစ်စေရပါ၊ သက်တောင့်သက်သာကလေး မှိတ်ထားပါ။

ပြီးတော့ ပါးစပ်ကိုလဲပဲ စကားမပြောပဲနေတဲ့အခါမှာလို သာသာကလေးပိတ်ထားပါ၊ စေ့ထားပါ၊ သက်သက်သာသာကလေးပဲ ပိတ်ထားပါ။

**အားလုံးခြုံကာ ပြန်ကြည့်ပါ**

ယခု ပြောခဲ့သမျှ ပြင်ဆင်ပြီးတော့ အဲဒီပြောသမျှအားလုံးကိုခြုံကာ ပြန်ပြီးတော့ကြည့်လိုက်ပါဦး၊ ဘယ်နေရာက တောင့်တင်းနေလဲ၊ အနေအထိုင်ခက်နေလဲ၊ ခိုးလိုးခုလုဖြစ်နေလဲစသည် ကြည့်ရှုပါ၊ တောင့်တင်းနေယင် လျှော့ပေးပါ၊ အနေအထိုင်ခက်နေယင် ပြင်ဆင်ပေးပါ၊ အားလုံး တကိုယ်လုံး သက်သက်သာသာ မျှမျှတတကလေးထားပါ။

ကဲ....ယခု မိမိတို့ တရားနာနေတဲ့ ဣရိယာပုထ်မှ တရားအားထုတ်တဲ့ ဣရိယာပုထ်သို့ ပြောင်းနေတဲ့အချိန်မှာ အသက်မရှုပဲနဲ့ ပြင်ပြောင်းနေတာလား၊ အသက်ရှူယင်းနဲ့ ပြင် ပြောင်းနေတာလား။

"အသက်ရှူယင်းနဲ့ ပြင်ပြောင်းနေပါတယ်ဘုရား"

အသက်ရှူယင်းနဲ့ ပြင်ပြောင်းနေတာနေ၁်၊ အဲဒီလို အသက်ရှူနေတော့ မိမိတို့ကိုယ်ကို ပြန်ပြီး သတိထားကြည့်လိုက်ပါဦး။ အသက်ရှူနေတော့ ကိုယ်လှုပ်သေးလား။

"မလှုပ်ပါဘုရား...."

ကိုယ်ဟာ ရွှေတိုးနောက်ငင် ယိမ်းယိုင် တုန် လှုပ် ခြင်း၊ အထက်တက်ချည် အောက်ဆင်းချည်၊ မြောက်ချည် နိမ့်ချည် ရှိသေးလား။

"မရှိပါဘုရား...."

အဲဒီ ကိုယ်နေကိုယ်ထားကို သတိထားပြီးကြည့်ထား မှတ်ထားပါ၊ ယခု အသက်ရှူနေပါလျက်ကနဲ့ ကိုယ် မတုန်မလှုပ် ရွှေတိုးနောက်ငင်မဖြစ်၊ အထက်တက်ချည် အောက်ဆင်းချည် မဖြစ်ဘူး။

ဒါဖြင့် တရားအားထုတ်ကာမှ ကိုယ်ကို ရွှေတိုးနောက်ငင် အထက်တက်ချည် အောက်ဆင်းချည် ယိမ်းယိုင်လှုပ်ရှားဖြစ်စေရရောလား။

"မဖြစ်စေရပါဘုရား"

ပြီးတော့ ယခု ဣရိယာပုထ်ပြင်ပြီးချိန်မှာ မိမိတို့ အသက်ရှူတာကို သတိထားကြည့်ပါ၊ အခုအချိန်မှာ အသက်ရှူတာ နှေးခြင်း, မြန်ခြင်း, ပြင်းထန်ခြင်း, အသံမြည်ခြင်း, လျော့နည်းခြင်း, ချုပ်ထားခြင်း, အောင့်ထားခြင်း ရှိသေးလား။

"မရှိပါဘုရား"

ဖုံမှန်ကလေးပဲ ရှူနေပါတယ်၊ အဲဒီ ပုံမှန်အတိုင်းပဲ အသက်ရှူနေပါစေ၊ တမျိုးတမည် ပြောင်းလဲပြီး မရှူပါနှင့်၊ အသက်ရှူတယ်ဆိုတာ အခေါ်ပါပဲ၊ တကယ်တော့ လေရှူနေတာပါ၊

နှာခေါင်းထဲ လေဝင်အောင်၊ နှာခေါင်းကနေ လေပြန်ထွက်အောင် လုပ်နေတာကိုပဲ အသက်ရှူတယ်လို့ ခေါ်တာပါ။

ဒီတော့ အဲဒီ လေဝင်တဲ့ ထွက်တဲ့နေရာမှာ သတိကို ကပ်ထားလိုက်ပါ၊ သတိပြုပြီး ကြည့်ရှုလိုက်ပါ၊ လေရဲ့သဘောက ဘယ်လို သဘော ရှိလဲ ဆို တော့ "တိုးသဘော" ရှိပါတယ်။ တိုးသဘောရှိတော့ လေဝင်တိုင်းဝင်တိုင်း "တိုးတိုး"ပြီး ဝင်ပါတယ်၊ လေထွက်တိုင်း ထွက်တိုင်း "တိုးတိုး"ပြီး ထွက်ပါတယ်။

**တိုးမှုရှေးရှု သတိပြု**

ကဲ....လေထွက်တဲ့ ဝင်တဲ့နေရာကို သတိ ကပ်ထားလိုက်တော့ ဘာတွေ့မလဲဆိုတော့ "တိုးသဘော"ကို တွေ့ပါလိမ့်မယ်၊ အဲဒီ တိုးသဘောကို ကြည့်ရှုနေပါ၊ "ပရိမုခံ သတိံ ဥပဋ္ဌပေတွာ=ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကိုဖြစ်စေ၍"ဆိုတဲ့အတိုင်း သတိကို တိုးသဘောမှာ ကပ်ထားပါနော်။

"မှန်ပါဘုရား"

တရားအားထုတ်တယ်ဆိုတာ ထင်ရှားတဲ့ တရားကို ရှုပွားအားထုတ်မှ မြန်မြန်ရပါတယ်၊ ရုပ်တရား နာမ်တရား ၂ ပါးမှာ ရုပ်တရားက နာမ်တရားထက် ထင်ရှားပါတယ်၊ အဲဒီ ရုပ်တရား ၂၈ ပါးတွင်လဲ မဟာဘုတ်ရုပ်ကြီး ၄ ပါးက ပိုထင်ရှားပါတယ်၊ မဟာဘုတ်ရုပ်ကြီး ၄ ပါးတွင်လဲ ဝါယောရုပ်က ပိုထင်ရှားပါတယ်။

အခု လေဆိုတော့ ဝါယောရုပ်ပေါ့၊ ဝါယောဓာတ်ပေါ့၊ အဲဒီ ဝါယောဓာတ်, ဝါယောရုပ်မှာ ဘယ်လို အမှတ်အသား လက္ခဏာရှိလဲဆိုယင်...

"တိုးသဘော, တွန်းသဘော, ကန်သဘော, မြောက်သဘော, ပင့်သဘော, မသဘော, ချီသဘော, ကြွသဘော, လှုပ်ခြင်းသဘော, ချသဘော"

စသည်ဖြင့် အမှတ်အသားလက္ခဏာတွေ အများကြီးရှိပါတယ်၊ အဲဒီ ဝါယောဓာတ်, ဝါယောရုပ်ရဲ့ အမှတ်အသား အများကြီးထဲမှာ ယခု တိုးသဘော တခုတည်းပဲ အရှုခံ ကမ္မဋ္ဌာန်းအဖြစ်ယူလိုက်တယ်၊ ဒီတော့ "တိုးသဘော" ဟာ အရှုခံ ကမ္မဋ္ဌာန်းပေါ့နော်။

"မှန်ပါဘုရား"

လေဟာ နှာခေါင်းထဲဝင်တော့ တိုးဝင်တယ်၊ နှာခေါင်းထဲက ထွက်တော့ တိုးထွက်တယ်၊ ဒီတော့ ယောဂီတို့က လေဝင်တဲ့ ထွက်တဲ့ နေရာမှာ သတိကပ်ထားတော့ ဝင်တိုင်းထွက်တိုင်း "တိုးဝင် တိုးထွက်" တာကို မသိနိုင်ဘူးလား။

"သိနိုင်ပါတယ် ဘုရား"

ယောဂီတို့ သတိထားရမှာက တိုးဝင်တိုးထွက်တဲ့ နေရာမှာ သတိကပ်ထားရမှာပါ၊ အဲဒီလို သတိကပ်ထားတော့ တိုးတဲ့အခိုက်"ရုပ်"လို့ ရှုလိုက်ပါ၊ အသက်ရှူတာကို သတိထားရမှာလား, တိုးသဘောကို သတိထားရမှာလား။

"တိုးသဘောကို သတိထားရမှာပါ"

လေဆိုတဲ့ ဝါယောရုပ်ဟာ ဝင်တော့လဲ တိုးဝင်လို့တိုးတဲ့အခိုက်"ရုပ်"လို့ သိပါတယ်၊ ထွက်တော့လဲ တိုးထွက်လို့ တိုးတဲ့အခိုက် "ရုပ်"လို့ သိပါတယ်၊ အဝင်အထွက်ကို သတိထားခိုင်းတာလား, "တိုးသဘော"ကို သတိထားခိုင်းတာလား။

"တိုးသဘောကို သတိထားခိုင်းတာပါဘုရား"

အဝင်အထွက်ကို သတိထားလို့ရှိယင် အထွက်တချက်, အဝင်တချက် နှစ်ချက် သတိထားရပါတယ်၊ တိုးသဘောကို သတိထားလို့ရှိယင် အထွက်တိုးလဲ အတိုးပဲ၊ အဝင်တိုးလဲ အတိုးပဲမို့ တချက်ပဲ သတိထားရပါမယ်။

ထွက်လေ ဝင်လေကို သတိထားပြီး ရှုပွားလို့ရှိယင် အာနာပါန ကမ္မဋ္ဌာန်းဖြစ်ပါတယ်၊ သမထ ကမ္မဋ္ဌာန်း ပေါ့၊ ယခု တိုးသဘောကို သတိထားပြီး ရှုပွားလို့ရှိယင် ဝိပဿနာကမ္မဋ္ဌာန်း ဖြစ်ပါတယ်၊တိုးသဘော ရုပ်သက်သက်ရှုယင် ကာယာနုပဿနာ သတိပဋ္ဌာန်ပေါ့၊ ရုပ် နာမ်ရောရှုယင် ဓမ္မာနုပဿနာသတိပဋ္ဌာန် ပေါ့။

ယခု ယောဂီတို့ကို အာနာပါနဆိုတဲ့ ထွက်လေဝင်လေကို ရှုခိုင်းတာလား, တိုးသဘောကို ရှုခိုင်းတာလား။

"တိုးသဘောကို ရှုခိုင်းတာပါဘုရား"

ယောဂီတို့ဟာ တသက်လုံး အသက်ရှူခဲ့ပါတယ်၊ တိုးသဘောကို သိလားဆိုတော့ မသိပါဘူး၊ ဘာဖြစ်လို့ မသိလဲဆိုတော့ သတိမထားလို့ မသိတာပါ၊ ယခု တရားအားထုတ်တယ်ဆိုတာဟာ ခက်ခက်ကြီး မဟုတ်ပါဘူး၊ တိုးသဘောကို သတိကပ်ထားတာကို ခေါ်ပါတယ်။

လေဟာ ဝင်တော့ တိုးဝင်တယ်၊ ထွက်တော့လဲ တိုးထွက်တယ်၊ အဲဒီ တိုးဝင်တိုးထွက်တဲ့ နေရာကလေးမှာ သတိထားရှုပွားတော့ ဟိုက ဝင်တဲ့ထွက်တဲ့အခိုက် တိုးလို့ရှိယင် "ရုပ်" လို့ မသိလိုက်ဘူးလား။

"သိလိုက်ပါတယ်ဘုရား"

တခါတိုး တခါသိ၊ တိုးတာနဲ့ ရုပ်လို့သိတာနဲ့ တည့်နေအောင် ရှုကြည့်ရပါမယ်၊ မတိုးခင်လဲ မရှုကြည့်ရပါဘူး၊ တိုးပြီးမှလဲ မရှုကြည့်ရပါဘူး၊ တိုးဆဲမှာ "ရုပ်" လို့ သိအောင် ရှုကြည့်ရမယ်နော်။

"မှန်ပါဘုရား"

**စည်းကမ်း ၆-ချက်** ဘုန်းကြီးတို့ ပရိတ်သတ်ကို ရှုပွားအားထုတ်တဲ့အခါမှာ အထူးလိုအပ်တဲ့ စည်းကမ်း ၆-ချက်တော့ ပြောပြချင်ပါတယ်၊ ရှုပွားတဲ့အခါမှာ ဒီ စည်းကမ်း ၆ ချက်ဟာ အထူးလိုအပ်ပါတယ်၊ ယောဂီတို့ဟာ ရှုပွားတဲ့အခါမှာ....

၁။ အရှုခံအာရုံနှင့် ရှုပွားတဲ့ စိတ် ၂ မျိုးကို သိထားရပါမယ်၊

၂။ အရှုခံအာရုံနှင့် ရှုပွားတဲ့စိတ် တည့်နေအောင် ရှုပွားရပါမယ်၊

၃။ အရှုခံအာရုံမှတပါး တခြားအာရုံသို့ ရှုပွားစိတ်ထွက်မသွားအောင် ရှုပွားရပါမယ်၊

၄။ ရှုပွားနေတဲ့အခါမှာ အရှုခံအာရုံမှတပါး တခြားဘာမှ မစဉ်းစားပါနဲ့၊ ဘာအာရုံမှ အဝင်မခံပါနဲ့၊

၅။ အရှုခံ ကမ္မဋ္ဌာန်းအာရုံတည်းဟူသော ချည်တိုင်မှာ နွားရိုင်းနဲ့တူတဲ့ စိတ်ရိုင်းကို ကြိုးနဲ့တူတဲ့ သတိတရားနဲ့ တင်းတင်းကြပ်ကြပ်ချည်ထားပြီး ဆုံးမသောအားဖြင့် ရှုပွားရပါမယ်၊

၆။ မျက်စိ နား လျှာ ကိုယ်ဆိုတဲ့ အပေါက် ၅ ပေါက်ကို ပိတ်ထားပြီးတော့ မနောဆိုတဲ့ စိတ်ပေါက်က နေပြီး ဖွတ်နဲ့တူတဲ့ တိုးသဘော အရှခံအာရုံကို ချောင်းဖမ်းရမယ်၊ စောင့်ဖမ်းရမယ်၊

ချောင်းဖမ်းရမယ်၊ စောင့်ဖမ်းရမယ်ဆိုတာ တိုးတဲ့နေရာ သတိကပ်ထားတော့ သတိအစောင့်ချထားတော့ လာတိုးတိုင်း တိုးတိုင်း "ရုပ်ရုပ်"လို့ သိပါလိမ့်မယ်၊ အဲဒီလို အသိကပ် သတိကပ်ထားတာကိုပဲ ချောင်းဖမ်း, စောင့်ဖမ်းလို့ ခေါ်ပါတယ်။

အကြမ်းအရမ်း အသက်ရှူစရာ မလိုပါဘူး၊ မူလရှူနေကျ အတိုင်း ရှူနေလို့ တိုးတဲ့ တိုးသဘောကို သတိအစောင့်ထားပြီး ရှုပွားရပါမယ်။

အမြဲတိုးနေတဲ့ အဲဒီတိုးသဘောကို တိုးတိုင်းတိုးတိုင်း "ရုပ်-ရုပ်"လို့ အသိကပ် သတိကပ်ပြီး ရှုပွားတဲ့အခါ ဝင်မှုထွက်မှု အပေါ် အာရုံအဖြစ်မထားတော့ပါဘူး၊ တိုးမှုအပေါ်မှာသာ အာရုံရှုကွက်အဖြစ် ထင်လာပါမယ်။

အဲဒီလို ထင်ရှားလာတဲ့ တိုးသဘောကိုပဲ တခါတိုး တခါ သိ၊ တတိုး တသိ၊ သိအောင် မလွတ်တမ်းဆက်ပြီးတော့ ရှုပွား နေလို့ရှိယင် အဲဒီတိုးမှုဟာ နှာခေါင်းမျှတွင် မဟုတ်တော့ပဲ ကိုယ်ဘကိုယ်လုံး ပျံ့နှံ့ပြီး တိုးနေပုံတွေကို သိလာပါလိမ့်မယ်။

အဲဒီလို သိလာလဲ အဲဒီ တိုးသဘောကိုပဲ ဆက်ပြီးတော့ ရှုပွား နေပါ၊ အဲဒီလိုဆက်ပြီးတော့ ရှုပွားနေခဲ့သော် ကိုယ်တကိုယ်လုံး မှာ တိုးမှုတွေသာရှိနေတော့မယ်၊ ကိုယ်ခန္ဓာကြီးရယ်လို့, ငါရယ် လို့, ယောကျ်ားရယ်လို့, မိန်းမရယ်လို့, သတ္တဝါရယ်လို့ ထင်မှတ်

စရာ မတွေ့ရတော့ပဲ တိုးမှုကိစ္စတွေ စုပြုံနေပုံကိုသာ တွေ့ရပါလိမ့်မယ်။

အဲဒီလိုတွေ့ရလဲ အဲဒီ တိုးသဘောကိုပဲ ဆက်ပြီးတော့ ရှုပွားပါ၊ မလွှတ်ပါနဲ့၊ တခြားလဲ မစဉ်းစားပါနဲ့၊ အဲဒီလို ဆက်ရှုတော့ တိုးမှုတွေက ရှေ့ကသွား၊ သိမှု ရှုပွားမှုက နောက်ကလိုက်နေတာကို သိလာပါမယ်။

အဲဒီလို သိလာလဲ ဆက်ရှုပါ၊ တခြားဘာမှ မစဉ်းစားမတွေးတောပါနဲ့၊ အဲဒီလို ဆက်ရှုပွားတော့ **"အာရုံရှုစိတ် အပြိုင်ချိတ်"** အရတိုးမှုတွေနဲ့ သိမှု,ရှုမှုတွေဟာ ရင်ဆိုင်ကြုံလာသလို ပြိုင်တူသဖွယ်အချီအချညီညီ တွေ့သိရပါလိမ့်မယ်။

အဲဒီအချိန်မှာ ဆင်းရဲဒုက္ခတွေလဲ မသိရ မတွေ့ရတော့ဘူး၊ တိုးတာရယ်၊ သိတာရယ်ပဲ ချမ်းချမ်းသာသာနဲ့ ရှုပွားနိုင်လာပါမယ်၊ အဲဒီလို ရှုပွားနိုင်ယင် ကြိုးစားပြီး ဆက်လက်ရှုပွားတဲ့အခါ ဒီခန္ဓာကိုယ်ပေါ်မှာ တိုးမှုကတဘက်၊ သိမှုကတဘက်ရယ်လို့ နှစ်ဘက်သာရှိနေပုံကို သိလာလိမ့်မယ်။

**ပညတ်-ပရမတ်** အဲဒီလို သိလာလဲပဲ ဆက်ပြီးတော့ ရှုပွားနေပါ၊ ရှုပွားနေတော့ အဲဒီ တိုးသဘောကလေးဟာ ထင်ရှားရှိပါတယ်၊ အဲဒီလို ထင်ရှားရှိ အဟုတ်ရှိတာကို ပရမတ်လို့ ခေါ်ပါတယ်၊ ပရမတ်ကိုသိနေယင် ပညတ်ကွာနေပါတယ်။

အဟုတ်ရှိ အမှန်ရှိတဲ့ ထင်ရှားရှိတဲ့ တိုးသဘောကိုသိနေယင် ပရမတ်ကို သိနေပါတယ်၊ ပညတ်ကိုသိနေတာ မဟုတ်ပါဘူး။

အဲဒီလို အမှန်ရှိ အဟုတ်ရှိ ထင်ရှားရှိတဲ့ တိုးသဘော ရုပ်ပရမတ်ကို သိနေလို့ရှိယင် နှာခေါင်း, ခေါင်း, ကိုယ်, ခြေလက်, ပုဂ္ဂိုလ်,သတ္တဝါပညတ်ကို သိသေးလား။

"မသိတော့ပါဘုရား"

မသိတော့ပါဘူး၊ဒါဖြင့် တိုးသဘော ရုပ်ပရမတ်ကို သိနေလို့ရှိယင် နှာခေါင်း,ကိုယ်,ခြေလက်,ပုဂ္ဂိုလ်,သတ္တဝါဆိုတဲ့ ပညတ်အမြင် ကွာမနေဘူးလား။

"ကွာနေပါတယ်ဘုရား"

ကွာနေပါတယ်၊ ပညတ်ကို သက်သက် ခွာစရာ မလိုပါဘူး၊ ပရမတ်ရောက်ယင် ပညတ်ပျောက်နေပါပြီ၊ ပညတ်ကွာနေပါပြီ၊ မိန်းမ မရှိ၊ ယောကျ်ား မရှိ ဆိုပြီးတော့ ဒီလို မရှိပယ် မပယ်ရပါဘူး။

**ဝိဇ္ဇာဖြစ်နေပြီ** ယခုတိုးနေတဲ့ တိုးသဘောကလေးဟာ ထင်ရှားရှိပါတယ်၊ တကယ်ထင်ရှားရှိတဲ့ တိုးသဘောကို သေသေချာချာ သတိထားပြီး ရှုပွားယင် ပရမတ်ရောက်နေပြီ၊ ပညတ်ကွာနေပြီ၊ ပရမတ်သိနေပြီ၊ အဲဒီလို ပရမတ်ကိုသိနေယင် တိုးသဘောကို သိနေယင် အမှန်သိဖြစ်နေပါပြီ။

အမှန်သိတာကို ဝိဇ္ဇာခေါ်ပါတယ်၊ လူတွေက ဝိဇ္ဇာဆိုတာ အကောင်ကြီး ထင်နေတယ်၊ ဝိဇ္ဇာဆိုတာ အကောင်မဟုတ်ပါဘူး၊ အသိဉာဏ်ကို ခေါ်ပါတယ်၊ အမှန်သိကို ခေါ်ပါတယ်။

**ကုသိုလ်ရသည်** ဘုန်းကြီးတို့ ပရိသတ် တိုးသဘော အမှန်ရှိ တကယ်ရှိ အဟုတ်ရှိကို သိနေတော့ ဝိဇ္ဇာဖြစ်နေပြီ၊ အဝိဇ္ဇာကွာနေပြီ၊ အဝိဇ္ဇာဆိုတာက အကုသိုလ်ပါ၊ ဝိဇ္ဇာ

ဆိုတာက ကုသိုလ်ပါ၊ ဒီတော့ တိုးသဘောအမှန်ကို တခါတိုး တခါသိ၊ တတိုးတသိ၊ သိနေယင် ဝိဇ္ဇာဉာဏ်ကုသိုလ်တချက်ဖြစ်၊ ကုသိုလ်တချက် ရသွားပါတယ်။

ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ်တွေထက် မြတ်တဲ့ ဝိပဿနာဉာဏ်ဝိဇ္ဇာကုသိုလ်ဖြစ်နေပါတယ်၊ တခါတိုး တခါသိ၊ တတိုးတသိ၊ သိအောင် ရှုပွားရတာ အကျိုးထူးပါတယ်။

**သမ္မာဒိဋ္ဌိ**

အကျိုးထူးပါတယ်၊ အဲဒီ တိုးသဘောအမှန်ကို သိနေတော့ ပညတ်ကွာပြီ၊ ပရမတ်ရောက်နေပြီ၊ အမှားသိတွေကွာနေပြီ၊ အမှန်သိတွေ ဖြစ်နေပြီ၊ ဒီတော့ မိမိတို့ မှာ အမြင်မှန်နေပြီ၊ အမြင်မှန်ကို သမ္မာဒိဋ္ဌိ ခေါ်ပါတယ်။

အမြင်မှန် သမ္မာဒိဋ္ဌိဖြစ်နေယင် အမြင်မှား အမှားသိ မိစ္ဆာဒိဋ္ဌိကွာနေပါတယ်။

**အနတ္တ**

ကွာနေပါတယ်၊ အဲဒါကြောင့် တိုးသဘောကို ရှုကြည့်နေပါ၊ ရှုကြည့်နေလို့ရှိယင် အဲဒီ တိုးသဘောကလေးကို ကြည့်ရှုနေတော့ မိမိအလိုလိုက် အကြိုက်ဆောင်တာ တွေ့လား။

"မတွေ့ပါဘုရား"

"ဟဲ့....တိုးသဘောကလေး, တချက်တည်းတိုးနေ၊ နောက်ထပ် မတိုးနဲ့"လို့ အမိန့်ပေး စီမံလို့ ရလား။

"မရပါဘုရား"

ဒါဖြင့်"ဟဲ့....တိုးသဘောကလေး မတိုးပဲနဲ့ နေပါ"လို့အမိန့်ပေးစမ်းပါ၊ စီမံစမ်းပါ၊ ပြောဆိုလို့ အမိန့်ပေးလို့ စီမံလို့ ရပါ့မလား။

"မရပါဘုရား"

အဲဒီလို မရယင် အဲဒီတိုးသဘောကလေးဟာ မိမိအလိုလိုက် မိမိအကြိုက်ဆောင်လား။

"မဆောင်ပါဘုရား"

အဲဒီ တိုးသဘောကလေးကို အနှစ်သာရ ရှာကြည့်စမ်းပါ၊ အနှစ်သာရ ရှိရဲ့လား။

"မရှိပါဘုရား"

ဒါဖြင့် အဲဒီ တိုးသဘောကလေးဟာ ပုဂ္ဂိုလ်လေးလား, သတ္တဝါလေးလား, ယောက်ျားလား, မိန်းမလား။

"ပုဂ္ဂိုလ်, သတ္တဝါ, ယောက်ျား, မိန်းမ မဟုတ်ပါဘုရား"

ကဲ....ဒါဖြင့် မိမိအလိုလဲ မလိုက်၊ မိမိအကြိုက်လဲ မဆောင်၊ မိမိစိမံသလိုလဲ မဖြစ်၊ အနှစ်သာရလဲ မရှိ၊ ပုဂ္ဂိုလ် သတ္တဝါ ယောက်ျား မိန်းမလဲ မဟုတ်တဲ့ အဲဒီတိုးသဘောကို အတ္တလို့ ခေါ်မလား, အနတ္တလို့ ခေါ်မလား။

"အနတ္တလို့ ခေါ်ပါမယ်ဘုရား"

ဒါဖြင့် တိုးသဘောကို တိုးမှုတချက်၊ ရုပ်လို့ ရှုမှုတချက် ရှုသိနေယင် အတ္တသိနေလား, အနတ္တသိနေလား။

"အနတ္တသိနေပါတယ်ဘုရား"

တိုးသဘောကို ရှုသိနေယင် အနတ္တသိနေတယ်လို့ဆိုတော့ အနတ္တရှုသိနေယင် အတ္တပျောက်မနေဘူးလား။

"အတ္တပျောက်နေပါတယ်ဘုရား"

အဲဒီ တိုးသဘော အနတ္တကို တွေ့ရတာက မကြည့်မရှုပဲ အတိုင်းတိုင်းနေလို့ တွေ့ရတာလား, ကြည့်လို့ ရှုလို့ တွေ့ရတာ လား။

"ကြည့်လို့ရှုလို့ တွေ့ရပါတယ်ဘုရား"

ကြည့်လို့ရှုလို့ တွေ့တယ်ဆိုတော့ ကြည့်ကာမျှ ကြည့်ကာမတ္တနဲ့ အနတ္တတွေ့တဲ့ဟာလားဆိုတော့ ဒီလိုမဟုတ်ပါဘူး၊ တိုးသဘောကို "ရှပ်-ရှပ်" လို့မှန်မှန်ရှုပွားနေယင်းနဲ့ ဉာဏ်ရင့်ကျက်မှ "ဩော်-ဒီတိုးသဘောကလေးဟာ ငါ့အလိုလဲ မလိုက်၊ ငါ့အကြိုက်လဲ မဆောင်တဲ့ အနတ္တတရားပါလား" လို့ ဉာဏ်မှာပေါ်မှ အနတ္တအမြင်မှန်ပါတယ်နော်။

"မှန်ပါဘုရား...."

အနတ္တ အမြင်မှန်လို့ အနတ္တ တွေ့ယင် အတ္တ ကွာပါတယ်၊ အနတ္တကို သီးခြားကွာအောင် ခွာစရာမလိုပါဘူး။

အနတ္တဉာဏ်ရောက်ယင် အတ္တပျောက်တယ်၊ အတ္တကွာတယ်၊ အတ္တဝင်လာယင်လဲ အနတ္တဉာဏ်ပျောက်တယ်၊ ယခု ပရမတ်ဉာဏ်ရောက်တော့ ပညတ် ပျောက်သွားသလိုပဲ၊ ပညတ်ရောက်တော့လဲ ပရမတ် ပျောက်သွားပါတယ်။

အနတ္တဉာဏ် အမြဲရောက်နေပါစေ၊ ပရမတ်ဉာဏ်လဲ အမြဲရောက်နေပါစေ၊ ဒါမှ ရုပ်နာမ်ဖြစ်ပျက် မြင်မှာ။

ရုပ်-နာမ် အဲဒီ အနတ္တဖြစ်တဲ့ တိုးသဘောကလေးဟာ ရုပ်တရားပါ၊ ဘာ ရုပ်လဲဆိုတော့ ဝါယော ရုပ်ပါ၊ အဲဒီ တိုးသဘော ရုပ်ပရမတ်ကို တခါတိုး တခါသိ၊ တတိုး တသိ၊ ရှပ်ရှပ်လို့ ရှုသိနေတာက နာမ်တရား။

ဒီတော့ ယခု တရားအားထုတ်နေတဲ့အခါ အရှုခံ အသိခံက ရုပ်တရား၊ ရှုနေ သိနေတာက နာမ်တရား၊ အ ရှု ခံ ထဲ မှာ လဲ

ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား, မိန်းမ-မပါပါဘူး၊ ရှုသိတဲ့ အထဲမှာလဲ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊မိန်းမ မပါပါဘူး။

တိုးသဘောရုပ်တရားကို နာမ်တရားက ရှုတယ်ပေါ့၊ သင်္ခါရ ရုပ်ကို သင်္ခါရနာမ်က ရှုတယ်ပေါ့။

**သင်္ခါရ** အဲဒီ ရုပ် နာမ် နှစ် ပါး ကို ဘာလို့ ခေါ်လဲဆိုတော့ "သင်္ခါရ"လို့ ခေါ်ပါတယ်၊ သင်္ခါရတရား အမြဲမရှိဘူးလို့ ဘုန်းကြီးတို့ပရိသတ် ကြားဖူးတဲ့စကား ရှိပါတယ်၊ သေသေချာချာ ဉာဏ်နဲ့ ရှု ကြည့် တော့ အ ရှုခံ ရုပ်သင်္ခါရ တိုးသဘောဟာ တခါတိုးပြီး မရှိတော့ပါ၊ အဲဒီ တိုးသဘောကို ရှုသိနေတဲ့ အသိနာမ်သင်္ခါရလဲ တခါသိပြီး မရှိတော့ပါ။

ဒါဖြင့် အရှုခံ တိုးသဘော ရုပ်သင်္ခါရကလဲ တခါတိုးပြီး ပျောက်သွားတယ်၊ ပျက်သွားတယ်၊ သိတဲ့ ရှုတဲ့ အ သိ နာမ် တရား နာမ်သင်္ခါရကလဲ တခါသိပြီးပျောက်သွားတယ်၊ ပျက်သွားတယ်။

ရှေ့အတိုးနဲ့ ရှေ့အသိနဲ့ တစုံပေါ့၊ နောက်အတိုးနဲ့ နောက်အသိနဲ့က တစုံပေါ့၊ အတိုးတခု အသိတခု၊ တတိုး တသိ၊ တည့်အောင်ရှုပါ၊ တတိုးမှာ နှစ်သိ သုံးသိ မသိရပါဘူး၊ တတိုး တသိ အစုံစုံတွဲနေအောင် ရှုပါ။

**အနိစ္စ** တိုးသဘော ရုပ်သင်္ခါရရော သိတဲ့ရှုတဲ့ နာမ်သင်္ခါရရော ပျောက်သွားတယ်၊ ပျက်သွားတယ်၊ အဲဒီလို ပျောက်သွားတာ ပျက်သွားတာဟာ မြဲလို့လား မမြဲလို့လား။

"မမြဲလို့ပါဘုရား"

အဲဒီ မမြဲတာကို အနိစ္စခေါ်မလား၊ နိစ္စခေါ်မလား။

"အနိစ္စခေါ်ပါတယ်ဘုရား။

အဲဒီ တိုးသဘောကလေးကို ရှုပွားနေတော့ တခါတိုး တခါ သိ၊ တတိုးတသိ၊ တည့်အောင်ရှုနေပါ၊ တိုးသဘောလဲပျောက် အသိတရားလဲ ပျောက်တာကို တွေ့ရပါလိမ့်မယ်။

အဲဒီလို ပျောက်ပျက်တာကို တွေ့သိနေတဲ့အခါ အရှုခံရော ရှုဉာဏ်ရော, တိုးသဘောရော, အသိတရားရော ပျောက်ပျက်တဲ့ သဘောမျှ ဖြစ်တယ်လို့ ဉာဏ်ဝင်လာယင် "အနိစ္စာနုပဿနာ ဉာဏ်" ဖြစ်ပါတယ်။

အင်း....အဲဒီလို ရှုယင်းပွားယင်းနဲ့ ဉာဏ်ဝင်လာမှ ဉာဏ်မှန် ပါတယ်၊ ကိုယ်က ကြားဖူးနားဝနဲ့ အနိစ္စပါလားလို့ သိတဲ့ အသိဉာဏ်ဟာ ဉာဏ်မှန်မဟုတ်ပါဘူး။

ဒုက္ခ ကဲ....အဲဒီ တိုးသဘော ရုပ်သခ်ါရကို သတိထားပြီး အသိ တရားနဲ့ ရှုပွားနေတဲ့အခါ တိုတိုင်း-တိုးတိုင်း "ရုပ်ရုပ်" လို့ မိမိကရှုတော့ သိတယ်၊ ရုပ်ရုပ်လို့ ရှု သိ လဲ ပြီး ရော တိုး သဘောရော အသိရော ပျောက်သွားတယ်၊ ပျက်သွားတယ်၊ ဒီတော့ တိုး သ ဘော ဖြစ် တာ လဲ သိ တယ်၊ တိုး သ ဘော ပျောက်သွားတာလဲ သိတယ်။

ဆက်ပြီးတော့ ရှုပွားနေပါ၊ အဲဒီလို ဆက်ပြီး ရှုပွားနေ တော့ တိုးသဘောရဲ့ အဖြစ်-အပျက်ကို မြင်နေတော့ ဉာဏ်မှာ ဘယ်လို ပေါ်လာနိုင်လဲဆိုတော့ "ဩော်.... ဒီ တိုးသဘော ကလေးမှာ ဖြစ်ခြင်း-ပျက်ခြင်းဘေး နှိပ်စက် ခံနေရပါလား" လို့ ပေါ်လာပါလိမ့်မယ်။

အဲဒီလို ဉာဏ်မှာ ပေါ်လာပြီး ဖြစ်ခြင်း-ပျက်ခြင်းဘေးက နှိပ်စက်ခံနေရတဲ့ တိုးသဘောကို ရှုပွားနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အဲဒီ တိုးသဘောကို သုခလို့မြင်မလား၊ ဒုက္ခလို့ မြင်မလား။

"ဒုက္ခလို့ မြင်ပါမယ်ဘုရား...."

အင်း....ဒုက္ခလို့ မြင်တယ်ဆိုတာ အဲဒီလို အဖြစ်အပျက်ဘေး ကြီး နှိပ်စက်ခံနေရတဲ့ တကယ့် ဆင်းရဲတရားကြီး ပါလား လို့ မြင်မှ သိမှ ဒုက္ခမြင်တဲ့ဉာဏ်မှန်ပါ၊ အထိုင်ကြာလို့ နာကျင်တဲ့ ဒုက္ခ၊ ခလုတ်တိုက်လို့၊ ဆူးစူးလို့ နာကျင်တဲ့ ဒုက္ခမျိုးကတော့ တရားအားမထုတ်သူတွေလဲ သိပါတယ်၊ ကလေးလေးတွေလဲ သိပါတယ်၊ တရားမရပါဘူး။

**အကျိုးကြီးပါတယ်**

ဘုန်းကြီးတို့ ပရိသတ် ဟာ ယခုလို တိုး သဘောရုပ်ကို တိုးလိုက်-ပျောက်လိုက်-ပျက်သွားလိုက်၊ အဲဒီသဘောကို ရှုပွားသိနေရတာ အကျိုးကြီး ပါတယ်၊ တိုးသဘောရုပ်တရား၊ သူ့မှာ ဖြစ်ခြင်း ပျက်ခြင်း ဘေးနှိပ်စက်ခံနေရလို့ ဒုက္ခ၊ သူ့မှာ အမှန်ရှိတာ ဒုက္ခပဲ ရှိပါ တယ်၊ တိုးသဘောဟာ ဆင်းရဲတာအမှန်၊ ဒါကြောင့် တိုး သဘောရုပ်ကို ရှုပွားနေရတာ ဒုက္ခသစ္စာ, ဆင်းရဲအမှန်ကို မြင် သိနေရတာပါပဲ။

အဲဒီ တိုးသဘောရုပ်ကို "ရုပ်ရုပ်" လို့ ရှုနေတာ, သိနေတာ က ဘာသစ္စာလဲဆိုတော့ မဂ္ဂသစ္စာပါ၊ ဒီတော့ တိုးသဘော ရုပ်က ဒုက္ခသစ္စာ၊ ရှုသိနေတာက မဂ္ဂသစ္စာရယ်လို့ သစ္စာနှစ် ပါး မရဘူးလား။

"ရပါတယ်ဘုရား...."

အကျိုး အလွန်ကြီးပါတယ်။

**ဒုက္ခသိရန်** ကြိုးစားပါယောဂီတို့၊ ကဲ....မေးပါဦး၊ ဘုန်းကြီးတို့ပရိသတ် ယခုလို တရားအားထုတ်နေတာ ဘာကို သိချင်မြင်ချင်လို့ ဘာကိုသိအောင်မြင်အောင် အားထုတ်တာလဲလို့ မေးယင် ဘယ်လိုဖြေမလဲ။

"အမိန့်ရှိပါဘုရား...."

အင်း....ဘုန်းကြီးတို့ ပရိသတ်လဲ ဘုရားရှင်လက်ထက်တော်က ရဟန်းတော်တွေလိုပဲပါလား၊ အမိန့်ရှိပါတဲ့၊ ဘုရားရှင်လက်ထက်က ရဟန်းတော်တွေကို ဘုရားရှင်က မေးတယ်....

> "ရဟန်းတော်များ အို ချစ်သားတို့ သာသနာတော်မှ တပါးသော အယူရှိတဲ့ ပရိဗိုဇ်တွေက "ငါ့ရှင်တို့ သင်တို့ဟာ ဘယ်အကျိုးငှာ ရဟန်းဂေါတမထံမှာ မြတ်သောအကျင့်ကို ကျင့်ကြံ အားထုတ်နေကြပါသလဲ" လို့ မေးယင် သင်တို့ ဘယ်လိုဖြေကြမလဲ"

လို့ မေးပါတယ်၊ အဲဒီလို မေးတော့ ရဟန်းတော်တွေက ခုနက ဘုန်းကြီးတို့ပရိသတ် လျှောက်ထားသလိုပါပဲ၊ အမိန့်ရှိပါဘုရားတဲ့၊ ဒီလိုပဲ လျှောက်တယ်။

ဒါပေမယ့် ရဟန်းတော်တွေ အမိန့်ရှိပါဘုရားရဲ့အဆုံးမှာ ဘာထူးခြားချက်ပါလဲဆိုတော့ "ဘုရားရှင် ဟောပြလို့ သိရယင် တပည့်တော်တို့ ဆောင်ထားပါမယ်ဘုရား" တဲ့၊ အဲဒါလေး ပါတယ်၊ ဘုန်းကြီးတို့ပရိသတ်ကတော့ "အမိန့်ရှိပါဘုရား" တဲ့၊ တိုးတိတိနဲ့ ပြီးရော။

ဟောရတာ တယ်ပြီး အားမရှိပါဘူး၊ ကဲ....ထားပါတော့၊ ရဟန်းတော်တွေက အဲဒီလို လျှောက်ထားတော့ ဘုရားရှင်က ရဟန်းတော်တွေကို ဒီလို မိန့်ပါတယ်။

"ရဟန်းတော်များ.... အို ချစ်သားတို့၊ သင်တို့ကို သာသနာပ အယူရှိတဲ့ ပရိဗိုဇ်တွေက 'ငါ့ရှင်တို့ သင်တို့ဟာ ဘယ်အကျိုးငှာ ရဟန်းဂေါတမထံမှာ မြတ်သောအကျင့်ကို ကျင့်သုံးနေကြတာလဲ'လို့ မေးယင်...."

"ငါ့ရှင်တို့....ငါတို့ဟာ ဘုရားရှင်ထံတော်မှာ မြတ်သောအကျင့်ကို ကျင့်သုံးနေတာဟာ ဒုက္ခကို ပိုင်းခြားသိချင်လို့ ကျင့်သုံးနေကြတယ်"

လို့ ဖြေပါတဲ့၊ အဲဒီလို ဘုရားရှင်က ရဟန်းတော်တွေကို သင်ပေးပါတယ်၊ ဒါဖြင့် ဘုန်းကြီးတို့ပရိသတ် တရားအားထုတ်တာဟာ ဒုက္ခရှာတာလို့ဆိုယင် မှားမလား။

"မမှားပါဘုရား"

မမှားပါဘူး၊ မှန်ပါတယ်၊ တရားအားထုတ်တာဟာ ဒုက္ခရှာတာပါပဲ၊ ဒုက္ခရှာတယ်ဆိုတော့ ဘယ့်နှယ်လဲ၊ ဒီပရိသတ်တွေ တယ်မိုက်ပါလား၊ ဒုက္ခမရှိ ဒုက္ခရှာတယ်လို့ တချို့မသိတဲ့လူတွေက ပြောချင် ပြောလိမ့်မယ်။

မသိတဲ့လူက မသိပြော ပြောတာ ဘာမှ ကြောက်စရာမလိုပါဘူး၊ နာစရာလဲ မလိုပါဘူး၊ ကြောက်စရာကောင်းတာ, နာစရာကောင်းတာက သိတဲ့လူက ပြောမှ ကြောက်စရာ နာစရာကောင်းပါတယ်။

အမှန်က မိမိတို့ ခန္ဓာကိုယ်ကြီးက ဒုက္ခတုံး ဒုက္ခခဲကြီးပါပဲ၊ ဒါပေမယ့် ဒုက္ခလို့မသိဘူး၊ နာကျင်လို့ ကိုက်ခဲလို့ နာကျင်ခိုက် ကိုက်ခဲခိုက်မှာသာ ဒုက္ခထင်ပါတယ်၊ ရုပ်နာမ်တရားတွေရဲ့ ဖြစ်ပျက်ဒုက္ခ မထင်ပါဘူး။

တကယ်ထင်ရမှာ သိရမှာက ရုပ်နာမ်တရားတွေရဲ့ ဖြစ်ပျက် ဒုက္ခထင်ရမှာ သိရမှာ၊ ယောဂီတို့ ယခုသိအောင် အားထုတ် နေတာ နာကျင်ကိုက်ခဲတဲ့ ဒုက္ခကိုသိအောင် အားထုတ်နေတာ လား၊ ဖြစ်ပျက်ဒုက္ခကို မြင်အောင် သိအောင် အားထုတ် နေတာလားမေးယင် ဖြစ်ပျက်ဒုက္ခကို မြင်အောင် သိအောင် အားထုတ်တာလို့ ဖြေပါ။

**သမုဒယက္ခာ** အဲဒါမှ အဖြေမှန်ပါ၊ ယခုယောဂီတို့ တရား ရဖို့ရာ ရုပ်နာမ်ဖြစ်ပျက်ကို ဉာဏ်နဲ့မြင်မှ သိမှ တရားရမှာပါ၊ ယောဂီတို့ တိုးသဘောကို တိုးခိုက် "ရုပ်" လို့ ရှုတယ်၊ ရှုလဲပြီးရော တိုးသဘောရုပ်ရော, ရုပ်လို့ရှုတဲ့ အသိ ဉာဏ်ရော မရှိတော့ဘူး၊ ပျောက်သွားပြီ၊ ပျက်သွားပြီ။

ပျောက်ပျက်သွားပြီး တော်တော်ကြာ တိုးပြန်ရော၊ သိပြန် ရော၊ အတိုးရော အသိရော ချုပ်ပျောက်သွားပြန်တယ်၊ တိုးမှု ရော သိမှုပါ ဖြစ်ပျက်နေပါတယ်။ အဲဒီလို တိုးသဘောရုပ်နဲ့ တိုးသိနာမ်တို့ရဲ့ ဖြစ်ပျက်သဘောကို ရှုကြည့်နေတော့....

"ဒီ တိုးသဘောရုပ်နှင့် တိုးသိနာမ်တို့မှာ ဖြစ်ခြင်း ပျက်ခြင်းဘေး နှိပ်စက်နေပါလား၊ ဖြစ်ခြင်းပျက်ခြင်း ဘေး နှိပ်စက်ခံနေရတဲ့ ဒုက္ခအမှန်ပါလား"

လို့ အဲဒီလို သိလာပါလိမ့်မယ်၊ အဲဒီလို သိတာက မဂ္ဂ သစ္စာအလုပ်ကို ပွားများလို့ သိတာပါ၊ မဂ္ဂသစ္စာဆိုတာ ပွား ရတဲ့အလုပ်ပါ၊ ပွားလို့ရှုကြည့်လို့ သိတာပါ၊ အလိုလိုနေလို့ အတိုင်းတိုင်းထားလို့ သိတာမဟုတ်ပါ၊ ရှုကြည့်ပွားများလို့ သိတာပါ။

အဲဒီလို အဖြစ်အပျက်ကို မြင်-သိနေတော့ ဖြစ်ခြင်းပျက်ခြင်းဘေး နှိပ်စက်ခံနေရတဲ့ အဲဒီ ရုပ်-နာမ်တွေကို လိုချင်မက်မောမှု ရှိသေးလားဆိုတော့ မရှိတော့ပါဘူး။

ရုပ်နာမ်တွေကို မလိုချင် မမက်မောတော့ အဲဒီရုပ်နာမ်တွေ ဖြစ်အောင် နောက်ထပ် လုပ်ဦးမလားဆိုတော့ ဘယ်လုပ်တော့မလဲ။

ရုပ်နာမ်တွေ မလိုချင်တော့ဘူးဆိုတော့ သမုဒယ, လောဘ ကွာသွားပါတယ်၊ ဘာဖြစ်လို့ သမုဒယ၊ လောဘကွာလဲဆိုတော့ ဒုက္ခကိုမြင်လို့ သိလို့ ကွာပါတယ်၊ ဘာဖြစ်လို့ ဒုက္ခကို မြင်လဲသိလဲဆိုတော့ ရှုပွားအားထုတ်လို့ မြင်သိပါတယ်၊ အ လို လို သိ အတိုင်းတိုင်းသိ မဟုတ်ပါဘူးနော်။

"မှန်ပါဘုရား"

ရှုပွားများလို့ ဒုက္ခသိတာပါ၊ ရှုပွားများတော့ ဒုက္ခသိ၊ ဒုက္ခသိတော့ ဒုက္ခဖြစ်ကြောင်း သမုဒယကွာပါတယ်၊ သမုဒယဆိုတာ သုခကို တွယ်တာပါတယ်၊ ဒုက္ခအမှန်ဖြစ်တဲ့ ရုပ်နာမ်ကို သုခထင်လို့ သုခကို သမုဒယက မက်မောတွယ်တာတယ်၊ ယခု ရုပ်နာမ်ကို ဒုက္ခလို့သိတော့ မြင်တော့ သမုဒယကွာပါတယ်။

ဒါဖြင့် သမုဒယကို သက်သက် ပယ်ခွာရသေးလားဆိုတော့ မပယ်ခွာရပါဘူး၊ သက်သက်ပယ်ခွာလဲ မရနိုင်ပါဘူး၊ ဘာကို သိလို့မြင်လို့ သမုဒယကွာလဲဆိုတော့ ဒုက္ခကို သိလို့မြင်လို့ သမုဒယကွာသွားပါတယ်။

ဒုက္ခကိုလဲ ဒုက္ခရှာလို့ မြင်တာသိတာလားဆိုတော့ မဟုတ်ပါဘူး၊ ပရမတ်ရုပ်နာမ်ကို ရှုကြည့်လို့ ပရမတ်ရုပ်နာမ်ရဲ့ ဖြစ်ပျက်ကိုမြင်လို့ ဒုက္ခကို မြင်တာ သိတာပါ။

ပရမတ် ရုပ်နာမ်ကို မြင်ယင် ပရမတ် ရုပ်နာမ်မှာ ဖြစ်ဒုက္ခ ပျက်ဒုက္ခပဲရှိတော့ ဖြစ်ဒုက္ခ ပျက်ဒုက္ခပဲ မြင်တယ် သိတယ်၊ အဲဒီ ဖြစ်ပျက်ဒုက္ခလဲမြင်ရော၊ သိရော၊ သမုဒယဆိုတဲ့ တဏှာ လောဘလဲ ကွာရော။

**နိရောဓရောက်** သမုဒယဆိုတဲ့ တဏှာလောဘ ကွာလို့ မရှိလို့ ရှိယင် အဲဒီ အခိုက်မှာ မငြိမ်းအေးဘူးလား၊ ငြိမ်းအေးလားဆိုတော့ ငြိမ်းအေးပါတယ်၊ သမုဒယတဏှာ လောဘ မရှိတဲ့အခိုက် ငြိမ်းအေးတယ်၊ သမုဒယတဏှာ လောဘ ရှိတဲ့အခိုက် မငြိမ်းအေးပါဘူး။

ငြိမ်းအေးတယ်ဆိုတာ နိရောဓရောက်နေတာပေါ့၊ တခဏ ငြိမ်း၊ တဒင်္ဂငြိမ်းပေါ့၊ ဒီတော့ ပြန်သတိပြုပါ၊ ဘာဖြစ်လို့ငြိမ်း အေးလဲဆိုတော့ သမုဒယကွာလို့၊ ဘာဖြစ်လို့ သမုဒယကွာလဲ ဒုက္ခသိလို့၊ ဘာဖြစ်လို့ ဒုက္ခသိလဲ၊ ရုပ်နာမ်အပေါ်မှာ ရှုပွား အားထုတ်လို့ သိတာမြင်တာ၊ အတိုင်းတိုင်းထားလို့ သိတာ မြင်တာ မဟုတ်ပါဘူး။

ဒါဖြင့် ရှုပွား အားထုတ်ရုံ သက်သက်နဲ့ ငြိမ်းရောလားလို့ ပြန်မေးမယ်၊ ရှုပွားအားထုတ်တိုင်း ရှုပွား အားထုတ်ကာမျှနဲ့ မငြိမ်းအေးသေးပါဘူး၊ ဒုက္ခကို အမှန်အတိုင်း မြင်လို့ သိလို့ သမုဒယကို ပယ်ခွာနိုင်ပါမှ ငြိမ်းအေးပါတယ်။

**ဘုရားရှင်ပင် ပွင့်စရာမလိုပါ** ဘုန်းကြီးတို့ပရိသတ် သေသေချာချာ မှတ်ထားပါ၊ ဒုက္ခကို မြင်အောင် ဒုက္ခကို သိအောင် အလိုလိုနေလို့ အတိုင်းတိုင်းနေလို့ မသိပါ မမြင် ပါဘူး၊ ဝိဇ္ဇာဉာဏ်နဲ့ ဝိပဿနာ ဉာဏ်ပညာနဲ့ ရှုပွားများတဲ့

မဂ္ဂသစ္စာအလုပ်ကို ကြိုးစားအားထုတ် လုပ်ပါမှ ဒုက္ခသစ္စာကို သိပါတယ်၊ မြင်ပါတယ်။

ဒုက္ခသစ္စာကို မြင်ပါသိပါမှ သမုဒယသစ္စာ တဏှာလောဘ ကို ပယ်ခွာနိုင်ပါတယ်၊ ဒုက္ခမြင် သမုဒယ ကွာပါမှ နိရောဓ ရောက်ပါတယ်၊ ငြိမ်းအေးပါတယ်၊ အလိုလိုနေလို့ ငြိမ်းတာ အတိုင်းတိုင်းထားလို့ငြိမ်းတာ မဟုတ်ပါဘူး။

အလိုလိုနေလို့ အတိုင်းတိုင်းထားလို့သာ ငြိမ်းမယ်၊ အငြိမ်း ဓာတ်ဟာ, နဂိုငြိမ်းဟာ ပါလာရက်သားဖြစ်မယ်ဆိုယင် ဘုရား ရှင်ပင် ပွင့်စရာမလိုတော့ပါဘူး။

ဘုရားရှင် ပွင့်ယင်လဲ ပွင့်ရုံသာ ပွင့်ပဲ၊ ဒီတရားတော်တွေ ဟောပေးစရာမလိုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အလိုလိုသိယင် အလိုလို ငြိမ်းယင် အတိုင်းတိုင်းထားလို့ ငြိမ်းယင် ဘုရားရှင် ပွင့်စရာမလိုပါဘူး၊ တရားဟောစရာလဲ မလိုပါဘူး၊ အခု ဘုရားရှင်ကိုယ်တော်တိုင် ဟောခဲ့တာက....

> "ရဟန်းတော်များ အို....ချစ်သားတို့၊ လောကမှာ တရားသုံးပါးရှိနေလို့ ဘုရားရှင်ပွင့်ရတယ်၊ တရားသုံး ပါးရှိနေလို့ လောကမှာ ဘုရားရှင်ရဲ့ တရားတော်တွေ အထင်အရှား ရှိနေရတယ်" တဲ့။

အဲဒီလို ဟောခဲ့ပါတယ်၊ တရားသုံးပါးက ဘာတွေလဲ ဆိုတော့ ဇာတိ, ဇရာ, မရဏ တို့ပါပဲ၊ အဲဒီတရားသုံးပါးကို ဘာသာပြန်ယင် "ဖြစ်, တည်, ပျက်" တရားတွေပါပဲ၊ အဲဒီ တရား ၃-ပါးမှာ "တည်" ကို ဖယ်ထားယင် "ဖြစ်-ပျက်" ပဲ ရှိပါတယ်။

အဲဒီ "ဖြစ်,တည်,ပျက်" ဆိုတဲ့ တရားတွေ " ဖြစ်-ပျက် " ဆိုတဲ့ တရားတွေ ရှိနေလို့ ဘုရားရှင် ပွင့်ထွန်းရပါတယ်၊ အဲဒီ ဖြစ်,တည်,ပျက် တရားတွေ ရှိနေလို့ပဲ ဘုရားရှင်ဟာ တရားတော်တွေ ဟောနေရပါတယ်၊ ဟောရတာက အဲဒီ ဇာတိ, ဇရာ,မရဏ-ဖြစ်,တည်,ပျက် တရားတွေရဲ့ သဘောကို သိစေချင် မြင်စေချင်လို့ ဟောရတာပါ။

ဒီတော့ ဇာတိ,ဇရာ,မရဏတရားတွေကြောင့် ဘုရားရှင်က ပွင့်၊ တရားတော်တွေဟော၊ ဟောတဲ့ တရားတော်တွေ နာ၊ ပြီးရောလားဆိုတော့ မပြီးသေးပါဘူး။

နာပြီးတဲ့တရားတော်တွေ မှတ်ထား ဆောင်ထားရပါမယ်၊ စဉ်းစားရပါမယ်၊ အားထုတ်ရပါမယ်၊ အားထုတ်လို့ ရုပ်နာမ် ဖြစ်ပျက် အမှန် မြင်မှ သိမှ ပြီးပါမယ်၊ ဇာတိ ဇရာ မရဏက လွတ်ပါမယ်၊ ကျွတ်ပါမယ်၊ တရားတော်ကို အဲဒီလို ကျွတ်သည် လွတ်သည်အထိ ကြိုးစား အားထုတ်ရပါမယ်၊ ကြိုးစား အား ထုတ်ကြပါလို့လဲ တိုက်တွန်းပါတယ်။

**သစ္စာလေးပါး** ဒီနေရာမှာ လယ်တီ ဆရာတော်ဘုရားကြီးရဲ့ လင်္ကာတပုဒ်ကို သတိရပါတယ်၊ ဘာတဲ့လဲ၊ သိ-ပယ်-ဆိုက်-ပွား,လေးပါး ကိစ္စ,အပိုင်ရ မှ ျပရမတ်" တဲ့၊ တိုက်ိုနဲ့ ထိမိတဲ့ လင်္ကာလေးပါပဲ။

မိမိတို့သန္တာန်မှာရှိတဲ့ ပရမတ်ရုပ်နာမ်ကို ဝိပဿနာဉာဏ်နဲ့၊ အမြင်မှန် သမ္မာဒိဋ္ဌိနဲ့၊ မဂ္ဂသစ္စာနဲ့ ပွားများအားထုတ် ရှိယင် ဒုက္ခသစ္စာကို ပိုင်းခြားသိပါတယ်၊ ဒုက္ခသစ္စာကို ပိုင်းခြားသိ ယင် သမုဒယတဏှာကို ပယ်နိုင်ပါတယ်၊ ဒုက္ခကို သိ၊

သမုဒယကို ပယ်ခွာနိုင်ယင် နိရောဓသို့ ဆိုက်ရောက်ပါတယ်၊ ငြိမ်းအေးပါတယ်။

နိရောဓသို့ဆိုက်မှ ကိလေသာ ငြိမ်းအေးမှုဖြစ်ပါတယ်၊ ယခု ယောဂီတို့ဟာ တခါတိုး တခါသိ၊ တတိုး တသိ၊ တိုး တိုင်း တိုးတိုင်း "ရုပ်ရုပ်" လို့ ရှုပွား နေရတာဟာ ကျေးဇူးများ ပါတယ်။

တတိုးတသိ သိနေယင် ပညတ်ကွာနေပြီ၊ ပရမတ်ရောက် နေပြီ၊ အတ္တပျောက်နေပြီ၊ အနတ္တရောက်နေပြီ၊ တိုးသဘော က ရုပ်၊ သိတာကနာမ်ဆိုတော့ နာမ်ရုပ်လဲ ကွဲနေပြီ။

ယခု ယောဂီတို့ ရှုကြည့်နေတဲ့ တိုးသဘောဟာ ဝါယော ရုပ်ပါ၊ တိုးနေတာ ဝါယောရုပ်ရဲ့ ကိစ္စပါ၊ တခြားရုပ်တွေရဲ့ ကိစ္စမဟုတ်ပါ၊ တခြား နာမ်တရားတွေရဲ့ ကိစ္စလဲမဟုတ်ပါဘူး၊ ရုပ်ရုပ်လို့ ရှုသိနေတာက နာမ်တရားရဲ့ကိစ္စပါ၊ ရုပ်တရားရဲ့ကိစ္စ မဟုတ်ပါဘူး။

ဒါဖြင့် ယောဂီတို့ဟာ တခါတိုး တခါသိ၊ တတိုးတသိ၊ တိုးတိုင်းတိုးတိုင်း သိသိနေရတော့ ရုပ်ကိစ္စနာမ်ကိစ္စလဲ ကွဲမသွား ဘူးလား။

"ကွဲသွားပါတယ်ဘုရား"

တိုးသဘောက အကျိုးတရားပါ၊ စိတ်ကြောင့် ဖြစ်တဲ့ ဝါယောရုပ် တိုးသဘောပါ၊ ဒါကြောင့် တိုးသဘောရုပ်က အကျိုးတရား၊ သိတဲ့ရှုတဲ့ စိတ်က အကြောင်းတရားဆိုတော့ အဲဒီ တိုးသဘောရုပ်ကို ရှုပွားနေယင်းနဲ့ အကြောင်းအကျိုးလဲ ကွဲ ပါတယ်၊ ကွဲအောင်ကိုလဲ ရှုရပါမယ်။

အကြောင်းထဲမှာလဲ ပုဂ္ဂိုလ် သတ္တဝါ မပါမရှိပါ၊ အကျိုးထဲမှာလဲ ပုဂ္ဂိုလ်သတ္တဝါ မပါမရှိပါ။

တိုးသဘောဆီသို့ ညွတ်လိုက်တော့ သတိထားလိုက်တော့ တိုးတိုင်းတိုးတိုင်း "ရုပ်ရုပ်" လို့ သိပါတယ်၊ အဲဒီလို သိတာဟာ အလိုလို သိတာလား၊ ညွတ်လို့ သတိထားလို့ သိတာလား။

"ညွတ်လို့ သတိထားလို့ သိတာပါဘုရား"

သေသေချာချာ ရှုကြည့်ပါ၊ အကျိုးတိုးသဘောကို ရှုကြည့်ပါ၊ မမြဲတာပဲ တွေ့ရပါမယ်၊ အကြောင်းစိတ်ရော မြဲလား ရှုကြည့်ပါ၊ မမြဲတာပဲ တွေ့ရပါမယ်။

အဲဒီလို မမြဲတာကိုတွေ့တော့ မမြဲဘူး၊ မမြဲပါလားလို့ သိတာဟာ သူများပြောလို့ သိတာလား, ကိုယ်တိုင် ရှုပွားကြည့်လို့ သိတာလား။

"ကိုယ်တိုင် ရှုပွားကြည့်လို့ သိတာပါဘုရား"

ကိုယ်တိုင် ရှုပွားမကြည့်ယင် မသိပါဘူး၊ အခု သိတာဟာ ရှုပွား အားထုတ်လို့ သိတာပါ။

အဲဒီ သိတဲ့အသိလဲ မြဲလားဆိုတော့ မမြဲပါဘူး၊ ရှုကြည့်တုန်းသာ သိတာပါ၊ မရှုကြည့်ယင် မသိပါဘူး၊ အဲဒီ တိုးသဘောကို ရုပ်ရုပ်လို့ ရှုကြည့်လို့ မမြဲပါလားလို့ သိယင် "အနိစ္စာနုပဿနာဉာဏ်" ပေါ့။

ဒီ တိုးသဘောကိုပဲ တိုးတိုင်းတိုးတိုင်း ရုပ်ရုပ်လို့ ရှုပွားအားထုတ်နေယင်း "ဩော်....ဒီတိုးသဘောမှာ ဖြစ်ခြင်း ပျက်ခြင်းဘေး နှိပ်စက်ခံနေရပါလား" လို့ သိယင် "ဒုက္ခာနုပဿနာဉာဏ်" ပေါ့။

ဒီ တိုးသဘောကိုပဲ တိုးတိုင်း, တိုးတိုင်း ရုပ်ရုပ်လို့ ရှုပွား အားထုတ်နေယင်း "ဩော်.... ဒီ တိုးသဘောဟာ အလိုမလိုက်၊ အကြိုက်မပါ၊ အနှစ်သာရမရှိပါလား" လို့ သိယင်"အနတ္တာ နုပဿနာဉာဏ်" ပေါ်၏။

**ရှုဉာဏ်နှင့် ပေါ်ဉာဏ်**

ဒီနေရာမှာ ဘုန်းကြီးတို့ပရိသတ် ရှုဉာဏ်နဲ့ ပေါ်ဉာဏ်နဲ့ ကွဲရမယ်၊ ရှုဉာဏ်ဆိုတာက တိုးသဘော ရုပ်ကို တိုးတိုင်း တိုးတိုင်း "တတိုး တသိ" သိအောင် ရှုနေတဲ့ဉာဏ်ကို ဘာဉာဏ်လို့ခေါ်လဲဆိုတော့"ရှုဉာဏ်" လို့ ခေါ်ပါတယ်။

အဲဒီ ရှုဉာဏ်ဟာ အရေးကြီးပါတယ်၊ အဲဒီ ရှုဉာဏ်မှန်ပါမှ ပေါ်ဉာဏ် ပေါ်မှာပါ၊ အဲဒီရှုဉာဏ်နဲ့ အရှုခံအာရုံ တိုးသဘောကို တိုးတိုင်း, တိုးတိုင်း "ရုပ်ရုပ်"လို့ ကြိမ်ဖန်များစွာ ရှုပွား အားထုတ်နေရမယ်၊ အဲဒီလို ရှုပွားအားထုတ်လို့ ရှုဉာဏ် ပွားဉာဏ် ရင့်ကျက်လာယင် ပေါ်ဉာဏ်ပေါ်လာမယ်။

ပေါ်ဉာဏ်ဆိုတာက ရှုဉာဏ်နဲ့ တိုးသဘောရုပ်ကို"ရုပ်ရုပ်" လို့ ရှုကြည့်နေစဉ် "ဩော်....မမြဲပါလား"လို့ သိယင် "အနိစ္စာ နုပဿနာဉာဏ်" ပေါ်လာပါတယ်၊ "ဩော်....ဆင်းရဲပါလား" လို့ သိယင် "ဒုက္ခာနုပဿနာဉာဏ်" ပေါ်လာပါတယ်၊ "ဩော်....အစိုးမရပါလား" လို့ သိယင် "အနတ္တာနုပဿနာ ဉာဏ်" ပေါ်လာပါတယ်။

အဲဒီဉာဏ် သုံးဉာဏ်ဟာ ဘယ်ဉာဏ်အဦးဆုံးပေါ်လာမလဲ လို့တော့ မပြောနိုင်ပါဘူး၊ ယောဂီတို့ရဲ့ အတိတ်ဘဝက လေ့

လာအားထုတ်ခဲ့တဲ့ အလေ့အလာ ဝါသနာအပေါ်မှာ မူတည်ပါတယ်။

ယောဂီတို့ဟာ အတိတ်ဘဝ ရှေးကာလက အနိစ္စာနုပဿနာဉာဏ် အလေ့အလာ များခဲ့ယင် ယခု အားထုတ်တဲ့အခါ အနိစ္စာနုပဿနာဉာဏ် အဦးအစ ပေါ်မယ်၊ အဲဒီဉာဏ်ပေါ်ယင်လဲ ဒုက္ခာနုပဿနာဉာဏ်, အနတ္တာနုပဿနာဉာဏ်လဲ ပေါ်တာပဲ။

အဲဒါအတူပါပဲ၊ ယောဂီတို့ဟာ အတိတ်ဘဝက ဒုက္ခာနုပဿနာဉာဏ် အလေ့အလာများခဲ့ယင် ယခုအားထုတ်တဲ့ အခါ ဒုက္ခာနုပဿနာဉာဏ် အဦးအစ ပေါ်မယ်၊အဲဒီ ဉာဏ်ပေါ်ယင်လဲ အနိစ္စာနုပဿနာဉာဏ်, အနတ္တာနုပဿနာဉာဏ်လဲ ပေါ်ပါတယ်။

ယောဂီတို့ဟာ အတိတ်ဘဝ ရှေးကာလက အနတ္တာနုပဿနာဉာဏ် အလေ့အလာများခဲ့ယင် ယခု အား ထုတ် တဲ့ အ ခါ အနတ္တာနုပဿနာဉာဏ် အဦးအစ ပေါ်မယ်၊ အဲဒီဉာဏ်ပေါ်ယင်လဲ အနိစ္စာနုပဿနာဉာဏ်, ဒုက္ခာနုပဿနာဉာဏ်လဲ ပေါ်ပါတယ်။

အဲဒီလို တိုးသဘော ရုပ်ကို တိုးတိုင်း တိုးတိုင်း "ရုပ်ရုပ်"လို့ ရှုပွားနေခိုက် အနိစ္စာနုပဿနာဉာဏ်, ဒုက္ခာနုပဿနာဉာဏ်, အနတ္တာနုပဿနာဉာဏ် ပေါ်လာပြီဆိုတော့ မိမိသန္တာန်မှာ ကိလေသာတွေ သံယောဇဉ်တွေ ကင်းနေပါတယ်၊ အဲဒီအချိန်ဟာ ဆက်ရှုနိုင်ယင် တရားရနိုင်တဲ့ အချိန် ဖြစ်ပါတယ်။

**ဘိက္ခုနီမကလေး** ကိုရင်ကျော်ကလေးရဲ့ မယ်တော် ဘိက္ခုနီ မကလေးဆီကို အာရုံယူပြီး ဘုန်းကြီးတို့ ပရိသတ် ကြည့်လိုက်စမ်းပါ၊ ဘိက္ခုနီမကလေး တရားအားထုတ်ယင်း ဘယ်လိုဖြစ်နေလဲ၊ သားကလေးဆီ စိတ်ကရောက်သွား၊ သားကလေး ဘယ်လိုနေပါ့၊ ဘယ်လိုစားပါ့၊ ဘယ်လို အိပ်ပါ့ စသည်ဖြင့် သားသံယောဇဉ်ပဲ ဖြစ်နေပါတယ်။

အင်း.... ဘိက္ခုနီမကလေးဟာ တရားတော့ အားထုတ်ပါတယ်၊ တရားအားထုတ်တာက နည်းနည်း၊ သားသံယောဇဉ် ဝင်လာတာက များများပေါ့၊ သားကလေး ကောင်းကောင်းမှ စားရပါ့မလား၊ ကောင်းကောင်းမှ အိပ်ရပါ့မလား၊ နေထိုင်မှု ကောင်းပါ့မလား” စသည်ဖြင့် သံယောဇဉ်တွေ အမျှင်တန်း နေတော့ တရားမရနိုင် ဖြစ်နေပါတယ်။

တိုးသဘော ရုပ်ပရမတ်ပေါ်မှာ သားကလေးဆိုတဲ့ ပညတ်က ဖုံးထားတယ်၊ ဘုန်းကြီးတို့ပရိသတ်လဲ ယခု တရားအားထုတ် နေယင်း အဲဒီဘိက္ခုနီမကလေးလို သားဆီ, သမီးဆီ, အိုးဆီ, အိမ်ဆီ, ဟိုရောက်, ဒီရောက်, တောရောက်, တောင်ရောက် မရောက်ဘူးလား။

“ရောက်ပါတယ် ဘုရား”

အဲဒီလို ရောက်တတ်ရာရာ ရောက်နေတဲ့အချိန်ဟာ တရား အားထုတ်နေတာ မဟုတ်ပါဘူး၊ အဲဒီလို သိထားပါ၊ အဲဒီလို သိတော့မှ ဖြစ်မယ်၊ သို့မဟုတ်ယင် တပည့်တော်တို့ တရား အားထုတ်ပါတယ်၊ တရားမရဖြစ်နေပါတယ်လို့ ပြောတတ်ပါ တယ်။

ယခုအားထုတ်တဲ့အခါ တိုးသဘောရုပ်ကို တိုးတိုင်းတိုးတိုင်း ရုပ် ရုပ်လို့ မလွတ်တမ်း ရှုပွားအားထုတ်ပါမှ ရှုပွားတယ်၊ အားထုတ်တယ် ခေါ်ပါတယ်၊ ဟိုရောက် ဒီရောက်ရောက်နေယင် သံယောဇဉ်တွေ ဇာတိလေသာတွေ ဖြစ်နေပြီလို့ မှတ်ပါ။

တရားအားထုတ်ယင်း အဲဒီလို စိတ်က ဟိုရောက် ဒီရောက် ရောက်ယင် ရောက်မှန်းသိလိုက်၊ အဲဒီလို ရောက်မှန်းသိယင် ဟိုရောက်ဒီရောက် ရောက်တဲ့စိတ်မရှိတော့ပါဘူး။

ဟိုရောက်ဒီရောက် ရောက်တာက တစိတ်၊ အဲဒီစိတ်ကို သိတာက တစိတ်၊ အဲဒီလိုသိယင် ပြန်ပြီးတော့ တိုးသဘောရုပ်ကို ရှု၊ အဲဒီရှုတဲ့စိတ်က တစိတ်လို့ သေသေချာချာ ရှုကြည့်သိပါနော်။

"မှန်ပါ ဘုရား"

အဲဒီလိုသိအောင် ဟိုရောက်-ဒီရောက် ရောက်တိုင်း ရောက်တိုင်း မိမိစိတ်ကို ဆုံးမပြီး တိုးသဘောပဲ ပြန်ရှုပါ၊ အဲဒီလိုရှုနေယင်းနဲ့ ခန္ဓာကိုယ်ထဲက ယားယံကိုက်ခဲမှု စသည်တွေ ပေါ်လာချင်လာမယ်၊ ပေါ်လာယင်လဲ သွားသိတာပဲ၊ သိပြီးယင် မရှိတော့ပါ၊ မရှိတော့ယင် တိုးသဘော ပြန်ရှုပါ။

**ဝေဒနာခွာရှု** အဲဒီလိုပဲ အပြင်စိတ်ရောက်လဲ ရောက်မှန်းသိ၊ ပြန်ပြီးတော့ တိုးသဘောရှုပါ၊ ယားယံမှုစသည်တွေ ပေါ်လာလိုက် သိလိုက်၊ တိုးသဘောပြန်ရှုလိုက် ရှုနေရတာပါပဲ။

အဲဒီလို ရှုပွားနေယင်းနဲ့ အချိန်ကြာတော့ ခန္ဓာကိုယ်အောက်ပိုင်းက နာကျင်ကိုက်ခဲမှုတွေ ဖြစ်လာတတ်ပါတယ်၊

ဖြစ်လာယင်လဲ သိတာပါပဲ၊ သိပြီးယင် သူတို့ကို သတိမထားပဲ သည်းခံပြီးတော့ တိုးသဘောပဲ ပြန်ရှုပါ။

အဲဒီလိုရှုတော့ တိုးသဘောကို တကယ်စိတ်ရောက်လို့ တိုးသဘောကိုပဲ"တတိုးတသိ"တိုးတိုင်းတိုးတိုင်း မလွတ်တမ်းသိနေယင် နာကျင်ကိုက်ခဲမှုတွေ မသိတော့ပါ။

ဟိုက နာကျင်ကိုက်ခဲမှုတွေ ပျောက်သွားလို့လားဆိုတော့ မဟုတ်ပါဘူး၊ ရှိနေပါတယ်၊ ရှိနေယင် ရှိနေသော်လည်း မသိတော့ပါဘူး၊ ဘာဖြစ်လို့ မသိလဲဆိုတော့ သူ့ကို သတိမထားလို့ပါ။

နာကျင်ကိုက်ခဲမှုကို သတိမထားပဲ တိုးသဘောကိုပဲ သတိထားတော့ နာကျင်ကိုက်ခဲမှုကို မသိတော့ပါဘူး၊ စိတ်က နှစ်စိတ်မှ မဖြစ်တာ၊တစိတ်တည်းပဲ ဖြစ်တာ၊ တိုးသဘောကို သိနေတော့ နာကျင်ကိုက်ခဲမှုကို မသိတော့ဘူးပေါ့။

အဲဒါ ဒုက္ခဝေဒနာတွေ ခွာရှုတယ်လို့ ခေါ်ပါတယ်၊ ဝေဒနာခွာတယ်ဆိုတာ "ဟဲ့-ဝေဒနာ နင်သွား၊ ငါ နင့်မကြိုက်ဘူး"လို့ ခွာရတာမျိုးမဟုတ်ပါဘူး၊ ဝေဒနာကို သတိမထားပဲနဲ့ အရှုခံအာရုံ တိုးသဘောကိုသာ ရှုပွားနေတာကို ဝေဒနာခွာရှုတယ် ခေါ်ပါတယ်။

အဲဒီလို ဝေဒနာခွာရှုတဲ့နည်းက ဆင်းရဲဒုက္ခမရောက်ပဲနဲ့ တရားရတဲ့နည်းဖြစ်ပါတယ်၊ အများအားဖြင့် ရှေးက အရိယာအရှင်များဟာ ဝေဒနာခွာရှုတဲ့နည်းနဲ့ပဲ တရားရကြပါတယ်။

ဝေဒနာခွာရှုတဲ့ ဝတ္ထုကြောင်းတွေလဲ အများကြီးရှိပါတယ်၊ အဲဒီ ဝတ္ထုကြောင်းတွေကတော့ ထုတ်ပြပြီး ဟောချိန်မရတော့ပါဘူး၊ အချိန်က ညဥ့်နက်လာပြီ။

**ဣရိယာပုထ်ပြင်ပါ** ဒီနေရာမှာ မေးစရာရှိပါတယ်၊ တပည့်တော်တို့ဘုရား နာကျင်ကိုက်ခဲမှု ဒုက္ခဝေဒနာတွေကို သည်းမခံနိုင်တော့ပါဘူး၊ သည်းမခံနိုင်လောက်အောင် နာကျင်ကိုက်ခဲမှုတွေက ပြင်းထန်ပါတယ်၊ ဒုက္ခဝေဒနာကို ခွာလို့မရပါဘူးဆိုယင် ဘယ်နှယ့်လုပ်ပါ့မလဲလို့ မေးစရာမရှိဘူးလား။

"ရှိပါတယ် ဘုရား"

အဲဒီလိုဝေဒနာကို နှလုံးမသွင်းပဲ မရပါ၊ ခွာလို့မရပါ၊ သိပ်ပြီးတော့ ပြင်းထန်ပါတယ်ဆိုလို့ရှိယင် တိုးသဘောကို မရှုတော့ပဲ "ဣရိယာပုထ်မပြင်ခင် ဘယ်လို၊ ပြင်ဆဲမှာ ဘယ်နည်း၊ ပြင်ပြီးတော့ ဘယ်ပုံ" လို့ အစုံသိအောင် ရှုပွားယင်းနဲ့ ပြင်ပါ၊ ပြင်ပြီးလို့ရှိယင် တိုးသဘောပဲ ပြန်ရှုပါ။

ဣရိယာပုထ်ကို ပြင်သင့်တဲ့အချိန်မှာ မပြင်ဘူး၊ ပြောင်းသင့်တဲ့ အချိန်မှာ မပြောင်းဘူးဆိုယင် အားထုတ်ခါစ ယောဂီတွေမှာ ပြင်းထန်တဲ့ဒုက္ခဝေဒနာတွေဖြစ်တတ်ပါတယ်၊ ရူးနှမ်းတဲ့အထိလဲ ဖြစ်တတ်ပါတယ်၊ နောင်အခါ တရားအားထုတ်ချင်စိတ် ပျောက်ပျက်သွားတတ်ပါတယ်၊ တရားကို လန့်သွားတတ်ပါတယ်။

ယခု ဘုန်းကြီးက ရှေးက အရိယာများရှုသွားတဲ့ ဝေဒနာခွာရှုတဲ့နည်း သက်သက်သာသာနဲ့ တရားရတဲ့နည်းကို သင်ပေးပါတယ်၊ တနည်းအားဖြင့် ပြောရယင် ဝေဒနာကို ပဓာနအားဖြင့် မရှုခိုင်းပဲ တိုးသဘောရုပ်ကို အဓိကထားပြီး ရှုခိုင်းသော အားဖြင့် တရားရနိုင်တဲ့နည်းကို သင်ပေးပါတယ်။

အဲဒါကြောင့် ယောဂီတို့ဟာ တရားအားထုတ်နေစဉ် ဣရိယာပုထ်ကို ပြင်နိုင်ပါတယ်၊ ပြောင်းနိုင်ပါတယ်၊ ရွှေ့နိုင်

ပါတယ်၊ လှည့်နိုင်ပါတယ်၊ ကြိုက်သလောက် ပြင်နိုင်၊ ပြောင်းနိုင်၊ ရွှေ့နိုင်၊ လှည့်နိုင်ပါတယ်။

ပြင်စဉ်၊ ပြောင်းစဉ်၊ ရွှေ့စဉ်၊ လှည့်စဉ်မှာတော့ တိုးသဘောကို မရှုပဲ မပြင်ခင်က ဘယ်လို၊ ပြင်ဆဲမှာ ဘယ်လို၊ ပြင်ပြီးတော့ ဘယ်လိုဆိုတာသိအောင် ရှုယင်း ပွားယင်းနဲ့ ပြင်ပါ ပြောင်းပါ ရွှေ့ပါ လှည့်ပါ၊ သတိမလစ်ပါစေနဲ့၊ ပြင်ပြောင်း ရွှေ့လှည့်ပြီးယင် တိုးသဘောကို ပြန်ရှုပါ။

**ကိုယ်စိတ်ဆင်းရဲနှင့် တရားမရ**

ဒီနေရာမှာ ဘုရားရှင် ဟို...သစ္စသံယုတ်ပါဠိတော် သတ္တိသတသုတ်မှာ ဟောတော်မူထားတဲ့ ပါဠိတော်ကို သွားပြီးတော့ သတိရပါတယ်၊ အဲဒီပါဠိတော်မှာ ဘုရားရှင်က ကိုယ်ဆင်းရဲ စိတ်ဆင်းရဲနှင့်တကွ အားထုတ်လို့ တရားမရပုံ၊ သစ္စာမသိပုံကို ဒီလိုဟောခဲ့ပါတယ်။

> "နခေါပနာဟံ ဘိက္ခဝေ သဟ ဒုက္ခေန သဟ ဒေါမနဿေန စတုန္နံ အရိယသစ္စာနံ အဘိသမယံ ဝဒါမိ=ရဟန်းတော်များ အို...ချစ်သားတို့၊ ကိုယ်ဆင်းရဲမှုဒုက္ခနှင့် တကွ စိတ်ဆင်းရဲမှု ဒေါမနဿနှင့် တကွ သစ္စာလေးပါးတရားကို ထိုးထွင်းသိမယ်လို့ ငါဘုရား မဟောဘူး"

လို့ အဲဒီလို ဘုရားရှင်ဟောခဲ့ပါတယ်၊ ဘာဖြစ်လို့ ဘုရားရှင် အဲဒီလို ဟောလဲ ကိုယ်ဆင်းရဲတော့ စိတ်ဆင်းရဲတယ်၊ စိတ်ဆင်းရဲတော့ အရှုခံ အာရုံခံ တိုးသဘောအပေါ်မှာ စိတ်မတည်တော့ဘူး၊ စိတ်မတည်တော့ ရှုပွားအားထုတ်လို့ မရတော့

ပါဘူး၊ အဲဒီလို အားထုတ်လို့ မရတော့ အဲဒီ မရတဲ့အတိုင်းပဲ အဆင်းရဲ အပင်ပန်းခံပြီး အားထုတ်နေသော်လည်း သစ္စာ လေး ပါး မသိနိုင်ပါဘူးတဲ့။

ဒါ့ကြောင့် ဣရိယာပုထ် ညောင်းညာကိုက်ခဲပြီး ကိုယ် စိတ် ဆင်းရဲနေယင် ပြင်နိုင် ပြောင်းနိုင် ရွှေ့နိုင် လှည့်နိုင်ပါတယ်၊ တနာရီမှာ ၄-ကြိမ်-၅-ကြိမ်လဲ ပြင်နိုင်ပါတယ်၊ နောက်တော့ နိုင်သွားပါတယ်၊ ဒီတော့ ပြင်ပါဆိုတောင်မှ မပြင်တော့ပါ ဘူး။ ကိုယ်ချမ်းသာ စိတ်ချမ်းသာမှ သစ္စာလေးပါး သိပုံကို ဘုရားရှင်က ဒီလိုဟောခဲ့ပါတယ်။

> "အပိစာဟံ ဘိက္ခဝေ သဟာဝသုခေန သဟာဝ သောမနဿေန စတုန္နံ အရိယသစ္စာနံ အဘိသမယံ ဝဒါမိ=ရဟန်းတော်များ အို.... ချစ်သားတို့၊ စင်စစ် တော့ ကိုယ်ချမ်းသာမှု သုခနှင့်တကွ စိတ်ချမ်းသာမှု သောမနဿနှင့်တကွမှသာလျှင် အရိယသစ္စာ ၄-ပါးကို သိမယ်လို့ ဘုရားဟောတယ်"

လို့ အဲဒီလို ဟောခဲ့ပါတယ်၊ အဲဒီ ပါဠိတော်အရ တရားအား ထုတ်စဉ်မှာ ကိုယ်ချမ်းသာရမယ်၊ စိတ်ချမ်းသာရမယ်၊ ကိုယ် စိတ်မဆင်းရဲရပါဘူး။

ယောဂီတို့ သေသေချာချာ မှတ်ထားပါ၊ ဘုရားရှင်က ကိုယ်တွေ စိတ်တွေ ချမ်းသာစွာနဲ့ တရားအားထုတ်မှ သစ္စာ လေးပါးသိမယ်၊ တရားရမယ်တဲ့၊ ဣရိယာပုထ်ကို ချုပ်ထားရ မယ်၊ မလှုပ်နဲ့ မပြင်နဲ့၊ မကုတ်နဲ့လို့ မဟောပါဘူး၊ မျှမျှတတ အားထုတ်ပါ။

**ကြာရှည် ကွေးဆန့်ယင်**

ဒီနေရာ ဣရိယာပုထ် ပြင်မပြင်နှင့် ပတ်သက်ပြီးတော့ ဟို....သိလ ကွန် အ ဋ္ဌ က ထာ မှာ ပြတဲ့ အဓိပ္ပါယ်ကို ပြောပြချင်ပါသေးတယ်၊ ဘယ်လိုပြထားလဲဆိုတော့....

"ဣရိယာပုထ်တခုကို အချိန်ကြာမြင့်စွာ အသုံးပြုသောအားဖြင့် လက်တွေ ခြေတွေကို အလွန်ကြာမြင့်စွာ ကွေးထားမယ်၊ ဆန့်ထားမယ်ဆိုယင်....

(၁) ခဏတိုင်း ခဏတိုင်း ဒုက္ခဝေဒနာတွေ ဖြစ်ကုန်တယ်၊
(၂) စိတ်တည်မှု သမာဓိမရနိုင်၊
(၃) ကမ္မဋ္ဌာန်းတရား လျှောကျ ပျက်ပြားတယ်၊
(၄) တရားအထူးမရနိုင်ပါ။

"ဣရိယာပုထ်တခုကို အချိန်ကြာမြင့်စွာ အသုံးမပြုပဲ၊ အခါအားလျော်စွာ ကွေးသင့်တဲ့အချိန်မှာ ကွေးပေးမယ်၊ ဆန့်သင့်တဲ့အချိန်အခါမှာ ဆန့်ပေးမယ်ဆိုယင်-

(၁) ဒုက္ခဝေဒနာတွေ မဖြစ်တော့၊
(၂) စိတ်တည်ကြည်မှု သမာဓိရမယ်၊
(၃) ကမ္မဋ္ဌာန်းတရား တိုးပွားခြင်းသို့ ရောက်မယ်၊
(၄) တရားအထူးရမယ်။

လို့ အဲဒီလိုဆိုထားပါတယ်၊ ကဲ....အဲဒီ အဋ္ဌကထာစကားအရ ဣရိယာပုထ် မပြောင်းမပြင်ပဲ ဣရိယာပုထ်ကို မလှုပ် မကုတ် ချုပ်အားထုတ်ယင်....

(၁) ဒုက္ခဝေဒနာ ဖြစ်မယ်၊
(၂) စိတ်မတည်ကြည်ဘူး၊
(၃) ကမ္မဋ္ဌာန်းတရား လျော့ကျမယ်၊
(၄) တရားအထူး မရဘူး။

လို့ အပြစ်-၄ ချက်ပြထားပါတယ်၊ အမှန်က တရားအားထုတ်တာဟာ အပြစ်လိုချင်လို့ မဟုတ်ပါ၊ အကျိုးလိုချင်လို့ အားထုတ်တာပါ၊ အကျိုးက ဘယ်လိုမှရမလဲ၊ ဣရိယာပုထ်ကိုပြောင်းမယ်ပြင်မယ်ဆိုယင်-

(၁) ဒုက္ခဝေဒနာမဖြစ်၊
(၂) စိတ်တည်ကြည်မယ၊
(၃) ကမ္မဋ္ဌာန်းတရားတိုးပွားမယ်၊
(၄) တရားအထူးရမယ်၊

လို့ အကျိုး-၄ ချက်ပြပါတယ်၊ ဣရိယာပုထ်ကို ပြင်ပြောင်းပြီးတော့ အားထုတ်ယင် တကယ်ပဲ အကျိုး ၄ ချက်ရပါတယ်။

အဲဒါကြောင့်မို့ ယောဂီတို့ဟာ တရားအားထုတ်နေစဉ်ကိုယ်စိတ်မချမ်းသာဖြစ်နေယင် ပြင်နိုင်ပါတယ်၊ ပြောင်းနိုင်ပါတယ်၊ ပြင်စဉ် ပြောင်းစဉ်မှာတော့ ခုနက ပြောခဲ့သလို ရှုပွားယင်းနဲ့ ပြင်ပါပြောင်းပါ၊ ပြင်ပြောင်းပြီးယင် တိုးသဘောရှုပ်ကိုမြန်ရှုပါ။

**ဒုတိယပိုင်းမှာ အစုံပါ** ထိုင်တဲ့ ဣရိယာပုထ်မှာ ယခုပြောခဲ့သလို ရှုပွား အားထုတ်မယ်ဆိုယင် ချမ်းချမ်းသာသာဖြစ်ပါမယ်၊ ဆင်းရဲဒုက္ခ မဖြစ်ပါဘူး၊ တရားအားထုတ်တာဟာ ပါရမီခတ်ခံနည်းလို့ မရယင်သာရှိရမယ် မဆင်းရဲစေရပါဘူး။

ထိုင်အားထုတ်နေယင်း အပြင်အာရုံဆီ စိတ်ရောက်သွားက ရောက်မှန်းသိ၊ သံယောဇဉ်ဖြစ်လဲ ဖြစ်မှန်းသိ၊ သိတယ်ဆိုယင် ခုနကစိတ်တွေ့သံယောဇဉ်တွေ မရှိတော့ပါဘူး၊ သိတဲ့စိတ်ဖြစ်သွားပါပြီ။

အဲဒီလို မရှိယင် သိတဲ့စိတ်ဖြစ်ယင် သိတဲ့စိတ်နဲ့ ဘယ်ပြန်ရှုမလဲ၊ တိုးသဘောပြန်ရှုပါ၊ ထိုင်တဲ့အခါမှာ အဲဒီလိုပဲ ရှုပါ၊ မဆင်းရဲပါ၊ မပင်ပန်းပါ၊ ချမ်းသာလွယ်ကူစွာနဲ့ တရားအထူးရပါတယ်။

ယနေ့ညတော့ ဣရိယာပုထ် ၄ ပါးမှာ ထိုင်ပြီးတော့ အားထုတ်တဲ့ ဣရိယာပုထ်တပါးပဲ ပြောချိန်ရပါတယ်၊ အားထုတ်ပုံကို သင်ပြနိုင်ပါတယ်၊ နောက်နောက်ညကျမှ ဣရိယာပုထ် ၄ ပါး အားထုတ်ပုံ အစုံပြပါမယ်။

ဟို....ဘိက္ခုနီမကလေးမှာတော့ တရားအားထုတ်ပင် အားထုတ်ပါသော်လဲ သားကလေးဆီ စိတ်ကရောက်လိုက်၊ စိတ်ကပူလိုက်၊ သောကဖြစ်လိုက်၊ တခါတခါ မျက်ရည်ကျလိုက်၊ ငိုကြွေးမှုပရိဒေဝဖြစ်လိုက်နှင့် တရားအထူး မရသေးပါဘူး။

သားကိုရင်ကျော်လေးလဲ တရားအားထုတ် နေပါတယ်၊ တရားအထူးမရသေးပါဘူး၊ ဟို....အန္ဓဝန်တောထဲမှာ တပါးတည်း ကေစာရီကျင့်ကြံ အားထုတ်နေပါတယ်။

အဲဒါ သားကလေးက ဘယ်တရားနဲ့ ဘယ်လိုတရားရတယ်၊ မယ်တော် ဘိက္ခုနီမကလေးက ဘယ်လိုတရားရတယ်၊ သူတို့ရဲ့ အတိတ်အကြောင်းက ဘယ်လိုလဲ စသည်ကိုတော့.... နောက်နောက်ညကျမှ ဟောကြပါစို့၊ ယနေ့ညတော့ ညဉ့်နက်ပြီမို့ တရားပွဲ သိမ်းကြပါစို့။

* ဗောဓိယာ ပစ္စယော ဟောတု၊ ဣဒံ နေ့ာ ပုညမင်္ဂလံ။
ပုညဘာဂံ သုလဘန္တု၊ ပမောဒန္တု သဒေဝကာ။ ။

**နေ့ာ၊** မြင့်မြတ်သာကြည်, ပါရမီရင့်ကျူး, ဇာနည်ထူး သူတော်စင် ကုသိုလ်ရှင် အကျွန်ုပ်တို့၏။

**ဣဒံပုညမင်္ဂလံ၊** ဗုဒ္ဓဟောကြား, တရားဒေသနာ,မြတ်ဩဝါကို, နာခံမှတ်သား, ပြန်ဟောကြား၍, ပွားများ ကျင့်ကြံ, အဖန်ဖန်ကြိုးကုတ်, အားထုတ်ရသည့် ဤကုသိုလ် ပုညမင်္ဂလာသည်။

**ဗောဓိယာ၊** သစ္စာလေးအင်, ခိုင်သဇင်ကို, ပြိုင်ယှဉ်ဆွတ်ခူး, ထွတ်ဖူးရင့်သန်, ဗောဓိဉာဏ်၏။

**ပစ္စယော၊** ဥပနိဿယ, အမှီရ၍, မုချရကြောင်း, ကောင်းမြတ်သော အထောက်အပံ့သည်။

**ဟောတု၊** စင်စစ်မသွေ ဖြစ်ပါစေသတည်း။

**ဣဒံပုညဘာဂဥ္စ၊** ဗုဒ္ဓဟောကြား, တရားဒေသနာ, မြတ်ဩဝါကို, နာခံမှတ်သား, ပြန်ဟောကြား၍, ပွားများကျင့်ကြံ, အဖန်ဖန်ကြိုးကုတ်, အားထုတ်ရသည့်, ဤကုသိုလ်ပုညမင်္ဂလာ၏ အနှစ်ကိုလည်း။

**သဒေဝကာ၊** ကမ္ဘာမှာနေသမျှ, ဝေနေယျများစွာ, သတ္တဝါအနန္တ, မှန်သမျှတို့သည်။

**သုလဘန္တု၊** ရှင်လန်းကြည်မြေ့, ဝါဂွမ်းပုံ ဆီတွေ့သကဲ့သို့, ပီတိငွေ့ စိတ်မှာထုံလျက်, ဣဋ္ဌာရုံ အတွေ့ထူးလို့မို့, ကြည်နူးကိုယ်ပိုင်, ရယူနိုင်ကြပါစေကုန်သတည်း။

သုလဒ္ဒါ၊ ကိုယ်စီကိုယ်စီ၊ အလိုညီလျက်၊ ကြည်သာရွှင်ပြုံး၊ အားလုံးမျှတူ၊ အရယူကြကုန်ပြီး၍။

**ပမောဒန္တု**၊ ကိုယ်စိတ်နှစ်ဖြာ၊ လိုဏ္ဍစ္ဆာဖြင့်၊ ပြည့်ကာကြွယ်မောက်၊ ဝမ်းမြောက် နိုင်ကြပါစေကုန်သတည်း။

**ဝါ-ပမောဒန္တု** ၊လူ့ပြည်တွင်သာမက၊ နတ်ပြည်မှဆက်သွယ်လျက်၊ အထက်နတ် ဗြဟ္မာချဉ်းလို့မို့ ဖြာသတင်း ကမ္ဘာတုံအောင်၊ သဒ္ဒါဟုန် လျှမ်းလျှမ်းမောက်ပြီးလျှင်၊ ဝမ်းမြောက်ဝမ်းသာ၊ ပတ္ထနာအောင်ဆု၊ ခါခါပြုလျက်၊ သာဓုသံအောင်နိမိတ်ဖြင့်၊ အောင်ဘိသိက် သွန်းနိုင်ကြပါစေကုန်သတည်း။ ။

"သာဓု....သာဓု....သာဓုပါဘုရား"

## "မွေးမေ့မေတ္တာ တရားတော်"
## [ဒုတိယပိုင်း]

**တရားအမည်** သာသနာတော်နှစ် ၂၅၁၈-ခု နှစ်၊ ကောဇာ သက္ကရာဇ် ၁၃၃၆-ခုနှစ်၊ တပေါင်းလဆန်း (၉-၁၀)ရက်နေ့ညတွင် ဧရာဝတီတိုင်း,ကျုံပျော်မြို့၊ မြတ်ချမ်းသာ ဘုရားကြီးနှင့် ရတနာရံသီ မဟာစေတီတော် မြတ်ကြီး၏ (၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီး၌ ဟောကြားအပ်သော "မွေးမေ့မေတ္တာတရားတော်" "ဒုတိယပိုင်း" လို့ ဘုန်းကြီးဟောမယ့်တရားတော်ကို အဲဒီလို အမည်ပေးလိုက်ကြပါစို့၊ ဒီကနေ့လဲ မနေ့က တရားရဲ့အဆက်ပဲ ဆက်ပြီးတော့ ဟောရ–နာရမှာပေါ့။

**ဘုရားရှိခိုး** အဲဒီ မွေးမေ့မေတ္တာ တရားတော် ဒုတိယပိုင်း ကိုလဲ ဘုန်းတော်ခြောက်ပါးသခင် တရားမင်းဘုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင် ဟောကြားတော်မူခဲ့တာ ဖြစ်လို့ ဘုန်းကြီးတို့တရားမဟောမီ တရားမနာမီ အဲဒီ တရားမင်းဘုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အတိုင်းမသိ များပြားလှတဲ့ အတိုင်းမသိကြီးမားလှတဲ့ ဂုဏ်တော်အထွေထွေ

ကျေးဇူးတော်တွေကို အာရုံပြု ရှိခိုးကြည်ညိုကြရအောင်၊ အားလုံးသောပရိသတ်တို့က လက်အုပ်ချီမိုး ရှိခိုးပြီး အာရုံပြုကြည်ညိုနေကြပါ....

*ဗုဒ္ဓေါ ဗောဓာယ ဒေသေတိ,ဒန္တော ဒမထာယ စ။
သမထာယ သန္တော ဓမ္မံ,တိဏ္ဏော ၀ တရဏာယ စ။
နိဗ္ဗုတော နိဗ္ဗာနတ္ထာယ,တံ လောကသရဏံ နမေ။ ။

**လောကသရဏော၊** လောကသုံးပါး၏ ကိုးစားရာတဆူဖြစ်တော်မူသော။

**ယောနာဂေါ၊** ဗုဒ္ဓ နာဂ အမည်တော်ရသည့် အစိန္တေယျသုံးလောကထွတ်ထား အကြင်မြတ်စွာဘုရားသည်။

**ဗုဒ္ဓေါ၊** သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင်ကိုယ်တော်တိုင် သိမြင်တော်မူပြီးသည်ဖြစ်၍။

**ဗောဓာယ စ၊** ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း သိကြစေခြင်းငှာလည်းကောင်း။

**ဒန္တော၊** ဣန္ဒြေ ၆-ပါး တရားငြိမ့်လေး ကိုယ်တော်တိုင်ယဉ်ကျေးတော်မူပြီးသည်ဖြစ်၍။

**ဒမထာယစ၊** ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ယဉ်ကျေးကြစေခြင်းငှာလည်းကောင်း။

**သန္တော၊** ကိလေသာဟူ အပူကင်းဝေး ကိုယ်တော်တိုင် ချမ်းအေးတော်မူပြီးသည်ဖြစ်၍။

**သမထာယ စ၊** ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ် တူမယွင်း ချမ်းအေးကြစေခြင်းငှာလည်းကောင်း။

**တိဏ္ဏောဝ၊** သံသရာနက်ဝှမ်း ဂယက်ကြမ်းကို ကူးသန်းထုတ်ချောက် ကိုယ်တော်တိုင် ဘက်ကမ်းရောက်တော်မူပြီးသည်ဖြစ်၍သာလျှင်။

**တရဏာယ စ၊** ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ် လူ တို့ ကိုယ်တူမယွင်း ကူးမြောက်နိုင်ကြစေခြင်းငှာ လည်းကောင်း။

**နိဗ္ဗုတော၊** ကိလေသပရိနိဗ္ဗာန် လေးကြိမ်တိုင် အောင်ပွဲခံသဖြင့် မကျန်ပူဘေး ကိုယ်တော်စိုင် ငြိမ်း အေး တော် မူ ပြီးဖြစ်၍။

**နိဗ္ဗာနတ္ထာယ စ၊** ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ငြိမ်းအေးကြစေခြင်းငှာ လည်းကောင်း။

**ဓမ္မံ၊** အလင်းထိန်လက် တရားစက်ကို။

**ဒေသေတိ၊** လေးဆယ့်ငါးဝါ ရှည်မြင့်ကြာအောင် ကရုဏာရှေ့ထား နတ်လူအားလျှင် ဟောကြားတော်မူခဲ့လေပြီ။

**လောကသရဏံ၊** လောကသုံးပါး၏ ကိုးစားရာတဆူ ဖြစ်တော်မူသော။

**တံနာဂံ၊** ဗုဒ္ဓနာဂ အမည်တော်ရသည့် အစိန္တေယျ သုံးလောကထွတ်ထား ထိုမြတ်စွာဘုရားကို။

**မယံ၊** တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ခေါ်ဆိုသမုတ်အကျွန်ုပ်တို့သည်။

**နမေ-နမာမ၊** ကိုယ်, နှုတ်, နှလုံး သုံးပါး ပျောင်းပျော့မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဦးညွှတ်ပါကုန်၏ မြတ်စွာဘုရား။

"သာဓု....သာဓု....သာဓုပါဘုရား"

**ရှင်ကုမာရကဿပရဲ့ ရှေးအကြောင်း**

ကဲ....ဘုရားရှိခိုးပြီးပြီ၊ တရားဆက်ဟောဖို့ပဲ ရှိပါတော့တယ်၊ ဆက်ဟောဖို့ဆိုတော့ မနေ့ညက ပထမပိုင်း အနေနဲ့ ဟောခဲ့တာ မယ်တော် ဘိက္ခုနီမလေးလဲ တရားအားထုတ် သားကိုရင်လေးလဲ တရားအားထုတ်တဲ့ အကြောင်းကို ဟောခဲ့တယ်၊ အဲဒီမှာ မယ်တော် ဘိက္ခုနီမလေး အကြောင်းကို အကျယ်ဟောခဲ့ပါတယ်၊ ဒီကနေ့ညတော့ သားတော် ကိုရင်ကျော်လေးရဲ့ အကြောင်းကို အကျယ်တဝင့် ဖွင့်ဆိုဟောကြားရအောင်။

သားတော် ကိုရင်ကျော်ကလေးဟာ လွန်ခဲ့တဲ့ကမ္ဘာတသိန်းထက်က ပွင့်တော်မူတဲ့ ပဒုမုတ္တရာဘုရားရှင် လက်ထက်တော် အခါက ဟံသာဝတီ မင်းနေပြည်တော်ဝယ် အမျိုးကောင်းသား ဖြစ်ခဲ့တယ်။

ပဒုမုတ္တရာဘုရားရှင်ကလဲ ဟံသာဝတီ မင်းနေပြည်တော်မှာ သီတင်းသုံးနေတော်မူတယ်၊ အဲဒီလို ဘုရားရှင် သီတင်းသုံး တော်မူတဲ့ နေပြည်တော်မှာ လူဖြစ်ရတယ် ဆိုတာဟာ ရှေးကုသိုလ်ကံ ကောင်းလို့တဲ့နော်။

"မှန်ပါဘုရား"

အဲဒီလို ရှေးကုသိုလ်ကံကောင်းတဲ့ အမျိုး ကောင်း သား ကိုရင်လောင်းလျာဟာ ဒီဘဝမှာလဲ ဒါန, သီလ, ဘာဝနာ လုပ်ငန်းတွေမှာ ဝါသနာပါတယ်၊ အဲ....တနေ့ အဲဒီ အမျိုး ကောင်းသားဟာ ဘုရားရှင် သီတင်းသုံးတော်မူရာ ကျောင်း တော်သို့ သွားပြီး တရားတော်နာတယ်။

ပဒုမုတ္တရ ဘုရားရှင်ကလဲ တရားဒေသနာတော်ကို အစဉ်အတိုင်း ဆက်ပြီးဟောကြားတော်မူပြီးနောက် ရဟန်းတော်တပါးကို....

"ရဟန်းတော်များ အို ချစ်သားတို့.... အဆန်းတကြယ် တရားစကား ဟောကြားတတ်သည့် ငါဘုရား၏ တပည့်သား သာဝကရဟန်းတော်များတွင် ဤ ရဟန်းဟာ အမြတ်ဆုံး အသာဆုံး ဖြစ်ပေ၏"

လို "စိတ္တကထိကဧတဒဂ်" ဘွဲ့ထူး ပေးသနားတော်မူတယ်၊ အဲဒီလို စိတ္တကထိကဧတဒဂ် ဘွဲ့ထူး ပေးသနားတော်မူတာကို ကိုရင်လောင်းလျာက ကြားရ-မြင်ရတော့ သဒ္ဓါရွှန်းစို ကြည်ညိုတယ်၊ အားကျတယ်၊ သူလဲ အဲဒီလို ဖြစ်ချင်တယ်၊ ဒီတော့ သူက တရားတော်ကို နာကြားနေယင်း စဉ်းစားအံ့ဩနေတယ်။

"ပဒုမုတ္တရ ဘုရားရှင်ရဲ့ တပည့်သား သာဝက တရားဟောတတ်သည့် ရဟန်းတော်တွေများစွာရှိတယ်၊ အဲဒီလို များစွာရှိပါလျက်ကနဲ့ ဒီရဟန်းတော် တပါးတည်းကိုသာလျှင် စိတ္တကထိကဧတဒဂ် ဘွဲ့ထူးပေးခြင်းခံရပေတယ်"

"ဒီရဟန်းတော်ဟာ အင်မတန်တော်တဲ့ ရဟန်းတော်၊ ငါလဲပဲ နောင်ပွင့်လတ္တံ့ဖြစ်တဲ့ တဆူဆူသော ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ လက်ထက်တော်မှာ ဒီရဟန်းတော်ကဲ့သို့ စိတ္တကထိကဧတဒဂ်ဘွဲ့ထူးနဲ့ ချီးကျူးခြင်းခံရလျက် နိဗ္ဗာန်ဝင်စံရပါမူကား ကောင်းလေစွ"

လို့ အဲဒီလို စဉ်းစားအုံသြဘယ်၊ ဖြစ်အောင်လုပ်မယ်လို့လဲ ဆုံးဖြတ်ချက်ချတယ်၊ တရားပွဲကြီးလဲ ပြီးသွားရော လူအများလဲ ပြန်ရော၊ ကိုရင်လောင်းလျာက ဘုရားရှင်ထံသွားပြီး ရိုသေစွာ ရှိခိုးလျှောက်ထားတယ်။

"မြတ်စွာဘုရား နက်ဖြန်ခါ တပည့်တော်ရဲ့ဆွမ်းကို လက်ခံသာယာတော်မူပါ ဘုရား"

"ဒါယကာ ရဟန်းသံဃာတွေက များလှဘိနှယ်"

"မြတ်စွာဘုရား များပါစေဘုရား၊ သာမဏေကလေးတပါး မျှပင် ကျောင်းတော်မှာ ချန်မထားပဲ ရဟန်းသာမဏေအားလုံး နှင့်တကွ တပည့်တော်ရဲ့ဆွမ်းကိုလက်ခံသာယာတော်မူပါဘုရား"

အဲဒီလိုလျှောက်ထားတော့ ဘုရားရှင်ကလဲပဲ လက်ခံသာယာလိုက်တယ်ပေါ့၊ အဲ....နောက်တနေ့မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေအား အလှူကြီး ပေးလှူပါတယ်။

"မဟာဒါန"လို့ ခေါ်တဲ့ အင်မတန်ကြီးကျယ်တဲ့ အလှူကြီး ပေါ့၊ တနေ့နဲ့ လှူလို့အားမရတော့ နေ့စဉ်ရက်ဆက် ပင့်ဖိတ်ကာ ခုနစ်ရက်ပတ်လုံး အလှူကြီးပေးလှူတယ်။

ဆုပန်ပြီ အဲ....အလှူကြီးခုနစ်ရက်လဲ ပေးလှူပြီးရော အခြံအရံနှင့် တကွ ရဟန်းသံဃာတွေရော ဘုရားရှင်ပါပေါ့၊ အားလုံးအတွက် အလှန်မွန်မြတ်တဲ့ အဝတ်သင်္ကန်းတွေ လှူဒါန်း ပြီးတော့....

"မြတ်စွာဘုရား....ဘုရားတပည့်တော်သည် ဒီပူဇော်သက္ကာရမှုကို လူ-နတ်စည်းစိမ်ရဖို့ရန် ပြုလုပ်တာ မဟုတ်ပါ ဘုရား"

"မြတ်စွာဘုရား-စင်စစ်တော့ မြတ်စွာဘုရားတို့သည် ဒီနေ့မှအထက် လွန်ခဲ့တဲ့ခုနစ်ရက်က ရဟန်းတော်တပါးကို ဆန်းကြယ်တဲ့ တရားစကားကို ဟောကြားတဲ့အရာဝယ် အသာဆုံး အမြတ်ဆုံး "စိတ္တကထိကဧတဒဂ်" ဘွဲ့ထူးဖြင့် ချီးကျူးတော်မူခဲ့ပါတယ်"

"မြတ် စွာ ဘု ရား....ဘုရားတပည့်တော်လဲ နောင်ပွင့်လတ္တံ့ဖြစ်တဲ့ တဆူဆူသော ဘုရားရှင်ရဲ့သာသနာတော်မှာ အဲဒီရဟန်းတော်ကဲ့သို့ပင် ဆန်းကြယ်တဲ့ တရားစကားကို ဟောကြားတဲ့အရာဝယ် အသာဆုံး အမြတ်ဆုံး "စိတ္တကထိကဧတဒဂ်" ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရတဲ့ ပုဂ္ဂိုလ်ဖြစ်ရပါလို၏"

လို့ ဆုပန်တယ်၊ အဲဒီလိုဆုပန်ပြီးတော့ ပဒုမုတ္တရ-ဘုရားရှင်ရဲ့ ခြေတော်ရင်းမှာ ဝပ်စင်းပြီးတော့ နေပါတယ်။

အဲဒီလိုနေတော့ ပဒုမုတ္တရ ဘုရားရှင်က "ဩော်....ဒီအမျိုးကောင်းသားဟာ သာမန် အမျိုးကောင်းသား မဟုတ်ပါလား၊ ဘုရားတဆူတဆူမှာ တပါးပါးသာလျှင် ရထိုက်တဲ့ ဘွဲ့ထူးကို ပန်ဆင်တယ်။"

ဒီအမျိုးကောင်းသား ပန်ဆင်တဲ့ဆုဟာ ပြည့်မလား မပြည့်လားလို့ အနာဂတ်ကိုသိတဲ့ အနာဂတံသဉာဏ်တော်နဲ့ ကြည့်ရှုတော်မူတဲ့အခါ ဆုတောင်းပြည့်မယ့် အကြောင်းကို ကောင်းစွာမြင်တော်မူတော့....

"ဒါယကာ....နောက် ကမ္ဘာတသိန်းရောက်တဲ့အခါဝယ် လောကမှာ ဂေါတမဘုရားရှင် ထင်ရှားပွင့်ထွန်းပေါ်ပေါက်လိမ့်မယ်"

"အဲဒီ ဂေါတမဘုရားရှင်ရဲ့ သာသနာတော်ဝယ်
သင်ဟာ ဆန်းကြယ်တဲ့ တရားစကားကို ဟောကြားတဲ့
အရာဝယ် အသာဆုံး အမြတ်ဆုံး"စိတ္တကထိကတေဒဂ်"
ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရတဲ့ ပုဂ္ဂိုလ်ဖြစ်လိမ့်မယ်"

လို့ ဗျာဒိတ်စကားမိန့်ကြားတော်မူပါတယ်၊ အဲဒီလိုမိန့်ကြားတော်မူပြီးတော့ ဆွမ်းအနုမောဒနာတရား ဟောကြားပြီးလျှင် ကျောင်းတော်သို့ ပြန်ကြွသွားတော်မူတယ်။

အဲဒီလိုမိန့်ကြားတဲ့ ဗျာဒိတ်စကားသံလဲကြားရော အမျိုးကောင်းသားဟာ ဝမ်းသာမဆုံး တပြုံးပြုံးနဲ့ပေါ့၊ ရမ္မာကကမ္ဘာတသိန်းမှ ရမှာကို မနက်ဖြန် သန်ဘက်ခါပဲ ရတော့မလို ဝမ်းသာအားရမှုတွေ ဖြစ်တယ်၊ အေး....ကုသိုလ်ပြုပြီး အဲဒီလို ဝမ်းသာဖို့က အရေးကြီးတယ်။

**အန္ဓဝန်တောမှာ** အဲဒီလို ရှေးကုသိုလ်ကံနဲ့ ပြည့်စုံပြီးတော့ ဆုတောင်းပတ္ထနာနဲ့ ပြည့်စုံတဲ့ ဗျာဒိတ်ရဖြစ်တဲ့ ကိုရင်ကျော်ကလေးဟာ ယခု ဘယ်မှာ တရားအားထုတ်နေလဲ ဆိုတော့ သာဝတ္ထိပြည်ဇေတဝန်ကျောင်းအနီး အန္ဓဝန်တောအုပ်ထဲမှာ တရားအားထုတ်နေတယ်။

ကိုရင်ကျော်လေးဟာ ပရိယတ်စာပေလဲ သင်ကြား တရားပဋိပတ်အကျင့်မြတ်လဲ ကျင့်ကြံကြိုးကုတ်အားထုတ်တဲ့ ကိုရင်ကျော်လေးနော်။

"မှန်ပါ ဘုရား"

အဲဒီ ကိုရင်ကျော်လေးဟာ ဘယ်မှာ တရားအားထုတ်နေလဲ ဆိုတော့ လူသူအရောက်အပေါက် အင်မတန်နည်းတဲ့ တိတ်ဆိတ်

ငြိမ်သက်တဲ့ အန္ဒဝန်တောအုပ်ကြီးထဲမှာ တရားအားထုတ်နေပါတယ်၊ အဖော်မပါ တပါးတည်းပါ။

အတုယူဖို့ အင်မတန်ကောင်းပါတယ်၊ ဘုရားရှင်ကလဲ တောမှာ နေတာကို အားပေးပါတယ်၊ ခုခေတ်မှာတော့ အချို့တွေက တောကို အပြစ်ပြောကြပါတယ်၊ အားမပေးဘူး၊ အမှန်က တောရကျောင်းဟာ သာသနာတော် ကြီးပွားကြောင်းထဲမှာ တပါးအဖြစ် ပါပါတယ်၊ ဒီတော့ တောရကျောင်းကွယ်ယင် သာသနာကွယ်ဖို့ နီးလာပြီလို့ မှတ်နော်။

"မှန်ပါဘုရား"

**အန္ဒဝန်မည်ကြောင်း** ဒီနေရာမှာ အန္ဒဝန်မည်ကြောင်းကို နည်းနည်း ပြောကြစို့၊ အဲဒီ တောအုပ်ဟာ ကဿပဘုရားရှင်နဲ့ ဘုန်းကြီးတို့ရဲ့ ဂေါတမဘုရားရှင်နှစ်ဆူတို့ရဲ့ အကြားကာလမှာ အန္ဒဝန်ဆိုတဲ့ တောအုပ်ရယ်လို့ ထင်ရှားခဲ့ပါတယ်။

ထင်ရှားမှုကိုပြောရယင် ဘုရားရှင်နှစ်ဆူကို နှိုင်းယှဉ်ပြောမှ ပိုပြီး သဘောပေါက်ပါမယ်၊ ကဿပဘုရားရှင်ဟာ သက်တော်ရှည်ဘုရားဖြစ်ပါတယ်၊ သက်တော်ရှည်ဘုရားရှင်ကို ဖူးမြင်ရသူတွေကများတော့ ခေတ်တော်ဟာ အစိတ်စိတ်မဖြစ်ပဲ တစိုင်တခဲတည်း မကွဲမပျက်ဖြစ်ပါတယ်။

ဘုန်းကြီးတို့ ဂေါတမဘုရားရှင်ကတော့ သက်တော်တိုတဲ့ ဘုရားရှင်ဖြစ်ပါတယ်၊ သက်တော်တိုတဲ့ ဘုရားရှင်ကို ဖူးမြင်ရသူနည်းတော့ ခေတ်တော်ဟာ အစိတ်စိတ်ဖြစ်တယ်လို့ အဲဒီလိုပဲ အကြမ်းအားဖြင့် မှတ်ထားပါတော့။

သက်တော်ရှည် ကဿပဘုရားရှင်ရဲ့ ရွှေတုံးရွှေစိုင်မှာ တဆူတော်တည်းသော ဓာတ်တော်ကို တဆူတည်းသော စေတီတော်ကြီးတည်ထားတဲ့အခါ မုခ်လေးမုခ်ထားဖို့ကို စဉ်းစားပါတယ်။

၁။ မင်းကြီးက တမုခ်တာဝန်ယူတယ်၊

၂။ ပထဝိန္ဒရမင်းသားက တမုခ်တာဝန်ယူတယ်၊

၃။ စစ်သေနာပတိနဲ့ အမှုထမ်းများက တမုခ်တာဝန်ယူကြတယ်၊

၄။ သဌေးကြီးများ အမှူးရှိတဲ့ တိုင်းသူပြည်သားများက တမုခ် တာဝန်ယူကြတယ်။

အဲဒီမုခ် ၄ မုခ်မှာ (၁,၂,၃) မုခ်တွေက စတင်နိုင်သော်လဲ (၄)မုခ်က ကြန့်ကြာနေပါတယ်၊ အဲဒီအခါမှာ "**ယသောရတ**" အမည်ရှိတဲ့ ပိဋကတ်သုံးပုံဆောင် အနာဂါမ်ဒကာကြီးကသိစောာ့ လှည်းအစီးငါးရာနဲ့ ဇနပုဒ်အတွင်း လှည့်လည်နိုးဆော်ပြီး အလှူခံတယ်။

တိုင်းသူပြည်သား လူအများတို့က မိမိတို့တတ်နိုင်သလောက် ရွှေငွေစသည်ကို လှူကြပါတယ်၊ အဲဒီရွှေငွေစသည်ကို မတတ်နိုင်သူများက ဆန်ဆီစသည်တို့ကို လှူဒါန်းကြပါတယ်။

"**ယသောရတ**" အမည်ရှိတဲ့ ပိဋကတ် သုံးပုံဆောင် အနာဂါမ် ဒကာကြီးက ဆန်ဆီ စသည်တွေကို အလုပ်သမားတွေ စားဖို့ပေးပြီး ကြွင်းတဲ့ အလှူဝတ္ထုများနဲ့ ရွှေငွေတွေကို လဲလှယ်ဝယ်ယူစေပြီး ဘုရားတည်တဲ့ဆီ ပို့ပေးတယ်။

စေတီတော်ကြီး တည်ရာဌာနက စေတီတော်ကြီး တည်ထား ပြီးတဲ့အခါ ယသောရတ အနာဂါမ်ဒကာကြီးထံသို့ "စေတီ တော်ကြီး တည်ထားလို့ ပြီးပါပြီ၊ ဆရာကြီး စေတီတော်ကို ကြွရောက်၍ ရှိခိုးပူဇော်စေလိုပါတယ်"လို့ စာပို့လိုက်တယ်။

ယသောရတ အနာဂါမ်ဒကာကြီးကလဲ "ငါသည် လှည့်လည် ပြီးအလှူခံနေတယ်၊ ရှိတာကိုယူပြီး စေတီတော်ကြီး မြန်မြန် ပြီးစီးအောင် တည်ထားကြ"လို့ စာပို့လိုက်တယ်။

အဲဒီစာနှစ်စောင်ဟာ လမ်းခရီးအကြားမှာ ဆုံမိကြပါ တယ်၊ စေတီတော်တည်ရာဌာနမှ ပို့လိုက်တဲ့စာက ဆရာကြီးထံက ပို့လိုက်တဲ့စာထက် စောပါတယ်။

ယသောရတ အနာဂါမ်ဒကာကြီးက စာဖတ်ပြီးတဲ့အခါ စေတီတော်ဖူးမြင်ရန် အဖော်မပါ တယောက်တည်း စေတီ တော်တည်ရာဌာနသို့ ခရီးထွက်ခဲ့ပါတယ်။

လမ်းခရီးအကြား ခိုးသားတွေနေတဲ့ တောအုပ်သို့ ရောက် တဲ့အခါ ခိုးသားအချို့က ဆရာကြီးကိုမြင်တော့ "ဒီဆရာကြီး ဟာ ဇနပုဒ်လှည့်လည်ပြီး ရွှေငွေတွေ အလှူခံနေတဲ့ ဆရာကြီး ဖြစ်တယ်၊ ရွှေအိုးကြီးများလိမ့်၍ လိမ့်၍ လာပြီ"လို့ ကျန်တဲ့ခိုး သားတွေကိုပြောပြီး ဆရာကြီးကို ဖမ်းဆီးကြပါတယ်။

အဲဒီလို ဖမ်းဆီးပြီး ဆရာကြီးထံမှ ရွှေငွေတွေကို တောင်းကြ တာပေါ့၊ ဒီတော့ အနာဂါမ်ဆရာကြီးက ခိုးသားတွေကို ပြောပြတယ်၊ ဘယ်လိုပြောပြလဲဆိုတော့-

"အမောင်တို့.... အမောင်တို့ဟာ မသိကြသလော၊ ကဿပဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူခဲ့ပြီ၊ အဲဒီ ကဿပ

ဘုရားရှင်ရဲ့ ဓာတ်တော်ကို ဌာပနာပြီး စေတီတော်ကြီး တည်ထားခဲ့ ဖြစ်တယ်''

"အဲဒီ စေတီတော်ကြီးအတွက် ငါသည် တိုင်းသူ ပြည်သား လူအများတွေကို နိုးဆော်ကာ အလှူခံဘယ်၊ ငါ့အတွက် မဟုတ်ပါဘူး၊ အလှူခံလို့ ရ ရသမျှတွေ ကိုလဲ အဲဒီ ရရာ အရပ်ကနေပြီး စေတီတော်ကြီး တည်ရာအရပ်သို့ ပို့ပေးတယ်၊ ငါ့ဆီမှာတော့ ခါးဝတ် မှတာပါး တပြားတချပ်မှ မရှိပါ"

လို့ ပြောတယ်၊ အဲဒီလိုပြောတော့ တချို့ ခိုးသားတွေက "ဒီဆရာကြီး ပြောတဲ့စကားဟာ ပြောတဲ့အတိုင်း မှန်တယ်၊ ဆရာကြီးကို လွှတ်ကြ''လို့ ပြောကြတယ်။

တချို့ ခိုးသားတွေက "ဒီဆရာကြီးဟာ မင်း အပူဇော်ခံ ဆရာကြီး၊ အမတ်အပူဇော်ခံ ဆရာကြီးဖြစ်တယ်၊ ငါတို့အ ကြောင်း မင်း၊ အမတ်တွေကို တိုင်ကြားယင် ငါတို့တတွေ ပျက်စီးနိုင်မယ်၊ ဒါကြောင့် ဒီဆရာကြီးကို မလွှတ်သင့်ဘူး'' လို့ ပြောကြတယ်။

အဲဒီလိုပြောတော့ ယသောရတ အနာဂါမ် ဒကာကြီးက "အမောင်တို့....ငါဟာ သင်တို့ ပြောသလို သင်တို့အကြောင်း မင်းအမတ် စသည်တို့အား မပြောကြား၊ မတိုင်ကြားပါ''လို့ ပြောတယ်၊ အဲဒီလို ပြောတာဟာ သူ့သေမှာ ကြောက်လို့ ပြောတာမဟုတ်ဘူး၊ သူက အနာဂါမ်ပဲ၊ သေမှာတော့ ဘယ် ကြောက်မလဲ၊ အဲဒီ ခိုးသားတွေကို အကုသိုလ်ကံကြီးသင့်ပြီး ဒုက္ခရောက်မှာ သနားလို့ ပြောတာလို့ မှတ်နော်။

"မှန်ပါဘုရား"

အဲဒီလိုပြောတော့ ခိုးသားတွေဟာ ဆရာကြီးကို ဖမ်းမြဲတိုင်း ဖမ်းသင့်တဲ့ဘက်က တစု၊ လွှတ်သင့်တဲ့ဘက်က တစုလို့ နှစ်စုဖြစ်ကြတယ်၊ အဲဒီနှစ်စုမှာ ဖမ်းသင့်တဲ့ဘက်က များလို့ ဖမ်းထားပြီး နောက်ဆုံးတော့ သဘောတူပဲ သတ်ဖြတ်ကြတယ်။

အဲ ...ဂုဏ်ကျေးဇူးကြီးမားလှတဲ့ ပိဋကတ်သုံးပုံဆောင် အနာဂါမ် ဒကာကြီးကို သတ်ဖြတ်တဲ့အတွက် အကုသိုလ်ကံကြီးက ကြီးလေတော့ သတ်ပြီးလျှင် ပြီးချင်းပဲ ခိုးသားငါးရာလဲ မျက်စိကွယ်သွားကြတယ်။

**ပြစ်-ဂ-မျိုးနှင့် ဒဏ် ၁၀-ပါး** ဒီနေရာမှာ စကားအလျဉ်းသင့်လို့ မပြစ်မှားသင့်သူ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး အကျင့်တရားနဲ့ ပြည့်စုံတဲ့ ပညာရှိသူတော်ကောင်းတွေကို ပြစ်မှားတဲ့သူမှာ အပြစ် ဂ-မျိုးနဲ့ ဒဏ် ၁၀-ပါး သင့်ကြောင်းပြတဲ့ လင်္ကာတပုဒ် ရွတ်ပြချင်ပါတယ်၊ လင်္ကာက ဘယ်လိုလဲ....

"အပြစ်ကင်းကွာ၊ နိပ္ပရာဓ၊ ဒေါသမဲ့ငြား၊ သူမြတ်များအား၊ ပြစ်မှားတုံထ! မိုးပေါ်လကို၊ စိတ်ကငြူစူ၊ ပစ်သော မှူသည်၊ ပစ်သူသို့သာ၊ ကျရောက်လာသို့၊ မှန်စွာအပြီး၊ နောက်ပိုးစီးလျက်၊ မြေကြီးမျိုရှောင်း၊ မိကျောင်း-သစ်-ကျား၊ ဖမ်းစား ဘီလူး၊ ရောဂါလှေ့ မှောက်၊ စိတ်နောက်သွေးအန်၊ စက်ပျံမိုးကြိုး၊ ပြစ်ရှစ်မျိုးနှင့်"

"လွှမ်းမိုးပြင်းစွာ၊ ဝေဒနာကြီးမား၊ လျော့ပါး စည်းစိမ်၊ နေအိမ်မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊ ကျိုးပျက်အင်္ဂါ၊ နူနာစိတ်ဖောက်၊ ကျရောက်မင်းဒဏ်၊ မမှန်စွပ်စွဲ၊ ပြိုကွဲမျိုးဆွေ၊ ရွှေ့ငွေ့ကျွဲ့နွား၊ ယွင်း ဖောက်ပြားသား၊ ဆယ်ပါးမျက်မှောက်၊ ဇာတ်ကြီး ရောက်၍၊ နောက်၌ အမြဲ၊ သေဖောက်လဲသော်၊ ငရဲ ကြီးစွာ၊ လားတို့ရာ၏" တဲ့။

ကဲ....ခိုးသားတွေကို ကြည့်ကြပါ၊ မပြစ်မှားသင့်တဲ့ အင်မတန် ဂုဏ်ကျေးဇူးကြီးမားတဲ့ အနာဂါမ် အရိယာ ဒကာ ကြီးကို သတ်ဖြတ်ပစ်တော့ ချက်ချင်း သူတို့ ရဲ့ မျက် စိ တွေ ကွယ်သွားတယ်။

အေး....အဲဒီ မျက်စိကွယ်သွားတဲ့ မျက်ကန်းတွေဟာ အဲဒီ တောထဲမှာ နေကြရတယ်၊ အဲဒီ ခိုးသား မျက်စိကန်းတွေ နေတဲ့တောကို "အန္ဓဝန=အကန်းတော" လို့ ခေါ်တယ်၊ အန္ဓ ဆိုတာက အကန်း, ဝန ဆိုတာက တောပေါ့၊ ဒီတော့ အန္ဓဝန်တော, အကန်းတောပေါ့။

အဲဒီ အန္ဓဝန်တော, အကန်းတောထဲမှာ ကိုရင်ကျော်လေး ရှင်ကုမာရကဿပဟာ တပါးတည်း တရားအားထုတ်နေပါ တယ်၊ အင်မတန် အတုယူဖို့ ကောင်းပါတယ်။

အဲဒီ အန္ဓဝန်တောဟာ ဘုန်းကြီးတို့ ဂေါတမဘုရားရှင်ရဲ့ လက်ထက်တော် အခါမှာတော့ ဇေတဝန် ကျောင်း တိုက်ရဲ့ နောက်ဖေးဘက်မှာ ရှိပါတယ်၊ အာရုံငါးသင်း ဆိတ်ငြိမ်ခြင်း ကို အလိုရှိကြတဲ့ အမျိုးကောင်းသားတွေအတွက် အင်မတန် ကောင်းတဲ့ ကမ္မဋ္ဌာန်းကျောင်းကြီးသဖွယ် ဖြစ်ပါတယ်တဲ့။

**နေရာ အရေးကြီးသည်**

တရားအားထုတ်တဲ့အခါ အားထုတ်ရာ နေရာ ဌာနဟာလဲ အလွန်တရာ အရေးကြီးပါတယ်၊ ယခု ဒီ တရားတော်မှာ အဲဒီနေရာအကြောင်းကို အကျယ်တဝင့် မဟောတော့ပါဘူး၊ အကျယ် သိချင်ယင်တော့ ဘုန်းကြီးရေးထားတဲ့ **“ဗုဒ္ဓ၏သက်သတ်လွတ်”** စာအုပ်မှာ ကြည့်ရှုပါတော့။

ဒီ တရားတော်မှာတော့ အကျဉ်းပဲ ပြောပြပါမယ်၊ တရားအားထုတ်သူများအတွက် သပ္ပါယ ၇-ပါးရှိပါတယ်၊ အဲဒီ ၇-ပါးမျှမှ တရားရပါတယ်၊ အဲဒီ (၇) ပါးမှာ အာဝါသ သပ္ပါယဆိုတာ အားထုတ်ရာဌာန မျှတမှုကို ဆိုပါတယ်။

အဲဒီ တရားအားထုတ်တဲ့ နေရာဌာနက တ ရား ရ ရေး ကို ဉပနိဿယပစ္စည်းနဲ့ အထောက်အပံ့ပေးပါတယ်၊ အဲဒီ အားထုတ်ရာနေရာဌာနတခု မမျှတတာနဲ့ပဲ တရားမရနိုင်ဘူးဆိုတော့ အားထုက်ရာဌာနဟာ အလွန်တရာမှ အရေးကြီးလှပါတယ်။

တရားအားထုတ်ရာဌာနတွေထဲမှာ အာရုံငါးပါးတွေ ဆိတ်သုဉ်းပြီး တရားရရေးကို အများဆုံး အထောက် အကူဖြစ်တဲ့ အကောင်းဆုံးသော နေရာအဖြစ် ဘုရားရှင်က ဘယ်နေရာကို ညွှန်းလဲဆိုတော့ တောကို ညွှန်းပါတယ်၊ ဘုရားရှင်လက်ထက်တော်အခါက အမျိုးကောင်းသား အများစုဟာ တောမှာပဲ တရားအားထုတ်ကြပါတယ်။

**ဖြဟ္မာကြီး ရောက်လာ**

အဲဒီအမျိုးကောင်းသား အများစုထဲမှာ တယောက် အပါအဝင်ဖြစ်တဲ့ ကိုရင်ကျော်လေး ရှင်ကုမာရကဿပလဲ တိတ်ဆိတ်ငြိမ်သက်လှတဲ့ အန္ဓဝန်တော အုပ်ထဲမှာ တရားအားထုတ်နေပါတယ်၊ အဲဒီအချိန်မှာ ဘုရား

ရှင်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတယ်လို့ အာရုံယူထားပါ။

ဘုရားရှင်က ဇေတဝန် ကျောင်း တော် မှာ၊ ကိုရင်ကျော်ကလေး ရှင်ကုမာရကဿပက အန္ဓဝန်တောထဲမှာ တရားအားထုတ်နေတယ်ပေါ့၊ အဲဒါကို အာ ရုံ ယူ ထား ပါ၊ အဲ ဒီ လို တောထဲမှာ တရား အားထုတ်နေစဉ် တနေ့သော ညဥ့်သန်းခေါင်ယံအချိန်မှာ မထင်ရှားတဲ့ နတ်သား တယောက်ဟာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနဲ့ အန္ဓဝန်တော တတောလုံးကို လင်းစေပြီးတော့ ရှင်ကုမာရကဿပထံသို့ လာပါတယ်။

ဒီနေရာမှာ မထင်ရှားတဲ့နတ်သားတယောက်လို့ ဆိုပေမယ့် သာမည နတ်သားတယောက်တော့ မဟုတ်ပါဘူး၊ ဒီနတ်သားဟာ ဟို...အထက် သုဒ္ဓါဝါသဘုံ၌ဖြစ်နေတဲ့ မဟာဗြဟ္မာကြီး အနာဂါမ်ဗြဟ္မာကြီး တယောက်ပါတဲ့။

**ဗြဟ္မာကြီးနှင့် ဘယ်လိုဆက်သွယ်**

ဒီနေရာမှာ အဲဒီအကြောင်းတော့ အနည်းငယ်ရှင်းမှ ဖြစ်မယ်၊ ဒီအနာဂါမ် မဟာဗြဟ္မာကြီးနဲ့ ကိုရင်ကျော်လေးနဲ့ ဘယ်လို အဆက်အသွယ်ရှိလို့ လာတာလဲ၊ အဲဒါကို သိသင့်ပါတယ်၊ သိဖို့လဲ လိုပါတယ်၊ အဲဒီအတွက် အနည်းငယ်မျှ ရှင်းပြပါ့မယ်။

ရှင်ကုမာရကဿပ ကိုရင်ကျော်လေးနဲ့ ယခုလာတဲ့အနာဂါမ် မဟာဗြဟ္မာကြီးတို့ဟာ ဟို...ကဿပဘုရားရှင် သာသနာတော် နောက်ပိုင်းမှာ ရဟန်းပြုပြီး အတူတကွ သက်စွန့်ကြိုးပမ်းတရားကျင့်ခဲ့တဲ့ မိတ်ဟောင်း ဆွေဟောင်းတဲ့။

သာသနာတော် နောက်ပိုင်းဆိုတာက အကျင့်သိက္ခာပိုင်းဘက်က အားနည်းလာတယ်၊ အားနွဲ့လာတယ်၊ ယခုလက်ရှိမျက်မှောက်သာသနာတော်ရဲ့ အခြေအနေပဲကြည့်ပါလား၊ ဘုန်းကြီးတို့ပရိသတ်ရဲ့ ငယ်ငယ်က အခြေအနေနဲ့ တူသေးလား။

"မတူတော့ပါ ဘုရား"

အသက် ၆၀-ကျော် ၇၀-ကျော်တို့ရဲ့ ငယ်ငယ်က အခြေအနေနဲ့ဆိုတာ မပြောထားနဲ့၊ ဘုန်းကြီးတို့ ၄၀-ကျော်ရှိသူတို့ရဲ့ ငယ်ငယ်က အခြေအနေနဲ့တောင် မတူပါဘူး။ ယခု သာသနာတော် အခြေဟာ အတော်ကလေး အားနည်းနေပါပြီ၊ အဲ.... ရှေးကလဲ ဒီလိုပေါ့နော်။

"မှန်ပါ ဘုရား"

အဲ....သာသနာတော် အားနည်းနေတော့ ယခု ကိုရင်ကျော်လေးရယ်၊ ယခုလာတဲ့ အနာဂါမ် မဟာဗြဟ္မာကြီးရယ် အပါအဝင် သူငယ်ချင်း ရဟန်းတော်(၇)ပါးတို့ဟာ သာသနာတော်၌ မရှိမသေ ပြုကြတဲ့ အခြားသူများကို တွေ့မြင်ရတဲ့အခါ သံဝေဂတရား များစွာဖြစ်ပွားကာ တိုင်ပင်ကြတယ်။

> "ငါတို့ဟာ ဒီလို မြို့တွင်း ရွာတွင်းမှာ နေလို့ သာသနာ့အမှု ဘာတွေပြုနိုင်ပါအံ့နည်း၊ မပြုနိုင်ကြမည်သာ ဖြစ်ပါတယ်၊ တနေရာရာမှာ သွားရောက်ကြကာ ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်ကြပြီးတော့ သံသရာဝဋ်ဒုက္ခဆုံးအောင် ပြုကြပါကုန်စို့"

လို့ အဲဒီလို သူတို့တိုင်ပင်ကြတယ်၊ သူတို့ရဲ့ အတိုင်အပင်ဟာ သိပ်ကောင်းတယ်၊ ဒီခေတ်မှာလဲ အဲဒီလိုသဘောရှိတဲ့ရဟန်းတော်တွေရှိပါတယ်၊ တောတွေ တောင်တွေမှာ နှစ်ပါးတစု သုံးပါး

တစုလေးပါးတစုစသည်ဖြင့် သူ့အစုကလေးနဲ့သူ သဘောတူရာ ပေါင်းပြီး တကယ့်ကို သံသရာဝဋ္ဋ်ဆင်းရဲမှ ထွက်မြောက်အောင် ကျင့်နေကြပါတယ်။

အဲဒီလို တောတွေ တောင်တွေမှာ တပါးတည်း နှစ်ပါးတတွဲ စသည်ဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ်နေခြင်းဟာ သာသနာတော်ကို စောင့်ရှောက်နေခြင်းပါပဲ၊မှန်ပါတယ်၊သာသနာတော်ကို အကျင့်သီလနဲ့ပြည့်စုံတဲ့ လဇ္ဇီသူတော်ကောင်း, သူတော်မွန်တွေမှ စောင့်ရှောက်နိုင်ပါတယ်၊ သူတော်ကောင်း သူတော်မွန်တွေ စောင့်ရှောက်ပါမှလဲ တည်တံ့နိုင်ပါတယ်။

**တောင်ပေါ်တက်ပြီ** အဲ....သာသနာတော်ကို စောင့်ရှောက်ချင်တဲ့ ကိုရင်ကျော်လေး လောင်းလျာရယ်၊ မဟာဗြဟ္မာကြီးလောင်းလျာရယ် အပါအဝင် သူငယ်ချင်းရဟန်းတော် (၇)ပါးဟာ သာသနာတော်လဲ စောင့်ရှောက်ရန် သံသရာဝဋ္ဋ်ဆင်းရဲကလဲ ထွက်မြောက်ရန် ကျင့်ကြံကြိုးကုတ်အားထုတ်ဖို့ရာ တောသို့ ဦးတည်ထွက်ခဲ့ကြပြီ။

ဘုန်းကြီးတို့ပရိသတ် တရားအားထုတ်ဖို့ အကောင်းဆုံးနေရာဟာ တော,တောင်ပါပဲ၊ ဒီတော့ တကယ့်တကယ် လိုလိုလားလားနဲ့ တရားအားထုတ်ချင်ယင် အားထုတ်မယ်ဆိုယင် ဒီတော,တောင်ပဲ ဦးစားပေးစဉ်းစားရမယ်နော်။

"မှန်ပါ ဘုရား"

မြို့တွေ ရွာတွေမှာ တရားအားထုတ်တယ် ဆိုတာကတော့ တောတောင် မသွားနိုင်တဲ့အဆုံး မရှိသုံး မဖြစ်သုံးလောက်ပဲ ရတယ်ပေါ့၊ အလကားနေတာနဲ့စာယင် တော်တယ်ပေါ့၊ အဲ....

ယခု ရဟန်းတော် (၇) ပါးဟာ မြို့ရွာက အရှုပ်တော်ပုံတွေကို မြင်ခဲ့လို့ တော,တောင်စခန်းသို့ မြန်းကြခဲ့တာ မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

ရဟန်းတော်(၇)ပါးမှာ သံဝေဂတရားတွေများစွာဖြစ်ပွား နေခတော့ တောထဲလဲရောက်ရော ဘယ်နေရာမှာ အားထုတ်ကြမလဲလို့ တခါ စဉ်းစားကြပြန်တော့ အဲဒီ တောထဲမှာရှိတဲ့ အင်မတန်မြင့်တဲ့ မတ်တဲ့ စောက်တဲ့ တောင်ကြီးကို မြင်ကြတယ်၊ အဲဒီ တောင်မတ်စောက်ကြီးပေါ် တက်ကြတယ်၊ တောင်ကြီးက မတ်လဲမတ် မြင့်လဲမြင့်တော့ လှေကားထောင်တက်ရတယ်၊ တောင်ပေါ်ရောက်တော့ ရဟန်းတော် (၇) ပါးမှ အကြီးဆုံး ထေရ်ကြီးက....

> "ငါ့ရှင်တို့ မိမိရဲ့စိတ်အစွမ်းကို သိသူတွေဟာ လှေကားကို တွန်းချလိုက်ကြလော့၊ ကိုယ်နှင့် အသက်မှာ ငဲ့ကွက် တွယ်တာနေတဲ့သူတွေဟာ ပြန်ပြီးတော့ ဆင်းကြလော့၊ နောက်တခါကျမှ နှလုံးပူပန်မှု မဖြစ်ကြပါနဲ့"

လို့ အဲဒီလို အမိန့်ရှိတယ်၊ အဲဒီလိုအမိန့်ရှိတော့ အားလုံးသော ရဟန်းတော်တွေဟာ တက်လာကတည်းက စိတ်တူသဘောတူ တက်လာတော့ တပါးမှ ပြန်ဆင်းမယ်လို့ မလျှောက်ထားကြပါဘူး။

ဘုန်းကြီးတို့ သာသနာတော်ရဲ့ ထုံးတမ်းစဉ်လာက **"ဆိတ်ဆိတ်နေဝန်ခံ"** တဲ့၊ သံဃာတော်အားလုံးက ဆိတ်ဆိတ်နေတော့ သဘောတူမှန်းသိတဲ့ ထေရ်ကြီးက တောင်ပေါ်ထောင်တက်တဲ့လှေကားကို တွန်းလှန်ချလိုက်ပါတယ်၊ လှေကားမရှိတော့ တောင်အောက်ကို ဘယ်လိုမှ ဆင်းလို့ မရတော့ပါဘူး။

တောင်ကြီးက မြင့်လဲမြင့်တယ်၊ မတ်လဲမတ်စောက်ကြီးဖြစ်နေတယ်၊ ဆင်းလို့တက်လို့ မရနိုင်ပါ၊ ဒီတော့ ဆွမ်းဆင်းခံလို့လဲ မဖြစ်ပါဘူး။

ဆွမ်းမစားပဲနဲ့ (၇)ရက်အတွင်းမှာ တရားရအောင် အားထုတ်ရမှာ၊ (၇)ရက်အတွင်းမှာ တရားရယင်ရ မရယင် သေမယ်၊ အဲဒီလို အတိအကျသိထားတဲ့ပုဂ္ဂိုလ်ဟာ တရားကို ပေါ့ပေါ့ဆဆ အားထုတ်ပါ့မလား၊ ဘယ်အားထုတ်မလဲ၊ တကယ့်ကို လေးလေးစားစားနဲ့ ကြိုးစားအားထုတ်မှာပေါ့။

ကဲ....ခုဘုန်းကြီးတို့ ပရိသတ်တွေ ဘာဖြစ်လို့ ပေါ့ပေါ့ဆဆ နေနိုင်တာလဲ၊ ကဲ....ပြောစမ်းပါအုံး၊ တို့....တော်တော်နဲ့ မသေသေးပါဘူး၊ ဒီတော့ တရားကို ဖြည်းဖြည်းမှ ရှာတာပေါ့၊ ဒီလို နေမှာနဲ့ တူတယ်။

ဟုတ်မှာ၊ ဒါကြောင့် ပေါ့ဆနေကြတာ၊ ယခုဒီရဟန်းတော်(၇)ပါးကိုကြည့်ပါ၊ ထေရ်ကြီးက လှေကားကို တွန်းလှန်ချလဲပြီးရော“ငါ့ရှင်တို့ ရဟန်းတရားကို မမေ့မလျော့အားထုတ်ကြကုန်လော့” လို့ ဆုံးမတော်မူတယ်၊ အချင်းချင်းလဲ အပြန်အလှန်ဆုံးမကြပါတယ်။

အဲဒီလို ဆုံးမကြပြီးတော့ တပါးနဲ့တပါးခွဲပြီး မိမိတို့စိတ်နှစ်သက်ရာသစ်ပင်အရပ်တွေသို့ အသီးသီးကြွကာ သက်စွန့်ကြိုးပမ်း တရားကို အားထုတ်ကြပါတယ်၊ တရားမရယင် (၇)ရက်လွန်မြောက်က သေမယ်ဆိုတာ ကိုယ်စီကိုယ်င သိမထားဘူးလား။

“သိထားပါတယ်ဘုရား”

**တခုသော တရား** — အဲဒီလို သိထားတဲ့သူဟာ အကုသိုလ်ကို မပြုလုပ်တော့ဘူး၊ ကုသိုလ်ကို ကြိုးစားပြုလုပ်တော့မယ်၊ ဒီတော့ မိမိရဲ့သေဘောကို အမှတ်ရမှု အောက်မေ့မှု "မရဏဿတိ"ဟာ တရားရရေးအတွက် အင်မတန်မှပဲ အရေးကြီးပါတယ်၊ ဘုရားရှင်ဟောထားတာ ရှိပါတယ်။

"ရဟန်းတော်များ အိုချစ်သားတို့...တခုသော သေခြင်းတရားကို အဖန်တလဲလဲ မှီဝဲအပ် အဖန်တလဲလဲပွားများအပ် မထင်မမြင်မချင်း၊ အကြိမ်များစွာ စီးဖြန်းခြင်းကို ပြုလုပ်အပ်သည်ရှိသော် သစ္စာလေးပါး မြတ်တရားကို ထူးသောဉာဏ်ဖြင့် သိမြင်ခြင်းငှာ သစ္စာလေးပါး မြတ်တရားကို ထိုးထွင်း၍ သိမြင်ခြင်းငှာ နိဗ္ဗာန်ရဖို့ရာ ဖြစ်၏"တဲ့။

ဒီတော့ ဒီမှာမေးစရာရှိပါတယ်၊ သေခြင်းတရားကို အောက်မေ့တာနဲ့ တရားရတာနဲ့ ဘယ်လိုဆက်သွယ်လဲ၊ အကုသိုလ်ကို အလွန်ကြောက် အလွန်ရှောင်မယ်၊ ကုသိုလ်ကို အလွန်လိုလား အလွန်ကြိုးစားမယ်၊ ဒီတော့ တရားရတယ်၊ အဲဒီလို ဆက်သွယ်တယ်လို့ မှတ်ပါ။

**မရဏဿတိ ပွားများပုံ** — အဲဒါကြောင့်မို့ နိဗ္ဗာန်ရောက်ကြောင်း တရားကို တကယ်လိုလားတဲ့ ယောဂီ သူတော်စင်တွေဟာ "မရဏဿတိ" ကို ပွားများရမယ်၊ မရဏဿတိပွားများနည်းတွေကတော့ အများကြီးပဲ ရှိပါတယ်၊ ဒီမှာတော့ ၃-နည်းလောက် ပြောပြပါမယ်။

"ငါသည် ယနေ့ပဲ သေမလားမသိ၊ တော်ကြာ သေမလား မသိ"

"ငါသည် ယနေ့ပဲ သေမလားမသိ၊ နက်ဖြန်ခါ သေမလား မသိ"

"ငါသည် ဒီလ သေမလား မသိ၊ ဟိုလ သေမလား မသိ"

"ငါ့ရဲ့ရုပ်နာမ်တွေ ယခုသေ၍သေ၍နေပါတကား"

"ငါ့ရဲ့ရုပ်နာမ်တွေ ယခုများစွာ သေ၍သေ၍ နေပါတကား"

"ငါ့ရဲ့ ရုပ်နာမ်တွေ ယခု မ ရေ တွက် နိုင် အောင် များစွာသေ၍ နေပါတကား"

အဲဒီလိုလဲ ပွားများနိုင်ပါတယ်၊ အဲဒီ ပွားများနည်းဟာ သုတ္တန်နည်း အဘိဓမ္မာနည်း ပွားများပုံပေါ့၊ အဲဒီလို မပွားများလျှင်၊ ဟို… ယက်ကန်းသည်မလေး ပွားများသလို ပွားများပေါ့၊ ယက်ကန်းသည်မလေးက-

"အစုဝံ မေ ဇီဝိတံ- ငါ့ရဲ့ အသက်ဟာ မမြဲပါတကား"

"ဓုဝံ မေ မရဏံ- ငါ့ရဲ့ သေခြင်းဟာ မြဲပါတကား"

"အဝဿံ မတာ မရိတဗ္ဗမေဝ- ငါသည် မချွတ်ကေန် အမှန် သေရမှာပါတကား"

"မရဏပရိယောသာနံ မေ ဇီဝိတံ-ငါ့ရဲ့အသက်ဟာ သေခြင်းလျှင် အဆုံးရှိချေ၏ တကား"

"ဇီဝိတ မေဝ အနိယတံ- အသက်ရှင်ခြင်းသည်သာလျှင် မမြဲပါတကား"

"မရဏံ နိယတံ-သေခြင်းကတော့ မြဲပါတကား"

လို့ အဲဒီလိုပွားများတယ်၊ အဲဒီလိုပွားများယင်လဲရပါတယ်၊ ဒီ မ ရ ဏ သ တိ ကို တော့ ပွား ရ မှာ ပဲ၊ ပွား များ မှ တရား တိုးတက်မှာ။

**ရဟန်းတော် ၈-ပါး** ဒီနေရာမှာ ရဟန်းတော် ၈-ပါး မရဏဿတိ ပွားများပုံကို အကျဉ်းချုပ် ပြ ချင် ပါ တယ်၊ အခါတပါးပေါ့၊ ဘုရားရှင်က ရဟန်းတော် အများကို မေးပါတယ်၊ ဘယ်လိုမေးလဲဆိုတော့....

"ရဟန်းတော်များ အို....ချစ်သားတို့၊ ယခု သေရ လိမ့်မယ်၊ တော်တော်ကြာ သေရလိမ့်မယ်လို့ အောက် မေ့တဲ့သတိကို အဖန်တလဲလဲ ပွားများအပ် အကြိမ် များစွာ ပြုလုပ်အပ်သည်ရှိသော် သေ ခြင်း ကင်း ရာ နိဗ္ဗာန်ကို ရောက်တယ်၊ သေခြင်းကင်းရာ နိဗ္ဗာန်ရောက်မှု အကျိုးဆုံးတော့တယ်၊ ရ ဟန်း တော် များ အို .... ချစ် သားတို့....သင် တို့ တ တွေ ဟာ ယ ခု သေ ရ လိမ့် မယ်၊ တော်တော်ကြာသေရလိမ့်မယ်လို့ အောက်မေ့တဲ့သတိကို အဖန်တလဲလဲ ပွားများကြကုန်၏လော"

လို့ အဲဒီလို မေးပါတယ်၊ အဲဒီလိုမေးတော့ အဲ ဒီ ရ ဟန်း တော်အများထဲမှ မရဏဿတိ ပွားများနေတဲ့ ရဟန်းတော် ၈-ပါးက အ သီး သီး သူ တို့ ပွားများပုံကို ဘု ရား ရှင် အား လျှောက်ထားကြတယ်၊ ဘယ်လိုလျှောက်ထားလဲ ဆိုတော့....

၁။ မြတ်စွာဘုရား....တပည့်တော်သည် "ငါဟာ....တနေ့ တညဉ့်လောက် အသက် မ သေ နေ ရ ပါ မူ ကား"

မြတ်စွာဘုရား သုံးလူများရဲ့ တရားဒေသနာမြတ်ဩဝါကို နှလုံးသွင်းရာ၏။

၂။ မြတ်စွာဘုရား....တပည့်တော်သည် "ငါဟာ တနေ့ပတ်လုံး အသက်မသေ နေရပါမူကား" မြတ်စွာဘုရား သုံးလူများရဲ့ တရားဒေသနာ မြတ်ဩဝါကို နှလုံးသွင်းရာ၏။

၃။ မြတ်စွာဘုရား.... တပည့်တော်သည် "ငါဟာ နေ့ထက်ဝက်မျှ အခါပတ်လုံး အသက်မသေ နေရပါမူကား" မြတ်စွာဘုရား သုံးလူများရဲ့ တရားဒေသနာ မြတ်ဩဝါကို နှလုံးသွင်းရာ၏။

၄။ မြတ်စွာဘုရား....တပည့်တော်သည် "ငါဟာ ဆွမ်းတချိန်စားတဲ့ အချိန်အခါကာလပတ်လုံး အသက်မသေ နေရပါမူကား" မြတ်စွာဘုရား သုံးလူများရဲ့ တရားဒေသနာ မြတ်ဩဝါကို နှလုံးသွင်းရာ၏။

၅။ မြတ်စွာဘုရား....တပည့်တော်သည် "ငါဟာ ဆွမ်းတကြမ် စားရဲ့ ထက်ဝက် အခါကာလ ပတ်လုံး အသက်မသေ နေရပါမူကား" မြတ်စွာဘုရား သုံးလူများရဲ့ တရားဒေသနာ မြတ်ဩဝါကို နှလုံးသွင်းရာ၏။

၆။ မြတ်စွာဘုရား....တပည့်တော်သည် "ငါဟာ ဆွမ်းလေးငါးလုတ်စား အခါကာလပတ်လုံး အသက်မသေ နေရပါမူကား" မြတ်စွာဘုရားသုံး လူ များရဲ့ တရားဒေသနာ မြတ်ဩဝါကို နှလုံးသွင်းရာ၏။

၇။ မြတ်စွာဘုရား....တပည့်တော်သည် "ငါဟာ ဆွမ်း တလုတ်စား အခါကာလပတ်လုံး အသက်မသေ နေရပါမူကား"မြတ်စွာဘုရား သုံးလူမျှားရဲ့ တရား ဒေသနာ မြတ်ဩဝါကို နှလုံးသွင်းရာ၏။

၈။ မြတ်စွာဘုရား....တပည့်တော်သည် "ငါဟာ ထွက် လေ ဝင်လေ ရှူသွင်း ရှူထုတ်တဲ့ အခိုက်အတန့်မျှ အခါကာလပတ်လုံး အသက်မသေ နေရပါမူကား" မြတ်စွာဘုရား သုံးလူမျှားရဲ့ တရားဒေသနာ မြတ် ဩဝါကို နှလုံးသွင်းရာ၏။

လို့ အဲဒီလို ရဟန်းတော် ၈-ပါးဟာ အသီးသီး တပါးပြီး တပါး လျှောက်ထားကြပါတယ်၊ အဲဒီ ရဟန်း တော် တွေ ရဲ့ လျှောက်ထားပုံကို လိုရင်းနဲ့ တိုကျဉ်းပြောပြရယင်....

၁။ ပထမ ရဟန်းတော်က တရက်အတွင်း သေရလိမ့် မယ်လို့ နှလုံးသွင်းတယ်။

၂။ ဒုတိယ ရဟန်းတော်က နေထွက်က နေဝင်,နေဝင် က နေထွက်အတွင်း သေရလိမ့်မယ်လို့ နှလုံးသွင်း တယ်။

၃။ တတိယ ရဟန်းတော်က နေထွက်က နေမွန်းတည့် နေမွန်းတည့်က နေဝင်,နေဝင်က သန်းခေါင်, သန်းခေါင်က နေထွက်အတွင်း သေရလိမ့်မယ်လို့ နှလုံးသွင်းတယ်။

၄။ စတုတ္ထ ရဟန်းတော်က ဆွမ်းတကြိမ်စား အခါ အတွင်း သေရလိမ့်မယ်လို့ နှလုံးသွင်းတယ်။

၅။ ပဉ္စမ ရဟန်းတော်က ဆွမ်းတကြိမ်စား ထက်ဝက် အတွင်း သေရလိမ့်မယ်လို့ နှလုံးသွင်းတယ်။

၆။ ဆဋ္ဌမရဟန်းတော်က ဆွမ်းလေးလုတ်, ငါးလုတ် စားအတွင်း သေရလိမ့်မယ်လို့ နှလုံးသွင်းတယ်။

၇။ သတ္တမ ရဟန်းတော်က ဆွမ်းတလုတ်စား အခါ အတွင်း သေရလိမ့်မယ်လို့ နှလုံးသွင်းတယ်။

၈။ အဋ္ဌမ ရဟန်းတော်က ထွက်လေ ဝင်လေအတွင်း သေရလိမ့်မယ်လို့ နှလုံးသွင်းတယ်။

ကဲ....ဘုန်းကြီးတို့ပရိသတ် ရဟန်းတော် ၈ ပါးရဲ့ မရဏ သတိ ပွားများပုံ သေဘေးကို ပွားများပုံ သတိရပုံ ဟာ အလွန်တရာ မနီးကပ်ဘူးလား, နီးကပ်လား။

"နီးကပ်ပါတယ်ဘုရား"

**မေ့သူ-မမေ့သူ** အင်း....ဘုန်းကြီးတို့ ပရိသတ်ကတော့ နီး ကပ် ပါတယ်လို့ ချီးမွမ်းနေ၊ ဘုရားရှင်က ဘယ်လို အမိန့်တော်ရှိတယ်မှတ်လဲ....

"ရဟန်းတော်များ အို ချစ်သားတို့.... ရှေ့ ရဟန်း တော် ၆ ပါးတို့ဟာ သေဘေးကြီးကို မကြောက်လို့ သီလအကျင့် သမထအကျင့် ဝိပဿနာအကျင့်တွေမှာ မေ့လျော့ပေါ့ဆစွာ နေလေ့ရှိတဲ့ ရ ဟန်း တော် တွေ ဖြစ်ကြတယ်"

"ရဟန်းတော်များ အို ချစ်သားတို့....နောက်ရဟန်း တော် ၂ ပါးတို့ဟာ သေဘေးကြီးကို ကြောက်လို့

သီလအကျင့် သမထအကျင့် ဝိပဿနာအကျင့်တွေမှာ
မမေ့မလျော့တဲ့ ရဟန်းတော်တွေ မည်တယ်''

လို့ အဲဒီလို အမိန့်တော်ရှိပါတယ်၊ ကဲ....ကြည့်စမ်းပါဦး၊ အဲဒီ ရဟန်းတော်တွေရဲ့ သဘောကို ရှုမှုကိုတောင်မှ မေ့ပါတယ်ဆိုယင် ဘုန်းကြီးတို့ ပရိသတ်ရဲ့ သဘောရှုမှုကို ဘယ့်နှယ် ဆိုပါမလဲ။

"အလွန်မေ့တယ်လို့ ဆိုပါ့မယ်ဘုရား"

အင်း....သတိထားပေတော့၊ မေ့တဲ့လူရဲ့ အိမ် က ဟာ က ဘာတဲ့လဲ၊ အပါယ်လေးဘုံတဲ့နော်၊ မေ့မနေနဲ့၊ မေ့တာကို ဂုဏ်ယူမနေနဲ့၊ မမေ့တာကို ဂုဏ်ယူပြီး မမေ့အောင် ကြိုးစားရမယ်။

**ရဟန္တာဖြစ်ပြီ**

ကဲ....ကြည့်စမ်းပါ၊ သူငယ်ချင်း ရဟန်း တော် (၇)ပါးကို၊ သူတို့တတွေဟာ စိတ်တူသဘောတူ တောင်ပေါ်တက်ပြီးတော့ လှေကားကို တွန်း ချလိုက် တယ်၊ တရားအားထုတ်နေကြတာ အာရုံယူကြည့်ပါ၊ မမေ့မလျော့ မပေ့ါမဆပေ့ါ၊ မေ့လျော့ပေ့ါဆယင် သေမယ်ဆိုတာ သူတို့ သိထားတယ်၊ သတိရှိထားတယ်။

ခုခေတ်မှာ စကားတခုရှိတယ်၊ ဘာတဲ့လဲ "**သေယင်မြေကြီး-ရှင်ယင်ရွှေထီး**" တဲ့၊ အဲဒီလိုပဲ၊ ရဟန်းတော်(၇)ပါးလဲ တရားအားထုတ်နေတာ ဘယ်လိုတဲ့လဲ "**သေယင်နတ်ပြည်-မသေယင်မဂ်ဖိုလ်**" ပေါ့၊ အားရစရာ ကောင်းလိုက်တာ၊ အားကျစရာ ကောင်းလိုက်တာနော်။

"မှန်ပါဘုရား"

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များဟာ မသေခင် တရားရယင်ရ မရယင် နတ်ပြည်လောက်တော့ ရောက်ဖို့သေချာတယ်၊ အဲဒါ ဘာက ဆောင်သွားတာလဲဆိုတော့ ကျင့်တဲ့ တရားတော်က ဆောင်သွားတာပဲ။

ရဟန်းတော်(၇)ပါးကတော့ နတ်ပြည်ကိုမျှော်တာ မဟုတ်ပါဘူး၊ သာသနာတော် စောင့်ရှောက်ရေးနှင့် တရားရရေးပါပဲ။ အဲဒီလို သေဘေးကို ကြည့်ရှုပြီး မမေ့မလျော့ အားထုတ်လိုက်တော့ ရဟန်းတော်(၇)ပါးတို့အနက် အကြီးဆုံးသေရ်ဟာ ငါးရက်မြောက်နေ့မှာ ရဟန္တာဖြစ်သွားတယ်၊ ရဟန္တာဖြစ်သွားတော့ ဆင်ခြင်တယ်။

"ငါ့ရဲ့ အဖို့အရာ ရဟန်းကိစ္စပြီးလေပြီ၊ ဒီတောင်ထိပ်ပေါ်မှာ ဆက်လက်နေခြင်းဖြင့် ဘာကိစ္စ ပြုစရာရှိတော့အံ့နည်း၊ ပြုစရာကိစ္စ မရှိတော့ပြီ"

လို့ အဲဒီလို ဆင်ခြင်တယ်၊ ဟုတ်တယ်လေ၊ ရဟန္တာဖြစ်သွားပြီဆိုတော့ တရားရေးကိစ္စနဲ့ ပတ်သက်လို့ ပြုစရာကိစ္စမှ မရှိတော့ပဲဟာ၊ ရဟန်းကိစ္စ ပြီးတယ်ဆိုတာဟာ ရဟန္တာဖြစ်သွားတာကို ခေါ်တာပဲ၊

အဲဒီလို စဉ်းစားဆင်ခြင်ပြီးတော့ မြောက်ကျွန်းသို့ ကြွပြီး ဆွမ်းခံတယ်၊ ဆွမ်းခံပြန်ကြွလာတော့ ရေမိုးအဆင်ပြေတဲ့ နေရာမှာ ဆွမ်းဘုဉ်းပေးတယ်၊ ဆွမ်းဘုဉ်းပေးပြီးတော့ နောက်တခါ ဆွမ်းခံပြန်ကြွကာ ရလာတဲ့ ဆွမ်းတွေကို ယူလာပြီး ကျန်တဲ့ရဟန်းတော် ၆ ပါးတို့ကို....

"ငါ့ရှင်တို့ ဒီဆွမ်းကို ဘုဥ်းပေးကြပါ၊ ဆွမ်းခံခြင်းကိစ္စဟာ ငါ့တာဝန်ရှိပါစေ၊ ငါ့ရှင်တို့ဟာ မိမိရဲ့ ကမ္မဋ္ဌာန်းအလုပ်ကိုသာ ကြိုးစားအားထုတ်ကြပါ"

လို့ အဲဒီလို အားပေးစကား ပြောကြားပြီး ဆွမ်း တွေ ကို လှူဒါန်းဆက်ကပ်တယ်၊ အဲဒီလို လှူဒါန်းဆက်ကပ်တော့ ကျန်တဲ့ ရဟန်းတော်(၆)ပါးက ဘယ်လို ပြန်ပြီးတော့ လျှောက်ထားလဲ ဆိုတော့....

"ငါ့ရှင်....ငါတို့ဟာ လှေကားကို တောင် ပေါ် က တွန်းလှန်ချလိုက်စဉ်အခါက ရှေးဦးစွာ လောကုတ္တရာ တရားအထူးကို မျက်မှောက်ပြုတဲ့သူဟာ မရသေးတဲ့ သူများကို ဆွမ်းခံပြီးတော့ ကျွေးရမယ်၊ အဲဒီရှေးဦး စွာ တရားထူးရသူရဲ့ ယူဆောင်လာတဲ့ဆွမ်းကို ကျန်တဲ့ ရဟန်းတွေက စားပြီးတော့ ရဟန်းတရားကို အားထုတ် ရလိမ့်မယ်လို့များ ကတိကဝတ်စကား ပြောကြားခဲ့ကြ ပါသလား"

လို့ အဲဒီလို မေးမြန်းလျှောက်ထားကြတယ်၊အဲဒီလို မေးမြန်း လျှောက်ထားတော့ ထေရ်ကြီးက....

"ငါ့ရှင်တို့....တောင်ပေါ်သို့ တက်စဉ်ကရော လှေ ကားကို တွန်းလှန်ချစဉ်ကပါ ဒီလို ကတိကဝတ်စကား ထားခဲ့ပြောခဲ့တာ မရှိပါဘူး"

လို့ အဲဒီလိုပြန်ပြောတယ်၊ အဲဒီလိုပြောတော့ ကျန်တဲ့ရဟန်း တော်(၆)ပါးက ထေရ်ကြီးကို ရဲရဲတောက် ပြန်ပြီးလျှောက် ထားကြတယ်။

"အရှင်ဘုရား....အရှင်ဘုရားတို့ဟာ ရှေးကောင်းမှု အကြောင်းကြောင့် လောကုတ္တရာတရားကို အရဟတ္တ ဖိုလ်ပေါက် ရရောက်တော်မူခဲ့ကြပါပြီ၊ တပည့်တော်တို့ လဲပဲ စွမ်းနိုင်ကြပါယင် သံသရာဝဋ္ဋဒုက္ခရဲ့ အဆုံးကိုပြုနိုင် ကြပါလိမ့်မယ်၊ အရှင်ဘုရားတို့ အလိုရှိရာအရပ်သို့ ကြွ တော်မူကြပါကုန်လော"

လို့ အဲဒီလို ရဲရဲတောက် လျှောက်ထားကြတယ်၊ ပြီးတော့ ရဟန်းတော်-၆ ပါးဟာ ဆက်လက်ပြီး မမေ့မလျော့ မပေါ့ဆပဲ တရားကို ကြိုးစားအားထုတ်ကြတယ်။

ရဟန္တာထေရ်လဲ အဲဒီ ရဟန်းတော် ၆-ပါးတို့ကို ဆွမ်း ဘုဉ်းပေးဖို့အကြောင်း နောက်ထပ် အနည်းနည်း ပြောဆိုပါ သေးတယ်၊ ဒါပေမယ့် မရဘူး၊ မရတဲ့အဆုံးကျတော့ ချမ်း သာရာ သင့်လျော်ရာ အရပ်သို့ ကြွသွားတော်မူပါတယ်။

**ရဟန္တာဖြစ်ပုံ၂-မျိုး** ဒီနေရာမှာ ရဟန္တာဖြစ်ပုံ နှစ်မျိုးကို မှတ် ထားသင့်ပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ခုခေတ်လူတွေက ရဟန္တာဆိုယင် မြေလျှိုးမိုးပျံနိုင်တယ်ချည်း ထင်မှတ်နေကြတယ်၊ မဟုတ်ပါဘူး။

တချို့ရဟန္တာတွေဟာ သစ္စာလေးပါးသိပြီး ကိလေသာ ကုန်, သံယောဇဉ်ပြတ်ရုံပဲ ရှိပါတယ်၊ တန်ခိုးတွေ ဈာန်တွေ အဘိညာဉ်တွေ မရပါဘူး၊ အဲဒီ ရဟန္တာမျိုးကို "**သုက္ခ ဝိပဿကရဟန္တာ = ဈာန်အဘိညာဉ် အစေးခြောက်တဲ့ရဟန္တာ**" လို့ ခေါ်ပါတယ်။

တချို့ရဟန္တာတွေဟာ သစ္စာလေးပါးသိပြီး ကိလေသာကုန် သံယောဇဉ်ပြတ် ရဟန္တာလဲဖြစ် ဈာန်အဘိညာဉ်လဲ ရတဲ့ ရဟန္တာရှိတယ်၊ အဲဒီ ရဟန္တာတွေရတဲ့ ဈာန်ကိုတော့ "မဂ္ဂသိဒ္ဓဈာန်=မဂ်နဲ့ပြီးတဲ့ဈာန်" လို့ ခေါ်ပါတယ်။

တချို့ ရဟန္တာတွေကတော့ ရဟန္တာမဖြစ်ခင်က ဈာန်, အဘိညာဉ်ရတယ်၊ နောက်မှ ရဟန္တာဖြစ်တယ်၊ အဲဒါမျိုးလဲ ရှိပါတယ်၊ အခု ဒီမှာ သံဃထေရ်ကြီးကတော့ ရဟန္တာလဲ ဖြစ် ဈာန်-အဘိညာဉ်လဲ ရပေါ့၊ မဂ္ဂသိဒ္ဓဈာန်လို့ ခေါ်ပါတယ်။

**အနာဂါမ်ဖြစ်ပြီ** အဲဒါကြောင့် သံဃထေရ်ကြီးဟာ ကောင်းကင်သို့ ပျံကြွပြီး ဆွမ်းခံကပ်တာ ပေါ့၊ ကျင့်ဖော်ကျင့်ဘက် သံဃာတော် အရှင်မြတ်တွေက လက်မခံတော့ တခြားကြွသွားတယ်၊ အရှင်မြတ်တွေဟာ ဆွမ်းမစားပဲနှင့် ဆက်ပြီးတော့ ကြိုးစားကြတယ်၊ အဲ....ခုနစ်ရက်မြောက်တဲ့နေ့မှာ ဒုတိယထေရ်ဟာ အနာဂါမ်ဖြစ်ပြန်တယ်။

အနာဂါမ်ဖြစ်တော့လဲ မဂ္ဂသိဒ္ဓဈာန်ပါရလို့ သံဃထေရ်ရဲ့ အတူပဲ မြောက်ကျွန်းသို့ ကြွပြီး ဆွမ်းခံပြီး ဆွမ်းလှူပြန်တယ်၊ အဲဒီလို လှူပြန်တော့ ကျန်တဲ့ ရဟန်းတော် ၅ ပါးက ပြောပြန်တယ်။

"ငါ့ရှင်....ငါတို့ဟာ လှေကားကို တောင်ပေါ်က တွန်းချလိုက်စဉ်အခါက ပထမတရားရသူရဲ့ ဆွမ်းကို မစားပဲ ဒုတိယတရားရသူ့ရဲ့ ဆွမ်းကို စားပြီးတော့ ရဟန်းတရားကို အားထုတ်ကြရလိမ့်မယ်လို့များ ကတိကဝတ်စကား ပြောကြားခဲ့ပါသလား။

လို့ အဲဒီလို ပြောပြန်တော့ ဒုတိယထေရ်က မပြောခဲ့တဲ့ အကြောင်း ပြန်ပြီး ပြောရတာပေါ့၊ သံဃထေရ်အတူပဲ အနည်းနည်းပြောပြန်တယ်၊ ပြောလို့မရဘူး၊ အဲ....မရတဲ့အဆုံးမှာ ချမ်းသာရာအရပ်သို့ပဲ ကြွပြီးတော့ သီတင်းသုံးတော်မူတယ်။

**ထူးခြားချက်** အဲဒီနေရာမှာ အဆို ထူးခြားချက် တခုတော့ ရှိပါတယ်၊ ဘာလဲဆိုတော့ တရားထူးရတဲ့ ရက်စွဲ မတူတာပါပဲ၊ တချို့နေရာမှာ တရားအားထုတ်တဲ့ နောက်နေ့ ဒုတိယနေ့ပေါ့၊ အဲဒီ ဒုတိယနေ့မှာ သံဃထေရ် ရဟန္တာဖြစ်တယ်၊ တတိယနေ့မှာ ဒုတိယထေရ် အနာဂါမ် ဖြစ်တယ်လို့ အဲဒီလို အဆို ထူးခြားချက် ရှိပါတယ်။

ဘယ်လိုပင် အဆိုထူးခြားသော်လဲ ရဟန္တာဖြစ်တာ အနာဂါမ်ဖြစ်တာ ဆွမ်းကပ်တာ ပယ်လှန်တာ အားလုံးကတော့ အတူတူပါပဲ၊ ဒီအတွက် အငြင်းပွားစရာ မလိုပါဘူး။

**ဘ၀နိဂုံး** အဲ....ဘ၀နိဂုံး တခါဆိုးတော့ အရှင်မြတ်တွေ ဘာဖြစ်ကြသလဲ၊ အဲဒါလေးလဲ မှတ်ထားပါဦး၊ ရဟန္တာထေရ်က အဲဒီ ဘ၀မှာပဲ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းသွားတယ်၊ အနာဂါမ်ထေရ်က အဲဒီဘ၀က စုတိပြတ်ကြွေ သေလွန်တော့ အနာဂါမ် ဗြဟ္မာကြီးဖြစ်တယ်၊ ဟို.... အထက် သုဒ္ဓါဝါသဘုံမှာပေါ့။

ကျန်တဲ့ ရဟန်းတော် ၅ ပါးကတော့ အဲဒီ ဘ၀မှာ မဂ်ဖိုလ် တရားအထူး မရကြရှာပါဘူး၊ အရှင်မြတ် ၅ ပါး စုတိပြတ်ကြွေ သေလွန်တော့ နတ်ပြည်သို့ ရောက်ကြပါတယ်။

ဘုန်းကြီးတို့ပရိသတ် အဲဒါ သာဓကတရပ်ပဲပေါ့။ တရား အားထုတ်သူများ အားကျစရာ အင်မတန်ကောင်းပါတယ်၊ ဒီဘဝမှာ တရားအားထုတ်လို့ ရယင်ရ၊ မရယင် နတ်ပြည် လောက် ဖြစ်ဖို့ကတော့ သေချာပါတယ်နော်။

"မှန်ပါဘုရား"

ဘာကြောင့်လဲဆိုတော့ မိမိတို့ရဲ့ သီလ-သမာဓိ-ပညာတွေ က ဖြူစင် ပြည့်စုံနေလို့ပေါ့၊ နတ်ပြည်ရောက်ပြန်တော့လဲ အခြေ အရံမဲ့ အထီးတည်းမဟုတ်ပါဘူး၊ အထက်တန်းစား အခြေ အရံအများနဲ့ ဖြစ်ပါတယ်။

နတ်ပြည်တပြည်က စုတေတော့ တပြည်၊ အထက်နတ်ပြည် အောက်နတ်ပြည် စုန်ချည်ဆန်ချည်ဖြစ်နေကြပါတယ်၊နတ်ပြည်မှ လူ့ပြည်၊လူ့ပြည်ဖြစ်တော့လဲ အထက်တန်းစား လူဖြစ်ပါတယ်၊ လူ့ပြည်နတ်ပြည် စုန်ချည်ဆန်ချည်ဖြစ်နေကြပါတယ်၊ အပါယ် သို့ မကျပါဘူး၊ ချမ်းသာသုခပဲ ခံစားနေကြရပါတယ်။

ဘယ်လောက် ခံစားရလဲဆိုတော့ ကဿပဘုရားရှင်နှင့် ဘုန်းကြီးတို့ ဂေါတမဘုရားရှင် အဲဒီဘုရားရှင်နှစ်ဆူတို့ရဲ့အကြား ပတ်လုံးပေါ့၊ လူ့ပြည်နတ်ပြည် နှစ်ပြည်ပဲ ကျင်လည်ကျက်စား ရပါတယ်။

**၁။ ပုက္ကုသာတိ** အဲဒီလို သုဂတိဘုံတွေမှာပဲ ကျင်လည်နေရပြီး ဘုန်းကြီးတို့ဘုရားရှင်ပွင့်တော်မူတဲ့အခါ မှာ တယောက်က ဂန္ဓာတိုင်းတက္ကသိုလ်ပြည်မှာ ပုက္ကုသာတိမင်း ရယ်လို့ ဖြစ်လာပါတယ်။

နောက်ပိုင်းမှာ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးရဲ့ လက်ဆောင်ပဏ္ဏာသဝဏ်လွှာအရ အာနာပါနကမ္မဋ္ဌာန်းကို ရှုပွားများရာ ဈာန်ရပါတယ်။

နောက်....ရဟန်းပြုပြီး ဘုရားရှင်ထံကြွလာရာ ရာဇဂြိုဟ်ပြည် အိုးထိန်းသည်ရဲ့ တဲကလေးထဲမှာ ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်လာပြီးဟောတော်မူတဲ့ ဓာတုဝိဘင်္ဂသုတ္တန်တရားတော်ကို နာကြားရလို့ အနာဂါမ်ဖြစ်သွားပါတယ်။

အနာဂါမ်ဖြစ်ပြီးတော့ ရဟန်းပြုရန်အတွက် သင်္ကန်းရှာထွက်စဉ် ဘီလူးမက နွားမယောင်ဆောင်ပြီး ဝှေ့သတ်လို့ စုတိပြတ်ကြွေသေလွန်ရပါတယ်၊ သုဒ္ဓါဝါသဘုံမှာ အနာဂါမ်ဗြဟ္မာကြီး ဖြစ်သွားပါတယ်။

၂။ **သဘိယပရိဗိုဇ်** နောက်တယောက်က ပဗ္ဗတေယျတိုင်း, တနည်းပြောရယင် မဇ္ဈိမတိုင်းမှာ ပရိဗိုဇ်မတယောက်ရဲ့ ဝမ်းတိုက်ထဲ ပဋိသန္ဓေတည်စွဲနေလို့ သဘိယပရိဗိုဇ်ရယ်လို့ ဖြစ်လာပါတယ်။

ပရိဗိုဇ်ဆိုယင် ဘုန်းကြီးတို့ပရိသတ်က သိနေပါပြီ၊ သစ္စကပရိဗိုဇ်လို မိစ္ဆာဒိဋ္ဌိပေါ့၊ ပုထုဇဉ်ဘဝဟာ မိစ္ဆာရယ်, သမ္မာရယ် မတည်မြဲပါဘူး၊ စိတ်မချရပါဘူး၊ အဲ.... သူ့ကို အတိတ်က သူငယ်ချင်းဖြစ်ခဲ့တဲ့ ယခု ရှင်ကုမာရကဿပထံသို့ လာတဲ့ အနာဂါမ် ဗြဟ္မာကြီးက ပြဿနာတွေပေးလို့ နောက်ပိုင်းမှာ ဘုရားရှင်ထံရောက်ပြီး ပြဿနာတွေလျှောက်မေး, သဘောပေါက်၍ ရဟန်းပြုပြီး တရားအားထုတ်ရာ ရဟန္တာဖြစ်သွားပါတယ်။

၃။ **ဗာဟိယဒါရုစီရိယ** နောက်တယောက်က ဗာဟိယ တိုင်း သူကြွယ်အိမ်မှာ ဗာဟိယရယ်လို့ ဖြစ်လာပါတယ်၊ နောက်ပိုင်းမှာ ပင်လယ်ရပ်ခြားတိုင်းတပါးသို့ လှေသင်္ဘောနဲ့ ကုန်ကူးအသွား လေမုန်တိုင်းဒဏ်ကြောင့် သူ့ရဲ့လှေသင်္ဘော ပျက်စီးသွားပါတယ်။

သူက ပျဉ်ချပ်တခု အမှီရတော့ မသေမပျောက်ပဲ ကမ်းသို့ ရောက်လာပါတယ်၊ ကမ်းရောက်တော့ အဝတ်မပါတော့ဘူး၊ ဒီတော့ ကြံရာမရတာနဲ့ ဘယ်သိုလုပ်လဲဆိုတော့ သစ်သားချောင်းကလေးတွေကို လျှော်နဲ့သီပြီးဝတ်ပါတယ်၊ ဒါ့ကြောင့် သူ့ကို ဗာဟိယဆိုတဲ့ မူလအမည်အပြင် "ဒါရုစီရိယ"လို့ တိုးပြီးတော့ "ဗာဟိယ-ဒါရုစီရိယ"လို့ ခေါ်ပါတယ်။

အဲ-သူဟာ နတ်စင်တစင်က ခွက်တခုယူပြီး အဲဒီသင်္ဘောဆိပ်ရွာမှ ထမင်းတောင်းစားပါတယ်၊ သူများတွေထက် ထူးဆန်းနေတဲ့သူကို ပညာဉာဏ်နည်းသူ ရွာသား လူနုံလူအ များက ရဟန္တာ ထင်ကြပါတယ်။

လူတွေဟာ သိပ်ခက်ပါတယ်၊ ပညာမရှိကြပါဘူး၊ ဒီခေတ်မှာလဲ ဒီအတိုင်းပါပဲ၊ နည်းနည်းလေး နာမည်ကြီးလာယင် ကျော်လာယင် ရဟန္တာရယ်လို့ ဆိုင်းဘုတ်တပ်လာပြီ၊ ဟိုတုန်းကလဲ ဒီအတိုင်းပဲ၊ ဗာဟိယကို လူနုံလူအ ရွာသူရွာသားတွေက ရဟန္တာဆိုင်းဘုတ်တပ်ပြီးတော့ လူကြလောင်းကြတော့ ဗာဟိယ အမြောက်အပင့်ဒဏ်မခံနိုင်တော့ပဲ ဘာတရားမှ မကျင့်ပဲ ရဟန္တာ ထင်လာတယ်။

အဲဒါကိုသိတဲ့ အတိတ်က သူငယ်ချင်းဖြစ်ခဲ့တဲ့ အနာဂါမ် ပြဟ္မာကြီးရဲ့ ညွှန်ကြားချက်အရ ဘုရားရှင်ထံရောက်လာပြီး တရားနာရ အားထုတ်ရလို့ ရဟန္တာဖြစ်သွားတယ်။

ရဟန္တာဖြစ်ပြီးတော့ ရဟန်းပြုရန် သပိတ်ပရိက္ခရာအရှာထွက်စဉ် နွားမယောင်ဆောင်တဲ့ ဘီလူးမတကောင်က ဝှေ့သတ်လို့ ပရိနိဗ္ဗာန်ဝင်စံရပါတယ်။

အဲ–ပုက္ကုသာတိမင်းနှင့် ဒီ ဗာဟိယဒါရုစီရိယတို့ဟာ အတိတ်က သူ့အသက်သတ်မှု အကုသိုလ်ကံတခုကို အတူပြုခဲ့မိလို့ အဲဒီ အကုသိုလ်ကံကြောင့် ဘီလူးမက နွားယောင်ဆောင်ပြီး ဝှေ့သတ်ခြင်းခံရပါတယ်။

**၄။ ရှင်ဒဗ္ဗ** နောက်တယောက်က မလ္လတိုင်း အနုပိယမြို့ဝယ် မလ္လမင်း တဦးရဲ့ နန်းအိမ်မှာ ပဋိသန္ဓေတည်စွဲနေလာပါတယ်၊ သူ့ကို ဖွားမြင်ခါနီးမှာ မိခင်သေလွန်ပါတယ်၊ မိခင်ကို မီးသင်္ဂြိုဟ်တော့ ဝမ်းအသားလွှာကို မီးအရှိန်ပြင်းစွာ လောင်ပြီး နှစ်ခြမ်းကွဲသွားပါတယ်။

သူငယ်ဟာ ရှေးကောင်းမှုစွမ်းအင်ကြောင့် ကောင်းကင်သို့ လွင့်စင်ပျံတက်သွားပြီး ဒဗ္ဗခေါ် နေစာမြက်ပုံပေါ်သို့ကျရောက်သွားပါတယ်၊ အဲ....သူ့ကို လူအများက ကောက်ယူပြီး သူ့အဘွားအား ပေးကြပါတယ်၊ အဘွားက နေစာမြက် "ဒဗ္ဗ" ပေါ်ကျရောက်တဲ့အတွက် သူ့ကို "ဒဗ္ဗ"လို့ပဲ မှည့်ခေါ်ပါတယ်။

သူငယ်ကလေး "ဒဗ္ဗ" ခုနစ်နှစ်အရွယ်ရောက်တဲ့အခါ ဘုရားရှင် မလ္လတိုင်းသို့ ကြွရောက်၍ ဖူးမြင်ရသဖြင့် သဒ္ဓါတရားဖြစ်ကာ ကိုရင်ဝတ်ပြီး တရားအားထုတ်ရာ တန်ခိုးကြီးတဲ့ ရဟန္တာကိုရင် ကျော်လေး ဖြစ်သွားပါတယ်။

**၅။ ရှင်ကုမာရကဿပ** နောက်တယောက်က ရာဇဂြိုဟ်ပြည် သဌေးသမီးဝမ်းတိုက်ထဲမှာ ပဋိသန္ဓေတည်စွဲနေပြီး ဘိက္ခုနီမဝတ် သာဝတ္ထိပြည် ဘိက္ခုနီမကျောင်းမှာ မွေးဖွားရတဲ့ ရှင်ကုမာရကဿပ ဖြစ်လာပါတယ်၊ သူ့အတ္ထုပ္ပတ္တိကတော့ အထူး ပြောစရာ မလိုတော့ပါဘူး၊ သိပြီးပါပြီ။

**တရားကျေးဇူး တရားမိတ်ဆွေ** ဒီနေရာမှာ တရားကျေးဇူးနဲ့ တရားမိတ်ဆွေအကြောင်း အနည်းငယ်ပြောချင်ပါသေးတယ်၊ ဒီဘက်ဘဝမှာ အတူတကွ တရားကျင့်ကြတော့ တရားမိတ်ဆွေ၊ မေ့မိတ်ဆွေတွေ ဖြစ်သွားကြတယ်၊ အတူကျင့်ခဲ့တဲ့ တရားတော်က ဒီဘက်ဘဝမှာ မဂ် ဖိုလ် နိ ဗ္ဗာ န် သို့အရောက် ဆောင်ယင်ဆောင် မဆောင်ယင် ဒီ ဘက် ဘ ဝ က သေတဲ့အခါ လူချမ်းသာ နတ်ချမ်းသာကို ဆောင်ပါတယ်၊ အဲဒါဟာ တရားကျေးဇူးပါပဲ။

နောက်တခါ အဲဒီ လူချမ်းသာ နတ်ချမ်းသာမှ တဆင့် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ဆက်လက်ပြီးတော့ ဆောင်ပါတယ်၊ အဲဒီ နောက်နောက်ဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန်ရရေးအတွက် တရားအားထုတ်တဲ့အခါမှာ ဒီဘက်ဘဝက အတူတူ အားထုတ်ခဲ့တဲ့ တရားမိတ်ဆွေမေ့မိတ်ဆွေတွေက အကူအညီပေးတတ်ပါတယ်။

အဲဒါကိုတော့ တခြား သာဓက ရှာစရာမလိုပါဘူး၊ ရှေးကကဿပဘုရားရှင် သာသနာတော် နောက် ပိုင်း မှာ အ တူ တူ တရားကျင့်တဲ့ ရဟန်းတော် ၇-ပါးမှာ တပါးက ရဟန္တာ ဖြစ်သွားတယ်။

တပါးက အနာဂါမ် ဖြစ်သွားတယ်၊ ဗြဟ္မာကြီး ပေါ့၊ ကျန်တဲ့ငါးပါးက ခုနက ပြောခဲ့တဲ့အတိုင်း အသီးသီးဖြစ်ကြတယ်၊ အဲဒီ ငါးပါးအနက် ပုက္ကုသာတိမင်းရယ်, ရှင်ဒဗ္ဗရယ်ကတော့ အတိတ်ဘဝက တရားကျေးဇူးနဲ့ပဲ အနာဂါမ်ဖြစ်ရဟန္တာဖြစ်ကြပါတယ်။

ဗာဟိယဒါရုစီရိယရယ်, သဘိယပရိဗိုဇ်ရယ်, ရှင်ကုမာရကဿပရယ် အဲဒီ ၃-ပါးကတော့ တရားမိတ်ဆွေ, အနာဂါမ်ဗြဟ္မာကြီးရဲ့ အကူအညီနဲ့ သူတို့ရဲ့ တရားကျေးဇူးကြောင့် အသီးသီး ရဟန္တာဖြစ်ကြပါတယ်။

ပုက္ကုသာတိမင်းကြီးတောင်မှ ဗိမ္ဗိသာရမင်း ဆိုတဲ့ တရားမိတ်ဆွေအကူအညီ ပါပါသေးတယ်၊ တရားအရေးမှာ တရားမိတ်ဆွေဟာ အလွန်ပဲ လိုအပ်ပါတယ်။

**ပြဿနာ ၁၅-ပါး ပေး၍သွား**

အဲ....ယခု ကိုရင်ကျော်လေး ရှင်ကုမာရကဿပ တရားအားထုတ်နေတော့ တရားမိတ်ဆွေ, ဓမ္မမိတ်ဆွေဖြစ်ခဲ့ဖူးတဲ့ အနာဂါမ်ဗြဟ္မာကြီးက ဗြဟ္မာ့ပြည်ကနေကြည့်တော့ ကိုရင်ကျော်လေးကို မြင်တယ်၊ မြင်တော့ တရားမိတ်ဆွေအချင်းချင်းမို့ အကူအညီပေးချင်လို့....

"ဩော်....ငါ့ရဲ့သူငယ်ချင်းကား ဝိပဿနာ ဘာဝနာတရားအတွက် ပင်ပန်းလျက်ရှိနေပါလား၊ ငါသွားပြီးတော့ ဝိပဿနာနည်း အမြွက်ကို ဖော်ပြပြီးတော့ မင်္ဂလိုလ်သို့ရောက်ကြောင်း ဥပါယ်ကောင်းကို ပြုပေအံ့"

လို့ ကြံစည်ပြီးတော့ ကိုရင်ကျော်လေးဆီ ရောက်လာတယ်၊ ကိုရင်ကျော်လေးက အရောင်အဝါ မြင်တော့ "ဒီ အရပ်မှာ ထင်ရှားပေါ်လာသူဟာ ဘယ်သူလဲ" လို့ မေးပါတယ်၊ မကြောက်ပါဘူး၊ တကယ်ဆိုတော့ ကိုရင်ငယ်ကလေး တပါးတည်း အထူးအဆန်း ပေါ်လာတော့ ကြောက်စရာကြီးပေါ့။

ဒါပေမယ့် ပါရမီရှင် ကိုရင်ကျော်လေးကတော့ မကြောက်ပါဘူး၊ "သင်.... ဘယ်သူလဲ" လို့ ရဲရဲတင်းတင်းပဲ မေးလိုက်ပါတယ်၊ အဲဒီလို မေးတော့ အနာဂါမ်ပြဟ္မာကြီးက....

"အကျွန်ုပ်သည် ရှေး....ကဿပ မြတ်စွာဘုရားရှင် သာသနာတော် နောက်ပိုင်းမှာ အရှင်ဘုရားနှင့် အတူတကွ ရဟန်းတရားကို အားထုတ်ပြီးတော့ အနာဂါမ် အဖြစ်သို့ရောက်ကာ သုဒ္ဓါဝါသဘုံ၌ဖြစ်တဲ့ ပြဟ္မာကြီး ဖြစ်ပါတယ်"

လို့ လျှောက်ထားတယ်၊ အဲဒီလို လျှောက်ထားတော့ ကိုရင်ကျော်လေးက "သင်သည်....ယခုအခါ အဘယ်အကြောင်းကိစ္စကြောင့် လာရောက်ပါသလဲ" လို့ တိုက်ရိုက်ပဲ မေးလိုက်ပါတယ်၊ အဲဒီလိုမေးတော့ အနာဂါမ် ပြဟ္မာကြီးက မိမိရဲ့ လာရောက်ရခြင်းအကြောင်းရင်းကို ထင်ရှားဖော်ပြရန်....

"ရဟန်း....ရဟန်း-

(၁) ဒီတောင်ပို့ကြီးဟာ၊
(၂) ညဉ့်အခါမှာ အခိုးတွေ လွှတ်ပါတယ်၊
(၃) နေ့အခါကျတော့ မီးလျှံတွေ တဟုန်းဟုန်း တောက်လောင်နေပါတယ်"

လို့ပြောပါတယ်၊ ဒီတော့ ဘုန်းကြီးတို့ပရိသတ်က မှတ်ခဲ့ရမှာက "တောင်ပို့ရယ်, ညဥ့်အခါမှာ အခိုးလွှတ်တာရယ်, နေ့အခါမှာ မီးလျှံတောက်တာရယ်" လို့ အဲဒီသုံးမျိုး ဖြစ်ပါတယ်။

အနာဂါမ်ဗြဟ္မာကြီးက ကိုရင်ကျော်လေးကို "ရဟန်း ရဟန်း" လို့ ခေါ်တာက ရှေးရှေးက ခေါ်ဝေါ်ခဲ့တဲ့ အလေ့အလာကြောင့် ခေါ်တာပါတဲ့၊ နှစ်ခွန်းဆင့်ပြီးတော့ ခေါ်တာကတော့ အရေးတကြီး သုံးစွဲတဲ့ အာမေဍိတ်စကားတဲ့။ ကဲ....ဒါဖြင့် ရှေ့ဆက်ကြအုံးစို့၊ အနာဂါမ်ဗြဟ္မာကြီးရဲ့စကားကို၊ ဗြဟ္မာကြီးက ဘယ်လိုဆက်ပြောလဲ....

(၄) ပညာရှိတဲ့ ဆရာပုဏ္ဏားကြီးက
(၅) တပည့် မောင်ဉာဏ်ရှိကို ခေါ်ပြီးတော့၊
(၆) "တပည့်မောင်ဉာဏ်ရှိ,ဓားလက်နက်ကို ယူပြီးတော့,
(၇) ဒီတောင်ပို့ကြီးကို အဖန်ဖန်တူးလော့"

လို့ ပြောဆိုပြီး အတူးခိုင်းတယ်" တဲ့၊ ကဲ....အဲဒီမှာလဲ မှတ်ခဲ့ရမှာက ဘာလဲဆိုတော့- "ဆရာပုဏ္ဏားရယ်, တပည့်မောင်ဉာဏ်ရှိရယ်, ဓားလက်နက်ရယ်, တူးတာရယ်" မှတ်ခဲ့ရမယ်၊ ဒီတော့ မှတ်မိအောင် အစကနေ ပြန်ပြီးတော့ ဆက်ပြောဦးမယ်....

"ရဟန်း....ရဟန်း....

(၁) ဒီတောင်ပို့ကြီးဟာ
(၂) ညဥ့်အခါမှာ အခိုးတွေ လွှတ်ပါတယ်၊
(၃) နေ့အခါကျတော့ မီးလျှံတွေ တဟုန်းဟုန်းတောက်လောင်ပါတယ်၊
(၄) ပညာရှိတဲ့ ပုဏ္ဏားကြီးက
(၅) တပည့် မောင်ဉာဏ်ရှိကို ခေါ်ပြီးတော့

(၆) "တပည့် မောင်ဉာဏ်ရှိ, ခေါ်လက်နက်ကို ယူပြီး တော့,

(၇) ဒီ တောင်ပို့ကြီးကို အဖန်ဖန်တူးလော့" လို့ပြောဆို ပြီး အတူးခိုင်းတယ်၊

(၈) ဒီတော့ တပည့်မောင်ဉာဏ်ရှိက "ကောင်းပါပြီ ဆရာ ကြီး" လို့ အာမဝန္တံခံပြီး ဆရာကြီးအတူးခိုင်းတဲ့ တောင်ပို့ကြီး ကို အင်မတန်ထက်လှတဲ့ ခေါ်လက်နက်နဲ့ တူးတယ်။

အဲဒီလို တူးတော့ "တံခါးကျည်းမင်းတုပ်" ကို တွေ့တဲ့အခါ "ဆရာကြီး....ဆရာကြီး၊ ကျွန်တော် ဒီတောင်ပို့ကြီးကို တူးတဲ့ အခါ တံခါးကျည်းမင်းတုပ်ကို တွေ့ပါတယ်" လို့ ပြောတယ်။

(၉) အဲဒီလိုပြောတော့ ဆရာပုဏ္ဏားကြီးက "ဟ....တပည့် မောင်ဉာဏ်ရှိ, တံခါးကျည်းမင်းတုပ်ကို တွေ့လို့ရှိယင် အဲဒီတံခါး ကျည်းမင်းတုပ်ကို ဖယ်ပစ်လိုက်။

ထက်မြက်တဲ့ ခေါ်လက်နက်ကို မြဲမြဲစွဲစွဲကိုင်တဲ့ပြီး ဒီတောင် ပို့ကြီးကို ဆက်လက်ပြီးတော့ အဖန်ဖန်တူးလော့" လို့ ပြောဆို ပြန်တယ်။

ဒီတော့ တပည့်မောင်ဉာဏ်ရှိကလဲ "ကောင်းပါပြီ ဆရာ ကြီး" လို့ အာမဝန္တံခံပြီး ထက်မြက်တဲ့ ခေါ်လက်နက်နဲ့ တောင် ပို့ကြီးကို သဲသဲမဲမဲတူးပြန်တယ်၊ အဲဒီလို သဲသဲမဲမဲနဲ့ အဖန်ဖန် တူးတော့ "ဥဒ္ဓုမာယိကခေါ်တဲ့ ဖားပွ" ကို တွေ့တဲ့အခါ "ဆရာ ကြီး ဖားပွကို တွေ့ပါတယ်" လို့ ပြောတယ်။

"ဥဒ္ဓုမာယိကဖားပွ" ဆိုတာ သူ့ကို ထိမိတဲ့အခါ တို့မိတဲ့ အခါ ပွပွထလာတဲ့ ဖားပွတဲ့၊ မထိမိ မတို့မိယင် အကောင်သေး

သေးလေးပဲ၊ အဲ....ထိမိ တို့မိယင်တော့ ပွကား၊ ကြီးထွားလာ တယ်တဲ့။

(၁၀) "အဲဒီဖားပွကို တွေ့ပါတယ်ဆရာကြီး"လို့ ပြော တော့ ဆရာပုဏ္ဏားကြီးက "တပည့်မောင်ဉာဏ်ရှိ၊ ဖားပွကို တွေ့လို့ ရှိယင် အဲဒီဖားပွကို ဖယ်ပစ်လိုက်၊ ထက်မြက်တဲ့ ဓားလက်နက် ကိုယူပြီးတော့ ဖွဲ့စွဲမြဲမြဲနဲ့ ဒီတောင်ပို့ကြီးကို ဆက်လက်ပြီး အဖန် ဖန်တူးလော့"လို့ ပြောဆိုပြန်တယ်။

တပည့်မောင်ဉာဏ်ရှိကလဲ "ကောင်းပါပြီ ဆရာကြီး"လို့ အာမဝန္တခံယူပြီးတော့ သေသေချာချာ ဆက်လက်တူးတဲ့အခါ ဘာတွေ့လဲဆိုတော့ လမ်းနှစ်ခွကိုတွေ့တယ်၊ ၊လမ်းနှစ်ခွကိုတွေ့ တော့ "ဆရာကြီး လမ်းနှစ်ခွကို တွေ့ပါတယ်"လို့ ပြောတယ်။

(၁၁) ဒီတော့ ဆရာပုဏ္ဏားကြီးက "တပည့်မောင်ဉာဏ်ရှိ၊ အဲဒီ လမ်းနှစ်ခွကိုလဲ ဖယ်ပစ်လိုက်၊ ဓားလက်နက်ကို ယူပြီးတော့ ဒီတောင်ပို့ကြီးကို ဆက်လက်ပြီး မြဲမြဲစွဲစွဲနဲ့ အဖန်ဖန်တူးလော့" လို့ ပြောတယ်။

တပည့်မောင်ဉာဏ်ရှိကလဲ စကားနားထောင်တဲ့ တပည့်ပီပီ "ကောင်းပါပြီ ဆရာကြီး"လို့ ဝန်ခံပြီး ဓားလက်နက်ကိုင်စွဲပြီး မြဲမြဲတူးတယ်၊ တူးတော့ ဆပ်ပြာရေစစ်ကိုတွေ့တယ်၊ ဒီတော့ "ဆရာကြီး ဆပ်ပြာရေစစ်ကို တွေ့ပါတယ်"လို့ ပြောတယ်။

(၁၂) အဲဒီလို ပြောတော့ ဆရာပုဏ္ဏားကြီးက "တပည့် မောင်ဉာဏ်ရှိ၊ ဆပ်ပြာရေစစ်ကို တွေ့လို့ရှိယင် အဲဒီ ဆပ်ပြာရေစစ် ကို ဖယ်ပစ်လိုက်၊ ဓားလက်နက်ကို ကိုင်စွဲပြီး မြဲမြဲပဲ ဆက်တူး အုံး"လို့ ပြောတယ်။

တပည့်မောင်ဉာဏ်ရှိကလဲ "ကောင်းပါပြီ ဆရာကြီး" လို့ ဝန်ခံပြီး ခေါးလက်နက်ကိုင်စွဲပြီး မြဲမြဲစွဲစွဲပဲ ဆက်လက်တူးတယ်၊ တူးတော့ လိပ်ကိုတွေ့တဲ့အခါ "ဆရာကြီး လိပ်ကိုတွေ့ပါတယ်" လို့ ပြောတယ်။

(၁၃) ပြောတော့ ဆရာပုဏ္ဏားကြီးက "တပည့်မောင်ဉာဏ်ရှိ, လိပ်ကို ဖယ်လိုက်၊ ခေါးလက်နက်ကိုစွဲပြီး မြဲမြဲစွဲစွဲပဲ ဆက်တူးအုံး" လို့ တူးခိုင်းတယ်။

တူးခိုင်းတော့ တပည့်မောင်ဉာဏ်ရှိက "ကောင်းပါပြီ ဆရာကြီး" လို့ ဝန်ခံပြီး ခေါးလက်နက်ကို ကိုင်စွဲကာ သဲသဲမဲမဲ တူးပြန်တော့ သန်လျက်နဲ့စဉ်းနှီးတုံးကို တွေ့တဲ့အခါ "ဆရာကြီး, သန်လျက်နဲ့ စဉ်းနှီးတုံးကို တွေ့ပါတယ်" လို့ ပြောတယ်။

(၁၄) ဒီတော့ ဆရာပုဏ္ဏားကြီးက "တပည့်မောင်ဉာဏ်ရှိ, အဲဒီသန်လျက်နဲ့ စဉ်းနှီးတုံးလဲ ဖယ်ပစ်အုံး၊ ခေါးလက်နက်ကို ကိုင်စွဲပြီး သဲသဲမဲမဲ ဆက်လက်တူးအုံး" လို့ ပြောပြန်တယ်။

တပည့်မောင်ဉာဏ်ရှိကလဲ "ကောင်းပါပြီဆရာကြီး" လို့ ဝန်ခံပြီး ခေါးသက်နက်ကို ကိုင်စွဲပြီး တအားခဲကာ တောင်ပို့ကြီးကို တူးပြန်တယ်၊ တူးတော့ သားတစ်ကိုတွေ့တဲ့အခါ "ဆရာကြီး, သားတစ်ကို တွေ့ပါတယ်" လို့ ပြောတယ်။

(၁၅) အဲဒီလိုပြောတော့ ဆရာပုဏ္ဏားကြီးက "တပည့်မောင်ဉာဏ်ရှိ, အဲဒီသားတစ်ကိုလဲ ဖယ်ပစ်အုံး၊ ခေါးလက်နက်ကို ယူကာ ဒီတောင်ပို့ကြီးကို အဖန်ဖန်တူးဦးလေ" လို့ ပြောပြန်တယ်။

ပြောတော့ တပည့်မောင်ဉာဏ်ရှိကလဲ ဆရာ့စကား နား ထောင်တဲ့ တပည့်ပီပီ "ကောင်းပါပြီဆရာကြီး"လို့ ဝန်ခံပြီး တောင်ပို့ကြီးကို ဆက်လက်ပြီး တူးပြန်တော့ နဂါးကိုတွေ့တဲ့ အခါ "ဆရာကြီး နဂါးကိုတွေ့ပါတယ်"လို့ ပြောဘယ်။

အဲဒီလိုပြောတော့ ဆရာပုဏ္ဏားကြီးက "တပည့်မောင်ဉာဏ်ရှိ, အဲဒီနဂါးကိုတော့ နေမြဲတိုင်းနေပါစေတော့၊ နဂါးကိုသွား ပြီးတော့ မထိပါးပါနဲ့၊ အဲဒီနဂါးအား ရှိခိုးပါလော့" လို့ ပြောတယ်။

**မှတ်ရန်အချုပ်** ဒီနေရာမှာ ပြောခဲ့တဲ့အထဲက မှတ်ဖို့ရန်အချုပ်ကို ပြန်ပြီးတော့ ပြောပါဦးမယ်၊ သေသေချာချာ မှတ်ထားပါ၊ ဒီ တရားတော်မှာ အဲဒါကို မှတ်မိမှဖြစ်ပါမယ်၊ မှတ်ရမှာတွေက ဘာတွေလဲ....

၁။ တောင်ပို့ရယ်၊
၂။ ညဥ့်အခါမှာ အခိုးလွှတ်ခြင်းရယ်၊
၃။ နေ့အခါမှာ မီးဟုန်းဟုန်းတောက်ခြင်းရယ်၊
၄။ ဆရာပုဏ္ဏားရယ်၊
၅။ တပည့်မောင်ဉာဏ်ရှိရယ်၊
၆။ ဓားလက်နက်ရယ်၊
၇။ အဖန်ဖန်တူးခြင်းရယ်၊
၈။ တံခါးကျည်းမင်းတုပ်ရယ်၊
၉။ ဖားပွရယ်၊
၁၀။ လမ်းနှစ်ခွရယ်၊

၁၁။ ဆပ်ပြာရေစစ်ရယ်၊
၁၂။ လိပ်ရယ်၊
၁၃။ သန်လျက်နဲ့စဉ်းနှီးတုံးရယ်၊
၁၄။ သားတစ်ရယ်၊
၁၅။ နဂါးရယ်၊

အဲဒီ(၁၅)ပါးဟာ ဒီတရားတော်မှာ အချုပ်ပါပဲ၊ အဲဒီ(၁၅)ပါးကို မှတ်ထားပါ။

**လျှို့ဝှက်ပညာသင်ဆရာ** ဒီနေရာမှာ ဥပမာ ဥပမေယျ စပ်ဟပ်လို့ရအောင် လျှို့ဝှက်ပညာသင်ဆရာဖြစ်တဲ့ အတတ်ပညာရှင် ပုဏ္ဏားကြီးနဲ့ တပည့်တွေအကြောင်း ပြောပြပါမယ်၊ ဆရာပုဏ္ဏားကြီးတယောက် ရှိပါတယ်၊ သူ့မှာ တပည့်များစွာရှိပါတယ်၊ အဲဒီဆရာကြီးဟာ လျှို့ဝှက်ပညာတွေ သင်တဲ့အခါ တောမှာမှ သေချာတယ်ဆိုပြီး တပည့်များကို တောထဲခေါ်သွားပြီး ပညာသင်ပေးပါတယ်။

အဲဒီ ဆရာ တပည့် တစုတို့ ပညာသင်တဲ့ အနီးအနားမှာ ညဥ့်အခါမှာ အခိုးတွေလွှတ်, နေ့အခါမှာ မီးလျှံတောက်တဲ့ တောင်ပို့ကြီးတခုရှိပါတယ်၊ အဲဒီ တောင်ပို့ကြီးကိုတွေ့တဲ့အခါ အဲဒီ ဆရာပုဏ္ဏားကြီးက လိမ္မာတဲ့တပည့်တယောက်ကို တူးခိုင်းတယ်။

တူးခိုင်းတဲ့ပုံတွေ တွေ့ပုံတွေ ဆက် တူးခိုင်းပုံတွေကတော့ ခုနက ပြောခဲ့တဲ့အတိုင်းပါပဲ၊ နောက် ဆုံး ရပ် ခိုင်း တဲ့ အ ထိ အတူတူပါပဲ။

ဘုရားရှင်ထံ သွားမေးပါ

ကဲ….အဲဒါကို အဲဒီလောက်ပဲ ထားလိုက်ပါတော့ ခုနက ဗြဟ္မာကြီးက ကိုရင်ကျော်လေးကို "ရဟန်း…. ရဟန်း" နဲ့ ခေါ်ပြီးတော့…. "နဂါး အား ရှိခိုးလော့" အထိ ပြောခဲ့တာ မှတ်မိပါသေးရဲ့လား။

"မှတ်မိပါသေးတယ်ဘုရား"

အဲဒီလိုပြောပြီးတော့ ဗြဟ္မာကြီးက ကိုရင်ကျော်လေးကို ဘယ်လို ဆက်ပြောလဲဆိုတော့….

> "ရဟန်း….သင်သည် ဒီပြဿနာတွေကို ဘုရားရှင်ထံ ချဉ်းကပ်ပြီးတော့ မေးပါ၊ သင့်အား ဘုရားရှင်က ဖြေကြားပါလိမ့်မယ်၊ သင်သည် ဘုရားရှင် ဖြေကြားတော်မူတဲ့အတိုင်း အနက်အဓိပ္ပါယ်ကို မှတ်ထားပါ၊ ရဟန်း…. ဒီပြဿနာတွေရဲ့အဖြေကို အမှန် ဖြေနိုင်မည့် သူမှာ….
>
> ၁။ ဘုရားရှင်ရယ်၊ ၂။ ဘုရားရှင်ရဲ့တပည့်သာဝကရယ်၊ ၃။ အကျွန်ုပ်ထံမှ နာကြားဖူးသူရယ်၊ အဲဒီ သုံးယောက် ကို ချန်လှပ်ဖယ်ရှား အလွတ်ထားပြီး တော့ နတ်, မာရ် နတ်, ဗြဟ္မာနှင့်တကွသော ဩကာသလောက, ရဟန်း, ပုဏ္ဏား,မင်း,ကြွင်းတဲ့လူနှင့်တကွသော သတ္တလောကမှာ စိတ်ကျေနပ်လောက်အောင် ဒီပြဿနာတွေကို ဖြေဆိုနိုင် မယ့်သူကို အကျွန်ုပ် မတွေ့မြင်ပါ"

လို့ အဲဒီလို ဆက်လက်ပြီး လျှောက်ထားပြောဆိုပါတယ်၊ လျှောက်ထားပြောဆိုပြီးတော့ အနာဂါမ် ဗြဟ္မာကြီးဟာ အဲဒီ ပြောတဲ့အရပ်မှာပဲ ကွယ်ပျောက်သွားပါတယ်။

**ဘုရားရှင်အား မေးလျှောက်ထား**

စဉ်းစားသာ ကြည့်ပါတော့၊ ဗြဟ္မာကြီး ကွယ်ပျောက်သွားပြီးတဲ့ နောက်ပိုင်း မှာ ကိုရင်ကျော်လေးဟာ အိပ်လို့တောင်ပျော်ပါ့မလား၊ မိုးလင်းခဲ ဖြစ်နေမလား မသိဘူး၊ အဲ....အမှောင် ကွယ်ပျောက်,မိုးသောက်၍ အလင်းလဲရောက်ရော ကိုရင်ကျော် လေးဟာ ဘုရားရှင်ထံတော်မှောက်သို့ အရောက်သွားကာ ရှိခိုးဦးချပြီး ညက ဗြဟ္မာကြီး သူ့ထံသို့ လာရောက်ပုံ, သူက မေးပုံ, ဗြဟ္မာကြီးက ဖြေပုံ ပြဿနာ (၁၅) ပါး ပေးသွားပုံ အလုံးစုံ လျှောက်ထားပြီးတော့ အဖြေကို မေးလျှောက်ထား ပါတယ်။

"မြတ်စွာဘုရား...."

၁။ တောင်ပို့ဆိုတာ ဘယ်ဟာပါလဲဘုရား၊

၂။ ညဉ့်အခါ အခိုးလွှတ်ခြင်းဆိုဟာ ဘယ် ဟာ ပါ လဲ ဘုရား၊

၃။ နေ့အခါ မီးဟုန်းဟုန်းတောက်ခြင်းဆိုတာ ဘယ်ဟာ ပါလဲဘုရား၊

၄။ ဆရာပုဏ္ဏားဆိုတာ ဘယ်လို ပုဂ္ဂိုလ်ပါလဲဘုရား၊

၅။ တပည့် မောင်ဉာဏ်ရှိဆိုတာ ဘယ်လိုပါလဲဘုရား၊

၆။ ဓားလက်နက်ဆိုတာ ဘယ်ဟာပါလဲဘုရား၊

၇။ တူးခြင်းဆိုတာ ဘယ်လိုပါလဲဘုရား၊

၈။ တံခါးကျည်းမင်းတုပ်ဆိုတာ ဘယ်ဟာပါလဲဘုရား၊

၉။ ဖားပွဆိုဘာ ဘယ်ဟာပါလဲဘုရား၊

၁၀။ လမ်းနှစ်ခွဆိုတာ ဘယ်ဟာပါလဲဘုရား၊

၁၁။ ဆပ်ပြာရေစစ်ဆိုတာ ဘယ်ဟာပါလဲဘုရား၊

၁၂။ လိပ်ဆိုတာ ဘယ်ဟာပါလဲဘုရား၊
၁၃။ သန်လျက် နဲ့ စဉ်းနှီးတုံးဆိုတာ ဘယ်ဟာပါလဲဘုရား၊
၁၄။ သားတစ်ဆိုတာ ဘယ်ဟာပါလဲဘုရား၊
၁၅။ နဂါးဆိုတာ ဘယ်ဟာပါလဲဘုရား၊

လို့ အဲဒီလိုမေးလျှောက်ထားတယ်၊ အဲဒီလို မေးလျှောက်ထားတော့ ဘုရားရှင် ဖြေတယ်၊ အဲဒီ အဖြေကို တိပိဋကဓရ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသရဲ့လင်္ကာကြီးနဲ့ပဲဖြေကြရအောင်၊ အားလုံးပရိသတ် လိုက်ဆိုကြပါ....

၁။ ဤခန္ဓာကိုယ်၊ တောင်ပို့ဆိုလော့၊
၂။ ညဥ့်ကိုလုပ်မျိုး၊ ကြံဖန်ပျိုးသည့်၊ အခိုးလူလူ၊ ထွက်သောဟူ၏၊
၃။ နေ့မူကိုယ်နှုတ်၊ ထိုထို လုပ်၍၊ အားထုတ် ကျင့်ဆောင်၊ မီးတောက်လောင်၏၊
၄။ ဘုန်းခေါင်ထွတ်ထား၊ မြတ်ဘုရားမူ၊ ပုဏ္ဏားဆရာ၊ ဟောမိန့်မှာ၏၊
၅။ ယောဂါဝစရ၊ ပုဂ္ဂလမူ၊ သိသညာဏ်ရှိ၊ ခံတပည့်တည့်၊
၆။ ဝိပဿနာ၊ မဂ်ပညာကား၊ ထက်စွာအသွား၊ သန်လျက်ဓားတည့်၊
၇။ ကြိုးစားလုံ့လ၊ ဝီရိယထန်ပြင်း၊ အားထုတ်ခြင်းကို၊ တူးခြင်းခေါ်ရာ၊
၈။ အဝိဇ္ဇာကား၊ ပိတ်ကာမင်းတုံး၊ စံတန္နုန်းတည့်၊
၉။ ဟုန်းဟုန်းထကြွ၊ မျက်ကောဓမူ၊ ဖားပွဟူဘိ၊
၁၀။ ယုံမှားရှိသား၊ ဝိစိကိစ္ဆာ၊ လမ်းနှစ်ခွတည့်၊

၁၁။ ငါးဖြာနီဝရဏ,ရေစစ်ပြလော့၊
၁၂။ ပဥ္စုပါ-ဒါနက္ခန္ဓာကို,ပမာလိပ်ပုံ,ဟောမိန့်တုံရှင့်၊
၁၃။ အာရုံငါးချက်, ကာမစက်မူ, သန်လျက်ပုံနှုန်း,စဉ်းနှီးတုံးတည်း၊
၁၄။ သားတုံးဟူဘိ,စွဲကပ်ငြိသား,နန္ဒီရာဂစွန့်ခွာမှလျှင်,
၁၅။ အာသဝကင်းကွာ, ရဟန္တာမူ, ပမာနဂါး, ဟောမိန့်ကြားသည့်,ဆယ့်ငါး ပြဿနာရပ်တည်း။

**ခန္ဓာတောင်ပို့**

အဲဒီလင်္ကာကို ကျက်မှတ်ထား ယင် ပြဿနာ (၁၅)ပါးနဲ့အဖြေဟာ ပေါ်လွင်ထင်ရှားပါတယ်၊ အဲဒီလင်္ကာကို အကျဉ်းချုပ်မဖြေတော့ပဲအကျယ်တဝင့်ပဲ လင်္ကာတပိုဒ်စီ တပိုဒ်စီ ရှင်းပြပါမယ်၊ သတိထားပြီးတော့ နာကြားကြပါ။

ကိုရင်ကျော်လေးက ဘုရားရှင်ကို "မြတ်စွာဘုရား တောင်ပို့ဆိုတာ ဘယ်ဟာပါလဲ"လို့ လျှောက်ထားတော့ ဘုရားရှင်က "ချစ်သား....ဤခန္ဓာကိုယ် တောင်ပို့ဆိုလော့"တဲ့၊ ဒီခန္ဓာကိုယ်ကြီးဟာ တောင်ပို့ကြီးပဲတဲ့။

ကဲ....ဒါဖြင့် တရားဟောနေတဲ့ ဘုန်းကြီးနဲ့ ရှေ့မှာထိုင်ပြီးတော့ တရားနာနေတဲ့ ပရိသတ်တွေဟာ ဘာတွေလဲလို့မေးယင် တောင်ပို့တွေပဲလို့ ဖြေရမှာပဲ။

**အပေါက်များလို့**

ဒီလိုဆိုတော့ တောင်ပို့ဟာ နှစ်မျိုးရှိတယ်ပေါ့၊ ပကတိတောင်ပို့၊ ခန္ဓာကိုယ်တောင်ပို့၊ ပကတိတောင်ပို့နဲ့ ခန္ဓာကိုယ်တောင်ပို့နဲ့ တူတယ်တဲ့၊ ကဲ.... ဘယ်လိုတူလဲဆိုတော့ ပကတိတောင်ပို့ဟာ အပေါက်တွေများတယ်၊ ခန္ဓာကိုယ်တောင်ပို့လဲ အပေါက်တွေများတယ်။

အဲဒီလို ပကတိတောင်ပို့နဲ့ ခန္ဓာကိုယ်တောင်ပို့နဲ့ အပေါက်များချင်းတူလို့ ဒီခန္ဓာကိုယ်ကို တောင်ပို့နဲ့တူတယ်လို့ ဆိုတာပါ၊ ဟုတ်ပါတယ်၊ ခန္ဓာကိုယ်တောင်ပို့မှာ မျက်စိပေါက် နားပေါက်မှစပြီး အပေါက်ကြီးတွေနဲ့ မွေးညင်းပေါက် စတဲ့ အပေါက်ငယ်တွေ အများကြီးပဲ ရှိပါတယ်။

ဒီခန္ဓာကိုယ် တောင်ပို့ကအပေါက်ငယ်ကလေးတွေက သိမ်မွေ့တော့ မသိသာပါဘူး၊ ကျောက်ပေါက်မလိုသာ သိသာမယ်ဆိုယင် ဒီခန္ဓာကိုယ်တောင်ပို့ကို ဘယ်သူမှ မက်မောတွယ်တာမှာ မဟုတ်ပါဘူး။

**ပိုးတွေအန်ညစ်ကြေးအန်**

ပြီးတော့ ပကတိတောင်ပို့က မြွေ့၊ မြွေပါ၊ ကြွက်၊ အိမ်မြှောင်၊ ခြကောင် စတဲ့ ပိုးကောင်အမျိုးမျိုးတွေကို အန်ထုတ်တတ်လို့ သူဟာ တောင်ပို့အမည်ရတယ်၊ ပါဠိလိုကတော့ရှင်းပါတယ်၊ "ဝမတီတိ ဝမ္မိကော=အန်ထုတ်တတ်လို့ ဝမ္မိက"တဲ့၊ ဝမ္မိကဆိုတာ တောင်ပို့ပေါ့။

အဲ....ပကတိတောင်ပို့ဟာ သူ့ရဲ့အပေါက်ကြီးငယ် အသွယ်သွယ်မှ မြွေ-မြွေပါ စတဲ့ ပိုးကောင်အမျိုးမျိုးက အန်ထုတ်တတ်သလို ဒီခန္ဓာကိုယ်တောင်ပို့ကလဲ မျက်စိပေါက်က မျက်ချေးတွေ့၊ နားပေါက်က နဖါချေးတွေ၊ နှာခေါင်းပေါက်ကနှပ်တွေ၊ ပါးစပ်က တံတွေးတွေ၊သလိပ်တွေ၊ အရိအရွဲတွေ အန်ထုတ်တယ်။

မွေးညင်း ပေါက်ငယ်ကလေးတွေက ချွေးတွေ အန်ထုတ်တယ်၊ ဒွါရပေါက်ကြီးတွေက ကျင်ကြီးကျင်ငယ်တွေ အန်ထုတ်တယ်။

ပကတိတောင်ပို့က အန်ထုတ်လိုက်တဲ့ ပစ္စည်းတွေဟာ ရှိစရာ မနှစ်သက်စရာဖြစ်သလိုပဲ ခန္ဓာကိုယ်တောင်ပို့က အန်ထုတ်လိုက်တဲ့ပစ္စည်းတွေလဲ ရှိစရာမနှစ်သက်စရာတွေပဲ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

အင်း....အဲဒီလို ရှိစရာ၊မနှစ်သက်စရာ အညစ်အကြေးတွေကို အန်ထုတ်တတ်လို့ ဒီခန္ဓာကိုယ်ကြီးကို တောင်ပို့လို့ ခေါ်တာပဲ။

**အန်စွန့်ထားရာ ကိုယ်ခန္ဓာ**

ပြီးတော့ ပကတိတောင်ပို့ဟာ ခြပုန်း၊ပိုးရှ ကလေးတွေက သယ်လာတဲ့ မြေမှုန့်ကလေးတွေကို အန်ချစွန့်ချလိုက်လို့ ထိုးထိုးထောင်ထောင့်နဲ့ တောင်ပို့ဖြစ်လာတယ်၊ ဒီတော့ ပကတိတောင်ပို့ဟာ ခြကောင်တွေရဲ့ အန်မြေအစုပေါ့၊ ခြကောင်တွေ အန်ထုတ်တဲ့ မြေစုမြေပုံပေါ့၊ ခြအန်မြေပုံကို တောင်ပို့လို့ ခေါ်တာပေါ့။

အဲဒီလိုပဲ ဘုန်းကြီးတို့ရဲ့ ခန္ဓာကိုယ်ကြီးဟာလဲ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တွေက စွန့်အန်ထားတယ်တဲ့၊ ကဲ....မေးပါရစေ၊ ဆံပင်၊မွေးညင်း စတဲ့ ၃၂-စုသော ရှိဖွယ် အစုအပုံတွေကို ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တွေက စွန့်အန်မထားဘူးလား။

"စွန့်အန်ထားပါတယ်အရှင်ဘုရား"

စွန့်အန်ထားတယ်ဆိုတာ အဲဒီဆံပင်၊အမွေးစတဲ့ ၃၂-စုသော ရှိဖွယ်တွေအပေါ်မှာ နှစ်သက်တွယ်တာ သာယာမြတ်နိုးမှုကို စွန့်ထားတယ်၊ အန်ထားတယ်၊ အဲဒါကို ခေါ်ပါတယ်။

ကဲ....ဘုန်းကြီးတို့ပရိသတ် မေးပါရစေ၊မိမိတို့ခေါင်းပေါ်က ဆံပင်ဟာ နံ့သာ၊ အမွှေးအကြိုင်၊အမြဲအခိုင်၊အကောင်း၊အမွန်၊ အမြတ်လား။

"မဟုတ်ပါဘုရား"

မိမိခေါင်းပေါ်က ဆံပင်ဟာ ဘယ်လိုသဘောရှိလဲဆိုတော့ ညှီတယ်၊ နံတယ်၊ သိုးတယ်၊ ပုပ်တယ်၊ မမြဲဘူး၊ မကောင်းဘူး မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

ကဲ....ဒါဖြင့် အဲဒီ ညှီ-နံ့, သိုး-ပုပ်, မမြဲ,မခိုင်, မကောင်းတဲ့ ဆံပင်ရှိနေတာနဲ့ မရှိတာ ဘယ်ဟာ ကောင်းလဲ။

"မရှိတာ ကောင်းပါတယ်ဘုရား"

အင်း....မရှိတာ ကောင်းပါတယ်လို့တော့ ဖြေတာပဲ၊ ဒါပေမယ့် အပြောသိပဲ မကောင်းဘူးလို့ သိပါတယ်၊ တကယ်သဘောသိနဲ့ နှစ်နှစ်ကာကာမသိတော့ ကိုယ့်ဆံပင်လေး စွန့်နိုင်လား, ရိတ်နိုင်လား။

"မနိုင်ပါဘုရား"

အင်း....မနိုင်ဘူးတဲ့၊ ဟုတ်တယ်....ဆံပင်လေး နှစ်သက်လွန်းလို့ တွန့်လိုတွန့်ကောက်လိုကောက်, အမောက်နဲ့, အမြိတ်နဲ့, ဆံရှည်နဲ့,ဆံတိုနဲ့, ကုပ်ဝဲနဲ့, အပေါ်တင်ထုံးတာနဲ့, နောက်တွဲ ထုံးတာနဲ့, တစောင်းထုံးတာနဲ့ စုံလို့ပါပဲ၊ အဲဒါတွေဟာ ကိုယ့်ဆံပင်ကလေးကို ကိုယ်သာယာနှစ်သက် မက်မောလို့ ပြုမူနေတာတွေပေါ့။

အေး....ကိုယ့်ဆံပင်လဲ ကိုယ်သာယာနှစ်သက်တယ်၊ သူများဆံပင်လဲ သွားပြီးတော့ သာယာနှစ်သက်တယ်၊ သူ့ဆံပင်လေး ကကောင်းလိုက်တာတဲ့၊ အဖျားကော့လေးတဲ့၊ ကြည့်ကောင်းတယ်တဲ့၊ အဲဒါ ဆံပင်ကို သာယာနှစ်သက် စွဲမက်နေတာပေါ့။

ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တွေက စွန့်ထားတယ်၊ အန်ထားတယ်၊ ဆံပင်အပေါ်မှာ သာယာမှု၊ နှစ်သက်မှု၊ စွဲမက်မှု မရှိတော့ဘူး၊ ဒီတော့ ဆံပင်နဲ့ပတ်သက်ပြီးတော့ ပြုပြင်ရမှုတွေ အများကြီးပဲ သက်သာသွားပါတယ်။

အင်း....ဒီကနေ့ ဘုန်းကြီးတို့ပရိသတ် ကိုယ့်ကိုယ်ကိုပြန်ကြည့်စမ်း၊ ဆံပင်တခုအတွက်ပဲ အချိန်တွေကုန်လှပြီ၊ ငွေတွေလဲကုန်လှပြီ၊ လူလဲပန်းလှပြီ၊ အဲဒါဘာအတွက်လဲဆိုတော့ ငါ့ဆံပင်လှတယ်ဆိုပြီးတော့ နှစ်သက်စွဲမက် သိမ်းပိုက်ထားတဲ့ အတွက်ပေါ့။

ဆံပင်သာမဟုတ်သေးပါဘူး၊ အစွဲလမ်း အနှစ်သက် အပြုအပြင် လွန်ကဲတာ တခုရှိသေးတယ်၊ ဘာလဲဆိုတော့ မျက်ခုံးမွေးပဲ၊ နည်းနည်းနဲ့ အင်မတန်ပဲ သူ့အတွက် အချိန်ကုန်တယ်၊ အလုပ်ရှုပ်တယ်၊ ဒီ မျက်ခုံးမွေးလေးကို ကွေးရ, ကောက်ရ, နုတ်ရ, မဲအောင်လုပ်ရစသည်နဲ့ အလုပ်ကို ရှုပ်နေတာပဲ။

ပြီးတော့ ရှိသေးတယ်၊ မျက်တောင်မွေး, အဲ....မျက်တောင်မွေး ဒီလိုပဲ၊ အမယ်....တချို့က မျက်တောင်မွေးကို သဘောကျတယ်၊ သူ့မျက်တောင်လေးတွေကကော့လို့တဲ့၊ မျက်တောင်ကော့လေးနဲ့တဲ့၊ အဲဒါ သာယာစွဲမက်တာပဲ၊ ဒီတော့ မျက်တောင်ကိုကော့အောင် သ,ကြရတယ်။

အဲဒါတွေက အမျိုးသမီးတွေဘက်ကပေါ့၊ အမျိုးသားတွေဘက်ကလဲ ရှိသေးတယ်၊ ဘာလဲဆိုတော့ နှုတ်ခမ်းမွေး၊ အမယ်....အဲဒီ နှုတ်ခမ်းမွေးလဲ သာယာစွဲမက်ပြီး သ,ကြတယ်၊ အရှည်ထားလိုက်၊ အတိုထားလိုက်၊ လှအောင် ပြုပြင်လိုက်နဲ့ စွဲလမ်းလိုက်ကြတာ၊ သိမ်းပိုက်လိုက်ကြတာ။

ကဲ....အဲဒီလို သာယာနှစ်သက် သိမ်းပိုက်စွဲလမ်းထားကြတဲ့ ဆံပင်,မျက်ခုံးမွေး,မျက်တောင်မွေး,နှုတ်ခမ်းမွေး,တပင်တလေ ကျွတ်ကျယင် ကောက်ယူပြီး သေတ္တာထဲသိမ်းထားသေးလား။

"မသိမ်းထားပါဘုရား"

ဘာဖြစ်လို့ မသိမ်းထားလဲဆိုတော့ ရွံဖွယ်ဖြစ်လို့ပါ၊ မှန်ပါတယ်၊ ဒီ ဆံပင်စသည်တွေဟာ မိမိကိုယ်နဲ့ စပ်သွယ်နေတာတောင်မှ နံလို့,ညှီလို့,သိုးလို့,ပုပ်လို့ အမွေးအကြိုင်တွေနဲ့ ပြုပြင်နေရတာ၊ ကျွတ်ကျပြီဆိုတော့ ပိုပြီးတော့ နံညှီပုပ်သိုးမှာပေါ့၊ ဘယ်မှာ သာယာနှစ်သက်စွဲမက်တွယ်တာစရာ ရှိမှာလဲ။

ပြီးတော့ သာယာနှစ်သက် စွဲမက်တာ တခုရှိသေးတယ်၊ ဘာလဲဆိုတော့ လက်သည်း ခြေသည်းပေါ့၊ တချို့က အရှည်ကြီးထားတယ်၊ ပြီးတော့ဆေးဆိုးတယ်၊အမှန်က ပင်ကိုယ်ကပင် ရွံဖွယ်ဖြစ်နေပါတယ်၊ ဆေးဆိုးတော့ သာပြီးတော့တောင်မှ ရွံဖွယ်ဖြစ်ပါသေးတယ်။

အဲဒီ လက်သည်း ခြေသည်းကို ကိုယ်မှာ အရှည်ထားပြီး နှစ်သက်စွာ ပြုပြင်ထားသော်လဲ လှီးဖြတ်လဲပြီးရော ကိုယ်ပေါ်မှာ မပြောနဲ့ အိမ်ထဲမှာတောင် မထားတော့ဘူး၊ မထားသမှ လွှင့်ပစ်တာတောင် အိမ်ရှေ့က လွှင့်မပစ်ပဲ၊ အိမ်နောက်က လွှင့်ပစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အသုဘမို့တဲ့။

ဘာဖြစ်လို့ လွှင့်ပစ်လဲဆိုတော့ ဒီ လက်သည်း ခြေသည်း တွေ အိမ်ထဲမှာရှိနေယင် စီးပွားပဲ ပျက်တော့မလိုလို၊ လူပဲ ထိခိုက်တော့မလိုလို ယူဆကြလို့ပဲ၊ ပြီးတော့ အိမ်ရှေ့မှာပစ်ယင်လဲ ဒီလိုပဲ၊ စီးပွားပျက်မယ်၊ ထိခိုက်မယ် ယူဆကြတယ်။

အဲဒါဟာ သဘာဝမကျလှပါဘူး၊ လှဲ့ပစ်လိုက်တဲ့ ခြေသည်းလက်သည်းက ထိခိုက်ယင် ပျက်စီးယင် ကျန်နေတဲ့ ခြေသည်းလက်သည်းကလဲ ထိခိုက်ရမှာပေါ့၊ အတူတူပဲဟာ၊ အဲဒီအယူအဆတွေဟာ တခုမှ မဟုတ် မမှန်ပါဘူး၊ သဘာဝလဲ မကျပါဘူး။

ရွှေသွားလေးနဲ့ နောက်တခု စွဲလမ်းတာရှိသေးတယ်၊ ဘာလဲဆိုတော့ သွားတဲ့၊ အမယ်....သူ့ သွားလေးက သိပ်လှတယ်၊ သွားတက်လေးနဲ့၊ ရွှေသွားလေးနဲ့ဆိုတော့ သိပ်ကြည့်ကောင်းတယ်တဲ့၊ သွားကို ချီးမွမ်းကြတယ်။

အဲဒီတော့ ကိုယ့်သွားကို ကိုယ်လဲ သာယာနှစ်သက်တယ်၊ သူများတွေ သာယာနှစ်သက်အောင်လဲ ပြုပြင်ရတယ်၊ အဲဒီအတွက်ပဲ အမောတကောပဲ၊ ဘယ်လောက် ပြုပြင်-ပြုပြင် အဲဒီသွား ကျိုးလဲသွားရော ဘယ်သူက သိမ်းထားသေးလဲ။

"ဘယ်သူမှ သိမ်းမထားပါဘုရား"

ကဲ....ယခုနေ့ တရားပွဲက ထသွားတဲ့အခါ ကိုယ်မှာဝတ်ထားတဲ့ လက်ကောက်တို့, လက်စွပ်တို့, လက်ပတ်နာရီတို့ ကျွတ်ကျယင် ဘယ့်နှယ်နေမလဲ၊ ဒီအတိုင်း ထားလိုက်မလား၊ လိုက်ရှာပြီးတော့ ကောက်ယူသိမ်းထားမလား။

"လိုက်ရှာပြီး ကောက်ယူသိမ်းထားပါမယ်ဘုရား"

အင်း....သွားကျိုးသွားတော့ ကိုင်တောင်မှ မကိုင်ချင်တော့ဘူး၊ သိမ်းဆည်းထားဖို့ဆိုတာ ဝေလာဝေးရောပဲ၊ ဘာဖြစ်လို့ဆိုတော့ ရွံလို့တဲ့၊ ကဲ....ပါးစပ်ထဲမှာ အဲဒီ သွားနဲ့ပဲဝါး

ပြီး ဝမ်းထဲမျိုချနေတာ တခါမှမရှိခဲ့ဘူး၊ ကျီးမှ ရှိဘယ်တဲ့၊ အမှန်က ကျီးလဲရှိငရာ မကျီးလဲရှိစရာပါပဲ။

ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ အရှင်မြတ်တွေကတော့ အဲဒီ ဆံပင်, အမွေး, ခြေသည်း, လက်သည်း, သွားတို့အပေါ်မှာ သာယာ နှစ်သက်မှု, စွဲလမ်းတွယ်တာမှုတွေကို စွန့်ထားပြီးပြီ၊ အန်ထားပြီးပြီ၊ ဘုန်းကြီးတို့ကတော့ သာ ယာ နှစ် သက် စွဲ မက် မျိုသိပ်တုန်းပဲပေါ့ ဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

**အရေခွံလဲ စွဲမက်တယ်**

သူများကိုယ်ပဲ ကြည့်ကြည့်၊ မိမိကိုယ်ပဲ ကြည့်ကြည့် တကယ်မြင်ရတာက ဘာကိုမြင်ရလဲဆိုတော့ အပေါ်ယံ အရေခွံကိုမြင်ရတာပါ၊ အဲဒီ အရေခွံကိုပဲ ငါ-သူတပါး, ယောကျ်ား, မိန်းမလို့ စွဲလမ်းပြီး လှတယ်, ပတယ်နှင့် သာယာနှစ်သက် နေကြတာ။

သူ့အသားလေးက ချောညက်နေတာပဲ၊ နူးညံ့ နေတာပဲနဲ့ ထင်နေကြတယ်၊ သူ့နှုတ်ခမ်းလေးက နီလို့တဲ့, လက်ဖဝါးခြေဖဝါးလေးတွေကလဲ နီလို့တဲ့၊ သွေးခြေနုလို့တဲ့၊ ကိုယ်ကလေးက တုပ်တုပ်ခဲခဲနဲ့တဲ့၊ ထင်မြင်ကြ, သာယာမက်မောကြတယ်။

မိမိကိုယ်ကို သူများတွေက သာယာမက်မောအောင် အဲဒီ အရေပေါ်မှာ သနပ်ခါး, ပေါင်ဒါ, မျက်နှာချေ စသည်တွေနဲ့ အမွှမ်းတင်ရတယ်၊ နှုတ်ခမ်းနီ ပါးနီ ဆိုးရတယ်၊ ပြီး တော့ အဲဒီ အပေါ်ယံ အငှားတန်ဆာနဲ့ပဲ မိမိကိုယ်ကို အထင်ကြီးကြတယ်၊ သူများကိုယ်ကိုလဲ အထင်ကြီးပြီး သာယာမက်မော စွဲလမ်းနေကြပါတယ်။

**မြင်ရတဲ့ရှုံ့စရာ** အဲ....ယခု ပြောခဲ့တဲ့ ဆံပင်,အမွေး,ခြေသည်း, လက်သည်း,သွား,အရေဆိုတာတွေဟာ မျက်စိနဲ့မြင်နေရတဲ့ ရှုံ့စရာတွေပါ၊ ဒါပေမယ့် မရှုံ့ကြပါဘူး၊ မိမိရဲ့ ကိုယ်ပေါ်မှ ကွာကျမှ ကျွတ်ကျမှပဲ ကိုယ်နဲ့ လွတ် သွား မှ ပဲ၊ ရှုံ့ကြပါတယ်။

အမှန်တကယ်ကတော့ ကိုယ်ပေါ်မှာ ရှိနေစဉ်ကတည်းကပဲ ရှုံ့စရာမို့ ကိုယ်ကနေလွတ်သွား,ကျွတ်သွားတော့လဲ ရှုံ့စရာဖြစ်တာပေါ့၊ စိန်, ရွှေ, ငွေ, တွေ ကြည့်ပါလား၊ ကိုယ်မှာ ရှိစဉ်လဲ နှစ်သက်စရာပဲ၊ ကိုယ်ကလွတ်သွားတော့လဲ နှစ်သက်စရာပဲ။

ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်....အဲဒီ မြင် ရ တဲ့ ရှုံ့ စ ရာ အပေါ်မှာ ရှုံ့စရာပဲလို့ ထင်မြင်ပြီး တပ်မက်နှစ်သက်မှုကို စွန့်နိုင်အောင် ဟောဒီ တစပဥ္စက ကမ္မဋ္ဌာန်းလင်္ကာလေးနဲ့ ရှုပွားရအောင် အားလုံးပဲ လိုက်ဆိုကြည့်စမ်းပါ။

> "ငါ၏ကိုယ်မှာ၊ နံ့သာ မွေးကြိုင်၊ မြဲ ခိုင် လှ စွာ၊ ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ အမွေးရှိ၍၊ ရှိသည် လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်း တထွေ၊ အရေတမျိုး၊ ညှီနံ့ဆိုးသည်၊ အသိုးအပုပ်ချည်းပါ တကား"

အဲဒီလင်္ကာလေးမှာ လာတဲ့ သဘောသွားတွေ ထင်အောင် မြင်အောင် ဖြည်းဖြည်းချင်း ရွတ်ဆိုပြီး မိမိကိုယ်ကိုမိမိ ရှုကြည့်ပါ၊ သူတပါးတွေကိုလဲ ရှုကြည့်ပါ၊ ထင်အောင် မြင်အောင်ရှုကြည့်ပါ၊ ထင်မြင်လို့ရှိယင် နှစ်သက်တွယ်တာ စွဲလမ်းမှုတွေ စွန့်နိုင်ပါလိမ့်မယ်။

**မမြင်ရရာ ရှိစရာ** အဲ....ယခုပြောခဲ့တဲ့ ဆံပင်၊အမွေး စသည်တို့မှ တပါး အသား၊အကြောစတဲ့ ကြွင်းတဲ့ရှိစရာတွေကတော့ မမြင်ရတဲ့ ရှိစရာတွေပဲ၊ အဲဒီအထဲမှာ မြင်ရတဲ့ ရှိစရာတွေလဲ ရှိပါသေးတယ်၊ ဘာတွေလဲဆိုတော့ တံတွေးတို့၊ နှပ်ချေးတို့၊သလိပ်တို့၊ချွဲတို့၊ပြည်တို့၊သွေးတို့၊ချွေးတို့ဟာ ရှိစရာတွေပေါ့။

ဒါပေမယ့် အဲဒီရှိစရာတွေကို ကိုယ်နဲ့စပ်နေတုန်း၊ ကိုယ်က မကွာကျခင်တော့ မရှိကြပါဘူး၊ ရှိစရာ မထင်ကြပါဘူး။

အဲ....ဒီကိုယ်ကလဲ ကွာကျသွားရော ရှံပြီ၊ ကိုယ်မှကွာမကျခင် နှင့် ကိုယ်မှကွာပြီးနဲ့ တသားတည်းအတူကျအောင် အတူမြင်အောင်ကြည့်ရှုရမယ်၊ အဲဒီလို ကြည့်ရှုနိုင်ယင် ဒီခန္ဓာကိုယ်ကို ချစ်ခင်တွယ်တာမှုတွေ စွန့်နိုင်ပါလိမ့်မယ်။

အမှန်မှာ အဲဒီ ၃၂-ပါးသော ရှိစရာတွေ အစုအပေါင်းကိုပဲ ကိုယ်ခန္ဓာလို့၊ယောကျာ်းလို့၊မိန်းမလို့ ခေါ်ဝေါ်ပြီး ချစ်ခင်စွဲလမ်းနေကြတာပါ။

ဘုရား၊ပစ္စေကဗုဒ္ဓါ၊ရဟန္တာအရှင်မြတ်တွေကတော့ကိုယ်ခန္ဓာရဲ့ သဘာဝကိုသိလို့ စွဲလမ်း၊တွယ်တာနှစ်သက်မှုတွေ စွန့်လိုက်ပြီ၊ အန်လိုက်ပြီ၊ ထွေးလိုက်ပြီ။

အဲဒါကြောင့် ဘုရား၊ပစ္စေကဗုဒ္ဓါ၊ရဟန္တာအရှင်မြတ်တွေ စွန့်ထားတဲ့ အန်ထားတဲ့ ထွေးထားတဲ့ ကိုယ်ခန္ဓာတောင်ပို့နဲ့ ခြကောင်တို့ စွန့်ထား၊ အန်ထား၊ ထွေးထားတဲ့ ပကတိတောင်ပို့ တူတယ်လို့ ဥပမာပြုပါတယ်။

**အနှမ်ူ တံတွေး အစေးဖွဲ့ကာ**

ကိုယ်ခန္ဓာတောင်ပို့နဲ့ ပကတိတောင်ပို့ တူပုံနောက်တမျိုးက ဘယ်လိုလဲဆိုတော့ ပကတိတောင်ပို့ဟာ ခြကောင်ကလေးတွေ ထွေးအန်ထုတ်တဲ့ တံတွေးတွေ အာစေးတွေနဲ့ စုစပ်ဖွဲ့စည်းထားတဲ့ မြေမှုန့်အစုဖြစ်သလို ဒီကိုယ်ခန္ဓာ တောင်ပို့ကြီးဟာလဲ ဘဝတဏှာအစေးနဲ့ ဖွဲ့စပ်ချုပ်မြှေးထားတဲ့ ရုံစရာအစုအပုံကြီးပါပဲ။

ခြတောင်ပို့ဟာ အဲဒီတံတွေး အာစေးလေးတွေနဲ့သာ မဖွဲ့ထားယင် ပြိုလဲပျက်စီးသွားမယ်၊ တောင်ပို့မဖြစ်နိုင်ပါဘူး၊ ဖြစ်ပြီးသားလဲ ပျက်သွားမယ်။

ကိုယ်ခန္ဓာတောင်ပို့လဲ အဲဒီလိုပါပဲ၊ ဘဝကို မက်မောတွယ်တာတဲ့ ဘဝတဏှာအစေးနဲ့ မချုပ်မစပ် မမြှေးမရှက်ထားယင် ရှိပြီးသားကိုယ်ခန္ဓာတောင်ပို့ဟာလဲ ပြိုကွဲပြီ၊ နောက်ထပ်လဲ ဒီလိုကိုယ်ခန္ဓာတောင်ပို့မျိုး ပေါ်ပေါက်လာနိုင်မှာ မဟုတ်တော့ပါဘူး။

**ပိုးနေ ပိုးပွား**

ပြီးတော့ ပကတိတောင်ပို့ထဲမှာ မြွေ၊မြွေပါစတဲ့ ပိုးအမျိုးမျိုးတွေ နေပါတယ်၊ တောင်ပို့ဆိုတာ စင်စစ်တော့ ပိုးအမျိုးမျိုးတို့ရဲ့ နေရာပါပဲ၊ ဒါဖြင့်ယင် အဲဒီ မြွေ၊မြွေပါတွေ ပိုးအမျိုးမျိုးတို့ နေရာဖြစ်တဲ့ တောင်ပို့နားကိုသွားပါ၊ တောင်ပို့နားမှာ နေပါ၊ထိုင်ပါ၊အိပ်ပါဆိုယင် အိပ်ရဲပါ့မလား။

"မအိပ်ရဲပါဘုရား"

မအိပ်ရဲဘူး၊ ကဲ....ယောဂီတို့ရဲ့ ကိုယ်ခန္ဓာ တောင်ပို့ကြီးဟာလဲ ပကတိတောင်ပို့လိုပါပဲ၊ ပိုးအမျိုးပေါင်း(၈၀)တောင်

နေပါတယ်၊ အကောင်အရေအတွက် ဘယ်လောက်လဲ ဆိုတာ တော့ မရေတွက်နိုင်ပါဘူး၊ များလွန်းလို့ပါ။

ဒီကိုယ်ခန္ဓာတောင်ပို့ထဲမှာ အဲဒီပိုးတွေနေပါတယ်၊ အဲဒီ ပိုး တွေဟာ ဒီကိုယ်ခန္ဓာတောင်ပို့ထဲမှာပဲ မွေးဖွားကြတယ်၊ နာ ဖျားကြတယ်၊ ကျင်ကြီး ကျင်ငယ်စွန့်ကြတယ်၊ သေလဲ သေကြ တယ်။

ပကတိ တောင်ပို့ထဲမှာလဲ အဲဒီအတိုင်းပါပဲ၊ ပိုးတွေနေကြ ပါတယ်၊ ပိုးတွေ မွေးဖွားကြပါတယ်၊ ပိုးတွေနာဖျားကြပါ တယ်၊ ကျင်ကြီးကျင်ငယ်စွန့်ကြပါတယ်၊ ပိုးတွေ သေလဲ သေကြ ပါတယ်။"

အဲဒီလို ပကတိတောင်ပို့နဲ့ ကိုယ်ခန္ဓာတောင်ပို့နဲ့ သဘာဝ တူတယ်၊ ပကတိတောင်ပို့ဟာ စက်ဆုပ်ရွံရှာစရာ ဖြစ်သလိုပဲ ကိုယ်ခန္ဓာ တောင်ပို့ကိုလဲ စက်ဆုပ်ရွံရှာစရာ ထင်မြင်အောင် ရှုကြည့်ပါ။

အဲဒီခန္ဓာကိုယ်ရဲ့ စက်ဆုပ်ရွံရှာစရာ အကြောင်းတွေကိုတော့ ဟို...ပထမပိုင်း ဘိက္ခုနီမလေး ဘိက္ခုနီမမဖြစ်ခင် သူ့လင် ယောကျ်ားကို တရားဟောပြတဲ့အခန်းမှာ အကျယ်တဝင့်ဖွင့်ဆို ဟောကြားပြီးဖြစ်လို့ ယခုဒီနေရာမှာတော့ ဒါလောက်ဆိုယင် သဘောပေါက်လောက်ပါပြီ။

**ခွာတ်လေးပါး ခန္ဓာ** ပြီးတော့ တောင်ပို့ဆိုတာ ဓာတ်လေး ပါးအစုခန္ဓာကိုယ်ကြီးတဲ့၊ ဒီတော့ ဓာတ် ၄-ပါးအစု ခန္ဓာကိုယ်တောင်ပို့နဲ့ ပကတိတောင်ပို့နဲ့ တူပုံကို ကြည့်ရှုရပါမယ်၊ ဒီနေရာမှာ ထင်လွယ် မြင်လွယ်အောင် မာန်

လည်ဆရာတော်ဘုရားကြီးရဲ့ မဃဒေဝလင်္ကာနဲ့ ရွတ်ပြရှင်းပြချင်ပါတယ်၊ ဘာတဲ့လဲ....

"မဟာဘုတ်မျိုး၊ ဆိပ်ရှိန်ကိုးသား၊ မြွေဆိုးလေးကောင်၊ကိုယ်တွင်းလှောင်၏၊ မာန်ထောင်ညနေ့၊ ခိုးငွေ့မစဲ၊ တရဲရဲလျှင်၊ အမြဲလွှတ်ကြိုး၊ ဥဒဟိုသား၊ ဤကိုယ်ကာယ၊ကိုးဒွါရဖြင့်၊ ကိုးဝဟောင်းလောင်း၊ တောင်ပို့ခေါင်းမှ၊ ခြောင်းခြောင်းထွက်အန်၊ ဆိပ်လျှံအလား၊ တဖွားဖွားနှင့်၊ ဆိုးရွားယုတ်မာ၊ ကိလေသာဟူ၊ တဏှာပဋိဃ၊ သက်ပွကို၊မွေးဘရာဇာ၊ ခွာကြီးခွာပိမ့်၊ မိစ္ဆာရမ္မက်၊ ထိုဝိတက်ဖြင့်၊ မထွက်မလျှံတို့ပြီဘူး"တဲ့။

အင်မတန်အဓိပ္ပာယ်ပြည့်ဝတဲ့ လင်္ကာပါပဲ၊ ပကတိတောင်ပို့ထဲမှာ ရှိနေတဲ့ မြွေ, မြွေပါစတဲ့ ပိုးတွေဟာ တောင်ပို့အားကိုးနဲ့ အခိုးတွေလွှတ်တယ်, အဆိပ်အလျှံတွေ လွှတ်တယ်၊ ပါးပျဉ်းတွေ ထောင်ကြတယ်။

အေး....အဲဒီလိုပဲ မဟာဘုတ် ခေတ် ၄ ပါးနဲ့ ဒီ ကိုယ်ခန္ဓာတောင်ပို့ထဲမှာလဲ မြွေဆိုး ၄ ကောင်ဟာ နေ့ ရော ည ပါ မာန်တထောင်ထောင်နဲ့ပဲ၊ အခိုးအငွေ့မစဲ တရဲရဲနဲ့ပဲ၊ ဒွါရကိုးပေါက်ဆိုတဲ့ ခန္ဓာ ကိုယ် တောင် ပို့ ခေါင်းထဲက တခြောင်းခြောင်းနဲ့ ထွက်အန်နေတယ်။

ဘာတွေ ထွက်အန်နေလဲဆိုတော့ အ ဆိပ် အ လျှံ နဲ့ တူ တဲ့ အင်မတန် ဆိုးရွားယုတ်မာတဲ့ ကိလေသာတွေ အ ကြံ အ စည်တွေပေါ့။

မဃဒေဝမင်းကြီးက သူ့ရဲ့ သားတော်ကို ငါတော့ အဲဒီ ကိလေသာတွေ ယုတ်မာတဲ့ အကြံအစည်တွေ ယုတ်မာတဲ့ အလို

ရမှက်တွေကို ခွာတော့မယ်တဲ့၊ အဲဒီဟာတွေ ကိုယ်ခန္ဓာတောင်ပို့ ခေါင်းထဲက မထွက်မလျှံအောင် ကြိုးစားတော့မယ်တဲ့၊ ကဲ.... ဘုန်းကြီးတို့ပရိသတ်က ဘယ်လိုလဲ။

"တပည့်တော်တို့လဲ ကြိုးစားပါမယ်ဘုရား"

အင်း....ကြိုးစားရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပကတိတောင်ပို့ဟာ တနေ့ ပျက်စီးရမှာလို ဒီခန္ဓာကိုယ် တောင်ပို့ဟာလဲ တနေ့ ပျက်စီးရမှာပါပဲ၊ ဘာမှ မာန, ဒေါသစတဲ့ အခိုးအလျှံတွေ ထွက်နေဖို့မလိုပါဘူး၊ အဲဒါကြောင့် ခန္ဓာကိုယ်တောင်ပို့ကြီးရဲ့ သဘာဝကို ကြည့်ရှုဖို့ မဃဒေဝလင်္ကာတပုဒ် ရွတ်ပြပါမယ်။

> "ဘုတ်ခေတ်အလို၊ ပေါင်းသင်္ဂြိုဟ်၍၊ ကိုယ်ဟုပွားပြီး၊ ဖြစ်တပြီးကား၊ ပျက်စီးဖို့ရာ၊ အမြဲသာ တည်၍၊ ဇရာ-မရဏ၊ ဒုက္ခဝဋ္ဋတွင်း၊ အိုရခြင်းနှင့်၊ သေမင်းလွတ်အောင်၊ ဘယ်သို့ရှောင်အံ့" တဲ့။

အမှန်က မဟာဘုတ် ရုပ်ခေတ်တွေ ပေါင်းစုလို့ ကိုယ်ရယ်လို့ ပေါ်လာတာပါ၊ အဲဒီ မဟာဘုတ် ရုပ်ခေတ်တွေကမှ မမြဲပဲနဲ့ ဒီကိုယ်ကြီးက ဘယ်မှာမြဲမှာလဲ၊ ပျက်စီးဖို့ရာ သေချာပါတယ်၊ အိုမှု နာမှု သေမှုတွေကို ဘယ်လိုနည်းနဲ့မှ ရှောင်လို့မလွတ်နိုင်ပါဘူး။

တချို့ ပညာနည်းသူ လူအန္ဓတွေက ထွက်ရပ်ပေါက် ပညာတွေနဲ့ အဲဒီ အိုနာသေတွေကို အကာအကွယ်ယူပြီး အသက်ရာကျော်လေး, ထောင်ကျော်လေးနဲ့ လူတွေကို ညာနေကြတယ်၊ ပြီးတော့ အသေထွက် အရှင်ထွက်နဲ့ အမျိုးမျိုး ဟိတ်ဟန်ထုတ်

နေကြတယ်၊ ဘယ်လိုပဲ ဟိတ်ဟန်ထုတ်ထုတ် အို - နာ - သေ ကတော့ အို-နာ-သေပါပဲ၊ မလွတ်ပါဘူး၊ အဲဒီအကြောင်းကို လဲ မဃဒေဝလင်္ကာတပိုဒ်နဲ့ပဲ ရှင်းပြပါ့မယ်။

"ဝိဇ္ဇာ-ဇော်ဂျီ၊ တပသီနှင့်၊ လောကီဣဒ္ဓိပါဒ်၊ လွန်ကြီးမြတ်သည့်၊ မိုးနတ်ပြဟ္မာ၊ ဖြစ်စေကာလည်း၊ ပညာဆေးဝါး၊ မန္တရားဖြင့်၊ ကုစားအရိုး၊ တန်ခိုး ဖန်ဆင်း၊ အိုသေခြင်းမှ၊ ရှောင်ကွင်းဘယ်မှာ၊ လွတ် နိုင်ရာလိမ့်" တဲ့။

ကဲ....ယောဂီတို့ မဟာဘုတ် ရုပ်ခုတ် ခန္ဓာတွေရလာမှတော့ မအို-မနာ-မသေလို့ကို မရပါဘူး၊ အိုရ-နာရ-သေရမှာပါ၊ အိုရ နာရ သေရမယ့်အချိန်ကိုပဲ ကိုယ်က ထိုင်စောင့်နေသလိုပါ ပဲ၊ မအို မနာ မသေ အမြဲနေရတဲ့ သတ္တဝါဟာ မရှိပါဘူး။

ဒီခန္ဓာကိုယ် တောင်ပို့ကြီးဟာ အမိအဖ တို့ရဲ့ သုက်သွေး ကြောင့် ဖြစ်ရတာပါ၊ ဘာမှ ဒီခန္ဓာကိုယ် နှစ်သက်ဖွယ်လမ်းစရာ မရှိပါဘူး၊ အဲဒီလို ရွံစရာ စက်ဆုပ်စရာကြောင့် ဖြစ်လာတဲ့ ခန္ဓာကိုယ်တောင်ပို့ဟာ ထမင်း, မုန့် အစရှိတဲ့ အစာအာဟာရ ကြောင့် တည်တံ့ကြီးပွား နေရပါတယ်။

ဒီကနေ့ ဒီခန္ဓာကိုယ်တောင်ပို့ကြီး ထိုးထိုးထောင်ထောင် လှုပ်ရှားသွားလာ နေထိုင်နိုင်တာဟာ ထမင်းဟင်းဆိုတဲ့ အစာ အာဟာရရဲ့ အထောက်အပံ့ကြောင့်ပါပဲ၊ ငါ - သူ တ ပါး ယောကျာ်း-မိန်းမတို့ရဲ့ စွမ်းအင်ကြောင့် မဟုတ်ပါဘူး။

ဒီခန္ဓာကိုယ် တောင်ပို့ဟာ မမြဲတဲ့သဘော ရှိပါတယ်၊ ပဋိသန္ဓေ အခြေအနေကနေပြီး ယနေ့ အခြေအနေထိ ရောက်

လာတာဟာ မြဲလို့ရောက်လာတာ မဟုတ်ပါဘူး၊ မမြဲလို့ ရောက်လာတာပါ။

ပြီးတော့ ဒီခန္ဓာကိုယ်တောင်ပို့ကြီးဟာ အမြဲတမ်းအမွှေးနံ့သာလိမ်းကျံပေးရတဲ့ သဘောလဲ ရှိပါတယ်၊ မလိမ်းကျံယင် အင်မတန်နံစော်ပါတယ်၊ မကျန်းမမာ ဖျားနာပြန်တယ်။

ဒီခန္ဓာကိုယ်အတွက် အမေမွေးစက စပြီးတော့ ယနေ့ ယခု အချိန်အထိပေါ့၊ ဒီခန္ဓာကိုယ်တောင်ပို့ကို နင်းပေးရ, နှိပ်ပေးရ, ဆုပ်နယ်ပေးရနဲ့ ပြုပြင်လိုက်ရတာ အားတယ်လို့ မရှိဘူး၊ အဲဒီလို ပြုပြင်နေတဲ့ကြားထဲက ဒီခန္ဓာကိုယ်တောင်ပို့ကြီးဟာ ဖရိုဖရဲပြိုကွဲ ပျက်စီးတဲ့ သဘောပဲ ရှိတယ်။

**အကြံအစည် အခိုးမည်** ကဲ- ဒီ လောက် ဆို ယင် ခန္ဓာ ကိုယ် တောင် ပို့ နဲ့ ပကတိတောင်ပို့နဲ့တူပုံ ဥပမာ-ဥပမေယျ စပ်ဟပ်ပုံသဘောပေါက်လောက်ပါပြီ၊ ဒီတော့ "ဤခန္ဓာကိုယ်တောင်ပို့ဆိုလေ့" ဆိုတဲ့ လင်္ကာရဲ့အနက်အဓိပ္ပါယ် သဘောသဘာဝ ဒီမှာပဲ တစခန်း ရပ်ရအောင်။

ရပ်ပြီးတော့ "ညဥ့်ကိုလုပ်မျိုး, ကြံဖန်ပျိုးသည်, အခိုးလူလူ, ထွက်သောဟူ၏" ဆိုတဲ့ လင်္ကာပိုဒ်ရဲ့ အဓိပ္ပါယ်ကို ဆက်ပြီးတော့ ရှင်းရအောင်။

အများအားဖြင့် လူတွေဟာ နေ့အခါမှာ အလုပ်လုပ်ကြရ၊ သွားကြ, လာကြ, ရောင်းကြ, ဝယ်ကြရတယ်၊ အဲဒီနေ့အခါမှာ မိမိတို့လုပ်ကိုင်ဆောင်ရွက်ရမယ့် အလုပ်များအတွက် ညဥ့်အခါမှာ အမျိုးမျိုးကြံစည်စဉ်းစားကြရတယ်။

အဲဒီလို နေ့အခါမှာ လုပ်ရမယ့်အလုပ်အတွက် ညဉ့်အခါမှာ အမျိုးမျိုး ကြံစည်ခြင်းကို “ညဉ့်အခါမှာ အခိုးလွှတ်ခြင်း” လို့ ဟောတော်မူပါတယ်။

ဒီနေရာမှာ အခိုးနဲ့ အကြံအစည်နဲ့တူပုံကို ပြောကြရအောင်၊ မီးခိုးဆိုတဲ့အခိုးဟာ အကောင်းအဆိုး နှစ်မျိုးရှိပါတယ်၊ ကောင်းတဲ့အခိုးနံ့ယင် နေထိုင်ကောင်းတယ်၊ ကျန်းမာတယ်၊ စိတ်ရွှင်လန်းတယ်၊ မကောင်းတဲ့အခိုးနံ့ယင် နေထိုင်မကောင်းဘူး၊ စိတ်မရွှင်လန်းဘူး၊ မကျန်းမာဘူး။

အဲဒီလိုပဲ ညဉ့်အခါမှာ နောက်တနေ့ လုပ်ရမယ့်အလုပ်တွေအတွက် ကြံစည်ခြင်းဖြင့် အခိုးလွှတ်ခြင်းဟာ နှစ်မျိုးရှိပါတယ်၊ ကောင်းတဲ့ အခိုးလွှတ်ခြင်း၊ မကောင်းတဲ့ အခိုးလွှတ်ခြင်းပေါ့။

ကောင်းတဲ့ အခိုးလွှတ်ခြင်းဆိုတာက “ငါသည် နက်ဖြန်ခါ ရောက်ယင် ဒါနပြုမယ်၊ သီလဆောက်တည်မယ်၊ ကျောင်းသွားပြီးတော့ တရားနာမယ်၊ တရားအားထုတ်မယ်၊ တရားဟောမယ်၊ တရားပြမယ်၊ စာချမယ်၊ စာသင်မယ်၊ စာကျက်မယ်၊ သူများအကျိုးသယ်ပိုးဆောင်ရွက်မယ်” စသည်ဖြင့် ကြံစည်မှုတွေဟာ ကောင်းတဲ့ အခိုးတွေပေါ့။

မကောင်းတဲ့ အခိုးလွှတ်ခြင်းဆိုတာက “ငါ့ထံက ဘယ်သူဟာ ငွေဘယ်လောက်ချေးသွားတယ်၊ ပြန်မပေးဘူး၊ လိမ်သွားတယ်၊ ညာသွားတယ်၊ သူက ငါ့ကို ဘယ်လိုပြောဆိုတယ်၊ သူတော့ တွေ့ရောပေါ့၊ ငါ ဘယ်လိုပြန်လုပ်မယ်၊ ပြန်ပြောမယ်” စသည်ဖြင့် ညဉ့်အခါမှာ တွေးတောစဉ်းစားအကြံများနေတာက မကောင်းတဲ့ အခိုးလွှတ်ခြင်းပဲ။

တချို့များ အခိုးလှတ်ကောင်းလို့ တညလုံးအိပ်လို့ မပျော်တာလဲရှိတယ်၊ မိုးလင်းပေါက်ပဲ၊ ဟိုဘက်လှိမ့်လိုက်၊ ဒီဘက်လှိမ့်လိုက်၊ ဟင်းကနဲ သက်ပြင်းချလိုက်၊ မှောက်လိုက်လှန်လိုက်၊ ညည်းညူလိုက်နဲ့ အိပ်မပျော်တဲ့အဆုံး ဆေးလိပ်ထသောက်၊ ရေနွေးထသောက်၊ ထမင်းထစားနဲ့၊ ဘာလုပ်နေတာလဲဆိုတော့ အခိုးလှတ်နေတာ။

အဲဒီလို အခိုးလှတ်များလို့ အိပ်မပျော်တာကို တချို့က မသိဘူး၊ မသိတော့ အိပ်အောင်ဆိုပြီးတော့ အိပ်ဆေးတွေ သောက်တယ်၊ သောက်ပေမယ့် အခိုးလှတ်တာက ပြင်းထန်နေတော့ အိပ်မပျော်ဘူး၊ အိပ်မပျော်တော့ အိပ်ဆေးတွေကို နှစ်လုံးသုံးလုံးသောက်ရတယ်၊ နောက်တော့ အိပ်ဆေးကြောင့် ရောဂါဝင်လာရော၊ အဲဒါ အကြောင်းရင်းကိုရှာလိုက်တော့ အခိုးလှတ်ခြင်းကြောင့်ပဲ။

အချုပ်ပြောရယင် ညဥ့်အခါမှာ ကောင်းတာပဲ ကြံကြံ ဆိုးတာပဲ ကြံကြံ ဘာပဲကြံကြံ အဲဒီ အကြံအစည်တခုခုကိုကြံစည်စိတ်ကူးနေခြင်းဟာ အခိုးလှတ်ခြင်းသာ ဖြစ်တယ်လို့ မှတ်ရမှာပါ။

**နေ့မူမီးလောင်** ကဲ.... ဒီ လောက် ဆို ယင် အ ခိုး လှတ် တာ ကို သဘောပေါက်ပါပြီ၊ ဒီတော့ "နေ့မူကိုယ်နှုတ်ထိုထိုလုပ်၍ အားထုတ်ကျင့်ဆောင် မီးတောက်လောင်၏" ဆိုတဲ့ လင်္ကာပုဒ်ကို ရှင်းကြရအောင်။

ပကတိတောင်ပို့က ညဥ့်အခါမှာ အခိုးလှတ်တယ်၊ နေ့အခါမှာ အလျှံတောက်တယ်၊ ဒီခန္ဓာကိုယ်တောင်ပို့ကလဲ ညဥ့်အခါမှာ

တောင်ကြံမြောက်ကြံ အကောင်းကြံ့, အဆိုးကြံ အကြံအစည်တွေ များခြင်းဖြင့် အခိုးလွှတ်တယ်။

အဲဒီလိုညဥ့်အခါမှာ အခိုးလွှတ်ပြီးတော့ နေ့အခါမှာ ညဥ့်က ကြံစည်ဘဲ့အတိုင်း လုပ်ခြင်း, ပြောခြင်းဟာ နေ့အခါမှာ မီးတောက်လောင်ခြင်းပါပဲ။

ညဥ့်အခါမှာ လောဘနဲ့ ဒေါသနဲ့ အကြံများနေတယ်၊ အကောင်အထည်မပေါ်သေးဘူး၊ အခိုးလွှတ်တယ်ပေါ့၊ နေ့အခါကျတော့ အဲဒီလောဘနဲ့ ပြုလုပ်တယ်၊ ပြောဆိုတယ်၊ ဒေါသနဲ့ ပြုလုပ်တယ်၊ ပြောဆိုတယ်၊ ကိုယ်နဲ့ လွန်ကျူးတယ်၊ နှုတ်နဲ့ ပြစ်မှားတယ်။

အဲဒီလိုနဲ့ပဲ ဒီခန္ဓာကိုယ်တောင်ပို့ကြီးဟာ ညဥ့်အခါမှာ အကြံများခြင်းဖြင့် အခိုးလွှတ်ပြီး နေ့အခါမှာ အလျှံတောက်မီးဟုန်းဟုန်းထနေတာ ကြာပါပြီ၊ အခိုးတွေ အလျှံတွေ များလိုက်တာ မငြိမ်းနိုင်ဘူး။

ဘယ်တော့ ငြိမ်းမှာလဲဆိုတော့ ငြိမ်းအောင်မလုပ်သမျှ ကာလပတ်လုံး ဘယ်တော့မှ မငြိမ်းပါဘူး၊ အလိုလိုတော့ ဘယ်တော့မှမငြိမ်းပါဘူး၊ ညဥ့်အခိုးနှင့် နေ့အလျှံဟာ ချာလပတ်လည်နေမှာပဲ။

အဲဒီ အခိုးတွေ အလျှံတွေသာ ဘုန်းကြီးတို့ပရိသတ် မငြိမ်းတတ် မသတ်တတ်ယင် ဒီခန္ဓာကိုယ်တောင်ပို့ကြီးဟာ ဘယ်တော့မှ ချမ်းသာသုခမရနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အခိုးကလဲ အခိုးပူ၊ အလျှံဆိုတာတော့ မပြောနဲ့တော့ အလွန်ပူပေါ့၊ အဲဒါကြောင့် အခိုးလွှတ် အလျှံတောက်နေတဲ့ ခန္ဓာကိုယ်တောင်ပို့ မချမ်းသာနိုင်ပါဘူး။

ဆရာ-ဗုဒ္ဓ ကဲ....ဒီလောက်ဆိုယင် နေ့မှာ မီးဟုန်းဟုန်းတောက်တာ သဘောပေါက်လောက်ပါပြီ၊ ဒီတော့ "ဘုန်းခေါင်ထွတ်ထား, မြတ်ဘုရားမူ, ပုဏ္ဏား ဆရာ, ဟောမိန့်မှာ၏" ဆိုတဲ့ လင်္ကာပုဒ်ကို ရှင်းကြရအောင်။

ပုဏ္ဏားဆရာ၊ ဆရာပုဏ္ဏားဆိုတာက လူနတ်ဗြဟ္မာ သတ္တဝါတွေရဲ့ အလူတော်မှန် အပူဇော်ခံထိုက်, ဦး ခိုက် ပူ ဇော် ထိုက်, သစ္စာလေးပါးမြတ်တရားလဲ ပိုင်းခြားထင်ထင် ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ သိတော်မူတဲ့ ရှေးဘုရားရှင်တို့ကဲ့သို့ ကောင်းစွာကြွလာတော်မူတဲ့ ဘုရားရှင်ကိုခေါ်တာတဲ့။

ရှင်းရှင်းပြောရယင် ဘုရားရှင်ကို ဆရာပုဏ္ဏားလို့ခေါ်တယ်၊ ပုဏ္ဏားဆရာနှင့် ဘုရားရှင်ကို နှိုင်းယှဉ်တင်စားထားပါတယ်။

ဘယ်လိုများ ဘုရားရှင်နဲ့ ပုဏ္ဏားဆရာနဲ့တူလို့ နှိုင်းယှဉ်တင်စားရတာလဲဆိုတော့ ဘုရားရှင်မှာ တပည့်အများရှိသလို ပုဏ္ဏားဆရာမှာလဲ တပည့်အများရှိတယ်၊ ဘုရားရှင်ဟာ တပည့်တွေကို သင်ကြားပို့ချသလို ပုဏ္ဏားဆရာကလဲ သူ့တပည့်တွေကို သင်ကြားပို့ချတယ်။

အဲဒီလို တပည့်တွေရှိတာချင်း သင်ကြား ပို့ချတာချင်းတူလို့ နှိုင်းယှဉ်တာပါ၊ အမှန်က ဘုရားရှင်နှင့် ပုဏ္ဏားဆရာ အလုံးစုံတော့ မတူပါဘူး၊ တစိတ်တဒေသပဲ တူပါတယ်။

အမှန်ကတော့ ဘုရားရှင်မှာ တပည့်တွေအများကြီးရှိတယ်၊ ပုဏ္ဏားဆရာမှာ တပည့်တယ်မများပါဘူး၊ ဘုရားရှင်က တပည့်တွေကို သင်တာက လောကမှထွက်မြောက်ရေး အဓိကထားပြီး သင်ပါတယ်၊ ပုဏ္ဏားဆရာက တပည့်တွေကို သင်တာက လော

ကထဲမှာ ကျော်ကြား မော်ကြွားရေးကို အဓိကထားပြီး သင်ပါတယ်။

ဒီတော့ ဘုရားရှင်နဲ့ ပုဏ္ဏားဆရာဟာ တူလဲတူတယ်၊ ထူးလဲထူးတယ်၊ သို့မဟုတ်က တူတယ်၊ မတူဘူး၊ အချုပ်ပြောတော့ တူတယ် မတူဘူးအနေနဲ့ တူတယ်ပဲမှတ်ပါ။

**မောင်ဉာဏ်ရှိနဲ့ တပည့်ယောဂီ**

ကဲ....ဒီလောက်ဆိုယင် ပုဏ္ဏားဆရာနဲ့ ဘုရားရှင်တူပုံ သဘောပေါက်လောက်ပါပြီ၊ ဒီတော့ "ယောဂါဝစရ,ပုဂ္ဂလမ္ဘ,သိဿဉာဏ်ရှိ,ခံတပည့်တည့်"ဆိုတဲ့ လင်္ကာပုဒ်ကိုရှင်းကြရအောင်၊ တပည့်မောင်ဉာဏ်ရှိဆိုတာ သီလ,သမာဓိ,ပညာ သိက္ခာသုံးပါး အကျင့်တရားနဲ့ပြည့်စုံတဲ့ အားထုတ်ကျင့်ကြံနေဆဲဖြစ်တဲ့ ယောဂီပုဂ္ဂိုလ်ကိုခေါ်ပါတယ်တဲ့။

လင်္ကာမှာ ယောဂါဝစရဆိုတာ ယောဂီပုဂ္ဂိုလ်ပေါ့၊ "သိဿ" ဆိုတာက "တပည့်" ပေါ့၊ ဒီတော့ တပည့်မောင်ဉာဏ်ရှိဆိုတာ တရားအားထုတ်နေဆဲဖြစ်တဲ့ သေက္ခပုဂ္ဂိုလ်ကို ခေါ်တယ်လို့ မှတ်ပါ။

သေက္ခပုဂ္ဂိုလ်ဆိုတာ ကျင့်တုတ်တဲ့ပုဂ္ဂိုလ်,ကျင့်ကြံအားထုတ်နေဆဲပုဂ္ဂိုလ်ကို ခေါ်ပါတယ်၊ ဘာတွေကို ကျင့်လဲဆိုတော့ သီလအကျင့်,သမာဓိအကျင့်နှင့် ပညာအကျင့်တွေကို ကျင့်ပါတယ်။

သေက္ခပုဂ္ဂိုလ်ရှိယင် အသေက္ခပုဂ္ဂိုလ်လဲ ရှိရမယ်၊ အသေက္ခပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲဆိုတော့ ပြောင်းပြန်ပေါ့၊ သီလ
၁ အကျင့်,သမာဓိအကျင့်နှင့် ပညာအကျင့်တွေကို ကျင့်ပြီး သူကို

ခေါ်ပါတယ်၊ လွယ်လွယ်မှတ်ချင်ယင် ကျင့်ဆဲပုဂ္ဂိုလ်ကသေက္ခ, ကျင့်ပြီးတဲ့ ပုဂ္ဂိုလ်က အသေက္ခပေါ့။

ဒီနေရာမှာ အထူးမှတ်ရမှာက တပည့်မောင်ညဏ်ရှိဆိုတာ ဟာ သီလ,သမာဓိတရား အခြေခံထားပြီးတော့ ဝိပဿနာ ပညာ အကျင့်တရားကို ကြိုးစားပြီးတော့ ကျင့်နေတဲ့ ပုဂ္ဂိုလ်လို့ မှတ်ပါ။

တချို့က ဝိပဿနာတရား အားထုတ်တဲ့အခါမှာ သီလ မလို ပါဘူးလို့ ပြောဟောနေကြပါတယ်၊ အခုဒီမှာ သိက္ခာသုံးပါး အကျင့်တရားကိုကျင့်ဆဲ သေက္ခပုဂ္ဂိုလ် တပည့်မောင်ညဏ်ရှိလို့ဆို တော့ ဝိပဿနာတရား အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ သီလလိုတယ်လို့ သေသေချာချာ မှတ်ပါ။

သီလဆိုတာ ကိုယ်နှုတ်ကို လုံခြုံအောင် စောင့်ထိန်းတာဆို တော့ စိတ်ကိုလုံခြုံအောင် ဝိပဿနာပညာနဲ့ အားထုတ် စောင့် ထိန်းနေတဲ့အခိုက် ကိုယ်နှုတ်တွေဟာ လုံခြုံနေလို့ အားထုတ်ဆဲ မှာ သီလလုံခြုံနေတယ် သီလမလိုဘူး ပြောတာပါ။

ဒါပေမယ့် အဲဒီစိတ်ကို ဝိပဿနာပညာနဲ့ ထိန်းသိမ်းပြီး အား ထုတ်နေဆဲမှာ ကိုယ်နှုတ်ပိုင်းဆိုင်ရာ မလုံခြုံတဲ့သီလတွေ ရှိနေပါ တယ်၊ အထူးသဖြင့် ရဟန်းသာမဏေတွေမှာ ပိုပြီးတော့ လို အပ်ပါတယ်၊ ဒါ့ကြောင့် သီလဟာ သီလပိုင်းအနေနဲ့ လုံခြုံ ဖို့လိုအပ်ပါတယ်၊ အလွယ်ပြောတဲ့နောက်ကို မလိုက်ပါနဲ့၊ လေး လေးပင်ပင် အားထုတ်ကျင့်သုံးပါ။

ပြီးတော့ မဂ္ဂင် ၈-ပါးကိုကြည့်စမ်းပါ၊ သီလမဂ္ဂင် ၃-ပါး, သမာဓိမဂ္ဂင် ၃-ပါး, ပညာမဂ္ဂင် ၂-ပါးရယ်လို့ မဂ္ဂင် ၈-ပါးရှိ

ပါတယ်၊ ကိုယ်နဲ့နှုတ်ကို သီလမဂ္ဂင်နဲ့ ထိန်းသိမ်းရမယ်၊ စိတ်ကို သမာဓိမဂ္ဂင်,ပညာမဂ္ဂင်နဲ့ ထိန်းသိမ်းရမယ်။

ရှင်းရှင်းပြောရယင် အားထုတ်ဆဲအခါမှာ သမာဓိမဂ္ဂင်, ပညာမဂ္ဂင် ၂ ပါးနဲ့ အားထုတ်ပေါ့၊ အားမထုတ်ပဲ အလွတ်နေတဲ့အခါ သီလမဂ္ဂင်နဲ့နေပေါ့၊ အဲဒီလို အားမထုတ်ပဲ အလွတ်နေတဲ့အခါ သီလမဂ္ဂင်ပြည့်နေတော့ အားထုတ်တဲ့အခါမှာ ပါဝင်တဲ့ သီလဟာဖြူစင်ပြီး အပူကင်းကာ တရားရမယ်။

ဘုန်းကြီးတို့ပရိသတ် အပူအပင်ဆိုတာဟာ ဘယ်ကလာတာ သဲဆိုတော့ သီလမစင်ကြယ်မှုက လာတာပါ၊ သီလကျိုးပေါက် ပြောက်-ကျားမှုက လာတာပါ၊ ဒီတော့ ဘယ်သူတွေက ဘာပဲ ပြောပြော ကိုယ့်ဟာကိုယ် စစ်ဆေးကြည့်ပါ၊ ကိုယ်ဟုတ်မှ ဟုတ်ပါတယ်၊ သူများဟုတ်တိုင်း မဟုတ်ပါဘူး။

**မဂ်ပညာနဲ့ သန့်လျက်ခေါး**

ကဲ.... ဒီလောက်ဆိုယင် တပည့် မောင်ဉာဏ်ရှိန်နဲ့ ယောဂီပုဂ္ဂိုလ် တူပုံဟာ ပြည့်စုံလုံလောက်ပါပြီ၊ ဒီတော့ "ဝိပဿနာ, မဂ်ပညာကား, ထက်စွာ အသွား, သန့်လျက်ခေါးတည့်"ဆိုတဲ့ လင်္ကာပိုဒ်ကို ရှင်းကြ ရအောင်။

"ခေါးလက်နက်ဆိုတာ ဘယ်ဟာပါနည်း ဘုရား" ဆိုတဲ့ အမေးအရ ဖြေရယင် ခေါးလက်နက် ဆိုတာဟာ "မြတ်သော လောကီ-လောကုတ္တရာပညာကို ခေါ်တာ"တဲ့။

တကယ်ရှင်းရှင်းပြောရယင် "ခေါးလက်နက်ဆိုတာ ဝိပဿနာ ပညာ, အရိယာမဂ်ပညာရဲ့ အမည်ပါပဲ" ဝိပဿနာပညာက လောကီပညာပါ၊ အရိယာမဂ်ပညာက လောကုတ္တရာပညာပါ၊

ဒါ့ကြောင့် ဝိပဿနာပညာ, မဂ်ပညာကို ဓားလက်နက်ခေါ်ပါတယ်၊ ပကတိရိုးရိုး ဓားလက်နက်မဟုတ်ပါဘူး။

ပကတိတောင်ပို့ကြီး ထူးဆန်းလို့ တူးတယ်ဆိုတော့လဲ တစုံတရာ လက်နက်မပါပဲနဲ့ ဘယ်မှာတူးလို့ရမှာလဲ၊ လက်နက်တခုခုနဲ့ တူးမှ ရမှာပေါ့။

ပကတိတောင်ပို့ကို ပေါက်တူးလက်နက်နဲ့ တူးတယ်လို့ ပြပါတယ်၊ ခန္ဓာကိုယ်တောင်ပို့ကိုတော့ လောကီ-လောကုတ္တရာ ပညာဓားလက်နက်နဲ့ တူးရပါမယ်၊ တခြားလက်နက်နဲ့ တူးလို့ မရပါဘူး။

အင်း....အဲဒီ ဝိပဿနာပညာ, မဂ်ပညာနဲ့ ခန္ဓာကိုယ်တောင်ပို့ကို တူးရပါတယ်၊ ဒါ့ကြောင့် ဒီနေရာမှာ သန့်လျက်ဓားဆိုတာ ဝိပဿနာပညာ, မဂ်ပညာကို ခေါ်တယ်လို့ သေသေချာချာ မှတ်ပါ။

**အားထုတ်ခြင်းကို တူးခြင်းခေါ်ရာ**

ကဲ....ဒီလောက်ဆိုယင် မဂ်ပညာခနဲ့ သန့်လျက်ဓား အကြောင်း တော်လောက်ပါပြီ၊ "ကြိုးစားလို့လ, ဝီရိယထန်ပြင်း, အားထုတ်ခြင်းကို, တူးခြင်းခေါ်ရာ"ဆိုတဲ့ လင်္ကာပိုဒ်ကို ရှင်းကြရအောင်၊ ပကတိတောင်ပို့ကို ပေါက်တူး,တူးရွင်း,ဓား စတဲ့ လက်နက်တခုခုနဲ့ တူးရပါတယ်၊ တူးမှဖြစ်မယ်။

ဒါဖြင့် ခန္ဓာကိုယ်တောင်ပို့ကို ဘာနဲ့တူးမလဲ၊ ဘယ်လိုတူးမလဲ ဆိုတော့ ဝိပဿနာပညာဓား, အရိယမဂ်ပညာဓားနဲ့ တူးရမယ်၊ ဒီဝိပဿနာပညာ,အရိယမဂ်ပညာနှစ်ပါးကို ပေါက်တူး,တူးရွင်း လို့ ဥပမာနှိုင်းလဲ ရပါတယ်။

အဖန်ဖန်တူးခြင်းဆိုတာက ကာယိကဝီရိယ, ကိုယ်အားထုတ်မှု, စေတသိကဝီရိယ, စိတ်အားထုတ်မှုဆိုတဲ့ အဲဒီ အားထုတ်မှုဝီရိယနှစ်ပါးနဲ့ မပြတ်မလပ် အားထုတ်နေခြင်းကို တူးခြင်းလို့ ခေါ်ပါတယ်။

ကဲ....မေးပါရစေ၊ ပကတိတောင်ပို့ကို တူးတဲ့ပုဂ္ဂိုလ်ဟာ ကိုယ်လိုချင်တဲ့ပစ္စည်းကို မရ-ရအောင် တူးရမှာလား၊ မရပဲနဲ့ ရပ်ထားရမှာလား။

"မရ-ရအောင် တူးရမှာပါ ဘုရား"

အဲဒီလိုပဲ ခန္ဓာကိုယ်တောင်ပို့ကို တူးတဲ့ယောဂီ ပုဂ္ဂိုလ်လဲ ကိုယ်လိုချင်တဲ့ မဂ်,ဖိုလ်,နိဗ္ဗာန်ကို မရရအောင် အားထုတ်သောအားဖြင့် တူးရမယ်၊ မရသေးပဲနှင့် အားထုတ်မှုကို ရပ်မထားပါနဲ့။

**စပ်ဟပ်ချက်** ကဲ....ဒီနေရာမှာ ပိုပြီးတော့ရှင်းလင်းသွားအောင် ပြဆိုခဲ့ပြီးတဲ့ ဥပမာ ဥပမေယျတွေကို တခုနဲ့တခု စပ်ဟပ်ပြီးတော့ ပြကြရအောင်။

၁။ ပကတိဆရာကြီးနဲ့ ဘုရားရှင်နဲ့ တူတယ်၊

၂။ တပည့်မောင်ဉာဏ်ရှိနဲ့ ယောဂီပုဂ္ဂိုလ်နဲ့ တူတယ်၊

၃။ တောင်ပို့နဲ့ ခန္ဓာကိုယ်နဲ့ တူတယ်၊

၄။ အဲဒီ ပကတိ တူးဆန်းတဲ့တောင်ပို့ကြီးကို ဆရာကြီးက လက်ညှိုးညွှန်ပြီး တပည့် မောင်ဉာဏ်ရှိကို တူးခိုင်းတာနဲ့ ဘုရားရှင်က "ရဟန်း ဒီ ခန္ဓာကိုယ် တောင်ပို့ကြီးကို လေးစိတ်လေးမြွာကွဲအောင် တူးလော့" ဆိုတာနဲ့တူတယ်။

၅။ တပည့်မောင်ညဏ်ရှိက ပကတိ တောင်ပို့ကို တူးနေတာနဲ့ ရှင်လူရဟန်းဖြစ်သော ယောဂီပုဂ္ဂိုလ်က ခန္ဓာကိုယ် တောင်ပို့ကို ဝိပဿနာပညာ, မဂ်ပညာဓားနဲ့ ရှုပွားအားထုတ် တူးဆွနေတာ တူပါတယ်။

**ဓာတ်ကမ္မဋ္ဌာန်း** ကဲ....ဒီတရားတော်အရ ဆိုယင် အခု ရှေ့က ထိုင်နေကြတဲ့ပုဂ္ဂိုလ်တွေဟာ ဘာ တွေ လဲ ဆိုတော့ ခန္ဓာကိုယ် တောင်ပို့တွေပေါ့၊ ယောဂီပုဂ္ဂိုလ်တွေပေါ့၊ ယောဂီပုဂ္ဂိုလ်တွေဆိုတော့ ခန္ဓာကိုယ်တောင်ပို့ကို တူးသောအားဖြင့် အားထုတ်ရမယ်ပေါ့၊ တူးတော့ လေးစိတ်လေးမြွာကွဲအောင် တူးရမယ်၊ တူးသောအားဖြင့် အားထုတ် ရှုပွားရမယ်။

ဒီ တရားတော်မှာ ဘုရားရှင်ဟာ ဓာတ်ကမ္မဋ္ဌာန်းကိုဟောပါတယ်၊ ကာယာနုပဿနာသတိပဋ္ဌာန်ပေါ့၊ အဲဒါဖြင့် ကာယာနုပဿနာသတိပဋ္ဌာန် ဓာတ်ကမ္မဋ္ဌာန်းနည်းနဲ့ ရှုပွားရမယ်နော်။

"မှန်ပါဘုရား"

ဒါဖြင့် ခန္ဓာကိုယ် တောင်ပို့ကြီးကို လေးစိတ် လေးမြွာဖြစ်အောင် တူးရမယ်ဆိုတော့ "မြေ-ရေ-လေ-မီး" ဆိုတဲ့ ဓာတ်ကြီးလေးပါးကွဲအောင် ရှုပွား အားထုတ်ရမယ်ပေါ့၊ ဒီတော့ အားမထုတ်မီ ဦးစွာ မှတ်ထားပါ။

၁။ ပထဝီဓာတ်=မြေဓာတ်

၂။ အာပေါဓာတ်=ရေဓာတ်

၃။ တေဇောဓာတ်=မီးဓာတ်

၄။ ဝါယောဓာတ်=လေဓာတ်

ခန္ဓာကိုယ်ထဲမှာ အမာခံအနေအားဖြင့် အဲဒီ ဓာတ် လေးပါးပဲ ရှိပါတယ်၊ တခြား ဘာမှမရှိပါဘူး၊ ဒီတော့ အဲဒီ ဓာတ်လေးပါးကို ဦးစွာ သုတမယညာဏ်နဲ့ ခွဲကြဦးစို့၊ လင်္ကာတပုဒ်ကို ဆိုကြည့်ပါ။

* နူးညံ့ခက်မာ၊ ကြံ့နှစ်ဖြာ၊ မှတ်ပါမြေဓာတ်သာ။

ပထဝီဓာတ်ရှိသဘောက နူးညံ့တယ်၊ ပျော့တယ်၊ မာတယ်၊ ကြမ်းတယ်၊ ခက်ထန်တယ်၊ လေးလံ ထိုင်းမှိုင်းတယ်၊ အဲဒီသဘောတွေကိုတွေ့ယင် ပထဝီဓာတ်ကို တွေ့တာပဲ၊ ခန္ဓာကိုယ်တောင်ပို့ထဲမှာ အဲဒီသဘောတွေကို တွေ့နိုင်တဲ့ပထဝီဓာတ်-၂၀ ရှိပါတယ်၊ ဘာတွေလဲဆိုတော့....

၁။ ဆံပင်,အမွေး,လက်သည်း,ခြေသည်း,သွား,အရေ၊

၂။ အသား,အကြော,အရိုး,ရိုးတွင်းခြင်ဆီ,အညို့၊

၃။ နှလုံး,အသည်း,အမြှေး,အဖျဉ်း,အဆုတ်၊

၄။ အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်ရယ်လို့ အဲဒီ ၂၀-ဟာ နူးညံ့တဲ့သဘော, ခက်မာတဲ့သဘော, ကြမ်းတမ်းတဲ့သဘော, တောင့်တင်းတဲ့သဘော, လေးလံထိုင်းမှိုင်းတဲ့သဘောရှိတဲ့ ပထဝီဓာတ်တွေပါပဲ။

ကဲ....ဒီလောက်ဆိုယင် ပထဝီဓာတ်ရဲ့အရေအတွက်နဲ့ အမှတ်အသား လက္ခဏာတွေကို အကြမ်းအားဖြင့် သဘောပေါက်ပါပြီ၊ အာပေါဓာတ်ပြောရအောင်၊ လင်္ကာလေးတပုဒ်ကိုဆိုကြည့်ပါဦး....

* ဖွဲ့စည်းစီးယို၊ နှစ်ပါးကို၊ ခေါ်ဆို ရေဓာတ်သာ။

အာပေါဓာတ်ရှိသဘောဟာ စိမ့်ထွက်တဲ့သဘော, တိုးပွားတဲ့သဘော,စည်ကားတဲ့သဘော,ယိုဆင်းတဲ့သဘော,ဖွဲ့နှောင်တဲ့

သဘောရှိပါတယ်၊ အဲဒီသဘောတွေကို တွေ့ယင် အာပေါ ဓာတ်ကို တွေ့တာပါပဲ၊ ခန္ဓာကိုယ်ထဲမှာ အဲဒီသဘောကို တွေ့ နိုင်တဲ့အာပေါဓာတ် ၁၂-ပါး ရှိပါတယ်၊ ဘာတွေလဲဆိုတော့

၁။ သည်းခြေ,သလိပ်,ပြည်,သွေး,ချွေး,အဆီခဲ၊

၂။ မျက်ရည်,ဆီကြည်,တံတွေး,နှပ်,အစေး,ကျင်ငယ်၊ ရယ်လို့ အဲဒီ ၁၂-ပါးဟာ ဖွဲ့စည်းတဲ့သဘော,ယိုစီးတဲ့သဘော ရှိတဲ့ အာပေါဓာတ်တွေပါပဲ၊ ကဲ....အာပေါဓာတ်ရဲ့ အရေ အတွက်နဲ့ အမှတ်အသားကို အကြမ်းအားဖြင့် သဘောပေါက် ပါပြီ၊ တေဇောဓာတ်ကို ပြောရအောင်၊ လင်္ကာလေးတပုဒ်ကို ဆိုကြည့်ပါဦး....

* ပူမှု-အေးမှု၊ ထိုနှစ်ခု၊ မှတ်ရှု မီးဓာတ်သာ။

တေဇောဓာတ်ရဲ့ သဘောက ပူတဲ့သဘော, အေးတဲ့ သဘော,လောင်ကျွမ်းတဲ့သဘော, မှည့်ရင့်တဲ့သဘော, အိုက်တဲ့ သဘော,နာတဲ့သဘောတွေပါပဲ၊ အဲဒီသဘောတွေကိုတွေ့ယင် တေဇောဓာတ်ကို တွေ့တာပါပဲ၊ ခန္ဓာကိုယ်ထဲမှာ အဲဒီသဘော တွေကို တွေ့နိုင်တဲ့တေဇောဓာတ်လေးပါး ရှိပါတယ်၊ ဘာတွေ လဲဆိုတော့....

၁။ ရိုးရိုး ကိုယ်ထဲမှာရှိနေတဲ့ အပူငွေ့,အပူရှိန်ကို ဇီရဏ တေဇောလို့ ခေါ်ပါတဲ့၊ အိုပူပေါ့၊

၂။ အဲဒီ ရိုးရိုးအပူထက် ပူလာတဲ့ အဖျားငွေ့,အဖျားပူကို သန္တပ္ပနတေဇောလို့ ခေါ်တယ်၊ လျှော့ပူပေါ့၊

၃။ အမယ်လေး, ဘာလေး တ,ရအောင် ညည်းညူအော် ဟစ်ရအောင် ပူတဲ့အပူကို ဒါဟတေဇောခေါ်တယ်၊ တိုးပူပေါ့၊

၄။ အစားအစာတွေကို ကြေညက်အောင် ချက်တဲ့အပူကို ပါစကတေဇောခေါ်ပါတယ်၊ ပုံမှန်ပူပေါ့။

အဲဒီလို တေဇောဓာတ်က လေးပါး ရှိပါတယ်၊ လေးပါး ပေမယ့် အမှတ်ကတော့ ခက်ခက်ပဲ၊ အမှတ် ရလွယ် အောင် မှတ်မိအောင် အတိုချုပ် အကျဉ်းချုပ်ပြန်ပြောဦးမယ်။

၁။ ဇိရဏတေဇော=အိုပူ

၂။ သန္တပ္ပနတေဇော=လျှော့ပူ

၃။ ဒါဟတေဇော=တိုးပူ

၄။ ပါစကတေဇော=ပုံမှန်ပူ

ရယ်လို့ အဲဒီ တေ ဇော ဓာတ် လေး ပါး ဟာ ပူတဲ့သဘော၊ လောင်ကျွမ်းတဲ့သဘော၊ အိုက်တဲ့သဘော၊ မှည့်ရင့်တဲ့သဘော ရှိတဲ့ဓာတ်တွေပါပဲ၊ အဲဒီ အမှတ်အသားတွေကို တွေ့ယင် တေဇောဓာတ်ကို တွေ့တာပါပဲ။

ကဲ....ဒီ လောက်ဆိုယင် တေဇောဓာတ်ရဲ့ အရေအတွက်နဲ့ အမှတ်အသား လက္ခဏာတွေကို အကြမ်းအားဖြင့် သဘော ပေါက်ပါပြီ၊ ဝါယောဓာတ် ပြောရအောင်၊ လင်္ကာ လေး တပုဒ်ဆိုကြည့်ဖါဦး....

* တိုး တွန်း လှုပ် ရှား၊ ငြိမ် ဝပ် ကား၊ မှတ် သား လေ ဓာတ်သာ။

ဝါယောဓာတ်ရဲ့သဘောက တိုးသဘော၊ တွန်းသဘော၊ ကန်သဘော၊ မ-သဘော၊ ပင့်သဘော၊ မြောက်သဘော၊ ရွေ့သဘော၊ လှုပ်သဘော၊ လှုမ်းသဘော၊ သွားသဘော စသည်တွေ ပါပဲ၊ အဲဒီသဘောတွေကို တွေ့ယင် ဝါယောဓာတ်ကိုတွေ့တာ

ပါပဲ၊ အဲဒီ ဝါယောဓာတ်ဟာ ၆-ပါးရှိပါတယ်၊ ဘာတွေလဲ ဆိုတော့....

၁။ ဥဒ္ဓင်္ဂမဝါယော=အထက်ကို ဆန်တက်တဲ့လေ၊
၂။ အဓောဂမဝါယော=အောက်ကို စုန်ဆင်းတဲ့လေ၊
၃။ ကုစ္ဆိသယဝါယော=ဝမ်းဥ္ဘတည်တဲ့လေ၊
၄။ ကောဋ္ဌာသယဝါယော=အူဥ္ဘတည်တဲ့လေ၊
၅။ အင်္ဂမင်္ဂါနုသာရိဝါယော=အင်္ဂါကြီးငယ်သို့ လျှောက်တဲ့လေ၊
၆။ အဿာသပဿာသဝါယော=ထွက်လေ ဝင်လေ၊

ရယ်လို့ အဲဒီ ၆-ပါးဟာ တိုးသဘော, တွန်းသဘော, ကန်သဘောစတဲ့ သဘောရှိတဲ့ ဝါယောဓာတ်တွေ ပါပဲ၊ အဲဒီ အပြင် အကျယ်တဝင့်သိဖို့ရာ ခုနက ၆-ပါး အပါအဝင် ဝါယော ၂၅-ပါးကို ပြပါဦးမယ်၊ မှတ်ထားပါ။

၁။ အဿာသ-ဝင်သက်လေ၊
၂။ ပဿာသ-ထွက်သက်လေ၊
၃။ ဗလ-အားခွန်ဗလခေါ်သော ဗလလေ၊
၄။ ထမ္ဘန-အ တူ ဖြစ် ဘက် တွေ ကို ပင့် ချီ ထမ်း သော ထမ္ဘနလေ၊
၅။ ဓာရဏ-ပင့်ချီသမျှ အတူဖြစ်ဘက်တွေကို မကျအောင် ဆောင်သော ဓာရဏလေ၊
၆။ စလန-ကိုယ်အင်္ဂါကို တည်ရာမှရွေ့စေ လှုပ်ရှားစေသော စလနလေ၊
၇။ ဂမန-သွားလိုသောအခါ ဖြစ်ပေါ်လာသော ဂမနလေ၊

၈။ ဌာနာ–တည်တံ့ ကြပ်ကြပ်ရပ်လိုသောအခါ ဖြစ်ပေါ်လာသော ဌာနလေ၊
၉။ နိသဇ္ဇ–ထိုင် လို သော အ ခါ ဖြစ် ပေါ် လာ သော နိသဇ္ဇလေ၊
၁၀။ သယန–လျောင်းလိုသောအခါ ဖြစ် ပေါ် လာ သော သယနလေ၊
၁၁။ ဥက္ခေပ–ကိုယ်အင်္ဂါကို ချီးမြှောက်လိုကာ ဖြစ်ပေါ်လာသော ဥက္ခေပလေ၊
၁၂။ နိက္ခေပ–ကိုယ်အင်္ဂါကို ပစ် ချ လို ကာ ဖြစ် ပေါ် လာ သော နိက္ခေပလေ၊
၁၃။ ဝိက္ခေပ–ထိုမှဤမှ ဖီလာအရပ် ပစ်လိုလတ်ကာ ဖြစ်ပေါ်လာသော ဝိက္ခေပလေ၊
၁၄။ သမိဉ္ဇန–ကိုယ်အင်္ဂါကို ကွေးလိုကောက်လို သိမ်းပိုက်လိုကာ ဖြစ်ပေါ်လာသော သမိဉ္ဇနလေ၊
၁၅။ ပ သာ ရ ဏ–ဆန့်တန်းလိုကာ ဖြစ် ပေါ် လာ သော ပသာရဏလေ၊
၁၆။ ဂဟာန–ကိုင်ဆွဲလိုသောအခါ ဖြစ် ပေါ် လာ သော ဂဟဏလေ၊
၁၇။ အာကစ္စန–အလိုရှိရာ အပါဆွဲငင်လိုသော အာကစ္စနလေ၊
၁၈။ အပကစ္စန–တွန်းလို ပယ်လိုသောအခါ ဖြစ်ပေါ်လာသော အပကစ္စနလေ၊
၁၉။ ကထန–စကားစမြည် ပြောဆိုလိုသောအခါ ဖြစ်ပေါ်လာသော ကထနလေ၊

၂၀။ ကမ္ဗန–တုန်လှုပ်သော ကမ္ဗနလေ၊
၂၁။ ဖရဏ–ဝမ်းမီးစစ်၍ အနှစ်အဆီရအပ်သော ရသဓာတ်ရည်ကို တကိုယ်လုံး အကုန်လုံး အကုန်ဖြန့်သော မရဏလေ၊ နှလုံးအိမ်, သည်းခြေအိမ်, အသည်းခဲ, အဆုတ်ခဲတို့၌ ထာဝရ ဖြစ်ပွား၍နေသော သွေးရည်, သည်းခြေရည်တို့ကို တကိုယ်လုံးနှံ့အောင် ဖြန့်ဖြူးသော ဖရဏလေ၊
၂၂။ ကုစ္ဆိသယ-ဝမ်းတွင်း၌ကိန်းသော ကုစ္ဆိသယလေ၊
၂၃။ ကောဋ္ဌာသယ-အူတွင်းကိန်းသောကောဋ္ဌာသယလေ။
၂၄။ ဥဒ္ဓင်္ဂမ–အထက်သို့ဆန့်တက်သော ဥဒ္ဓင်္ဂမလေ၊
၂၅။ အဓောဂမ-အောက်သို့ သက်သောလေ၊

ရယ်လို့ ဝါယောလေဓာတ်ကို အကျယ်ချဲ့လိုက်ယင် အဲဒီလို ၂၅-ပါးရတယ်၊ အရကျယ်တဲ့ဓာတ်တပါးကို ပြောပါဆိုယင် အဲဒီ ဝါယောဓာတ်ကို ပြောရမယ်၊ ထင်ရှားတဲ့ဓာတ်ကို ပြောပါဆိုယင်လဲ အဲဒီ ဝါယောဓာတ်ကိုပဲ ပြောရပါမယ်၊ ဟဲ.... ယခုဆိုယင် ခန္ဓာကိုယ်တောင်ပို့ကြီးကို အကြမ်းအားဖြင့် လေးစိတ်ခွဲလိုက်တဲ့အခါ....

၁။ ပထဝီဓာတ် ၂၀, နူးညံ့ခက်မာသဘော၊
၂။ အပေါဓာတ် ၁၂-ပါး, ဖွဲ့စည်းစီးယိုသဘော၊
၃။ တေဇောဓာတ် ၄-ပါး, ပူ-အေးသဘော၊
၄။ ဝါယောဓာတ် ၆ ပါး, သို့မဟုတ် ၂၅ ပါး, တိုးတွန်းသဘော၊

ရယ်လို့ ဓာတ်အစု ကောဋ္ဌာသ ၄၂ ပါး, သို့မဟုတ် ၆၁ ပါး ရပါတယ်၊ ဒီခန္ဓာကိုယ် တောင်ပို့ကြီးမှာ အဲဒီ ၄၂ ပါး,

သို့မဟုတ် ၆၁–ပါး အကျယ်အားဖြင့်ပေါ့၊ အ ကျဉ်း ချုပ်လိုက်တော့ ခေတ်ကြီး ၄ ပါးပဲရှိပါတယ်၊ တခြား ဘာမှ မရှိပါဘူး။

ရှင်းရှင်းပြောရယင် ဒီခန္ဓာကိုယ်တောင်ပို့ကြီးမှာ မြေခေတ် ရေခေတ်-မီးခေတ်-လေခေတ်ရယ်လို့ ဒီ ခေတ်လေးပါး အစုအဝေးမျှသာ ရှိပါတယ်၊ ယောက်ျား,မိန်းမ ပုဂ္ဂိုလ်,သတ္တဝါ ငါ,သူတပါး,ရယ်လို့ မရှိပါဘူး။

**အထက်-အနို့** ဒီ ခန္ဓာကိုယ် တောင် ပို့ ကြီး မှာ အဲဒီ ခေတ် ၄ ပါးဟာ အမြဲပဲ ခြယ်လှယ်နေပါတယ်၊ အလုပ်လုပ်နေပါတယ်၊ ခေတ် ၄ ပါး အလုပ် လုပ်နေတာဟာ ထက်တာ နှင့် နို့တာသာ ကွာပါတယ်၊ အမြဲပဲ အလုပ်လုပ်နေပါတယ်၊ ယောဂီတို့က သူတို့ရဲ့ သဘာဝကို, သဘောလက္ခဏာကို ပိုင်နိုင်အောင် သိထားရမယ်၊ အဲဒါကြောင့် သိလဲသိရအောင် အိပ်ချင်လဲပြေရအောင် လင်္ကာလေးတွေကို ဆိုကြည့်ပါဦး....

၁။ နူးညံ့ခက်မာ၊ ဤနှစ်ဖြာ၊ မှတ်ပါ မြေခေတ်သာ။
၂။ မြေခေတ်ထက်လျှင်၊ မာမြဲပင်၊ နို့လျှင် နူလေတာ။
၃။ ပွဲစည်းစီးယို၊ နှစ်ပါးကို၊ ခေါ်ဆို ရေခေတ်သာ။
၄။ ရေခေတ်ထက်လျှင်၊ အရည်ပင်၊ နို့လျှင် ပွဲလေတာ။
၅။ ပူမှုအေးမှု၊ ဤနှစ်ခု၊ မှတ်ရှု မီးခေတ်သာ။
၆။ မီးခေတ်ထက်လျှင်၊ ပူအေးပင်၊ နို့လျှင် မျှလေတာ။
၇။ တိုးတွန်းလှုပ်ရှား၊ ငြိမ်ဝပ်ကား၊ မှတ်သားလေခေတ် သာ။

၈။ လေခတ်ထက်လျှင်၊ တိုးလှုပ်ပင်၊ နှံ့လျှင်ငြိမ်လေတာ။

ဘုန်းကြီးတို့ပရိသတ် ယခု ဘာလုပ်မှာလဲဆိုတော့ယင် ခန္ဓာကိုယ် တောင်ပို့ကြီးကို တူးရတော့မယ်။ တူးရတော့မယ်ဆိုတာ တရားအားထုတ်ရတော့မှာပါ။ တရားအားထုတ်တော့ ခုနက ပြောခဲ့တဲ့ ခေတ် ၄ ပါးကို သိအောင် မြင်အောင် ခေတ် ၄ ပါး သဘော ကွဲပြားအောင် ရှုပွားအားထုတ်ရမှာပါ။

အဲ....ရှုပွားအားထုတ်တဲ့အခါ ရှုပွားအားမထုတ်မီက သူတို့ရဲ့ သဘော, သဘာဝ, သူတို့ရဲ့ အမှတ်အသား လက္ခဏာကို ဦးစွာ ပထမ ကြိုတင်ပြီးတော့ ပိုင်ပိုင်နိုင်နိုင် သိထားဖို့ရာ အလွန်တရာ အရေးကြီးပါတယ်။

အဲဒီလို ဦးစွာပထမ သိထားမှုဟာ သုတမယဉာဏ်, ဉာတပရိညာပိုင်းပေါ့၊ အလွန်တရာ အရေးကြီးပါတယ်၊ အဲဒါကြောင့် ခုနကချပေးလိုက်တဲ့ လင်္ကာလေး ၈ ပုဒ်ကိုတော့ အကြေအလည် ကျက်မှတ်ထားပါ၊ အဲဒါမှ ရှုပွားအားထုတ်တဲ့အခါ လွယ်ကူစွာ အလုပ်ဖြစ်ပါလိမ့်မယ်၊ ရှုပွားတတ်ပါလိမ့်မယ်။

**အားထုတ်နည်း** ဒီ တရားတော်ကလဲ အလုပ်တရား ဖြစ်ပါတယ်၊ ဘုရားရှင်တည်းဟူသော ပုဏ္ဏားဆရာကြီးက တပည့် မောင်ဉာဏ်ရှိဆိုတဲ့ ယောဂီပုဂ္ဂိုလ်ကို ဝိပဿနာပညာတည်းဟူသော ခါးလက်နက်ကို ကိုင်စွဲစေပြီး ညဥ့်အခါမှာ အခိုးလွှတ်တဲ့၊ နေ့အခါမှာ မီးလျှံတောက်တဲ့ ခန္ဓာကိုယ် တောင်ပို့ကြီးကို အတူးခိုင်းပါတယ်။

တူးတယ်ဆိုတာဟာ ဝီရိယထားပြီးတော့ ကြိုးစားအားထုတ်တာကို ခေါ်ပါတယ်၊ ဒီတော့ လက်တွေ့ ကိုယ်တွေ့ ဉာဏ်တွေ့

တွေ့ရအောင် အားထုတ်ကြည့်ရအောင်၊ အားထုတ်ပုံ အစီအစဉ် ပြတဲ့ လင်္ကာလေးတပုဒ်ကို ဆိုကြည့်ပါဦး။

* ဆိတ်-တင်-ဖြောင့်-ငါး၊
သတိထား၊
ကြိုးစားဘာဝနာ။ ။

အဲဒီလင်္ကာမှာ "ဆိတ်"ဆိုတာက ဆိတ်ငြိမ်တဲ့ အချိန်ကာလ, ဆိတ်ငြိမ်တဲ့ဒေသ, ဆိတ်ငြိမ်တဲ့ အရပ်ဌာနသို့ ချဉ်းကပ်ကာ အားထုတ်ရမယ်လို့ ဆိုလိုပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆိတ်ငြိမ်ရာ အရပ်ဒေသဌာနကို ရပါမှ ကာယဝိဝေကဆိုတဲ့ ကိုယ်ငြိမ်းချမ်းမှု ကို ရပါလိမ့်မယ်။

အဲဒီ ကာယဝိဝေကဆိုတဲ့ ကိုယ်ငြိမ်းချမ်းမှုကို ရပါမှ စိတ္တဝိဝေကဆိုတဲ့ စိတ်ငြိမ်းချမ်းမှုကိုရပါမယ်၊အဲဒီ စိတ္တဝိဝေကဆိုတဲ့ စိတ်ငြိမ်းချမ်းမှုကို ရပါမှ ဥပဓိဝိဝေကဆိုတဲ့နိဗ္ဗာန်ကို ရပါမယ်။

ဒီတော့ ဆိတ်ငြိမ်ရာ အချိန်အခါ, ဆိတ်ငြိမ်ရာ ဒေသ, ဆိတ်ငြိမ်ရာ အရပ်ဌာနရဖို့ဟာ အင်မတန်မှပဲ အရေးကြီးလှပါတယ်။

လူရှင်ရဟန်း မရောနှော မရောပြွမ်းတဲ့ အာရုံငါးပါး ကာမဂုဏ်တရားများ ရှားပါးတဲ့ တောအရပ်ဟာ ဆိတ်ငြိမ်တဲ့ အချိန်ကာလလဲ ဟုတ်ပါတယ်၊ ဆိတ်ငြိမ်တဲ့ ဒေသ, အရပ်ဌာနလဲ ဟုတ်ပါလယ်။

လူရှင်ရဟန်းနှောတဲ့, လူရှင်ရဟန်း ရောပြွမ်းတဲ့ အာရုံငါး ပါး ကာမဂုဏ်တရားများ ပေါများထူထပ်တဲ့ ဒီလို မြို့ကြီး, ရွာကြီး,တိုက်တာကြီးတွေအတွင်းဆိုယင်တော့ အခုလို ညဉ့်နက် အချိန်အခါဟာ ဆိတ်ငြိမ်တဲ့အခါပေါ့။

ဆိတ်ငြိမ်တဲ့အခါလဲ ဖြစ်တယ်၊ ဆိတ်ငြိမ်တဲ့ နေရာလဲဖြစ်တဲ့ ယခုအချိန်မှာ ဘုန်းကြီးတို့ပရိသတ်တွေ ဘာလုပ်ရမလဲဆိုတော့ "တင်"အရ အားလုံးသော အမျိုးသားတွေက မဟာပလ္လင်ထိုင်နည်း တင်ပျဉ်ခွေ ထိုင်ပါ၊ ယောကျ်ားထိုင် ထိုင်ပါ၊ အမျိုးသမီးတွေက အစုပလ္လင်ထိုင်နည်း ထိုင်ကြပါ၊ မိန်းမထိုင် ထိုင်ကြပါ။

ထိုင်တဲ့အခါ ဗယ်ဘက်ခြေကို အောက်ကထားပါ၊ ညာဘက်ခြေကို အပေါ်ကထားပါ၊ခြေမျက်စိပေါ်ကို ခြေထောက်မတင်ပဲ ခြေမျက်စိနဲ့ အပေါ်ကတင်တဲ့ ခြေထောက်နဲ့ လွဲပြီးတော့ ထပ်တင်ပါ။

အဲဒီလိုထိုင်ပြီးတော့ လက်ဝါးနှစ်ဘက်ကို ပက်လက်လှန်ပြီး ဗယ်ဘက်လက်ဝါး အောက်ကထားပါ၊ ညာဘက်လက်ဝါးကို အပေါ်ကထားပါ၊ လက်ဝါးနှစ်ဘက်ကို ပက် လက် လှန် ပြီး ထပ်ထားပါ၊ လက်မထိပ်ချင်း ထိ၍ ထားပါ။

ကိုယ်ကိုလဲ တောင့်တင်းမထားပါနဲ့၊ ခြေသလုံးတွေ ပေါင်တွေလဲ တောင့်တင်းမထားပါနဲ့၊ ပုဆိုးတွေ လုံချည်တွေနဲ့လဲ ငြိပြီးတော့ တင်းကြပ်မနေပါစေနဲ့၊ ကိုယ်ကလဲ လက်ကို မမှီ၊ မဖိထားပါနဲ့၊ လက်ကလဲ ပေါင်ပေါ်၊ ခြေသလုံးပေါ်မှာ တင်ထားကာမျှ တင်ထားပါ၊ မမှီ၊ မဖိထားပါနဲ့။

အဲဒါ ထိုင်ပုံပါပဲ၊ အဲဒီလိုထိုင်ပြီးတော့ အားထုတ်လို့ ညောင်းညာပါလျှင် အညောင်းအညာလဲပျောက်၊ မရသေးတဲ့ အာရုံလဲရ၊ ရပြီးတဲ့ အာရုံလဲ မပျောက် မပျက်စေရအောင် ဣရိယာပုထ်ကို ပြောင်းလဲပြင်ဆင်ပြီးတော့ ထိုင်နိုင်ပါတယ်လို့လဲ ကြိုတင်ပြီး သိမှတ်ထားပါ။

ပြီးတော့ ''ဖြောင့်''အရ ခါးအထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ကလေး ထားပါ၊ ကိုယ်ကို ရှေ့ဘက်သို့ ညွတ်ကိုင်း၍ မနေရပါ၊ကုန်း၍လဲ မနေရပါ၊ ဦးခေါင်းကိုလဲ မော့၍ မထားရပါ၊ ငုံ့၍လဲ မထားရပါ၊ စောင်း၍လဲ မထားရပါ၊ ကိုယ်နှင့် ဦးခေါင်းကို တတန်းတည်းကျလေအောင် ဖြောင့်ဖြောင့်မတ်မတ်လေး ထားပါ၊ မိမိရဲ့ မျက်စိရှေ့တည့်တည့် အရာဝတ္ထုကို ကြည့်နေတဲ့ အနေမျိုးလေး နေထိုင်ပါ။

အဲဒီလို နေထိုင်ပြီးတော့ ''ငါး''အရ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, ဆိုတဲ့ ဒွါရ ၅ ပေါက်တို့ကို လုံစွာ ပိတ်ထားရပါမယ်၊ပိတ် ဆိုတော့ မျက်စိကိုအိပ်ခါနီးအချိန်အခါမှာ မှိတ်သလိုလေး မှိတ်ထားပါ၊ ညင်ညင်သာသာ မှိတ်ထားပါ၊ တအားမမှိတ်ပါနဲ့။

နားကိုပိတ် ဆိုတာက ယခုလို အသံမကြားရတဲ့ ညဉ့်အခါ ယခုလို တိတ်ဆိတ်ငြိမ်သက်တဲ့ အရပ်ဆိုယင် နားကိုပိတ်ပြီးသား ဖြစ်နေပါတယ်၊ အသံကို အာရုံမပြုပဲ နေယင် အသံကို နားစွင့်မနေယင် နားကို ပိတ်ထားရာ ရောက်ပါတယ်။

လျှာကိုပိတ် ဆိုတာက အားထုတ်တဲ့အခိုက်မှာ ကွမ်းဝါး, ဆေးငုံစသည် မပြုလုပ်ရပါ၊ တစုံတခု ဘာအရသာကိုမျှ မစားရ, မဝါးရပါ၊ အရသာကို အာရုံမပြုပါနဲ့။

ကိုယ်ကိုပိတ် ဆိုတာက ကိုယ်လှုပ် မနေစေရပါ၊ လက်ခြေတွေလဲ လှုပ်မနေစေရပါ၊ ခေါင်းလဲမလှုပ်စေရပါ၊ အသက်ရှူသံလဲ မမြည်စေရပါ၊ ကိုယ်ကိုလဲ တင်းတောင့် မနေစေရပါ။

အဲဒီလို နေထိုင်ပြီးတော့ "သတိထား"အရ ယခုလို စနစ်တကျ ထိုင်နေစဉ် ဝါယောဓာတ် ၆ မျိုးတွင် အထင်ရှားဆုံး, အချိန်မရွေးလဲ ရနိုင်တဲ့ "ထွက်လေ-ဝင်လေ" ကို သတိထားလိုက်ပါ။

လေ ဘယ်လို ဝင်သလဲ၊ ဘယ်လို ထွက်သလဲလို့ သတိထားလိုက်ပါ၊ သတိထားတော့ ထွက်တာဝင်တာ သိပါလိမ့်မယ်၊ ဝင်ပုံထွက်ပုံ သိပါလိမ့်မယ်၊ တဆင့်တက်ပြီး သတိထားလိုက်ပါ၊ အဲဒီ ဝင်လေထွက်လေဟာ ဘယ်နေရာကို တိုးဝင်သလဲ၊ ဘယ်နေရာကို တိုးထွက်သလဲ။

အဲဒီလို သတိထားတော့ လေရဲ့ တိုးဝင် - တိုးထွက်တာကို သိပါလိမ့်မယ်၊ တိုးဝင်တဲ့နေရာ တိုးထွက်တဲ့နေရာ သိပါလိမ့်မယ်၊ အဲဒီလို သိတဲ့အခါမှာ မိမိရဲ့ သတိကို အဲဒီ လေတိုးဝင်တဲ့နေရာ, လေတိုးထွက်တဲ့ နေရာမှာ ကပ်ထားပါ၊ ကပ်ထားတော့ တိုးတိုင်း, တိုးတိုင်း သိပါလိမ့်မယ်၊ ဒီတော့ တိုးတိုင်း တိုးတိုင်း သိအောင် ရှုပါ။

အဲဒီ တိုးသဘောဟာ ဝါယောလေဓာတ် ရုပ်ပရမတ် တရားပါ၊ တခါတိုး တခါသိ၊ တတိုးတသိ၊ တိုးတိုင်း,တိုးတိုင်း မလွတ်တမ်း ရှုပါ၊ တိုးတာလေးဟာ ဝါယောရုပ်မို့ တခါ တိုးယင် "ရုပ်"လို့ တချက်ရှုပါ၊ အထွက်တိုးလဲပဲ ရုပ်လို့ရှုပါ၊ အဝင်တိုးလဲ ရုပ်လို့ရှုပါ။

အထွက်-အဝင်က ပဓာနမဟုတ်ပါ၊ တိုးမှုကသာ ပဓာနပါ၊ အဲဒီလို တိုးသဘော ဝါယောရုပ်ကို သတိထားနေယင် အပါယ်ဘေးမှ လုံခြုံနေပါတယ်၊ အပါယ်သို့ မကျနိုင်ပါဘူး။

အဲဒီ တိုးသဘော ဝါယောဓာတ်, ဝါယောရုပ်ပေါ်မှာ သတိထားနေယင် တိုးသဘောရုပ်အပေါ်မှာ တည်နေတဲ့ သမာဓိလဲ ဖြစ်ပါတယ်၊ တိုးသဘောရုပ်ကို မလွတ်စေပဲ လုံ့လ ပြုတဲ့ ဝီရိယလဲ ပါပါတယ်၊ အဲဒီ ဝီရိယ-သတိ-သမာဓိ သုံးပါးက သမာဓိမဂ္ဂင်ပါ။

တိုးတာက သပ်သပ်၊ သိတာက သပ်သပ်၊ တိုးသဘောက ရုပ်၊ သိတာက နာမ်၊ ငါ-သူတပါး ယောကျ်ား-မိန်းမ မဟုတ်လို့ ခွဲခြားပြီး သိမြင်တာက သမ္မာဒိဋ္ဌိ၊ တိုးသဘော ရုပ်အာရုံပေါ် ရောက်အောင် တင်ပေးတာက သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိက ဓားနဲ့တူတယ်၊ သမ္မာသင်္ကပ္ပက ဓားအောက်သို့အရောက် ခုတ်စရာ စဉ်းစရာတွေ တင်ပေး, ပို့ပေးတဲ့ လက်နဲ့ တူပါတယ်၊ အဲဒီ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ နှစ်ပါးက ပညာမဂ္ဂင်ပါ။

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ သုံးပါးက သီလမဂ္ဂင်ပေါ့၊ အဲဒီ သီလမဂ္ဂင် ၃ ပါးက ခုနက တရားပွဲ အစကတည်းက သီလ ဆောက်တည်လိုက်ကတည်းက ပြည့်စုံနေပါတယ်။

ဒီတော့ ဘုန်းကြီးတို့ပရိသတ်မှာ ယခု တခါတိုး တခါသိ၊ တတိုး တသိ၊ တိုးတိုင်း, တိုးတိုင်း ရုပ်ရုပ်လို့ သတိထားရှုပွားပြီး သိနေတဲ့အခါမှာ တတိုး တသိထဲမှာ တခါတိုး တခါသိထဲမှာ ရုပ်ရုပ်လို့ ရှုသိထဲမှာ မဂ္ဂင် ၈ ပါး ပါမနေဘူးလား။

"ပါနေပါတယ် ဘုရား"

ကျေးဇူး အလွန်များပါတယ်၊ "ဝိပဿနာကို စပြီးတော့ နှလုံးသွင်း ရှုပွားခြင်းဟာ ထင်ရှားတဲ့ အစဉ်အတိုင်း ဖြစ်ပါတယ်" တဲ့၊ ဒါကြောင့် ခန္ဓကိုယ်တောင်ပို့ကို တူးသောအား

ဖြင့် ရှုပွားတဲ့အခါ ဓာတ်လေးပါးမှာ, မဟာဘုတ်ကြီး ၄ ပါးမှာ အထင်ရှားဆုံးဖြစ်တဲ့ ဝါယောဓာတ်, ဝါယောရုပ်က စပြီးတော့ ပေးရပါတယ်နော်။

"မှန်ပါဘုရား"

**ဓာတ် ၄-ပါး ကွဲအောင်ရှုပါ**

ပကတိတောင်ပို့ကို လေးစိတ် လေးမြွာ ကွဲအောင် တူးရသလိုပါပဲ ဒီခန္ဓာကိုယ်တောင်ပို့ကိုလဲ ဓာတ် ၄ ပါးကွဲအောင် ရှုရမယ်၊ အဲဒီ တိုးသဘောရုပ်ထဲမှာ ဓာတ် ၄ ပါး ပါနေပါတယ်၊ ကွဲအောင် ရှုပါ၊ တတိုး တသိ, သိအောင် ရှုပွားနေယင်းနဲ့ ရံခါမှာ အဲဒီ တိုးသဘောရုပ်လေး ငြိမ်သွားတာ ရပ်သွားတာ တွေ့ရမယ်။

တိုးသဘောရုပ် တိုးနေတာက ထက်တဲ့ဝါယောရုပ်၊ ငြိမ်သွား ရပ်သွားတာက နုံ့တဲ့ ဝါယောရုပ်ပေါ့၊ ဒီတော့ တိုးတာတွေလဲ ဝါယောရုပ် တွေ့တာပဲ၊ ငြိမ်တာ, ရပ်တာတွေလဲ ဝါယောဓာတ်, ဝါယောရုပ် တွေ့တာပါပဲ။

ဆက်ပြီးတော့ ဒီ....တိုးသဘောပဲ ရှုနေပါ၊ အဲဒီလို ရှုနေတော့ ရံခါ ပူတာတွေ့မယ်၊ ရံခါ အေးတာတွေ့မယ်၊ ရံခါ မပူမအေး မျှတာတွေ့မယ်၊ အဲဒီ တိုးသဘောထဲမှာကို ပူတာ, အေးတာ, မျှတာတွေ ပါနေပါတယ်၊ပူအေးတွေ့တာက ထက်တဲ့ တေဇောတွေ့တယ်၊ မျှတာတွေ့တာက နုံ့တဲ့ တေဇော တွေ့ပါတယ်၊ တေဇောတော့ တေဇောချည်းပဲ။

ဆက်ပြီးတော့ ဒီ တိုးသဘောပဲ ရှုနေပါ၊ အဲဒီလို ရှုနေတော့ ရံခါ ကြမ်းတမ်းတဲ့သဘောကို တွေ့မယ်၊ အတိုးကြမ်း

တယ်ပေါ့၊ ရံခါ နူးညံ့တဲ့သဘောကို တွေ့မယ်၊ အတိုးနုတယ် ပေါ့၊ ကြမ်းတာလဲ ပထဝီရုပ်ပဲ၊ နုတာလဲ ပထဝီရုပ်၊ ထက်တဲ့ ပထဝီ နုတဲ့ပထဝီပေါ့၊ ပထဝီတော့ ပထဝီချည်းပဲပေါ့။

ဆက်ပြီးတော့ ဒီ တိုးသဘောကိုပဲ ရှုနေပါ၊ နေရှုတော့ တိုးသဘော တိုးနိုင်အောင်, ပူသဘော ပူနိုင်အောင်, ကြမ်းသဘော ကြမ်းနိုင်အောင် ပေါင်းပေး, စပ်ပေးတာက စုပေးတာက အာပေါဓာတ်, အာပေါရုပ်ပါ။

အဲဒီ အာပေါဓာတ်, အာပေါရုပ်ကတော့ အတွေ့အထိ ဓာတ်, ရုပ်မဟုတ်တော့ အသိခက်ပါတယ်၊ အသိခက်ပေမယ့် ရှုလို့တော့ ရပါတယ်၊ သူ့ကို ဘယ်လို ရှုမလဲဆိုတော့ ခုနက ဖြောခဲ့တဲ့ ဝါယောရုပ်, တေဇောရုပ်, ပထဝီရုပ်တို့ကို မှီပြီးတော့ ရှုမှ ရှုနိုင်ပါတယ်။

**အသက်ရှု မှန်ပါစေ**

အဲဒီလို တိုးသဘောရုပ်, တိုးသဘောဓာတ်ကို တခါတိုး တခါသိ၊ တိုးတိုင်းသိအောင် ဓာတ် ၄ ပါးကွဲအောင် ရှုပွားနေတဲ့အခါမှာ အရှုခံ အာရုံ တိုးသဘောက အသက်ရှုမှုနှင့် စပ်နေတော့ အသက်ရှု နှေးလဲသွားတတ်ပါတယ်၊ မနှေးစေရပါ၊ အသက်ရှု မြန်လဲ သွား တတ် ပါ တယ်၊ မြန်လဲ မမြန်စေရပါ၊ အ သက် ရှု ကို အောင့်လဲ ထားတတ်ပါတယ်၊ အောင့်လဲ မထားရပါ၊ အသက် ရှုလဲ ပြင်းထန်တတ်ပါတယ်၊ အသံလဲ မြည် တတ် ပါ တယ်၊ မပြင်းထန်ရ အသံမမြည်ရပါ၊ တရားအားမထုတ်ခင်က အသက် ရှုတဲ့ အနေအထားအတိုင်း အသက်ရှုပါ၊ အသက်ရှုမှု မှန်ပါ စေ၊ အရှိတိုးသဘောရုပ်ကို အသိလေး ကပ်ရှုရုံပါပဲ။

အရေးကြီးတာက တိုးတိုင်း တိုးတိုင်း နောက်ကနေလိုက်ပြီး တော့ မလွတ်တမ်း ရုပ်-ရုပ်လို့ ရှုပွားဖို့ပါပဲ၊ မရှိတဲ့ တရားကိုလဲ ရှာပြီးတော့ ရှုပွားဖို့ မဟုတ်ပါဘူး၊ ထင်ရှားရှိနေတဲ့ တိုးသဘောရုပ်, တိုးသဘောခတ်ကိုပဲ သတိထားပြီးတော့ အသိတရားနဲ့ မလွတ်တမ်း ရှုပွားဖို့ပါပဲ။

**သတိပဋ္ဌာန် လေးပါးပါ**

အဲဒီလို တိုးသဘောရုပ်, တိုးသဘောခတ်ကို ရှုပွားနေတာက ကာယာနုပဿနာ သတိပဋ္ဌာန်ပါ၊ အဲဒီ တိုးသဘောရုပ်ကို ရှုပွားနေယင်းနဲ့ ရှုစိတ်က တခြားထွက်သွားယင်လဲ အဲဒီ စိတ်ကို ရှုပွားလိုက်၊ ရှုလိုက်တော့ ထွက်သွားတဲ့စိတ်က မရှိတော့ဘူး၊ အဲဒီလို စိတ်ကို ရှုပွားတာက စိတ္တာနုပဿနာသတိပဋ္ဌာန်ပေါ့။

တိုးသဘောရုပ်ကို ရှုနေယင်းနဲ့ အတိုးကြမ်းလို့ ဆင်းရဲ, အတိုးနုတော့ ချမ်းသာ, မသိမသာတိုးတော့ ချမ်းသာဆင်းရဲ မဟုတ်တဲ့ ဥပေက္ခာတွေလို့ ခံစားမှုရှုပွားယင် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ပေါ့။

ချမ်းသာတာက သုခ, ခံစားတာကဝေဒနာ, ဆင်းရဲတာက ဒုက္ခ, ခံစားတာက ဝေဒနာ၊ ချမ်းသာဆင်းရဲ မဟုတ်တာက အဒုက္ခမသုခ-ခံစားတာက ဝေဒနာ၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာပေါ့။

လိုချင်တဲ့သဘော, ပူပန်တဲ့သဘော ရှုလို့ရှိယင် ဓမ္မာနုပဿနာသတိပဋ္ဌာန်ပေါ့၊ ရုပ်နဲ့နာမ်နဲ့ ရောရှုလို့ရှိယင် ဓမ္မာနုပဿနာသတိပဋ္ဌာန်ပေါ့၊ ဒီတော့ ဒီတိုးသဘောကို ရှုနေယင်းနဲ့

သတိပဋ္ဌာန် ၄ ပါး ပါဝင်နေပါတယ်၊ ပြဋ္ဌာန်း-မပြဋ္ဌာန်းသာ ကွာပါတယ်။

ဓမ္မာနုပဿနာသတိပဋ္ဌာန်က အရာကျယ်ပါတယ်၊ ဝေဒနာနဲ့ စိတ်မှတပါး သညာ, သင်္ခါရဆိုတဲ့ နာမ်တရားတွေ ရှုပွားလို့ ရှိယင်လဲ ဓမ္မာနုပဿနာသတိပဋ္ဌာန် ပါပဲ၊ နောက် နီဝရဏတရားတွေ, ဗောဇ္ဈင်တရားတွေ ရှုပွားလို့ရှိယင်လဲ ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါပဲ။

နောက် ခန္ဓာတရား အာယတနတရားတွေ ရှုပွားယင်လဲ ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါပဲ၊ အဲဒီ အနုပဿနာတွေက အခိုက်အတန့် ပါဝင်တာပါ။ အဲဒါကို သိထားဖို့ ပြောပြရတာပါ၊ ဒီမှာ အဓိက မူတည်ကမ္မဋ္ဌာန်းက မူလကမ္မဋ္ဌာန်းကတော့ တိုးသဘော ဝါယောရုပ်, ဝါယောဓာတ်ကို ရှုဖို့ပါပဲ။ အဲဒီလို ရှုတဲ့အခါ ယောဂီတို့ဟာ....

> "ငါတို့ ယခုအားထုတ်နေတဲ့ ပဋ္ဌိပတ် မဟာသတိပဋ္ဌာန် အကျင့်မြတ်နဲ့ အိုခြင်း, နာခြင်း, သေခြင်းအစရှိတဲ့ သံသရာဝဋ္ဋဆင်းရဲအပေါင်းမှ မချွတ်ကေန် အမှန်လွတ်နိုင်တယ်၊ လွတ်ရမယ်"

လို့ တကယ့်ကို ယုံကြည်အားထားပြီးတော့ အားထုတ်ရှုပွားနေပါ၊ ပြီးတော့....

> "ငါတို့ဟာ ဘုရားသာသနာတော်နဲ့ ကြုံကြိုက်ပါမှ အားထုတ်ရတဲ့ တကယ့် အမြတ်စားဖြစ်တဲ့ ဝိပဿနာတရားတော်ကို အားထုတ်နေရပါကလား"

လို့လဲ နှစ်လုံးသွင်းကာ အားရဝမ်းသာစွာနဲ့ ရှုပွားအားထုတ်နေကြပါ၊ တခါတိုး တခါသိ၊ အဲဒီ တတိုး တသိထဲမှာ

မဂ္ဂင် ၈ ပါး ပါဝင်ပုံ ခုနက ပြောခဲ့ပြီးပါပြီ၊ ပြီးတော့ အဲဒီ တတိုးတသိမှ တဆင့်တက်ပြီး ပူသိ, အေးသိ, ကြမ်းသိ, နူသိ, ဖွဲ့သိ, ယိုစီးသိတွေလဲ သိလာပါလိမ့်မယ်။

ယောဂီတို့ဟာ အဲဒီလို အမှန်ရှိ အဟုတ်ရှိတဲ့ ရုပ်သဘော, ခတ်သဘောတွေကို သိရှိနေယင် ယောကျ်ားပဲ, မိန်းမပဲ, ပုဂ္ဂိုလ်ပဲ, သတ္တဝါပဲ, ငါပဲ, သူပဲစတဲ့ အဲဒီလို ထင်မြင်စွဲလမ်းမှု အမှားတွေလဲ ကွာသွားပါလိမ့်မယ်။

သတိ, ဝီရိယ, ပညာတရားများ လက်ကိုင်ထားပြီးတော့ အဲဒီလို ဆက်လက် ရှုပွားအားထုတ်နေယင် သမာဓိအား, ဉာဏ် အားတွေ ကောင်းလာပါလိမ့်မယ်၊ အဲဒီလို ကောင်းလာတဲ့ အခါ အဲဒီ ရုပ်သဘော, ခတ်သဘောတွေရဲ့ အဖြစ်ကိုလဲ တွေ့ပါလိမ့်မယ်၊ အပျက်ကိုလဲ တွေ့ပါလိမ့်မယ်၊ အဖြစ်-အပျက် ကိုလဲ တွေ့ပါလိမ့်မယ်။

ဒီလောက်သိတော့ ဘယ်လို ပြောင်းပြီး ရှုပွားရဦးမလဲလို့ သိချင်ကောင်း သိချင်ပါလိမ့်မယ်၊ ဘယ်လိုမှမပြောင်းပါနဲ့၊ ရှုမြဲ တိုင်းပဲ တိုးသဘောမှာ သတိမြဲမြဲထားပြီး ဆက်ရှုနေပါ၊ တိုး သဘောကို တိုးတိုင်း,တိုးတိုင်း တတိုးတသိ သိအောင်ရှုပါ၊ သမာဓိအား ဉာဏ်အားကောင်းလာယင် တိုး စ, တိုး လယ်, တိုးဆုံးကိုလဲ သိလာပါလိမ့်မယ်။

မသိသေးတာကို ကျော်ပြီးတော့ မသိချင်ပါနဲ့၊ သိချင်နေ ယင် ရှုပွားအားထုတ်တာ မဟုတ်တော့ ဘာမှ မသိတော့ပါ ဘူး၊ အရှိတိုးသဘောကို အသိနဲ့ ကိုက်အောင် ရှုပွားနေပါ၊ ရှုပွားနေတော့ အရှိနဲ့အသိ ကိုက်လာယင် အဲဒီ အရှိတိုးသဘော ရဲ့ မမြဲတဲ့ အနိစ္စလဲ သိလာမါလိမ့်မယ်။

လက္ခဏာရေး သုံးပါးမှာ တပါးသိယင် ကျန်တဲ့နှစ်ပါးလဲ သိပါတယ်၊ အဲဒီ တပါးပါးကို သိဖို့ပဲ အရေးကြီးပါတယ်၊ ဒီတော့ တိုးသဘောပဲ သတိမြဲစွာနဲ့ ဆက်ရှုပါ၊ အနိစ္စသိယင် သိမယ်၊ ဒုက္ခသိယင် သိမယ်၊ အနတ္တသိယင် သိမယ်၊ အဲဒီလို အရှိတိုးသဘောကို အသိနဲ့ ကြည့်လို့ အရှိတိုးသဘောရဲ့ အနိစ္စ သဘော စသည်ကို သိရတာက သမ္မာဒိဋ္ဌိပါပဲ။

**ငါးပါး-ရှစ်ပါး** ယောဂီတို့ သတိထားပြီးတော့ ရှုပွားပါ၊ အဲဒီလို ရှုပွားနေတာဟာ ငါ- သူတပါး, ယောကျ်ား မိန်းမတွေက ရှုပွားနေတာ မဟုတ်ပါဘူး၊ ဝိပဿနာမဂ်လို့ခေါ်တဲ့ မဂ္ဂင်ငါးပါးနဲ့ အားထုတ်နေတာပါ၊ မဂ္ဂင်ငါးပါးက အားထုတ်နေတာပါ။

အဲဒီ မဂ္ဂင်ငါးပါးကို အလုပ်မဂ္ဂင်ဖြစ်လို့ "ကာရက မဂ္ဂင်" လို့လဲ ခေါ်ပါတယ်၊ အရိယမဂ်ရဲ့ ရှေ့သွားဖြစ်လို့ "ပုဗ္ဗဘာဂ မဂ်" လို့လဲ ခေါ်ပါတယ်၊ ပညာမဂ္ဂင် ၂ ပါးနဲ့ သမာဓိမဂ္ဂင် ၃ ပါးကို ခေါ်တာပါပဲ။

ခုနက တရားမနာမီ သီလယူထားတော့ သီလမဂ္ဂင်သုံးပါးလဲ ပါဝင်နေလို့ တတိုးတသိထဲမှာ မဂ္ဂင်ရှစ်ပါး ပါဝင်နေတယ်လို့လဲ ဆိုနိုင်ပါတယ်။

အဲဒီ မဂ္ဂင်ရှစ်ပါးကို ဝိဇ္ဇာနဲ့ စရဏခွဲလိုက်ယင် သီလမဂ္ဂင်, သမာဓိမဂ္ဂင် ၂ ပါးက စရဏတရားတွေပါ၊ ပညာမဂ္ဂင်က ဝိဇ္ဇာတရားပါ၊ ဒီတော့ တတိုးတသိထဲမှာ ဝိဇ္ဇာရော စရဏရော ပါဝင်နေလို့ ဝိဇ္ဇာစရဏနဲ့ ပြည့်စုံနေပါတယ်၊ ဝိဇ္ဇာနဲ့ စရဏ တပြိုင်နက် ရနေပါတယ်။

အဲဒီလို တတိုးတသိ သိအောင် ရှုပွားနေတာဟာ ဘယ်သွားနေတာလဲဆိုတော့ နိဗ္ဗာန်သွားတဲ့ လမ်းကို သွားနေတာပါ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရာ တခုတည်းသောလမ်း ဆိုတာ ယခုလို ရှုပွားအားထုတ်တဲ့ မဟာ သတိပဋ္ဌာန် လမ်းကို ခေါ်ပါတယ်။

တတိုးတသိ သိသိနေယင် နိဗ္ဗာန်လမ်း လှမ်းသွားလှမ်းသွား နေတာနဲ့ တူပါတယ်၊ ဒီတော့ တနာရီလောက် ရှုပွားအားထုတ်လိုက်ယင် တတိုးတသိပေါင်းများစွာဖြစ်တော့ နိဗ္ဗာန်ခရီးဟာ များစွာနီးသွားပါတယ်။

**တောင်ပို့တူးနေတာ** ကဲ....ယခုအနေ ဘေးက မသိတဲ့သူတွေက သင်တို့ ဘာလုပ်နေကြတာလဲလို့ လာမေးယင် ဘယ့်နှယ်ဖြေကြမလဲ၊ တို့တတွေ ခန္ဓာကိုယ်တောင်ပို့ကြီး တူးကြည့်နေကြတယ်၊ ခန္ဓာကိုယ်တောင်ပို့ တူးနေကြတာလို့ ဖြေရမှာပဲ၊ ပိုပြီးတော့ သဘောပေါက်သွားအောင် ခုနက ချပေးခဲ့တဲ့ လင်္ကာကြီးကို တူးတဲ့ဆီအရောက် တခေါက်ပြန်ပြီးတော့ ဆိုကြည့်စမ်းပါ။

၁။ ဤခန္ဓာကိုယ်, တောင်ပို့ဆိုလော့၊

၂။ ညဉ့်ကိုလုပ်မျိုး, ကြံဖန်ပျိုးသည်, အခိုးလူလူ, ထွက်သော ဟူ၏။

၃။ နေ့မူကိုယ်နှုတ်, ထိုထိုလုပ်၍, အားထုတ် ကျင့်ဆောင်, မီးတောက်လောင်၏။

၄။ ဘုန်းခေါင် ထွတ်ထား, မြတ်ဘုရားမူ, ပုဏ္ဏား ဆရာ, ဟောမိန့်မှာ၏။

၅။ ယောဂါဝစရ, ပုဂ္ဂလမူ, သိဿညာဏ်ရှိ, စံတပည့်တည့်။
၆။ ဝိပဿနာ, မဂ်ပညာကား, ထက်စွာအသွား, သန်လျက်ဓားတည့်၊
၇။ ကြိုးစားလုံ့လ, ဝီရိယထန်ပြင်း, အားထုတ်ခြင်းကို, တူးခြင်းခေါ်ရာ။

ကဲ.... တော်လောက်ပါပြီ၊ အဲဒီလောက်ပဲ ရပ်ထားပါဦး၊ ယခု ယောဂီတို့ တိုးသဘော ရုပ်ခန္ဓာကို ရှုပွားသောအားဖြင့် တူးလိုက်တော့ ဘယ်နှစ်ပုံ ကွဲသွားပြီလဲ၊ တိုးတာက တပုံ၊ ပူတာအေးတာက တပုံ၊ ကြမ်းတာ နူတာက တပုံ၊ ဖွဲ့စည်းယိုစီးတာက တပုံရယ်လို့ လေးပုံကွဲသွားပြီ။

အင်း....ပကထိ တောင်ပို့ကြီးကို တခါတူးယင် တခါ မြေစာခဲထွက်သလိုပဲ ခန္ဓာကိုယ်တောင်ပို့ကို ဝိပဿနာပညာ, မဂ်ပညာဓားနဲ့ တခါတိုး တခါသိ၊ တိုးတိုင်း တိုးတိုင်း သိအောင် ရှုပွားသောအားဖြင့် တူးယင်းလဲ အဲဒီလိုခေတ်လေးပါးကွဲတာ၊ ရုပ်လေးပါးကွဲတာဟာ မြေစာထွက်တာနဲ့ တူပါတယ်။

**ရုပ်ခိုက်ရှုပွားပုံ** ကဲ....တပည့်တော်တို့ ထိုင်တဲ့ အခါမှာတော့ ရှုတတ်ပွားတတ် အားထုတ်တတ်ပါပြီ၊ ရပ်တဲ့အခါမှာ ဘယ်လို ရှုပွားအားထုတ်ရပါ့မလဲလို့ မေးစရာရှိပါတယ်၊ မေးလဲ မေးရပါမယ်။

မေးတော့ ရပ်ခိုက်မှာ ဘယ်လို ရှုပွားရမလဲဆိုတော့ သက်သက် ရပ်နေမယ်ဆိုယင် အဲဒီ တိုးသဘောကိုပဲ ရှုမယ်ဆိုယင်လဲ ရှုနိုင်ပါတယ်၊ သို့မဟုတ် အဲဒီရပ်နေတဲ့ ကိုယ်ကာယကြီး

ကို လဲပြိုမကျသွားအောင် ထိန်းပေး,ပင့်ပေးရတဲ့ "ထိန်း-ပင့်" ဝါယောရုပ်, ဝါယောဓာတ်ကို ရှုရပါမယ်။

အဲဒီလို ရှုပွားတော့မှ ရုပ်တဲ့အခိုက်အတန့်မှာ တခဏအတွင်းမှာ "ထိန်းရပင့်ရ"တဲ့ ဝါယောရုပ်ဝါယောဓာတ်ပေါင်း များစွာဖြစ်၍ များစွာပျက်နေတာကို တွေ့နိုင် မြင်နိုင်ပါလိမ့်မယ်၊ အပြင်အပ ရုပ်ကိုယ်ကြီးကို ကြည့်ပြီးတော့ မရှုပွားရပါဘူး။

အဲဒီအပြင်အပ ရုပ်ကိုယ်ကြီး ပုံပန်းမပျက်ရအောင် ရုပ်တန့်တည်နေအောင် အတွင်းက ထိန်းပေး, တောင့်ပေး, တင်းပေး, ပင့်ပေး,မပေးရတဲ့ "ထိန်း,တောင့်,တင်း,ပင့်,မမှု"တွေ တခုပြီး တခု အဆက်မပြတ် တရစပ် ဖြစ်,ပျက်နေတာကို မြင်အောင် ရှုကြည့်ရမှာပါ, ပွားများရမှာပါ။

အဲဒီလို ရှုကြည့်ပွားများတော့မှ အပြင်အပ ရုပ်ကိုယ်ကြီးရဲ့ တခဏကလေးမျှ ရပ်မှုအတွက်ဟာ အတွင်းမှ "တွန်းပေး, တောင့်ပေး, တင်းပေး, ပင့်ပေး, မပေး, ထိန်းပေး" ရမှုတွေ များစွာရှိနေပါလားလို့ သိရပါမယ်၊ အဲဒီလို သိမှုလဲ သိမှုမှန်ပါတယ်။ ကဲ.... ဒီတော့ သဘောလဲပေါက် အိပ်ချင်လဲပြေအောင် လင်္ကာလေး ၂ ပုဒ်ကို ဆိုကြည့်စမ်းပါ။

* ရပ်မှုအရ၊ ထိန်းကိစ္စ၊ သိမှု ပြီးနိုင်ရာ။

* ထက်အောက်အင်္ဂါ၊ ခွဲစိတ်ဖြာ၊ ထိန်းရာဝါယောသာ။

**လျောင်း-အိပ်ခိုက် ရှုပွားပုံ**

ကဲ.... ဒီလောက်ဆိုယင် ရပ်ခိုက် အခါမှာ ရှုပွား အားထုတ်ပုံကို သဘော ပေါက် လောက်ပါပြီ၊ ယခု ဆက် လက် ပြီး တော့ လျောင်းခိုက်, အိပ်ခိုက်အခါမှာ ရှုပွား အားထုတ်ပုံကို

ပြောပြပါမယ်၊ လျှောင်းခိုက်၊ အိပ်ခိုက်အခါမှာလဲ အသက်ရှူနေတော့ နှာခေါင်းမှာ တိုးသဘောပဲ တတိုးတသိ ရှုပွားနိုင်ပါတယ်။

ပက်လက်ပဲအိပ်အိပ်၊ တစောင်းပဲ အိပ်အိပ် တိုးသဘောဟာ ထင်ရှားပါတယ်၊ တတိုး တသိ တိုးတိုင်းပဲ မလစ်အောင် သိအောင်ရှုပွားပါ။

အဲဒီနှာခေါင်းမှာ တိုးသဘောကို မရှုချင်ယင် ခေါင်းအုံးနဲ့ ခေါင်းနဲ့ ထိနေတဲ့ အခါမှာ "ဒိတ်ဒိတ်"နဲ့ တိုးနေတဲ့ တိုးသဘောကိုလဲ တတိုး, တသိ, သိအောင် ရှုပွားနိုင်ပါတယ်။

အဲဒီ ခေါင်းအုံးနဲ့ ခေါင်းနဲ့ထိလို့ "ဒိတ်ဒိတ်"နဲ့ တိုးနေတဲ့ တိုးသဘောရုပ်က "ကမ္မဇဝါယော"ပါ၊ ကံကြောင့် ဖြစ်တဲ့ ဝါယောရုပ်ပါ၊ နှာခေါင်းမှာ တိုးနေတဲ့ ဝါယောရုပ်က စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇဝါယော ရုပ်ပါ၊ အကြောင်းသာ ကွဲပါတယ်၊ ဝါယောချင်းကတော့ အတူတူပါပဲ။

သို့မဟုတ်.... ပက်လက်လှန်ပြီး အိပ်တဲ့အခါ ရင်မှာ "ဒိတ်ဒိတ်"နဲ့ တိုးနေတဲ့ တိုးသဘောလဲ ရှုပွားနိုင်ပါတယ်၊ တခါတိုး တခါသိ ရှုပွါးရမယ်ပေါ့။

သို့မဟုတ် ရင်မှာခုန်နေတဲ့သဘော, တုန်နေတဲ့သဘော,လှုပ်နေတဲ့သဘောလဲ ရှုပွားနိုင်ပါတယ်၊ ရှုပွားတဲ့အခါမှာ ပညတ်ဖြစ်တဲ့ ရင်တို့ နှလုံးတို့ ဗိုက်တို့ မပါပါစေနဲ့၊ ခုန်သဘော, တုန်သဘော,လှုပ်သဘော သက်သက်မျှကိုသာ မြင်အောင်ရှုပွားပါ။

တခါခုန် တခါသိ၊ တခုန် တသိ၊ တခါတုန် တခါသိ၊တတုန် တသိ၊ တခါလှုပ် တခါသိ၊ တလှုပ် တသိ၊ သိအောင် ရှုပွါးရပါမယ်၊ အဲဒါတွေဟာ ဝါယောဓာတ်, ဝါယောရုပ်တွေပါပဲ။

အဲဒီ ခုန်သဘော၊ တုန်သဘော၊ လှုပ်သဘောမှာလဲ ပူသဘော၊ အေးသဘော၊ ကြမ်းသဘော၊ နူးသဘော၊ ဖွဲ့စည်းသဘော၊ ယိုစီးသဘောတွေကို သိနိုင်ပါတယ်၊ ရှုပွားယင်းနဲ့ မြင်နိုင်လာပါတယ်၊ မြင်အောင်လဲ ရှုပွားရပါမယ်။

သို့မဟုတ် အဲဒီ အိပ်နေတဲ့ ရုပ်ကိုယ်ကြီးကို ဖရိုဖရဲ ဖြစ်မသွားအောင် မိမိ အိပ်လိုတဲ့ ပုံစံအတိုင်း တည်တံ့နေနိုင်အောင် ထိန်းပေးရတဲ့သဘော၊ ပင့်ပေးရတဲ့သဘော၊ မ - ပေး ရ တဲ့ သဘော၊ ထောက်ပေးရတဲ့သဘော၊ ကန် ပေး ရ တဲ့ သ ဘော စတဲ့ များစွာသော သဘောတွေဟာ ဝါယောဓာတ်၊ ဝါယော ရုပ်တွေပါပဲ။

အဲဒီ ဝါယောရုပ်ရဲ့ သဘောတွေ တမျိုးပြီးတမျိုး သဘော တခုမှ သဘောတခု ပြောင်းလဲဖြစ်ပျက်နေတာကိုလဲ ရှုပွား နိုင်ပါတယ်၊ ရှုပွားယင် ရနိုင်ပါတယ်၊ အဲဒီလို ရ နိုင် ပုံ ကို သဘောပေါက်အောင် အိပ်ချင်လဲပြေအောင် လင်္ကာ လေး တပုဒ် ဆိုကြည့်ပါ။

* အိပ်မှုအရ၊ ထိန်းကိစ္စ၊ သိကြ ထိုင်ရပ်အတိုင်းသာ။

**ထိုင်မှုမှ ထိန်းမှု**

အင်း....ဒီ လင်္ကာလေး ချပေးခါမှ သွား ပြီးတော့ သတိရပါတယ်၊ ခုနက ထိုင်ခိုက် ရှုပွားပုံပြောစဉ်က တိုးသဘော တခုတည်း ပြောခဲ့ပါတယ်၊ ထိန်းသဘောကို မပြောခဲ့မိပါဘူး၊ ပြန်ပြောပါဦးမယ်။

ထိုင်နေတဲ့ အခိုက်မှာ ဒီရုပ်ကြီးကို ဖရိုဖရဲနဲ့ လဲကျမသွား ရန် ပင့်ပေးရတဲ့ သဘော၊ မ, ပေးရတဲ့သဘော၊ တောင့်ပေး ရတဲ့သဘော၊ တင်းပေးရတဲ့သဘော၊ ထိန်းပေးရတဲ့ သဘော

တွေဟာ အများကြီးပါပဲ၊ အဲဒီ သဘောတွေ ဆက်ကာဆက်ကာ ဖြစ်နေပါမှ ဒီရုပ်ကိုယ်ကြီး ထိုင်နေနိုင်တာပါ။

ဒါကြောင့် ထိုင်တဲ့အခါမှာ တိုးသဘောကို မရှုပွားပဲ အထူးသဖြင့် အဲဒီ ရုပ်ကိုယ်ကြီး လဲကျမသွားအောင် တထိန်းပြီး တထိန်း ထိန်းပေးတဲ့ ဝါယောရုပ် ဝါယောဓာတ်ကို တထိန်းတသိ၊ သိအောင် ရှုပွားပါ၊ ကဲ....အဲဒီ ထိန်းမှုအတွက် အိပ်ချင်ပြေ လင်္ကာလေး ၂ ပုဒ်လောက် ဆိုကြည့်ပါ။

* ထိုင်မှုအရ၊ ထိန်းကိစ္စ၊ သိမှ ပြီးနိုင်ရာ။

* ထိုင်မှုထွေထွေ၊ ထိန်းကာနေ၊ သိလေ ဝါယောသာ။

**သွားခိုက်ရှုပုံ** ကဲ....ယခု ဆိုယင် ထိုင်, ရပ်, လျောင်း ဆိုတဲ့ ဣရိယာပုထ် သုံးပါး ရှုပွားပုံကို ပြောပြီးပါပြီ၊ ယခု သွားခိုက်အခါမှာ ရှုပွားပုံကို ပြောပြပါမယ်၊ သွားတဲ့အခါမှာ ဘယ်ပုဂ္ဂိုလ် သတ္တဝါ သွားသလဲ၊ တစုံတယောက်သော ပုဂ္ဂိုလ်, သတ္တဝါ, မသွားပါဘူး။

"သွားယင်လဲ သွားတယ်လို့ ပညာ အဆင် အခြင်နဲ့ သိ" လို့ ဆိုတဲ့နေရာမှာ "ပထမ သွားလိုစိတ် ဖြစ်တယ်၊ အဲဒီ သွားလိုစိတ်က ဝါယောဓာတ် သတ္တိလွန်ကဲတဲ့ ရုပ်ကလာပ်ကို ဖြစ်စေတယ်။ အဲဒီ ဝါယောဓာတ် သတ္တိ လွန်ကဲတဲ့ ရုပ်ကလာပ်က ကာယဝိညတ်ဆိုတဲ့ ကိုယ်အမူအရာကို ဖြစ်စေတယ်။

ဒီတော့ သွားလိုစိတ်က ပြုပြင်စီရင်တဲ့ ဝါယောဓာတ် သတ္တိလွန်ကဲတဲ့ ရုပ်ကလာပ်ရဲ့ တွန်းလှုပ်ခြင်းကြောင့် ဒီ တကိုယ်လုံးကို ရှေ့သို့ ဆောင်ခြင်းကိုပဲ "သွားတယ်" လို့ ခေါ်ပါတယ်။

အဲဒီတော့ သွားခိုက်အခါမှာ အဲဒီ သွားမှုကို ဝိပဿနာ အနေ မြင်အောင် ရှုပွားလိုပါယင် ဝါယောဓာတ်ရဲ့ အမှတ် လက္ခဏာများဖြစ်သော ရွမှုသဘော, ရွေ့မှုသဘော, တွန်းမှု သဘော, ရွေ့မှုသဘော, ကြွမှုသဘော, လှုမ်းမှုသဘော, ချမှု သဘော, ရှောင်မှုသဘော, လွဲမှုသဘော စသည်များကို မြင် အောင် သိအောင် ရှုပွားရပါမယ်။

အဲဒီမှာလဲ ပူသဘော, အေးသဘော, ကြမ်းသဘော, နူသဘော, ဖွဲစည်းသဘော, ယိုစီးသဘောတွေပါ တွေ့နိုင်ပါ တယ်၊ မြင်နိုင်ပါတယ်၊ တွေ့အောင် မြင်အောင်လဲ ရှုပွားရ မှာပါ၊ အဲဒီလို ရှုပွားလို့ မြင်ယင်တွေ့ယင် ဒီခန္ဓာကိုယ် တောင် ပို့ကြီး လေးစိတ်လေးမြွာ ပြိုကွဲတာပါပဲ။

"ထိုင်, ရပ်, လျောင်း, သွား" ဆိုတဲ့ ယခုပြောခဲ့တဲ့ ဣရိယာ ပုထ်စကလေးပါးနဲ့ ပြီးတဲ့ ဒီရုပ်ကိုယ်ကြီးဟာ ပုဂ္ဂိုလ်မဟုတ်, သတ္တဝါမဟုတ်, ယောကျ်ားမဟုတ်, မိန်းမမဟုတ်, ငါမဟုတ်, သူမဟုတ်, ဓာတ် ၄ ပါးသာ ဟုတ်တယ်လို့ မြင်လာယင် ဒီခန္ဓာ ကိုယ် တောင်ပို့ကြီးဟာ လေးစိတ်လေးမြွာ ပြိုကွဲတာပါပဲ။

သွားခိုက်အခါမှာ "ကြွ, လှမ်း, ချ" က အဓိကဖြစ်နေပါ တယ်၊ ဒီတော့ ကြွတာလဲ ဝါယောဓာတ်, လှမ်းတာလဲ ဝါယောဓာတ်, ချတာလဲ ဝါယောဓာတ်မို့, ဝါယောရုပ်မို့ ကြွလဲရုပ်, လှမ်းလဲရုပ်, ချလဲရုပ်လို့ ရှုပါ။

"ကြွ, လှမ်း, ချ" သုံးမျိုးရှိသော်လဲ ရှုချက်ကတော့ "ရုပ်, ရုပ်, ရုပ်" ရယ်လို့ တချက်ပဲ တမျိုးပဲ ရှုရမှာပါ၊ ခြေတလှမ်း ၃ ချက် ရှုနိုင်လဲရှုပါ၊ မရှုနိုင်လဲ နှစ်ချက်ရှုပါ၊ မရှုနိုင်လဲ တချက်ပဲရှုပါ၊ အစိပ်အကျဲကတော့ အတူတူပါပဲ၊ သုံးချက်

ရှုတော့ နေးတယ်၊ နှစ်ချက်ရှုတော့ အလယ်အလတ်ပဲ၊ တချက် ရှုတော့ မြန်တယ်၊ ချုပ်လိုက်တော့ မှတ်ချက် ရှုချက် အစိပ် အကျဲဟာ အတူတူပါပဲ။ ကဲ....အိပ်ချင်ပြေ သွား ခိုက် ရှု ပုံ လင်္ကာလေး ၂ ပုဒ်ကို ဆိုကြည့်ပါဦး။

* သွားခိုက်ရှုဘိ၊ ကိုယ်တွင်းကြည့်၊ ကိုယ်ရွေ့သိနေပါ။
* လက်နှစ်ဘက်လွှဲ၊ သွားနေဆဲ၊ လှုပ်လွဲသိနေပါ။

အဲဒီလို ယိုင်ခိုက်မှာ ယိုင်ခိုက်ရှုပွားပုံ၊ ရပ်ခိုက်မှာ ရပ်ခိုက် ရှုပွားပုံ၊ လျှောင်းအိပ်ခိုက်မှာ လျှောင်းအိပ်ရှုပွားပုံ၊ သွား ခိုက်မှာ သွားခိုက်ရှုပွားပုံရယ်လို့ သူ့ဣရိယာပုထ်နှင့်သူ ရှုပွားပုံ နားလည်ပြီး ရှုပွားသွားပါလျှင် ဣရိယာပုထ်လေးပါး တပါး ပါးမှာ တရားအထူး ရနိုင်ပါတယ်၊ ဒီတော့ ဣရိယာပုထ် တိုင်းမှာ မလစ်မလပ် အားထုတ်ရပါမယ်။

**တရားရကြောင်း သာဓက** ဣရိယာပုထ်လေးပါး တပါးပါးမှာ ရကြောင်း သာဓကလဲ ရှိပါတယ်၊ "သာ ဝကာ ဟိ စတုန္နံ ခတ္တူနံ ကေဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ = သာဝကတွေဟာ ခတ်ကြီး လေးပါးတို့တွင် တစိတ်တဒေသ တပါးမျှကိုပင် သုံးသပ်ရှုပွား နိုင်သော် နိဗ္ဗာန်သို့ ရောက်နိုင်ကြပါတယ်" တဲ့။

ပြီးတော့ ရှင်အာနန္ဒ တရားအားထုတ်တာကို သတိပြု ကြည့်ပါ၊ အရှင်မြတ်ဟာ တညလုံး စင်္ကြံလျှောက်ပြီးတော့ အားထုတ်နေပါတယ်၊ နံနက်မိုးလင်းပိုင်းကျတော့ စင်္ကြံဣရိ ယာပုထ်မှ လျှောင်းတဲ့ ဣရိယာ်ပုထ်သို့ အပြောင်း လျှောင်းတဲ့

ဣရိယာပုထ်သို့ မရောက်မီ အထက်မဂ်ဖြစ်တဲ့ သုံးမင်-သုံးဖိုလ်ကို ရပါတယ်။

ဒါကြောင့် ယောဂီတို့ဟာ ဣရိယာပုထ်လေးပါး တပါးညောင်း တပါးပြောင်းပြီး ဆက်စပ်အောင် အားထုတ်နေပါ၊ အဲဒီလို ဣရိယာပုထ် တပါးညောင်း တပါးပြောင်းပြီး အားထုတ်တော့ မပင်ပန်းပဲနဲ့ တရားထူးရနိုင်ပါတယ်။

**မပြောင်းလျှင် အပြစ် ပြောင်းလျှင်အကျိုး**

ဒီနေရာမှာ ဣရိယာပုထ် မပြောင်းမှု ပြောင်းမှုနဲ့ ပတ်သက်ပြီးတော့ အပြစ် အကျိုးကို ပြချင်ပါတယ်၊ သေသေချာချာသတိပြုပြီး နားထောင်ပါ၊ ပါဠိတော့ မရွတ်တော့ပါဘူး၊ မြန်မာလိုပဲ ပြောပြပါမယ်။

ဣရိယာပုထ်တခုတည်း အကြာကြီး အသုံးပြုသော်....

၁။ ဒုက္ခဝေဒနာ ပြင်းထန်စွာ ဖြစ်မယ်၊

၂။ စိတ်ဘည်ကြည်မှု သမာဓိ မရတော့၊

၃။ ရှုပွားသည့် ကမ္မဋ္ဌာန်းအာရုံမှ လျှောကျမယ်၊

၄။ တရားအထူး မရတော့ဘူး၊

ကဲ....ဒီတော့ ဘာကျေးဇူးရှိလဲဆိုတော့ ဘာ ကျေးဇူး မှ မရှိပါဘူး၊ အပြစ် ၄ ချက် အကျိုးယုတ် ၄ ချက် ဖြစ်တာပဲ ရှိပါတယ်၊ ကဲ....ဒါဖြင့် ဣရိယာပုထ် ပြောင်းတော့ ဘယ်လို အကျိုးရှိလဲဆိုတော့ ...

၁။ ဒုက္ခဝေဒနာ မဖြစ်တော့၊

၂။ စိတ်ဘည်ကြည်မှု သမာဓိရတယ်၊

၃။ ရှုပွားသည့် ကမ္မဋ္ဌာန်းအာရုံမှ မကျတော့၊

၄။ တရားအထူး ရမယ်။

လို့ အကျိုးထူးတရား ၄ ပါး ရပါတယ်၊ တရားအားထုတ်ကတည်းက အကျိုးထူး လိုချင်လို့ အားထုတ်တာ၊ အကျိုးထူးရမှ ကောင်းတာပေါ့၊ အကျိုးယုတ်တွေဖြစ်ယင် ဘယ်ကောင်းမလဲ၊ ဒါကြောင့် ဣရိယာပုထ်တပါးညောင်း တပါးပြောင်းပြီး အားထုတ်ပါ။

**တံခါးကျည်းမင်းတုပ်**

အဲဒီလို ဣရိယာပုထ်လေးပါးမှာ တပါးညောင်း တပါးပြောင်းပြီး ဒီရုပ်ကိုယ်ကြီးမှာ ရှိတဲ့ ရုပ်နာမ်တွေကို ရှုပွားအားထုတ်နေယင် ဝီရိယရှိတယ်လို့ ခေါ်ပါတယ်။

ခါးနဲ့ အရေဝတ္ထုဘာခုကို ခုတ်တဲ့အခါမှာ ဝီရိယနဲ့ သတိနဲ့ ဉာဏ်နဲ့ ယှဉ်ပြီးတော့ မပြတ်-ပြတ်သည့်တိုင်အောင် ခုတ်သလိုပဲ တရားအားထုတ်တဲ့ အခါမှာလဲ သဘောမပေါက် ပေါက်အောင်, သိအောင် မြင်အောင် စိတ်ရှည်ရှည်နဲ့ အားထုတ်ရပါတယ်။

အဲဒီလို ဣရိယာပုထ်မပြတ် တရစပ် ရှုပွား အားထုတ်နေယင် မဖြစ်သေးတဲ့ အကုသိုလ်တွေလဲ ဖြစ်ခွင့် မရတော့ဘူး၊ ရှေးက ဖြစ်ပြီးသား အကုသိုလ်တွေလဲ ပယ်နိုင်တယ်။

ပြီးတော့ မဖြစ်သေးတဲ့ ဝိပဿနာဉာဏ် ကုသိုလ် တွေ လဲ ဖြစ်တယ်၊ ဖြစ်ပြီးသား သီလ-သမာဓိ-ဝိပဿနာဉာဏ် ကုသိုလ်တွေလဲ တည်တံ့နေတယ်၊ တိုးပွားနေတယ်၊ အလွန် တရား ကျေးဇူးများလှပါတယ်။

အဲဒီလို ယခု ပြောခဲ့တဲ့ နည်းအတိုင်း သူ့ ဣရိယာပုထ်မှာသူ့ ရှုပွားနည်းနဲ့သူ ဣရိယာပုထ်အားလျော်စွာ ရှုပွားနေယင်

တခါရှုယင် တချက်ရှုယင် သမ္ပပ္ပဓာန် လေးချက်ပါတယ်၊ ရှင်းရှင်းပြောရယင် တိုးသဘောရုပ်ကို ရှုပွားတဲ့အခါမှာ တတိုး တသိမှာ သမ္ပပ္ပဓာန် လေးချက်ပါပါတယ်။

ဝီရိယဆိုတာ တနာရီ၊ နှစ်နာရီ ဣရိယာပုထ် မပြောင်း မပြင်ပဲနဲ့ အားထုတ်တာကို ခေါ်တာမဟုတ်ပါဘူး၊ ခုနက ပြောသလို တတိုး တသိ–သိအောင် ရှုပွားနေယင် ဣရိယာပုထ် မပြတ် ရှုပွားနေယင် သမ္ပပ္ပဓာန် လေးချက် ပါနေ တာ ကို ပဲ ဝီရိယရှိတယ် ခေါ်ပါတယ်။

ဣရိယာပုထ် မပြောင်း၊ မပြင်၊ မလှုပ်၊ မကုတ် ငြိမ်ပြီးတော့ ထိုင်နေပင် ထိုင်နေသော်လဲ တိုးသဘောရုပ်ကို တတိုး တသိ မသိဘူးဆိုယင် ဝီရိယရှိတယ်လို့ မခေါ်ဆိုပါဘူး။

အဲ....ယခုပြောသလို အရှုခံအာရုံ ရုပ်တရားကို ဣရိယာပုထ် အားလျော်စွာ မပြတ်တရစပ် ရှုပွားသောအားဖြင့် ခန္ဓာကိုယ် တောင်ပို့ကြီးကို တူးနေတော့ ပထမဦးဆုံး ဘာတွေ့လဲဆိုတော့ "တံခါးကျည်းမင်းတုပ် တွေ့ပါတယ်" တဲ့။

တံခါးကျည်းမင်းတုပ်တွေ့တော့ ဆရာကြီး တံခါးကျည်း မင်းတုပ်ကို တွေ့ပါတယ်လို့ ပြောတော့ ဆရာကြီးက တံခါး ကျည်းမင်းတုပ်ကို ဖယ်ပစ်ပြီး ရှေ့ဆက်တူးလို့ အဘူးခိုင်းပါ တယ်။

ကဲ....ဒီတော့ ဒီမှာ တူးယင်းနဲ့တွေ့တဲ့ တံခါးကျည်းမင်းတုပ် ကို ဖယ်ပစ်ရမယ်၊ ဆက်တူးရမယ်လို့ ဆိုပါတယ်၊ တံခါးကျည်း မင်းတုပ်ဆိုတာ ဘာလဲ၊ အဓိပ္ပာယ်လဲသိအောင် အိပ် ချင် လဲ ပြေအောင် လင်္ကာပိုဒ်ကို ဆိုကြစမ်းပါ။

* အဝိဇ္ဇာကား၊ ပိတ်ကာမင်းတုံး၊ စိတ်နှုန်းတည့်။

တံခါးမင်းတုံး၊ တချို့ကလဲ မင်းတုပ် ခေါ်ကြတယ်၊ အဲဒီ တံခါးကျည်း-မင်းတုပ်ဆိုတာ အဝိဇ္ဇာကို ခေါ်တာပါတဲ့၊ အဲ.... မြို့တံခါး, ရွာတံခါး, အိမ်တံခါးတွေ ပိတ်ပြီးတော့ အဲဒီတံခါး ကျည်းမင်းတုပ် ချထားလိုက်ယင် အတွင်းကလူ အပြင်, အပြင် ကလူ အတွင်း ဆက်သွယ်သွားလာမှု မပြုနိုင်တော့ပါဘူး။

အဲဒီလို မပြုနိုင်တော့ အတွင်းနဲ့အပြင် အဆက် အသွယ် ပြတ်သွားတယ်၊ အဲဒီအတူပဲ တရားအားထုတ်နေတဲ့ ယောဂီ ပုဂ္ဂိုလ်ရဲ့ ဉာဏ်တံခါးဝမှာ အဝိဇ္ဇာ မောဟဆိုတဲ့ တံခါးကျည်း မင်းတုပ်ကျရောက်ယင် အဲဒီယောဂီရဲ့ အဖို့ရာမှာ နိဗ္ဗာန် သို့ ရောက်စေတတ်တဲ့ ဉာဏ်ပညာအသွားဟာ လုံးဝ ပြတ်တောက် ပြီးတော့ သွားတယ်။

အဲဒီလို နိဗ္ဗာန်သွားတဲ့ ဉာဏ်ပညာအသွားပြတ်သွားအောင် ပိတ်တဲ့အတွက် အဲဒီ အဝိဇ္ဇာမောဟကို တံခါးကျည်းမင်းတုပ် လို့ ဘုရားရှင် ဟောတော်မူပါတယ်လို့ မှတ်ပါ။

**မင်းတုပ်ဖွင့် အဝိဇ္ဇာပယ်**

ဘုန်းကြီးတို့ပရိသတ် ... အတွင်းကလူ အပြင် ထွက်ချင်ယင်, အပြင်ကလူ အတွင်းဝင်ချင်ယင် ဘယ်လိုလုပ်ရလဲ၊ အဲဒီ ချထားတဲ့ မင်းတုပ်ကို ဖွင့်ရမယ်၊ အဲဒီ မင်းတုပ်ကို မဖွင့်ယင် ဘယ် ဝင်လို့ထွက်လို့ ရမလဲ၊ မရဘူး၊ မင်းတုပ်ကို ဖွင့်မှသာလျှင် ဝင်နိုင် ထွက်နိုင် ပါတယ်။

အဲဒီအတူပဲ တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အရှုခံ ရုပ်အာရုံ, နာမ်အာရုံဆိုတဲ့ ပရမတ်ရုပ်နာမ်ကို မသိ

တော့ပဲ ပညတ်ဖြစ်တဲ့ ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ား, အိုး-အိမ်ဆီသို့ ရောက်သွားယင် အမှားသိ အဝိဇ္ဇာ ဖြစ်သွားပြီ။

အဝိဇ္ဇာဆိုတာ မသိတာ မဟုတ်ပါ၊ အမှန်မသိ အမှားသိကို ခေါ်ပါတယ်၊ အဲဒီ အမှားသိ အဝိဇ္ဇာဆိုတဲ့ တံခါးကျည်းမင်းတုပ်ဟာ ဝိပဿနာ ဉာဏ်တံခါးဝမှာ ချလိုက်ပြီ၊ ပိတ်လိုက်ပြီဆိုယင် အဲဒီ ယောဂီပုဂ္ဂိုလ်မှာ နိဗ္ဗာန်သို့သွားစေတတ် ရောက်စေတတ်တဲ့ ဉာဏ်ပညာတည်းဟူသော အသွားဟာ လုံးဝ ပြတ်သွားပါပြီ။

အဲဒါကြောင့် တရားရှုပွား အားထုတ်တဲ့နေရာမှာ ဘာအရေးကြီးလဲဆိုတော့ အာရုံမှန် အသိမှန်ဖို့ အရေးကြီးပါတယ်၊ အာရုံမှန် အသိမှန်မှလဲ ဝိဇ္ဇာဉာဏ်ပေါ့၊ အာရုံမမှန် အသိမမှန်ယင် အဝိဇ္ဇာဖုံးသွားပြီ၊ တံခါးကျည်းမင်းတုပ် ချလိုက်ပြီ။

**အာရုံမှန်** ဒီနေရာမှာ အာရုံမှန်နဲ့ ပတ်သက်ပြီးတော့ ယောဂီတို့ သိထားရမှာ အာရုံသုံးမျိုး ဖြစ်ပါတယ်၊ အဲဒီ အာရုံသုံးမျိုးကို မှတ်ထားပါ။

၁။ သမထရဲ့ အာရုံက ပညတ်၊

၂။ ဝိပဿနာရဲ့ အာရုံက ရုပ်နာမ်၊

၃။ မဂ်-ဖိုလ်ရဲ့ အာရုံက နိဗ္ဗာန်၊

ကဲ....အဲဒီ အာရုံသုံးမျိုးကို သိထားယင် ယောဂီအတွက်မှာ စရာ ရှိသေးလား၊ ကိုယ့်အာရုံ ကိုယ်ကြည့်နေ၊ ကိုယ် ဘယ်ရောက်နေတယ်ဆိုတာ မသိနိုင်ဘူးလား။

"သိနိုင်ပါတယ်"

အဲဒီလို သိနိုင်တော့ တံခါးကျည်းမင်းတုပ်ကို ချလိုက်တဲ့အခါ အဲဒီ တံခါးကျည်းမင်းတုပ်ကို ဒီအတိုင်း ထားလို့ မဖြစ်ဘူး၊ ဒီတော့ တံခါးကျည်းမင်းတုပ်ဆိုတဲ့ အဝိဇ္ဇာကို ဖယ်ပစ်ရမယ်၊ ဘယ်လို ဖယ်မလဲ၊ "ဟဲ့....အဝိဇ္ဇာ နင်သွား၊ နင့်ကို ငါမလိုချင်ဘူး" ဒီလို ပယ်လို့ရမှာလားဆိုတော့ မရပါဘူး၊ ဒီနေရာမှာ အဝိဇ္ဇာမောဟကို ပယ်ပုံ အဋ္ဌကထာက ပြတဲ့ အကိုးသာဓကပါဠိကို ပြပါရစေ၊ သည်းခံပြီး နားထောင်ပါ။

> "ပဇဟ အဝိဇ္ဇန္တိတွေ ကမ္မဋ္ဌာန ဒုဂ္ဂဟ ပရိပုစ္ဆာ ဝသေန အဝိဇ္ဇာပဟာန် ကထိတံ=အဝိဇ္ဇာကို ပယ်ပစ် ဆိုတဲ့ ဒီစကားရပ်မှာ ကမ္မဋ္ဌာန်းကို သင်ခြင်း, မေးမြန်းခြင်းတို့ရဲ့ အစွမ်းဖြင့် အဝိဇ္ဇာကို ပယ်ခြင်းကို ဟောအပ်၏။"

လို့ ပြပါတယ်၊ အဲဒီ စကားကြည့်ယင် ယောဂီပုဂ္ဂိုလ်တို့နဲ့ လွတ်နေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တူးတယ်ဆိုတာ အားထုတ်တာကို ခေါ်တယ်လို့ဆိုတော့ ယောဂီတို့ ယခုလို အားထုတ်နေတာဟာ အားထုတ်နည်းကို သင်ယူပြီးမှ အားထုတ်တတ်လို့ အားထုတ်နေတာပဲဟာ။

ဒါပေမယ့် ယခုလို အားထုတ်နေတော့ အသိအမြင် ဟာ ထူးထူးလာပါတယ်၊ အဲဒီအခါမှာ ရှေ့ကို ဘယ်လိုဆက်ပြီးတော့ ရှုပွားအားထုတ်ရပါ့မလဲလို့ မသိတတ် ဖြစ်တတ်ပါတယ်၊ အဲဒီလို ဖြစ်တာဟာလဲ အဝိဇ္ဇာဆိုတဲ့ မင်းတုပ် ကျသွားတာပါပဲ။

အဲဒီလို အဝိဇ္ဇာဆိုတဲ့ မင်းတုပ်ကျနေယင် ရှေ့တရားအသိ မတိုးတော့ပါဘူး၊ အဲဒီအခါမှာ ဆရာသမားနှင့် သိမည့်သူများ ထံသို့ ချဉ်းကပ်ပြီးတော့ ကမ္မဋ္ဌာန်းနည်း, အားထုတ်နည်း သင်ယူရပါမယ်၊ မေးမြန်းရပါမယ်။

သို့မဟုတ်.... အားထုတ်နေဆဲ မရှင်းမလင်း ဖြစ်နေယင်လဲ သိချင်စရာရှိယင်လဲ မေးရပါမယ်၊ ဒီလို မေးလိုက်တော့ မသိတဲ့ အဝိဇ္ဇာမင်းတုပ် ကျသွားတာ ပွင့်သွားပါမယ်။

တချို့က မေးတာ မကြိုက်ပါဘူး၊ မမေးနဲ့ အားသာထုတ်၊ တော်တော်ကြာ ပြေလည်သွားလိမ့်မယ်လို့ ပြောတတ်ပါတယ်၊ ယောဂီပုဂ္ဂိုလ်ကို ညှဉ်းဆဲရာ ကျရောက်ပါတယ်၊ ခုနက အဋ္ဌကထာစကားနဲ့လဲ ဆန့်ကျင်ပါတယ်။

**အနိစ္စကို သန္တတိဖုံးတယ်**

ဒီနေရာမှာ အရေးကြီးတဲ့ မင်းတုပ်ချမှု အကြောင်းကို ပြောချင်ပါတယ်၊ ဘုန်းကြီးတို့ပရိသတ် ကြားဖူးတဲ့ "အနိစ္စကို သန္တတိဖုံးတယ်"ဆိုတဲ့ အကြောင်းပေါ့၊ ယခု ဘုန်းကြီးတို့ပရိသတ် တရားအားထုတ်နေတာ အနိစ္စမြင်ဖို့ အားထုတ်နေတာ မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

ယခု အနိစ္စကို မြင်လားဆိုတော့ မမြင်သေးဘူး၊ဘာ့ကြောင့် မမြင်သေးလဲဆိုတော့ အနိစ္စကို သန္တတိက ဖုံးထားလို့ မမြင်တာတဲ့၊ဘာ့ကြောင့် ဒီသန္တတိက အနိစ္စကို မမြင်အောင် ဖုံးရတာလဲ၊ အဲဒါကို သိဖို့လိုပါတယ်၊အဲဒါကို သိဖို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ပြပါတယ်။

"အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ
သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ=အနိစ္စလက္ခဏာ
ဟာ အဖြစ်အပျက်တို့ကို နှလုံး မသွင်းခြင်း, အစဉ်
သန္တတိ ပညတ်က ဖုံးထားအပ်တဲ့ အတွက်ကြောင့်
မထင်ရှားတာ" တဲ့။

ဒီတော့ အနိစ္စကို မြင်ချင်ယင် သန္တတိပညတ်ကို ခွါရမယ်၊ သန္တတိပညတ်ကို ခွါချင်ယင် အဖြစ်အပျက်ကို မြင်အောင် ရှုကြည့်ပွားများရမယ်၊ အဖြစ်အပျက်ကိုမြင်ယင် အနိစ္စကိုဖုံးတဲ့ သန္တတိပညတ် မရှိတော့ပါ၊ မဖုံးနိုင်တော့ပါ။

ဒီနေရာမှာ ဝိသုဒ္ဓိမဂ် မဟာဋီကာက ပြတဲ့စကားက ပိုရှင်းပါတယ်၊ ဘုန်းကြီးတို့ပရိသတ် သေသေချာချာ ဉာဏ်နားနဲ့ ထောင်ပါ။

"သာစ သန္တတိ ဥဒယဗ္ဗယာ မနသိကာရေန ပဋိစ္ဆာ
ဒိကာ ဇာတာ=အဲဒီ သန္တတိပညတ်ဟာ အဖြစ်အပျက်
ကို နှလုံးမသွင်းခြင်းကြောင့် ဖုံးလွှမ်းခြင်းဖြစ်တာ"တဲ့။

သိပ်ရှင်းပါတယ်၊ ဒီတော့ ယောဂီတို့ဟာ အနိစ္စကို မမြင်အောင် ဖုံးတဲ့ သန္တတိပညတ်ကို ကြောက်ရမှာလား၊ သန္တတိပညတ်ကွာသွားအောင် အဖြစ်အပျက်ကို နှလုံးမသွင်းပဲ အဝိဇ္ဇာဆိုတဲ့ တံခါးကျည်းမင်းတုပ် ချနေမှာ ကြောက်ရမှာလားဆိုတော့ အဝိဇ္ဇာဆိုတဲ့ တံခါးကျည်းမင်းတုပ် ချနေမှာကြောက်ရမှာနော်၊ သန္တတိပညတ်ကို မကြောက်ရပါ။

အေး....ဒါကြောင့် တံခါးကျည်းမင်းတုပ်မချနဲ့၊ အဖြစ်အပျက်ကိုမြင်အောင်ရှုပွားပါ၊ ကဲ....ဆက်ပြီးတော့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာစကားနဲ့ ရှင်းကြဦးစို့။

"ဥဒယဗ္ဗယံ ပန ပရိဂ္ဂဟေတွာ သန္တိယာ ပိဟော ပိတာယ အနိစ္စလက္ခဏံ ယာ ထာ ဝ သ ရ သ တော ဥပဋ္ဌာတိ = အဖြစ်အပျက်ကို သိမ်း ဆည်း ပြီး တော့ သန္တတိပညတ်ကို ဖျက်ဆီးလိုက်ယင် အနိစ္စ လက္ခဏာ ဟာ မိမိကိစ္စအားဖြင့် ထင်ရှားလာမယ်" တဲ့။

အဲဒါ သိပ်မှန်ပါတယ်၊ ဘုန်းကြီးတို့ပရိသတ်....ယခု ရှုပွား နေတဲ့ တိုးသဘောရုပ်နှင့် အသိနာမ်တရားတွေမှာ မမြဲတဲ့ အနိစ္စ သဘောက ကပ်လျက်ပါနေတာ၊ ဒီတော့ ရုပ်ကို နာမ်ကိုသာ ထင်မြင်အောင် သတိထားပြီး အသိတရားနဲ့ ရှုပွားနေယင် အနိစ္စကို မြင်မှာပါ၊ သန္တတိပညတ်က မဖုံးနိုင်ပါဘူး။

အဲဒီ ရုပ်နာမ်ကို ရှုပွားတဲ့နေရာမှာ ရှေ့နောက် အစဉ်အား ဖြင့် ဖြစ် ကြတဲ့ တရားတွေကို အချင်းချင်း တပါးစီတပါးစီရဲ့ အဖြစ်ကို ကောင်းစွာ မှတ်သားရှုပွားပြီးတော့ သန္တတိပညတ်ကို ဖျက်ဆီးရမယ်၊ ခွာရမယ်။

ဒါကြောင့် ဘုန်းကြီးတို့ တရားအားထုတ်နည်းပေးတဲ့အခါ လုံးပြီးတော့ မပေးဘူး၊ အရှုခံအာရုံ တခုစီတခုစီ ခွဲပြီးတော့ ပေးပါတယ်၊ ဣရိယာပုထ်လဲ မရောပါဘူး၊ ဣရိယာပုထ်တပါး ပါးမှာလဲ ရှုနည်းတပါးပါးစီ ခွဲပေးပါတယ်။

အဲဒီလို အရှုခံ အာရုံတခုစီ ခွဲပေးထားတာကို တခုစီရှုပွား ရတော့ သန္တတိပညတ် မဝင်နိုင်တော့ပါဘူး၊ သန္တတိပညတ် မဝင်ယင် အဝိဇ္ဇာဆိုတဲ့ တံခါးကျည်းမင်းတုပ် မ ကျ တော့ ပါဘူး။

ကဲ....ဒီလောက်ဆိုယင် ခန္ဓာကိုယ် တောင်ပို့ကြီး တူးယင်းနဲ့ အဝိဇ္ဇာဆိုတဲ့ တံခါးကျည်းမင်းတုပ်ကို တွေ့ယင် ဖယ်ပစ်တတ်ပါပြီ၊ ဖယ်ပစ်ပြီးတော့ ရှုပွားသောအားဖြင့် ဆက်တူးရမယ်။

**ဒုက္ခ ကို ဣရိယာပုထ်ဖုံးကယ်**

ဆက်တူးတော့ ရှေ့မရောက်နိုင်ပဲ ဒီ တံခါးကျည်းမင်းတုပ်က ကျကျသွားတတ်ပြန်ပါသေးတယ်၊ ဘယ်လို ကျသွားတတ်ပြန်လဲ ဆိုတော့ ယောဂီတို့ ကြားဖူးထားတဲ့ စကားတခု ရှိပါတယ်၊ ဘာတဲ့လဲ "ဒုက္ခကို ဣရိယာပုထ် ဖုံးတယ်" ဆိုတဲ့ စကားပဲ။

ယောဂီတို့ကို နှိပ်စက်တာဟာ ဘာမှန်းမသိ၊ ညာမှန်းမသိ၊ မှားမှန်းမသိ၊ မှန်မှန်းမသိတဲ့ ကြားဖူးနားဝစကားက ကြောက်စရာ သိပ်ကောင်းပါတယ်၊ အဲဒီ စကားဟာ တံခါးကျည်းမင်းတုပ်ချပြီးသား ဖြစ်တတ်ပါတယ်။

"ဒုက္ခကို ဣရိယာပုထ် ဖုံးတယ်"ဆိုတဲ့ စကားအရ ဒုက္ခပေါ်လာအောင် ဣရိယာပုထ် မပြင်နဲ့၊ မလှုပ်နဲ့၊ မကုတ်နဲ့၊ ချုပ်ထားတဲ့၊ ညွှန်ကြားတယ်၊ အဲဒီလိုဆိုယင် အချုပ်သားတွေ ဒုက္ခထင်ပြီး တရားရကုန်ရောပေါ့၊ ဒီလို မဟုတ်ပါဘူး၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာရဲ့စကားကို သတိပြုပြီး နားထောင်ကြည့်ပါ။

"ဒုက္ခလက္ခဏံ အဘိဏှသမ္ပဋိပီဠနဿ အမနသိကာရာ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ = ဒုက္ခလက္ခဏာဟာ မပြတ် အဖန်တလဲလဲ နှိပ်စက်မှုကို နှလုံးမသွင်းခြင်း, ဣရိယာပုထ်တွေက ဖုံး လွှမ်း ထားအပ်တဲ့အတွက်ကြောင့် မထင်ရှားတာ"တဲ့။

ဒီနေရာမှာ အခ်ပြဿနာ ယ်ကို သေသေချာချာ မယူတတ်ယင် မှားပါလိမ့်မယ်၊ မှားလဲ မှားနေကြပါတယ်၊ ဒုက္ခကို ဣရိယာပုထ် ဖုံးတယ်၊ ဘာဖြစ်လို့ ဒုက္ခကို ဣရိယာပုထ် ဖုံးလဲ၊ မပြတ် အဖန်တလဲလဲ ပ်စက်မှုကို နှလုံးမသွင်းလို့ ဖုံးပါတယ်။

ဒါဖြင့် ဒုက္ခကို ဣရိယာပုထ်က ဖုံးမှုကြောင့် မသိတာက အဓိကကျလား၊ မပြတ် အဖန်တလဲလဲနှိပ်စက်မှုကို နှလုံးမသွင်းမှုကြောင့် မသိတာက အဓိကကျလား၊ ဘယ်ဟာက အဓိက ကျလဲ သတိပြုပါ။

မပြတ် အဖန်တလဲလဲ နှိပ်စက်မှုကို နှလုံး မသွင်းမှုကြောင့် မသိတာက အဓိကကျပါတယ်၊ ဟုတ်ပါတယ်, အထိုင်ကြာလို့ တွေ့ရတဲ့ ဒုက္ခတော့ တရားအားထုတ်သူလဲ သိတာပါပဲ၊ကလေး ငယ်လေးတွေလဲ သိတာပါပဲ၊ ယုတ်စွအဆုံး ပြောရယင် ဆွံ့-အ သူတွေလဲ သိတာပါပဲ။ တရားရလားဆိုတော့ မရပါဘူး၊ ကဲ.... ဝိသုဒ္ဓိမဂ် မဟာဋီကာရဲ့ စကားကို ကြည့်ပါဦး။

"တေစ ဣရိမာပထာ အဘိဏှသမ္ပဋိပီဠနဿ မနသိ ကာရေန ပဋိစ္ဆာဒကာ ဇာတာ= အဲဒီဒုက္ခကိုဖုံးတဲ့ ဣရိ ယာပုထ်တွေဟာ မပြတ်အဖန်တလဲလဲ နှိပ်စက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့် ဖုံးလွှမ်းကြတယ်" တဲ့။

ကဲ....ဒါဖြင့်ယင် မပြတ် အဖန်တလဲလဲ နှိပ်စက်မှုကို နှလုံး သွင်းနေယင် ဣရိယာပုထ်တွေဟာ ဒုက္ခကို ဖုံးနိုင်ပါဦးမလားဆို တော့ မဖုံးနိုင်တော့ပါဘူး။

ကဲ....ဒါဖြင့် တရားအားထုတ်တဲ့အခါမှာ ဣရိယာပုထ် တခု တည်း ချုပ်ပြီး မလှုပ်ပဲနဲ့၊ မကုတ်ပဲနဲ့ အကျဉ်းသားလို နေရမှာ လား၊ သို့မဟုတ် မပြတ် အဖန်တလဲလဲ နှိပ်စက်မှုကို နှလုံးသွင်း

နေရမှာလားဆိုတော့ မပြတ် အဖန်တလဲလဲ နှိပ်စက်မှုကို နှလုံးသွင်း နေရမှာပါ။

အဲဒါ ဘုန်းကြီးက အလွတ် ပြောနေတာ မဟုတ်ပါဘူး၊ တရားပြနေကြတဲ့ တရားပြ ဆရာတွေ အားအကိုးဆုံး ဖြစ်တဲ့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို အားကိုးပြောနေတာပါ၊ အဋ္ဌကထာက ဘယ်လိုပြလဲ။

> "အဘိဏှသမ္ပဋိပီဠနံ မနသိကတွာ ဣရိယာပထေ ဥဋ္ဌာနံ္စတော ဒုက္ခလက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတိ=သိမ်းဆည်းအပ်ပြီးတဲ့ အဖြစ်အပျက်ရဲ့ အစွမ်းအားဖြင့် သင်္ခါရတရားတွေရဲ့ မပြတ် အဖန်တလဲလဲ နှိပ်စက်တဲ့ အဖြစ်ကို နှလုံးသွင်းပြီးတော့ ဣရိယာပုထ်မှာ ရသင့်တဲ့ ဆင်းရဲဒုက္ခကို ဖုံးလွှမ်းတတ်တဲ့ အဖြစ်ကို ခွာအပ်လို့ရှိယင် ဒုက္ခလက္ခဏာဟာ မိမိကိစ္စအားဖြင့် ထင်ရှားမယ်"တဲ့။

အဲဒါက အဋ္ဌကထာ စကားပါ၊ အဲဒီ အဋ္ဌကထာကို ဖွင့်ပြတဲ့ ဋီကာက ဘယ်လို ဖွင့်ပြလဲ၊ အဲဒါကိုတော့ ရှင်းအောင် မြန်မာလိုပဲ တခါတည်း ပြောပြပါမယ်။

> "မပြတ် အဖန်တလဲလဲ နှိပ်စက်တဲ့ အဖြစ်ကို နှလုံးသွင်းပြီးတော့ ဆိုရာမှာတဲ့၊ သိမ်းဆည်းအပ်တဲ့ အဖြစ်အပျက်ရဲ့ အစွမ်းအားဖြင့် သင်္ခါရတရားတွေရဲ့ အကြားမရှိ တစပ်တည်း နှိပ်စက်အပ်တဲ့ အဖြစ်ကို နှလုံးသွင်းရှုပွားပါလျှင် ဒုက္ခလက္ခဏာဟာ ကိစ္စအားဖြင့် ထင်ရှားလာမယ်"တဲ့။

ဒီတော့ ဣရိယာပုထ်ဟာ ပဓာန မဟုတ်ပါဘူး၊ သင်္ခါရ တရားတွေရဲ့ အကြားမရှိ တစပ်တည်း နှိပ်စက်အပ်တဲ့ အဖြစ်ကို နှလုံးသွင်းဖို့က အဓိကလို့ မှတ်ပါ၊ ပြီးတော့ ခုနက အဋ္ဌကထာ စကားမှာ-

"ဣရိယာပုထ်ကို ခွာအပ်လို့ ရှိယင် ဆိုတဲ့ နေရာမှာ ဣရိယာပုထ်တခု၌ ဖြစ်တဲ့ သင်္ခါရဒုက္ခကို ပယ်ဖျောက် တတ်တဲ့ ဣရိယာပုထ်တပါးဟာ အဲဒီဆင်းရဲကို ဖုံးလွှမ်း သကဲ့သို့ ဖြစ်တယ်"တဲ့။

"ဒါကြောင့် ဣရိယာပုထ်တွေရဲ့ ထိုထို ဆင်းရဲကို ဖုံးလွှမ်းတတ်တဲ့ အဖြစ်ကို ဟုတ်တိုင်းမှန်စွာ သိအပ်လို့ ရှိယင် အဲဒီ ဣရိယာပုထ်တွေရဲ့ ဆင်းရဲဒုက္ခကို ဖုံးလွှမ်း တတ်တဲ့ အဖြစ်ကို ခွာနုတ် ဖွင့်လှစ်အပ်သည်မည်တယ်"

လို့ မဟာဋီကာက ပြပါတယ်၊ ကဲ....ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြည့်ပါ၊ မနေနိုင် မထိုင်နိုင်လို့ ဣရိယာပုထ် ရွှေ့ရ ပြောင်းရပါတယ် ဆိုကတည်းက ဒုက္ခဟာ မထင်ရှားနေဘူး လား၊ ထင်ရှားနေလား။

"ထင်ရှားနေပါတယ် ဘုရား"

ဣရိယာပုထ် မရွှေ့ပဲနေတာ ဒုက္ခမသိလို့ ဒုက္ခမထင်ရှားလို့ ထင်ရှားအောင်ဆိုတော့ အဲဒီဒုက္ခဟာ ပညတ်ဒုက္ခပဲ၊ ပရမတ် ဒုက္ခ မဟုတ်ပါဘူး၊ ပရမတ်ဒုက္ခက ဣရိယာပုထ် ပြောင်းလဲ ရှိတယ်၊ မပြောင်းလဲ ရှိတယ်၊ ဘာ့ကြောင့်လဲဆိုတော့-

"သင်္ခါရတရားတွေရဲ့ မပြတ်မစဲ ဆင်းရဲဒုက္ခဖြင့် ထိုးဆွ နှိပ်စက်အပ်သည်၏ အဖြစ်၏ ထင်ရှားသည်၏ အဖြစ်ကြောင့်တည်း" တဲ့။

ဒီတော့ ဘုန်းကြီးတို့ ပရိသတ် ဒုက္ခ–ဒုက္ခနဲ့ ပြောကြတယ်၊ ဒုက္ခ ဆိုတဲ့ နေရာမှာ ဘယ်ဒုက္ခကို မြင်ရမှာလဲ၊ ဘယ်ဒုက္ခမြင်ဖို့ အရေးကြီးလဲဆိုတော့ သင်္ခါရဒုက္ခမြင်ဖို့ အရေးကြီးတယ်နော်။

"မှန်ပါဘုရား"

ပြီးတော့ 'သဗ္ဗေ သင်္ခါရာ ဒုက္ခာ' ဆိုတဲ့ ဒေသနာတော်အရ အခါခပ်သိမ်း ရုပ်နာမ်ခန္ဓသင်္ခါရတွေဟာ အမြဲတမ်းပင် ဆင်းရဲတယ်လို့ ဟောထားတာ ရှိတယ် မဟုတ်လား။

"ရှိပါတယ် ဘုရား"

အဲဒါကြောင့် ဘုန်းကြီးတို့ ပရိသတ် သတိ, ဝီရိယ, သမာဓိ, ပညာရှိသူ ယောဂီတွေမှာ အမြဲတမ်းပင် သဘာဝလက္ခဏာနဲ့ ဖြစ်မှုပျက်မှုကို ဖြစ်နေရတဲ့အတွက် သင်္ခါရဒုက္ခကို ဣရိယာပုထ်က ဖုံးမထားနိုင်ပါဘူး။

နာကျင်ကိုက်ခဲမှု စတဲ့ 'ဒုက္ခ–ဒုက္ခ' ကိုသာ ဣရိယာပုထ်က ဖုံးထားနိုင်ပါတယ်၊ ယောဂီတို့ ရှုပွားရမယ့် ဒုက္ခ, သိရမယ့် ဒုက္ခ ဖြစ်တဲ့ သင်္ခါရဒုက္ခကို ဣရိယာပုထ်က မဖုံးထားနိုင်ပါဘူး။

ဒါကြောင့် ယောဂီတို့ဟာ အဲဒီ သင်္ခါရဒုက္ခကို မြင်အောင် အဆပ်ထပ် မပြတ် တရစပ် ခန္ဓာကိုယ်တောင်ပို့ကို ရှုပွားသော အားဖြင့် တူးပြီးတော့ ဣရိယာပုထ်ကို ဖွင့်ရမှာပါ၊ ဣရိယာပုထ်ကို ချုပ်ပြီးတော့ ဒုက္ခပေါ်အောင် မဖော်ရပါဘူး။

**အနတ္တကို သန ဖုံးတယ်**

ကဲ.... ဒီလောက်ဆိုယင် 'ဒုက္ခကို ဣရိယာပုထ် ဖုံးတယ်' ဆိုတဲ့ စကားဟာ ပြည့်စုံလောက်ပါပြီ၊ အဲဒီ စကား ပြီးတော့ အားထုတ်သောအားဖြင့် တူးနေတဲ့ ယောဂီတို့မှာ အဝိဇ္ဇာ ဆိုတဲ့ တံခါးမင်းတုပ်ကျတတ်

တာ တခု ရှိပါသေးတယ်၊ အဲဒါက ဘာလဲဆိုတော့ 'အနတ္တကို ဃနဖုံးတယ်' ဆိုတဲ့ စကားပေါ့။ အဲဒီ စကားကိုလဲ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဋီကာစကားတွေနဲ့ပဲ ရှင်းကြရအောင်၊ အဋ္ဌကထာ က ဘယ်လို ပြလဲ။

"အနတ္တလက္ခဏံ နာနာဓာတုဝိနိဗ္ဘောဂဿ အမန သိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ = အနတ္တ လက္ခဏာဟာ ပထဝီ, အာပေါ စတဲ့ အထူးထူးသော ဓာတ် ဖဿ, ဝေဒနာ စတဲ့ အထူးထူးသော သဘာဝ ဓမ္မတွေကို အသီးသီး ခွဲခြမ်း ဝေဖန်ခြင်းကို နှလုံး မသွင်းတဲ့ အတွက် ဃနဖုံးလွှမ်းအပ်သည်၏ အဖြစ် ကြောင့် မထင်ရှားတာ"တဲ့။

အဲဒီ ဝိသုဒ္ဓိမဂ် အဋ္ဌကထာစကားကို အဲဒီ အဋ္ဌကထာက ဆက်ပြီးတော့ ရှင်းပြပါတယ်၊ ဘယ်လိုရှင်းပြလဲ ဆိုတော့....

"နာနာဓာတုယော ဝိနိဗ္ဘုဇ္ဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝသရသတော ဥပ ဋ္ဌာတိ=အထူးထူးသော ဓာတ်သဘာဝဓမ္မတို့ကို အသီး သီး ခွဲခြမ်းဝေဖန်ခြင်းကို ပြုပြီးတော့ ဃနကို ခွဲခြမ်း ဝေဖန်ခြင်းကို ပြုပါလျှင် အနတ္တလက္ခဏာဟာ မိမိ ကိစ္စအားဖြင့် ထင်ရှားပါတယ်" တဲ့။

အဲဒီလို ပြပါတယ်၊ အဲဒီ အဋ္ဌကထာ စကားဟာ ထင်ရှား ပါတယ်၊ အဲဒါကို ထင်ရှားအောင် ဘုန်းကြီးတို့ ထပ်ပြီးတော့ မရှင်းတော့ပဲ ဝိသုဒ္ဓိမဂ် မဟာဋီကာ အဖွင့်နှင့်ပဲ ရှင်းပြကြ ပါစို့။

"အထူးထူးသောခေတ်, သဘာဝမေ့မှုတွေကို အသီးသီး ခွဲခြမ်းဝေဖန်ခြင်းကို ပြုပြီးတော့" ဆိုရာ၌ အထူးထူး အပြားပြားကုန်သော ပထဝီ, အပေါ်စသော ခေတ်, အထူးထူးအပြားပြားကုန်သော ဖဿ, ဝေဒနာစသော သဘာဝမေ့မှုတွေကို ပထဝီခေတ်ဟာ တပါးတည်း, အာပေါခေတ်ဟာ တပါးတည်း, စသည် ဖြင့် လည်းကောင်း၊ ဖဿဟာ တပါးတည်း၊ ဝေဒနာဟာ တပါးတည်း, စသည်ဖြင့်လည်းကောင်း အသီးသီး ခွဲခြမ်းဝေဖန်ခြင်းကို ပြုပြီးသည် ရှိသော် အနတ္တ လက္ခဏာ ဟာ မိမိကိစ္စအားဖြင့် ထင်ရှားပါတယ်" တဲ့။

သိပ်ရှင်းပါတယ်၊ ဘုန်းကြီးတို့ပရိသတ်၊ အဲဒီစကားတွေကို ရှင်းရှင်းမှတ်ပြီးတော့ ခန္ဓာကိုယ်တောင်ပို့ တူးပါ၊ အဲဒီလို တူးနေစဉ် မသိသူတွေက ခန္ဓာကိုယ်တောင်ပို့ တူးနေတဲ့ ယောဂီအား တံခါးမင်းတုပ်ချတဲ့ စကားတွေကို သူတပါးတွေက ပြောလာယင် ဖယ်ပစ်ရမယ်။

ကဲ....ယခုဆိုယင် ယောဂီတို့ ရှုပွားနေတဲ့ ရုပ်နာမ်အပေါ်မှာ အနိစ္စ, ဒုက္ခ, အနတ္တ မမြင်အောင် အဝိဇ္ဇာမင်းတုပ်ချမှုကို ဖယ်ပစ်တဲ့နည်းကို ပြောလို့ ပြီးပါပြီ။ ပြည့်စုံသလောက်တော့ ရှိပါတယ်။

**အမျက်ကောဓ ဖွားပွ**

အဲဒီ အဝိဇ္ဇာဆိုတဲ့ မင်းတုပ်ကို ဖယ်ပစ်ပြီးတော့ ဆက်လက်ပြီး ခန္ဓာကိုယ် တောင်ပို့ကို တူးသောအားဖြင့် အားထုတ်ခိုင်းတယ်၊ အားထုတ်ခိုင်းတော့ ခုနက ပြောခဲ့တဲ့ "ထိုင်, ရပ်, လျှောင်း,

သွား” ဆိုတဲ့ ဣရိယာပုထ် ၄ ပါး တပါးညောင်း တပါး ပြောင်းပြီးတော့ အားထုတ်နေတယ်။

အဲဒီလို ရှုပွားသောအားဖြင့် အားထုတ်နေတော့ ဘာတွေ့ သလဲဆိုတော့ ဖားပွတွေ့ပါသတဲ့၊ ကဲ....အဲဒီ ဖားပွရဲ့ အဓိပ္ပာယ် လဲသိအောင်, အိပ်ချင်လဲပြေအောင် လင်္ကာပိုဒ်ကို ဆိုကြည့် စမ်းပါ။

* ဟုန်းဟုန်းထကြွ၊ မျက်ကောဓမူ၊ ဖားပွ ဟူဘိ။

ဒီနေရာမှာ ဖားပွအကြောင်းကို ပြောရအောင်, ဖားပွဆို တာဟာ ပင်ကိုယ်က မကြီးလှပါဘူး။ လက်သည်းခွံပမာဏမျှ လောက်ပဲ ရှိပါတယ်၊ သစ်ရွက်ဟောင်းများအကြား, ချုံ အကြား, နွယ်များအကြားမှာ နေလေ့ရှိပါတယ်။

အဲဒီ ဖားပွဟာ သူ့ကိုသွားပြီးတော့ တုတ်စွန်းနဲ့ ဖြစ်စေ, နွယ်စွန်းနဲ့ဖြစ်စေ, မြေမှုန့်နဲ့ဖြစ်စေ, ထိခိုက်မိယင် အမျက်ထွက် ကာ တဖြည်းဖြည်း ကိုယ်ခန္ဓာကြီးထွားလာပြီး ဘဲဥပမာ ဝန်း ဝိုင်းလာတယ်၊ ဥသျှစ်သီးမှည့်ခန့်ပမာဏ ကြီးထွားလာပြီးတော့ ပက်လက်လှန်ကာ ခြေလေးဘက်တို့ မိုးမျှော်ကာ အသွား အလာ ပြတ်သွားတယ်၊ မသွားနိုင်တော့ဘူး၊ ဒီတော့ ကျီးတွေ ငှက်တွေက ထိုးသုတ်ပြီး စားလိုက်တယ်။

အဲဒီ ဖားပွဟာ ကျီးငှက်စသော ရန်သူတွေရဲ့ အလိုနိုင်ငံသို့ ပါသွားရတယ်ပေါ့၊ အဲဒီအတူပဲ အမျက်ထွက်ခြင်း ကောဓ တရားဟာ ဖြစ်စမှာတော့ စိတ်နောက်ကျုရုံမျှပဲ ပြုတတ်ပါ တယ်။

အဲဒီ အမျက်ထွက်တဲ့ခဏ စိတ်နောက်ကျုတဲ့ခဏမှာ နှလုံးသွင်းကောင်း ယောနိသောမနသိကာရနဲ့ နှိပ်ကွပ်ယင် လွယ်ကူစွာနဲ့ပဲ ငြိမ်းစဲသွားနိုင်ပါတယ်။

အဲဒီခဏမှာ မနှိပ်ကွပ်နိုင်ယင် တိုးတက် ကြီးပွားလာပြီးတော့ ဘယ်လိုဖြစ်လာမလဲဆိုတော့ မျက်နှာမဲ့ရှုံ့ပြီးတော့ ရှုံတွလာတော့မယ်။

အဲဒီ ခဏမှာ နှိပ်ကွပ်နိုင်ယင် နှိပ်ကွပ်၊ မနှိပ်ကွပ်နိုင်ယင် တိုးတက်ကြီးပွားလာပြီးတော့ သူတဘက်သားကို ဆဲရေးတိုင်းထွာ ကြမ်းတမ်းတဲ့ စကားကို ပြောဆိုဖို့ရန် မေးတလှုပ်လှုပ်ဖြစ်လာတော့မယ်။

အဲဒီခဏမှာ နှိပ်ကွပ်နိုင်ယင် နှိပ်ကွပ်၊ မနှိပ်ကွပ်နိုင်ယင် ဆဲရေးတိုင်းထွာ ကြမ်းတမ်းယုတ်မာတဲ့ စကားတွေ ပြောကြားတော့မယ်။

အဲဒီခဏမှာ နှိပ်ကွပ်နိုင်ယင် နှိပ်ကွပ်၊ မနှိပ်ကွပ်နိုင်ယင် သူတဘက်သားအတွက် ဘေးမှ အကူအညီရှိ-မရှိ သိရအောင် အရပ်မျက်နှာ ပတ်ဝန်းကျင်တွေ ကြည့်ရှုတဲ့ အဖြစ်သို့ ရောက်တော့တယ်။

အဲဒီခဏမှာ နှိပ်ကွပ်နိုင်ယင် နှိပ်ကွပ်၊ မနှိပ်ကွပ်နိုင်ယင် သူတဘက်သားကို ရိုက်ပုတ်ရန် ဆွဲငင်ပြုတဲ့ အခြေအနေသို့ ရောက်တော့မယ်။

အဲဒီခဏမှာ နှိပ်ကွပ်နိုင်ယင် နှိပ်ကွပ်၊ မ နှိပ် ကွပ် နိုင် ယင် လက်ဖြင့် ခဲတို့၊ တုတ်တို့၊ ဓားလက်နက်စသည်တို့ကို သုံးသပ်စွဲကိုင်ခြင်းသို့ ရောက်တော့တယ်။

အဲဒီခဏမှာ နှိပ်ကွပ်နိုင်ယင် နှိပ်ကွပ်၊ မ နှိပ် ကွပ် နိုင် ယင် တုတ်ဖြင့်ရိုက်ခြင်း, ခဲဖြင့်ပေါက်ခြင်း, ဓားဖြင့်ခုတ်ခြင်းတည်း ဟူသော ရာဇဝတ်မှု ကျူးလွန်တဲ့အဖြစ်သို့ ရောက်တော့မယ်။

အဲဒီခဏမှာ နှိပ်ကွပ်ယင် နှိပ်ကွပ်၊ မနှိပ်ကွပ်နိုင်ယင် သူတပါးကို သတ်ခြင်း, မိမိကိုယ်ကို သတ်ခြင်းတည်းဟူသော အဆုံးလမ်းသို့ ရောက်ရော၊ ဒီတော့ ဒီအမျက်ဒေါသဟာ မဆိုးဘူးလား, ဆိုးလား။

"ဆိုးပါတယ်ဘုရား"

ဆိုးတယ်၊ အဲဒါကြောင့် အမျက် ဒေါသ ဆိုတဲ့ ဖားပွကို ဖယ်ပစ်ရမယ်လို့ဆိုတာပေါ့၊ ခုနက ဥပမာစကားရပ်မှာ ကြည့်ပေါ့။ ဖားပွဟာ သူ့ကို ထိမိတာနဲ့ စိတ်ဆိုးပြီး ခြေလေးချောင်းတို့ မိုးပေါ်မျှော်ပြီး ပက်လက် လန်သွားတယ်၊ မသွားနိုင်တော့ပါဘူး။

အဲဒီလို စိတ်ဆိုး, ပက်လက်လန်ပြီး မသွားနိုင်တော့ အဲဒီ ဖားပွရဲ့ ရန်သူရဲ့ အလိုကျ သဘောကျလိုက်သလို ဖြစ်သွားတော့ သူ့ရဲ့ ရန်သူ ဖြစ်တဲ့ ကျီးငှက် စသည်တို့က သုတ်ထိုးပြီးတော့ စားပစ်လိုက်တယ်၊ အကျိုးမနည်းဘူးလား၊ အကျိုးနည်းလား။

"အကျိုးနည်းပါတယ် ဘုရား"

အဲဒီ အတူပါပဲ၊ အမျက်ထွက်ခြင်း, စိတ်ဆိုးခြင်း ကောဓတရား အလွှမ်းမိုး အနှိပ်စက်ခံရတဲ့ ယောဂီဟာ ကမ္မဋ္ဌာန်းတရား မပွားများနိုင်တော့ဘူး၊ အားထုတ်နိုင်မှု မရှိတော့ဘူး၊ ဉာဏ်အသွား ပြတ်သွားပြီ။

ကိလေသာ ရန်သူရဲ့ အလိုသို့ လိုက်သွားပြီ၊ ပါသွားပြီ၊ ကိလေသာ ရန်သူအလိုသို့ ပါသွားတော့ ခပ်သိမ်းသော မာရ်တို့

အလိုအတိုင်း နှိပ်စက်သမျှ ငုံခံရတဲ့ အဖြစ်သို့ ဆိုက်ရောက်ရ တော့တယ်။

အဲဒါကြောင့် အမျက်ထွက်ခြင်း, စိတ်ဆိုးခြင်း ကောဓ တရားကို ဖားပွလို့ ဟောတာ မှတ်ပါ။

အဲဒီ အမျက်ထွက်တဲ့ ကောဓတရားဟာ သွားထိလို့ ရှိယင် ပွထလာတဲ့ ဖားပွလိုပဲ၊ ကိုယ်မကြိုက်တဲ့ အာရုံနဲ့ သွားပြီးဆုံယင် အမျက်ဒေါသ ဖြစ်လာတယ်။

ကိုယ်မကြိုက်တဲ့ အာရုံဆိုတော့ အာရုံတွေက ဘာလဲဆိုတော့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ, သဘောတရား ဆိုတဲ့ အာရုံ ၆-ပါးပေါ့။

ကိုယ်မကြိုက်တဲ့ အဆင်းကို မြင်ရယင် အမျက် ထွက်လာ တယ်၊ ကိုယ်မကြိုက်တဲ့ အသံ ကြားယင်လဲ အမျက်ထွက်လာ တယ်၊ အဆိုးဆုံးက ဟောဒီ အဆင်းနဲ့ အသံကို မြင်တဲ့ ကြားတဲ့ အခါမှာ အဆိုးဆုံးပဲ၊ အမျက်ထွက်များတယ်။

အဆင်းထက် အသံကို မကြိုက်တဲ့ အခါမှာ ပိုပြီးတော့ အမျက်ထွက်တတ်ပါတယ်၊ အမျက်ထွက်တယ်ဆိုယင်ပဲ ဖားပွ သလိုပဲ၊ ကိုယ်လဲ ထိုးထိုးထောင်ထောင်နဲ့ ပွထလာတယ် မဟုတ် သား။

"ဟုတ်ပါတယ် ဘုရား"

**အမျက်ထွက်စဉ်** ဘုန်းကြီးတို့ ပရိသတ် ခုနတုန်းက အမျက် ဒေါသထွက်ပုံ အစဉ်ကို ပြောခဲ့ပါတယ်၊ အဲဒါကို ရှင်းလင်းသွားအောင် အကျဉ်းချုပ်ပြီးတော့ ပြောပြ ပါဦးမယ်၊ အမျက် ဆိုတဲ့ ကောဓတရားဟာ-

၁။ ဖြစ်စမှာ စိတ်နောက်ကျုရှုံမှု ပြုတတ်တယ်။
၂။ နောက် မျက်နှာ ရှုံတွ မဲ့ရွဲ့လာစေတတ်တယ်။
၃။ နောက် အကြမ်းပရမ်း ပြောဆိုဖို့ရန် မေးတလှုပ်လှုပ် ဖြစ်စေတတ်တယ်။
၄။ နောက် ဆဲရေး တိုင်းထွာ ကြမ်းတမ်းစွာ ပြောကြားစေတော့တယ်။
၅။ နောက် အကူအညီ ရှိ-မရှိ ဝန်းကျင်ပတ်ချာကို ကြည့်တော့တယ်။
၆။ နောက် ရိုက်ပုတ်ရန် ဆွဲငင်မှုပြုတော့တယ်။
၇။ နောက် လက်နဲ့၊ ခဲနဲ့၊ တုတ်နဲ့၊ ဓားလက်နက် စွဲကိုင်တော့တယ်။
၈။ နောက် ပစ်ခတ် ရိုက်ပုတ်, ခုတ်ထစ်လေတော့တယ်။
၉။ နောက် သူ့ကို သတ်ခြင်း, ကိုယ့်ကိုယ်ကို သတ်ခြင်း ဆိုတဲ့ အဆုံးလမ်းသို့ ရောက်စေတော့တယ်။

ကဲ.... ယောဂီတို့၊ အမျက် ဆိုတဲ့ ကောဓတရားဟာ ကိုယ်မကြိုက်တဲ့ အာရုံနဲ့ တွေ့တဲ့အခါမှာ ဘယ်နှစ်ဆင့်တောင် ကြီးထွားလာလဲဆိုတော့ ကိုးဆင့်တောင်မှပဲနော်။

"မှန်ပါဘုရား"

အဲဒါကြောင့် တရားကို ကြိုးစား ရှုပွားတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အားထုတ် ရှုပွားယင်းနဲ့ ခန္ဓာကိုယ်တောင်ပို့ကို လေးစိတ်ကွဲအောင် တူးယင်းနဲ့ အမျက်ကောဓ ဆိုတဲ့ ဖားပွကို တွေ့ယင် ဘာလုပ်ရမတဲ့လဲ။

"ဖယ်ပစ်ရမှာပါ ဘုရား"

အေး....တချို့က အမျက်ကောဓ ဆိုတဲ့ ဖားပွကို ဖယ်မပစ်ဘူး၊ မွေးထားတယ်၊ မွေးထားတော့ တနို့နို့နဲ့ ကြီးထွားလာတော့ ဘယ်သူ့ကို နှိပ်စက်လဲ။

"မွေးထားသူပဲ နှိပ်စက်ပါတယ် ဘုရား"

ကိုယ်က နှိပ်စက်ချင်တာက ကိုယ့်ကိုလား၊ သူတပါးကိုလား။

"သူတပါးကို နှိပ်စက်စေချင်ပါတယ် ဘုရား"

အင်း....နှိပ်စက်စေချင်တာက သူတပါးကို၊ တကယ် နှိပ်စက်တော့ အဲဒီ အမျက်ကောဓကို တနို့နို့နဲ့ ကြီးထွားလာအောင် မွေးထားတဲ့ သူကိုပဲ နှိပ်စက်ပါတယ်၊ ဒီတော့ အဲဒီ အမျက်ကောဓကို ဖြစ်လျှင် ဖြစ်ချင်း ပယ်ရှားသင့်သလား၊ ကြီးထွားအောင် မွေးထားသင့်သလား။

"ဖြစ်လျှင် ဖြစ်ချင်း ပယ်ရှားသင့်ပါတယ် ဘုရား"

အဲဒါက သာမည လူတိုင်း အနေနဲ့ ဖြစ်တတ်တဲ့ အမျက်ကောဓအကြောင်းကို ပြောပြနေတာပါ၊ ယခုလို တရားရှုပွားအားထုတ်နေယင်း ခန္ဓာကိုယ် တောင်ပို့ကြီးကို တူးနေယင်း ပေါ်လာမယ့် အမျက်ကောဓ ဖားပွက ဘယ်လိုလဲ။

ရှုပွားအားထုတ်နေတဲ့ ယောဂီဟာ ကိုယ်မှန်းသလို ကိုယ်ရချင်သလို တရားကလဲ မရနိုင်၊ အဲဒီတော့ ဘယ်လို ဖြစ်လာလဲ၊ 'ဖြစ်မှ ဖြစ်ရလေခြင်း၊ ငါ့မှာ သူများ နည်းတူ ကြိုးစား ရှုပွားအားထုတ်ပါရက်ကနဲ့ တရားမရနိုင်ဘူး' လို့ တခါတခါ တရားအားထုတ်ယင်း ဖြစ်တတ်ပါတယ်။

အဲဒီလို ဖြစ်တာဟာ ဖားပွတွေ့နေပါတယ်၊ အဲဒီလို ဖြစ်နေယင် ရှုပွားအားထုတ်လို့ ရမှာလားဆိုတော့ မရတော့ပါဘူး၊

တခါတလေ အားထုတ်နေယင်းနဲ့ မကျေနပ်တာကလေးကို အာရုံပြုမိလို့ ပေါ်လာတယ်၊ အားထုတ်လို့ မဖြစ်တော့ပါဘူး။

ဘုန်းကြီးတခါက တွေ့ဖူးပါတယ်၊ ဒကာမကြီးတယောက် ဘုန်းကြီးတို့ တောရကျောင်းကိုရောက်လာပြီး တရားအားထုတ်တယ်၊ ဥပုသ်နေ့ပေါ့၊ ဘုန်းကြီးတို့ တောရမှာကတော့ ဥပုသ်နေ့မှာ တရား တနာရီ အားထုတ်ခိုင်းပြီး နှစ်နာရီ တရားဟောပေးပါတယ်။

အဲဒီ ဒကာမကြီးက အများနဲ့ အတူဘက္က တရားအားထုတ်နေယင်း မကြာမီ မိုးရွာချတော့ အိမ်မှာ အဝတ်တွေ လှမ်းထားတာ သွားပြီးတော့ သတိရတယ်၊ မိုးစိုကုန်တော့မှာပဲလို့ ပူပင်သောက ဖြစ်နေလိုက်တာ တချိန်လုံးကို တရားအားထုတ်လို့ မဖြစ်တော့ပါဘူး။

အဲဒါက တဦးချင်း ကိုယ့်အပူနဲ့ ကိုယ်ပူတဲ့ အားနည်းတဲ့ ဒေါသပေါ့၊ အဲဒီ ဒေါသဟာ လူမသိပဲနဲ့ နှိပ်စက်ပါတယ်။

**ပုဂ္ဂလသပ္ပါယ အရေးကြီး**

တရားအားထုတ်တဲ့ အခါမှာ သပ္ပါယခုနစ်ပါး မျှတဖို့ ဟောခဲ့ပါတယ်၊ အဲဒီ သပ္ပါယ ခုနစ်ပါးမှာ ပုဂ္ဂလ သပ္ပာယ ဆိုတာ ပါပါတယ်၊ အဲဒီ ပုဂ္ဂလသပ္ပါယ မျှတဖို့ဟာ သိပ်အရေးကြီးပါတယ်။

အမျက် ထွက်တယ် ဆိုတာလဲ တခြား သူစိမ်း တရံဆံတွေ အမျက်မထွက်တတ်ပါဘူး၊ အနီးစပ်ဆုံး အနီးကပ်ဆုံး ရင်းနှီးသူတွေနဲ့သာ အဖြစ်များပါတယ်၊ စကားပုံတောင် ရှိပါတယ်၊ အနီးစပ်ဆုံး စကားပုံ၊ ဘာတဲ့လဲ၊ 'လင်နှင့် မယား, လျှာနှင့် သွား'တဲ့။

တချို့များ လင်မယား ရန်ဖြစ်တာနဲ့ အိုးတွေ ခွက်တွေ ပန်းကန်တွေ ရိုက်ခွဲတယ်၊ ဒီတော့ ကုန်ရောပေါ့၊ အစီးအပွား ပျက်ရောပေါ့၊ "လင်မယားရန်ဖြစ် ခွေးနက်ကြီး မနေသာ" ဆိုတာလဲ ရှိသေးတယ်။

ဒီတော့ ဒီအမျက်ဒေါသဆိုတဲ့ ဖားပှဟာ မကြိုက်တဲ့အာရုံ တခုခုကြောင့် ပွထလာပြီဆိုယင် အကျိုးယုတ်ပါတယ်၊ လင်မယားချင်း ကွဲကြကွာကြတယ်၊ သတ်ကြဖြတ်ကြတယ်၊ စီးပွား ပျက်ကြတယ်၊ တရားခံ ဘယ်သူလဲဆိုတော့ ဒီအမျက်ကောဓ ဖားပွပါပဲ။

တသင်းနဲ့တသင်း၊ တဖွဲ့နဲ့တဖွဲ့၊ တနိုင်ငံနဲ့ တနိုင်ငံ စစ်ခင်းကြတယ်၊ တရားခံ ဘယ်သူလဲ၊ ဒီ အမျက်ဒေါသ, ကောဓဆိုတဲ့ ဖားပွပဲ။

အဲဒီ အမျက်ကောဓ ဖားပွရှိနေယင် လောကီအကျိုးစီးပွား တွေရော လောကုတ္တရာ အကျိုးစီးပွားတွေရော အကုန် လုံး ဆုတ်ယုတ်ပါတယ်။

လောကီ အကျိုးစီးပွား ပျက်စီးဆုတ်ယုတ်တာက တဘဝပဲ ပျက်စီးဆုတ်ယုတ်မှာ၊ လောကုတ္တရာ အကျိုးစီးပွား ပျက်စီး ဆုတ်ယုတ်မှာက တသံသရာလုံး ပျက်မှာ၊ ဒီတော့ အလွန်ဆိုး ပါတယ်၊ ဒါကြောင့် ခန္ဓာကိုယ်တောင်ပို့ကြီးကို တူးသော အားဖြင့် တရားအားထုတ်တဲ့အခါ အမျက်ဒေါသဆိုတဲ့ ဖားပွ ပေါ်လာယင်၊ ဖားပွတွေ့ယင် ဖယ်ပစ်လို့ ပြောတာ။

အဲဒီ အမျက်ဒေါသဆိုတဲ့ ဖားပွကို ဖယ်နည်း, ဖျောက် နည်းတွေကတော့ အများကြီးပါပဲ၊ ဒီနေရာမှာ အကုန်လုံး

ပြောချိန်မရပါဘူး၊ အသေးစိတ် အကုန်လုံးသိချင်ယင်တော့ "ဒေါသဖြေဖျောက်နည်း" စာအုပ်ကိုပဲ ဖတ်ကြည့်ပါတော့။

စာတအုပ်လောက်ကိုပဲ ဒေါသဖြေဖျောက်နည်းတွေက များပါတယ်၊ အရေးလဲ ကြီးပါတယ်၊ ဒါကြောင့် ဘုန်းကြီးတို့ "ဒေါသဖြေဖျောက်နည်း" ဆိုပြီး တ ရား သီး ခြား ဟောပြီး "ဒေါသ ဖြေဖျောက်နည်း" စာအုပ် ရေးထားပါတယ်။

ဒီနေရာမှာ အကျဉ်းချုပ် ဒေါသပယ်ဖျောက်နည်းကို ပြောချင်တာက အနတ္တမြင်အောင် ရှုပွားပြီး ပယ်ပါ၊ ဘယ်လို ရှုပွားပယ်မလဲဆိုတော့၊ အလိုမကျမှု ဒေါသ ဖြစ်တဲ့အခါ....

> "သဗ္ဗေ ဓမ္မာ အနတ္တာ" လို့ ဘုရားရှင်ဟောထားတယ်၊ အနတ္တတရားပဲဟာ၊ ဘယ်မှာ ငါဖြစ်ချင်သလို ဖြစ်မှာလဲ၊ ဘယ်မှာ အကြိုက်ချည်းလဲ ဖြစ်နိုင်မှာလဲ၊ ဘယ်မှာ ငါ့အလိုကျချည်း ဖြစ်နိုင်မှာလဲ၊ အလိုမကျ အနတ္တ၊ အကြိုက်မဆောင် အနတ္တပဲဟာ"

လို့ အနတ္တမြင်အောင် ရှုပြီးတော့ ပယ်ပါ၊ အဲဒီလို ကိုယ့် အလိုမကျလို့ ကိုယ်ဖြစ်ချင်သလို မဖြစ်လို့ အလိုမကျတဲ့ ဒေါသ ဖြစ်တိုင်းဖြစ်တိုင်း....

> "ဘုရားရှင်က အလိုမလိုက် အနတ္တ၊ အကြိုက်မဆောင် အနတ္တ၊ ကိုယ်ဖြစ်ချင်သလိုမဖြစ် အနတ္တ၊ အစိုးမရ အနတ္တ"

လို့ ဟောထားပါရက်ကနဲ့ ငါက အတ္တဆန်ဆန် ငါလိုချင်သလို ငါဖြစ်ချင်သလို၊ လိုချင်လို့ ဖြစ်ချင်လို့ ဘယ် ရ မ လဲ လို့သာ ရှုပွားဆင်ခြင်ပါ၊ အဲဒီလို ရှုပွားဆင်ခြင်ပါများယင် ဒီအမျက်ဒေါသဟာ မလာတော့ပါဘူး။

လမ်းနှစ်မြွာ ကဲ....ဒီလောက်ဆိုယင်"ဟုန်းဟုန်းထကြွ, မျက်ကောခမူ့, ဖားပွဟုတ်" ဆိုတဲ့ လက်ာ ပိုဒ်ရဲ့ သဘော သိလောက်ပါပြီ၊ ယခု ဆက်လက်ပြီးတော့ "ယုံမှားရှိသား, ဝိစိကိစ္ဆာ, လမ်းနှစ်မြွာတည့်" ဆိုတဲ့ လက်ာပိုဒ်ကို ရှင်းရအောင်။

ဒီခန္ဓာကိုယ်တောင်ပို့ကြီးကို တူးသောအားဖြင့် ရှုပွားတော့ ဘာတွေ့လဲဆိုတော့ လမ်းနှစ်ခွ, လမ်းနှစ်မြွာတွေ့တယ်တဲ့၊ လမ်းနှစ်ခွ၊ လမ်းနှစ်မြွာဆိုတာ ယုံမှားမှု ဝိစိကိစ္ဆာကို ခေါ်ပါတယ်။

ဘာဖြစ်လို့ ယုံမှားမှု ဝိစိကိစ္ဆာကို လမ်းနှစ်ခွ, လမ်းနှစ်မြွာလို့ ခေါ်လဲ၊ ဝိစိကိစ္ဆာနဲ့ လမ်းနှစ်ခွ လမ်းနှစ်မြွာနဲ့ ဘယ်လိုတူလဲ၊ အဲဒါ သိဖို့ အရေးကြီးပါတယ်။

အရေးကြီးတော့ ရှင်းရမယ်၊ ရွှေ ငွေ ဥစ္စာ ရတနာများစွာပါရှိလျက် ကန္တာရခရီးကြမ်းသို့ သွားတဲ့ယောကျ်ားဟာ လမ်းနှစ်ခွ လမ်းနှစ်မြွာသို့ ရောက်တဲ့အခါ "ဒီလမ်းသွားရကောင်းမလား၊ ဟိုလမ်းသွားရ ကောင်းမလား" လို့ ယုံမှားတွေးတောကာ မဆုံးဖြတ်နိုင်ပဲ အဲဒီ လမ်းနှစ်ခွ လမ်းနှစ်မြွာမှာပဲ ရပ်နေတယ်။

အဲဒီလိုရပ်နေတော့ အဲဒီ ခရီးသွား ယောကျ်ားကို ခိုးဆိုးလုယက် တိုက်ခိုက် သတ်ဖြတ်နေကြတဲ့ ဒမြ လူဆိုးတွေက လုယက်တိုက်ခိုက်သတ်ဖြတ်ပြီးတော့ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်စေတယ်။

တကယ်လို့သာ အဲဒီ ကုန်သည်ယောကျ်ားဟာ လမ်းနှစ်ခွ, လမ်းနှစ်မြွာကို မတွေ့ပဲ တလမ်းတည်းသာ ဖြောင့်မတ်စွာနဲ့

ခပ်မြန်မြန် ခပ်သွက်သွက်သွားရယင် ခရီးတွင်လေတော့ အဲဒီလို လူဆိုးသူခိုး ဒမြတွေရဲ့ အနှိပ်အစက် အတိုက်အခိုက် အသတ် အဖြတ် ဘယ်ခံရပါ့မလဲ။

အခုလို လမ်းနှစ်ခွတွေ့တော့ လက်ဝဲလမ်းဟာ လမ်းမှန် လား၊ လက်ယာလမ်းဟာ လမ်းမှန်လား၊ ငါသွားရမှာ ဘယ် လမ်းလဲလို့ မဝေခွဲနိုင်တာနဲ့ပဲ အချိန်ကြာသွားတယ်၊ ဒီတော့ လမ်းဆုံလမ်းနှစ်ခွမှာ စောင့်ပြီးတော့ လုယက်နှိပ်စက်တတ်တဲ့ ခိုးသား ဒမြတွေရဲ့ လက်တွင်းသို့ သက်ဆင်း ကျရောက် ပြီး ပျက်စီးရပါတယ်။

အဲဒီအတူပါပဲ ခန္ဓကိုယ် တောင်ပို့ကြီးကို လေးစိတ်လေး မြွာ ကွဲအောင် တူးဖို့သောအားဖြင့် တရား ရှုပွားအားထုတ် နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ နိဗ္ဗာန်စခန်း, နိဗ္ဗာန်လမ်းသို့ သွား နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ မူလမိမိရှုပွားနေတဲ့ ကမ္မဋ္ဌာန်း အပေါ်မှာ ယုံမှားဝင်လာယင် ချီတုံချတုံဖြစ်လာပြီ၊ ဆက် လက်ပြီး အားထုတ်ရမလား၊ ရပ်ထားရမလား၊ အဲဒီလို ဖြစ် လာယင် လမ်းနှစ်ခွရောက်နေတာပဲ၊ လမ်းနှစ်ခွရောက်နေယင် ချောင်းမြောင်းနေတဲ့ ကိလေသာ ခိုးသားဒမြတွေ မို လာ မယ်။

အဲဒီတော့ ယုံမှားမှု လမ်းနှစ်ခွမှာ ရပ်နေတဲ့ ယောဂီပုဂ္ဂိုလ် ကို အမှီလိုက်လာတဲ့ ကိလေသာမာရ် အစရှိတဲ့ ရန်သူ အားလုံး တို့က အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်စေကြတယ်။ ဒီတော့ အဲဒီ ယောဂီဟာ အကျိုးမဲ့ ပျက်စီးပြီး အပါယ်ငရဲ ကျတော့ တာပေါ့။

အဲဒီလို ဝိစိကိစ္စာတရားဟာ လမ်းနှစ်မြွာနဲ့ တူတဲ့အတွက် ကြောင့် ဘုရားရှင်က တွေးတော ယုံမှားမှု ဝိစိကိစ္စာကို လမ်းနှစ်မြွာလို့ ဟောတယ်လို့ မှတ်ပါ။

**ဝိစိကိစ္စာသဘော** ဒီနေရာမှာ ယခုလို တရားရှုပွား အားထုတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ်တို့အတွက် အထူးပဲ အနှောင့်အယှက် ဖြစ်တဲ့ ဝိစိကိစ္စာရဲ့ သဘောကို နည်းနည်း ပြောချင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အလွန်အရေးကြီးလို့ပါ၊ သဘော ပြောရမယ် ဆိုတော့ နည်းနည်းတော့ ခက်ပါတယ်၊ သည်းခံပြီးတော့ နားထောင်ပါ။

ဝိစိကိစ္စာ ဆိုတာ ဘယ်အာရုံမျိုးမှာမဆို ကျွတ်ကျွတ်လွတ်လွတ် ဆုံးဖြတ်နိုင်တဲ့ သဘော မရှိပါဘူး၊ တွေ့တွေ့သမျှ အာရုံတွေမှာပင် နှစ်လုံးနှစ်ခွ ဒွိဟသဘော သို့လော သို့လော တွေးတောတတ်တဲ့ သဘော ရှိပါတယ်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာကတော့ "ပဋိပတ္တိ အန္တရာယကရာ=အကျင့်ပဋိပတ် ဟူသမျှကို အန္တရာယ်ကြီးအောင် ပြုတတ်တယ်" လို့ ဆိုပါတယ်။

ဝိသုဒ္ဓိ ခုနစ်ပါးမှာ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဆိုတာ ရှိပါတယ်၊ အဲဒီ ဝိသုဒ္ဓိကို မလွန်နိုင်ယင်လဲ ရှေ့သို့ တရားမတက်တော့ပါ။ ဒါ့ကြောင့် အဲဒီ ယုံမှားမှု ဝိစိကိစ္စာဟာ ကင်္ခါဝိတရဏ ဝိသုဒ္ဓိရဲ့ ကန္တာရခရီး လမ်းကြမ်းကြီး ဖြစ်ပါတယ်၊ အဲဒီ ဝိစိကိစ္စာဟာ-

၁။ နီဝရဏကိစ္စထိုက်တဲ့ နီဝရဏ ဝိစိကိစ္စာ၊

၂။ နီဝရဏကိစ္စ မထိုက်တဲ့ အတုအယောင်မျှသာ ဖြစ်တဲ့ ပဋိရူပက နီဝရဏ ဝိစိကိစ္ဆာ,

ရယ်လို့ နှစ်ပါး ရှိပါတယ်၊ အဲဒီ နှစ်ပါးမှာ-

၁။ ဘုရား အစရှိတဲ့ ဝတ္ထု ရှစ်ပါးမှာ ယုံမှားတဲ့ အစွမ်း အားဖြင့် ဖြစ်တဲ့ ဝိစိကိစ္ဆာဟာ နီဝရဏဝိစိကိစ္ဆာ ဖြစ်ပါတယ်။

၂။ သဗ္ဗညုဘုရား မဟုတ်သူတို့မှာ အရာရာတိုင်းမှာ မသိနိုင်ကြတဲ့အတွက် ထိုထို အာရုံဟူသမျှတွေမှာ 'ဘယ်လို ဖြစ်လေသလဲ၊ ဒီလို ဖြစ်လေသလော၊ ဒီဟာပင်လော၊ ဟိုဟာပင်လော' စသည်ဖြင့် နှစ်လုံးနှစ်ခွ ဒွိဟ ဖြစ်ကြရပါတယ်၊ အဲဒီ သဗ္ဗညုဘုရား မဟုတ်သူတို့ရဲ့ ဒွိဟ သဘော တွေးတောမှုဟာ ပဋိရူပကနီဝရဏဝိစိကိစ္ဆာ ဖြစ်ပါတယ်။

အဲဒီ ပဋိရူပက နီဝရဏဝိစိကိစ္ဆာ, အတုလဝိစိကိစ္ဆာဟာ ကုသိုလ်လဲ ရှိပါတယ်၊ အကုသိုလ်လဲ ရှိပါတယ်၊ ရဟန္တာတို့ သန္တာန်မှာ ဖြစ်ယင်တော့ ကြိယာလဲ ဖြစ်ပါသေးတယ်၊ ဒီနေရာမှာတော့ စင်စစ်အကုသိုလ်ဖြစ်တဲ့ နီဝရဏဝိစိကိစ္ဆာကိုသာ အလိုရှိအပ်ပါတယ်။

**ယုံမှားခြင်း ၈-ပါး** နီဝရဏဝိစိကိစ္ဆာရဲ့ ဘုရား အစ ရှိတဲ့ ဝတ္ထု ၈-ပါးမှာ ယုံမှားခြင်းကို ခုနက ပြောခဲ့ပါတယ်၊ အဲဒီ ၈ ပါးလဲ ယောဂီတို့ သိထားသင့်ပါတယ်၊ ဘာတွေလဲ ဆိုတော့-

၁။ ဘုရား၌ ယုံမှားခြင်း၊

၂။ တရားတော်၌ ယုံမှားခြင်း၊

၃။ သံဃာတော်၌ ယုံမှားခြင်း၊
၄။ အကျင့်သိက္ခာ၌ ယုံမှားခြင်း၊
၅။ ရှေးအတိတ်စွန်း၌ ယုံမှားခြင်း၊
၆။ နောင်အနာဂတ်စွန်း၌ ယုံမှားခြင်း၊
၇။ ရှေးနောက်နှစ်ရပ် အတိတ် အနာဂတ်တည်း ဟူသော အစွန်း၌ ယုံမှားခြင်း၊
၈။ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်လေ့ရှိတယ်လို့ ပြတဲ့ ပဋိစ္စသမုပ္ပါဒ် တရားတော်၌ ယုံမှားခြင်း....တဲ့။

အဲဒီ ရှစ်ပါးမှာ ယုံမှားတာကို ဝိစိကိစ္ဆာလို့ ခေါ်ပါတယ်၊ ဒီတော့ မိမိမှာ ယုံမှား ရှိ-မရှိ၊ ဘယ်ယုံမှားရှိတာလဲဆိုတာ မိမိဘာသာ မိမိ သိနိုင်ပါတယ်။

သောတာပန် ဖြစ်ယင် ဒိဋ္ဌိ-ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဆိုတဲ့ သံယောဇဉ်သုံးပါး လုံးဝမရှိတော့ဘူး၊ ဒိဋ္ဌိနဲ့ သီလဗ္ဗတပရာမာသကတော့ ဒီနေရာမှာ မသက်ဆိုင်တဲ့အတွက် ထားလိုက်ပါတော့၊ သက်ဆိုင်တဲ့ ဝိစိကိစ္ဆာရဲ့အကြောင်းတော့ သိအောင် လေ့လာထားသင့်ပါတယ်။

**ယုံမှားခြင်း ၁၆ ပါး** ခုနက ပြောခဲ့တဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိ အရာမှာ ယုံမှားခြင်း ၁၆ ပါးရယ်လို့ ရှိပါသေးတယ်၊ အဲဒါလဲ သိထားဖို့ လိုပါတယ်၊ ၁၆ ပါးက ဘာတွေလဲဆိုတော့—

၁။ ငါသည် ရှေးအတိတ်ကာလ၌ ဖြစ်ဖူးခဲ့လေပြီလော။
၂။ ငါသည် ရှေးအတိတ်ကာလ၌ ဖြစ်မှ ဖြစ်ဖူး ပါလေပြီ လော။

၃။ ငါသည် ရှေးအတိတ်ကာလ၌ ဇာတ်အဆူဆူ ဘယ်သို့ သောသူ ဖြစ်ဖူးပါလိမ့်မည်နည်း။

၄။ ငါသည် ရှေးအတိတ်ကာလ၌ ဘယ်ပုံသဏ္ဌာန် ဘယ် ဟန်ပန်ဖြင့် ဖြစ်ပါလေသနည်း။

၅။ ငါသည် ရှေးအတိတ်ကာလ၌ ဇာတ်အဆူဆူ အဘယ် သူ ဖြစ်ပြီး၍ တဖန်တမူ အဘယ်သူ ဖြစ်ပါလေသနည်း။

အဲဒီ ငါးပါးပဲ၊ အဲဒီ ငါးပါးဟာ အတိတ်၌ ယုံမှားခြင်း ငါးပါးပါပဲ၊ အဲဒီ ယုံမှားတွေ လွန်ပါမှ အထက် အထက် ဉာဏ်သို့ ရောက်မှာ၊ ဒီတော့ ဒီ ယုံမှားတွေကို သိထားရပါ မယ်၊ ပြီးတော့....

၁။ ငါသည် နောင် အနာဂတ်ကာလ၌လည်း ဖြစ်ကောင်း ဖြစ်လိမ့်မည်လော၊

၂။ ငါသည် နောင် အနာဂတ် ကာလ၌ ဖြစ်ကောင်းမှ ဖြစ်ပါမည်လား၊

၃။ ငါသည် နောင်အနာဂတ် ကာလ၌ ဇာတ်အဆူဆူ အဘယ်သူ ဖြစ်လိမ့်မည်နည်း၊

၄။ ငါသည် နောင် အနာဂတ် ကာလ၌ ဘယ်ပုံသဏ္ဌာန် ဘယ်ဟန်ပန်ဖြင့် ဖြစ်ပါလိမ့်မည်နည်း၊

၅။ ငါသည် နောင် အနာဂတ် ကာလ၌ ဇာတ်အဆူဆူ အဘယ်သူ ဖြစ်လိမ့်မည်နည်း....တဲ့။

အဲဒီ ငါးပါးဟာ နောင်ဖြစ်လတ္တံ့ အနာဂတ် ကာလ၌ ယုံမှားခြင်းပါပဲ၊ ပြီးတော့....

၁။ ငါ ဟုတ်မှ ဟုတ်ပါရဲ့လား၊

၂။ ငါ မဟုတ်ဘူးများ ရှိလေသလား၊

၃။ ဇာတ်အဆူဆူ ငါအဘယ်သူ ဖြစ်လိမ့်မည်နည်း၊
၄။ ဘယ်ပုံသဏ္ဍာန် ဘယ်ဟန်ပန်ဖြင့် ငါဖြစ်၍နေသနည်း။
၅။ ငါဖြစ်၍နေသော သတ္တဝါသည် ဘယ်ဘဝက လာခဲ့ပါလိမ့်မည်နည်း။
၆။ ထို ငါဖြစ်၍နေသော သတ္တဝါသည် ဘယ်ဘုံ ဘယ်ဘဝသို့ ကူးပြောင်းသွားရပါမည်နည်း....တဲ့။

အဲဒီ (၆) ပါးဟာ ယခု ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆ ပါး ပါပဲ၊ အဲဒီ အတိတ်, အနာဂတ်, ပစ္စုပ္ပန်အားဖြင့် ယုံမှားခြင်း ၁၆ ပါးကို ကင်္ခါယုံမှား ၁၆ ပါးလို့ ခေါ်ပါတယ်၊ ယခု ပြောခဲ့တဲ့ ယုံမှားခြင်း ၈ ပါး၊ ၁၆ ပါးတွေ ရှိနေယင် အဲဒီ ယောဂီဟာ သောတာပန်·မဟုတ်သေးပါဘူး။

အဲဒီ ယခု ပြောခဲ့တဲ့ ယုံမှားခြင်း ဟူသမျှဟာ ဝိစိကိစ္ဆာရဲ့ လက်ချက်တွေချည်း ဖြစ်ပါတယ်၊ အဲဒီ ဝိစိကိစ္ဆာဟာ ဉာဏ်တည်း ဟူသော ကုစားခြင်းဖြင့် ကုစား၍ မရနိုင်တဲ့ အနာကြီး သဖွယ် ဖြစ်ပါတယ်။

သောတာပတ္တိမဂ် ဆိုတဲ့ သဒ္ဒါတရားနဲ့ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ကြီး ဖြစ်ပါတယ်၊ လောကုတ္တရာ မဂ်ဖိုလ် စခန်းသို့ တက်လှမ်းရန် အရေးမှာ ရှေးဦးစွာ ခုခံနေတဲ့ ရန်သူကြီးလဲ ဖြစ်ပါတယ်၊ နီဝရဏ, အနုသယ, ကိလေသာ, သံယောဇဉ်ကိစ္စ သဲ တပ်ပါတယ်၊ အဲဒီ ဝိစိကိစ္ဆာဟာ....

၁။ ယုံမှားခြင်း လက္ခဏာ ရှိပါတယ်၊
၂။ ထိုထို အာရုံမှာ တုန်တုန်လှုပ်လှုပ် ဖြစ်ခြင်း ကိစ္စ ရှိပါတယ်။

၃။ တဖို့တည်းကို မယူ၊ နှစ်စွန်းပြုတဲ့ အဖို့ကို ယူခြင်း ဖစ္စုပဌာန် ရှိပါတယ်။

၄။ မသင့်မတင့် နှလုံးသွင်းခြင်း အယောနိသောမနသိ ကာရပဒဋ္ဌာန် ရှိပါတယ်။

အဲဒါ ဝိစိကိစ္ဆာရဲ့ သဘော သဘာဝတွေ, ယုံမှားမှုဌာန တွေပါပဲ၊ အဲဒီ ဝိစိကိစ္ဆာဟာ ခန္ဓာကိုယ်တောင်ပို့ကြီးကို တူး သောအားဖြင့် ရုပ်ဝါး အားထုတ်တဲ့အခါမှာ ဝင်လာတတ်ပါ တယ်။ ဘယ်လို ဝင်လာတတ်လဲ။

"ငါယခု ရုပ်ဝါး အားထုတ်နေတဲ့ တရားတော်ဟာ မှန်မှ မှန်ပါ့မလား၊ ဒီတရားတော်နဲ့ မဂ်-ဖိုလ်-နိဗ္ဗာန် ရတယ် ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား"

စသည်ဖြင့် ဖြစ်နေတာဟာ ဝိစိကိစ္ဆာ ဝင်လာတာပါပဲ၊ အဲဒီလို ဝင်လာတာဟာ ယုံမှား မကင်းသေးတဲ့ သူတွေမှာ ဖြစ် တတ်တဲ့ သဘာဝ, ဝင်တတ်တဲ့ သဘာဝပါပဲ၊ အဲဒီ ယုံမှားကို မဖြစ်ပါနဲ့လို့ တားဆီးလို့ ဘယ်ရမလဲ၊ ယုံမှားမကင်းသေးယင် ဖြစ်မှာပါပဲ။

အဲဒီလို ဖြစ်တဲ့အခါမှာ လမ်းနှစ်ခွနဲ့ တူတဲ့ ယုံမှားခြင်းကို ဖယ်ပစ်ရမယ်လို့ သိထားတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ကြာရှည်လက်ခံ မထားပဲ ဖယ်ပစ်လိုက်ပါ။

ဒီနေရာမှာ ယုံမှားမှု ဝိစိကိစ္ဆာရယ်၊ အသိအလိမ္မာဉာဏ်ပညာ ရယ်၊ အဲဒါတော့ ကွဲပြားဖို့ အရေးကြီးပါတယ်၊ တချို့က ယုံမှားမှုကို ဉာဏ်လို့ ထင်နေတတ်ပါတယ်။

ယုံမှားမှု ဝင်လာတယ်ဆိုတော့ 'ငါဟာ ယုံမှားသံသယပဲ' လို့ ကြော်ငြာပြီး ဝင်လာတာ မဟုတ်ပါဘူး၊ ယုံမှားသံသယက ဉာဏ်အယောင်ဆောင်ပြီး ဝင်လာတတ်ပါတယ်။

အဲဒီလို ဉာဏ်အယောင်ဆောင်ပြီး ဝင်လာတော့ ကိုယ်က ဉာဏ်ပဲ ထင်ပြီး ဆက်ပြီးတော့ လက်ခံထားတော့ ယုံမှားမှု အကြောရှည်ပြီး နိဗ္ဗာန် သွားတဲ့ လမ်းကြောင်း ရပ်ပြီးတော့ ကိလေသာရန်သူရဲ့ အဖမ်းကို ခံရတော့တာပေါ့။

ယခုတော့ ယောဂီတို့တတွေဟာ အသိအလိမ္မာ ဉာဏ်ပညာ လား, ယုံမှားမှု ဝိစိကိစ္ဆာလားဆိုတာ သေသေချာချာ ကွဲပြား သွားပြီ မဟုတ်လား။

"မှန်ပါ, ကွဲသွားပါပြီ ဘုရား"

**ရေစစ်ပုံပြ နီဝရဏ** ကဲ....ဒီဂလောက်ဆိုယင် 'ယုံမှားရှိသား, ဝိစိကိစ္ဆာ, လမ်းနှစ်မြွာတည့်' ဆိုတဲ့ လင်္ကာပိုဒ်ရဲ့ သဘော, သဘာဝတွေ သိလောက်ပါပြီ၊ ယခု ဆက်လက်ပြီး တော့ 'ငါးဖြာ နီဝရဏ,ရေစစ်ပြလော့' ဆိုတဲ့ လင်္ကာပိုဒ်ရဲ့ အဓိပ္ပာယ်ကို ရှင်းလင်းကြရအောင်။

ဒီ ခန္ဓာကိုယ် တောင်ပို့ကြီးကို ရှုပွားသောအားဖြင့် ဆက် လက်ပြီး တူးတော့ ဘာတွေပြန်လဲ ဆိုတော့ ရေစစ် တွေ့ပြန် တယ်တဲ့၊ ရေစစ်ဆိုတာ နီဝရဏငါးပါးကို ခေါ်တယ်။

ဒီနေရာမှာ ရေစစ်နဲ့ နီဝရဏငါးပါးနဲ့ တူပုံကိုတော့ ရှင်းပြမှ ဖြစ်ပါမယ်၊ ခဝါသည်တွေ အသုံးပြုတဲ့ ပြွာစစ်ခေါ်တဲ့ ရေစစ် ဆိုတာ ရှိပါတယ်။

အဲဒီ ရေစစ်ထဲသို့ ရေကို လောင်းထည့်လိုက်ယင် ရေတအိုး လဲ ကုန်သွားတာပဲ၊ နှစ်အိုးလဲ ကုန်သွားတာပဲ၊ အိုးနှစ်ဆယ်၊ အိုးတရာလဲ ကုန်သွားတာပဲ၊ လောင်းသမျှ ရေအိုးတွေဟာ ဝေါ ကနဲ စီးယိုလျှောကျပြီး ကုန်သွားတာပဲ။

ရေအနည်းငယ်မျှတောင်မှ မကျန်ရစ်တော့ပဲ ကုန်သွား တယ်။ အဲဒီ အတူပဲ နီဝရဏငါးမျိုး တရားဆိုးနှင့် ပြည့်စုံတဲ့ သူ့ရဲ့ သန္တာန်ဝယ် ကုသိုလ်တရားတည်းဟူသော ရေဟာ မတည် တော့ဘူး၊ မကျန်တော့ဘူး၊ အကုန်လုံး ကုန်သွားတာပဲ၊ အဲဒါ ကြောင့် နီဝရဏတရားငါးပါးတို့ကို ရေစစ်လို့ ဟောပါတယ်။

တူလဲ တကယ် တူပါတယ်၊ ရေစစ်ထဲ ရေတွေ လောင်းထည့် လိုက်ယင် ဝေါကနဲ ကုန်သွားတယ်၊ နီဝရဏငါးပါးရှိနေတဲ့ သူ့ရဲ့ သန္တာန်ထဲမှာလဲ ကုသိုလ်တရားတွေဟာ ကုန်သွားတာပဲ ပေါ့။

ကုသိုလ်တရား ဆိုတော့ အထူးအားဖြင့် ယခုလို တရား ရှုပွား အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်တွေအတွက် သမာဓိ ကုသိုလ်၊ ပညာကုသိုလ်တွေကို ခေါ်ပါတယ်။

ဒါနကုသိုလ်၊ သီလကုသိုလ်တွေကတော့ အဲဒီ ရေစစ်ထဲမှာ တည်တံ့နိုင်ပါတယ်၊ လျှောကျမသွားနိုင်ပါဘူး၊ ပျက်မသွား နိုင်ပါဘူး။

ဘာဖြစ်လို့လဲလို့ သတိထားပြီးတော့ ကြည့်ပါလား၊ အလှူပွဲ မှာ အငြိမ့်ပွဲ၊ ဇာတ်ပွဲတွေ၊ ဗျောတွေ၊ စည်တွေ၊ အတီးအမှုတ် အကအခုန်တွေနဲ့ ရှုနေကြတာဟာ ဖြစ်နေကြတာပဲ၊ အကျိုး ရှိတာ မရှိတာတော့ တခန်းထားပေါ့နော်၊ ဖြစ်တာကိုသာ ပြောတာပါ။

သီလကလဲ ကာယကံမှု ကိုယ်အပြု, ဝစီကံမှု နှုတ်အပြော တွေ မလွန်ကျူးယင် မပျက်ပါဘူး၊ စိတ်က ဘယ်လိုပဲ ကူးကူး သီလက မပျက်ပါဘူး။

အဲဒါကြောင့် နီဝရဏဆိုတဲ့ ရေစစ်ဟာ ဒါနကုသိုလ်နဲ့ သီလ ကုသိုလ်ကိုတော့ ဝေါကနဲကျသွားအောင် စစ်မပစ်နိုင်ပါဘူး၊ နီဝရဏက ဝေါကနဲ ကျသွားအောင် စစ်ပစ်နိုင်တာကတော့ ယောဂီတို့ ယခုလို ရှုပွားအားထုတ်နေတဲ့ သမာဓိကုသိုလ်၊ ပညာ ကုသိုလ်တွေပဲ။

ယောဂီတို့သိတဲ့အတိုင်းပဲ၊ တရားရှုပွား အားထုတ်တယ်ဆို တာ စိတ်အလုပ်ပဲ၊ သမာဓိဘာဝနာ အနေနဲ့ ရှင်တော်ဗုဒ္ဓရဲ့ "အရဟံ–အရဟံ" လို့ ပွားများနေယင်းနဲ့ ကာမအာရုံတွေကို သွားပြီးတော့ ကြံစည်နေယင် သမာဓိကုသိုလ် မဖြစ်နိုင်တော့ ပါဘူး၊ သမာဓိကုသိုလ်ပျက်သွားပါပြီ။

ကဲ....ဝိပဿနာအနေနဲ့ ယောဂီတို့ ယခု လက်တွေ့ရှုပွားနေ တဲ့ဝါယောဓာတ် ရုပ်ပရမတ်ရဲ့ တိုးသဘောကို တိုးတိုင်း တိုး တိုင်း "ရုပ် ရုပ်" လို့ တတိုးတသိ-သိအောင် ရှုပွားနေယင် ကာမအာရုံတွေ ကြံစည်နေယင်ကော ပညာဘာဝနာ ကုသိုလ် ဖြစ်နိုင်သေးလားဆိုတော့ မဖြစ်နိုင်တော့ပါဘူး။

ကာမအာရုံတွေဆိုတာက ယောဂီပုဂ္ဂိုလ်တို့ လိုချင်တဲ့ လိုချင် စရာအာရုံတွေ လုပ်ဆောင်စရာ အကြောင်းအရာ မျိုးစုံတွေ ပေါ့။ အဲဒီ အာရုံတွေ အကြောင်းအရာ မျိုးစုံတွေကို စဉ်းစား ကြံစည်နေယင် သမာဓိကုသိုလ်, ပညာကုသိုလ်တွေ မဖြစ် တော့ဘူး။

ဒီတော့ အဲဒီ နီဝရဏဆိုတဲ့ ရေစစ်ဟာ သမာဓိကုသိုလ်, ပညာကုသိုလ်တွေ ကုန်သွားအောင် ခန်းသွားအောင် စစ်ပြီးတော့ ပစ်လိုက်တဲ့သဘောရှိတယ်။

ယောဂီပုဂ္ဂိုလ်တို့က နိဗ္ဗာန် သွားရမှာကလဲ အဲဒီ သမာဓိကုသိုလ်,ပညာကုသိုလ်ဆိုတဲ့ ကုသိုလ်ရေကို အမှီ ပြုပြီးတော့ မဂ္ဂင်ဖောင်ကြီးစီးသွားရမှာ၊ ကုသိုလ်ရေတွေ ကုန်ခန်းသွားပြီဆိုတော့ နိဗ္ဗာန်သွားလမ်းဟာ ပြတ်သွား,ရပ်သွားပြီပေါ့။

အေး....အဲဒါကြောင့် နိဗ္ဗာန်စခန်း, နိဗ္ဗာန်လမ်းသွားသောအားဖြင့် ရှုပွားနေတဲ့ယောဂီပုဂ္ဂိုလ်ဟာ လိုချင်စရာအာရုံဆီလဲ မသွားနဲ့ မကြံနဲ့၊ ပြီးတော့ အလိုမရှိအပ်တဲ့ အာရုံတွေအပေါ်မှာလဲ အလိုမကျ မဖြစ်ပါနဲ့။

ဘာဖြစ်လို့လဲ ဆိုတော့ လိုချင်စရာ အာရုံ, အလိုရှိအပ်တဲ့ အာရုံအပေါ်မှာ ကြံစည်စဉ်းစားနေတာက ကာမစ္ဆန္ဒနီဝရဏ၊ မလိုချင်တဲ့အာရုံ, အလိုမရှိအပ်တဲ့အာရုံအပေါ်မှာ ကြံစည်စဉ်းစားနေတာက ဗျာပါဒနီဝရဏ၊ အဲဒီ နီဝရဏတရားနှစ်ပါးဟာ တရားအားထုတ်သူ ယောဂီပုဂ္ဂိုလ်တွေကို ကုသိုလ်ရေတွေကုန်ခန်းသွားအောင် အစစ်ကြီးစစ် အပစ်ဆုံးပါပဲ။

တရားကို တော်တော်ကြာ ရှုပွားအားထုတ်ဖူးတဲ့ ယောဂီပုဂ္ဂိုလ်တွေ အသိဆုံးပါပဲ၊ ရှုပွား အားထုတ်တဲ့အခါ ချမ်းသာသုခနဲ့တွေ့ယင် မက်မောမြောနေပြီ၊ ဆင်းရဲဒုက္ခနဲ့တွေ့ယင် ရှုံ့တွရင်မ နေပြီ၊ နှလုံးမသာမယာ ဖြစ်နေပြီ။

**ရေထဲမှာပျော်** ပုထုဇဉ် သတ္တဝါတွေဟာ အများ အား ဖြင့် ဒီ ကာမအာရုံဆိုတဲ့ ရေထဲမှာ အလှည့်များနေပါတယ်၊ ငါးများဟာ ရေဝဲထဲမှာပျော်သလိုနေသလို ပုထုဇဉ်

သတ္တဝါတွေဟာလဲ အာရုံငါးပါး ကာမဂုဏ်ရေထဲမှာ ပျော်တယ်၊ နေတယ်။

ငါးများဟာ ရေထဲမှာပဲ နေချင်တယ်၊ ကုန်းပေါ်မှာမနေချင်ဘူး၊ အဲဒီရေထဲမှာနေတဲ့ငါးကို ကုန်းပေါ်သို့ ဆယ်တင်ယင် အဲဒီ ငါးဟာ တဖျပ်ဖျပ်နဲ့ ခုန်တယ်။

အဲဒီလို ခုန်ပြီးတော့ ရေထဲသို့ပဲ ပြန်ပြီးတော့ ဆင်းသလို ပုထုဇဉ်သတ္တဝါတွေလဲ အာရုံငါးပါး ကာမဂုဏ် တရားတည်းဟူသော ရေထဲမှ ဘာဝနာကမ္မဋ္ဌာန်းတည်းဟူသော ကုန်းပေါ်သို့ ဆယ်တင်သောအားဖြင့် ရှုပွားအားထုတ်တဲ့အခါ ကာမဂုဏ်ရေထဲသို့ ခုန်ခုန်ဆင်းတယ်။

ဘာဖြစ်လို့ ခုန်ခုန်ဆင်းတာလဲဆိုတော့ သူ့နေရာမဟုတ်လို့ပေါ့၊ သူ့နေရာက ကာမဂုဏ်ရေထဲပဲဟာ၊ သူ့နေရာမဟုတ်တော့ မနေချင်ဘူး၊ နေရာဟောင်းသို့ပဲ ပြန်ချင်တယ်၊ ပြန်တယ်ပေါ့။

ဒီတော့ ငါးသတ္တဝါနဲ့ ယောဂီတို့ တစေ့နဲ့ တူနေပြီ၊ ငါးသတ္တဝါက ကုန်းပေါ်ကနေပြီး ရေထဲ ပြန်တယ်၊ ခုန်တယ်၊ ယောဂီတွေက ကမ္မဋ္ဌာန်း အာရုံတည်းဟူသော ကုန်းပေါ်ကနေပြီး အာရုံငါးပါး ကာမဂုဏ်တရားတည်းဟူသော ရေထဲပြန်ဆင်းတယ်၊ ခုန်တယ်၊ အပြန်အခုန်ချင်း တူပါတယ်၊ ဒီနေရာမှာ ဘုရားရှင်ဟောထားတဲ့ ဓမ္မပဒ ဂါထာ တပုဒ် ရွတ်ပြပါမယ်။

> "ရဟန်း တို့, ရေတည်းဟူသော မှီရာ တည်ရာမှ ထုတ်ဆောင်ပြီးတော့ ကြည်းကုန်းထက်၌ ပစ်ချထားအပ်တဲ့ ငါးဟာ တဖျပ်ဖျပ် တုန်လှုပ်သကဲ့သို့ ကိလေ

သမာ၇် ကိုယ်တွင်းရန်ကို ပယ်သတ်ရန်အတွက် ကာမ နယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်တဲ့ ဒီ စိတ်ဟာ တဖျပ်ဖျပ် တုန်လှုပ်၏'' တဲ့။

ယောဂီတို့ရဲ့ သန္တာန်မှာ ရှိနေတဲ့ ခန္ဓာငါးပါး ရုပ်နာမ် တရားတွေဟာ ကိလေသမာရ် ကိုယ်တွင်းရန်ရဲ့ နယ်ပယ်ပဲ၊ ယောဂီတို့ဟာ အဲဒီ ကိလေသမာရ် ကိုယ်တွင်းရန်ကို မနိုင်သမျှ မတွန်းလှန်သမျှ သူ့ပိုင်နက်က မလွတ်နိုင်ပါ။

အဲဒီလို မလွတ်နိုင်တော့ ကိလေသမာရ်ရဲ့ နယ်ပယ်မှာ ဆိုတော့ ရုပ်နာမ် ဖြစ်ရမယ်၊ ဘဝ ဖြစ်ရမယ်၊ ခန္ဓာဖြစ်ရမယ်။

ဘဝဖြစ်, ရုပ်နာမ်ဖြစ်, ခန္ဓာဖြစ်ရတော့ ဘာဖြစ်လဲ၊ အိုရ တယ်၊ နာရတယ်၊ သေရတယ်၊ သတ္တဝါတွေက မအိုချင် မနာချင် မသေချင်ကြပါဘူး၊ ဒါပေမယ့် ကိလေသမာရ်ရဲ့ နယ်ပယ်မှာဆိုတော့ သူ့ပိုင်နက်ထဲဖြစ်နေတော့ မအိုချင်ပဲနဲ့ အိုရ တာပဲ၊ မနာချင်ပဲနဲ့ နာရတာပဲ၊ မသေချင်ပဲနဲ့ သေရတာပဲ၊ သူ့ရဲ့ ဩဇာအာဏာကို လွန်လို့မရပါဘူး၊ လွန်လဲ မလွန်ရဲပါ ဘူး။

ဘုံဘဝ ခန္ဓာအနေနဲ့ကတော့ နတ်ဘုံ, ဗြဟ္မာဘုံ ဘယ်ဘုံပဲ ဖြစ်ဖြစ် မလွတ်ပါဘူး၊ ဒီတော့ အို, နာ, သေက လွတ်ချင် ယင် ရုပ်နာမ်ခန္ဓာ မဖြစ်ချင်ယင် ကာမဂုဏ်ရေထဲမှာ ပျော်တဲ့ စိတ်ကို ဘာဝနာတရား ရှုပွားခြင်းတည်းဟူသော ကုန်းပေါ် တင်ရမယ်။

အဲဒီလို တင်တဲ့အခါ ကာမဂုဏ်အာရုံတွေဆီ ပြန်သွားမယ်၊ ပြီးတော့ အလိုမကျဖြစ်ပြီး စိတ်ဆိုးစိတ်ပျက်နဲ့ ဗျာပါဒ ဖြစ် စရာ အာရုံတွေဆီ သွားချင်သွားမယ်၊ ငိုက်မျဉ်းမှု ထိနမိဒ္ဓ

ဖြစ်ချင်ဖြစ်နေမယ်၊ ပျံ့လွင့်ပူပန်မှု ဥဒ္ဓစ္စကုက္ကုစ္စ ဖြစ်ချင်ဖြစ်နေမယ်၊ ယုံမှားမှု ဝိစိကိစ္ဆာ ဖြစ်ချင်ဖြစ်နေမယ်။

အဲဒီလို ဖြစ်နေတာဟာ တဖျပ်ဖျပ် ခုန်နေတာပဲ၊ ကုသိုလ်ရေတွေကို စစ်ပစ်လိုက်တာပဲ၊ ဒီအတိုင်း ကြည့်နေယင် အကျိုးနည်းလှပါတယ်။

အကျိုးမနည်းအောင် ယောဂီတို့ဟာ ယခု ရှုပွားနေတဲ့ အရှုံခံအာရုံ တိုးသဘောရုပ်ကို တိုးမှုတချက်, သိမှုတချက်, အချက်ကျကျ ကြိုးစားပြီး ရှုပွားနေပါ၊ တောင်တောင်မြောက်မြောက် မစဉ်းစားပါနဲ့၊ မပျံ့လွင့်စေနဲ့၊ အာရုံဝဲထဲ မသွားစေနဲ့။

အဲဒီလို တိုးမှုတချက်, ရုပ်လို့ ရှုမှုတချက်၊ တိုးမှုနဲ့ ရှုမှုနဲ့ တည့်နေအောင် ရှုနေတော့ အရှုံခံအာရုံ တိုးသဘောမှာ တည်လိုက်, ပျံ့လွင့်လိုက်, သွားလိုက်နေမယ်၊ ဒါကတော့ အစပဲ၊ ဒီလိုပဲ ဖြစ်တတ်ပါတယ်။

ခုနကပြောခဲ့တဲ့ ရေထဲကငါး ကုန်းပေါ်ဆယ်တင်ထားသလို အာရုံငါးပါး ကာမဂုဏ်တရားဆိုတဲ့ ရေထဲက ဆယ်တင်ထားတဲ့ စိတ်တည်းဟူသော ငါးလဲပဲ ဒီလိုပေါ့။

**နီဝရဏပယ်**

အဲဒီလိုဖြစ်နေတဲ့စိတ်ကိုအဲဒီအတိုင်းပဲ ဆက်ထားယင် ဒီစိတ်ဟာ ဘယ်လိုမှ ယဉ်ကျေးမှာမဟုတ်ဘူး၊အသုံးကျမှာမဟုတ်ဘူး၊ဒီတော့ယဉ်ကျေးအောင် အသုံးကျအောင် ဘယ့်နှယ် လုပ်မလဲ၊ အဲဒီ နီဝရဏတွေ ပယ်ရမယ်။

နီဝရဏငါးပါး ပယ်ရမယ် ဆိုတော့ "ဟဲ့.... နီဝရဏတွေ နင်တို့ မကောင်းဘူး၊ နင်တို့ သွား" လို့ ပယ်လို့ ရတာမျိုး မဟုတ်

ဘူး၊ အရှုခံ အာရုံတိုးသဘောမှာ ရှုပွားနေ၊ အဲဒီလို ရှုပွားနေယင်း စိတ်က ကာမဂုဏ်အာရုံတွေဆီရောက်ချင်လဲ ရောက်သွားမယ်။

အဲဒီလို ရောက်သွားယင် ရောက်သွားမှန်း သိပါ၊ ပြန်ပြီး တိုးသဘောရုပ်ကို ရှုပါ၊ ပြီးတော့ စိတ်ဆိုးစရာ စိတ်ပျက်စရာ တွေဆီလဲ ရောက်ချင် ရောက်မယ်၊ တွေးချင် တွေးမယ်၊ အဲဒီလို ရောက်ချင်လဲ၊ တွေးချင်လဲ ရောက်မှန်း တွေးမှန်းသိ၊ ပြန်ပြီး တော့ တိုးသဘောကို ရှု၊ ကြာတော့ စိတ်ဟာ ယဉ်ကျေးပြီး အဲဒီ အာရုံတွေဆီ မသွားတော့ပါဘူး။

အဲဒီလို ရှုပွားနေတာသည်ပင် ရေစစ်ကို ဖယ်ပစ်နေတာပါပဲ၊ နီဝရဏကို ပယ်နေတာပါပဲ၊ ပြီးတော့ ငိုက်မျဉ်းမှု ထိနမိဒ္ဓလဲ လာချင် လာမယ်၊ လာလဲ လာမှန်းသိ၊ ဣရိယာပုထ် ပြောင်းပြင်ပြီး ပယ်ပါ၊ နှလုံးသွင်း ပြောင်းပြင်ပြီး ပယ်ပါ၊ ပြီးတော့ တိုးသဘောရုပ်ကို ပြန်ရှုပါ၊ ရှုလို့ ကြည်လင်သွားယင် ထိနမိဒ္ဓ မလာတော့ပါ။

ဆက်လက်ပြီးတော့ တိုးသဘောရုပ်ကိုပဲ ရှုပါ၊ အဲဒီလို ရှုပွားနေယင်းနဲ့ ဟိုအာရုံ၊ ဒီအာရုံတွေဆီ ပျံ့ချင်လဲ ပျံ့လာလိမ့်မယ်၊ ဟိုအာရုံ၊ ဒီအာရုံကြောင့် ပူချင်လဲ ပူလာလိမ့်မယ်၊ ပူမှန်းသိ၊ ပျံ့မှန်းသိ၊ ပြန်ပြီးတော့ တိုးသဘောရုပ်ပဲ ရှု၊ တိုးသဘော ရုပ်အာရုံမှာ တည်ကြည်သွားယင် မပျံ့လွင့်တော့ဘူး၊ မပူတော့ဘူး။

မပျံ့လွင့် မပူပန်တော့ စိတ်အေးအေးနဲ့ ဆက်ပြီး ရှုပွားနေယင်းနဲ့ ယုံမှားမှု ဝိစိကိစ္ဆာလဲ လာချင်လဲ လာမယ်၊ လာလဲ လာမှန်း သိ၊ ပြန်ပြီးတော့ တိုးသဘောရုပ်ပဲ ရှုပါ။

**မေးချင်စရာ ပြဿနာ**

ဒီနေရာမှာ မေးမယ်ဆိုယင် မေးချင်စရာပြဿနာ တခု ရှိပါတယ်၊ ယောဂီတို့ သတိထားမိလား တော့ မသိပါဘူး၊ ခုနက ပြောခဲ့တဲ့ 'ယုံမှားရှိသား, ဝိစိကိစ္ဆာ,လမ်းနှစ်မြွာတည့်'လို့ ဝိစိကိစ္ဆာကို လမ်းနှစ်မြွာ အနေနဲ့ တခါ ရှင်းခဲ့ရတယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

ယခုတခါ 'ငါးဖြာ နီဝရဏ, ရေစစ်ပြလော့' ဆိုတဲ့ နေရာမှာ ဝိစိကိစ္ဆာဟာ နီဝရဏ အနေနဲ့ပါလာပြန်တယ်၊ တရားများ ထပ်နေသလားလို့ ထင်စရာ ရှိနေပါတယ်။

မထပ်ပါဘူး၊ ခုနက ရှင်းခဲ့တဲ့ ဝိစိကိစ္ဆာက မရှုပွား အားမထုတ်မီ တရားအား●ထုတ်ပုံ၊ အားထုတ်တဲ့ နည်းတွေအပေါ်မှာ ယုံမှားရှိတာပါ၊ ယခု ဝိစိကိစ္ဆာက တရားရှုပွား အားထုတ်နေယင်း ပေါ်လာတဲ့ အာရုံတွေ အပေါ်မှာ ယုံမှားရှိတာပါ။

ယုံမှားကတော့ ယုံမှားပဲ၊ ဘယ်ယုံမှားမှ မကောင်းပါဘူး၊ အဲဒီ ယုံမှားမှု ဝိစိကိစ္ဆာတွေကို ဗဟုသုတနဲ့ မေးမြန်းမှုနဲ့၊ တတ်ကျွမ်းမှုနဲ့၊ မိတ်ကောင်း ဆွေကောင်း ဆရာကောင်း သမားကောင်း မှီဝဲမှုနဲ့ ရှုပွား အားထုတ်မှုနဲ့ ပယ်ရမယ်နော်။

"မှန်ပါ ဘုရား"

အဲဒီလို ပယ်လိုက်ယင် စိတ်တွေ ကြည်လင် သန့်ရှင်းသွားမယ်၊ အဲဒီလို စိတ်တွေ ကြည်လင် သန့်ရှင်းသွားယင် 'စိတ္တဝိသုဒ္ဓိ' ဖြစ်တယ်လို့ ခေါ်တာပေါ့။

**နဝမ်ရုပ်ကွဲ**

အဲဒီလို စိတ္တဝိသုဒ္ဓိ ဖြစ်ပြီးတော့ စိတ်ကလေး ကြည်လင်နေယင် ပေါ့ပါးလာတယ်၊ ချမ်းလဲ ချမ်းသာလာတယ်၊ အဲဒီအခါမှာ ရှုပွားရတာ အာရုံနှင့် ရှုပွားစိတ်နှင့်

နှစ်ခုကို ပိုင်းခြားပြီး သိလာမယ်၊ အရှုခံ အာရုံက သတ်သတ်၊ ရှုပွားစိတ်က သတ်သတ် တွေ့လာ မြင်လာလိမ့်မယ်၊ အာရုံရုပ်က သတ်သတ်၊ ရှုပွားနေတဲ့ နာမ်က သတ်သတ်ပေါ့။

အရှုခံ အာရုံတိုးသဘောက ရုပ်၊ ရှုပွားစိတ်က နာမ်ပေါ့၊ အဲဒီလို ရုပ်ပဲ နာမ်ပဲလို့ ရုပ်နာမ်ကို ပိုင်းခြား သိလာယင် 'နာမ ရူပ-ပရိစ္ဆေဒဉာဏ်' ပေါ့၊ အဲဒီ ဉာဏ်က ပေါ်ဉာဏ်ပဲ၊ အရှုမှန်မှ ပေါ်တယ်၊ အရှုမမှန်ယင် ဉာဏ် မပေါ်ဘူး။

အရှုခံ အာရုံတိုး သဘော ရုပ်ကလဲ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ မဟုတ်ပါဘူး၊ ရှုပွားနေတဲ့ နာမ် တရားကလဲ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ မဟုတ်ပါဘူး။

အဲဒီလို မြင်သိနေယင် ခုနက ပြောခဲ့တဲ့ ဆပ်ပြာရေစစ်နဲ့ တူတဲ့ နိဝရဏ ငါးပါးကို ဖယ်ပစ်နေတာပဲ၊ တောင်ပို့ကို တူး နေတာပဲ။

**ပမာလိပ်ပုံ** ကဲ....ဒီလောက်ဆိုယင် 'ငါးဖြာ နိဝရဏ ရေစစ်ပြ လေ့' ဆိုတဲ့ လင်္ကာပိုဒ်ရဲ့ အဓိပ္ပာယ်ကို သိလောက် ပါပြီ၊ ယခု ဆက်လက်ပြီးတော့ 'ပဥ္စုပါဒါ၊ နက္ခန္ဓာတို့, ပမာ လိပ်ပုံ, ဟောမိန့်တုံရှင့်' ဆိုတဲ့ လင်္ကာပိုဒ်ရဲ့ အဓိပ္ပာယ်ကို ရှင်းကြ ရအောင်။

ဒီ ခန္ဓာကိုယ်တောင်ပို့ကြီးကို တူးသောအားဖြင့် ရှုပွားတော့ ဘာတွေ့ပြန်လဲဆိုတော့ လိပ်ကို တွေ့ပြန်တယ်တဲ့။

လိပ် ဆိုတာ ဘာကို ခေါ်တာလဲ၊ "ရဟန်း....လိပ် ဟူသော အမည်သည် ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့၏

အမည် ဖြစ်တယ်''လို့ ဘုရားရှင်က ဟောထားတယ်။ ဒီတော့ လိပ်ဆိုတာ ခန္ဓာငါးပါးပဲလို့ မှတ်နော်။

''မှန်ပါ ဘုရား''

ကဲ.... ဒါဖြင့် ဒီနေရာမှာ လိပ်နဲ့ ခန္ဓာငါးပါးနဲ့ တူပုံကို ရှင်းပြမှုဖြစ်မယ်၊ မရှင်းယင် မဖြစ်ဘူး၊ လိပ်မှာ ခြေလေးချောင်း ရယ် ဦးခေါင်းရယ်လို့ အင်္ဂါ ငါးပါး ရှိတယ်။

အဲဒီ အတူပဲ၊ သင်္ခတတရား အားလုံးတို့ကို ဉာဏ်ပညာဖြင့် သိမ်းယူလိုက်လျှင် ဥပါဒါနက္ခန္ဓာငါးပါး တရားအစုတို့သာ ဖြစ်ကုန်တယ်၊ အဲဒါကြောင့် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို 'လိပ်' ဟူ၍ ဘုရားရှင် ဟောပါတယ်။

**ခန္ဓာငါးပါး ဆိုတဲ့ လိပ် ကို တွေ့ပုံ**

ယောဂီပုဂ္ဂိုလ်တို့က ခန္ဓာကိုယ် တောင်ပို့ကြီးကို တူးသောအားဖြင့် တိုးသဘောရုပ်ကို တိုးတိုင်း တိုးတိုင်း 'ရုပ်ရုပ်'လို့ ရှုပွားနေတဲ့ အခါမှာ ခန္ဓာ ငါးပါး ဆိုတဲ့ လိပ်ကို တွေ့တယ်တဲ့၊ ဘယ်လို တွေ့လဲ၊ ဒါ သိဖို့ လိုပါတယ်။

တိုးသဘောရုပ်က 'ရူပက္ခန္ဓာ'၊ အတိုးခံရတာက ကာယ ပသာဒအကြည်ရုပ်၊ 'ရူပက္ခန္ဓာ' ရုပ်လို့ ရှုပွားနေတာက နာမ်၊ နာမက္ခန္ဓာလေးပါးပေါ့။

အဲဒီနာမက္ခန္ဓာလေးပါးထဲမှာ အာရုံကို သိသမျှဟာ ဝိညာဏ် ခေါ်တဲ့ စိတ်ပေါ့၊ အဲဒီ စိတ်က ဝိညာဏက္ခန္ဓာပေါ့။

တိုးသဘောရုပ်က နူးညံ့ယင် အတိုးခံရမှုက ချမ်းသာတော့ ခံစားမှု သုခဝေဒနာ ပေါ်တယ်ပေါ့၊ တိုး သ ဘော ရုပ် က ကြမ်းတမ်းယင် အတိုးခံရမှုက ဆင်းရဲတော့ ခံစားမှု ဒုက္ခဝေဒနာ

ပေါ်တယ်ပေါ့၊ တိုးသဘောရုပ်က မကြမ်းမနူးယင် အတိုး ခံရမှုက ဆင်းရဲချမ်းသာမဟုတ်တော့ ခံစားမှု ဥပေက္ခာ ဝေဒနာပေါ်တယ် ပေါ်တယ်ပေါ့၊ အဲဒီ ဝေဒနာက "ဝေဒ နာက္ခန္ဓာ" ပေါ့။

အဲဒီ တိုးသဘောရုပ်ကို မှတ်သိနေတာက "သညာက္ခန္ဓာ" ပေါ့၊ တိုးသဘောရုပ်ကို သိအောင် မလွတ်တမ်း မလစ်တမ်း စူးစိုက်နှလုံးသွင်း ရှုပွားနေတာက "သင်္ခါရက္ခန္ဓာ" ပေါ့။

ဒီတော့ အရှုခံဘက်က ရုပ်ခန္ဓာ, ရူပက္ခန္ဓာတပါး၊ ရှုပွား သိတဲ့ဘက်က နာမ်ခန္ဓာ, နာမက္ခန္ဓာ ၄ ပါး ကွဲကွဲသွားတယ်၊ ဒါကြောင့် တိုးသဘောရုပ်ကို "ရုပ် ရုပ်" လို့ ရှုပွားတိုင်း ရှုပွား တိုင်း ရူပက္ခန္ဓာ၊ နာမက္ခန္ဓာ ၄ ပါးရယ်လို့ ခန္ဓာငါးပါးကို တွေ့နေတာပဲ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

အဲဒါ လိပ်ကိုတွေ့တာပဲ၊ လိပ်မှာ လက် ၂ ဘက်၊ ခြေ ၂ ဘက်၊ ဦးခေါင်းရယ်လို့ အင်္ဂါငါးပါးရှိတယ်၊ ဒီမှာလဲ "ရုပ် ရုပ်" လို့ ရှုပွားတိုင်း, ရုပ်ခန္ဓာတပါး, နာမ်ခန္ဓာလေးပါး အားဖြင့် ခန္ဓာငါးပါး တွေ့ရတယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

အဲဒီ တိုးသဘောမှတပါး ခန္ဓာကိုယ်ထဲမှ ပူသဘော, အေး သဘော, လှုပ်သဘော, တောင့်သဘော, တင်းသဘော, မာ သဘော, ဖွဲ့စည်းသဘော, ယိုစီးသဘော စသည်တွေကို ရှုပွား တိုင်း, ရုပ်ခန္ဓာတပါးနဲ့ နာမ်ခန္ဓာလေးပါးပဲနော်။ ဒီတော့ ခန္ဓာငါးပါးပေါ့၊ လိပ်ပေါ့။

လိပ်ကို ပယ်ရမယ်ဆိုတော့ ခန္ဓာငါးပါးကို ပယ်ရမယ်လို့ ဆိုဘာ၊ ခန္ဓာငါးပါးကို ပယ်ဖို့ဆိုတာက သူ့အပေါ်မှာ စွဲလမ်းမှုတွေကို ပယ်ရမယ်ဆိုတာပဲ၊ ခန္ဓာကိုယ်တော့ မပယ်ရဘူးနော်။

"မှန်ပါဘုရား"

ဒီခန္ဓာကိုယ်ကြီးက စွဲလမ်းမှု ဥပါဒါန်ရဲ့ အာရုံတရားတွေပဲ၊ အဲဒီ အာရုံတရားတွေရဲ့ သဘောမှန်ကိုသိအောင် ဝိပဿနာ ဉာဏ်ပညာနဲ့ ရှုပွားပြီးတော့ စွဲလမ်းမှုကင်းသွားအောင် ရှုပွားပြီး ပယ်ရမယ်နော်။

"မှန်ပါဘုရား"

ဒါ့ကြောင့် ခန္ဓာကိုမပယ်နဲ့၊ အဲဒီခန္ဓာကို စွဲလမ်းမှု၊ လိုချင်မှု၊ တပ်မက်မှုတွေကို ပယ်ရမယ်လို့ သဘောပေါက်ပါ။

**ရှုပွားစမှာ မသိပါ**

"ပယ်-ပယ်" ဆိုတော့ ရှုပွား အားထုတ်ခါစမှာတော့ ရုပ်-နာမ်တောင်မှ မကွဲသေး ပါ၊ ရုပ်မှန်းနာမ်မှန်းလဲ မသိသေးတော့ မပယ်နိုင်သေးပါဘူး၊ အစမှာတော့ ရုပ်ပဲ၊ နာမ်ပဲလို့ ပိုင်းခြားသိအောင် မနည်းပဲ ရှုပွားရဦးမှာပါ၊ တိုးသဘောက ရုပ်၊ ရုပ်လို့ ရှုပွားနေတာက နာမ်လို့ မနည်းပဲ ကြိုးစားသိရမှာပါ။

နောက်တော့ ခန္ဓာငါးပါးရဲ့ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘော, သိလာပါလိမ့်မယ်၊ တိုးသဘော ရှုတဲ့အခါ တိုးစ, တိုးလယ်, တိုးဆုံးကို သိလာပါလိမ့်မယ်၊ တိုးမှုဖြစ်ပြီး တိုးမှုပျက်သွားတာ သိလာပါလိမ့်မယ်၊ အဲဒီလိုသိအောင် ရှုပွား အားထုတ်ရမှာပါ၊ အဲဒီလိုသိမှလဲ ခန္ဓာငါးပါးအပေါ်မှာ စွဲလမ်းမှု တပ်မက်မှုတွေ ကင်းသွားမှာနော်။

"မှန်ပါဘုရား"

ခန္ဓာငါးပါးဟာ အသီးသီး ဖြစ်ပျက်နေပေမယ့် ယောဂီ ပုဂ္ဂိုလ်ကတော့ ငါးပါးလုံး တပြိုင်နက် သိတာတော့ မဟုတ် ပါဘူး၊ ခန္ဓာငါးပါးမှာ တပါးပါးသာ သိပါတယ်။

ဥပမာ တိုးသဘောရုပ်ကို ''ရုပ် ရုပ်'' လို့ ရှုပွားနေတဲ့အခါ အဲဒီ တိုးသဘောရုပ်ရဲ့ အဖြစ်အပျက်သဘောကိုပဲ သိပါတယ်၊ နာမ်ကို ရှုပွားတဲ့အခါ အဲဒီ နာမ်ထဲမှာ ထင်ရှားတဲ့ နာမ်ရဲ့ အဖြစ်အပျက်ကို သိပါတယ်။

ခံစားမှု ထင်ရှားလို့ရှိယင် ဝေဒနာက္ခန္ဓာရဲ့ ဖြစ်ပျက်ကို သိ ပါတယ်၊ မှတ်သားမှုထင်ရှားလို့ရှိယင် မှတ်သားမှု သညာက္ခန္ဓာ ရဲ့ ဖြစ်ပျက်ကို သိပါတယ်၊ စေ့ဆော်မှု ထင်ရှားလို့ရှိယင် စေ့ ဆော်မှုသင်္ခါရက္ခန္ဓာရဲ့ ဖြစ်ပျက်ကို သိပါတယ်၊ သိမှုထင်ရှားလို့ ရှိယင် သိမှုဝိညာဏက္ခန္ဓာရဲ့ ဖြစ်ပျက်ကို သိပါတယ်။

ဒီတော့ ယောဂီပုဂ္ဂိုလ် ရှုပွားနေတာက ရုပ်နာမ်ခန္ဓာပဲ၊ သိလာမြင်လာရမှာက ဖြစ်ပြီးတော့ ပျောက်သွားပျက်သွားတဲ့ ရုပ်နာမ်ဖြစ်ပျက်သဘောပဲနော်။

''မှန်ပါဘုရား''

ဒီတော့ ရုပ်နာမ်ခန္ဓာက အနိစ္စ၊ ဖြစ်ပျက်သွားတာက အနိစ္စ လက္ခဏာ၊ အနိစ္စရုပ်နာမ်မှာ အနိစ္စလက္ခဏာဖြစ်တဲ့ ဖြစ်ပျက်သာ အမြဲရှိနေပါတယ်၊ အဲဒါကို ''မမြဲပါလား'' လို့ ကိုယ်တိုင်သိဖို့ မြင်ဖို့ တွေ့ဖို့ အရေးကြီးပါတယ်၊ သိအောင် မြင်အောင် ဝိပဿနာဉာဏ်ပညာနဲ့ ရှုပွားရမှာပါ။

ဘယ်လို ရှုပွားမလဲ၊ အနိစ္စရုပ်နာမ်မှာ အနိစ္စလက္ခဏာဖြစ် တဲ့ ဖြစ်ပျက်ကို လက်နဲ့ကိုင်ကြည့်ရသလို၊ လူတယောက်က ပြော လိုက်သလို၊ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ မြင်ရသိရအောင် ရှုပွား

တော့ မြင်မှုသိမှု အနိစ္စာနုပဿနာဉာဏ် ရမှာပါ၊ အဲဒီဉာဏ် ရအောင် ရှုရမှာပါ။

တိုးသဘောရုပ်ကို တိုးတိုင်း တိုးတိုင်း "ရှပ်ရှပ်"လို့ ရှုပွား နေယင်းနဲ့ တိုးသဘောရုပ်တွေ ပျက်ပျက်သွား၊ ပျောက်ပျောက် သွားတာကလေးတွေကိုချည်း တွေ့နေမြင်နေတဲ့အခါ ယောဂီ ဉာဏ်မှာ "မမြဲပါလား"လို့ ကိုယ်ပိုင်ဉာဏ်နဲ့ ရှင်းရှင်းကြီး သိရ မှာပါ၊ အဲဒီ ကိုယ်ပိုင်ဉာဏ်ရအောင် ရှုပွားရမှာပါ၊ အဲဒီ ဉာဏ်ဟာ အနိစ္စာနုပဿနာဉာဏ်ပေါ့၊ အဲဒီ ဉာဏ်နဲ့ပဲ မဂ် ဖိုလ်-နိဗ္ဗာန်ကို အရယူနိုင်ပါတယ်။

အနိစ္စ မြင်ယင် သန္တတိ ဆိုတဲ့ ရုပ်နာမ် အစဉ် အတန်းလဲ ပျောက်ပါတယ်၊ အနိစ္စ မြင်ယင် ဒုက္ခ-အနတ္တလဲ မြင်ပါတယ်၊ သိပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အနိစ္စ ရုပ်နာမ်သည်ပင်လျှင် ဒုက္ခပဲ၊ ဒုက္ခရုပ်နာမ်သည်ပင်လျှင် အနတ္တပဲ၊ ဒါ့ကြောင့် အနိစ္စ မြင်ယင် ဒုက္ခ-အနတ္တလဲ မြင်ပါတယ်။

အမည်သာ ကွဲတယ်၊ ထမင်းနဲ့နဲ့ ယစရု ဆိုတာလိုပဲ၊ အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတာနဲ့ ရုပ်နာမ်ဓမ္မသင်္ခါရဆိုတာနဲ့ ခန္ဓာငါးပါး ဆိုတာနဲ့ အတူတူပဲ မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

ဒါဖြင့် ဒုက္ခ မြင်ယင်လဲ အနိစ္စ-အနတ္တ မြင်မယ်၊ အနတ္တ မြင်ယင်လဲ အနိစ္စ-ဒုက္ခ မြင်မယ်၊ တခု မြင်ယင် ကျန်တဲ့ ၂ ပါး မြင်မယ်၊ ဒီမှာ လင်္ကာလေး ၂ ပုဒ်ကို ဆိုကြည့်စမ်းပါ။

* အနိစ္စမြင်၊ ဒုက္ခထင်၊ ထင်မြင် အနတ္တာ။

* အနတ္တမြင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင်ရောက်တော့တာ။

အဓိပ္ပာယ်က ဘာတဲ့လဲ၊ အနိစ္စ မြင်ယင် ဒုက္ခ ထင်တယ်၊ ဒုက္ခထင်ယင် အနတ္တ မြင်တယ်၊ အနတ္တမြင်ယင် နိဗ္ဗာန်သို့ ပြေးဝင် ဆိုက်ရောက်တော့တယ်။

ဒုက္ခထင်ယင်လဲ အနိစ္စမြင်, အနတ္တမြင် နိဗ္ဗာန်သို့ ပြေးဝင်တာပဲ၊ အနတ္တ ထင်ယင်လဲ အနိစ္စမြင်, အနတ္တမြင်ပြီး နိဗ္ဗာန်သို့ ပြေးဝင်တာပါပဲ။

ကဲ.... ဒီတော့ နိဗ္ဗာန်ရောက်ချင်ယင် ရုပ်နာမ်ဓမ္မ သင်္ခါရတွေ ဖြစ်ပေါ်တိုင်း မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, ထိတိုင်း, သိတိုင်း အနိစ္စ-ဒုက္ခ-အနတ္တ သဘော ထင်အောင် မြင်အောင် ရှုပွားပါ၊ အဲဒီလို ရှုပွားနေတာသည်ပင်လျှင် လိပ် ဆိုတဲ့ ခန္ဓာငါးပါးကို ပယ်နေတာပဲ။

"မှန်ပါ ဘုရား"

အဲဒီလို ရုပ်နာမ်ဓမ္မ သင်္ခါရတွေကို မရှုမပွားပဲနေယင် ရုပ်နာမ်ဓမ္မတွေရဲ့ အနိစ္စ, ဒုက္ခ, အနတ္တကို မသိမမြင်ပါဘူး၊ အဲဒီလို မသိ မမြင်ယင် ရုပ်နာမ်တရားတွေ အပေါ်မှာ သင်္ခါရတရားတွေ အပေါ်မှာ ခန္ဓာငါးပါး အပေါ်မှာ အထင်လွဲ နှစ်သက် စွဲမက်နေမှာပါပဲ။

အဲဒီလို ရုပ်နာမ် ခန္ဓာတွေ အပေါ်မှာ ပုဂ္ဂိုလ်,သတ္တဝါ,ငါ, သူတပါး, ယောကျ်ား, မိန်းမ အနေနဲ့ အထင်လွဲ နှစ်သက်စွဲမက်နေယင် နိဗ္ဗာန်မရောက်တော့ပါဘူး၊ အဲဒါကြောင့် အထင်လွဲမှု နှစ်သက်မှု စွဲမက်မှု ကင်းအောင် လိပ် ဆိုတဲ့ ခန္ဓာငါးပါးကို ပယ်ရမယ်နော်။

"မှန်ပါ ဘုရား"

'လိပ်' ဆိုတဲ့ ခန္ဓာငါးပါးကို ပယ်လို့ ဆိုပေမယ့် အဲဒီလို ခန္ဓာငါးပါးအပေါ်မှာ အထင်လွဲမှု နှစ်သက်စွဲလမ်းမှုကို ပယ်ရမှာပါ။ အဲဒီ အထင်လွဲမှု နှစ်သက် စွဲလမ်းမှုကိုလဲ ရုပ်နာမ် ဖြစ်ပျက်ဘိုင်း ရှုပွားနိုင်လို့ အနိစ္စ, ဒုက္ခ, အနတ္တ သဘော မြင်မှ ပယ်တာပါ၊ မမြင်ယင် မပယ်နိုင်ဘူးနော်။

"မှန်ပါ ဘုရား"

အဲဒီလို ရှုပွားပြီး ပယ်နိုင်တာကလဲ တခါနှစ်ခါ မြင်စနဲ့ မပယ်နိုင်သေးပါဘူး၊ တခါ နှစ်ခါ မြင်စမှာ အတ္တကို မပျောက်သေးတော့ အတ္တဝင်လာပြီး ယောဂီပုဂ္ဂိုလ်ဟာ လန့်လန့်တောင် သွားတတ်ပါတယ်။

အဲဒီလို လန့်လန့်သွားယင် တရား တန့်သွားရော၊ ဒီတော့ ပြန်ပြီးတော့ ဒီရုပ် ဒီနာမ်ပဲ ရှုပါ၊ အဲဒီလို ရှုပွားလို့ ရုပ်နာမ်ရဲ့ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတွေ ထပ်ကာ ထပ်ကာ မြင်ပြီး ဉာဏ်ရင့်ကျက်ပြီး ဉာဏ်တက်တက်သွားကာ အနုလောမဉာဏ် လောက်ရောက်မှ အထင်လွဲမှု စွဲလမ်းမှု နှစ်သက်မှုတွေ ပယ်နိုင်တာပါ၊ ဒီတော့ အဲဒီ အနုလောမဉာဏ်ရောက်အောင် အဆင့်ဆင့် ရှုပွားပြီး ပယ်ရမှာပါနော်။

"မှန်ပါ ဘုရား"

တရားအားထုတ်တဲ့ ယောဂီဟာ စိတ်ရှည်ရပါတယ်၊ စိတ်ထဲမှာ ဘာ အပူအပင်မှ မထားပဲ ရှုပွားရမှာပါ၊ ရှုပွားတဲ့အခါမှာ လိုချင်မှုတွေ ကြောင့်ကြမှုတွေ ဘာမှ မထားရပါဘူး။

ရှုပွားစ အခါမှာ ထင်ရှားနေတဲ့ အမြဲ မပြတ်လဲ တွေ့နိုင်ရှုနိုင်တဲ့ တိုးသဘောရုပ်ကိုပဲ တိုးတိုင်း, တိုးတိုင်း 'ရုပ်ရုပ်'လို့ ရှုပွားနေရတာပဲ၊ အဲဒီလို ရှုပွားနေယင်းနဲ့ ဉာဏ်ရင့်ကျက်လာ

တော့ ရုပ်ဖြစ်တာ၊ ရုပ်မမြဲတာ၊ ရုပ်ဆင်းရဲတာ၊ ရုပ်အစိုးမရတာတွေ မြင် မြင် လာမယ်၊ အဖြစ်အပျက်တွေ မြင် မြင်လာမယ်၊ အဲဒီလို မြင်လာယင် 'ဥဒယဗ္ဗယဉာဏ်'ပါပဲ။

အဖြစ်အပျက်မြင်တော့ ပြီးပြီလားဆိုတော့ ဘယ်ပြီးဦးမှာလဲ၊ အဖြစ်အပျက်မြင်တော့ ဥဒယဗ္ဗဉာဏ်ပဲ ရှိသေးတယ်၊ အစပဲ ရှိသေးတယ်၊ ရှေ့မှာ အများကြီး ရှိသေးတာပဲဟာ။

ဒီတော့ ရုပ်နာမ် ဖြစ်ပျက် မြင်နေလဲ အဲဒီ ရုပ်နာမ်ဖြစ်ပျက်ကိုပဲ ဆက်ပြီးတော့ ရှုပွားနေရမှာပါ။ အဲဒီလို ဆက်ရှုပွားတော့ အစပိုင်းဖြစ်မှု မထင်ရှားတော့ပဲ အဆုံးပိုင်း ပျက်မှုတွေချည်းတွေလာ, မြင်လာပါလိမ့်မယ်၊ အဖြစ်မတွေ့မမြင်တော့ပဲ အပျက်တွေချည်း တွေ့နေရပါလိမ့်မယ်၊ အဲဒီလို အပျက်တွေချည်း မြင်နေရ တွေ့နေရယင် 'ဘင်္ဂဉာဏ်'ပေါ့။

အဲဒီ ဘင်္ဂဉာဏ် ဖြစ်ပြီဆိုယင် အရှုခံ အာရုံတိုးသဘောရုပ်ရော၊ ရှုပွား,သိတဲ့ နာမ်ရော ရုပ်နာမ် ၂ ပါးစလုံးဟာ ရှေ့ဆင့်နောက်ဆင့် ကုန်ကုန် ပျက်ပျက်နေတာချည်းပဲ တွေ့နေရပါလိမ့်မယ်၊ ခဏမစဲ တကုန်တည်း ကုန်၊ တပျက်တည်း ပျက်နေတာချည်း တွေ့နေရပါလိမ့်မယ်။

အဲဒီလို မြင်နေလဲ ဒီတိုးသဘောရုပ်ကိုပဲ အရှုခံထားပြီးတော့ ဆက်လက် ရှုပွားနေပါ၊ အဲဒီလို ရှုပွားနေတော့ ခဏမစဲ တပျက်တည်း ပျက်၊ တကုန်တည်း ကုန်နေတာပဲ မြင်တွေ့နေရပါလိမ့်မယ်၊ အဲဒီလို မြင်တွေ့နေရတဲ့အခါ "အားကိုးစရာ မရှိပါလား, ကြောက်စရာကြီးပါလား, ဘေးကြီးပါလား" လို့ ထင်မြင်လာပါလိမ့်မယ်၊ အဲဒါဟာ 'ဘယဉာဏ်'ပါပဲ။

အဲဒီလို အားကိုးစရာ မရှိပါလား, ကြောက်စရာကြီးပါလား, ဘေးကြီးပါလားလို့ ထင်မြင်လာလဲ ဆက်လက်ပြီးတော့ ရှုပွားရမှာပါပဲ၊ အဲဒီလို ဆက်လက် ရှုပွားတော့ အရှုခံအာရုံရော, ရှုပွားနေတဲ့ အသိနာမ်ရော ရုပ်နာမ် နှစ်ပါး အပေါ်မှာ အချစ်မဝင်ပဲ အပြစ်ပဲ ထင်မြင်လာပါလိမ့်မယ်၊ အဲဒီလို ထင်မြင်လာတာဟာ 'အာဒီနဝဉာဏ်'ပါ၊ အပြစ်မြင်တဲ့ ဉာဏ်ပေါ့။

**သန့်လျက်နှင့် စဉ်းနိုးတုံး** အဲဒီလို ရုပ်နာမ်ခန္ဓာတွေရဲ့ အပြစ်ပဲ မြင်နေ တွေ့နေလဲ ဒီခန္ဓာကိုယ် ဒီတောင်ပို့ကြီးကို တူးသောအားဖြင့် ဆက်ပြီးတော့ပဲ ရှုပွားနေရမှာပါပဲ၊ အဲဒီလို ရှုပွားတော့ အဲဒီဉာဏ်ဟာ ရင့်ကျက်ပြီး အမြင်သန့်လာမယ်ပေါ့၊ အဲဒီလို ရင့်ကျက်ပြီး အမြင်သန့်လာတော့ ဘာတွေ့ပြန်လဲဆိုတော့ 'သန့်လျက်နဲ့ စဉ်းနိုးဘုံး'ကို တွေ့တယ်တဲ့။

သန့်လျက်ဆိုတာဘာလဲ၊ စဉ်းနိုးတုံးဆိုတာ ဘာလဲ၊ "အာရုံငါးချက်, ကာမစက်မူ, သန့်လျက်ပုံနှုန်း, စဉ်းနိုးတုံးတည်း" လို့ နောက်ကလက်ာကို ချပေးခဲ့ပြီးပြီနော်။

"မှန်ပါဘုရား"

သန့်လျက်နဲ့ စဉ်းနိုးတုံးဆိုတာ အလိုရှိအပ်, နှစ်သက်အပ်, စိတ်ကိုဆွဲဆောင်တတ်, ချစ်အပ်တဲ့သဘောရှိ လိုလားနှစ်သက်စွဲမက်မှုနှင့် စပ်ယှက်, တတ်မက်အပ်ကုန်တဲ့....

၁။ မျက်စိဖြင့် မြင်အပ်တဲ့ အဆင်းမျိုးစုံ ရူပါရုံ၊

၂။ နားဖြင့် ကြားအပ်တဲ့ အသံမျိုးစုံ သဒ္ဒါရုံ၊

၃။ နှာခေါင်းဖြင့် နံအပ်တဲ့ အနံ့မျိုးစုံ ဂန္ဓာရုံ၊

၄။ လျှာဖြင့် စားအပ်တဲ့ အရသာမျိုးစုံ ရသာရုံ၊

၅။ ကိုယ်ဖြင့်ထိအပ်တဲ့ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ၊

ဆိုတဲ့ အဲဒီ ကာမဂုဏ်ငါးပါး အာရုံတရားတို့၏ အမည်ဖြစ်ပါတယ်တဲ့။

ဒီတော့ သန်လျက်နှင့် စဉ်းနှီးတုံးကိုတွေ့တဲ့အခါ သန်လျက်နှင့် စဉ်းနှီးတုံးကို တွေ့ပါတယ်လို့ ပြောတဲ့အခါ သန်လျက်နှင့် စဉ်းနှီးတုံးကိုတွေ့ယင် ဖယ်ပစ်ပြီး ခန္ဓာကိုယ် တောင်ပို့ကြီးကို ဆက်လက်ပြီး တူးရမယ်လို့ ဆိုခဲ့တယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

သန်လျက်နှင့် စဉ်းနှီးတုံးကို ဖယ်ပစ်လော့ဆိုတာ "ကာမဂုဏ်ငါးပါးတို့ကို ပယ်စွန့်လော့" လို့ ပြောတာပါပဲ၊ တပည့်မောင်ဉာဏ်ရှိ ခေါ်လက်နက်ကိုယူပြီး အဖန်ဖန် ဆက်တူးလော့ဆိုတာ ဒီခန္ဓာကိုယ်တောင်ပို့ကြီးကို ရှုပွားသောအားဖြင့် ဆက်တူးလော့ဆိုတာနော်။

"မှန်ပါဘုရား"

သန်လျက်နဲ့ စဉ်းနှီးတုံးဆိုတာ ကာမဂုဏ်ငါးပါး အာရုံတရားရဲ့ အမည်ပဲ၊ ယောဂီတို့ အသားတွေ, ငါးတွေ, အသီးတွေ, အရွက်တွေကို လှီးတဲ့စဉ်းတဲ့အခါ စဉ်းနှီးတုံးပေါ်တင်ပြီး သန်လျက်နဲ့ ခါးနဲ့ ခုတ်ထစ်ပြီး စဉ်းရတယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

အေး....အဲဒီအတူပဲ၊ ကာမဂုဏ်ငါးပါး, အာရုံတရားတွေကို အခုတ်ခံ, အစဉ်းခံ, လုပ်ပြီးတော့ ကိလေသာတည်းဟူသော သန်လျက်နဲ့ ခါးနဲ့ သတ္တဝါတွေကို စဉ်း နေကြ, လှီး နေကြတယ်။

အဲဒီ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ကိလေသာတွေနဲ့ သာယာနှစ်သက်နေလို့ သတ္တဝါတွေ ဆင်းရဲဒုက္ခ ရောက်နေကြရတာပါ။

အာရုံငါးပါး ကာမဂုဏ်တရားဆိုတဲ့ စဉ်းနှီးတုံးပေါ်မှာ နှစ်သက်တွယ်တာတယ်ဆိုတဲ့ တပ်မက်တယ်ဆိုတဲ့ ရာဂဓားကြီးနဲ့ အစဉ်းခံနေရ, အလှီးအဖြတ် ခံနေရပါတယ်၊ အဲဒီအတွက် ဒီသတ္တဝါတွေမှာ မျက်မှောက်ဘဝမှာ ကိုယ်ပင်ပန်းစိတ်ပင်ပန်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ရတာပေါ့။

အဲဒီလို ပင်ပန်းကြတဲ့ကြားထဲက အကုသိုလ်မှုတွေကို ပြုမိ, ပြောမိ, ကြံမိကြယင်တော့ တမလွန်ဘဝ နောက်လောကမှာ အပါယ်လေးပါး ကျရောက်ပြီး အကြီးအကျယ် ဒုက္ခရောက်ရမှာပါ။

အေး.... အဲဒီ အာရုံငါးပါး ကာမဂုဏ်တရားတွေကို မက်မောပြီး ကုသိုလ်တွေပြုလုပ်ပြီးတော့ လူ့ဘဝ, နတ်ဘဝတွေ ရောက်လို့ လူ့စည်းစိမ်ချမ်းသာ, နတ်စည်းစိမ်ချမ်းသာတွေ ရနေပါတယ်ဆိုသော်လဲ ရောက်ရာဘဝမှာ သေရတာပါပဲ၊ အဲဒီလို သေရတာဟာ စင်စစ်တော့ ကိလေသာနှိပ်စက်လို့ပဲ မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

အေး....အဲဒါကြောင့် ကာမဂုဏ်အာရုံဆိုတဲ့ စဉ်းနှီးတုံးပေါ် တင်ပြီးတော့ သတ္တဝါတွေကို ကိလေသာကာမဆိုတဲ့ ဓားနဲ့ စဉ်းနေတယ်၊ လှီးနေတယ်၊ ခုတ်နေတယ်၊ သတ္တဝါတွေက အစဉ်းခံ, အလှီးခံ, အခုတ်ခံနေရတယ်။

သန့်လျက်နှင့် စဉ်းနှီးတုံးကို ဖယ်ပစ်လော့ ဆိုတာက အဲဒီလို အစဉ်း အလှီး အခုတ် အလုပ်လုပ်နေတဲ့ တဏှာတွေ, အစဉ်း အလှီး အခုတ် အဖြတ် ခံနေရတဲ့ တရားတွေရဲ့ အပြစ် ဒေါသ အာဒီနဝကို မြင်အောင်ရှုပါလို့ ပြောတဲ့သဘောပါပဲ၊ အပြစ် ဒေါသ အာဒီနဝမြင်မှ တပ်မက်မှုကို ပယ်နိုင်မယ်မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

အေး....အဲဒီတော့ အဲဒီ အရှုခံရုပ်ရော, ရှုသိဉာဏ်နာမ်ရော တရားနှစ်ပါးလုံးအပေါ်မှာ ထပ် ကာ ထပ် ကာ ရှု ပွား တော့ အပြစ်တရားတွေကို အမြင်သန့်လာမယ်၊ အဲဒီ အာရုံတွေပေါ် မှာ မပျော်မွေ့တော့ဘူး၊ ငြီးငွေ့လာတယ်၊ ငြီးငွေ့စရာ မပျော် မွေ့စရာချည်းပဲလို့ အမှန်အတိုင်း သိလာမြင်လာလိမ့်မယ်။

အဲဒီလို ရုပ်နာမ်တွေအပေါ်မှာ ငြီးငွေ့စရာ မပျော်မွေ့ စရာချည်းပဲလို့ အမှန်အတိုင်း သိလာ, မြင်လာတဲ့ဉာဏ်ကို "နိဗ္ဗိ ဒါဉာဏ်" လို့ ခေါ်ပါတယ်။

အဲဒီ နိဗ္ဗိဒါဉာဏ်နဲ့ ဘယ်အပေါ်မှာ ငြီးငွေ့တာလဲဆိုတော့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့ ခန္ဓာ ငါး ပါး ရုပ်နာမ် ၂ ပါးအပေါ်မှာ ငြီးငွေ့လာတာနော်။

"မှန်ပါဘုရား"

အဲဒီလို ငြီးငွေ့ပေမယ့်လဲ အဲဒီ ခန္ဓာငါးပါး ရုပ်နာမ် ၂ ပါးအပေါ်မှာ ပြန်ပြီး ရှုပွားနေရမှာပဲ၊ ဒီခန္ဓာမှာရှိတာကလဲ ဒါပဲ ရှိတာကိုး၊ ဒီတော့ ဒီရုပ်ဒီနာမ်ပဲ ရှုရတာပေါ့၊ အဲဒီလို ဆက်ပြီးတော့ ပြန်ပြီးတော့ရှုတဲ့အခါ ဒီရုပ်, ဒီနာမ်အပေါ်မှာ ငြီးငွေ့မှုပြင်းပြပြီး လွတ်ချင်တဲ့သဘော ဖြစ်လာမယ်။ အဲဒီလို လွတ်ချင်တာဟာ "မုဉ္စိတုကမျတာဉာဏ်" ပါပဲ။

လှုတ်ချင်တော့ လှုတ် အောင်က လဲ ဒီရုပ် ဒီနာမ် ဒီခန္ဓာပဲ ရှုမြဲတိုင်း ရှုနေကျနည်းအတိုင်း ဆက်ပြီးတော့ ပြန်ပြီးတော့ ရှုရတာပါပဲ၊ အဲဒီလို ပြန်ပြီးဆက်ရှုတော့ အထူးအထွေ ပိုပြီး သိလာတာက "ပဋိသင်္ခါဉာဏ်" ပေါ့။

အဲဒီဉာဏ် ဖြစ်ပေါ်လာလဲ ရှုနေကျ ရုပ်နာမ်အပေါ်မှာ တော့ ရှုနည်းက မပြောင်းရပါဘူး၊ ရှုပွားနေကျအတိုင်းပဲ ဆက်လက်ပြီးတော့ ရှုပွားနေပါ၊ အဲဒီလိုရှုပွားတော့ အဲဒီ ပဋိသင်္ခါဉာဏ်အမြင် ရင့်သန်လာပါလိမ့်မယ်၊ အဲဒီဉာဏ် ရင့်သန် လာတဲ့အခါမှာ ရုပ်နာမ်ဓမ္မသင်္ခါရ သဘောတရားတွေကို လျစ် လျူရှုနိုင်တဲ့ "သင်္ခါရုပေက္ခာဉာဏ်" ဖြစ်ပေါ်လာပါလိမ့်မယ်။

အဲဒီ သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာယင် ယောဂီပုဂ္ဂိုလ် ဟာ ဝိပဿနာတရား ရှုပွားအားထုတ်ရတာ အထူးပဲ ပျော် မွေ့လာပါပြီ၊ အထူးလဲ ကောင်းပါတယ်၊ အဲဒီလို ဝိပဿနာ ရှုပွားလို့ နှစ်သက်ပျော်မွေ့ပြီး အင်မတန်သိမ်မွေ့တဲ့ "ဓမ္မ ရာဂ = တရားစွဲမက်သူ" ဆိုတာ ဖြစ်တတ်ပါတယ်၊ အဲဒီ "ဓမ္မ ရာဂ" ဖြစ်နေယင် ရှေ့သို့ တရားမတိုးတက်တော့ပါဘူး။

**နန္ဒီရာဂ အသားတုံး** စွဲမက်နေပြီ၊ စွန့်ပစ်၊ ဖယ်ပစ်ဆိုတာ အပြော လွယ်သလောက် တကယ် လက်တွေ့ကျတော့ ခက်လှပါတယ်၊ ရှုပွားလို့ အပြစ်မြင်မှ စွန့် နိုင် ဖယ်နိုင်တာပါ၊ အပြစ်မမြင်ယင် မစွန့်နိုင် မဖယ်နိုင်ပါဘူး။

ယခု ယောဂီတို့ ရှုပွားတော့ လောကဥ် စဉ်းနီးတုံးပေါ် တင်ထားပြီးတော့ သန်လျက်နဲ့ ဓားနဲ့ အသားတုံးကို နုပ်နုပ် စဉ်းကြသလိုပဲ ဝတ္ထုကာမကို ရရှိရန်အတွက် ကိလေသာကာမ

ဖြင့် ရှာကြံကြ ပင်ပန်းကြတဲ့ ဒီသတ္တဝါတို့ကိုလဲ တရားသဘောအားဖြင့် ဝဋ္ဋကြာမတည်းဟူသော စဥ်းနှီးတုံးပေါ်၌ တင်ထားပြီး ကိလေသာကာမတည်းဟူသော သန်လျက်ဓားနဲ့ နုပ်နုပ်စဥ်းကြတယ်။

အဲဒါကြောင့် ဝဋ္ဋကြာမဖြစ်တဲ့ ကာမဂုဏ်ငါးပါးတို့ကို သန်လျက်နဲ့ စဥ်းနှီးတုံးလို့ ဘုရားရှင် ဟောတော်မူတာလို့၊ အပြစ်ဒေါသမြင်တော့ သန်လျက်နဲ့ စဥ်းနှီးတုံးကို ဖယ်ပစ်နိုင်ပါတယ်။

အဲဒ်လို ဖယ်ပစ်ပြီး ခန္ဓာကိုယ်တောင်ပို့ကြီးကို ရှုပွားသောအားဖြင့် ဆက်တူးတော့ "အသားတုံး" ကို တွေ့ပါတယ် တဲ့။ ဒါ့ကြောင့် ဒီနေရာမှာ "သားတုံးဟူဘိ, စွဲကိုင်မိသား, နန္ဒိရာဂ, စွန့်ခွာချမှ" ဆိုတဲ့ လင်္ကာပိုဒ်ရဲ့အဓိပ္ပာယ်ကို ရှင်းကြရမယ်။

အသားလို့, အသားတစ်ဆိုတာ ဘာလဲဆိုတော့ နှစ်သက်တပ်မက်ခြင်း "နန္ဒိရာဂ တဏှာ" ရဲ့အမည်တဲ့၊ အဲဒီ "အသားတုံး, အသားတစ်ကို ဖယ်ပစ်လော့" ဆိုတာ နန္ဒိရာဂတဏှာကို ပယ်စွန့်လော့ဆိုတာနော်။

"မှန်ပါဘုရား"

"တပည့်မောင်ဉာဏ်ရှိ, ဓားလက်နက်ကိုယူပြီးတော့ အဖန်ဖန်တူးလော့" ဆိုတာ အဖန်ဖန်အားထုတ်လော့လို့ ခိုင်းတာပါပဲ။

အသားတုံး, အသားတစ်ကို လောကမှာရှိကြတဲ့ မင်းစတဲ့လူအများလဲ နှစ်သက်ကြပါတယ်၊ ကျီးငှက်စတဲ့ တိရစ္ဆာန်များလဲ လိုလားတောင့်တကြပါတယ်၊ အဲဒီ အသားတုံး, အသားတစ်ကို လိုလားမှုကြောင့် သတ္တဝါတွေမှာ ဒုက္ခအဆင့်ဆင့်တိုးပွားကြရတာပါ။

အဲဒီအတူပါပဲ ဒီ လူနတ်ပြဟ္မာ သတ္တဝါတွေဟာ အဝိဇ္ဇာကြောင့် ယစ်မူးနေတဲ့အတွက် နန္ဒိရာဂတဏှာကို ဒုက္ခရဲ့အကြောင်းလို့ မသိနိုင်ကြပဲ အဲဒီ နန္ဒိရာဂဆိုတဲ့ သားတစ်နောက်သို့သာ တကောက်ကောက် လိုက်ပါကြ, ကပ်ရောက်ကြကာ သံသရာဝဋ်ဒုက္ခကို တိုးပွားစေကြပါတယ်။

ပြီးတော့ တနည်းပြောရယင် သားတစ်ဟာ ထားရာထားရာ နေရာတိုင်းမှာပင် ငြိတွယ်တယ်၊ အဲဒီအတူပဲ ဒီသတ္တဝါတွေဟာ နန္ဒိရာဂတဏှာတရားဖြင့် နှောင်ဖွဲ့အပ်ကုန်ရကား ဝဋ်တရား၌ ငြိတွယ်ကြပါတော့တယ်။

အဲဒီလို သတ္တဝါတွေဟာ ဝဋ်တရား၌ ငြိတွယ်ပြီးတော့ ဆင်းရဲဒုက္ခသို့ ရောက်ကြပါလျက်လဲ မငြီးငွေ့နိုင်ကြပါ။

အဲဒီကဲ့သို့ နန္ဒိရာဂတဏှာတရားသည် သားတစ်နှင့် အသားတုံးနှင့် တူသောကြောင့် ဘုရားရှင်သည် နန္ဒိရာဂတဏှာကို အသားတစ်, အသားတုံးဟူ၍ ဟောတော်မူပါတယ်နော်။

"မှန်ပါဘုရား"

နန္ဒိရာဂခေါ်တဲ့သဘောကို လူတိုင်း, သတ္တဝါတိုင်းပဲ ကြိုက်နှစ်သက်ကြပါတယ်၊ အဆင်းကောင်းကောင်း, အသံကောင်းကောင်း, အနံ့ကောင်းကောင်း, အရသာ ကောင်းကောင်း အတွေ့အထိ ကောင်းကောင်း, အကြံအစည် ကောင်းကောင်းလေးတွေကို သာယာနှစ်သက် စွဲမက်ကြတယ်၊ ကြိုက်ကြတယ်။

အဲဒီ နန္ဒိရာဂခေါ်တဲ့ နှစ်သက်မှုမရှိတော့ဘူးဆိုယင် မကြိုက်တော့ဘူး၊ တချို့များ တရားဟော တရားနာရာမှာတောင် နန္ဒိရာဂနှင့် ကြိုက်နှစ်သက်တတ်ကြပါတယ်၊ အသံကလေး ဆွဲ

ကာချဲ့ကာနဲ့ဟောယင်, လွှမ်းစရာ ဆွေးစရာလေးများ ဟော ယင် ပြက်လုံးများဟောယင် ပရိသတ်ကလဲ သဘောကျတယ်၊ သိပ်ကောင်းတယ်တဲ့၊ စွဲနေပြီ၊ အဲဒါ နန္ဒီရာဂနဲ့ စွဲတာနော်။

"မှန်ပါဘုရား"

အမှန်က တရားဟောတယ်၊ တရားနာတယ်ဆိုတာ လွှမ်း စရာ ဆွေးစရာ စွဲမက်စရာ ပူဆွေးစရာ စိုးရိမ်စရာတွေ လွှမ်း ဆွေးစွဲမက် ပူဆွေးစိုးရိမ်အောင် ဟောရနာရတာမျိုး မဟုတ် ပါဘူး၊ အဲဒါတွေ ပျောက်ကင်းအောင် ဟောရ နာရမှာပါ နော်။

"မှန်ပါဘုရား"

နန္ဒီရာဂကို မေးမြန်းမနေရဘူး၊ မေးမြန်းတယ်ဆိုတာက သာ ယာစရာ, အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ သဘောတရားတွေကို သာယာနေတာဟာ နန္ဒီရာဂကို မေး မြန်းနေတာပါပဲ။

သတ္တဝါတိုင်းမှာ အကြိုက်တခုစီ ရှိကြပါတယ်၊ အဲဒီ ကြိုက်စရာတခုကို ကြိုက်နှစ်သက်နေတာဟာ နန္ဒီရာဂ ပွားနေ တာပါပဲ၊ အမှန်က အဲဒီ နန္ဒီရာဂကိုစွန့်ခွာချနိုင်မှ တရားရမှာ ပါ။

အဲဒီ နန္ဒီရာဂကို စွန့်ခွာချဖို့ရာကလဲ အဲဒီ နန္ဒီရာဂဖြစ်စရာ အာရုံတွေကို ရှုပွားများလို့ အပြစ်မြင်ပါမှ ပယ်နိုင်တာပါ၊ အပြစ်မမြင်လို့ မပယ်နိုင်ယင်တော့ တရားလဲ မနာနိုင်ပါ၊ တရားလဲ အားမထုတ်နိုင်ပါ၊ တရားနာသော် အားထုတ်သော် လဲ တရားနဲ့ မပျော်မွေ့ပါဘူး၊ အဲဒီ အာရုံတွေဆီ ရောက် ရောက်ပြီး စွဲမက်ပျော်ပါး နေပါတယ်။

ယောဂီတို့ တတွေဟာ ယခုလို အလုပ်တရားတွေ နာနိုင်တာ၊ အားထုတ်နိုင်တာဟာ နန္ဒိရာဂကို စွန့်ခွာထားနိုင်လို့ပါ၊ သူသာ ရှိနေယင် မနာနိုင်၊ အားမထုတ်နိုင်ပါ။

**တရားကောင်းယင် နန္ဒိဝင်**

အဲဒီ နန္ဒိရာဂဟာ အင်မတန်မှပဲ သိမ်မွေ့နူးညံ့ပါတယ်၊ တရားအားထုတ်လို့ တရားကောင်းလာယင် အဲဒီ နန္ဒိရာဂ ဝင်လာတတ်ပါတယ်၊ ဘယ်အခါဝင်လာတတ်လဲဆိုတော့ အရှုခံအာရုံနဲ့ ရှုတဲ့ ဉာဏ်နဲ့ တည့်နေယင် တည့်နေတဲ့အခါ ရှုပွားလို့ သိပ်ကောင်းပါတယ်၊ ရှုလို့ ပွားလို့ အာရုံထင်ရှား ပြတ်သားပြီး စိတ်တွေကြည်လင် ပေါ့ပါးတယ်၊ အရှုခံအာရုံနဲ့ ရှုပွားမှုသတိတို့ဟာ သူ့အလုပ် သူလုပ်နေသလိုပဲ၊ အရှုခံအာရုံနဲ့ ရှုတဲ့ ဉာဏ်ဟာ အချိုးကို ကျနေတာပဲ။

အဲဒီ အခါမှာ အရောင်အလင်းတွေ ပေါ်လာတတ်ပါတယ်၊ ကြက်သီးမွေးညင်းတွေလဲ တဖျဉ်းဖျဉ်း တသိမ့်သိမ့် တငြိမ့်ငြိမ့်နဲ့ ပီတိတွေလဲ ပေါ်လာတတ်ပါတယ်၊ အဲဒီအခါမှာ ဝမ်းသာအားရ သဘောကျနေတတ်ပါတယ်၊ သာယာ နှစ်သက် စွဲမက်နေတတ်ပါတယ်။

အဲဒါဟာ ရှုပွားယင်း တရားအရသာကို နှစ်သက်စွဲမက်ပြီး နန္ဒိရာဂ ဖြစ်တာပါပဲ၊ အသားတုံးအသားတစ်ဖြစ်တာပေါ့၊ အဲဒီ သာယာ နှစ်သက် စွဲမက်မှုကိုလဲ ရှုပွားပြီး ပယ်ရမယ်၊ အဖြစ်အပျက် မြင်အောင် ကြည့်ရှုပွားများရမယ်၊ အဖြစ်အပျက်မြင်မှ ပယ်နိုင်မယ်။

ဒီတော့ ရှုပွား ဆက်ပြီး ဒီရုပ် ဒီနာမ်ပဲ ရှုပွားတော့ အဲဒီ ရုပ်နာမ်နှစ်ပါး သင်္ခါရသဘောတရားတွေ အပေါ်မှာ နှစ်သက်မှုလဲ မရှိ၊ စိတ်ပျက်မှုလဲ မရှိပဲ အညီအမျှ ရှုပွားနိုင်တဲ့ 'သင်္ခါရုပေက္ခာဉာဏ်' ဖြစ်လာမယ်၊ ပေါ်လာမယ်၊ အဲဒီဉာဏ် ပေါ်လာပြီဆိုယင် ရှုပွားလို့ သိပ်ကောင်းပါတယ်၊ သိပ်အရသာရှိပါတယ်။

အရှုခံအာရုံလဲ မကြောင့်ကြရတော့ဘူး၊ ရှုပွားမှုဉာဏ် ဖြစ်အောင်လဲ မကြောင့်ကြရတော့ဘူး၊ အရှုခံအာရုံနှင့် ရှုပွားစိတ် ရှုပွားဉာဏ်တို့ဟာ သူ့အလိုက်သင့် ဖြစ်နေပါတယ်၊ နေရ ထိုင်ရတာလဲ ကြည်လင် သွက်လက် ပေါ့ပါးနေပါတယ်။

အဲဒီလိုအခါမှာ ညောင်းညာခြင်း, ကိုက်ခဲခြင်း, ပူပင်ခြင်း, ပင်ပန်းခြင်းတွေ မရှိဘူး၊ ထိုင်ရတာ ရှုပွားရတာ အားထုတ်ရတာ အရသာရှိတယ်၊ သိမ်မွေ့တယ်၊ ကောင်းတယ်၊ အဲဒီအခါမှာ အထူးသတိပြုပြီး ဝီရိယတရားနဲ့ ကြိုးစား ရှုပွားပါ။

**စွဲမက်မှုလဲ ရှုပွားမြဲ** မရှုပွားယင် အဲဒီ အပေါ်မှာ သာယာ နှစ်သက် စွဲမက်မှု နန္ဒိရာဂ ဖြစ်တတ်ပါတယ်၊ ဒီတော့ အဲဒီ သာယာနှစ်သက် စွဲမက်မှုကို ပြန်ပြီးတော့ ရှုမှတ်ပါ၊ ဒီလို ရှုပွား တော့မှ အဲဒီထက် ပိုမို ကောင်းမွန်တဲ့ အကောင်းဆီသို့ ရောက်သွားမှာ၊ တက်သွားမှာ၊ အရှုခံ အာရုံတွေရော ရှုဉာဏ်တွေရော လျင်လျင်မြန်မြန် သွက်သွက်လက်လက် ဖြစ်လာပါတယ်၊ ပြေးပြေးလာသလို ဖြစ်လာပါတယ်။

အရှုခံ အာရုံကလေးတွေဟာ ပြေးပြေးလာလိုက် ပျောက် ပျောက် သွားလိုက်၊ ရှုပွားစိတ်ကလေးတွေဟာလဲ ရှုပွားယင်း

ပျောက်ယင်း၊ ရှုပွားယင်း ပျောက်ယင်းနဲ့ ပျောက်ပျောက် သွားပါတယ်၊ အဲဒါတွေကို ဆက်ပြီးတော့ ရှုပွားနေရမှာပဲ။

အဲဒီလို ရှုပွားနေတာကိုပင် ခန္ဓာကိုယ်တောင်ပို့ကြီးကို ဆက်လက် တူးနေတာလို့ ခေါ်ပါတယ်၊ အဲဒီလို တူးတော့ ရှုပွားတော့ အရှုခံ အာရုံရော, ရှုတဲ့ ဉာဏ်ရော ကုန်ကုန်သွား၊ ပျက်ပျက် သွားတာတွေပဲ တွေ့နေရတော့ ဒီလို အမြဲမပြတ် တရစပ် ဖြစ်ပျက်နေတဲ့ ဖြစ်ပျက် ရုပ်နာမ်တွေ အပေါ်မှာ စွဲမက်မှုကင်းပြီး ဖြစ်ပျက်ရုပ်နာမ်တွေ ချုပ်ဆုံး ဆိတ်သုဉ်းတဲ့ နိဗ္ဗာန်အာရုံ ပေါ်လာပါတယ်၊ အဲဒီလို နိဗ္ဗာန်အာရုံပေါ်လာယင် အရိယ မဂ်ဉာဏ်ဖိုလ်ဉာဏ်လဲ ပေါ်လာပါတယ်။

**မဂ်ဉာဏ်အဆင့်ဆင့်** အရိယမဂ်ဉာဏ်, ဖိုလ်ဉာဏ် ပေါ်လာတော့ အရိယမဂ်ဉာဏ်, ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို အာရုံ ပြုတော့တာပေါ့၊ အဲဒီလို အာရုံပြုနိုင်ယင် သောတာပတ္တိ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ပါပဲ။

သောတာပန် ဖြစ်တော့လဲ သကဒါဂါမ် ဖြစ်ရေးအတွက် ဒီရုပ်ဒီနာမ်တွေကို ဒီလိုပဲ ပြန်ပြီးတော့ ရှုပွားရတာပါပဲ၊ သောတာပန်ကတော့ စရှုတဲ့အခါ ရုပ်နာမ်ဖြစ်ပျက်က ရှုရပါတယ်၊ ဥဒယဗ္ဗယဉာဏ်ကပေါ့။

အဲဒီလို ရှုပွားတဲ့အခါမှာ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်ပြန်တော့ နှစ်သက် စွဲမက်မှု နန္ဒိရာဂဖြစ်ပေါ်လာတတ်ပြန်ပါတယ်၊ အဲဒီ နန္ဒိရာဂကိုလဲ ရှုပွားပြီးတော့ ပယ်ရပါမယ်၊ ရှုပွား ပယ်ပြီးတော့ ဆက်ရှုရပါမယ်၊ အဲဒီလို ဆက်ရှုတော့ သကဒါဂါမ် မဂ်,ဖိုလ်ဉာဏ် ရပါတယ်၊ သကဒါဂါမ် ပုဂ္ဂိုလ် ဖြစ်တာပေါ့။

သကဒါဂါမိပုဂ္ဂိုလ် ဖြစ်တော့လဲ ဒိရုပ်ဒိနာမ်ပဲ ပြန်ပြီးတော့ ရှုပွားရပြန်တာပဲ၊ အဲဒီလို ရှုပွားတော့ သခ်ါရုပေက္ခာဉာဏ်သို့ ရောက်ပြန်နဲ့တယ်ဆိုယင်ပဲ တရားအရသာတွေ ကောင်းလာပြီး သာယာနေပြန်ပါတယ်။

အဲဒီလို သာယာနေပြန်ယင်လဲ ဉာဏ်မတက်ပြန်ပါဘူး၊ နန္ဒိရာဂ ဖြစ်နေပြန်ပါတယ်၊ အဲဒီ နန္ဒိရာဂကို ရှုပွားပြီး ပယ်နိုင်တော့မှ အနာဂါမိမဂ်,ဖိုလ် ရောက်ပါတယ်၊ အနာဂါမ် ဖြစ်တယ်ပေါ့။

အနာဂါမ် ဖြစ်တော့လဲ ဒိရုပ် ဒိနာမ်တွေပဲ ပြန်ပြီးတော့ ရှုပွားရတာ အားထုတ်ရတာပါပဲ၊ အဲဒီလို ရှုပွား အားထုတ်တော့ သခ်ါရုပေက္ခာဉာဏ်ရောက်တဲ့အခါ တရားအရသာတွေ ကောင်းပြီး သာယာနေပြန်ပါတယ်၊ ဓမ္မရာဂ, ဓမ္မနန္ဒိပေါ့။

အဲဒီ ဓမ္မရာဂ, ဓမ္မနန္ဒိကိုလဲ ရှုပွားပြီး ပယ်ရပါမယ်၊ ရှုပွားပြီး မပယ်နိုင်ယင် ရှေ့တရားမတက်တော့ပါဘူး၊ အရဟတ္တမဂ်, အရဟတ္တဖိုလ် မရောက်တော့ပါဘူး၊ အနာဂါမ်ပုဂ္ဂိုလ်အဖြစ်နဲ့ပဲ စုတေမယ်၊ အဲဒီလို စုတေယင် သုဒ္ဓါဝါသ ဗြဟ္မာဘုံ ရောက်ပါတယ်၊ အဲဒီသုဒ္ဓါဝါသဘုံမှာပဲ ရဟန္တာ ဖြစ်ပြီးတော့ ပရိနိဗ္ဗာန်စံရပါမယ်။

ဒီဘက် ဘဝမှာပဲ ယခု ဘဝမှာပဲ ရဟန္တာ ဖြစ်ချင်ယင် နန္ဒိရာဂ ခေါ်တဲ့ အသားတုံး, အသားတစ်တွေကို ရှုပွားပြီးတော့ ပယ်ရှားဖို့ရာ လိုပါတယ်၊ ဘုရားရှင်ကလဲ အသားတုံးကို ပယ်ဖို့ရာ ဟောပါတယ်၊ အဲဒီ နန္ဒိရာဂ ဆိုတဲ့ အသားတုံး အသားတစ်ကိုတော့ အရဟတ္တမဂ်နဲ့မှ အကြွင်းမဲ့ ပယ်သတ်နိုင်ပါတယ်။

ရဟန္တာ-နဂါး ဒီတော့ အာသဝ ကင်းကွာ ရဟန္တာ ဖြစ်ချင်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ အဲဒီ သာယာ နှစ်သက်မှုကလေးကို နန္ဒီရာဂကို ရှုပွားပြီးတော့ ပယ်ရပါမယ်၊ ရှုပွားပြီး ပယ်နိုင်ယင် အရဟတ္တမဂ်,အရဟတ္တဖိုလ်ရောက်သွားပြီး အာသဝ ကင်းကွာ ရဟန္တာ ဖြစ်ပါတယ်၊ အဲဒါကို ဟို....လက်ာမှာ "နန္ဒီရာဂ, စွန့်ခွာချမှ, အာသဝကင်းကွာ, ရဟန္တာဟု, ပမာနဂါး, ဟောဖော်ကြားသည်,ဆယ့်ငါး ပြဿနာရပ်တည်း"လို့ ဆိုထားပါတယ်။

အဲဒီလို ရှုပွားပြီးတော့ နန္ဒီရာဂကိုပယ်ရှားလို့ အာသဝကင်းကွာ ရဟန္တာဖြစ်သွားလို့ရှိယင် မိမိကိုယ်တိုင် ကိလေသာကုန်ခန်းရဟန္တာဖြစ်သွားတော့ နဂါးတွေတယ်ပေါ့၊ နဂါးတွေ့တယ်ဆိုတော့ ပကတိနဂါးလို့ မထင်လိုက်နဲ့အုံး၊ တရုတ်နဂါးလို့လဲ မထင်လိုက်နဲ့အုံး၊ ရဟန္တာနဂါးကို တွေ့တာပါ၊ ရဟန္တာအရှင်မြတ်ကို နဂါးလို့ ခေါ်ပါတယ်။

အာသဝကင်းကွာ ရဟန္တာအရှင်မြတ်ကို နဂါးလို့ခေါ်တာတဲ့၊ ဘာ့ကြောင့်အာသဝကင်းကွာရဟန္တာအရှင်မြတ်ကို နဂါးလို့ခေါ်တာလဲ၊ ဆန္ဒ-ဒေါသ-ဘယ-မောဟဆိုတဲ့ ဂတိလေးပါးတို့ဖြင့် အဂတိမလိုက်ပါသင့်သည်ကို မလိုက်ဇာတ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်ကို နာဂ=နဂါးဟူ၍ ခေါ်တယ်လို့ မှတ်ပါ။

ထိုထိုမဂ်ဖြင့် ပယ်အပ်ပြီးတဲ့ ကိလေသာတို့သို့ နောက်ထပ်တဖန် မလာရောက်ကြတော့သောကြောင့်လဲ အာသဝကင်းကွာ ရဟန္တာပုဂ္ဂိုလ်ကို နဂါးလို့ ခေါ်ပါတယ်။

အထူးထူး အထွေထွေသော မကောင်းမှုကို မပြုတတ်ကုန်သောကြောင့်လဲ အာသဝကင်းကွာရဟန္တာအရှင်မြတ်ကို နာဂ=နဂါးလို့ ခေါ်ပါတယ်။

နဂါး ၂ မျိုး

အဲဒီ နာဂ=နဂါးဟာ ဘယ်နှစ်မျိုး ရှိလဲဆိုတော့ နှစ်မျိုးရှိပါတယ်၊ ခီဏာသဝနာဂ=ရဟန္တာနဂါး,သို့မဟုတ်'သာဝကနဂါး၊ ဗုဒ္ဓနာဂ-ဘုရားနဂါးရယ်လို့ နာဂ-နဂါးနှစ်မျိုးရှိပါတယ်။

"တရားမြင်မှ ဘုရားမြင်"ဆိုတဲ့အတိုင်း အာသဝကင်းကွာရဟန္တာဖြစ်,နဂါးဖြစ်သွားတော့ မိမိကိုယ်တိုင် နဂါးမို့ နဂါးကိုတွေ့ဘယ်၊ ဘုရားရှင်ဘည်းဟူသော အာသဝကင်းကွာ ဗုဒ္ဓနဂါးကိုလဲ တွေ့ဘယ်။ အဲဒီလိုတွေ့တဲ့အခါ-

"အင်း....ငါ့မှာ ကိလေသာတွေ ကင်းသလို ဘုရားရှင်မှာလဲ ကိလေသာတွေကင်းလို့ ဒီတရားတော်တွေကို ဟောတာပဲ"

လို့သိပြီး ဘုရားရှင်အပေါ်, ဗုဒ္ဓနာဂအပေါ် ကောင်းကောင်းကြည်ညိုသွားပါတယ်၊ အဲဒီလို နဂါးကိုတွေ့ပြီး ခီဏာသဝနာဂ-ရဟန္တာနဂါး ဖြစ်သွားတဲ့အခါ ဗုဒ္ဓနာဂ=ဘုရားနဂါးကိုလဲ တွေ့ပြီ၊ ကြည်ညိုသွားပြီ။

အဲဒီလို ခီဏာသဝနာဂ=ရဟန္တာနဂါး ဖြစ်သွားတဲ့အခါ ဆက်ပြီးတော့ မဂ်ရရေးအတွက် ရှုပွားဖို့ကိစ္စ မရှိတော့ပါဘူး၊ ဒါ့ကြောင့် "နဂါးတည်နေပါစေ,နဂါးကို မထိပါး မပုတ်ခတ်ပါလင့်, နဂါးအား ရှိခိုးခြင်း ပူဇော်ခြင်းကို ပြုပါလော့" လို့ ဆိုတာနော်။

"မှန်ပါဘုရား"

အဲဒါ ဘာဆိုလိုတာလဲဆိုတော့ အာသဝကင်းကွာ ရဟန္တာ ဖြစ်ပြီဆိုတော့ ဘာတွေလုပ်စရာလိုသေးလဲ၊ မဂ်ကိစ္စအတွက်လုပ်စရာမရှိတော့ဘူး၊ ဘဝအတွက်လဲ ကုသိုလ်တွေလုပ်စရာမရှိတော့ဘူး၊ ဘုရားတည်မှု, ကျောင်းဆောက်မှုတွေ လုပ်စရာလိုသေးလား။

"မလိုတော့ပါဘုရား"

**နဂါးကိုရှိခိုးပါ** နဂါးတွေတော့ ဘာလုပ် ရမလဲ ဆိုတော့ "နဂါးကိုရှိခိုးခြင်းကို ပြုလော့"တဲ့၊ နဂါးကို ရှိခိုးရမယ်၊ ရဟန္တာနဂါးသည် ဗုဒ္ဓနဂါးကိုတွေ့ပြီ၊ အဲဒီလိုတွေ့တဲ့အခါ ရဟန္တာနဂါးဟာ ဗုဒ္ဓနဂါးကို ရှိခိုးပူဇော်တာပေါ့။

ရဟန္တာအရှင်မြတ်ရဲ့ ဘုရားကြည်ညိုပုံနှင့် ပုထုဇဉ်တွေရဲ့ ဘုရားကြည်ညိုပုံဟာ ဘယ်တူပါ့မလဲ၊ တရားအားထုတ်ဖူးသူရဲ့ ဘုရားကြည်ညိုပုံနှင့် တရားအားမထုတ်ဖူးသူရဲ့ ဘုရားကြည်ညိုပုံလဲ ဘယ်တူမလဲ။ ကဲ-ဒီနေရာမှာ ရဟန္တာနဂါးက ဘုရားရှင်နဂါးအား ရှိခိုးပုံကို ဖော်ပြတဲ့ အဋ္ဌကထာနှင့်အညီ ရှိခိုးကြရအောင်၊ အားလုံးပရိသတ်အာရုံယူပြီးတော့ လက်အုပ်ချီနေကြပါ။

ဗုဒ္ဓေါ ဗောဓာယ ဒေသေတိ, ဒန္တော ဒမထာယ စ။
သမထာယ သန္တော ဓမ္မံ, တိဏ္ဏော တရဏာယ စ။
နိဗ္ဗုတော နိဗ္ဗာနတ္ထာယ, တံ လောကသရဏံ နမေ။ ။

**လောကသရဏော**-လောကသုံးပါး၏ ကိုးစားရာတဆူ ဖြစ်တော်မူသော၊

**ယောနာဂေါ**-ဗုဒ္ဓနာဂ (ဘုရားနဂါး) အမည်တော်ရသည့် အစိန္တေယျ သုံးလောကထွတ်ထား အကြင်မြတ်စွာဘုရားသည်၊

**ဗုဒ္ဓေါ**- သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူပြီးသည်ဖြစ်၍၊

**ဗောဓာယ ဓ**=ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ကိုယ်တူမယွင်း သိစေကြခြင်းငှာလည်းကောင်း၊

**ဒန္တော**-ဣန္ဒြေ-၆ ပါး, တရားငြိမ့်လေး,ကိုယ်တော်တိုင် ယဉ်ကျေးတော်မူပြီးဖြစ်၍၊

**ဒမထာယ ဓ**- ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ယဉ်ကျေးကြစေခြင်းငှာလည်းကောင်း၊

**သန္တော**-ကိလေသာဟူ အပူကင်းဝေး ကိုယ်တော်တိုင် ချမ်းအေးတော်မူပြီးဖြစ်၍၊

**သမထာယ ဓ**- ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ချမ်းအေးကြစေခြင်းငှာလည်းကောင်း၊

**တိဏ္ဏော ဝ**-သံသရာနက်ဝှမ်း ဩရက်ကြမ်းကို ကူးသန်းထုတ်ချောက် ကိုယ်တော်တိုင် ဘက်ကမ်းရောက်တော်မူပြီးသည်ဖြစ်၍သာလျှင်၊

**တရဏာယ ဓ**- ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ကူးမြောက်နိုင်ကြစေခြင်းငှာလည်းကောင်း၊

**နိဗ္ဗုတော**-ကိလေသာ ပရိနိဗ္ဗာန် လေးကြိမ်တိုင် အောင်ပွဲခံသဖြင့် မကျန်ပူအေး ကိုယ်တော်တိုင် ငြိမ်းအေးပြီးဖြစ်၍၊

**နိဗ္ဗာနတ္ထာယ ဓ**- ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ငြိမ်းအေးကြစေခြင်းငှာ လည်းကောင်း၊

**ဓမ္မံ**-အလင်းထိန်လက် တရားစက်ကို၊

**ဒေသေတိ**-လေးဆယ့်ငါးဝါ ရှည်မြင့်ကြာအောင် ကရုဏာရှေ့ထား နတ်လူအားလျှင် ဟောကြားတော်မူခဲ့လေပြီ၊

**လောကသရဏံ**–လောကသုံးပါး၏ ကိုးစားရာ ဖြစ်တော်မူသော၊

**တံနာဂံ**–ဗုဒ္ဓနာဂအမည်တော်ရသည့် အစိန္တေယျသုံးလောကထွတ်ထား ထိုမြတ်စွာဘုရားကို။

**နမေ နမာမိ**– ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဦးညွှတ်ပါ၏ဘုရား။

"သာဓု....သာဓု....သာဓုပါဘုရား"

အင်း....ကိုရင်ကျော်လေး ရှင်ကုမာရကဿပဟာ ယခု ပြောဆိုခဲ့တဲ့ ပြဿနာ ၁၅ ချက်နဲ့ အဖြေအတိုင်း ကျင့်ကြံအားထုတ်ပါတယ်၊ အဲဒီ ပုစ္ဆာပြဿနာတွေနဲ့ အဖြေတွေဟာ ကိုရင်ကျော်လေးရဲ့ ဝိပဿနာလုပ်ငန်း ကြိုးပမ်း အားထုတ်ရာ ကမ္မဋ္ဌာန်းဖြစ်ပါတယ်။

အဲဒါကြောင့် ကိုရင်ကျော်လေးဟာ ဘုရားရှင် ဖြေကြားဟောဆိုတော်မူအပ်တဲ့အတိုင်း အဲဒီ အမေးအဖြေ တရားတော်တွေကို သင်ကြားနာယူပြီး မူလ ကမ္မဋ္ဌာန်းအားထုတ်ရာ အနုဝန်တောအုပ်သို့ပင် ပြန်ကြွတော်မူ၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ် ပွားများတော်မူရာ မကြာမီပင် ရဟန္တာဖြစ်တော်မူပါတယ်။

**မယ်တော် ရဟန္တာ မဖြစ်သေး**

ကိုရင်ကျော်လေးကတော့ ရဟန္တာဖြစ်သွားပါပြီ၊ မယ်တော် ဘိက္ခုနီမလေးမှာ ရဟန္တာမဖြစ်ရှာသေးပါဘူး၊ ဘာဖြစ်လို့ မဖြစ်သေးတာလဲ၊ တရား အားမထုတ်လို့လားဆိုတော့

မဟုတ်ပါဘူး၊ အားထုတ်ပါတယ်၊ သားအပေါ်မှာ ချစ်ခင်မှု အားကြီးတဲ့ မွေးမေ့မေတ္တာကြောင့် တရားမရသေးဘာတဲ့ နော်။

"မှန်ပါဘုရား"

မယ်တော်ဘိက္ခုနီမလေးမှာ သားတော်လေးကို မင်းကြီး ခေါ်သွားတဲ့အချိန်ကစပြီး ၁၂ နှစ်တိုင်တိုင် မျက်ရည်နှင့် မျက်ခွက်ပဲ ဖြစ်နေပါတယ်တဲ့၊ အဲဒါ မွေးမေ့မေတ္တာပေါ့ နော်။

"မှန်ပါဘုရား"

မိဘနှင့် ပိုင်ဆိုင်ထိုက်တဲ့ ပစ္စည်းဥစ္စာတွေ လင်ယောကျ်ား တွေ စွန့်နိုင်ပေမယ့် သားအပေါ်ကျတော့ မစွန့်နိုင်တော့ပါ ဘူး၊ မွေးမေ့မေတ္တာဟာ သားသမီးတွေအပေါ်မှာ ဘယ် လောက်ကြီးတယ်ဆိုတာ အဲဒါ နမူနာယူလိုက်ကြပါနော်။

"မှန်ပါဘုရား"

မွေးမေဟာ မိမိဝမ်းတွင်းမှာ သန္ဓေတည်တယ်ဆိုကတည်းက သားမှန်း သမီးမှန်း မသိခင်ကတည်းက ချစ်ရတာပါ၊ ချစ် ခြင်းမေတ္တာ ရောက်နေပါတယ်၊ အစားအသောက် အနေ အထိုင်အားလုံး ဆင်ခြင်ပြီးတော့ စောင့်ရှောက် ခဲ့ရပါတယ်။

ဝမ်းတွင်းက ကျွတ်ပြန်တော့ ကျိုးကျိုးကန်းကန်း နူနူဝဲဝဲ ဆိုးဆိုးတေတေ မပစ်ရက်ပဲနဲ့ မေတ္တာရှေ့ထားပြီး ကျွေးမွေး စောင့်ရှောက်ပါတယ်။

သားသမီးရဲ့အပေါ်မှာ မွေးမေရဲ့မေတ္တာ အလွန်တရာကြီး မားလှပါတယ်၊ ယခု မယ်တော်ဘိက္ခုနီမလေးမှာ သားလေး နှင့် ကွေကွင်းရတဲ့ ဒုက္ခကြောင့် မျက်ရည်စိုစွတ်တဲ့ မျက်နှာနဲ့

ဆွမ်းခံလှည့်လည်ယင်း လမ်းခရီးအကြားမှာ သား ကိုရင်ကျော်လေးနဲ့ ဆုံမိတဲ့အခါ "သား....သား" လို့ အော်ခေါ်ယင်း သားကိုရင်ကို ဆွဲကိုင်ဖို့ရန် ပြေးသွားယင်း လဲကျသွားပါတယ်။

**သားရဲ့စဉ်းစား ပြောစကား**

အဲဒီလို လဲကျသွားတဲ့အခါ ကပျာကယာ ထပြီးတော့ နို့ရည်ရွှဲတဲ့ စိုစွတ်တဲ့ သင်္ကန်းတို့ဖြင့် ကိုရင်ကျော်လေးကို လိုက်ဆွဲပါတယ်၊ ဘယ်လောက်ကြီးမားတဲ့ မွေး မေ့ မေ တ္တာ လဲ ဆို တာ စဉ်းစားကြည့်ပါ၊ သားနှင့်ကွဲနေတာ ၁၂ နှစ်ရှိပြီ၊ နို့ရည် မစဲသေးပါဘူး၊ အဲဒါ သားချစ်ခြင်းကြောင့် ထွက်ပေါ်တဲ့ မွေးမေရဲ့မေတ္တာနို့ရည်ပါနော်။

"မှန်ပါဘုရား"

ကဲ....တဘက်ကိုကြည့်ပါဦး၊ ကိုရင်ကျော်လေးကလဲ မွေးမေ့အပေါ် ဘယ်လိုမေတ္တာထားလဲဆိုတော့....

"အင်း....ငါ့မွေးမေသည် ငါ့အပေါ်မှာ အင်မတန်ချစ်ခင်မှု ကြင်နာမှုတွေများလွန်းလို့ ငါ့မှာ အာသဝေါကင်းကွာ ရဟန္တာဖြစ်သွားသော်လဲ ငါ့မွေးမေမှာတော့ ပုထုဇဉ်ပဲ ရှိသေးတယ်"

"ငါ့မွေးမေက ချစ်ခင်ကြင်နာသည့်အတိုင်း ငါက မွေးမေကိုပြန်ပြီးတော့ နူးနူးညံ့ညံ့နဲ့ ဆက်ဆံပြောဆိုမယ် ဆိုလို့ရှိယင် ငါ့မွေးမေဟာ ငါ့သားကလဲ ငါ့အပေါ်မှာ ချစ်ခင်ကြင်နာပါကလားဆိုပြီး ကြင်နာချစ်ခင်မှု မေတ္တာတရားများ တိုးပွားကာ ဘယ်လိုမှ တရားအားထုတ်လို့ ရမှာမဟုတ်တော့ဘူး"

"ဒါကြောင့် ငါ့စိတ်နှလုံးထဲက ငါ့မွေးမေ ကို နူးနူးညံ့ညံ့ ပြောချင်ဆိုချင်သော်လဲ မွေး မေ့ မေ တ္တာ ငါ့အပေါ်မှာ ကင်းပြတ်မှာ မဟုတ်ဘူး၊ ကြမ်းကြမ်း တမ်းတမ်းပြောမှ ကင်းပြတ်မယ်၊ ကင်းပြတ်မှလဲ တရား အထူးရမယ်"

အဲဒီလို မေတ္တာထားပြီး မွေးမေ့အပေါ်မှာ သားအကျော် က စဉ်းစားပါတယ်၊ အဲဒီလို စဉ်းစားပြီးတော့ မွေးမေကို ပြောပါတယ်....

"ဒီ....ဒကာမကြီးကလဲ ဘယ်လိုလုပ်ပြီး လှည့်လည် နေတာလဲ၊ချစ်ခင်ကြင်နာမှု မေတ္တာကလေးမျှကိုတောင် မှ မဖြတ်တောက်နိုင်ဘူးလား"

လို့ ခပ်တည်တည်နဲ့ ခပ်ကြမ်းကြမ်းပြောလိုက်ပါတယ်၊ အဲဒီ လို ပြောလိုက်တော့ ချစ်ခြင်းမေတ္တာ ကြီးမားလှတဲ့ မွေးမေ ဟာ....

"အော်....ငါ့သားရဲ့ စကားသံဟာ ကြမ်းတမ်းခက် ထန်လှပါကလား၊ ငါ့သားရဲ့ပါးစပ်က ထွက် တာ မှ ဟုတ်ပါ့ရဲ့လား"

လို့ သံသယဖြစ်မိပါတယ်၊ အဲဒီလို သံသယဖြစ်ပွား စဉ်း စားပြီးတော့ သားကို မွေးမေက.... "ချစ်သား ဘယ်လိုပြော လိုက်တာလဲ" လို့ မေးပြန်ပါတယ်။

အဲဒီလိုမေးတော့ သားကျော်ကလဲ ရှေး နည်း အ တိုင်း ပဲ ခပ်ကြမ်းကြမ်း ခပ်တည်ဘည်ပဲ ပြန် ပြော လိုက် ပြန် ပါ တယ်၊ အဲဒီလိုပြောတော့ မွေးမေဟာ စဉ်းစားပါတယ်....

"အင်း....ငါကတော့ ဒီသားအပေါ်မှာ ချစ်ခင်ကြင်နာတဲ့ မွေးမေ့မေတ္တာကြောင့် (၁၂)နှစ်တိုပတ်လုံး မျက်ရည်မဆည်နိုင်ခဲ့ဘူး၊ မျက်ရည်နှင့်မျက်ခွက် ဖြစ်ခဲ့ရတယ်၊ ဒီသားကတော့ ငါ့အပေါ်မှာ ဒီလောက်တောင် နှလုံးသား ကြမ်းထော်ရသလား၊ ငါ့အား ဒီလောက်တောင် နှလုံးသား ကြမ်းတမ်းတဲ့သားဖြင့် ဘာအကျိုးရှိအံ့နည်း"

လို့ စဉ်းစားပြီး မွေးမေဘိက္ခုနီမဟာ သားအပေါ်မှာ မွေးမေ့မေတ္တာကို ဖြတ်တောက်လိုက်ပါတယ်၊ သားကို ပြန်တောင်မှမကြည့်ပဲ ဘိက္ခုနီမကျောင်း ပြန်ပါတော့တယ်၊ ကျောင်းလဲ ပြန်ရောက်ရော တရားကိုကြိုးစားပြီး ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်တာ အဲဒီနေ့မှာပဲ အာသဝေါကင်းကွာ ရဟန္တာ ထေရီမကြီး ဖြစ်သွားပါတယ်။

ဘိက္ခုနီမဘဝနဲ့ တရားအားထုတ်တာ ဘယ်နှစ်နှစ်ကြာမှ ရဟန္တာဖြစ်လဲဆိုတော့ (၁၂)နှစ် ကြာမှ ရဟန္တာဖြစ်ပါတယ်။

ဘာဖြစ်လို့ (၁၂) နှစ် တိုင်တိုင် ကြာနေရတာလဲဆိုတော့ မွေးမေ့မေတ္တာက ခြားထားလို့ပါ၊ မွေးမေ့မေတ္တာနဲ့ သားအပေါ်မှာ ကပ်နေငြိနေတော့ တရားမရပါ။

အခုတော့ သားအပေါ်မှာ ချစ်ခင်ကြင်နာမှု မွေးမေ့မေတ္တာကို ဖြတ်လိုက်တယ်၊ မွေးမေ့မေတ္တာဖြတ်လိုက်တော့မှ အာသဝေါကင်းကွာ ရဟန္တာဖြစ်သွားပါတယ်၊ ကဲ....အဲဒီအချက်နဲ့ ဆက်စပ်အောင် လွန်ခဲ့တဲ့ညက ချခဲ့တဲ့လင်္ကာလေးကို ပြန်ဆိုကြည့်စမ်းပါ....

* သစ်ငင်ကိုသတ် - မြစ်ဖြတ်လေရာ၊
နိဗ္ဗာန်လိုလတ် - ချစ်သတ်လေရာ၊
အမြစ်မပြတ် - ပြန်ထပ်စည်မှာ၊
ချစ် မ သတ် - ရှည်လတ် သံသရာ။ ။

ကဲ....မွေးမေ့မေတ္တာကြောင့် မွေးမေဘိက္ခုနီမလေး ဘယ်လောက် သံသရာရှည်သွားလဲဆိုတော့ (၁၂) နှစ် ရှည်သွားပါတယ်၊ မွေးမေမေတ္တာဖြတ်ပြီး အားထုတ်တော့ တရက်တည်းနဲ့ တရားရပါတယ်၊ တွာနေကုန်တောင် မဟုတ်ပါဘူး၊ နေ့တဝက်လောက်နဲ့ တရားရပါတယ်။

မွေးမေဘိက္ခုနီမလေးဟာ ခန္ဓာကိုယ်တောင်ပို့ကြီးကို တူးသောအားဖြင့် အားထုတ်တော့ အားထုတ်ပါ၏၊ သို့သော် မွေးမေ့မေတ္တာက တရားမရအောင် ခြားထားတော့ (၁၂)နှစ်တောင် ကြာသွားပါတယ်။

အဲ.... ရဟန္တာ ထေရီမကြီး ဖြစ်သွားတော့လဲ သတင်းဟာ ကျော်သွားပါတယ်၊ အဲဒီလိုကျော်သွားတော့ တ နေ့ သော အချိန်အခါမှာ ရဟန်းသံဃာတော် ဓမ္မသဘင်မှာ စကားပြောကြတယ်....

"ငါ့ရှင်တို့....ဒေဝဒတ်ဟာ ဒီမျှလောက် ဘုန်းကံ ပါရမီထူးနဲ့ပြည့်စုံတဲ့ ရှင်ကုမာရကဿပလေးနဲ့ မွေးမေတို့ကို ဖျက်ဆီးတယ်၊ ဘုရားရှင်ကတော့ သားကျော်နဲ့ မွေးမေတို့ရဲ့ ထောက်ရာတည်ရာ မှီခိုအားထားရာ ဖြစ်တယ်၊ ဘုရားရှင်တို့ရဲ့ သတ္တဝါတွေအပေါ် စောင့်ရှောက်မှုဟာ အံ့ချီးဖွယ်ရှိပါပေစွ"

လို့ တရားစကား ပြောကြားနေကြပါတယ်၊ အဲဒီအခါ ဘုရားရှင်က ကြွလာပြီး "ရဟန်းတော်များ အို...ချစ်သားတို့ ယခု ငါဘုရားရှင်ကြွလာတဲ့ အချိန်အခါ၌ အဘယ်စကား ပြောကြားကာ စည်းဝေးထိုင်နေကြသလဲ" လို့ မေးပါတယ်။

အဲဒီလိုမေးတော့ ရဟန်းတော်တွေကလဲ ရှင်ကုမာရကဿပ နဲ့ မယ်တော်ဘိက္ခုနီမအကြောင်း ပြောကြားကြောင်းကို အစုံ အလင် ပြန်ကြားလျှောက်ထားပါတယ်၊ အဲဒီလိုလျှောက်ထား တော့ ဘုရားရှင်က....

"ရဟန်းတော်များ အို...ချစ်သားတို့ ငါဘုရား သည် ယခုဘဝမှာသာ ကုမာရကဿပနဲ့ သူ့ရဲ့ မွေးမေရဲ့ ထောက်ရာ တည်ရာ မှီခိုကိုးစား အားထားရာဖြစ်တာ မဟုတ်ပါဘူး၊ ရှေးတုန်းကလဲ သူတို့ သားအမိ ရဲ့ ထောက်ရာ တည်ရာ မှီခိုကိုးစားအားထားရာ ဖြစ်ခဲ့ဖူး တယ်"

လို့ မိန့်ကြားပါတယ်၊ အဲဒီလို မိန့်ကြားပြီး စကားရပ် ထားပါတယ်၊ ရပ်ထားတော့ အကြွက်ကောင်းကို ချောင်းနေ ကြတဲ့ ရဟန်းတော်တွေက....

"မြတ်စွာဘုရား.... ယခုအခါမှာ ဘုရားရှင်သည် ရှင်ကုမာရကဿပနှင့် သူ့ရဲ့မယ်တော်တို့ကို စောင့်ရှောက် ချီးမြှောက်တာကိုတော့ တပည့်တော်တို့ မျက်ဝါး ထင်ထင် သိမြင်ပါပြီဘုရား"

"အတိတ်ရှေးခါ ကပ်ကမ္ဘာတုန်းက အဲဒီသားအမိ (၂)ယောက်ကို ဘုရားရှင် ဘယ်လိုစောင့်ရှောက် ချီး

မြောက်တယ်ဆိုတဲ့ အကြောင်းကို တပည့်တော်များ အား ပြန်ပြောင်း ဟောကြားတော်မူပါဘုရား"

လို့ လျှောက်ထားတယ်၊ အဲဒီလို လျှောက်ထားတော့ ဘုရားရှင်က အတိတ်အကြောင်းကို ပြန်ပြောင်းပြီး ဟောကြား ပါတယ်။

ရဟန်းတော်များ အို...ချစ်သားတို့, အတိတ်အခါက ဗာ ရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် သမင်မျိုး၌ဖြစ်တယ်၊ အမည်မှာ နိဂြောဓသမင်မင်း မည်ဘယ်၊ ရွှေအဆင်းရှိတယ်၊ မြင်းငယ်ပမာဏ ရှိတယ်၊ အခြံအရံ သမင် ငါးရာရှိတယ်။

ရဟန်းတော်များ အို...ချစ်သားတို့ အဲဒီ ဘုရားလောင်း ရွှေသမင်မင်းရဲ့အနီးမှာ သမင်ငါးရာ အခြံအရံရှိတဲ့ ရွှေအဆင်း ရှိတဲ့ သာခသမင်ဆိုတာ ရှိတယ်။

အဲဒီအချိန်အခါမှာ ဗာရာဏသီမင်းဟာ သမင်လိုက် ဝါသ နာပါတယ်၊ အသားမပါပဲ ထမင်းမစားဘူး၊ လူတွေအလုပ် ပျက်စေပြီး နိဂုံးဇနပုဒ်သားတွေကို စည်းဝေးစေကာ နေ့တိုင်း သမင်တောသွားတယ်၊ အလုပ်ပျက်တော့ လူများက စဉ်းစား ကြတယ်၊ ဘယ်လိုစဉ်းစားလဲ....

"ဒီမင်းဟာ ငါတို့ရဲ့ အလုပ်ပျက်ခြင်းကို ပြုတယ်၊ ငါတို့သည် ဥယျာဉ်ထဲမှာ အစာစိုက်ပျိုး သောက်ရေ ပြည့်စေပြီး သမင်းများစွာကို ဥယျာဉ်တွင်းသွင်းကာ တံခါးပိတ်ကာ မင်းကြီးအား အပ်နှင်းရပါမူ ကောင်း လေစွ"

လို့ စဉ်းစားကြတယ်၊ အဲဒီလို စဉ်းစားပြီး သူတို့ဟာ စဉ်းစားတဲ့အတိုင်းလုပ်ကြတယ်၊ လုပ်ကြပြီးတော့ မင်းကြီးသို့ ချဉ်းကပ်ပြီး....

"အရှင်မင်းကြီး.... မပြတ်နေ့စဉ် သမင် တော သို့ ဝင်ကြသွားလာရတဲ့အတွက် အကျွန်ုပ်တို့မှာ အလုပ်ပျက်ကြပါတယ်၊ အကျွန်ုပ်တို့သည် တောမှသမင်များကို မောင်းနှင်လာခဲ့ပြီး အရှင်မင်းကြီးရဲ့ ဥယျာဉ်တော်ကို သမင်များဖြင့် ပြည့်စေပါပြီ၊ ဒီကနေ့မှစပြီး သမင်သားကို သုံးဆောင်တော်မူပါ"

လို့ သံတော်ဦးတင်ကြတယ်၊ မင်းကြီးလဲ အားရဝမ်းသာနဲ့ ဥယျာဉ်တော်သို့ သွားကြည့်တယ်၊ ရွှေသမင်နှစ်ကောင်ကို တွေ့တယ်၊ လှလို့ ဘေးမဲ့ပေးလိုက်တယ်၊ လှတဲ့ကျေးဇူးဟာ မများဘူးလား။

"များပါတယ်ဘုရား"

အဲဒီအချိန်ကစပြီး တရံတခါ ကိုယ်တိုင်သွားပြီး ဥယျာဉ်ထဲမှာ တနေ့ သမင်တကောင် ပစ်ယူတယ်၊ ရံခါ စားတော်ချက်က တနေ့တကောင် ပစ်ယူချက်တယ်။

အဲဒီလို လာပစ်တဲ့အခါ " သတ္တဝါမှန်သမျှ သေဘေးမှ ကြောက်ကြတယ်" ဆိုတဲ့အတိုင်း သမင်တွေဟာ လေးမြင်တာနဲ့ သေဘေးမှကြောက်ပြီး ပြေးကြတယ်။

အဲဒီလိုပြေးတော့ သမင်တွေ မြားဒဏ်ရာ နှစ်ချက်သုံးချက် ထိကြတယ်၊ နှစ်ကောင်သုံးကောင် ထိကြတယ်၊ ပင်ပန်းကြတယ်၊ နာကြတယ်၊ သေကြတယ်၊ အဲဒီအကြောင်းကို သမင်

များက ဘုရားလောင်း ရွှေသမင်ကို ပြောကြတယ်။ ဘုရားလောင်းရွှေသမင်က သာခရွှေသမင်ကို ခေါ်ပြောတယ်။

"အဆွေ့ များစွာသောသမင်တွေ ပျက်စီးကြတယ်၊ စင်စစ် သေရမှာဖြစ်တဲ့အတွက် ယနေ့မှစပြီး သမင်တွေကို မြားနဲ့မပစ်ကြပါစေနဲ့၊ စဉ်းနှီးတုံးမှာ သမင် တို့ရဲ့ အလှည့် ဖြစ်ပါစေ၊ တနေ့ အကျွန်ုပ်၏ပရိသတ်ထဲမှ တကောင်တလှည့်၊ တနေ့ သင့်ပရိသတ်ထဲမှ တကောင်တလှည့်ဖြစ်ပါစေ၊ အလှည့်ကျတဲ့သမင်ဟာ စဉ်းနှီးတုံးပေါ်သွားပြီး လည်စင်းပြီးအိပ်ပါစေ၊ အဲဒီလို ပြုလုပ်သော် သမင်များမပင်ပန်းတော့ပါ"

လို့ ပြောတယ်၊ သာခရွှေသမင်ကလဲ ကောင်းပါပြီလို့ ဝန်ခံတယ်၊ အဲဒီနေ့မှစပြီး အလှည့်ကျတဲ့ သမင်ဟာ စဉ်းနှီးတုံးပေါ်သွားပြီး လည်စင်းအိပ်တယ်၊ စားတော်ချက်က အဲဒီလည်စင်းတဲ့သမင်ပဲ ဖမ်းယူပြီး ချက်တယ်။

**ကိုယ်ဝန်ဆောင် သမင်မလေး**

တနေ့ သာခရွှေသမင်ထဲမှ ကိုယ်ဝန်ဆောင်ရွှေသမင်မလေး အလှည့်ကျပါတယ်၊ အဲဒီကိုယ်ဝန်ဆောင် သမင်မကလေးက သာခရွှေသမင်ကို ချဉ်းကပ်ပြီး....

"အရှင် ကျွန်မမှာ ကိုယ်ဝန်ရှိနေပါတယ်၊ ကိုယ်ဝန်သားဖွားပြီးတဲ့အခါ ကျွန်မရော ကိုယ်ဝန်သားပါ အလှည့်ကျ သွားပါမယ်၊ ကျွန်မရဲ့အလှည့်ကို လွှန်စေပါလော့"

လို့ ပြောတယ်၊ အဲဒီလိုပြောတော့ သာခရွှေသမင်က ဘယ်လိုပြောလဲဆိုတော့....

"သင်ရဲ့ သေလှည့်ကို သူတပါးတွေအပေါ် ကျရောက်စေခြင်းငှာ မသင့်ဘူး၊ သင်သည်သာလျှင် သင်ရဲ့ သေလှည့်ကို သိကာ သွားလော့"

လို့ ပြောပါတယ်၊ အဲဒီလိုပြောတော့ ကိုယ်ဝန်ဆောင်သမင်မကလေးဟာ မလျှော့သေးပဲ ဘုရားလောင်း နိဂြောဓရွှေသမင်မင်းထံ အကြောင်းစုံ ချဉ်းကပ် ပြောကြားပါတယ်၊ ဘုရားလောင်းက သမင်မလေးရဲ့ စကားကို ကြားတော့....

"ရှိစေတော့! သင်သွားတော့၊ ငါသည် သင်ရဲ့ သေလှည့်ကို လွှဲစေပါအံ့"

လို့ ပြောပြီး အလောင်းတော် နိဂြောဓရွှေသမင်ဟာ စဉ်းနှီးတုံးပေါ် သွားပြီး လည်စင်းအိပ်နေပါတော့တယ်၊ ဘုန်းကြီးတို့ပရိသတ် ဒီနေရာမှာ စဉ်းစားကြည့်စမ်းပါ။

မွေးမေဟာ သားသမီးအပေါ်မှာ ဘယ်လောက်မေတ္တာကြီးလဲ၊ ကိုယ်ဝန်သား ဖွလားမဲ့သား၊ ကျွဲလားကန်းလား၊ နွားလားဝဲလားစသည် ဘာမှ မသိခင်ကတည်းက မွေးမေဟာ သားသမီးတွေအပေါ်မှာ မေတ္တာရောက်နေပါတယ်။

မွေးမေ့မေတ္တာဟာ သားသမီးတွေအပေါ်မှာ အလွန်တရာကြီးမားလှပါတယ်၊ မိမိ သေရဲတယ်၊ ဝမ်းထဲကကိုယ်ဝန်သားကို မသေစေချင်ဘူး၊ ကြီးမားလိုက်တဲ့ မွေးမေ့မေတ္တာ ဆပ်လို့ကုန်နိုင်ဖွယ် ရှိရဲ့လား။

"မရှိပါဘုရား"

ဘုရားလောင်းရဲ့ မေတ္တာကရုဏာ

ကဲ....တဘက်ကြည့်ပါဦး၊ ဘုရားလောင်းရဲ့ မေတ္တာ, ကရုဏာကလဲ ကြီးလိုက်တာ၊ ကိုယ့်အသက်နဲ့ ကိုယ်ဝန်ဆောင် သမင်မကလေးရဲ့အသက်ကို လဲတယ်၊ အလောင်းတော်ဘဝကတောင် ဒီလောက် သတ္တဝါတွေအပေါ် မေတ္တာ, ကရုဏာကြီးမားယင် ဘုရားဖြစ်တဲ့အခါ သတ္တဝါတွေအပေါ်မှာ ထားရှိတဲ့ မေတ္တာကရုဏာကို မှန်းဆနိုင်ပါ့မလား"

"မနိုင်ပါဘုရား"

ဘုရားလောင်းက ဘေးမဲ့ရထားတဲ့ ရွှေသမင်ပါ၊ သူမသေရပါဘူး၊ ယခု သူ့အသက်နဲ့ လဲတယ်၊ စားတော်ချက်ဟာ ဘုရားလောင်း ရွှေသမင် စဥ်းနှီးတုံးပေါ်မှာ လည်စင်းပြီး အိပ်နေတာမြင်တော့....

"ဘယ့်နှယ်လဲ....ဘေးမဲ့ရထားတဲ့ ရွှေသမင်မင်းဟာ စဥ်းနှီးတုံးပေါ် လာအိပ်နေတယ်၊ အကြောင်းကားအသို့နည်း"

လို့ စဥ်းစားပြီး မင်းကြီးထံ အလျင်အမြန် သွားကာ သံတော်ဦးတင်ပါတယ်။ မင်းကြီးလဲ သံတော်ဦးတင်တဲ့ခဏမှာပဲ ရထားစီးပြီး အခြံအရံများစွာနဲ့လာကာ ဘုရားလောင်းကို မြင်တော့....

"အဆွေ သမင်မင်း.... ငါသည် အဆွေသမင်မင်းအား ဘေးမဲ့ပေးခဲ့သည် မဟုတ်ပါလား၊ အဘယ့်ကြောင့် အသင်ဟာ ဒီစဥ်းနှီးတုံးပေါ် လာအိပ်နေပါသလဲ"

လို့ မေးတယ်၊ အဲဒီလို မေးတဲ့အခါ အလောင်းတော် နိဂြောဓ ရှေ့သမင်မင်းက....

"မင်းကြီး .... ကိုယ်ဝန်ဆောင် သမင်မကလေးက သူ့ရဲ့ သေလှည့်ကို တခြားသမင်အား ရောက်စေပါလော့"လို့ လာပြောပါတယ်၊အကျွန်ုပ်သည် တယောက်သောသူ၏ သေရမည့်ဒုက္ခကို တယောက်အပေါ် တင်ပေးခြင်းငှာ မသင့်၊ ထို ငါသည် မိမိအသက်ကို ထိုကိုယ်ဝန်ဆောင် သမင်မကလေးအား ပေး၍ ထိုသမင်မကလေးရဲ့ ဥစ္စာဖြစ်သော သေဘေးကိုယူပြီး ဒီစဉ်းနှီးတုံးပေါ် လာအိပ်နေပါတယ်၊ မင်းကြီး ဒီကိစ္စနှင့် ပတ်သက်ပြီး တခြားတစုံတရာ သံသယမရှိပါနဲ့"

လို့ ပြောပါတယ်၊ အဲဒီလိုပြောတော့ ဘုရင်ကြီးက အတော်သဘောကျသွားပြီး နိဂြောဓရှေ့သမင်မင်းကို....

"အရှင် ရှေ့သမင်မင်း....ငါသည် အသင် ကဲ့ သို့ သဘောရှိသော သည်းခံခြင်း၊ ချစ်ခြင်း သနားခြင်းနှင့် ပြည့်စုံသောသူကို လူတို့ အထဲမှာတောင် မတွေ့မြင်ဖူးပါဘူး၊ အဲဒါကြောင့် အသင် ရှေ့သမင်မင်းအား ကြည်ညိုပါတယ်၊ ထပါလော့၊ အသင်နှင့်တကွ အဲဒီ သမင်မကလေးအား ဘေးမဲ့ ပေးပါတယ်"

လို့ ပြောပါတယ်၊ကဲ....အဲဒီမှာကြည့်ပါ၊ဘုန်းကြီးတို့ပရိသတ် ဘုရားလောင်းရဲ့ မေတ္တာ၊ ကရုဏာနှင့် မွေးမေရဲ့မေတ္တာစွမ်းအား ဘယ်လောက်ကြီးလဲ၊ ဒါကြောင့် သတ္တဝါ အများ အပေါ် မေတ္တာထားကြပါနော်။

"မှန်ပါဘုရား"

အလောင်းတော်ဟာ ကိုယ်လွတ်မရုန်းဘူး၊ သတ္တဝါတွေကို အမြဲတမ်း မေတ္တာ၊ ကရုဏာထားတယ်၊ ဒါ့ကြောင့် မင်းကြီးက အလောင်းတော်နှင့် သမင်မကလေးကို ဘေးမဲ့ပေးတယ်ဆိုတော့ "အရှင်မင်းကြီး.... အကျွန်ုပ်တို့ ၂ ဦးတော့ ဘေး မဲ့ ရ ပါပြီ၊ ကြွင်းတဲ့သမင်တွေကော အဘယ်သို့ပါလဲ" လို့ မေးတော့ သဒ္ဓါ ဖြစ်နေတဲ့ မင်းကြီးက ကြွင်းတဲ့ သမင်တွေလဲ ဘေးမဲ့ပေး ပါတယ်။

အဲဒီလိုနဲ့ အလောင်းတော် ရွှေသမင်မင်းဟာ တောထဲက သမင်တွေ, အခြေလေးချောင်း, အခြေနှစ်ချောင်း, အခြေမရှိတဲ့ သတ္တဝါအားလုံးပါ ဘေးမဲ့တောင်းပါတယ်၊ မင်းကြီးကလဲ အားလုံး ဘေးမဲ့ပေးပါတယ်။

အဲဒီလို သတ္တဝါအားလုံး ဘေးမဲ့ရတော့မှ အလောင်းတော် နိဂြောဓ ရွှေသမင်ဟာ စဉ်းနှီးတုံးပေါ်မှထပြီး မင်း ကြီး ကို ပဥ္စသီလ၌ တည်စေကာ....

"မြတ်သောမင်းကြီး....တရားကျင့်ပါလော့၊ အမိ အဖ, သားသမီး, ရဟန်း, ပုဏ္ဏား, အိမ်သူအိမ်သား, နိဂုံး ဇနပုဒ်သားတို့အပေါ် တရားကျင့်သော် အညီအမျှ ကျင့်သော် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက် ဘဝ၌ သုဂတိနတ်ပြည်သို့ ရောက်ရပါလိမ့်မယ်"

လို့ မင်းကြီးအား ဘုရားရှင်၏ တင့်တယ်စံပယ်ခြင်းဖြင့် တရားဟောကာ နှစ်ရက် သုံးရက်မျှ ဥယျာဉ်ထဲမှာ နေကာ သမင်အပေါင်းခြံရံပြီး တောသို့ဝင်သွားပါတယ်။

**သားသမင်အား ဆုံးမစကား** အဲ....တောထဲသို့ရောက်၍ မကြာမီမှာပဲ ကိုယ်ဝန်ဆောင် သမင်မကလေး ၊ ပန်းပွင့်ချပ်ပမာ လှပတဲ့ သမင်သားကလေးကို ဖွားပါတယ်၊ သားသမင်ငယ်ကလေးဟာ ကစားချိန်မှာ သာခ ရွှေသမင်ထံ သွားပြီးတော့ ကစားပါတယ်၊ အဲဒါကို မွေးမေ သမင်မကလေးက မြင်တော့–သိတော့....

"ချစ်သား....ဒီကနေ့မှစပြီးတော့ သာခ ရွှေသမင်အထံ မသွားပါနှင့်၊ နိဂြောဓ ရွှေသမင်ထံသို့သာ သွားပါ"

"ချစ်သား....နိဂြောဓရွှေသမင်ကိုသာလျှင် မှီဝဲရာ၏၊ သာခရွှေသမင်ကို မမှီဝဲရာ၊ ချစ်သား၊နိဂြောဓရွှေသမင်အထံ၌ သေရခြင်းသည် မြတ်၏၊ သာခ ရွှေသမင်အထံ၌ အသက်ရှင်ရခြင်းဟာ မမြတ်ပါ"

လို့ သားသမင်အား ဆုံးမစကား ပြောကြားပါတယ်၊ ဘုန်းကြီးတို့ပရိသတ် အဲဒီ အဆုံးအမစကားဟာ သိပ်ပြီးတော့ မှန်ပါတယ်၊ ကောင်းပါတယ်၊ မေတ္တာကရုဏာမရှိ ပညာမရှိသူထံမှာ အသက်ရှင်ရခြင်းထက် မေတ္တာကရုဏာရှိ ပညာရှိသူထံမှာ သေရခြင်းဟာ မြတ်ပါတယ်။

**ပရိသတ်နှစ်စား သတိထား** ဘုန်းကြီးတို့ ပရိသတ်....ဒီနေရာမှာ ပရိသတ်နှစ်စား၊ ဆရာနှစ်စားဖြစ်ပုံကို သတိထားပါ၊ အဲဒီတုန်းက သာခ ရွှေသမင်ဟာ ယခု ဘုရားရှင်လက်ထက်မှာ ဒေဝဒတ် ဖြစ်လာပါတယ်၊ သာခ သမင်ရဲ့ ပရိသတ်တွေလဲ ယခုအခါ ဒေဝဒတ်ရဲ့ပရိသတ်တွေ ဖြစ်လာပါတယ်။

ကိုယ်ဝန်ဆောင် သမင်မလေးက ယခုအခါ ရှင်ကုမာရကဿပရဲ့ မွေးမေမယ်တော် ဖြစ်လာပါတယ်၊ သားသမင်ငယ်ကလေးက ယခုအခါ ရှင်ကုမာရကဿပ ဖြစ်လာပါတယ်။

ကိုယ်ဝန်ဆောင် သမင်မကလေးအတွက် အသက်စွန့်ဝံ့တဲ့ နိဂြောဓရွှေသမင်မင်းက ယခုအခါ ဘုရားရှင်ဖြစ်လာပါတယ်၊ နိဂြောဓရွှေသမင်ရဲ့ ပရိသတ်တွေဟာ ဘုရားရှင်ရဲ့ ပရိသတ် ဖြစ်လာပါတယ်။

ဘုန်းကြီးတို့ပရိသတ်....ယခုအခါမှာ တရားမှန်ဖို့ ဆရာမှန်ဖို့ အရေးကြီးပါတယ်၊ ယခုအခါ တရားမမှန် ဆရာမမှန်ယင် နောက်ဘုရား သာသနာမှာ အလွဲအမှား သွားဖြစ်ပြီး အပါယ်ကျမယ်၊ ယခုအခါ တရားမှန် ဆရာမှန်ယင် နောက်ဘုရား သာသနာမှာ ဘုရားရှင်ရဲ့ ပရိသတ်သွားဖြစ်ပြီး ကျွတ်တမ်းဝင်မယ်နော်။

"မှန်ပါဘုရား"

**ကိုယ့်ကိုယ်ကိုသာ ကိုးစားရာ**

အေး....အဲဒီလို အဆုံးဘဝမှာ ဇာတ်တော်ကို ပေါင်းတော်မူပြီးတော့ သားအပေါ်၌ ချစ်ခင်ခြင်း မွေးမေ့မေတ္တာကို ဖြတ်၍ မယ်တော် ဘိက္ခုနီမရဲ့ မိမိသည်သာလျှင် မိမိရဲ့ ကိုးကွယ်ရာအဖြစ်ကို ရောက်သည့်အဖြစ်ကို ပြတော်မူလျက်....

"ရဟန်းတော်များ အိုချစ်သားတို့....သူတပါးအားတည်နေသော ကောင်းမှုဖြင့် မိမိ၌ နတ်ပြည်သို့ လားကြောင်းလဲ မဖြစ်နိုင်၊ မဂ်လေးပါးသို့ လားကြောင်းလဲ မဖြစ်နိုင်၊ အဲဒါကြောင့် မိမိသည်သာလျှင် မိမိရဲ့ ကိုး

ကွယ်ရာတည်း၊ သူတပါးသည် အဘယ်မှာ ကိုးကွယ်ရာ ဖြစ်နိုင်ပါအံ့နည်း”

လို့ ဟောကြား မိန့်မြွက်တော်မူပြီးတော့ ဒီဂါထာစကားကို ဆက်ပြီး ဟောကြားတော် မူပါတယ်....

“ရဟန်းတော်များ အို.... ချစ်သားတို့ မိမိသည်သာလျှင် မိမိရဲ့ ကိုးကွယ်ရာဖြစ်ဘယ်၊ ထိုစကားမှန်၏၊ သူတပါးသည် မိမိရဲ့ ကိုးကွယ်ရာ အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း၊ မိမိသည်သာလျှင် မိမိရဲ့ဏ္ဍြေကို ကောင်းစွာဆုံးမခြင်းဖြင့် ရခဲသော အရဟတ္တဖိုလ်ဟု ဆိုအပ်သော ကိုးကွယ်ရာကို ရလေ၏”

အဲဒီ ဒေသနာတော် အဆုံးမှာ များစွာကုန်သော ရဟန်းတော်တွေဟာ သောတာပန်စသည်တွေ ဖြစ်ကြပါတယ်၊ အဲဒီမှာ ဘုန်းကြီးတို့ပရိသတ် သတိထားကြည့်ပါ၊ ဘယ်သူ့အား ကိုးရမှာတဲ့လဲ။

“ကိုယ့်ကိုယ်ကို အားကိုးရမှာပါဘုရား”

အင်း....စောစောတုန်းက ဘိက္ခုနီမလေး တယောက်တည်းသော သားကလေး, ဒါကလေးပဲ အားကိုးစရာရှိတယ်ဆိုပြီး အားကိုး ချစ်ခင်ပြီး မွေးမေ့မေတ္တာ ကြီးမားနေစဉ်က တရားရရဲ့လား။

“မရပါဘုရား”

မရဘူး၊ မွေးမေ့မေတ္တာ ပယ်ဖြတ် မိမိကိုယ်ကို အားကိုးမှ ရဟန္တာထေရီမကြီး ဖြစ်သွားတယ်နော်။

“မှန်ပါဘုရား”

ကိုယ့်ကိုယ်ကို အားကိုးဆိုတာ ကိုယ့်တရား ကိုယ်အားကိုးလို့ ပြောတာပါ၊ ကိုယ့်ကုသိုလ်တရားကို အားကိုးလို့ ပြောတာပါ။ တကယ့်တကယ်တော့ ကိုယ်ပြုတဲ့ကုသိုလ်က ကိုယ့်ကိုကယ်တင်မှာ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

သူတပါးတွေက မိမိကို နတ်ပြည်ရောက် နိဗ္ဗာန်ရောက်အောင် ကယ်တင်နိုင်ရဲ့လား။

"မကယ်တင်နိုင်ပါဘုရား"

အေး....အဲဒါကြောင့် ကိုယ့်ကိုယ်ကိုအားကိုးဆိုတာ ကိုယ့်ရဲ့ ကုသိုလ်တရား အားကိုးရမှာနော်၊ ကုသိုလ်တရားကလဲ ဒီကိုယ်ကို အရင်းခံပြီး အားထုတ်ရမှာ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

အားထုတ်ပုံ အားထုတ်နည်းတွေလဲ ပြောခဲ့ပြီးပြီ၊ အားထုတ်ဖို့ပဲ ရှိပါတော့တယ်၊ မွေးမေနဲ့ သားတော်နှစ်ဦးသားတို့ဟာ ကိုယ့်ကိုယ်ကို အားကိုးပြီးတော့ ကိုယ့်တရား ကိုယ်အားထုတ်သွားတာ ရဟန္တာအသီးသီး ဖြစ်သွားပြီနော်။

"မှန်ပါဘုရား"

ကဲ....စုံလဲ စုံပါပြီ၊ ညဥ့်လဲနက်ပါပြီ၊ ဘုန်းကြီးတို့ ပရိသတ်လဲ သူတပါး အားမကိုးပဲ ကိုယ့်ကိုယ်ကိုအားကိုးပြီး ကိုယ့်တရားကိုယ် အားထုတ်နိုင်သဖြင့် မွေးမေနှင့်သားတော် ၂ ဦး သားတို့ ဆိုက်ရောက်တဲ့ အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက် နိဗ္ဗာန်အထိ ပေါက်မြောက်ခံစားနိုင်ကြပါစေကုန်သောလို့ ဆုတောင်းယင်း နိဂုံးချုပ်ကြပါစို့။

* ဗောဓိယာ ပစ္စယော ဟောတု၊
ဣဒံ နေ ပုညမင်္ဂလံ။
ပုညဘာဂံ သုလဘန္တု၊
ပမောဒန္တု သဒေဝကာ။ ။

**နော** – မြင့်မြတ်သာကြည်၊ ပါရမီရင့်ကျူး၊ ဇာနည်ထူး သူတော်စင်၊ ကုသိုလ်ရှင် အကျွန်ုပ်တို့၏၊

**ဣဒံပုညမင်္ဂလံ** - ဗုဒ္ဓဟောကြား၊ တရားဒေသနာ၊ မြတ်သြဝါကို၊ နာခံမှတ်သား၊ ပြန်ဟောကြား၍၊ ပွားများကျင့်ကြံ၊ အဖန်ဖန်ကြိုးကုတ်၊ အားထုတ်ရသည့်၊ ဤကုသိုလ် ပုညမင်္ဂလာသည်၊

**ဗောဓိယာ** - သစ္စာလေးအင်၊ ခိုင်သဇင်ကို၊ ပြိုင်ယှဉ်ဆွတ်ခူး၊ ထွတ်ဖူးရင့်သန်၊ ဗောဓိဉာဏ်၏၊

**ပစ္စယော** - ဥပနိဿယ၊ အမှီရ၍၊ မုချရကြောင်း၊ ကောင်းမြတ်သော အထောက်အပံ့သည်၊

**ဟောတု** - စင်စစ်မသွေ၊ ဖြစ်ပါစေသတည်း။

**ဣဒံ ပုညဘာဂဉ္စ** – ဗုဒ္ဓဟောကြား၊ တရားဒေသနာ၊ မြတ်သြဝါကို၊ နာခံမှတ်သား၊ ပြန်ဟောကြား၍၊ ပွားများကျင့်ကြံ၊ အဖန်ဖန်ကြိုးကုတ်၊ အားထုတ်ရသည့်၊ ဤကုသိုလ်ပုညမင်္ဂလာ၏ အနှစ်ကိုလည်း၊

**သဒေဝကာ** - ကမ္ဘာမှာနေသမျှ၊ ဝေနေယျများစွာ၊ သတ္တဝါအနန္တ၊ မှန်သမျှတို့သည်၊

**သုလဘာနန္တု** - ရှင်လန်းကြည်မြေ့, ဝါဂွမ်းပုံဆိတွေ့သကဲ့သို့, ပီတိငွေ့ စိတ်မှာထုံလျက်, ဥဋ္ဌာရုံအတွေ့ထူးလို့မို့, ကြည်နူးကိုယ်ပိုင်, ရယူနိုင်ကြပါစေကုန်သတည်း။

**သုလဒ္ဓါ** - ကိုယ်စီကိုယ်စီ, အလိုညီလျက်, ကြည်သာရွှင်ပြုံး, အားလုံးမျှတူ, အရယူကြကုန်ပြီး၍၊

**ပမောဒန္တု** - ကိုယ်စိတ်နှစ်ဖြာ, လိုဣစ္ဆာနှင့်, ပြည့်ကာကြွယ်မောက်, ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

**ဝါ-ပမောဒန္တု** - လူ့ပြည်တွင်မက, နတ်ပြည်မှ ဆက်သွယ်လျက်, အထက်နယ်ဗြဟ္မာချဉ်းလို့မို့, ဖြာ သ တင်း က မ္ဘာ တုန်အောင်, သဒ္ဓါဟုန် လျှမ်းလျှမ်းမောက်ပြီးလျှင်, ဝမ်းမြောက်ဝမ်းသာ, ပတ္တနာအောင်ဆု, ခါခါပြုလျက်, သာဓုသံ အောင်နိမိတ်ဖြင့်, အောင်ဘိသိက် သွန်းနိုင်ကြပါစေကုန်သတည်း။

**ဓမ္မဒူတ - အရှင်ပညာဇောတ**
ဓမ္မဒူတတောရ
တောင်စွန်းမြို့- ဘီးလင်းမြို့နယ်
မွန်ပြည်နယ်
၁၃၄၃-ခုနှစ်၊ ကဆုန်လဆုတ် ၁၂ ရက်။

# နိဂုံး

**ရေးစ-ရေးပြီးချိန်** ဤ မွေးမေ့မေတ္တာ စာအုပ်ကို မိမိသည် ၁၃၄၁-ခုနှစ် ကဆုန်လပြည့်ကျော်မှ စတင်ပြီး ရေးသားပါ၏၊ ဝါမဆိုခင် အပြီးမသတ်ပဲ စာမျက်နှာ ၃၄၀ မျှဖြင့် အလုပ်များ၍ ရပ်နား ထားလိုက်ရပါသည်၊ ယင်းနောက် ပြဿနာများ (၆) ထွက်သော်လည်း အစမသတ်နိုင်ခဲ့ပါ။

ပရိသတ်၏ တောင်းဆိုချက်အရ ၁၃၄၂-ခုနှစ်၊ ပြာသိုလဆုတ် ၁၃-ရက်မှစ၍ လှူယျိုတော်ကွင်း,ဇောင်းတန်း,ဒေါင့်ကြီး,ရေလဲ,ကျိုက်တဲ,ပေါက်တော,စိန်ပန်း,ဟင်္သာတ, ကော့ကဒွတ်, သထုံ, ကျိုက်ကော် ၁၀-ရက်စခန်း, တာကလေး, ပုသိမ်းသောင်ကြီး, ကျုံပျော်,ရေးမြို့ ၁၀ ရက် စခန်း,အစင်ရွာအနာ, ယူ ရွှေဥမင်တောရ,သပိတ်အိုင်တောရ ၁၀-ရက်စခန်းများတွင် မွေးမေ့မေတ္တာစာမူကို အစမှပြန်၍ အသစ်တဖန် ရေးသားပြန်ပါသည်။

သို့သော် အပြီးမသတ်ခဲ့ပါ၊ ၁၃၄၃-ခုနှစ်၊ ကဆုန်လဆန်း ၆-ရက်နေ့ ဓမ္မဒူတတောရသို့ပြန်ရောက်မှ ဆက်လက်ရေးသား၍ ကဆုန်လဆုတ် ၁၂-ရက်နေ့ နံနက် ၈-နာရီတွင်မှ အပြီးသတ်ပါသည်။

**ကျေးဇူးဆပ်ပါ၏** မိမိစာအုပ်များ နှစ်မကူးပဲ ရက်ပိုင်း လပိုင်းဖြင့် ချည်း ပြီး ခဲ့ သော် လည်း ဤ မွေးမေ့မေတ္တာ စာအုပ်မှာမူ ၁၃၄၁-ခုနှစ်၊ ကဆုန် လပြည့်ကျော်မှ

စတင်ရေးသားခဲ့ရာ ၁၃၄၃-ခုနှစ် ကဆုန်လပြည့်ကျော် ၁၂-ရက်မှပြီးသဖြင့် ၃ နှစ် ကြာခဲ့ပါသည်။

ဤမျှ ကြိုးစား၍ရေးသားရသော ကောင်းမှုများဖြင့် မိမိအပေါ်တွင် ကျေးဇူးဥပကာရ အထူးရှိကြပေကုန်သော မိဘနှစ်ပါး, ဆရာသမားများ, ရဟန်းဒကာ-ဒကာမများ, ပစ္စည်းလေးပါး ဒကာ-ဒကာမများ, ဆွေမျိုးဉာတကာများ, မိတ်ဆွေသင်္ဂဟများတို့အား ကျေးဇူးတုံ့ပြန် ဆပ်ပါ၏။

အထူးအားဖြင့် ရောက်လေရာ တရားပွဲများ ၁၀-ရက်စခန်းများ ကျင်းပရာဌာနမှ ဒကာ-ဒကာမများက မိမိ၏ စာရေးသားနိုင်ရေး အတွက် အကူအညီပေးခြင်း အတွက် များစွာကျေးဇူးတင်ပါသည်၊ ယင်းကိုလည်း အထူးသိကာ ပြန် ဆပ်ပါ၏။

**အမျှဝေပါ၏** ဤမျှ ရက်လ နှစ်တိုင် ဇွဲခိုင်ခိုင်ဖြင့် ကြိုးစားရေးသားရသော ဤမွေးမေ့မေတ္တာ စာ အုပ်အတွက် ရရှိသည့် ကောင်းမှုကုသိုလ်၏ အဖိုဘာဂအဝဝကို....

"မြင်းမိုရ်စက္ကဝါ,ပမာဆယ်စု,နိုင်းမတုအောင်,ဗဟုပကာရ, ဂုဏ်ကြီးလှသား, မိဘနှစ်ဖြာ, မြတ်ဆရာနှင့်, ရာဇာသနင်း, ရှောင်းရင်းငယ်ဖော်, ဆွေတော်မျိုးစပ်, အရပ်နေစု,စတုပစ္စယာ,ဒါယိကာ-ဒါယိကာမ,ဂေါစရဂံ နိယံမပြတ်,နိစ္စဗဒ်ဖြင့်, ယုတ်မြတ်ကြည်ဖြူ, ပေးလှူတတ်စွာ, မြို့ရွာပတ်ကုံး, သိမ်းကျုံးလုံးစုံ,နိဂုံဇနပဒ,ဝေးနီးစသည်,ရှိကြထိုထို, များလှုဗိုလ်ပါ, ကိုယ်ကိုစောင့်တတ်, နတ်နှင့်တကွ, ဘုမ္မရုက္ခာ, အာကာသစိုး, တန်ခိုးမဟိဒ်,

ပုညဇိဒ်နှင့်၊ ဂုဏ်ဟိတ်မြင့်မား၊ သိကြားသက္က၊ ဝါသဝနှင့် လောကစောင့်လျှင်း၊ နတ်မင်းလေးဖြာ၊ သာတာဂိရ၊ ဟေမဝတ၊ ဇူန္ဒ-စိတ္တ၊ စသည်တွက်ဘွဲ့၊ နှစ်ဆယ့်ရှစ်ဦး၊ နတ်စစ်မှူးဟု၊ အထူးမည်ရ၊ အဋ္ဌဝီသ၊ ယက္ခမဟာ၊ သေနာပတိ၊ ထိုပြိုတထွေ၊ ရေပင်လယ်သွား၊ သူတော်များအား စောင့်ငြားတတ်သည့်၊ မဏိမေခလာ၊ တဖြာထိုမှ၊ ဒသဂ္ဂလာသဃရ၊ လောကသဟာယ်၊ ဝန်းပတ်ရံခြုံ၊ မဟာဗြဲတို့၊ ပြောဟုံဆူဆူ၊ မိုးသူမိုးသား၊ မြေဖွားရေပေါက်၊ ထိုရွှေလောက်တိ၊ ထက်အောက်ဝန်းကျင်၊ များပုံယင်အား၊ အကြင်ရှိသမျှ၊ မကျန်ရအောင်၊ စေ့ငမသွေ၊ "အမျှ.... အမျှ....အမျှ...."ဝေသည်၊ ရစေငါ့နှယ်အတူတည်း"

**ဆုတောင်းလွှာ** ဤ မွေးမေ့မေတ္တာစာအုပ်ကို ကြိုးစားရေးသားရသော ကောင်းမှုကုသိုလ်တို့ကြောင့် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ချမ်းသာသော အကျင့် လျင်မြန်သော အသိဉာဏ်တို့ဖြင့် ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား ဝေနေယျ သတ္တဝါများကို တရားစည်ကြီး သောင်းတိုက်ဟည်းအောင် ရိုက်တီးနှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက် အရောက်ပို့ဆောင် ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏။

**တောင်းပန်တိုက်တွန်းလွှာ** ဤမွေးမေ့မေတ္တာစာအုပ်၌ တိမ်းပါးချွတ်ချော် မလျော်ကန်ရာ အဖြာဖြာတို့ကို အကယ်စင်စစ် သတိလစ်ကာ ပါဝင်မိကုန်ငြားအံ့၊ ယင်းတို့ကို

ပညာရှိအများ အပြစ်မထားပဲ ပယ်ရှားနိုင်ကြပါစေကုန်သတည်း။

ဗုဒ္ဓမိန့်ဟာ လမ်းစဉ်ကျသည့် အပြစ်ကင်းပ လမ်းပြဒေသနာ ကျင့်စရာအဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ် သတိချပ်၍ မပြတ်ပုံသေ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

ယင်းသို့ ကျင့်ကြံနိုင်ကြသဖြင့် လောကီလောကုတ် မယုတ်ပွားတိုး ကောင်းကျိုး ချမ်းသာ အဖြာဖြာတို့ ပြည့်ကာ ကြွယ်မောက် ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

**ဓမ္မဒူတ-အရှင်ပညာဇောတ**
**ဓမ္မဒူတတောရ**
တောင်စွန်းမြို့-ဘီးလင်းမြို့နယ်
မွန်ပြည်နယ်
၁၃၄၃-ခုနှစ်၊ ကဆုန်လဆုတ် ၁၂-ရက်။

# ဤစာအုပ်တွင်

* မေတ္တာနှင့် ပေမအကြောင်း ရှင်းပြထားသည်။
* မေတ္တာနှင့် အဒေါသအကြောင်း ရှင်းပြထားသည်။
* မွေးမေလောင်း၏ အခက်အခဲ၊
* မွေးမေလောင်း၏ ဟောတရား၊
* မွေးမေလောင်း ဘိက္ခုနီမဘဝနှင့် ကိုယ်ဝန်ရ၊
* မွေးမေ့မေတ္တာ ကြီးမားပုံ၊
* မွေးမေ ဘိက္ခုနီမကလေး၏ သားနှင့် ကွေကွင်းရသည့် ဒုက္ခ၊
* မွေးမေ့သားကျော် ကိုရင်ဝတ်, တရားအားထုတ်, အားထုတ်နည်း အစုံအလင်ပါဝင်၊
* သားကျော် ရဟန္တာဖြစ်သော်လဲ မွေးမေမှာ မွေးမေ့မေတ္တာကြောင့် တရားမရပုံ၊ မေတ္တာဖြတ်မှ ရဟန္တာဖြစ်ပုံ....

စသည် စသည် အစုံပါသည်။

ဓမ္မဒူတ – အရှင်ပညာဇောတ

၏

# ထွက်ပြီး စာအုပ်များ

နိုင်ငံကျော် စာရေးဆရာကြီး ဦးသော်ဇင်၏ လျှောက်ထား တိုက်တွန်းချက်အရ "တေဒဂ်-ဝတ္ထုများ" ကို အကျဉ်းချုပ်၍ ၁၄ ရက်တိုင်တိုင် ဟောပြောရာမှ သတိသံဝေဂတရား ဖြစ်ပွားကာ တောထွက်သွားသဖြင့် "တေဒဂ်-ကိုယ်တော်" ဟု တွင်သော "ဓမ္မဒူတ-အရှင်ပညာဇောတ"၏ ထွက်ပြီး စာအုပ်များ....

| | | |
|---|---|---|
| ၁။ | ဒါနဝတ္ထု | [ ၂ ကြိမ် ရိုက်] |
| ၂။ | သီလဝတ္ထု | [ ကုန်ပြီ ] |
| ၃။ | ဗုဒ္ဓ ဓမ္မ ပြဿနာများ (၁) | [ ॥ ] |
| ၄။ | ဘာဝနာဝတ္ထု | [ ၂ ကြိမ် ရိုက်] |
| ၅။ | ဒေါသ ဖြေဖျောက်နည်း | |
| ၆။ | ဗုဒ္ဓ ဓမ္မ ပြဿနာများ (၂) | [ ॥ ] |
| ၇။ | ဗုဒ္ဓ၏ သက်သတ်လွတ် | |
| ၈။ | ဗုဒ္ဓ ဓမ္မ ပြဿနာများ (၃) | |

၉။ ရှင်လောင်းသင် ရှင်ကျင့်ဝတ်

၁၀။ ဗုဒ္ဓ ဓမ္မ ပြဿနာများ (၄)

၁၁။ အယူဝါဒရှင်းတမ်း

၁၂။ ဗုဒ္ဓ ဓမ္မ ပြဿနာများ (၅)

၁၃။ ဗုဒ္ဓ ဓမ္မ ပြဿနာများ (၆)

၁၄။ ငြင်းခုံပွဲမှအမြွက်

၁၅။ မွေးမေ့မေတ္တာ

၁၆။ ဗုဒ္ဓ ဓမ္မ ပြဿနာများ (၇)